၃၄၃၂

မင်းကွန်းအမေး–မန်လည်အဖြေ

# ပဉ္စစတ္တာလီသပုစ္ဆာဝိသဇ္ဇနာ

မန်လည်အမေး-မင်းကွန်းအဖြေ

# သတပဒိကပုစ္ဆာဝိသဇ္ဇနာ

နှင့်

မန်လည်ဆရာတော်စီရင်အပ်သော

**သမဏပဋိရူပကထာနိဿယ**

**သမဏဘဒြကထာနိဿယ**

ဆရာဦးခင်စိုးနှင့် ဦးသိန်းဟန်-ဦးရွှေဖူးတို့
တည်းဖြတ်သုတ်သင် ပြင်ဆင်သည်။

**ဟံသာဝတီပုံနှိပ်တိုက်**

**ရန်ကုန်မြို့။**

၁၃၂၃ (သာသနာ ၂၅၀၅) ၁၉၆၁

၈၀၉
၃၄၃၂

ပဌမပုံနှိပ်ခြင်း ၁၉၀၈-ခု
ဒုတိယပုံနှိပ်ခြင်း ၁၉၆၁-ခု

သုတေသနစာကြည့်တိုက်
သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန
ကမ္ဘာအေး၊ ရန်ကုန်။

ရန်ကုန်မြို့၊ ၅၃-နတ်မောက်လမ်းသွယ်၊ ဟံသာဝတီပုံနှိပ်တိုက်တွင်
ဦးကျင်ဟိုးက ပုံနှိပ်ထုတ်ဝေသည်။



ကျေးဇူးရှင်
မန်လည်ဆရာတော်ဘုရားကြီးပုံတော်

# နိဒါန်း

"အမေးနွားကျောင်း အဖြေဘုရားလောင်း" ဟူသော မြန်မာစကားပုံအရ ပညာဗဟုသုတမရှိသေးသည့် နွားကျောင်းသား သူငယ်ကလေးများပင် အမေးပုစ္ဆာပြဿနာများကို မေးမြန်းနိုင်သော်လည်း အဖြေကိုမူကား ဘုရားအလောင်းတော်မြတ်တို့ကဲ့သို့ ပညာပါရမီခံရင့်သန်သော ဗဟုသုတ ကြွယ်ဝသည့်သူများသာ ဖြေဆိုနိုင်ကြောင်း သိရပေသည်၊ သို့ရာတွင် "အမေးနွားကျောင်း" ဆိုသည့်အတိုင်း နက်နက်နဲနဲမရှိ၊ရောက်တတ်ရာရာအမေးပုစ္ဆာများကိုကား လူသာမန်တို့ မေးမြန်းနိုင်ကြပေသည်၊ ခက်ခဲနက်နဲ နူးညံ့သိမ်မွေ့လှသော အမေးပုစ္ဆာများကိုမူကား လူသာမန်တို့ မေးမြန်းခြင်းငှါ မစွမ်းနိုင်ကြချေ၊ သူ့နေရာနှင့်သူ လိမ်မာကျွမ်းကျင်၍ ပါရဂူရောက် တတ်မြောက်ပြီးသော သူတို့သည်သာ ဆိုင်ရာဆိုင်ရာ ခက်ခဲနက်နဲသော ပုစ္ဆာပြဿနာများကို ပြုလုပ်စွမ်းရှိနိုင်ပေသည်၊ ဆေးဘက်ဆိုင်ရာ,နက္ခတ်ဗေဒင်ဘက်ဆိုင်ရာ အတတ်များကို မတတ်သောသူသည် ထိုဆေးဘက်ဆိုင်ရာ နက္ခတ်ဗေဒင်ဘက်ဆိုင်ရာ သိမ်မွေ့နက်နဲသည့် ပုစ္ဆာပြဿနာများကို ထုတ်ဆင် မေးမြန်းခြင်းငှါ မစွမ်းနိုင်ချေ၊ ဓမ္မက္ခန္ဓာပေါင်း ရှစ်သောင်းလေးထောင်မျှရှိ၍ သမုဒ္ဒရာပမာ အပြောကျယ်စွာသော ပိဋကတ်တော်များမှ တိမ်မြုပ်နက်နဲခက်ခဲပြီး အလွန်နူးညံ့ သိမ်မွေ့လှသော ပုစ္ဆာပြဿနာများကိုသဘာဝကျကျ ထုတ်ဆင် မေးမြန်းရန်မူကား အထူးဆိုဖွယ်မရှိ ခက်ခဲလှဘိတော့၏။

**ပဉ္စတ္တာလီသပုစ္ဆာဝိသဇ္ဇနာ**

ပဉ္စစတ္တာလီသပုစ္ဆာ ဝိသဇ္ဇနာကျမ်းမှာ— အရညဝါသီမဟာထေရ်ဖြစ်တော်မူသော မင်းကွန်းဆရာတော်ဘုရားကြီးက ပိဋကတ်တော်ကျမ်းများနှင့် သက္ကဋကျမ်းများမှ နက်နဲခဲကပ်သည့် လေးဆယ့်ငါးရပ်သောအချက်တို့ကို ဒွေးချိုး,လေးချိုး တေးထပ်တို့ဖြင့် ပုစ္ဆာပြဿနာပြုလုပ်ထုတ်ဆင်အပ်သည်ကို ကျေးဇူးရှင် မန်လည်ဆရာတော် ဘုရားကြီးကအချက်ကျကျ ဒွေးချိုး,လေးချိုး, တေးထပ်တို့ဖြင့်ပင် ဖြေဆိုအပ်သော

ကျမ်းမြတ်တဆူ ဖြစ်ပေသည်၊ ထိုကျမ်းတွင် ခဲကပ်သော ပြဿနာ အချို့မှာ—

* ရပ်ပြစ်ရှစ်ပါး အဝင်ဖြစ်တဲ့ အရူပဘုံမှာ အဘယ့်ကြောင့် သောတာပန် အရိယာများဖြစ်ကြရပါသနည်း။
* ဘုရားရဟန္တာတို့ အပူဇော်ခံရသည့် သူကား မည်သူ ဖြစ်ပါသနည်း။
* ဝေဿန္တရာမင်း အလှူတော် ပွဲကြီးပြုရာတွင် သေအရက်ကို လှူသဖြင့် အပြစ်မရှိပေဘူးလား။
* ကွဲရဲ့သူနှင့် မသင့်သည်ကို ချီးမွမ်းသူ၊ ထိုသူနှစ်ဦးတို့ အပြစ်ချင်းတူပါသလော။

ဤသို့စသည်ဖြင့် မင်းကွန်းဆရာတော် ဘုရားကြီးက ကဗျာ, လင်္ကာသွားဖြင့် မေးတော်မူရာ—

နှစ်ဦးသား ဗာလတို့၊ မိုက်ကြသည့် အနေ။ ။တဦးသား ဗာလက၊ ရဟန္တာကေန္တကို၊ ဤသူလျှင် ဒုဿီလဟု၊ မြွက်ဟ တုံပေ။ ။တဦးမှာ ဒုဿီလကို၊ရဟန္တာကေန္တဟု၊ ခွန်းနှုတ်က ဘွင့်ချေ၊ ဆိုပုံလေလွန်ရိုင်း။ ။နှစ်ပါးစုံ ထိုကံညစ်မှာ၊ အပြစ်ကယ်အတူရှိတယ်၊ ဖြေ၏မှန်တိုင်း။ ။

ဤသို့စသည်ဖြင့် ကျေးဇူးရှင်မန်လည်ဆရာတော်ဘုရားကြီးက ကဗျာ, လင်္ကာသွားဖြင့်ပင် ဖြေကြားတော်မူလေသည်၊ ထိုဖြေလွှာများ ရောက် လာသောအခါ အလွန်ကျေနပ်နှစ်သိမ့်တော်မူလှသဖြင့် ကုန်းခေါင်ခေါင် ကျပ်တီးပြင်ဝယ် ပဒုမာရွှေကြာပင် ပေါက်ရောက်လာသကဲ့သို့ ရှိဘိ တကားဟု-မင်းကွန်းဆရာတော် ဘုရားကြီးက မန်လည်ဆရာတော် ဘုရားကြီးအား ချီးမွမ်းထောမနာ ပြုတော်မူလေသည်။

**သတပဒိကပုစ္ဆာဝိသဇ္ဇနာ**

သတပဒိက ပုစ္ဆာဝိသဇ္ဇနာ ကျမ်းမှာ-ကျေးဇူးရှင် မန်လည်ဆရာ တော်ဘုရားကြီးက နက်နဲ ခဲကပ်သည့် တရာမျှသော အချက်တို့ကို ဒွေးချိုး,လေးချိုး,တေးထပ်တို့ဖြင့် ပုစ္ဆာပြဿနာ ပြုလုပ်ထုပ်ဆင်အပ် သည်ကို အရညဝါသီမဟာထေရ် ဖြစ်တော်မူသော မင်းကွန်းဆရာ

တော်ဘုရားကြီးက အချက်ကျကျ ဒွေးချိုး,လေးချိုး,တေးထပ်တို့ဖြင့်ပင် ဖြေဆိုအပ်သော ကျမ်းမြတ်တဆူဖြစ်ပေသည်၊ ထိုကျမ်းတွင် ခဲကပ်သော ပြဿနာအချို့မှာ—

* နတ်ပြည်တွင် နတ်မယ်တို့ သန္ဓေလွယ်မှု,နို့တိုက်မှု ရှိပါသလော။
* မြေဘုတ်တစ္ဆေမျိုး ရှိပါသလော၊ ရှိလျှင် အဘယ့်ကြောင့် အကောင်ကိုမမြင်ရပါသနည်း။
* လောက၌ စုန်းကောင်ဆိုသည် ရှိပါသလော၊ ရှိလျှင် ဘယ်လိုအကောင်မျိုးဖြစ်ပါသနည်း။
* မကျေ-အကြေ၊ အိမ်ရာကျူး၊ ကာမကြူး၊ ယောဉ်ကျူး၊ ရိုက်ကြူး-အပင့်အရစ်ဘယ်သို့ရှိသင့်သနည်း။
* သူယောင်မယ်-ဟု ခေါ်ဝေါ်သော အရာသည် အသီးလေလော၊ အပွင့်လေလော။

ဤသို့ စသည်ဖြင့် ကျေးဇူးရှင် မန်လည်ဆရာတော် ဘုရားကြီးက ကဗျာ,လင်္ကာသွားဖြင့် မေးတော်မူရာ—

ရွှေသူယောင်၊ မတူအောင် လူလိုလှတယ်လို့၊ ဆိုကြစကား။ ။သူယောင်မယ်၊ အလှသူကြွယ်လို့၊ ကမလာနွယ်ခေါင် အညွန့်မှာ၊ မြူးကွန့်ဟန် အလွန်တင့်တယ်၊ ပန်းပွင့်မှတ်သား။ ။

ဤသို့စသည်ဖြင့် မင်းကွန်းဆရာတော်ဘုရားကြီးက ကဗျာ, လင်္ကာသွားဖြင့်ပင် ဖြေကြားတော်မူလေသည်၊ ထိုသတပဒိကပုစ္ဆာဝိသဇ္ဇနာ အမေး-အဖြေအချို့ကို ပညာရှိ မဟာထေရ်ကြီးတပါးထံ တင်ပြလိုက်ရာ—

သီကဗျာ၊ ဂီတာဖြစ်သော်လည်း၊ ဆိန္နစ်ကပြည့်မွန်။ ။ ဘုန်းခင့်ကျမ်းဂန်။ ။လွန်ပြင်းသန် ရှိပြန်ခဲ့ ကြည်ခြင်း။ ။ မချင်းမချန်ဘူး၊ ပေထက်မှန် အကုန်တင်မယ်ပ၊ ပြင်ဆင်ရန် တန်ချွတ်ယွင်းတတ်၊ ပေးအပ်မူရင်း။ ။

ဟု-တောင့်တောင့်တတ အလွန် လိုချင်လှသဖြင့် စာမူရင်းကို တောင်းယူလေတော့သည်။

**သမဏပဋိရူပကထာနှင့်သမဏဘဒြကထာ**

ကျေးဇူးရှင် မန်လည်ဆရာတော် ဘုရားကြီးသည် သာသနာတွင်း သက်ဝင်ကာစ ရဟန်းငယ် ရှင်ငယ်တို့အား မိစ္ဆာမှောက်မှား ကျင့် ဖောက်ပြား၍ လမ်းလွဲချော်မသွားမိကြစေရန် ရည်သန်ချက်ဖြင့် တရားတော်ညွှတ်ပြ ဆုံးမမြွက်ကြား သတိပေးသောအနေဖြင့် ဂါထာ မထေရဂါထာလာ "သမဏပဋိရူပ" ၉–ဂါထာတို့ကိုင်း၊ သဒ္ဓိက နိပါတ်သောဏဇာတ်လာ "သမဏဘဒြကထာ" ၇–ဂါထာတို့ကို င်း ထုတ်နုတ်၍ အနက်အဓိပ္ပါယ်တို့ဖြင့် ဘွင့်ပြတော် မူခဲ့ပေသည်၊ ထိုပါဠိတော်ဂါထာများမှာ-ရှင်ရဟန်းတို့နှင့် မသင့်မလျော်သည်တို့ကို ကြဉ်ရှောင်၍ သင့်လျော်သည်တို့ကိုသာ ပြုမူဆောင်ရွက်ခြင်းဖြင့် ရဟန်း ကောင်း ရဟန်းမြတ်, ရှင်ကောင်း ရှင်မြတ်များဖြစ်ရေးကို နည်းပေး လမ်းညွှန်ပြဆိုထားသော ကျမ်းမြတ်နှစ်ဆူ ဖြစ်ပေသည်၊ အထက်ပါ ကျမ်းတို့ကို ပြုစုစီရင်တော်မူကြသော ကျေးဇူးရှင် ဆရာတော်ဘုရားကြီး ၂–ပါးတို့၏ အကြောင်းအရာ အဋ္ဌုပ္ပတ်တို့ကို သိသာရုံ အကျဉ်း အမြွက်မျှ အောက်ပါအတိုင်း ဖော်ပြလိုက်ပါသည်။

**မန်လည်ဆရာတော်ဘုရားကြီးအကြောင်း**

ပိဋကတ္တယကောဝိဒ ဘာသန္တရဆေက ကဗျာ့ပါရဂူ လင်းယဉ် ထူ၍ ဝေဒညူ-ပုဂ်ဝ ပုရိသုတ္တမ ပုရိသာဇာနေယျ သာသနာ့ တန်ခွန် ခွန်ကြီးချွန်လျက် အလွန်မြင့်မြတ် ကျော်စောတော်မူလှသော မန်လည် ဆရာတော်ဘုရားကြီးသည်ကား အတီတကာလ ခါသမယ၌ မြန်မာ့ပုရီ ဇမ္ဗူဒီဝယ် သာကီနွယ်ရိုး တကောင်းမင်းမျိုးမှ ဆင်းသက်၍ အဆက် ဆက်သောမင်းတို့၏ ထီးနန်းစိုးစံဘူးရာဌာန ဘူမိသီခရ ပုထုဝိပုဏ္ဍလ ဖြစ်သော (အထက်မြန်မာပြည်) သုနာပရန္တတိုင်း မန်လည်မြို့ကြီး၌ မြန်မာသက္ကရာဇ် ၁၂၀၃-ခုနှစ် နှောင်းတန်းခူးလဆန်း ၁၂-ရက် အင်္ဂါနေ့ ညဉ့် ၃-ချက်တီးကျော် ဝိသာခါနက္ခတ် မွန်းတည့်မတ်သော အချိန်ပြက္ခဒိန်ရက်ထူးတွင် မီးရှူးသန့်စင် ဘွားမြင်တော်မူလေသည်။

ခမည်းတော်မှာ သစ်ကုန်သည်ကြီး ဦးထင်ညိုဖြစ်၍ မယ်တော်မှာ ဒေါ်ဖြေတို့ဖြစ်လေသည်၊ မန်လည်ဆရာတော်ဘုရားကြီး၏ ငယ်နာမည်

တော်ကို "ဦးမာ"ဟူ၍ မှည့်ခေါ်ကြလေသည်၊ ထိုသူငယ်အသက် ၃-နှစ်မြောက်တွင် ဘခင်သစ်ကုန်သည်ကြီး ကွယ်လွန်ပြီးနောက် သူငယ်အဖြစ်နှင့် ချမ်းသာစွာကြီးပွါးလာပြီးလျှင် ၁၂-နှစ်အရွယ်ရောက်သောအခါ ဝန်းသိုမြို့ တောင်ပေါ်ကျောင်း ဝန်းသိုစော်ဘွားကြီး၏ နောင်တော်ဘုန်းကြီး ဦးပန်းအောင်ထံ၌ သူငယ်ကို အပ်နှံ၍ ဗုဒ္ဓဘာသာမြန်မာအမျိုးသားတို့၏ ထုံးစံအတိုင်း "နမောဗုဒ္ဓါယ"မှ စ၍ သရဗျဥ္ဇန ဝဏ္ဏစသောသင်ခန်းစာများကို လေ့လာသင်ကြားလေရာ ၁၂-နှစ်အရွယ်မှာပင် မြန်မာစာကိုမြင်းကောင်းစိုင်းနှင်သကဲ့သို့ သွက်သွက်လက်လက် ရွတ်ဘတ်နိုင်လေသည်။

ထိုသူငယ်သည် ကဝိလက္ခဏာ ဇာတိပါ၍လာသည်နှင့် အသက် ၁၆-နှစ်မတိုင်မီကပင် ကဗျာလင်္ကာများကို အထူးဝါသနာပါရှိသောကြောင့် ရှေးပညာရှိများ ရေးသားသော မြန်မာ ပျို့, ကဗျာ, လင်္ကာများကို တစတစကြည့်ရှုလေ့လာပြီးလျှင် မိမိလည်းတတ်စွမ်းသမျှ လေးချိုး, ဒွေးချိုး, တေးထပ် စသည်များကို ရေးသားလေ့ရှိခဲ့လေရာ ဇာတိရင်းက ကဗျာဝါသနာပါ၍လာသော ဝသီဉာဏ်သည် "မဟာသု-တကာရီမဃဒေဝလင်္ကာသစ်"ကို ရေးသားပုံ့နှံ့စေခြင်းအားဖြင့်ကဗျာအရာ၌ ပါရဂူမြောက်ပြီးဖြစ်ကြောင်းကို အောင်လံတံခွန်စိုက်ထူ၍ ပြတော်မူ၏။

အသက် ၁၅-နှစ်အရွယ်တွင် မိခင်ဒေါ်ဖြေ ကွယ်လွန်အနိစ္စရောက်ပြီးနောက် အသက် ၁၆-နှစ်အရွယ်သို့ ရောက်လေသောအခါ သာမဏေရပဗ္ဗဇ္ဇမင်္ဂလာဖြင့် ဝန်းသိုစော်ဘွားကြီး၏ နောင်တော်ဘုန်းကြီး ဦးပန်းအောင်ထံမှာပင် သာမဏေအဖြစ်သို့ ရောက်ရှိတော်မူလေသည်၊ သာမဏေဘွဲ့မည်ကား ရှင်"ဇဝန"တည်း။

ရှင်သာမဏေဖြစ်လေပြီးသော် ၆-ဝါတိုင်တိုင် အရှင် "နန္ဒမဥ္ဇူ" ထံတော်တွင် ခိုလှုံ၍ ပါဠိ,အဋ္ဌကထာ,ဋီကာကျမ်းဂန်များကို သင်ကြားတော်မူလေရာ ပညာပါရမီပြည့်ညီထက်သန်တော်မူသည့်အတိုင်း ဥပသမ္ပဒကံဖြင့် ရဟန်းအဖြစ်သို့မရောက်မီပင် နေ့ဝါ, ညဝါသင်ရိုးကျမ်းများကိုတဘတ်ကမ်းရောက် တတ်မြောက်တော်မူလေသည်၊ (ရှင်သာမဏေအဖြစ်မှာပင် ကဗျာ, လင်္ကာပေါင်းများစွာကို ရေးသားတော်မူခဲ့လေ၏။)

သက္ကရာဇ် ၁၂၂၅-ခုနှစ်ဦးတွင် ဥပသမ္ပဒကံဖြင့် ပဥ္စင်းဖြစ်၍ ထိုနှစ် ရဟန်းအဖြစ်နှင့် တဝါသီတင်းသုံးတော်မူလေသည်၊ (ရဟန်းဘွဲ့အမည်မှာလည်း အသျှင်"ဇဝန"ပင်တည်း) မန်လည်ဆရာတော်ဘုရားကြီးသည် သက်တော် ၂၂-နှစ်သာသာရှိမှ (နှစ်လွန်၍) ရဟန်းဖြစ်တော်မူသည်။

ရဟန်းဖြစ်၍ တဝါရမြောက်တော်မူပြီးနောက် မူလရဟန်းခံခဲ့ရင်းဖြစ်သောသိမ်ကို ဝိနယကုက္ကုစ္စသဘောထားဖြင့် သံသယ မကင်း မရှင်းရှိပြန်သည်နှင့် ၁၂၂၅-ခုနှစ် တပေါင်းလပြည့်ကျော် ၅-ရက်နေ့တွင် မဲဇာမြစ်အတွင်း ဥဒကုက္ခေပနဒီသိမ်၌ သံဃာတော်ဆယ်ပါးနှင့် တကွ ဒုတိယအကြိမ် ဥပသမ္ပဒကံအားဖြင့် ရဟန်းခံတော်မူပြန်လေသည်၊ ဥပဇ္ဈာယ်ဆရာကား မန်လည်မြို့အနောက်ဘက်တိုက် ဝါတော် ၆၀-ရှိ "အရှင်ဂုဏဝါ"မထေရ်မြတ်ပေတည်း၊ (ပဌမ ရဟန်းခံစဉ်အခါက ရရှိသောဝါကိုမရေတွက်ဘဲ ဒုတိယရဟန်းခံတော်မူပြီးနောက် ၁၂၂၆-ခုနှစ် ဝါကစ၍ အတည်ပြုကာ ရဟန်းဝါကို ရေတွက်တော်မူသည်။)

ဒုတိယအကြိမ် ရဟန်းခံတော်မူပြီးနောက် ၃-ရက်မြောက်တွင် ကျေးဇူးရှင်ဖြစ်တော်မူသော အသျှင်"နန္ဒမဥ္ဇူ" မထေရ်မြတ်သည် ပျံလွန်တော်မူလေ၏။

၁၂၂၈-ခုနှစ် ရဟန်း ၃-ဝါမြောက်တွင် မန္တလေးမြို့ အနောက်ပြင် ထီးလင်းတိုက်မှာ ဝါဆိုတော်မူ၍ မန်လည်မြို့ဝန် "မင်းထင်မင်းလှသမန္တရာဇာ"က ကိုးကွယ်လှူဒါန်းသော ပိဋကတ်တော်များကို ကြီးကြပ်ကူးယူရေးသားတော်မူသည်။

ထို့နောက်မန်လည်မြို့ နေရင်းလေးထပ်ကျောင်းသို့ပြန်လည်တော်မူပြီးလျှင် ခိုဝင်လာရောက်ကြသော စာသင်သားတို့အား စာပေသင်ကြားပို့ချ၍ အားလပ်သောအခါမှာလည်း ကျမ်းဂန်များကိုရေးသားတော်မူလေသည်။

ဆရာတော်ဘုရားကြီးသည် ၁၂၆၈-ခုနှစ်တွင် မိုးကုတ်မြို့သို့ သာသနာပြု ကြွတော်မူသည်။

၁၂၇၆-ခုနှစ်တွင် သီပေါမြို့ မဟာရာဇာစော်ဘွားကြီးပင့်လျှောက်၍ သာသနာပြုကြွတော်မူသည်။

အင်္ဂလိပ်သက္ကရာဇ် ၁၉၁၇-ခု ဇန္နဝါရီလ တရက်နေ့တွင် အင်္ဂလိပ်အစိုးရတို့ လှူဒါန်းသော **အဂ္ဂမဟာပဏ္ဍိတ** ဘွဲ့တံဆိပ်ကို ခံယူတော်မူသည်။

၁၂၈၁-ခုနှစ်တွင် ရေဝတီရေလမ်းခရီးဖြင့် စစ်ကိုင်း, ပခုက္ကူ, ပြည်, ဇလွန်, ဟင်္သာတ, ပုသိမ်, ရန်ကုန်မြို့များသို့ ကြွရောက်၍ သာသနာပြုတော်မူသည်။

၁၂၈၁-ခု တပေါင်းလတွင် ရန်ကုန်မြို့ ပုဇွန်တောင် ညောင်ကုန်းတိုက်၌ တရားဓမ္မဟောပြပြီးခါ အထက်အညာ မန်လည်မြို့သို့ ပြန်လည်ရောက်ရှိပြီးလျှင် ၎င်း ၁၂၈၁ ခုနှစ် ဝါဆိုလတွင်ပင် ပျံလွန်တော်မူလေသည်။

**မန်လည်ဆရာတော်ကျမ်းစာများ**

၁။ ပဋ္ဌာနစတ္တာလီသပုစ္ဆာဝိသဇ္ဇနာကျမ်း။
၂။ သတပဒိကပုစ္ဆာဝိသဇ္ဇနာကျမ်း။
၃။ ဝဇီရဂ္ဂ-ဒိဋ္ဌိဝိသောဓနကျမ်း။
၄။ ဂတိဝိသောဓနကျမ်း။
၅။ ဝဇီရူပမ ဗျာကရဏကျမ်း။
၆။ ဝဇီရတ္တရပကာသနီကျမ်း။
၇။ ကစ္စာယနသုသုဟာရကပါဌ်။
၈။ ၎င်းနိဿယကျမ်း။
၉။ ဝဇီရဉာဏဝန္ဒနာစသောဘုရားရှိခိုးအချိုးချိုး။
၁၀။ မဏိဇောတိကဝိသဇ္ဇနာကျမ်း။
၁၁။ မဟာသုတကာရီမဃဒေဝလင်္ကာသစ်။
၁၂။ မင်္ဂလာရတုပေါင်းချုပ်။
၁၃။ အလင်္ကာ့တကျမ်း။
၁၄။ ပုစ္ဆာဝိသဇ္ဇနာကျမ်း။
၁၅။ သီမဝိစာရဏာကျမ်း။
၁၆။ ကမ္မဋ္ဌာန်းကျမ်းသစ်။
၁၇။ ဖုဿထေရဂါထာပါဌ်နိဿယ။
၁၈။ သာမညဖလသုတ်ပါဠိတော်နိဿယ။

၁၉။ ဂိရိမာနန္ဒသုတ်ပါဠိတော်နိဿယ။
၂၀။ ဒသသီလဝဇ္ဇရဂ္ဂဝိနိစ္ဆယ။
၂၁။ ကဗျာသာရနိဿယခေါ်ဘုန်းကြီးပျို့ဝိုင်ချင်း။
၂၂။ ပဒုမော၀ါဒကထာ။
၂၃။ ကုသိမောဝါဒကထာ
၂၄။ ဆန်းသံခိပ်
၂၅။ ဥဿယ၀ါဒိကသိက္ခာပဒဝိနိစ္ဆယ
၂၆။ သန္ဓိပဏ္ဏာမကျမ်းရိုး။
၂၇။ ပညာဝိမံသနကထာကျမ်း။
၂၈။ သမဏပဋိရူပဂါထာပါဠိတော်နိဿယ။
၂၉။ သမဏဘဒြကထာပါဠိတော်နိဿယ၊
၃၀။ မောင်းသီချင်းများစသည်၊

**မင်းကွန်းဇေတဝန်ဆရာတော်ဘုရားကြီး အကြောင်း**

ပိဋကတ္တယကောဝိဒ ဘာသန္တရဆေက ကဗျာ့ပါရဂူ လင်းယဉ်ထွန်း၍ ဝေဒညူပုဂ်ဂ ပုရိသုတ္တမ ပုရိသာဇာနေယျ သာသနာ့တန်ခွန် ချွန်ကြီးချွန်လျက် အလွန်မြင့်မြတ် ကျော်စောတော်မူလှသော မင်းကွန်းဆရာတော်ဘုရားကြီးသည်ကား အတီတကာလ ခါသမယ၌ မြန်မာ့ပုရိဇမ္ဗူဒီပယ် သာကီနွယ်ရိုး တကောင်းမင်းမျိုးမှ ဆင်းသက်၍ အဆက်ဆက်သောမင်းတို့၏ ထီးနန်းစိုးစံဘူးရာဌာန ဘူမိသိခရ ပုထုဝိပုက္ခလဖြစ်သော (အထက်မြန်မာပြည်) သုနာပရန္တတိုင်း မန္တလေး အနောက်ဘက် ရေဝတီ မြစ်လယ်ရှိ အာလောင်ကျွန်း၌ မြန်မာ သက္ကရာဇ် ၁၂၀၅-ခု တပို့တွဲလပြည့်ကျော် ၅-ရက် ကြာသပတေးနေ့တွင် မိုးရှုးမိုးသန့်စင် ဘွားမြင်တော်မူလေသည်။

အသက် ၁၆-နှစ်အရွယ်သို့ရောက်သောအခါ ပညာထူးချွန် သာမဏေမွန်ဖြစ်ပြီးနောက် "အဂ္ဂမဟာလင်္ကာရ ကဝိဓဇမဟာဓမ္မ ရာဇာဓိရာဇဂုရု" တံဆိပ်တော်ရ သင်္ဃာဆရာတော် ဘုရားကြီးထံ၌ ပညာဆက်လက်သင်ကြားရာ ပါဠိ,အဋ္ဌကထာ, ဋီကာတို့ကို လွန်စွာ ကျွမ်းကျင် တတ်မြောက်တော်မူလေသည်၊ အရွယ်ရောက်၍ ရဟန်းဘောင်သို့တက်ပြီးနောက် စံကျောင်းဆရာတော်, ရွှေကျင်ဆရာတော်,စလင်း

ဆရာတော်, မဟာဗိုလ်ဆရာတော်, မြို့ပြင်ကြီးဂိုဏ်းအုပ် ဆရာတော်တို့ထံတွင် ပညာဆက်လက် ဆည်းပူးပြီးလျှင် စာပေပို့ချ ဂဏဝါစက ဖြစ်တော်မူလေသည်။

ထိုနောက် မင်းကွန်းဥဒုမ္ဗရချောင်သို့ ပြောင်းရွှေ့၍တောရဆောက်တည်ရင်း သီတင်းသုံးနေထိုင်ပြီးလျှင် အောက်မြို့ကျေးရွာသို့ ကြွတော်မူရာ ရွှေကျင်ဆရာတော်ဘုရားကြီးနှင့်တွေ့၍ ရန်ကုန်မြို့ ရွှေတိဂုံ စေတီတော်အရှေ့ဘက်ရှိ ကျောင်းတော်ရာ ရွှေကျင်တိုက်၌ ရွှေကျင်ဆရာတော်ဘုရားကြီးနှင့်အတူ တဝါသီတင်းသုံးတော်မူပြီးနောက် သီပေါမင်းတရားက ပင့်ဆောင်သဖြင့် မန္တလေးမြို့သို့ ပြန်ကြွလာကာ မင်းကွန်းဥဒုမ္ဗရချောင်၌ပင် ပြန်လည်သီတင်းသုံးတော်မူလေသည်။

ထိုနောက်မှ မိဖုရားခေါင်ကြီးက မဏိရတနာရာမမြတောင်တိုက်ကို တင်လှူတော်မူ၍ "ပဏ္ဍာဝံသာဘိဓဇမိပတိပဝရ မဟာဓမ္မရာဇာဓိရာဇဂုရု" ဘွဲ့တံဆိပ်တော်ကို ကပ်လှူလေသည်၊ ထိုအခါမှစ၍"ဒုတိယမြတောင်ဆရာတော်"ဟု အမည်တွင်ကာ စာပေကျမ်းဂန်များ ပို့ချ၍ နောက်လာနောက်သားတို့အတွက် ကျမ်းဂန်များကို ရေးသား စီရင်ရင်းမှာပင် သက္ကရာဇ် ၁၂၄၈-ခုနှစ် ကဆုန်လတွင် ဘဝနတ်ထံပျံလွန်တော်မူလေသည်။

**မင်းကွန်းဆရာတော် ကျမ်းဂန်များ**

၁။ ဓာတုမဉ္ဇူသာ။
၂။ ဓာတွတ္ထဒီပနီဋီကာ။
၃။ ဆန်းဋီကာ။
၄။ ပညတ်နက်ကျမ်း။
၅။ ပဋ္ဌာနစတ္တာလီသပုစ္ဆာဝိသဇ္ဇနာကျမ်း။
၆။ သတပဒိကပုစ္ဆာဝိသဇ္ဇနာကျမ်း။

**ဒုတိယအကြိမ်ပုံနှိပ်ခြင်း**

စာပေကို လေးစားမြတ်နိုးကြသော သူတို့သည် စာအုပ်ရိုက်နှိပ်ထုတ်ဝေဖြန့်ချီရာမှ ရရှိမည့်အမြတ်အစွန်းကို ပမာဏမထားဘဲ ရဟန်းရှင်လူ ပြည်သူလူထု အကျိုးရှိမည့် စာသစ်စာဟောင်း ကျမ်းသစ်ကျမ်းဟောင်းတို့ကို ရှာဖွေစုဆောင်းကာ ရိုက်နှိပ်ထုတ်ဝေလေ့ ရှိကြ

ပေသည်၊ ယင်းသို့ ထုတ်ဝေဖြန့်ချိရာတွင် အချို့စာများ, ကျမ်းဂန်များ သည် အတန်းအစားမြင့်နေ၍ လူသုံးနည်းကာ အရင်းအနှီးမျှပင်မရ ရှိသာမက နှစ်ရှည်လများ ထားစရာနေရာမရှိမှု အခက်အခဲနှင့်ပင် ရင်ဆိုင်ကြရပေသည်၊ ရှေးခေတ်က ကျမ်းစာသစ် စာအုပ်သစ် ရိုက် ထုတ်လိုက်လျှင် စာမြည်းဘတ်ရှုသူများ အတွက်နှင့်ပင် ငါးထောင် ခြောက်ထောင်ခန့် တလ ၂-လအတွင်း ရောင်းချရပေသည်၊ ယခုအခါ မှာ (ကျောင်းသုံးမဟုတ်သော) အလွတ်စာအုပ်ဖြစ်ပါမူ တထောင်မျှ လောက်ပင် ၄-၅-၆-နှစ်နှင့် ရောင်းမကုန်ဖြစ်၍ အလွတ်စာအုပ်များကို အနစ်နာခံ၍ ရိုက်နှိပ်ထုတ်ဝေမည့်သူ အလွန်ရှားပါးလှပေသည်။

ကျွန်ုပ်တို့ဟံသာဝတီ၏ သဘောထားမှာ ရဟန်း ရှင်လူ ပြည်သူ လူထုအကျိုးများမည့် အမြတ်နိုးတည်ရှိနေမှုကောင်းမည့် စာအုပ် စာ တမ်းများကို အများအပြား မရိုက်နှိပ်နိုင်သော်လည်း ရှာဖွေရနိုင်သော စာမူတခု အနေထားရှိကာ စာဟောင်းပေဟောင်း ကျမ်းဟောင်း ကြီးများကို စုဆောင်းရှာဖွေရိုက်နှိပ်ထားရှိလိုရင်းဖြစ်ပေသည်၊ သို့ဖြစ်၍ မန်လည်ဆရာတော်,မင်းကွန်းတောရဆရာတော်ကြီးများပြုစုခဲ့သည့်ဤ ပဋ္ဌာနစတ္တာလီသပုစ္ဆာဝိသဇ္ဇနာကျမ်းနှင့်သတပဒိကပုစ္ဆာဝိသဇ္ဇနာကျမ်း ကို(၁၉၀၀)ခုနှစ်ကတကြိမ် ရိုက်နှိပ်ခဲ့ရာ ယခုအခါ ထိုကျမ်းစာများ ၏ စာမူများပင် အလွယ်တကူ ရှာဖွေမရ ပျောက်ကွယ်လုမတတ် ဖြစ် နေ၍ အထက်တန်းကျသဖြင့် လူသုံးနည်းကာ အရောင်းရနည်းပါးမည် ဖြစ်သော်လည်း စာမူကိုတန်ဘိုးထား၍ ဤစာအုပ်ကို ပုံနှိပ်လုပ်ဆောင် အပ်ပေသည်၊ယင်းသို့ ပုံနှိပ်လုပ်ဆောင်ရာတွင် စာရှုသူတို့သိလွယ်ရန် အကြောင်းအရာပြ ခေါင်းစီးစာကြောင်းများ, အက္ခရာစဉ် အညွှန်း မာတိကာများ, မူလစာကိုယ်နှင့် အဓိပ္ပါယ်ခြားနားစေရန် ပွိုင့်မတူ သော စာလုံးများဖြင့် ဖော်ပြကာဆရာဦးခင်စိုး(သာသနဓဇသီရိပဝရ- ဓမ္မာစရိယ)နှင့် ဦးသိန်းဟန်, ဦးတင်နွယ်, ဦးဟန်ထွန်း, ဦးပု, ဦးရွှေ ဖူး, ဦးမြတ်မော်တို့က ကောင်းစွာတည်းပြတ်ကြပ်မ သုတ်သင်ပြင်ဆင် ကာရိုက်နှိပ်အပ်သည်ဖြစ်ပါကြောင်း။

ဟံ သ ာ ဝ တီ

၁၀-၁၀-၆၁

# မာတိကာ


| ဦးရေ | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| | ပဉ္စဝဂ္ဂါလီသပုဏ္ဏာဒိသုတ္တနာ | | |
| ၁။ | ဂင်္ဂါမြစ်အတိုင်းအတာ | .... | ၁ |
| ၂။ | ဝမ်း-ခြေ-လက်-ဦးခေါင်းနှင့်တူသော တရားများ | .... | ၂ |
| ၃။ | အင်္ဂသာဝက ၂-ပါး၏သက်တော်နှင့် သိက္ခာတော် | .... | ၂ |
| ၄။ | တသင်္ချေနှင့်ကမ္ဘာတသိန်းမြင်သော မထေရ် ၄-ပါး | .... | ၃ |
| ၅။ | သဗ္ဗညုတဉာဏ်နှင့်မဂ်ဉာဏ် အမြတ်ရွေးနည်း | .... | ၄ |
| ၆။ | လောက ၃-ပါးအထူး | .... | ၄ |
| ၇။ | ဝိတက် ၃-ပါးအထူး | .... | ၅ |
| ၈။ | နာနာဘာဝ,ဝိနာဘာဝ,အညထာဘာဝ ၃-ပါးအထူး | .... | ၅ |
| ၉။ | သမုဒ္ဒါရှစ်သောင်းလေးထောင် နက်သည့်နေရာ | .... | ၆ |
| ၁၀။ | ရှေးဦးစွာမဂ်,ဖိုလ်ရသောမိန်းမ ၂-ဦး | .... | ၇ |
| ၁၁။ | ကောင်းမှုပြု၍အပါယ်ဘုံတောင့်တသူ | .... | ၇ |
| ၁၂။ | ခုနစ်နှစ်သားရဟန်းအဖြစ်ရသူ ၃-ပါး | .... | ၈ |
| ၁၃။ | ငရဲသူတို့ဘဝကိုနှစ်သက်သောကာလပိုင်း | .... | ၉ |
| ၁၄။ | ပါဏာတိပါတအင်္ဂါစုံသော်လည်း ကံမမြောက်ပုံ | .... | ၉ |
| ၁၅။ | ပါဏာတိပါတအင်္ဂါမစုံသော်လည်း ကာယကံမြောက်ပုံ | .... | ၉ |
| ၁၆။ | သမ္ဖပ္ပလာပအင်္ဂါစုံသော်လည်းကံမမြောက်ပုံ | .... | ၁၀ |
| ၁၇။ | ပုထုဇန်တို့သန္တာန်၌များစွာဖြစ်သောဟိတ် | .... | ၁၁ |

# မာတိကာ


| ဦးရေ | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| ၁၈။ | တိဿရဟန်းငယ်သန်းဘ၀ ဖြစ်စေသောကံများ | .... | ၁၁ |
| ၁၉။ | သူ့ဘဏ္ဍာပျက်စီးစေရာ၌ကံ | .... | ၁၂ |
| ၂၀။ | ပုဗ္ဗစေတနာအကျိုးခံစားရသူ | .... | ၁၂ |
| ၂၁။ | ပါရမီဖြည့်ရာတွင်စေတသိကဒုက္ခ မဖြစ်အဖြစ်ဝါဒကွဲ | .... | ၁၃ |
| ၂၂။ | နေနတ်သား,လနတ်သားတို့ သောတာပန်ဖြစ်ရာကာလ | .... | ၁၃ |
| ၂၃။ | အမိသတ်သော်လည်းမာတုဃာတက ကံအတွက်မခံရပုံ | .... | ၁၄ |
| ၂၄။ | ကံ ၃—ပါးတွင်အပြစ်ကြီးသောကံ | .... | ၁၅ |
| ၂၅။ | သဗ္ဗညုတဉာဏ်နှင့်ယှဉ်သောစိတ် | .... | ၁၅ |
| ၂၆။ | အနာရောဂါနူနာကိုဖြစ်စေသောကံ | .... | ၁၆ |
| ၂၇။ | တွေဝေသူတို့စောသောဇောအကြိမ် | .... | ၁၆ |
| ၂၈။ | ကဲ့ရဲ့သူ,ချီးမွမ်းသူတို့အပြစ်တူညီပုံ | .... | ၁၇ |
| ၂၉။ | ကိုယ်တိုင်ပြုသူအများနှင့်တိုက်တွန်းသူ တဦး၏အကျိုးပေး | .... | ၁၇ |
| ၃၀။ | ဥဘတောဗျည်းမကိုသားက သတ်ရာ၌ထိုက်သောကံ | .... | ၁၈ |
| ၃၁။ | လူများထက်တိရစ္ဆာန်တို့ တန်းခိုးကြီးခြင်းအကြောင်း | .... | ၁၉ |
| ၃၂။ | အလောင်းတော်မြတ်ရဟန်း၏အဖြစ် ၉—ကြိမ်ဖြစ်ရာ ဘုရား၉—ဆူ | .... | ၁၉ |
| ၃၃။ | အသုရာတို့၏နတ်မျိုးနှင့်အသက်တမ်း | .... | ၂၀ |
| ၃၄။ | ဤကမ္ဘာတွင်ယုတ်မာမှုကြီး ၄-ပါးနှင့်ပုဂ္ဂိုလ်၄-ဦး | .... | ၂၀ |
| ၃၅။ | ရပ်ပြစ်ရှစ်ပါးအဝင်အရူပဘုံ၌ သောတာပန်ဖြစ်ရခြင်း | .... | ၂၁ |
| ၃၆။ | မဂ်နှင့်နတ်ရွာတား-မတားဒိဋ္ဌိခွဲခြားချက် | .... | ၂၂ |

| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၃၇။ | သိကြားမင်းရှိခိုးခံထိုက်သူ၏အင်္ဂါ ၄–ပါး .... | ၂၃ |
| ၃၈။ | ဘုရားရဟန္တာတို့အပူဇော်ခံရသောပုထုဇန် .... | ၂၄ |
| ၃၉။ | ရောင်ခြည်တော်များယခုတိုင်ရှိ-မရှိ .... | ၂၄ |
| ၄၀။ | ဒေဝီလရသေ့ငိုကြွေးရခြင်းအကြောင်းရင်း .... | ၂၅ |
| ၄၁။ | ဘုရားလောင်းပါရမီဖြည့်ရာ၌ မရှိသောဒုက္ခ,ရှိသောဒုက္ခ .... | ၂၆ |
| ၄၂။ | ညီတော်မင်းနန်၏သဏ္ဌာန်အသက်နှင့် ရဟန်းပြုခုနှစ် .... | ၂၇ |
| ၄၃။ | ဝေဿန္တရာမင်းအလှူသေအရက်ပါရာ၌ အပြစ်ရှိ-မရှိ .... | ၂၈ |
| ၄၄။ | ဈာန်ဂရုကံကိုတားစွမ်းနိုင်သော ကာမကုသိုလ်ကံ .... | ၂၈ |
| ၄၅။ | ဘုရားမှတပါး ဒွတ္တိံသမဟာပုရိသ လက္ခဏာပြည့်စုံသူ ၂–ပါး .... | ၃၀ |

## သုတပဒိကပုစ္ဆာဝိသဇ္ဇနာ

| | | |
|---|---|---|
| ၁။ | မဟာစေတီနှင့်ရွှေတိဂုံစေတီတော်ပမာဏ .... | ၃၃ |
| ၂။ | ကမ္ဘာဦးအခါ ဍုတ္တိပုရိသမည်သည်ကစ၍ ဖြစ်ကြောင်း .... | ၃၅ |
| ၃။ | လနှင့်နေတို့တနာရီသွားခရီးအတိုင်းအတာ.... | ၃၆ |
| ၄။ | နေမိမာန်၌ ဒေါင်းရုပ်ရှိ-မရှိ .... | ၃၇ |
| ၅။ | အစိမ်းရောင်ရုပ်ဓာတ်ဖြစ်ခြင်းအကြောင်းရင်း.... | ၃၈ |
| ၆။ | စို့သက်တင်ဖြစ်ပေါ်ခြင်းအကြောင်းရင်း .... | ၃၉ |
| ၇။ | ပဋ္ဌာန်းဝိတက်တိက်မောဟ ၇-ပါး .... | ၄၀ |
| ၈။ | နိယတပုဂ္ဂိုလ် ၃-ဦး .... | ၄၂ |
| ၉။ | ကိုယ့်ဥစ္စာဖြစ်လျက်ကိုယ်မပိုင်ဆိုင်သူများ .... | ၄၂ |
| ၁၀။ | ကိုယ့်ဥစ္စာကိုယ်ပေး၍ အပါယ်ကျသူများ .... | ၄၃ |
| ၁၁။ | ကိုယ့်ဥစ္စာကိုယ်ပြန်ခိုး၍အပါယ်ကျသူများ .... | ၄၃ |
| ၁၂။ | လူသူခိုးဟုစွပ်စွဲကလွဲမှားခြင်း .... | ၄၄ |

| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၃။ | သူ့ဥစ္စာယူက အပြစ်ကင်း၍ ကိုယ့်ဥစ္စာယူပစ်က အပြစ်မကင်းသည့်အရာများ .... | ၄၄ |
| ၁၄။ | သေသူနှင့်မခြား အလားတူသူများ .... | ၄၅ |
| ၁၅။ | ကြွက်,အိမ်မြှောင်အမြီးပြတ်ဆတ်ဆတ်တုန်ခြင်းအကြောင်း .... | ၄၆ |
| ၁၆။ | လူပုဂ္ဂိုလ်ကမ္မဝါရွတ်က ကံချွတ်-မချွတ် .... | ၄၇ |
| ၁၇။ | မာနတ်ကျင့်ရာ၌ ညွှဲပြတ်လျှင် နောက်သို့ပြန်သင့်-မပြန်သင့် .... | ၄၈ |
| ၁၈။ | နေလွဲသည့်ကျွန်းတွင် ဆွမ်းခံ၍ နေမလွဲသည့်ကျွန်းတွင် ဘုန်းပေးက အပြစ်ရှိ-မရှိ .... | ၄၉ |
| ၁၉။ | စပ်သင့်သောသိမ်မျိုးတွင် ဆန္ဒမလိုက်သောသိမ်မျိုး .... | ၅၀ |
| ၂၀။ | သစ္စာ၄မဝင်သောတရားများနှင့် ရထိုက်သောဘုံပုဂ္ဂိုလ် .... | ၅၁ |
| ၂၁။ | ဥဒ္ဓံသောတနှင့်သောတာပန်ဘုံသွား .... | ၅၂ |
| ၂၂။ | ဗြဟ္မာ့ဘဝမှ ဝက်ဘဝသို့ တိုက်ရိုက်ဖြစ်နိုင်-မဖြစ်နိုင် .... | ၅၄ |
| ၂၃။ | သက်ရှိသက်မဲ့ တပိုင်းစီရှိသောဝတ္ထု .... | ၅၅ |
| ၂၄။ | ဥပနိဿယမပြိုင်သောကုသိုလ်စေတနာ .... | ၅၆ |
| ၂၅။ | ဝိပ္ပယုတ္တပစ္စည်းနှင့် မဆက်ဆံသောနာမ်တရား | ၅၆ |
| ၂၆။ | စေတနာအများရှိလျက် တပါးကသာအကျိုးပေးသောကံ .... | ၅၇ |
| ၂၇။ | ပဏာမစေတနာ ၃-ပါးလုံးပင်အန္တရာယ်ကင်းစေခြင်း .... | ၅၈ |
| ၂၈။ | အကုသိုလ်ကြောင့် ကုသိုလ်ပြုသူနှင့် ကုသိုလ်ကြောင့် အပါယ်ရောက်သူ .... | ၅၈ |
| ၂၉။ | ရေနတ်နဂါးဖြစ်ရန်အကျိုးပေးကံများ .... | ၆၀ |
| ၃၀။ | လှူပသောတိရစ္ဆာန်တို့ရှုပ်အနိဋ္ဌဖြစ်-မဖြစ် .... | ၆၁ |

| ဦးရေ | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| ၃၁။ | လူတို့အား မူးမှိုင်စေသော နတ်တို့ရပ်ရှုဌ ဖြစ်-မဖြစ် | .... | ၆၃ |
| ၃၂။ | ငအက္ခရာနှင့် ပဒပူရဏသမ္ပဒ္ပလာပဖြစ်-မဖြစ် | | ၆၃ |
| ၃၃။ | မောဃပဥ္စာတုစ္ဆပဥ္စာဖွင့်ဆိုခြင်းအကြောင်း | .... | ၆၅ |
| ၃၄။ | စေတနာတချက်ဖြင့် ပဋိသန္ဓေကျိုးများစွာ ပေးနိုင်-မပေးနိုင် | .... | ၆၅ |
| ၃၅။ | ဩဠာရိကရုပ်စစ်ဖြစ်လျက် အာယတန,ဓာတ် မဘွဲ့ရခြင်းအကြောင်း | .... | ၆၈ |
| ၃၆။ | ဥပစာ,အနုလုံမပါ ဂေါတြဘူချည်းဆိုရာ၌ ဖြစ်သောနည်း | .... | ၆၉ |
| ၃၇။ | ပရိကံစသည် အမည်အသီးသီးဆိုရာ၌နည်း | .... | ၇၀ |
| ၃၈။ | နည်းနှစ်ပါးဖြင့်ဝီထိကျခြင်း | .... | ၇၀ |
| ၃၉။ | အရိယာနှင့် ပျင်းသူဖျင်းသူတို့မထင်မြင်သော တရား | .... | ၇၁ |
| ၄၀။ | ရဟန္တာချင်းတူညီလျက်အဘိညာဉ် အချို့ရ-အချို့မရခြင်းအကြောင်း | .... | ၇၁ |
| ၄၁။ | ဝီထိစိတ္တုပ္ပါဒ်နှင့်ပဋိစ္စသမုပ္ပါဒ်စက် | .... | ၇၂ |
| ၄၂။ | ဝေဒနာပြားသော်လည်းဆင်ခြင်ရန်တခုသာ ရှိခြင်း | .... | ၇၄ |
| ၄၃။ | ဝိသာခါစသောအရိယာမတို့လိန်ပြန်ချိန် | .... | ၇၅ |
| ၄၄။ | သုဒ္ဓါဝါသ ၅-ဘုံတွင်ယင်္ဂိကာရမြဟ္မာ နေသောဘုံ | .... | ၇၆ |
| ၄၅။ | မနုဿဟာရုပ်ပုံအကြောင်းကျမ်းညွှန်း | .... | ၇၇ |
| ၄၆။ | ယသော်ဓရာနှင့်ဒေဝဒတ်၊ဇနပဒကလျာဏီ နှင့် မင်းနန္ဒာတို့အကြီးအငယ် | .... | ၇၈ |
| ၄၇။ | ယသော်ဓရာထေရီမတန်းခိုးဖန်ဆင်းပုံ | .... | ၈၀ |
| ၄၈။ | နွယ်ပွင့်ဖြစ်သော သူယောင်မ | .... | ၈၁ |
| ၄၉။ | ဝိသာခါပျော်စံမည့်ဘုံစဉ်များ | .... | ၈၂ |

| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၅၀။ | ဇာတ်ပေါင်းတွင်သိကြားပါလျက် သူဇာ မပါခြင်းအကြောင်း …. | ၈၄ |
| ၅၁။ | ဋသိသိဂ်ရသေ့ ၃-နှစ်မွေ့နေရာ၌နတ်သြဇာ တွေ့ပုံ …. | ၈၄ |
| ၅၂။ | ဋသိသိဂ်ရသေ့ကိုဖျက်ဆီးသည့်အပြစ် …. | ၈၅ |
| ၅၃။ | မသေရာအချိန်ကာလ …. | ၈၅ |
| ၅၄။ | ယှဉ်စပ်ပြီးနောက်သန္ဓေတည်နိုင်သော ရက်ပိုင်း …. | ၈၆ |
| ၅၅။ | သဗ္ဗမင်္ဂလဂါထာတော် …. | ၈၇ |
| ၅၆။ | ဂဠုန်မသုတ်နိုင်သော နဂါးမျိုး …. | ၈၈ |
| ၅၇။ | နဂါးကိုဂဠုန်သုတ်ရာ၌ရေနှစ်ဖြာကွဲပမာဏ…. | ၈၉ |
| ၅၈။ | နဂါးကိုဂဠုန်သုတ်ရာ၌ကုတ်ဆွဲသည့်အပိုင်း …. | ၉၀ |
| ၅၉။ | နဂါးဂဠုန်သုတ်ပုံထုလုပ်နည်းဟုတ်-မဟုတ်…. | ၉၀ |
| ၆၀။ | နတ်သမီးတို့ရာသီပန်း ပွင့်-မပွင့် …. | ၉၁ |
| ၆၁။ | နတ်တို့သံဝါသကိစ္စ …. | ၉၂ |
| ၆၂။ | နတ်တို့ကာမဂုဏ်ထိတွေ့မှု …. | ၉၂ |
| ၆၃။ | နတ်တို့သန္ဓေလွယ်မှုနှိုတိုက်မှု ရှိ-မရှိ …. | ၉၃ |
| ၆၄။ | နတ်တို့စုတေသောအခါရုပ်အလောင်းနှင့် စွန့်ပစ်မှု ရှိ-မရှိ …. | ၉၄ |
| ၆၅။ | မြေဘုတ်တို့ရုပ်ပုံကိုမမြင်ရခြင်းအကြောင်း …. | ၉၄ |
| ၆၆။ | တစ္ဆေမျိုးဟူ၍ ရှိ-မရှိ …. | ၉၅ |
| ၆၇။ | ဇော်ဂနီခေါ် စုန်းကောင်များ …. | ၉၆ |
| ၆၈။ | မနာပကာယိကာနတ်တို့၏တန်ခိုးနှင့်ဘုံ …. | ၉၈ |
| ၆၉။ | ကိတ်,အာချာတ် ၂-မျိုးရသောပုဒ်များ …. | ၉၉ |
| ၇၀။ | နာမ်,အာချာတ်,နိပါတ် ၃-မျိုးရသော ပုဒ်များ …. | ၁၀၀ |
| ၇၁။ | နမောကိုပုဒ်,ဝိဘတ်,ဝုစ်တို့ဖြင့်ဝေဘန်ပုံ …. | ၁၀၂ |
| ၇၂။ | ဘဂဝတေ့ကိုပုဒ်,ဝိဘတ်,ဝုစ်တို့ဖြင့်ဝေဘန်ပုံ …. | ၁၀၂ |
| ၇၃။ | ပဌမီ-သတ္တမီဝိဘတ်ခေါ် ဆိုခြင်းအကြောင်း …. | ၁၀၃ |

| ဦးရေ | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| ၇၄။ | တန်ခိုးကြီးသော ဟော (?) - တဒ္ဒိတ်ကေသိသ်မဟုတ်အများဟောပုဒ် | .... | ၁၀၇ |
| ၇၅။ | ဝသတောဥဋ္ဌနှင့်ဥတ္တ | .... | ၁၀၈ |
| ၇၆။ | ခမတိပုဒ်နှင့်ခမ္မတိပုဒ် | .... | ၁၁၀ |
| ၇၇။ | ပြဟ္မာပုဒ်အသံထွက်နှင့်ကာရန် | .... | ၁၁၁ |
| ၇၈။ | ဆန်းပထျာဖြစ်နည်းစသည် | .... | ၁၁၂ |
| ၇၉။ | သီဟ,သီဃစသောပုဒ်တို့အဆုံးအဖြတ် | .... | ၁၁၆ |
| ၈၀။ | ပင့်,ရစ်ခွဲထားသတ်ပုံ | .... | ၁၂၁ |
| ၈၁။ | သာဝတ်မှရေဖသံသာရဝတ်ဖြစ်ပုံ | .... | ၁၂၂ |
| ၈၂။ | စ-ဆုံးအက္ခရာဖျက်သော်လည်းအနက်<br>မပျက်သောပုဒ်များ | .... | ၁၂၃ |
| ၈၃။ | အစပ်အဖြတ်အနက်ထပ်တူကျသောပုဒ်များ | .... | ၁၂၅ |
| ၈၄။ | နိဗ္ဗာနပုဒ်ရှေ့၌နိဿရဏပုဒ်ထားရကျိုးနှင့်<br>သမာသ်စပ်ပုံအနက်ပေးပုံများ | .... | ၁၂၆ |
| ၈၅။ | ယုဂ် ၄-ယုဂ်နှင့်ကလိယုဂ်ဆန်း | .... | ၁၂၇ |
| ၈၆။ | အဓိမာသ်တွက်ပုံ | .... | ၁၃၀ |
| ၈၇။ | နေရောင်ထွန်းသည့်အတာယူဇနာ | .... | ၁၃၁ |
| ၈၈။ | ကပ်ဆိုက်သောသူတို့လားရာဂတိ | .... | ၁၃၁ |
| ၈၉။ | ဝေဠုဝန်ကျောင်းတော်နှင့်ရာဇဂြိုဟ်မြို့တည်ပုံ | .... | ၁၃၂ |
| ၉၀။ | အစဦးစွာပညတ်သောသိက္ခာနှင့်ဌာန | .... | ၁၃၃ |
| ၉၁။ | ငါးရာငါးဆယ်ဇာတ်တော်ဖြစ်ရာကပ်ကမ္ဘာ | .... | ၁၃၄ |
| ၉၂။ | ဇာတ်တော်လာမြေခွေး,ဆိတ်,သမင်တို့<br>လူစကားပြောရာ၌ ယုံသင့်-မယုံသင့် | .... | ၁၃၇ |
| ၉၃။ | တိမ်တေ-လေကော်,လျှပ်စစ်ပခွေး,မိုဃ်း<br>သံခွေး ယူဇနာအကွာအဝေး | .... | ၁၃၈ |
| ၉၄။ | အထက်,ဘီလာလေးမြားသွားသည့်အခွန့်တာ | | ၁၃၉ |
| ၉၅။ | အထက်,အောက် လေးမြားသွားသည့်<br>အခွန့်တာ | .... | ၁၃၉ |
| ၉၆။ | ဝိပဿနာဉာဏ် ၁၀-ပါးရှုပုံကွဲပြားခြင်း | .... | ၁၄၀ |

| ဦးရေ | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| ၉၇။ | ကုဋေနှစ်သန်း, လေးသိန်းနေ့စဉ်သမာပတ် ဝင်စားပုံ | .... | ၁၄၁ |
| ၉၈။ | ကုဋေသုံးသန်း,ခြောက်သိန်း ဝိပဿနာ သုံးသပ်ပုံ | .... | ၁၄၃ |
| ၉၉။ | မိုး-ရေ-လေဖျက်သည့်ကမ္ဘာတွင် ဤ ဘဒ္ဒ ကမ္ဘာမည်သည့်ကမ္ဘာမျိုးဖြစ်ကြောင်း | .... | ၁၄၄ |
| ၁၀၀။ | တာဝတိံသာမှ သက်တော်မူရာ ရွှေ, ငွေ, မြစောင်းတန်းသုံးသွယ်ဝဲယာပြမည်ပုံ | .... | ၁၄၅ |
| ၁၀၁။ | သန္ဓေသကထာများ | .... | ၁၄၉ |
| ၁၀၂။ | သတပဒိကတွင်ပါသည့်ကဗျာအမျိုးအစား ကဗျာများခွဲခြားပြသချက် | .... | ၁၅၇ |
| ၁၀၃။ | သမဏာပဋိရူပ | .... | ၁၆၃ |
| ၁၀၄။ | သမဏာဘဒြကထာ | .... | ၁၇၃ |






# ပဉ္စစတ္တာလီသပုစ္ဆာဝိသဇ္ဇနာ

**နမော တဿ ဘဂဝတော အရဟတော**
**သမ္မာသမ္ဗုဒ္ဓဿ။**

သက္ကရာဇ် ၁၂၄၃-ခု နတ်တော်လဆန်း ၁၂-ရက်နေ့ မင်းကွန်းတောရ အရညဝါသီပဏ္ဍာဝံသ အမည်ရှိသော ပုဂ္ဂိုလ်သူမြတ်က မန္တလေးမြို့မ မင်းကျောင်းတိုက်နေ ဇဝနအမည်ရှိသော ပုဂ္ဂိုလ်သူမြတ်အား မေးအပ်သော ပုစ္ဆာ ၄၅-ရပ်ကို ၎င်းဇဝန အမည်ရှိသော ပုဂ္ဂိုလ်သူမြတ် ဖြေဆိုအပ်သော ဝိသဇ္ဇနာ ၄၅-ချက်။

**ဂင်္ဂါမြစ်အတိုင်းအတာ**

၁။ ပဌမပုစ္ဆာ။ ။ဥမင်ကိုဖီလာဆီး၊ တောင်ကြီးတဲ့ဝိဋ္ဋ၂၁။ ။ တိုက်ပြီးလျှင် သွယ်ဖြာခဲ့၊ စိမ်းလဲ့ညိုပြာ။ ။မြစ်ဂင်္ဂါဘယ်မျှသာရှည်လျား။ ။အဏ္ဏဝါရေယဉ်ကျအောင်၊ မိန့်ပ ထင်ရှား။ ။

၁။ ပဌမဝိသဇ္ဇနာ။ ။ဥမင်ကိုဖီလာဆီး၊တောင်ကြီးတဲ့ ဝိဋ္ဋ၂၁။ ။ တိုက်ပြီးလျှင် သွယ်ဖြာခဲ့၊ စိမ်းလဲ့ညိုပြာ။ ။မြစ်ဂင်္ဂါ အတာရှည်လျား။ ။အဏ္ဏဝါရေယဉ်ကျအောင်၊ ယူဇနာ ငါးရာပြတယ်၊ ကျမ်းကထင်ရှား။ ။

ဇူမိယံ ဂင်္ဂါယ ဂမ္ဘီရဋ္ဌာနံ ဂါဝုတမတ္တံ အတ္ထိ၊ အဍ္ဎယောဇနမ္ပိ ယောဇနမ္ပိ၊ ပုထုလံ ပိသာ ဝေရူပံယေဝ။ ဒီဃတော ပန ပဉ္စယောဇနသတာနိ ။(မဇ္ဈိမပဏ္ဏာသ အဋ္ဌကထာ ကကစူပမသုတ် အဖွင့်။)

---

## ဝမ်း-ခြေ-လက်-ဦးခေါင်းနှင့်တူသောတရားများ

၂။ ဒုတိယပုစ္ဆာ။ ။သီလံ မထေရ်မြတ်၌၊ ပညတ်ဖြင့် သင့်ချော်။ ။ပုံနှိုင်း၍ခေါ်။ ။မြတ်ရှင်တော်၊ ဟောတော်မူဘိ။ ။ ကုစ္ဆိပါဒေနှင့်၊လက်ဟတ္ထေသီသများ၊ဘယ်တရားပေသိ။ ။

၂။ ဒုတိယဝိသဇ္ဇနာ။ ။မြတ်သမာသီလနှင့်၊ သဒ္ဓါဉာဏ၍လေးဘော်။ နည်းစဉ်ယင့်လျော်။ ။မြတ်ရှင်တော်။ ဟောတော်မူဘိ။ ။ ကုစ္ဆိပါဒေနှင့်၊လက်ဟတ္ထေသီသများ၊ သည်တရားဟုသိ။ ။

ဇရုဒပါနာဒယော ဝိယ ဟိ စတ္တာရိ ကုလာနိ၊ ဩလောကန ပုရိသော ဝိယ ဘိက္ခု။ ယထာ ပန အနပကဋ္ဌကာယစိတ္တော တာနိ ဩလောကေန္တော ပုရိသော တတ္ထ ပတတိ။ ဧဝံ အရက္ခိတေဟိ ကာယာဒီဟိ ကုလာနိ ဥပသင်္ကမန္တော ဘိက္ခု ကုလေသု ဗဇ္ဈတိ။ တတော နာနပ္ပကာရံ သီလပါဒဘဉ္ဇနာဒိအနတ္ထံ ပါပုဏာတိ။ ယထာ ပန အပကဋ္ဌကာယစိတ္တော ပုရိသော တတ္ထ နပတတိ၊ ဧဝံ ရက္ခိတေနေဝ ကာယေန ရက္ခိတေဟိ စိတ္တေဟိ ရက္ခိတာယ ဝါစာယ သုပဋ္ဌိတာယ သတိယာ အပကဋ္ဌကာယစိတ္တော ဟုတွာ ကုလာနိ ဥပသင်္ကမန္တော ဘိက္ခု ကုလေသု န ဗဇ္ဈတိ၊ အထဿ ယထာ တတ္ထ အပတိတဿ ပုရိသဿ န ပါဒါ ဘဇ္ဇန္တိ၊ ဧဝံ သီလံ န ဘိဇ္ဇတိ။ ယထာ ဟတ္ထာ န ဘဇ္ဇန္တိ၊ ဧဝံ သဒ္ဓါဟတ္ထော န ဘိဇ္ဇတိ၊ ယထာ ကုစ္ဆိ န ဘိဇ္ဇတိ၊ ဧဝံ သမာဓိကုစ္ဆိ န ဘိဇ္ဇတိ။ ယထာ သီသံ န ဘိဇ္ဇတိ၊ ဧဝံ ဉာဏသီသံ န ဘိဇ္ဇတိ။ (နိဒါနဝဂ္ဂ ကဿပသံယုတ်အဋ္ဌကထာ။)

---

## အဂ္ဂသာဝက၂-ပါး၏သက်တော်နှင့်သိက္ခာတော်

၃။ တတိယပုစ္ဆာ။ ။ဂေါတမရှင်တော်ပွဲမှာ၊ယာဝတဲ့ စံပျော်။ ။ ထေရ်အဂ္ဂနှစ်ဘော်ငယ်၊ သက်တော်လေဘယ်ခု။ ။ဘယ်ချိန်ရွယ် အာယုမှ၊ သဗ္ဗညုထံတော်သာ၊ ရဟန်းပြုရှာ။ ။ဘိက္ခုတို့သိက္ခာငယ်၊ ဘယ်နှစ်ဝါလေသိ။ ။နေ့ရက်နှင့်လကောဇာ၊ ဘယ်ချိန်ခါတိုင်ဘိမှ၊ မြတ်ခေါင်ထိရွှေပြည်မွန်၊ မြန်းကြွဆုံးစွန်။ ။မိန့်စမ်းပ ဘုန်းဝှန်ငယ်၊ ဂိုဏ်တံခွန်စိုက်ပါလိမ့်လေး။

၃။ တတိယဝိသဇ္ဇနာ။ ။တို့စိန္တေရှင်တော်ပွဲမှာလ၊ ယာဝဲတဲ့နှစ်ဘော်။ ။ထေရ်အဂ္ဂ အကျော်ငယ်၊ မြတ်မယ်တော် နှစ်ပါး။ ။သန္ဓေရလို့ ဆယ်လလွယ်တယ်၊ ခုနစ်ဆယ်ကိုးခုနှစ် ဘွား။ ။သက်တော်ရွယ် အစိတ်မှ၊ ရွှေတောင်ထိပ် သဘင်မြော်တွင်၊ သံဝေတော်ရငြား။ ။လူ့ဘောင်ကိုရှောင်ရှားလို့၊ ထွက်သွားကြ စုံအတူ။ ။လပြာသို ကွယ်သည့်နေ့မှာဖြင့်၊ မြတ်ဘုန်းဟော့ ဟေခေါ်ယူ။ ။လေးဆယ်က လေးဝါပြုတယ်၊ပေါင်းတော်မူအာယုပ၊ တခုယုတ် ခုနစ်ဆယ်တွင်၊ မြန်းကြွဆုံးခွင်။ ။နမာနနည်း ထင်တယ်၊ ကျမ်းဂန်တွင်ထောက်ထားလို့လေး။

"ကတရသ္မိံ ကာလေတိ ဘဂဝတော ပရိနိဗ္ဗာနသံဝစ္ဆရေ" ဟူသော သံယုတ် အဋ္ဌကထာနှင့်အညီ အရှင်သာရိပုတ္တရာ,အရှင်မောဂ္ဂလာန်တို့ပရိနိဗ္ဗာန်စံကုန်သည်ကား ဘုရားသခင်နှင့်တနှစ်တည်း၊ အရှင်သာရိပုတ္တရာ—တန်ဆောင်မုန်းလပြည့်နေ့,အရှင်မောဂ္ဂလာန်—၎င်းလကွယ်နေ့ဟု ၎င်းအဋ္ဌကထာဆိုသည်၊ ဘုရားပရိနိဗ္ဗာန်ပြုသော သက္ကရာဇ်ကား ၁၄၈—ခုဟု ရာဇဝင်၌ဆိုသည်၊ အရှင်သာရိပုတ္တရာသိက္ခာကား— "စတုစတ္တာလီသဝဿာနိ" ဟူသော အဋ္ဌကထာပါဠိတို့နှင့်အညီ လေးဆယ့်လေးဝါတည်း။

"သော သာရိပုတ္တဿ ပဗ္ဗဇိတဘာဝံ သုတွာ"ဟု ရေဝတထေရဂါထာအဋ္ဌကထာဆိုသောကြောင့် ရေဝတရဟန်းပြုသည်နှစ်နှင့် အရှင်သာရိပုတ္တရာရဟန်းပြုသောနှစ် အတူယူပေသည်၊ ရေဝတလည်း ခုနစ်နှစ်အရွယ်က ရဟန်းပြုကြောင်းကို မမ္မပဒအဋ္ဌကထာဆိုသည်။ ရေဝတထက် အကြီးခြောက်ယောက်တို့ကို သုံးနှစ်ခြားစီ အနုမာနအားဖြင့်ယူ၍ တဆယ့်ရှစ်နှစ်ရသည်ကို ပေါင်း၍နှစ်ဆယ့်ငါးနှစ်မှာ တောထွက်သည်ဟုဆိုပေသည်၊ လေးဆယ်လေးဝါနှင့်သော်ခြောက်ဆယ့်ကိုးနှစ်ဆိုပါသည်၊၎င်းနှင့် တရာ့လေးဆယ့်ရှစ်ခုတွင် နှုတ်၍ ခုနစ်ဆယ်ကိုးခုဘွားဟု ဆိုပေသတည်း။

ဝိမံသိတွာ ဂဟေတဗ္ဗော၊ တက္ကော မမ အယံ နယော၊
သစေ ပဿန္တု၊ နိတ္ထံ၊ ပဋိကရောန္တု၊ မုတ္တရံ။

---

တသခင်ရှေ့နှင့်အဘ္ဘာဝတာသိန်း,မြင်သောမထေရ် ၄—ပါး

၄။ စတုတ္ထပုစ္ဆာ။ ။တို့ထိပ်တင်သုံးလူ့မျှားတွင်၊ လေးဦးတဲ့သာဝကာ။ ။သိန်းကပ်နေသင်္ချေလုံးကို၊ သိမ်းကျုံး၍မြင်ကြကုန်ပါ။ ။ပုဗ္ဗေသနိဝါငယ်၊ ဂုဏ်တေဇာပြောင်ရွှန်း။ ။တေဒဂ်ကိုယ်စီ၊ မဟော

သီဟောမိန့်ရှေ့ခွန်း။ ။ကျမ်းဂန်နှင့်မယွန်းအောင်၊ ပြည့်ွန်းပရှေ့ကိုယ်၊ ထွန်းလနေလို။ ။ထေရ်လေးဦးပုဂ္ဂိုလ်ကို၊ မြတ်ဘုန်းမို သိတန်ငဲ့လေး။ ။

၄။ စတုတ္ထဝိသဇ္ဇနာ။ ။တို့ထိပ်တင်သုံးလူ့မူးတွင်၊ လေးဦးတဲ့သာဝကာ။ ။သိန်းကပ်ဓနသချေ်လုံး၊ သိမ်းကျုံး၍မြင်ကြကုန်ပါ။ ။ပုဗ္ဗေသနိဝါငယ်၊ ဂုဏ်တေဇာပြောင်ရှွန်း။ ။တေဒဂ်ကိုယ်စီ၊ မဟောသီဟောမိန့်ရှေ့ခွန်း။ ။ကျမ်းဂန်နှင့်မယွန်းအောင်၊ ပြည့်ွန်းပိမ့်ရှေ့ကိုယ်၊ နားစိမ့်လို့ချို။ ။ယာဝဲရံစုံနှစ်ခုနှင့်၊ ထေရ်ဘဂုံ, ရှင်ယသော်ဆိုတယ်၊ မြတ်ဘုန်းမို့သိပါငဲ့လေး။ ။

ကေဿ ဟိ ဗုဒ္ဓဿ စတ္တာရော ဝ ဇနာ မဟာဘိညာ ဟောန္တိ တိ။ အဝသေသာ သာဝကာ ဟိ ကပ္ပသတသဟဿံမေဝ အနုဿ-ရိတုံ သက္ကောန္တိ၊ န တတော ပရံ။ မဟာဘိညာပတ္တာ ပန ကပ္ပသတသဟဿာဓိကံ အသင်္ချေယျံ အနုဿရန္တိ၊ အမှာကံ ပိ သတ္တုသာသနေ ဒွေ အဂ္ဂသာဝကာ ဘာဂုထေရော ဘဒ္ဒကစ္စာနာတိ ဣမေ စတ္တာရော ထေ္တကံ အနုဿရိတုံ သက္ကောန္တီတိ။ (ကေဂ်ုတ္တရအဋ္ဌကထာ။ ။ဘဒ္ဒကစ္စာနာဝတ္ထုအဘွင့်။)

## သဗ္ဗညုတဉာဏ်နှင့်မဂ်ဉာဏ်အမြတ်ရွေးနည်း

၅။ ပဉ္စမပုစ္ဆာ။ ။လေးပါးတဲ့မဂ်ဉာဏ်။ ။ဆ အ-သာဂုဏ်ဝါစု၊ သဗ္ဗညုဉာဏ်။ ။ထိုနှစ်တန် ဘယ်ဉာဏ်ကတန်းခိုး။ ။မြတ်သည်ဂုဏ်တေဇာတောက်၊ ကဲမောက်၍မိုး။ ။

၅။ ပဉ္စမဝိသဇ္ဇနာ။ ။လေးပါးတဲ့မဂ်ဉာဏ်။ ။ဆ အ-သာဂုဏ်ဝါစု၊ သဗ္ဗညုဉာဏ်။ ။ထိုနှစ်တန်မဂ်ဉာဏ်ကတန်းခိုး။ ။တိက်ဒုက်ကိုဝေဘန်ပုံက၊ မြတ်သည့်ဂုဏ်တေဇာတောက်။ ကဲမောက်၍မိုး။ ။

(ဟီနတိက်, သဉတ္တရဒုက်စသည်တို့နှင့်အညီတည်း။)

## လောက ၃–ပါးအထူး

၆။ ဆဋ္ဌမပုစ္ဆာ။ ။သတ္တတဲ့လောကာ။ ။သင်္ခါရာသြကာသ၊ သုံးဝသုံးဖြာ။ ။ရှိသည်မှာလွန်စွာထင်ရှား။ ။အထူးကိုဘယ့်နှယ်ပြတယ်၊ ကျမ်းကညွှန်ကြား။ ။

၆။ ဆဋ္ဌမဝိသဇ္ဇနာ။ ။ဇာနန္ဒြေဗ္ဗ၊ သမူဟာသန္တာန်။ ။သတ္တ ဆိုခေါ်မလွဲ၊စွဲလို့မှတ်ရန်။ ။ဩကာသလောကမှာ၊နိန္ဒြိယရုပ်သန္တာန်၊ အမှန်ကွဲ့ဝေခွဲ။ ။နှစ်ပါးစုံသခါရငယ်လို့၊ ဋီကာမှာဆရာပြတယ်၊ထူး နိုင်မျှဘဲ။ ။

တတ္ထ ဇာန္ဒြိယဗဒ္ဓါနံ ခန္ဓာနံ သမူဟော သန္တာနော စ သတ္တ-လောကော၊ ရူပါဒိသု သတ္တဝိသတ္တတာယ သတ္တော၊ လောကိယတိ တွေ ကုသလာကုသလံ တဗ္ဗိပါကော စာတိ လောကော၊ အနိန္ဒြိယ-ဗဒ္ဓါနံ ရူပါနံ သမူဟော သန္တာနော စ ဩကာသလောကော။ လောကိယန္တိ ဇင်္ဂမာ ထာဝရာ စ၊ တေသဥ ဩကာသဘူတောတိ ကတွာ။ တဒါဓာရတ္တာ ဟောသ ဘာဇနလောကောတိ ပိ ဝုစ္စတိ၊ ဥဘယေ ပိ ခန္ဓာ သခါရ လောကော ပစ္စယေဟိ သခ်ရိယန္တိ လုဇ္ဇန္တိ-စာတိ ကတွာ၊ (သာရတ္ထဒီပနိဋီကာပါဌ်။)

---

ဝိတက် ၃-ပါးအထူး

၇။ သတ္တမပုစ္ဆာ။ ။ကာမတဲ့ဝိတက္ကေ။ ။ဝိဟိံသာဗျာပါဒ၊ သုံးဝသုံးတွေ။ ။ကြိုကြလေဘယ်အနေမသိ။ ။ထူးခြားဟန်ကျမ်း ဂန်တွေ့၊ခွဲ၍ခဖြေဘိ။ ။

၇။ သတ္တမဝိသဇ္ဇနာ။ ။ကာမတဲ့ဝိတက္ကေ။ ။ဝိဟိံသာဗျာ ပါဒ၊ သုံးဝသုံးတွေ။ ။ထူးဝိသေ၊ မှတ်ယူလေသာဘိ။ ။ကာမမှာ တဏှာပ၊ဗျာပါမှာသေကြေရေးငယ်နှင့်၊ဒုက္ခပေးလျှင် ဟိံသာဆိုတော့၊ ကျမ်းအလိုရှေ့ကိုယ်တွေ့ပါဘဲ့၊ခွဲ၍ဖြေ၏။ ။

ခေတသု ကာမာနံ အဘိနန္ဒနဝသေန ပဝတ္တော နိက္ခမပ္ပဋိပက္ခော ကာမဝိတက္ကော၊ ဇာမေ သတ္တာ ဟညန္တု ဝါ ဝိနဿန္တု ဝါ မာ ဝါ အဟောသုန္တိ သတ္တေသု သမ္ဗဒုဿနဝသေန ပဝတ္တော မေတ္တာ ပဋိပက္ခော ဗျာပါဒ ဝိတက္ကော၊ပါဏိလေဍ္ဍုဒဏ္ဍာဒီဟိ သတ္တာနံ ဝိဟေ ဌေတု ကာမတာဝသေန ပဝတ္တော ကရုဏာပဋိပက္ခော ဝိဟိံသာဝိ တက္ကော။ (ဥဒါန်းအဋ္ဌကထာ။)

---

နာနာဘာဝ,ဝိနာဘာဝ,အညထာဘာဝ ၃-ပါးအထူး

၈။ အဋ္ဌမပုစ္ဆာ။ ။နာနာတဲ့ဝိနာ။ ။အညထာဘာဝသုံး၊ အားလုံးသိပါ။ ။ဖြစ်ခြင်းရာ၊ စိပ်ဖျာဝေခြမ်း။ ။ဖြေသည့်သူ ဂုဏ် ရောင်ပွင့်အောင်၊ညွှန်းဖွင့်ပါစမ်း။ ။

ဂ။ ။အဋ္ဌမဂိသဇ္ဇနာ။ ။မျိုးကွဲတဲ့နာနာ။ ။သေကွဲလျှင်ဝိနာနှင့်၊အညထာဘာဝကွဲ၊ ခွဲ၍မှတ်ပါ။ ။ဌကထာဋီကာအရ။ ။ ပိဋကတ်မိပ္ပါယ်နှင့်၊ သိလွယ်ရုံမကျယ်လွန်းအောင်၊ညွှန်းပြဖြေဘို့ပြု။ ။

ဇာတိယာ နာနာဘာဝေါ၊ မရဏေန ဝိနာဘာဝေါ၊ ဘဝေန အညထာဘာဝေါ။ (သံယုတ်မဟာဝဂ္ဂအဋ္ဌကထာ။)

နာနာဘာဝေါတိ ဇာတိယာ နာနာဘာဝေါ၊ ဇာတိအန္တရူပဂမနေန ဝိသံဘာဝေါ၊ အသမ္ဗန္ဓဘာဝေါတိ အတ္ထော။ဝိနာဘာဝေါတိ မရဏေနဝိနာဘာဝေါ၊စုတိယာ တေနတ္တဘာဝေန အပုနဝတ္တနတော ဝိပ္ပယောဂေါတိ အတ္ထော၊ ဘဝန္တရဂ္ဂဟဏေန ကာမာဝစရသတ္တော ရူပါဝစရောဟောတီတိ အာဒိနာ တထာပိ မနုဿော ဒေဝေါ ဟောတီတိ အာဒိနာ စ ပုရိမာကာရတော အညာကာရောတိ အတ္ထော၊ (တေရသကဏ် ပဋ္ဌာသတိကဏ္ဍကအဘွင့်။)

နာနာဘာဝေါတိ သဏ္ဍာနေန နာနာဒေသဂမနံ၊ ဝိပ္ပဝါသောတိ အတ္ထော။ ဝိနာဘာဝေါတိ မရဏေန ဝိယုဇ္ဇနံ။ အညထာဘာဝေါတိ ဘဝန္တရူပဂမနေန အညာကာရပ္ပဝတ္တိ။ (ဝိမတိဋီကာ၊ ၎င်းအလိုမှု ရှင်ကွဲတဲ့နာနာဆိုရာ၏။)

---

## သံမုဒြာရှစ်သောင်း လေးထောင်နက်သည့်နေရာ

၉။ နဝမပုစ္ဆာ။ ။သမုဒ်ကတဲ့လေးတန်။ ။ရှစ်သောင်းသင်္ချာနှင့်၊ ယူဇနာလေးထောင်ဆောင်း၊ နက်ကြောင်းအမှန်။ ။မိန့်ဆိုဟန်၊ ကျမ်းဂန်အရှိ။ ။ဘယ်ဆီတွင်ဘယ့်နှယ်ကွက်လို့၊ နက်လေမသိ။

၉။ နဝမဝိသဇ္ဇနာ။ ။သမုဒ်ကတဲ့လေးတန်။ ။ရှစ်သောင်းသင်္ချာနှင့်၊ ယူဇနာလေးထောင်ဆောင်း၊ နက်ကြောင်း အမှန်။ ။မိန့်ဆိုဟန်။ ကျမ်းဂန်အရှိ။ ။ရွှေမြင့်မိုရ်တောင်ခြေရင်းမှာ၊ နက်ခြင်းကိုသိ။ ။

သော ဟိ တီရဒေသတော ပဋ္ဌာယ ကောဂ်လဝိဒတ္ထိ ရတနယဋ္ဌိဥသဘာပုပနာဂါဝုတဂါဝုတမုယောဇနာဒိဝသေန ဂမ္ဘီရော ဟုတွာ ဂစ္ဆန္တော သိနေရုပါဒမူလေ စတုရာသီတိ ယောဇနသဟဿဂမ္ဘီရော ဟုတွာ ဋ္ဌိတောတိ ဒဿေတိ။ (ဥဒါန်းအဋ္ဌကထာ မဟာဝဂ် ပဌမသုတ်အဘွင့်။)

### ရှေးဦးစွာမင်း၊ ဗိုလ်ရသော မိန်းမ ၂-ဦး

၁၀။ ဒသမပုစ္ဆာ။ ။သာကီနွယ်မြတ်ခေါင်ဆုံးပေပ၊ တို့ဘုန်းသာသနာ။ ။လ-အရာနေ-ထောင်ကျင်းသည့်နှယ်၊ဆယ်ဒိသာကျန်မကွင်းအောင်၊လင်းပွင့်သည့်ခါ။ ။လေးသစ္စာဉာဏ်ဝါပြည့်လျှမ်း။ ။ရှေးဦးစွာဘယ်သူရတယ်ဟု၊ လူမိန်းမမည်သည်ဖြင့်၊ကျမ်းရှေ့စာဘယ့်နှယ်တွေ့၊ ခွဲ၍မိန့်စမ်း။ ။

၁၀။ ဒသမဝိသဇ္ဇနာ။ ။သာကီနွယ်မြတ်ခေါင်ဆုံးပေပ၊ တို့ဘုန်းသာသနာ။ ။လ-အရာနေ-ထောင်ကျင်းသည့်နှယ်၊ဆယ်ဒိသာ ကျန်မကွင်းအောင်၊လင်းပွင့်သည့်ခါ။ ။လေးသစ္စာဉာဏ်ဝါပြည့်လျှမ်း။ ။ချွေးမတော်ခင်ပူရာနှင့်၊ ယသမယ်ရှင်သူဇာတို့၊ ဗိုလ်သောတာ လက်မှန်ရတယ်ဟု၊ လူမိန်းမမည်သည်နှင့်၊ ကျမ်းရှေ့စာသည့်နှယ်တွေ့တယ်၊ ခွဲ၍မှတ်စမ်း။ ။

ဒေသနာပရိယောသာနေ ယသဿ မာတာ ပုရာဏဒုတိယိကာ စ သောတာပတ္တိဖလေ ပတိဋ္ဌဟိံသု။ (ဧကဂ္ဂုတ္တရအဋ္ဌကထာ သုဇာတာဝတ္ထု။ ။အကျယ်ရင်းမှာရှု။)

---

### ကောင်းမှုပြု၍ အပါယ်ဘုံတောင့်တသူ

၁၁။ ဧကာဒသမပုစ္ဆာ။ ။ပါယ်ရပ်ခွင် ဘုံဌာနကို၊ တောင့်တလို့ယူလို။ ။လူဖြစ်စဉ်ကောင်းမှုမျိုး၊ စိုက်ပျိုးကုသိုလ်။ ။တောင့်တတိုင်းရသည်ဆို၊ ဘယ်ပုဂ္ဂိုလ်တဲ့တုံး။ ။ဘယ်ကြမ္မာကံဟုန်ကြောင့်၊ ပါယ်ဘုံမှာသန္ဓေရတယ်၊ ညွှန်းပနောင်ဘုန်း။ ။

၁၁။ ဧကာဒသမဝိသဇ္ဇနာ။ ။ပါယ်ရပ်ခွင်ဘုံဌာနကို၊ တောင့်တလို့ယူလို။ ။လူဖြစ်စဉ်ကောင်းမှုမျိုး၊ စိုက်ပျိုးကုသိုလ်။ ။တောင့်တတိုင်းရသည်ကို၊ ဇာတ်ဝိဓုရ်ရှိသား။ ။နဂါးဂဠုန်တို့၊ ရှေးကံဟုန်အပရာကြောင့်၊ ပါယ်ဘုံမှာသန္ဓေရတယ်၊မှတ်ပ ညီဘွား။ ။

စမ္မေယျနဂါးမင်းစသည်ကိုလည်းယူလေ။ ။ထိုသူတို့သည် ဥပပဇ္ဇဝေဒနီယကုသိုလ်ကြောင့်လည်းမဟုတ်၊ အဘယ့်ကြောင့်နည်း၊ ဒိဋ္ဌဓမ္မဝေဒနီယကုသိုလ်ကြောင့်ကား ပဋိသန္ဓေကိုကုသိုလ်ကံမပေးသောကြောင့်တည်း၊ မပေးလျှင် အဘယ့်ကြောင့် ပဝတ္တိအကျိုးကို နတ်စည်းစိမ်နှင့်အတူပေးသနည်းဟုငြားအံ့၊ အနန္တရဘဝက ယခင်ကုသိုလ်သည်ပင် အပရာပရိယဝေဒနီယ ဖြစ်၍ ပဝတ္တိအကျိုးကို ပေးသည်ဟုမှတ်ရာ၏၊ အပရာ

ပရိယဖြစ်မှု သုံးဘဝမြောက်မဟုတ်သေးတကား ဟုငြားအံ့၊ မမြောက်သော်လည်း ပဋိသန္ဓေအကျိုးမဟုတ်၊ ပဝတ္တိအကျိုး ဖြစ်သောကြောင့်တည်း။

အပရေ အပရေ ဒိဋ္ဌဓမ္မေတော အညသ္မိံ ယတ္ထကတ္ထစိ အတ္တဘာဝေ ဝေဒိတဗ္ဗံကမ္မံ အပရာပရိယဝေဒနီယံ။ (ဋီကာကျော်။)

အပရသ္မိံ အတ္တဘာဝတော အညသ္မိံ ယသ္မိံ ကိသ္မိဉ္စိ အတ္တဘာဝေ ဝေဒိတဗ္ဗံဖလံ အပရာပရိယဝေဒနီယံ။ (နေတ္တိအဋ္ဌကထာပါဠိ။)

---

**ခုနစ်နှစ်သားရဟန်းအဖြစ်ရသူ ၃-ပါး**

၁၂။ ဒွါဒသမပုစ္ဆာ။ ။သက်တော်ရှယ်ခုနစ်နှစ်က၊ ရဟန်းဖြစ်အမှန်ပင်။ ။ရှေးပါရမီမြောက်ချိုကြူး၊ ထူးလှကြောင်းအင်။ ။ကျော်စောငယ်ထင်၊ သခင်မြတ်သုံး။ ။ဘယ်မျိုးဘယ်ဆွေနှင့်။ ဘယ်မြို့နေ ဘယ်ပြည်သား၊ဘူများတဲ့တိုး။ ။

၁၂။ ဒွါဒသမဝိသဇ္ဇနာ။ ။သက်တော်ရှယ်ခုနစ်နှစ်က၊ ရဟန်းဖြစ်အမှန်ပင်။ ။ဂုဏ်အနေသရေထူးတယ်၊ မြတ်သုံးဦး ကျော်တဲ့သခင်။ ။သာဝတ္ထိပြည်မဝယ်၊ ဒုဂ္ဂတမျိုးမှာထင်၊ ထေရ်အရှင်ပါက။ ။သဗ္ဗညုရွှေအာဘော်ကို၊ ပညာတော်နှိုင်းညှိနိုင်စွ။ ။အင္ဂဝိဒေသဉ္ဇ၊ နိဂမာမုဏ္ဍက၊ သုမနရွှေကိုယ်တော်မှာ၊ မျိုးဝေဿသာ။ ။မြတ်ဘုန်းဒဗ္ဗရတနာမူ၊နုပိယာမြို့မင်းတဲ့လေး။ ။

အမှာကမ္ပိ ဗုဒ္ဓုပ္ပါဒေ ပုရိမကမ္မနိဿန္ဒေန သာဝတ္ထိယံ အညတရ-ဒုဂ္ဂတိတ္ထိယာ ကုစ္ဆိမှိ ပဋိသန္ဓိံ ဂဏှိ။ (သောပါကအပဒါနအဋ္ဌကထာ။)

အထ နံ ဝိဉ္ဉူ ဘူဝိယံ ပဗ္ဗတပါဒေ မုဏ္ဍနိဂမော နာမ အတ္ထိ၊ တတ္ထ မဟာမုဏ္ဍဿ နာမ ဥပါသကဿ မဟာသုမနော စူဠသုမနောတိ ဒွေ ပုတ္တာ၊ တေသု စူဠသုမနော ဟုတွာ နိဗ္ဗတ္တောတိ အဒ္ဓသ။ (ဓမ္မပဒ အဋ္ဌကထာ သုမနဝတ္ထု။)

ဒွေ ကိရ သာမဏေရာ သတ္တဝဿာ ဥပသမ္ပဒံ လဘိံသု။ အယဉ္စ သုမနော သောပါကော စာတိ။ (ဗုဒ်အဋ္ဌကထာ၊ဤအဋ္ဌကထာ၌ နှစ်ပါး ဟုသည်ကား ဤကျမ်း၌လာသည်ကိုရည်သည်။)

အယံ ပနဒဗ္ဗတ္ထေရော မလ္လရဋ္ဌေ အနုပိယနဂရေ ကောသံ မလ္လရ-ညော ဂေဟေ ပဋိသန္ဓိံ ဂဏှိ (ကင်္ခာရဋ္ဌကထာ,ထေရာအဋ္ဌကထာ။)

အထ နံ အယံ ဒဗ္ဗော ဒဟရော ယေဝ သမာနော မဟန္တဥ္ပာနေ ဌိတောတိ။ သတ္တဝဿိကကာလေ ယေဝ ဥပသမ္ပါဒေသိ။ (ဗုဒ်အဋ္ဌကထာ။)

## ရေခဲသူတို့ ဘဝကိုနှစ်သက်သောကာလပိုင်း

၁၃။ တေရသမပုစ္ဆာ။ ။ငရဲကြီးအဝီစိမှာ၊ပစ်ချဘိကံကြမ္မာ။ ။ဖြစ်သည့်ခါထိုဘဝ၊ နှစ်သက်လှပါ။ ။ဘယ်အခါ ဘယ်သတ္တဝါလေမှန်း။ ။ကျမ်းဂန်တွင် ဘယ့်နှယ်ပြတယ်၊ ညွှန်းပဖြောင့်တန်း။

၁၃။ တေရသမဝိသဇ္ဇနာ။ ။ငရဲကြီး အဝီစိမှာ၊ ပစ်ချဘိကံကြမ္မာ။ ။ထိုသည့်ခါထိုဘဝ၊ နှစ်သက်လှပါ။ ။သန္ဓေခါ၊ ထိုသတ္တဝါသာဘဲ။ ။ကျမ်းဂန်တွင်သည့်နှယ်ပြတယ်၊ မုချမလွဲ။

ပဋိသန္ဓေနောင် ဘဝင်တဆယ့်ခြောက်ချက်, မနောဒွါရာဝဇ္ဇန်းနောက် ဘဝနိကန္တိကလောဘဇောဖြစ်သည့်အခါကို ရည်သတည်း၊ထင်ရှား၏။

---

## ပါဏာတိပါတ အင်္ဂါစုံသော်လည်း ကံမမြောက်ပုံ

၁၄။ စုဒ္ဒသမပုစ္ဆာ။ ။သတ္တဝါဇီဝိတကို၊သတ်သည်ပမှန်မသွေ။ ။အင်္ဂါးဖြာစုံလောက်လျက်၊ ကံမမြောက်ချေ။ ။အိပ်မက်လည်း မဟုတ်ပေ၊စေ့ရေလေကြီဆ။ ။ဘယ်သူ့ကိုဘယ့်နှယ်သတ်တယ်၊မှတ်သိချင်လှ။

၁၄။ စုဒ္ဒသမဝိသဇ္ဇနာ။ ။သတ္တဝါဇီဝိတကို၊ သတ်သည်ပ မှန်မသွေ။ ။အင်္ဂါးဖြာစုံလောက်လျက်၊ ကံမမြောက်ချေ။ ။အိပ်မက်လည်းမဟုတ်ပေ၊ ကယ်ပင်လေမှန်လှ။ ။ကိုယ့်ရှင်ကို ကိုယ်ပင်သတ်တယ်၊ မှတ်လေမုချ။

အရိယာအလောင်း သူတော်ကောင်းများပင် မိမိကိုယ်ကို သတ်ကြကုန်၏၊ ကမ္မပထမမြောက်၊ ဂေါဓိကဝတ္ထုစသည်တို့၌ ထင်ရှား၏။

---

## ပါဏာတိပါတအင်္ဂါမစုံသော်လည်း ကာယကံမြောက်ပုံ

၁၅။ ပန္နရသမပုစ္ဆာ။ ။ကိုယ်တိုင်ပင် သူ့အသက်၊ သတ်ဖြတ်လျက်မသေပါ။ ။အင်္ဂါးဖြာမစုံချို့၊ လွတ်ဘို့သင့်စွာ၊ ထိုအရာ ကာယကံဘော်ပြ။ ။ကာယကံဘယ့်နှယ်မြောက်တယ်၊ ကျမ်းထောက်ပါမှ။

၁၅။ ပန္နရသမဝိသဇ္ဇနာ။ ။မြတ်သုံးလူ့ဘုရားကို၊ ပြစ်မှားတဲ့အကြံ။ ။ကျောက်လုံးကိုစက်ဆင်လို့၊ ကိုယ်တိုင်ပင်ဒေဝဒတ်၊ ချသတ်

သည့်ကံ။ ။ရွှေဝိညာဉ်ကြွေမချုပ်သော်လဲ၊ လောဟိတုပ္ပါဒနံငယ်၊ ကာယကံဤသို့။ ။အင်္ဂုတ္တိုရ်အဋ္ဌကထာနှင့်၊မဟာဝါရွှေဝိဘင်း၊ ထင်လင်းဘဲကို့။ ။

ဘုရားကိုသေအောင်သတ်သော်လည်း မသေစအပ်၊ မပြတ်မပေါက်ကောင်းသော အရေတော်ရှိသဖြင့် သွေးစိမ်းတည်ရုံမျှသာ ဖြစ်သော လောဟိတုပ္ပါဒကံသည် ကာယကံမြောက်သတည်း။

လောဟိတုပ္ပါဒေ တထာဂတဿ အဘေဇ္ဇကာယတာယ ပရူပက္ကမေန စမ္မစ္ဆေဒ့ံ ကတွာ လောဟိတဿ ပဃ္ဃရဏံ နာမ နတ္ထိ၊ သရီ-ရဿ ပန အန္တော ယေဝ ဧကသ္မိံ ဌာနေ လောဟိတံ သမောသရတိ။ ဒေဝဒတ္တေန ပဝိဒ္ဓသိလာတော ဘိဇ္ဇိတွာ ဂတာ သက္ခလိကာ ပိ တထာဂတဿ ပါဒန္တံ ပဟရိ၊ ဖရသုပဟာရိတော ဝိယ ပါဒေါ အန္တောလောဟိတော ယေဝ အဟောသိ။ တထာ ကရောန္တဿ အနန္တရိယံ ဟောတိ။ (အင်္ဂုတ္တရအဋ္ဌကထာ, မဟာဝါအဋ္ဌကထာ, သမ္မောဟဝိနောဒနီအဋ္ဌကထာပါဠ်။ ။ဤကား မသေသော်လည်း ကံမြောက်ကြောင်း။)

တေသု စ ပဌမံ သံဃဘေဒေါ ဝစီကမ္မံ။ သေသာနိ ကာယကမ္မာ-နီတိ ဧဝံ ကမ္မတော ဝိညာတဗ္ဗော ဝိနိစ္ဆယော။ ။(၎င်းအဋ္ဌကထာတို့။ ။ဤကား ၎င်းကံ၏ကာယကံမည်ကြောင်း။)

---

## သမ္ဖပ္ပလာပအင်္ဂါစုံသော်လည်း ကံမမြောက်ပုံ

၁၆။ သောဠသမပုစ္ဆာ။ ။သဘောမှန်အနက်ကင်း၊ ပြိန်ဖျင်းသည့်ဝါစာ။ ။အင်္ဂနှစ်ဖြာစုံညီကြိုက်လျက်၊ကံမထိုက်ပါ။ ။အိပ်မက်လည်းမဟုတ်ပါ၊ ကျမ်းလာကွဲ့မလွဲ။ ။ဘယ်အင်္ဂါဘယ့်နှယ်ချွတ်လို့၊ လွတ်ရသလဲ။ ။

၁၆။ သောဠသမဝိသဇ္ဇနာ။ ။သဘောမှန်အနက်ကင်း၊ ပြိန်ဖျင်းသည့်ဝါစာ။ ။အင်္ဂနှစ်ဖြာစုံညီကြိုက်လျက်။ ကံမထိုက်ပါ။ ။အိပ်မက်လည်းမဟုတ်ပါ၊ ကျမ်းလာတဲ့မလွဲ၊ ။နာတဲ့သူမယုံချွတ်လို့၊ လွတ်ရသဘဲ။ ။

သီတာရာမစသော အကျိုးမဲ့ စကားကို ရှေးရှုခြင်း, ယင်းစကားကိုပြောခြင်း အင်္ဂါနှစ်ပါးညီသော်လည်း နာသူမယုံလျှင် ကံမမြောက်၊ ယုံမှမြောက်သတည်း။

တဿ ဒွေ သင်္ခါရာ ဘာရတယုဒ္ဓသီတာဟရဏာဒိနိရုတ္တက-
ကထာပုရေက္ခာရတာ၊ တထာရူပိကထာကထနဉ္စ။ ပရေ ပန တံ
အဂဏှန္တေ ကမ္မပထဘေဒေါ နတ္ထိ။ ပရေန သမ္ဖပ္ပလာပေ ဂဟိတေ
ယေဝ ဟောတိ။ (အဋ္ဌသာလိနီ အဋ္ဌကထာ, သာရတ္ထဒီပနီဋီကာ။)

### ပုထုဇန်တို့သန္တာန်၌ များစွာဖြစ်သောဟိတ်

၁၇။ သတ္တရသမပုစ္ဆာ။ ။အကုသိုလ် မူလသုံးတို့၊ သုံးဘုံလုံး
လူ့သန္တာန်။ ။ပုထုဇန်ဟူသမျှ၊ ဖြစ်ကြကေန်။ ။ကြိမ်ဖန်ဖန်၊ ဖြစ်
ဟန်ဆပွါး။ ။ဟိတ်သုံးဖြာထိုမူလ၊ ဘယ်ဟိတ်ကများ။ ။

၁၇။ သတ္တရသမဝိသဇ္ဇနာ။ ။အကုသိုလ်မူလသုံးတို့။သုံးဘုံလုံး
လူ့သန္တာန်။ ။ပုထုဇန်ဟူသမျှ၊ ဖြစ်ကြကေန်။ ။ကြိမ်ဖန်ဖန်၊ ဖြစ်
ဟန်ဆပွါး။ ။ဟိတ်သုံးဖြာထိုမူလတွင်၊ မောဟကများ။

လောဘော ဗဟုလံ သတ္တေသု ဥပ္ပဇ္ဇတီတိ အဂ္ဂိဝသေန ဗဟုသော
လောကဝိနာသော။

ဟု ဝိသုဒ္ဓိမဂ်စသည် လာသော်လည်း အကုသိုလ်စိတ်ဖြစ်တိုင်း မောဟပါ၍
မောဟဟိတ်သည် သမ္ဗာကုသလသာဓာရဏဖြစ်သောကြောင့်များသတည်း။

### တိဿရဟန်းငယ် သန်းဘဝဖြစ်စေသောကံများ

၁၈။ အဋ္ဌာရသမပုစ္ဆာ။ ။ဇေတဝန်အာရာမမှာ၊ တိဿတဲ့
ရဟန်းငယ်။ ။မဝတ်ခင်ထိုသင်္ကန်းမှာ။ သန်းဖြစ်ရတယ်။ ။ထို
အပါယ်၊ ဘယ်ကံကဆောင်သွား။ ။သင်္ကန်းကိုတပ်ရုံမျှနှင့်၊ ဖြစ်ရ
သလား။

၁၈။ အဋ္ဌာရသမဝိသဇ္ဇနာ။ ။ဇေတဝန်အာရာမမှာ၊ တိဿတဲ့
ရဟန်းငယ်။ ။မဝတ်ခင် ထိုသင်္ကန်းမှာ၊ သန်းဖြစ်ရတယ်။ ။ထို
အပါယ်၊ရှေးဝယ်ဤခု။ ။ဥပယေ်အပရာတို့၊ ခွင့်သာအောင် တပ်သည့်
ဇောက၊ ဩကာသပြု။

မိမိဥစ္စာ၌တပ်ရုံမျှဖြင့် အပါယ်ပဋိသန္ဓေကို မပေးနိုင်ပြီးသော်လည်း ရှေးဘဝ
က အပရာပရိယဝေဒနီယကံ၊ ဤဘဝ၌ ဥပပဇ္ဇဝေဒနီယ အကုသိုလ်ကံတပါး
အား အခွင့်ပြုသတည်း၊ တိဿမြတ်မွာကြီး၏ ကာမနိကန္တိ လောဘဇောသည်
လူ့ဘုံ၌ ဖြစ်စေတတ်သော ကာမာဝစရကုသိုလ်ကံအား အခွင့်ပြုသကဲ့သို့တည်း။

ဥပဃာတကကမ္မံ ပန တံ သဗ္ဗသော ဥပစ္ဆိန္ဒိတွာ ဩကာသံ ဒေတိ။
န ပန သယံ ဝိပါကနိဗ္ဗတ္တကံ။ ဇဝံ ဟိ ဇနကတော ဇွမဿ ဝိသေသော
သုပါကဋောတိ ဝဒန္တိ။

ဟူသော အာစရိယဝါဒနှင့်အညီ ယင်းတိဿ၏လောဘဇောသည် ဥပစာ တကကိစ္စဖြစ်၍ အကုသိုလ်ကံတပါးအား ဩကာသ ပြုသတည်း။

---

## သူ့ဘဏ္ဍာပျက်စီးစေရာ၌ ငြိသောကံ

၁၉။ ကျေနဝိသတိမ ပုစ္ဆာ။ ။တပါးသူလွှန်စုံမက်၊ သက်မရှိ ဘဏ္ဍာ။ ။ထိုဥစ္စာထိုသူလက်မှ၊ကွေကွင်းအောင်ပြောဆိုဖျက်၊ပျက်၏ မှန်စွာ။ ။ဖျက်သူမှာ၊ ဘယ်ကံသာဆိုသင့်။ ။ဆုံးဖြတ်ရန် မလို တောင်း၊ ဉာဏ်လောင်း၍ချင့်။ ။

၁၉။ ကျေနဝီသတိမဝိသဇ္ဇနာ။ ။တပါးသူလွှန်စုံမက်၊ သက်မရှိ ဘဏ္ဍာ။ ။ကွေကွင်းအောင် ပြောဆိုဖျက်၊ ပျက်၏မှန်စွာ။ ။ဖျက် သူမှာအဒိန္နာကံငြိ။ ။ဓူရနိက္ခေဖြင့်၊ ဝိနိစ္ဆေပဏ္ဍိတော၊ ဧယျော ဠုတိ။

ဘဏ္ဍဝိနာသဒ္ဓါရဿ ပန ကတတ္တာ ဘဏ္ဍာဒေယျံ ဟောတိ။ အာဟာရာပေန္တဿ အဒ္ဒတော သာမိကာနံ ဓူရနိက္ခေပေန ပါရာဇိ-ကံ။ (သမန္တပါသာဒိကအဋ္ဌကထာ ဒုတိယပါရာဇိကအဘွင့် ဘူမဋ္ဌ ကထာ။)

---

## ပုဗ္ဗစေတနာအကျိုးခံစားရသူ

၂၀။ ဝီသတိမပုစ္ဆာ။ ။စေတနာသုံးတန်မျှတွင်၊ ပုဗ္ဗတဲ့ စေတ နာ။ ။ပဋိသန်နောင်ဖလ၊ ပေးသင့်လှပါ။ ။ဘယ်သူမှာ၊ရှေးစေတ နာအကျိုး။ ။ဘယ်ဂတိ ဘယ်ဌာန်၌၊ ပဋိသန် နေလေရတယ်၊ ကျမ်း ပြလို့ကိုး။

၂၀။ ဝီသတိမဝိသဇ္ဇနာ။ ။ရာဇဂြိုဟ်ပြည်ဘူမိပါတဲ့၊ ဇောပိတိ ရှင်စွာ။ ။စေတီတွင် ပန်းတင်သွားမှာလ၊ နွားသားသည် ရင်ကို တိုက်တယ်၊ လမ်း၌ဆုံးရှာ။ ။ပူဇော်ခင်ပါရဘဲကိုတဲ့၊ မိညဲင့်စေတနာ ငယ်၊ ဝတိန်မှာဖြစ်သော။ ။ပါဠိ,အဋ္ဌကထာနှင့်၊ ကျမ်းရှေ့စာ ဝိမာနမှာ၊ ဟောပြသကော။

ဘဂဝတိ ပရိနိဗ္ဗုတေ ရညာ အဇာတသတ္တုနာ အတ္တနာ ပဋိ-လဒ္ဓါ ဘဂဝတော သရီရဓာတုယော ဂဟေတွာ ထူပေ စ မဟေ စ ကတေ ရာဇဂဟဝါသိနီ အညတရာ ဥပါသိကာ ပါတောဝ ကတ-သရီရပဋိဇဂ္ဂနာ သဒ္ဓါ့ထူပံ ပူဇိဿာမီတိ ယထာလဒ္ဓါနိ စတ္တာရိ

ကောသာတကိပုပ္ဖါနိ ဂဟေတွာ သဏ္ဍါဝေဝေန သမုဿာဟိတမာ-
နသာ မဂ္ဂပရိဿယံ အနုပဓာရေတွာဝ ထူပါဘိမုခီ ဂစ္ဆိ။ အထ နံ
တရုဏဝစ္ဆာ ဂါဝီ အဘိဓာဝန္တီ ဝေဝေန အာပတိတွာ သိင်္ဂေန
ပဟရိတွာ ဇီဝိတက္ခယံ ပါပေသိ။ သာ တာဝတိံသဘဝနေ နိဗ္ဗတ္တာ
သက္ကဿ ဒေဝရညော ဥယျာနကိင္ခါယ ဂစ္ဆန္တဿ ပရိဝါရမဇ္ဈေ
သဟာရထေန ပါတုရဟောသိ၊ (ဝိမာနဝတ္ထုအဋ္ဌကထာ ပိဋ္ဌဝိမာန
အဘွင့်၊)

---

### ပါရမီဖြည့်ရာတွင် စေတသိကဒုက္ခမဖြစ်အဖြစ်ဝါဒကွဲ

၂၀။ ကေဝိသတိမပုစ္ဆာ။ ။မြတ်သုံးလူ့ထိပ်ပန်။ ။ပါရမီဖြည့်
ကာလတွင်၊ စိတ်ဒုက္ခမရှိပါဟု၊ ငိုကာရှင်ဉာဏ်ကဝိ၊ဘွင့်ဘိအမှန်။ ။
စိတ်ဒုက္ခကာယိကကေကို၊ သံသာရေအနုဘောဟု၊ ဗုဒ္ဓဃောမိန့်ဆိုဟန်
ငယ်၊ ငိုကာဉာဏ်တူဘူး။ ။ထိုပုဂ္ဂိုလ်မထေရ်တို့၊ မိန့်ကြသည်ညီမ
ဖြောင့်၊ ဘယ်တွက်ကြောင့်ထူး။

၁၂။ ကေဝိသတိမဝိသဇ္ဇနာ။ ။ပါရမီဖြည့်ရခြင်းကြောင့်၊ စိတ်
ဆင်းရဲမရှိဟန်။ ။ငိုကာရှင်ဉာဏ်ကဝိ၊ဘွင့်ဘိအမှန်။ ။နာနာဘာ
ဝိနာဘောကိုလ၊ ဗုဒ္ဓဃောဆရာ့ဉာဏ်ငယ်၊ သန္ဓာယရည်စူး။ ။ထို
ပုဂ္ဂိုလ်ထိုမထေရ်တို့၊ မိန့်ကြသည်ညီမဖြောင့်၊ သည်တွက်ကြောင့်ထူး။

ကာယိကံ ခေဒမုပါဂတော ပရိဿမပ္ပတ္တောတိ အတ္ထော။ ။
(သာရတ္ထဒီပနီ၊)

ဒုက္ခခိန္နဇနဒဿနဒုက္ခခိန္နောတိ ဒုက္ခေန ခေဒပ္ပတ္တဇနာနံ ဒဿနေန
ဥပ္ပန္နကာယိကသင်္ခါတဒုက္ခေန ခိန္နော ခေဒပ္ပတ္တော ဝိသာဒပ္ပတ္တောတိ
အတ္ထော။ (ဇိနာလင်္ကာရဋီကာ၊ ငိုကာဘွင့်ဟန်။)

ယံ ကိဉ္စိ မာနုသံ ဒါနံ၊ အဒိန္နံ မေ န ဝိဇ္ဇတိ။
ယော ပိ ယာစေယျ မံ စက္ခုံ။ အဒေယျံ အဝိကမ္ပိတော။

စသည်ကို ငိုကာရှည်သည်။

ဒီဃရတ္တံ ဝေါ ဘိက္ခဝေ တိဗ္ဗံ ပစ္စနုဘူတံ။ ဗျသနံ ပစ္စနုဘူတံ၊
စသည်ကို ရှင်ဗုဒ္ဓဃောသရည်သတည်း၊

---

### နေနတ်သား, လနတ်သားတို့ သောတာပန်ဖြစ်ရာကာလ

၂၂။ ဒွါဝိသတိမပုစ္ဆာ။ ။ဒေါင်းဗိမာန်ယုန်မင်းနန်း၊ စံမြန်းကြ
ကုန်ပါ။ ။တေဇာရှိန်ဂုဏ်သိန်ထူး၊ နတ်မျိုးတို့မှာ။ ။လေးသစ္စာဉာဏ်

ဝါပြောင်ရှန်း။ ။ဘယ်ဓမ္မဒေသနာဖြင့်၊ ဖိုလ်သောတာ ဘယ်မှာ ရတယ်၊ ကျမ်းပြ၍ညွှန်း။

၂၂။ ဒွါဝိသတိမဝိသဇ္ဇနာ။ ။ဒေါင်းဗိမာန်ယုန်မင်းနန်း၊ စံမြန်း ကြကုန်ပါ။ ။တေဇာရှိန်ဂုဏ်သိန်ထူး၊ နတ်မျိုးတို့မှာ။ ။လေးသစ္စာ ဉာဏ်ဝါပြောင်ရှန်း။ ။သမယငယ်ဟု၊ ဓမ္မဒေသနာနှင့်၊ မဟာဝန်ကပိ လမှာလ၊ ဖိုလ်သောတာဒကန်ရတယ်လို့၊ ဋ္ဌကထာရှေ့သံယုတ်မှာ၊ ဟောယုတ်လို့ညွှန်း။

ပဇံ မမန္တိ စန္ဒိမသုရိယာ ကိရ ဒွေ ပိ ဒေဝပုတ္တာ မဟာသမယ- သုတ္တကထနကာလေ သောတာပတ္တိဖလံ ပတ္တာ၊ တေန ဘဂဝါ ပဇံ မမန္တိ အာဟ။ ပုတ္တော မမ ဧသောတိ အတ္ထော။ (သဂါထာဝဂ္ဂအဋ္ဌကထာ ဒေဝပုတ္တသံယုတ် သုရိယသုတ်အဖွင့်။)

---

## အမိသတ်သော်လည်း မာတုဃာတကကံအတွက် မခံရပုံ

၂၃။ တေဝီသတိမပုစ္ဆာ။ ။လူဇာတ်မှန်အမိရင်း၊ မြင်ပြင်း၍ သတ်လေ။ ။လူဇာတ်မှန်ထိုသည့်သားကြောင့်၊ မယ်ဘုရားသေ။ ။ အင်ငါးတွေ စုံပေမချို့။ ။ထိုသည့်ကံယုတ်တေကြောင့်၊ နောင်သန္ဓေ မနေရတယ်၊ညွှန်းပဘယ်သို့။ ။

၂၃။ တေဝီသတိမဝိသဇ္ဇနာ။ ။လူဇာတ်မှန်အမိရင်း၊မြင်ပြင်း၍ သတ်လေ။ ။လူဇာတ်မှန်ထိုသည့်သားကြောင့်။ မယ်ဘုရားသေ။ ။ အင်ငါးတွေ စုံပေမချို့။ ။ထိုသည့်ကံယုတ်တေကြောင့်၊ နောင်သန္ဓေ မနေရလျှင်၊ မုချပင်သီလဝါနှင့်၊ ပိတာကံကျန်ဂရုကို၊ သင်းပြုသူမို့။

ယေ စ ပန ပဉ္စ ပေတာနိ ကမ္မာနိ ကတာနိ ဟောန္တိ၊ တေသု သံဃဘေဒေါ ယေဝ ပဋိသန္ဓိဝသေန ဝိပစ္စတိ၊ သေသာနိ အဟော သိကမ္မံ နာဟောသိ ကမ္မဝိပါကောတိ ဧဝမာဒိသု သင်္ချံ ဂစ္ဆန္တိ။ သံဃဘေဒါဘာဝေ လောဟိတုပ္ပါဒေါ၊ တဒဘာဝေ အရဟန္တ ဃာတော၊ တဒဘာဝေ စ သစေ ပိတာ သီလဝါ ဟောတိ။ မာတာ ဒုဿီလာ၊ တထာ ဝါ သီလဝတီ၊ ပိတုဃာတော ပဋိသန္ဓိဝသေန ဝိပစ္စတိ၊ သစေ မာတာပိတူသု ဒွီသု ပိ သီလေန ဝါ ဝတေန ဝါ သမာနေသု မာတုဃာတော ဝ ပဋိသန္ဓိဝသေန ဝိပစ္စတိ။ မာတာ ဟိ ဒုက္ကရကာရာ ဗဟုပကာရာ ဝ ပုတ္တာနန္တိ၊ (ဥပရိပဏ္ဏာသ အဋ္ဌကထာ, အင်္ဂုတ္တရအဋ္ဌကထာ, ဝိဘင်းအဋ္ဌကထာ။)

## ကံ ၃-ပါးတွင် အပြစ်ကြီးသောကံ

၂၄။ စတုဝိဿတိမပုစ္ဆာ။ ။ဟိတ်သုံးထွေ အကြောင်းကြောင့်၊ မကောင်းမှုဖြစ်လေဘွယ်။ ။ကာယဝစီနှင့်၊ မနသီသညာပြု၊ သုံးခုကံဝယ်။ ။ပြစ်ကြီးငယ်ဘယ့်နှယ်ညှိနှိုင်း။ ။ဘယ်ကံကပိုမိုလို့၊အကျိုးကိုဖြစ်စေသင့်၊ ဟောဘွင့်မှန်တိုင်း။ ။

၂၄။ စတုဝိဿတိမဝိသဇ္ဇနာ။ ။ဟိတ်သုံးထွေအကြောင်းကြောင့်၊ မကောင်းမှုဖြစ်လေဘွယ်။ ။ကာယဝစီနှင့်၊ မနသီသညာပြု၊ သုံးခုကံဝယ်။ ။ပြစ်ကြီးငယ်၊သည့်နှယ်ညှိနှိုင်း။ ။နိယတ်ကယ်မိစ္ဆာကြောင့်၊ မနောသာပိုမိုလို့၊ အကျိုးကိုဖြစ်စေသင့်၊ ကျမ်းဘွင့်မှန်တိုင်း။ ။

နာဟံ ဘိက္ခဝေ အညံ ဧကဓမ္မံ ပိ သမနုပဿာမိ၊ ယံ ဧဝံ မဟာသာဝဇ္ဇံ။ ယထယိဒံ ဘိက္ခဝေ မိစ္ဆာဒိဋ္ဌိ၊ မိစ္ဆာဒိဋ္ဌိပရမာနိ ဘိက္ခဝေ မဟာဝဇ္ဇာနိ။ (ဧကင်္ဂုတ္တရပါဠိတော်။)

ပဉ္စ ဟိ အနန္တရိယကမ္မာနိ မဟာသာဝဇ္ဇာနိ၊ တေဟိ ပိ မိစ္ဆာဒိဋ္ဌိ ယေဝ မဟာဝဇ္ဇတရာတိ အမိပ္ပါယော။ (ငှင်းအဋ္ဌကထာ၊ အကျယ်ရှင်း၍ရှု။)

---

## သဒ္ဓါညာဏ်တဥာဏ်နှင့် ယှဉ်သောစိတ်

၂၅။ ပဉ္စဝိသတိမပုစ္ဆာ။ ။ဥဒေယျမိင်္ဂါးထွေလုံးကို၊ သိမ်းကျုံး၍သိသည်မှန်။ ။တရားကုန်အာရုံပြု၊ သဗ္ဗညုဉာဏ်။ ။ယှဉ်သင့်ဟန်၊ မှတ်ရန်မယွင်း။ ။ဘယ်စိတ်မှာသမ္ပယော၊ ဟောပ ထင်လင်း။ ။

၂၅။ ပဉ္စဝိသတိမဝိသဇ္ဇနာ။ ။ဥဒေယျမိင်္ဂါးထွေလုံး၊ သိမ်းကျုံး၍သိသည်မှန်။ ။တရားကုန် အာရုံပြု၊ သဗ္ဗညုဉာဏ်။ ။ယှဉ်သင့်ဟန်၊ မှတ်ရန်မယွင်း။ ။အသင်္ခါ၊ ကြိယာသမ္ပယောဂယ်လို့၊ ဟောငဲ့ထင်လင်း။ ။

ယံ အနန္တလောကဓာတုသု အနန္တသတ္တသန္တာနေသု ... ကာမာဝစရံ သောမနဿသဟဂတံ ဝါ ဥပေက္ခာ သဟဂတံ ဝါ အသင်္ခါရိကကြိယာစိတ္တသမ္ပယုတ္တံ ဉာဏံ၊ တံ သဗ္ဗညုတညာဏံ နာမ ဟောတိ။ (ဇိနာလင်္ကာရဋီကာ။)

## အနာရောဂါ နူနာကိုဖြစ်စေသောကံ

၂၆။ ဆဝ္ဗီသတိမပုစ္ဆာ။ ။ဤလူ့ဘုံဌာနတွင်၊ ဖြစ်ကြသည့် အချို့လူ။ ။အဖျားအနာနှင့်၊ နူရာမှာဒုလာနှော၊ ရောဂါကထူ။ ။ရှေးကံကြောင့်ဟူ၊ ထိုသူမှာကံမှုဆိုရေး။ ။ဥပပယ်အပရာနှင့်၊ နှစ်ဖြာတွင် ဘယ်ကံသင့်၊ ကျမ်းလာနှင့်ရွေး။ ။

၂၆။ ဆဝ္ဗီသတိမဝိသဇ္ဇနာ။ ။ဤလူ့ဘုံဌာနတွင်၊ ဖြစ်ကြသည့် အချို့လူ။ ။အဖျားအနာနှင့်၊ နူရာမှာဒုလာနှော၊ ရောဂါကထူ။ ။ ထိုသည့်သူ၊ ကံမှုဆိုရေး၊ ။ဒိဋ္ဌယ်အပရာလို့၊ သည်ကိုသာမှတ်ယူ သင့်၊ ကျမ်းနှင့်မဝေး။ ။

ဒိဋ္ဌဓမ္မအရကား– "ဝေဒနံ ဖရုသံ ဇာနိံ" အစရှိသော ဓမ္မပဒပါဠိ တော် မောဂ္ဂလာန ဝတ္ထု၊ မဟာကာလိက တပနီယဝတ္ထု၊ စသည်။

အပရာပရိယကား–သုပ္ပဗုဒ္ဓသူနူ။

ယာ ပနဿ နာနာ စေတနာ တဒါ ပစ္စေကဗုဒ္ဓဝိပ္ပဋိပ္ပဇ္ဇနဝသေန ပဝတ္တာ အပရာပရိယဘူတာ၊ သာ အပရာပရိယဝေဒနီယဝေနေဝ ပုညကမ္မေန မနုဿေသုကိဟေတုကပဋိသန္ဓိယာ ဒိန္နာယ ပဝတ္တိယံ ကုဋ္ဌဘာဝံ ဒါလိဒ္ဒိယ ပရမကာရုညတံ အာပါဒေသိ၊ (ဥဒါန်းအဋ္ဌကထာ မဟာဝဂ်တတိယ၊)

---

## တွေဝေသူတို့စောသောဇောအကြိမ်

၂၇။ သတ္တဝီသတိမပုစ္ဆာ။ ။ဇောအပေါင်းကာမတို့၊ ယေဘုယျ မှုနစ်ခါ။ ။ပကတိသဘာဝ၊ စောကြကုန်ပါ။ ။တွေဝေသူမှာ၊ မုစ္ဆာ တွင်ဘယ်ရွေ့။ ။အကြိမ်ကိုမှန်သဘော၊ဟောတော့နော်ဖေ့။ ။

၂၇။ သတ္တဝီသတိမဝိသဇ္ဇနာ။ ။ဇောအပေါင်းကာမတို့၊ ယေဘုယျ်ခုနစ်ခါ။ ။ပကတိသဘာဝ၊ စောကြကုန်ပါ။ ။တွေဝေသူမှာ၊ အဋ္ဌကထာမတွေ့။ ။ငါးခြောက်ကြိမ်ဋီကာဟောတယ်၊ ပြောလိုက်ကဲ့ဖေ့။

မန္ဒပ္ပဝတ္တိယံ ပန မရဏကာလာဒီသု ပဉ္စဝါရမေဝ၊ (အဘိဓမ္မတ္ထ သင်္ဂဟအဋ္ဌကထာ။)

မရဏကာလာဒီသု တိ အာဒိသဒ္ဒေန မုစ္ဆာကာလံ သင်္ဂဏှာတိ။ (ကျော်ဆိုသည့်ဋီကာ။)

တသ္မာ မုစ္ဆာ ကာလေ ပန ဝိသညီဘာဝတော မန္ဒဘူတဝေဂတာ တိ ယုဇ္ဇတိ (မဏိမဉ္ဇူ။)

## ကဲ့ရဲ့သူ, ချီးမွမ်းသူတို့ အပြစ်တူညီပုံ

၂၈။ အဋ္ဌဝိသတိမပုစ္ဆာ။ ။နှစ်ဦးသား ဗာလတို့၊ မိုက်ကြသည့် အနေ။ ။တဦးသားဗာလက၊ ရဟန္တာကေန္တကို၊ ဤသူလျှင်ဒုသီလ ဟု၊ မြွက်ဟတုံပေ။ ။တဦးမှာဒုသီလကို၊ ရဟန္တာကေန္တဟု၊ ခွန်း နှုတ်ကဘွင့်ချေသည်၊ ဆိုပုံလေလွန်ရိုင်း။ ။နှစ်ပါးစုံ ထိုကံညစ်တွင်၊ အပြစ်ကယ်ဘယ်ကလေးတယ်၊မေး၏ချင့်နှိုင်း။ ။

၂၈။ အဋ္ဌဝိသတိမဝိသဇ္ဇနာ။ ။နှစ်ဦးသား ဗာလတို့၊ မိုက်ကြ သည့်အနေ။ ။တဦးသားဗာလက၊ ရဟန္တာကေန္တကို၊ ဤသူလျှင် ဒုသီလဟု၊ မြွက်ဟတုံပေ။ ။တဦးမှာ ဒုသီလကို၊ ရဟန္တာကေန္တ ဟု၊ ခွန်းနှုတ်ကဘွင့်ချေ၊ ဆိုပုံလေလွန်ရိုင်း။ ။နှစ်ပါးစုံ ထိုကံညစ်မှာ၊ အပြစ်ကယ်အတူရှိတယ်၊ ဖြေ၏မှန်တိုင်း။ ။

> ယော နိန္ဒိယံ ပသံသတိ၊ တံ ဝါ နိန္ဒတိ ယော ပသံသိယော၊ ဝိစိ- နာတိ မုခေန သော ကလိံ၊ကလိနာ တေန သုခံ န ဝိန္ဒတိ။ (စတုက္က- အင်္ဂုတ္တရ, သဂါထာဝဂ္ဂမြဟ္မသံယုတ် ကောကာလိကသုတ်ပါဠိတော်။)
>
> နိန္ဒိယန္တိ နိန္ဒိတဗ္ဗံ ဒုသီလပုဂ္ဂလံ၊ပသံသတိ တိ ဥတ္တမတ္ထေ သမ္ဘာ- ဝေတွာ ခီဏာသဝေါတိ ဝဒတိ၊ တံ ဝါ နိန္ဒတိ ယော ပသံသိယော တိ ယော ဝါ ပသံသိတဗ္ဗော ခီဏာသဝေါ၊ တံ အန္တိမဝတ္ထုနာ စောဒေန္တော ဒုသီလော အယံ တိ ဝဒတိ၊ ကလိနာ တေနာတိ တေန အပရာဓေန သုခံ န ဝိန္ဒတိ၊ နိန္ဒိယပသံသာယ ပသံသိယနိန္ဒာ- ယ စ သမကောဝ ဝိပါကော။ (ၡင်းအဋ္ဌကထာ။)

---

## ကိုယ်တိုင်ပြုသူအများနှင့် တိုက်တွန်းသူတဦး၏အကျိုးပေး

၂၉။ ဧကူနတိံသတိမပုစ္ဆာ။ ။ပဏ္ဍိတဉာဏ်ရှင်က၊ တရားဖြင့် မိန့်ဆို။ ။လူပေါင်းကုဋေတို့၊ အထွေထွေလျှာဒါန၊ ပြုကြကြည်ညို။ ။ ကုဋေကုန်လူပေါင်းတို့၊ ရကောင်းသည့်ကုသိုလ်ကို၊ တစုလိုပုံထား။ ။ နှိုးဆော်သည့်ပုဂ္ဂိုလ်၏၊ မြတ်ကုသိုလ်ကံဟုန်နှင့်၊ နှစ်ပုံကိုထောက်မျှော် ရှု၊ ဘယ်စုကများ။ ။

၂၉။ ဧကူနတိံသတိမဝိသဇ္ဇနာ။ ။ပဏ္ဍိတဉာဏ်ရှင်က၊တရားဖြင့် မိန့်ဆို။ ။လူပေါင်းကုဋေတို့၊ အထွေထွေလျှာဒါန၊ ပြုကြကြည်ညို။ ။

ကုဋေကုန်လူပေါင်းတို့၊ ရကောင်းသည့် ကုသိုလ်ကို၊ တစုလိုပုံထား။ ။ နှိုးဆော်သည်ပုဂ္ဂိုလ်၏၊ မြတ်ကုသိုလ် ကံဟုန်နှင့်၊ သည်နှစ်ပုံအညီ ဘက်ဟု၊ ကျမ်းထွက်ရှိသား။ ။

သမာဒါပကော တိ ဘိက္ခု ပိဏ္ဍာယ ပဝိဋ္ဌေ ဒိသွာယာဂုဘတ္တာဒီနိ သမာဒပေန္တော သမ္ဘေသံ ပိ ဒါယကာနံ ကုသလေန သမကံ ကုသလံ ပါပုဏာတိ ။(ကေဂ်ုတ္တရအဋ္ဌကထာ၊ အကုသိုလ်၌လည်း ထို့အတူ။)

သမာဒါပကော ဟိ ပါဏာတိပါတာဒီသု ဇဃ်သတံ သမာဒပေ-န္တော တေသံ သမ္ဘေသံ အကုသလေန သမကမေဝ အကုသလံ ပါပု-ဏာတိ၊ (ၚင်းအဋ္ဌကထာ။)

---

ဥဘတောဗျည်းမကိုသားကသတ်ရာ၌ထိုက်သောကံ

၃၀။ တိံသတိမပုစ္ဆာ။ ။ဥဘတောဗျည်း-မက၊ ပုရိသအသွင်။ ။ တပါးကညာနှင့်၊ ပေါင်းဘက်ခါသန္ဓေပေး၊ မွေးသည့်သားလျှင်။ ။ မချစ်ခင်၊ မကြင်နာထိုသား။ ။ထိုဗျည်းကို သေအောင်သတ်လျှင်၊ မိဘသတ် ကံ နှစ်ချက်ဘွင်၊ ဆိုးဖြတ်ဉာဏ်ဘယ့်နှယ် သက်တယ်၊ မြွက်ပ ထင်ရှား။ ။

၃၀၊ တိံသတိမဝိသဇ္ဇနာ။ ။ဥဘတောဗျည်းမ-က၊ ပုရိသ အသွင်။ ။တပါးကညာနှင့်၊ ပေါင်းဘက်ခါသန္ဓေပေး၊ မွေးသည့်သား လျှင်။ ။မချစ်ခင်၊ မကြင်နာထိုသား။ ။ထိုဗျည်းကို သေအောင် သတ် လျှင်၊ ဘသတ်ကံ သည်အချက်တွင်၊ ဆိုးဖြတ်ဉာဏ် သည့်နှယ်သက် တယ်၊ မြွက်ကဲ့ထင်ရှား။ ။

ပိတုကိစ္စ ဇနကသတ္တိ ပြီးသောကြောင့်၊ဇနကော ပိတာ-ဟူသောအဋ္ဌကထာ နှင့်အညီ အဘပင်မှတ်ရာသည်၊ ပုရိသလိင်ပင် မဟုတ်သော်လည်း-

ပရိဝတ္တိတလိင်္ဂမ္ပိ မာတရံ ဝါ ပိတရံ ဝါ ဇီဝိတံ ဝေါရောပေန္တဿ အနန္တရိယကမ္မံ ဟောတိ ယေဝ။ သတိပိ ဟိ လိင်္ဂပရိဝတ္တေ သော ဧဝ ဧကောကမ္မနိမ္ဗတ္တော ပိ ဘဝင်္ဂပ္ပဗန္ဓော ဇီဝိတိန္ဒြိယပ္ပဗန္ဓော စ န အညော။

ဟူသော ဋီကာတေရသကဏ်နှင့်အညီ တခုသောကံကြောင့် ဖြစ်သော အနန္တဘဝင်အစဉ်, ဇီဝိတိန္ဒြေအစဉ်သာဖြစ်သောကြောင့် အနန္တရိက်ကံလည်း မလွတ်၊သို့ဖြစ်၍-

ဃာပိတုတကေ ပိ ယေန မနုဿဘူတော ဇနကော ပိတာ သယမ္ပိ မနုဿဇာတိကေနေဝ သဒ္ဓိံ ဇီဝိတာ ဝေါရောပိတော၊ အယံ

အနန္တရိုးယေန ပိတုဃာတကကမ္မေန ပိတုဃာတကောတိအာဒိနာ သမ္ဗံ ဝေဒိတဗ္ဗန္တိ အာဟ။ ပိတုဃာတကေ ပိ သေဝ နယောတိ။ ဟူသော ရင်းဋီကာနှင့်အညီ ပိတုဃာတကဟု ဆုံးဖြတ်ပေသတည်း။

---

## လူများထက်တိရစ္ဆာန်တို့တန်းခိုးကြီးခြင်းအကြောင်း

၃၁။ ကေတ္တိံသတိမပုစ္ဆာ။ ။တိရစ္ဆာန်ဘုံတွင်းမှာ၊ ဖြစ်ရခြင်းမှန်အနေ။ ။နဂါးဂဠုန်တို့၊ ဘယ့်နှယ်ပုံ ဘယ်အကျိုးဖြင့်၊ တန်းခိုးကြီးပေ။ ။မနုဿဘုံကောင်းမှာ၊ လူပေါင်းတို့တထွေငယ်၊ ထို့တူလေမကြီး။ ။သို့ဖြစ်ဟန်၊ လာကျမ်းဂန် မှန်သဘောဖြင့်၊ ဟောနိုင်လျှင် ရွှေကိုယ်လေး၊ ပေးတော့အပြီး။ ။

၃၁။ ကေတ္တိံသတိမဝိသဇ္ဇနာ။ ။တိရစ္ဆာန်ဘုံတွင်းမှာ၊ ဖြစ်ရခြင်းမှန်အနေ။ ။နဂါးဂဠုန်တို့၊ ဘယ့်နှယ်ပုံ ဘယ်အကျိုးဖြင့်၊ တန်းခိုးကြီးပေ။ ။မနုဿဘုံကောင်းမှာ၊လူပေါင်းတို့တထွေ၊ထို့တူလေမကြီး။ ။သည်ဖြစ်ဟန်၊ဝေဘန်ကြံမိလျှင်၊ ဥမ္မာဒံဘာဂီရှိမည်ကြောင့်၊ ကံအရာ မကြံသာ အစိန္တိယလို့၊ ရှင်တော်ပင် မိန့်တော်ဘိတယ်၊ ကျမ်းရှိအပြီး။ ။

ကမ္မဝိပါကော ဘိက္ခဝေ အစိန္တေယျော န စိန္တေတဗ္ဗော၊ ယံ စိန္တေန္တော ဥမ္မာဒဿ ဝိဃာတဿ ဘာဂီ အဿ။(စတုက္ကကေင်္ဂုတ္တရ-ပါဠိတော်။)

---

## အလောင်းတော်ဖြစ်ရဟန်း၏အဖြစ် ၉-ကြိမ် ဖြစ်ရာဘုရား၉-ဆူ

၃၂။ ဗာတ္တိံသတိမပုစ္ဆာ။ ။လေးသင်္ချေလွန်လေဘိ၊ သိန်းကပ်ရှိခေတ်တွင်။ ။အဖန်ဖန် ကျင်လည်ရှောင်း၊ လောင်းတို့သခင်။ ။ သာသနာဝင်၊ ဖြစ်သည်လျှင်ရဟန်း။ ။ကိုးကြိမ်မျှ တွက်ရေတယ်၊ ဘယ်စိန္တေရှင်တော်ပွဲမှာ၊ နွဲ့ခဲ့လေမှန်း။ ။

၃၂။ ဗာတ္တိံသတိမဝိသဇ္ဇနာ။ ။လေးသင်္ချေလွန်လေဘိ၊ သိန်းကပ်ရှိခေတ်တွင်။ ။ကောဏ္ဍညာသုမင်္ဂလနှင့်၊သုမေဓာသုဇာတ၊ဖုဿဝေဿဘူက၊ ကကုသန်ကောဏာဂံ၊ ကဿပရှင်။ ။ကိုးပါးတွင်၊ သည်

ပင်သာပါတဲ့။ ။တို့လောင်းတော်မြတ်စွာ၏၊ သာသနာကိုးကြိမ်ထမ်းကို၊ ကျမ်းကမှာခဲ့။ ။

ဗုဒ္ဓဝင်အပဒါန်အဋ္ဌကထာ, အဋ္ဌသာလိနီအဋ္ဌကထာတို့နှင့်အညီတည်း။

## အသုံးရာတို့၏နတ်မျိုးနှင့်အသက်တမ်း

၃၃။ တေတ္တိံသတိမပုစ္ဆာ။ ။မြခုံလောက် သုံးသွယ်ကြားမှာ၊ ဖြစ်ပွားသည့်ဌာနီ၊ အယုဏ္ဍပူရိငယ်၊ နယ်ခြောက်လီအတွင်း။ ။မဟာရာဇဝတိံသာတွင်၊ ဘယ်ဘုံမှာရေတွက်၍သွင်း။ ။ထိုဘုံနေနတ်ခပင်းတို့၊ ရှည်ကြခြင်းအသက်ကို၊ ဘယ်မျှဟုဆို။ ။ကျမ်းဂန်ရှိအလိုငယ်၊ ဖြေဆိုရန်ညှိနှိုင်းပလေး။ (ဎင်းမှ လေးချိုးမစေ့၊တချိုးကျ။)

၃၃။ တေတ္တိံသတိမဝိသဇ္ဇနာ။ ။မြခုံလောက်သုံး သွယ်ကြား၊ ဖြစ်ပွားတဲ့ဌာနီ၊ အယုဏ္ဍပူရိငယ်၊ နတ်ခြောက်လီအတွင်း။ ။မဟာရာဇဝတိံသာတွင်၊ ဝတိံမှာရေတွက်၍သွင်း။ ။ထိုဘုံနေနတ်ခပင်းတို့၊ရှည်ကြခြင်းအသက်ကို၊ တထောင်ဟုဆို။ ။ကျမ်းဂန်ရှိအလိုငယ်၊ ဖြေဆိုရန်သည်တိုင်းပလေး။

> တေ ပန အသုရာ အာယု ဝဏ္ဏ ယသ ဣဿရိယ သမ္ပတ္တီဟိ တာဝတိံသသဒိသာဝ။ (သဂါထာဝဂ္ဂသံယုတ် အဋ္ဌကထာ,သာရတ္ထဒီပနီဋီကာစသည်။)
>
> တာဝတိံသေသု ဒေဝေသု၊ ဝေပစိတ္တိ သုရာ ဂတာ။ (နာမရူပပရိစ္ဆေဒပါဌ်။)

## ဤကမ္ဘာတွင်ယုတ်မာမှုကြီး ၄–ပါးနှင့် ပုဂ္ဂိုလ် ၄–ဦး

၃၄။ စတုတ္တိံသတိမပုစ္ဆာ။ ။ဤကမ္ဘာဘဒ္ဒမှာ၊ ဖြစ်ဘူးကြကုန်သည်၊ ဝိသေသထူးလည်ငယ်၊ ဘွဲ့အမည်ထင်ရှား။ ။မဟာပါပလေးတန်ကို၊ ကျမ်းဂန်တွင်ဘယ်သို့မြွက်ကြား။ ။မင်္ဂလာတရားမှာ၊ ဟောကြားသည့်ပါပါ၊ ထင်လွဲတတ်ရှာ။ ။ပြဿနာပသေချာငယ်၊ ကျမ်းဂန်လာရှိတိုင်းပလေး။ ။

၃၄။ စတုတ္တိံသတိမဝိသဇ္ဇနာ။ ။ဤကမ္ဘာဘဒ္ဒမှာ၊ ဖြစ်ဘူးကြကုန်သည်၊ ဝိသေသထူးလည်ငယ်၊ဘွဲ့အမည်ထင်ရှား။ ။ပါပကြီးလေးတန်ကို၊ ကျမ်းဂန်တွင်ခွဲ၍ရှိသား။ ။မင်္ဂလာတရားမှာ၊ ဟောကြားတဲ့ပါပါ၊ ဘုလွဲလိမ့်အကွာ၊ ကမ္ဘာစဦးကာလက၊ စေတီယမင်း ယုတ်မာ၊

ဆိုမုသာတပါး၊ ကောကာလိအလားဖြင့်၊ ပြစ်မှားတဲ့အရိယူပဝါဒ်၊ နွားပျောက်ရှာပုဏ္ဏားသွမ်းလိုဘဲ့၊ ခင်ပွန်းဖျက်မိတ္တဒုဗ္ဘိ။ ။ဒေဝဒတ်ကဲ့သို့၊ မာန်ကပ်ဘီတယ်၊ ပွေပလီစိတ်ကူးလို့၊ အကတညူတထူးသာပ၊ ကျေးဇူးကိုမသိတတ်ရှာ၊ ကြီးတဲ့ပါပ၊ ဟုတ်ဘူးလား့ဆွေမဟာငယ်၊ ကျမ်းရွှေစာလာတိုင်းပလေး။ ။

ယံ မုသာ ဘဏတော ပါပံ၊ ယံ ပါပံ အရိယုပဝါဒိနော၊
မိတ္တဒ္ဒုနော စ ယံ ပါပံ၊ ယံ ပါပံ အကတညုနော။
တမေဝ ပါပံ ဖုသတု၊ ယော တေ ဒုဋ္ဌေ သုဇမ္ပတိ၊

(သိကြားမင်းကိုဝေပစိတ္တိအသုရာနတ်မင်းကျိန်သည့်ဂါထာ၊ သက္ကသံယုတ်ပါဠိတော်။)

ယံ မုသာ ဘဏတော ပါပန္တိ ဇမ္ဗုဒီပံ ကပ္ပေ ပဌမကပ္ပိကေသု စေတိယရညော ပါပံ သန္တာယာဟ၊ အရိယုပဝါဒိနော တိ ကောကာလိကဿ ဝိယ ပါပံ၊ မိတ္တဒ္ဒုနော စ ယံ ပါပန္တိ မဟာကပိဇာတကေ မဟာသတ္တေ ပဒုဋ္ဌစိတ္တဿ ပါပံ၊ အကတညုနော တိ ဒေဝဒတ္တသဒိသဿ အကတညုနော ပါပံ။ ဇမ္ဗုဒီပ် ကိရ ဇမ္ဗုဒီပံ ကပ္ပေ စတ္တာရိ မဟာပါပါနိ။ (၎င်းအဋ္ဌကထာ။)

ရပ်ပြစ်ရှစ်ပါး၊ အဝင် အရူပဘုံ၌ သောတာမန်ဖြစ်ရခြင်း

၃၅။ ပဉ္စတ္တိံသတိမပုစ္ဆာ။ ။တပါးဌာန်ဘုံဘဝမှာ၊ လေးသစ္စာသိမြော်၊ အရိယပုဂ္ဂိုလ်ကျော်ငယ်၊ ဘုံလေးဘော်တွက်ကျုံး။ ။အရူပရပ်ခွင်မှာ၊ ဘယ်ကြောင်းအင်ဖြစ်ကြသတုံး။ ။များသူငါအားလုံးတို့၊ ဖြစ်ရုံးသည့်ရပ်ခွင်၊ မဖြစ်လိုကုသိုလ်ပြု၊ လွတ်ဆုပန်ဆင်။ ။မြွက်ကြားပထင်ထင်ငယ်၊ ဆရာရှင်သိတိုင်းပလေး။ ။(၎င်းလည်းတချိုးကျူ။)

၃၅။ ပဉ္စတ္တိံသတိမဝိသဇ္ဇနာ။ ။မဂ်မရ၊ အဏ္ဏဏတတန်၊ လေးနံမြို့ရပ်ဌာန်ဝယ်။ ။ပုထုဇန်ထောင်ကြီး။ ။ရှစ်ရပ်ပြစ်မဝင်လို၊ ပန်ဆင်ဆိုတောင်းကြဆုသီး။ ။တပါးဘုံဌာနက၊ လေးသစ္စာဉာဏ်ရှိန့်ငယ်၊ လျှံထိန်ထိန်ပြောင်ညီး၊ သောတာပန်တည်ပြီးက၊ သမ္ဘောဓိပရာယနာ။ ။ပါယ်လေးတန်ဘန်တခေါက်ကယ်မျှ၊ ပြန်မရောက်မြဲနိယတာ။ ။ပရ

ယောသပစ္စယာငယ်၊ သည်အင်္ဂါပျက်သော်လည်း၊ အထက်မဂ်သုံးတန်ကို၊ မြန်းကြလိုလို။ ။ထို့ကြောင့်ကွဲအရိယာပုဂ္ဂိုလ်ငယ်၊ ထိုဘုံမှာဖြစ်ကုန်၏လေး။ ။

သောတာပန္နော အဝိနိပါတော နိယတော သမ္ဗောဓိပရာယနော၊ စသည်နှင့်အညီတည်း။

---

## မဂ်နှင့်နတ်ရွာတားမတားဒိဋ္ဌိခွဲခြားချက်

၃၆။ ဆတ္တိံသတိမပုစ္ဆာ။ ။ယူမိစ္ဆာသုံးတန်တို့တွင်၊ တချို့မူကား၊ မဂ်နတ်ရွာနှစ်ဌာန်ကို၊ တားမြစ်ဟန်မလွဲ။ ။တချို့လျှင်မဂ္ဂန်ကို၊ အန္တရာယ်ပြုကြစမြဲ။ ၊တချို့မှာနှစ်ကွဲကို၊ မပြုဘဲအန္တရာ၊ ရှိကြသည်သာ။ ။ထိုသုံးတန်မိစ္ဆာငယ်၊ ကျမ်းဂန်လာထင်ရှားစွ၊ နောက်သားဉာဏ်နည့်မှတ်စိမ့်လွယ်ကူ။ ။ဉာဏ်ကြီးရှင်ဘုန်းလူငယ်။ ။ထုတ်ဆောင်ယူဖော်ညွှန်းပလေး။ ။

၃၆။ ဆတ္တိံသတိမဝိသဇ္ဇနာ။ မိစ္ဆာဉာဏ်သုံးဝတွင်၊ နတ္ထိကမိစ္ဆာ။ ။မဂ်နတ်ရွာသည်နှစ်ပါးကို၊ တားမြစ်ကြနိုင်ကုန်သည်သာ။ ။အန္တဂ္ဂါဟဆယ်ပါးမှာလျှင်၊ မဂ်ကိုသာမြစ်မြဲ။ ။သက္ကာယနှစ်ဆယ်ဆိုလျှင်၊ ဘယ်ကိုပင်တားတတ်လေဘဲ။ ။သည်အယူဟုတ်ဘဲလို့၊ ဟိတ်စွဲနှင့်ဒဋ္ဌိအာဂုံ၊ ညွှန်းပြတပုံ။ ၊အယူလွဲကငရဲဘုံမှာ၊ မလွဲနိုင်တုံ ဖြစ်မြဲကိုတဲ့လေး။ ။တမူခဲလို့ တနဲပုံမှာ၊ ကျောက်စစ်ရေကုန် နစ်မြဲကိုတဲ့လေး။ ။

နတ္ထိကမိစ္ဆာဆိုသော်လည်း အဟေတုက, အကိရိယမိစ္ဆာတို့ကိုလည်းယူ။

မိစ္ဆာဒိဋ္ဌိ သဂ္ဂါဝရဏာ စေဝ ဟောတိ မဂ္ဂါဝရဏာ စ၊ ကေစ္စာ-နေဝ သဂ္ဂမဂ္ဂါဝရဏာ၊ တတ္ထ အဟေတုကဒိဋ္ဌိ အကိရိယဒိဋ္ဌိ နတ္ထိက-ဒိဋ္ဌီ တိ အယံ တိဝိဓါ သဂ္ဂါဝရဏာ စေဝ ဟောတိ မဂ္ဂါဝရဏာ စ၊ ဒသဝတ္ထုကာ အန္တဂ္ဂါဟိကာ ပန မိစ္ဆာဒိဋ္ဌိ မဂ္ဂါဝရဏာ ယေဝ ဟောတိ န သဂ္ဂါဝရဏာ။ ဝီသတိဝတ္ထုကာ သက္ကာယဒိဋ္ဌိ နေဝ သဂ္ဂမဂ္ဂါဝရဏာ။ ဣဒမ္ပန ဝိဓာနံ ပဋိက္ခိပိတွာ ဣမသ္မိံ သုတ္တေ မိစ္ဆာဒိဋ္ဌိယာ ဘိက္ခဝေ သမန္နာဂတာ တိ ဝစနတော အန္တိမသော ဝီသတိဝတ္ထုကံ သက္ကာယဒိဋ္ဌိံ ဥပါဒါယ ဒိဋ္ဌိနာမ သဂ္ဂံ ဥပနေတုံ သမတ္ထာ နာမ နတ္ထိ၊ ဧကန္တနိရယသ္မိံ ယေဝ နိမုဇ္ဇာပေတီတိ ဝုတ္တံ။ ယထာ ဟိ မုဂ္ဂမာသပ္ပ-မာဏာ ပိ ပါသာဏသက္ခရာ ဥဒကေ ပတိတာ ဥပရိ ဝတ္တမာနာ နာမ-

နတ္ထိ ကေနစိ ဟေတွာ ပဝိသတိ၊ ဧဝမေဝ အန္တမသော သက္ကာယဒိဋ္ဌိ ပိ သင်္ဂံ ဥပနေတုံ သမတ္ထာ နာမ နတ္ထိ၊ ကေနစိ အပါယေသု ယေဝ နိမုဇ္ဇာပေတိ တိ။ (ကေဂုတ္တရ အဋ္ဌကထာ။)

---

## သိကြား မင်း ရှိ ခိုး ခံ ထိုက် သူ ၏ အင်္ဂါ ၇-ပါး

၃၇။ သတ္တတ္တိံသတိမပုစ္ဆာ။ ။နတ်ဘုရင်ဒေဝိန္ဒက၊သဒ္ဒါလှကြည်ညို၊ အင်လေးဖြာစုံသူကိုလျှင်၊ လွန်ရှိသေမြတ်နိုး။ ။ပုထုဇန်အိမ်နေဖြစ်စေပ၊ ဦးချရှိခိုး။ ။သိနေရှုတောင်စိုးမှ၊ ရှိကျိုးဘုပ်ဝပ်ပေ၊ ထူးလှအနေ။ ။ထိုအင်္ဂါလေးထွေငယ်၊ မှန်ပုံသေဘယ်မှန်းသိ၊ ဖြောင့်တန်းကေဝလံ၊ မိန့်ပမြွမြီ။ ။ပြဿနာဝေရံကို၊ ဖြေအောင်သံဆော်ရှမ်းပလေး။

၃၇။ သတ္တတ္တိံသတိမဝိသဇ္ဇနာ။ ။နတ်ဘုရင်ရှိညွှတ်၊ အကျင့်ဝတ်လေးတန်၊ အိမ်နေစုပုထုဇန်ငယ်၊ မှုအမှန်ဖြောင့်သား။ ။ဓမ္မေနတရားနှင့်၊သားမယား‌မွေးမြူ၍တဆူသွင်းလို့မှတ်သား။ ။လှူကုသိုလ်ဆယ်ပါးကို၊ ကြိုးစားလေ့ချာမချန်တယ်၊ခါအမှန်မမှား၊ မြတ်ပုညသည်တရားကိုလဲ့၊ တပါးလို့ပိုက်ခြံ။ ။ရွှေလက်တော်သန္တာခက်ကယ်နှင့်၊ ချီးရေတွက်စွဲပအာရုံ။ ။ပဉ္စင်္ဂနှင့်ဒသထုံတယ်၊ သီလဂုဏ်တထူး၊သရဏဂုံစုံတဦးသာပ၊ ကျေးဇူးဝတိန်ဘိုပုံ၊လင်းတဲ့ဂုဏ်လျှံ။ ။ပြဿနာဝေရံကို၊ ဖြေအောင်သံဆော်ရှမ်းပေါ့လေး။

> ယေ ဂဟဋ္ဌာ ပုညကရာ၊ သီလဝန္တော ဥပါသကာ။
> ဓမ္မေန ဒါရံ ပေါသေန္တိ၊ တေ နမဿာမိ မာတလိ။
> (သက္ကသံယုတ်ပါဠိ။)

ပုညကရာတိ စတုပစ္စယဒါနံ ကုသုမ္ဘသုမန ပုဇ္ဇာဒိပသဟာဿဇာလနန္တိ ဧဝမာဒိပုညကာရကာ၊သီလဝန္တော တိ ဥပါသကတ္တေ ပတိဋ္ဌာယ ပဉ္စဟိ ဒသဟိ ပိ သီလေဟိ သမန္နာဂတာ၊ ဓမ္မေန ဒါရံပေါသေန္တိ တိ ဥမင်္ဂဘိန္ဒနာဒိနိ အကတွာ ကာသိဂေါရက္ခဝါဏိဇ္ဇာဒိဟိ ပုတ္တဒါရံ ပေါသေန္တိ၊ (၎င်းအဋ္ဌကထာ။)

ဥပါသကာမှာ ထင်ရှား၍မဘွင့်၊စတုပစ္စယဒါနံစသည် အဋ္ဌကထာဘွင့်လျက် လှူကုသိုလ်ဆယ်ပါး ဆိုလိုက်သည်ကား သုတ္တန်နည်းဆိုလိုက်ပေသည်၊ အဋ္ဌကထာမှာ ဝိနည်းဒေသနာတော်နည်းဘွင့်သည်၊ အတူတူပင်။

## ဘုရားရဟန္တာတို့အပူဇော်ခံရသောပုထုဇန်

၃၇။ အဋ္ဌတ္တိံသတိမပုစ္ဆာ။ ။ဘုန်းတော်ရှင်မကိုဋ်မှ၊ ပူဇော်ထိုက်ကေန်၊ ဂုဏ်ထူးသည့်ပုထုဇန်ငယ်၊ပုံသေမှန်မရွှန်း။ ။ရှိပေသည့်အရာကို၊ အဋ္ဌကထာ မိန့်ပြဘော်ညွှန်း။ ။ဘယ်ဂုဏ်ရောင်တောက်ထွန်း၍၊ တုဘက်ကျွန်းမြတ်ရှင်တော်၊ ချီးမြှင့်ပူဇော်။ ။ထိုကဲ့သို့ပုဂ္ဂိုလ်ကျော်ငယ်၊ မြေပေါ်တွင်ရှိပါစ၊ ကဝိမြောက်ဆရာသည်၊ညွှန်းပသကြည်။ ။ထွန်းရစ်လိမ့်ဉာဏ်ဇာနည်ငယ်၊နောင်စဉ်ရှည်မော်ကွန်းပလေး။

၃၇။ အဋ္ဌတ္တိံသတိမဝိသဇ္ဇနာ။ ။ဘုန်းတော်ရှင်မကိုဋ်မှ၊ ပူဇော်ထိုက်ကေန်၊ဂုဏ်ထူးသည့် ပုထုဇန်ငယ်၊သာမန်လေဟုတ်ဘူး။ ။လေးသချေ်ဟိုယခင့်ငယ်က၊ မြတ်ဒီပင့်သုံးလူ့ထံ၊ ရွှေဗျာဒိတ်ဆုခံတယ်၊ ဘူသယံဗောဓိညွှန့်ဖူး။ ။ဗုဒ္ဓင်္ကူဘုန်းဟော့တို့၊ နှုန်းပြကတော့အင်ရှစ်စုံတယ်၊ သမ္ဘာဟုန်လွန်ကြူး၊ သုမေဓာမြတ်တဦးသာပ၊ ဂုဏ်ထူးသည့်ပုထုဇန်။ ။လေးသိန်းငယ် ထေရ်ရှင်နှင့်၊ မြတ်ဒီပင်ပူဇော်ပြု၊ ပေးအောင်ဆုနှင်းလို့အပြန်။ ။ဘယ်ရှိတော့လူ့ဌာန်ဝယ်၊ သူ့သဏ္ဍာန်ကုန်ညောင်းလို့၊ ဘုံပြောင်းပေါ်သိမ်ရွှေပြည်၊ ညွှန်းပြလိုက်သည်။ ။မော်ကွန်းတင်စိမ့်ခနောင်စဉ်ရှည်ငယ်၊ ဉာဏ်ဇာနည်ထူးကိုတဲ့လေး။

ဒီပင်္ကရဒသဗလော ဂိ ဗောဓိသတ္တံ ပသံသိတွာ အဋ္ဌဟိ ပုပ္ဖမုဋ္ဌီဟိ ပူဇေတွာ ဝန္ဒိတွာ ပက္ကန္တော။ (အပဒါန် အဋ္ဌကထာ, ဗုဒ္ဓဝင် အဋ္ဌကထာ။)

အဋ္ဌကထာ မိန့်ပြဘော်ညွှန်း-ဟူရာ၌ ဥက္ကဋ္ဌနိဒ္ဒေသပဓာနနည်းဖြင့် မိန့်ဆိုသည်။

ဧဝံ ဉာသိသကော ဋ္ဌိတော ဝ ဒသဗလော ဗျာကရိတွာ ထောမေတွာ အဋ္ဌဟိ ပုပ္ဖမုဋ္ဌီဟိ ပူဇေတွာ ပဒက္ခိဏံ ကတွာ ပက္ကမိ။ တေ ပိ စတုသတသဟဿခီဏာသဝါ ဗောဓိသတ္တံ ပုပ္ဖေဟိ စ ဂန္ဓေဟိ စ ပူဇေတွာ ပဒက္ခိဏံ ကတွာ ပက္ကမိံသု။ (ဟုဇိနာလင်္ကာရဋီကာ၌လည်း မိန့်သတည်း။)

---

## ရောင်ခြည်တော်များ၊ ယခုတိုင်ရှိမရှိ

၃၉။ ကေနစတ္တာလီသမပုစ္ဆာ။ ။ခုနစ်တန်သတ္တာဟတွင်၊စတုတ္ထရွှေဘုံ၊စံမြန်းခိုက်အကြိုဝယ်၊ခြောက်ထွေစုံထင်ရှား။ ။ပြေးထွက်သည့်

ရောင်ဆိုင်ငယ်၊ သည်ခုတိုင်ရှိပါလိမ့်လား။ ။ခြောက်ရောင်ရှင်ဘုရားမှ၊ ကြွသွားသီစံပြည်၊ မြန်းဘိမတည်။ ။လျှံဝါမြရောင်ခြည်ငယ်၊ ရှိသင့်မည်ခက်မောစွ၊ သဘောကျမ်းလာမှန်၊ နိစ္စကောန်။ ။ရှိမရှိနှစ်တန်ကို၊သွေမလှန်ဝေခြမ်းပလေး။

၃၉။ ကျေနစတ္တာလီသမ ဝိသဇ္ဇနာ။ ။ခုနစ်တန် သတ္တာဟတွင်၊ စတုတ္ထရွှေဘုံ၊ စံမြန်းခိုက်အကြို့ဝယ်၊ ခြောက်ထွေစုံထင်ရှား။ ။ပြေးထွက်သည့်ရောင်ဆိုင်ငယ်၊သည်ခုတိုင်ရှိပါလိမ့်လား။ ။ခြောက်ရောင်ရှင်ဘုရားမှ၊ ကြွသွားသီဝံရွှေပြည်၊ မြန်းဘိမတည်။ ။လျှံဝါမြရောင်ခြည်ငယ်၊ ရှိသင့်မည်ခက်မောဟု၊ အာဘောနှင့်ရှင့်စောဒနာ၊ မေးတဲ့ပုစ္ဆာ။ ။ယာဝဇ္ဇဒိဝသာကို၊ ရွှေဋီကာမိန့်တောင်း။ ။ခုတိုင်ပခြောက်ရောင်ရှိနိုင်ငယ်၊ တထိန်ထိန်ပြေးလျှက်ရှိကြောင်း။ ။ကျမ်းလာလောက်မှတ်ကောင်းစွ၊ အကြောင်းကိုဘယ်ရှာသာတုံ၊ ထူးသည့်ဖြစ်ပုံ။ ။လူ့သဘောနှင့်၊ ဝိရောမိအလုံးစုံကို၊ ပါရမိဂုဏ်လွှန်လွှန်းလို့လေး။ (ငင်းမှာစကားရင်း ၂–ချိုးပိုစေသည်။)

တံ ဒိဝသဉ္စ ပန ဘဂဝတော သရီရာ နိက္ခန္တာ ယာဝဇ္ဇဒိဝသာ ပိ ကိရ တာ ရသ္မိယော အနန္တလောကဓာတုယော ဂစ္ဆန္တိယေဝ။ (တေရသကဏ်ဋီကာ။)

"မောမိသတ္တပ္ပဘာဝေန၊ ထလေပိ ဇလဇာနျာဟုံ" စသည် မိန့်အပ်သော ဒေသဝိရောမိ ကာလဝိရောမိစသော ဝိရောမိတို့ကိုသိလေ။

---

**ဒေဝီလရသေ့ ငိုကြွေးရခြင်း အကြောင်းရင်း**

၄၀။ စတ္တာလီသမပုစ္ဆာ။ ။ဈာန်လောကီရှစ်မည်ရ၊ဒေဝီလဆရာ၊ ဘုရားလောင်းလက္ခဏာကို၊ မြင်သောခါပူဆွေး။ ။မဖူးရရှိမည်ကို၊ စိုးကြီးစည်ဘယ့်ကြောင့်ငိုကြွေး။ ။အရူပဘုံလေးမှာ၊ ဖြစ်ရေးကြီးစည်ကာ၊ မစိုးသင့်ပါ။ ။ရသေ့ပေါင်းများစွာငယ်၊ ဈာန်ရှစ်ဖြာကုန်ရလျှက်၊ အောက်ရူပဆယ်ဘုံတွင်၊ ဖြစ်ကြသည်ပင်။ ။အရူပရပ်ခွင်မှာ၊ ဖြစ်ကြောင်းအင်ထောက်လှမ်းပလေး။ ။

၄၀။ စတ္တာလီသမဝိသဇ္ဇနာ။ ။ဈာန်လောကီရှစ်မည်ရ၊ဒေဝီလဆရာ၊ ဘုရားလောင်းလက္ခဏာကို၊ မြင်သောခါပူဆွေး။ ။မဖူးရရှိမည်

ကို၊ စိုးကြိုစည်ဘယ်ကြောင့်ငိုကြွေး။ ။ရွှေအာဘော်ကြီအဆံနှင့်၊ သံသယစုဒ်ပါတဲ့၊ သည်ပုစ္ဆာအမေး။ ။ရေမငုံဖြေပုံပေးရမှာဖြင့်၊ နှေးမငံ့လွယ်ကူ။ ။သိသာရုံ ကျယ်မချဲ့ပါဘူး၊ တကယ်တဲ့မြဲမှတ်တော်မူ။ ။သည့်နှယ်တဲ့ဘုန်း ပူငယ်၊ သပ္ပုရိုစက်ကြီးနှင့်၊ မမှိုးရဗာဟီအခါ၊ နည်းမဲ့ဆရာ။ ။ ချာန်ကိုပက်လို့၊ သူခက်ရှာတယ်၊ ချာန်ခွါဉာဏ်မှာ၊ မကျွမ်းကျင်လို့လေး။ ။

ယာဒိ ပနေသ ပုပဘဝေ မိတ္တံ နမေယျ ကိံ တတ္ထ န ဥပပဇ္ဇေယျ၊ ကောနေ ရောဒ တိ ဥပ္ပဇ္ဇေယျ။ အကုသလတာယ ပန တံ ဝိဝိံ န ဇာနာတိ။ (သုတ္တနိပါတ်အဋ္ဌကထာ နာဋကသုတ်အဘွင့်။)

---

## ဘုရားလောင်းပါရမီဖြည့်ရာ၌ မရှိသောဒုက္ခ၊ ရှိသောဒုက္ခ

၄၁။ ကေစတ္တာလီသမပုစ္ဆာ။ ။ခြောက်ရောင်စုံလျှံပွင့်၊ ငါးမာရ်လှုင့်စိန်နှ၊ ဝေနေယျဟိတေငယ်၊ လေးသင်္ချေလွန်ကြူး။ ။ကိုယ်တော်သာပန်းချေသည်၊ စိတ်တော်လေန္တမ်းခဲ့ပါဘူး။ ။ရှင်ဝမ်းသာကြည်နူးဟု၊ အား နိုင်ကာ၊ ထင်ရှားချက်ပါ။ ။ဗုဒ္ဓဃောဆရာငယ်၊ သံသာရေအ ဘောသိ ကြွောကိုစိတ်တော်မှန်၊ မြွက်ဟတုံပြန်။ ။ကွဲပြားကြမိန့်ဟန်ကို၊ ဂဟေညှာ်ဆော်စမ်းပလေး။ ။

၄၁။ ကေစတ္တာလီသမဝိသဇ္ဇနာ။ ။ခြောက်ရောင်စုံလျှံပွင့်၊ ငါးမာရ်လှုင့်စိန်နှ၊ ဝေနေယျဟိတေငယ်၊ လေးသင်္ချေလွန်ကြူး။ ။ကိုယ်တော်သာပန်းချေသည်၊ စိတ်တော်လေန္တမ်းခဲ့ပါဘူး။ ။ပါရမီဖြည့်ခြင်း၌၊ စိတ်ဆင်းရဲမရှိဟန်ကို၊ ဋီကာဉာဏ်ရည်စူး၊ ဗုဒ္ဓဃောဆရာလူးမှာလ၊ ဥပါယာသစိတ်ဒုက္ခံငယ်၊ သံသာမှာဖြစ်ခြင်း။ ။သတ္တလောကသုံးပါးမှသည်၊ ပကတူပစ္စည်းနှင့်မကင်း။ ။နှလုံးတော်သည်ကိုသွင်းပါလို့၊ စိတ်ဆင်းရဲမိန့်တုံပေ၊ ကွဲသည့်အနေ။ ။ဉာဏ်မော်တေ့လို့၊ ဆော်စေ့စေတယ်၊ ရွှေဂဟေကြီးပါကွဲလေး။ ။

(ကေဝိသတိမဝိသဇ္ဇနာနှင့်အတူတူ။)

## ညီတော်မင်းနန်၏သဏ္ဍာန်အသက်နှင့် ရဟန်းပြုခန်း

၄၂။ ဥဒါစတ္တာလီသမပုစ္ဆာ။ ။စိန္တေယျာသုံးလူ့နတ်၏၊ ညီမြတ်ကယ်မင်းနန်၊ လုံးရပ်နှင့်သဏ္ဍာန်ငယ်၊သက်ရှယ်မှန်တသီး။ ။နောင်ချစ်ရှင်ဘုန်းလှိုင်ကို၊ မဒိုနိုင်ဘယ်မျှလောက်နီး။ ။သက္ကရာဇ်ကောဇာ၊ ဘယ်ရာသီတိုင်ပြီးမှ၊ နောင်ကြီးမြတ်ဘုန်းဝေ၊ ရဟန်းပြုစေ။ ။နေ့ရက်လအနေကို၊ မှန်မသွေသိခဲ့စွ၊ ဝေခွဲကျမ်းအလာ၊မိန့်ပသေချာ။ ။ထိုဖြေချက်ဝိသဇ္ဇနာငယ်၊ ထောင်သိဂ်ါထိုက်ပါလိမ့်လေး။ ။

၄၂။ ဥဒါစတ္တာလီသမဝိသဇ္ဇနာ။ ။စိန္တေယျာသုံးလူ့နတ်၏၊ညီမြတ်ကယ်မင်းနန်း၊ လုံးရပ်နှင့်သက်ဖန်မှာ၊ ဉာဏ်တော်ကိုမနိုး။ ။လေးသစ်မျှနိမ့်ငယ်တယ်၊ နောင်ဘုန်းကြွယ်သုံးရက်လောက်ကြီး။ ။မြတ်ရှင်တော်ပွင့်ပြီးလို့၊ ပြည်ကြီးသို့ကြွလာ၊ ပျော့လေးခုနှစ်ကောဇာဝယ်၊ ဝိသာခါလျှည်း၊ ကဆုန်လပုဏ္ဏမီကို၊ ရက်နှစ်လီကျော်ပြီးမှ၊ နောင်ကြီးတဲ့မြတ်စွာ။ ။မြတ်မွေတော်ဆင်ကဲ့ပုံးတယ်၊သုံးဆယ်နှင့်ခြောက်နှစ်ဆီမှာ။ ။သဘောရကျမ်းအလာငယ်၊ သည်ပုစ္ဆာမဖြေရှင်းပေါ့၊ နေမင်းထောင်သူရကန်၊ သန်းမှောင်လွှင့်ဉာဏ်။ ။ထောင်ရွှေထိုက်တဲ့ဖြေလိုက်ဟန်ငယ်၊ ရွှေငိုကာဉာဏ်ဆိုလောက်အောင်ပလေး။ ။

ဘုရားဖြစ်တော်မူ၍ ပဌမဝါမိဂဒါ၊ဝါကျွတ်ပြီး ဥရုဝေလတောမှာသုံးလ၊ပြာသိုလ်လပြည့်နေ့ရာဇဂြိုဟ်သို့ကြွနှစ်လနေတော်မူ၊တပေါင်းလပြည့်၏၊ငင်းလဆန်းရှစ်ရက် လောက်ကရှင်ဥဒါယီရောက်၊ လပြည့်နေ့ခွာ၊ ငင်းနေ့ကြွ၊ ယူဇနာခြောက်ဆယ်, ရက်ခြောက်ဆယ်ဖြင့်ကဆုန်လပြည့်နေ့ ရောက်တော်မူသတည်း။

ယဒါ ပန သတ္ထာ ဗုဒ္ဓေါ ဟုတွာ ဗရာဏသိယံ ဣသိပတနေ မိဂဒါယေ ပဌမဝဿံ ဝသိတွာ ဝုတ္ထဝဿော ပဝါရေတွာ ဥရုဝေလာယံ ဂန္တွာ တတ္ထ တယော မာသေ ဝသန္တော တေဘာတိကဇဋိလေ ဒမေတွာ ဘိက္ခုသဟဿပရိဝါရော ဖုဿမာသပုဏ္ဏမာယံ ရာဇဂဟံ ဂန္တွာ ဒွေ မာသေ တတ္ထ ဝသိ။ တဒါ ဗာရာဏသိတော နိက္ခန္တဿ ပဉ္စမာသာ ဇာတာ၊ သကလော ဟေမန္တော အတိက္ကန္တော၊ ဥဒါယိတ္ထေရဿ အာဂတဒိဝသတော သတ္တဋ္ဌဒိဝသာ ဝီတိဝတ္တာ။ သော ပန ဖဂ္ဂုဏပုဏ္ဏမာသိယံ စိန္တေသိ "အတိက္ကန္တော ဟေမန္တော ဝသန္တကာလော အနုပ္ပတ္တော၊ သမယော တထာဂတဿ ကပိလပုရံ ဂန္တုံ"တိ သော ဧဝံ စိန္တေတွာ။ လ။ ဝဏ္ဏေသိ။ အထ သတ္ထာ တဿ ဝစနံ သုတွာ။ လ။ ရာဇဂဟတော နိက္ခမိတွာ ဒိဝသေ ဒိဝသေ ယောဇနံ

ယောဇနံ ဂစ္ဆန္တော ရာဇဂဟတော သဋ္ဌိယောဇနံ ကပိလဝတ္ထုနဂရံ ဒွိဟိ မာသေဟိ သမ္ပါပုဏိတွာ။ (ဟူသောဗုဒ္ဓဝင် အဋ္ဌကထာနှင့်အညီ တည်း။

၎င်းအဋ္ဌကထာ၌ "ဥဒါယိတ္ထေရဿ အာဂတဒိဝသတော သတ္တဋ္ဌဒိဝသာ ဝီတိဝတ္တာ" ဟူ၍ဆိုလျက် အဘယ့်ကြောင့်လပြည့်နေ့ကြွသည်ဟုဆိုသနည်းဟူ ငြားအံ့၊ ထိုစကားဖြင့် ရှင်ဥဒါယီ ရောက်သည်မှ ရက်လွန်ကို ပြသတည်း၊ လပြည့်နေ့ကလွန်သည်ကိုမပြ၊ သို့ယူသော်သာလျှင်—

သော သာမုတိ ရညော သာသနံ အာဒါယ ရာဇဂဟံ ဂန္တွာ သတ္ထု ဓမ္မဒေသနံ သုတွာ သဒ္ဓိံ ပုရိသသဟဿေန အရဟတ္တံ ပတ္တွာ ဧဟိ ဘိက္ခုဘာဝေ ပတိဋ္ဌာယ ဖဂ္ဂုဏပုဏ္ဏမာသိယံ စိန္တေသိ အတိက္ကန္တော ဟေမန္တော ဝသန္တသမယော အနုပ္ပတ္တော။

စသည်ဆိုလတ္တံ့သော စကားနှင့်ညီရာသတည်း၊ နေပြည်တော်သို့ ရောက်၍ သုံးရက်မြောက်၌ မင်းနန်းကိုရဟန်းပြုသည်ဆိုသောဗုဒ္ဓဝင်အဋ္ဌကထာ, ထေရာ အဋ္ဌကထာ, ဥဒါန်းအဋ္ဌကထာ, အင်္ဂုတ္တရအဋ္ဌကထာ တို့နှင့်အညီ၊ ၁၀၄—ခု သက္ကရာဇ်တကဲ်စ ကဆုန်လပြည့်ကျော်နှစ်ရက် သုံးဆယ့်ခြောက်နှစ် ပြည့်တွင် မင်းနန်ရဟန်းပြုသည်အဖြစ်ကို သိရာသတည်း။ ။မြတ်စွာဘုရား သက္ကရာဇ် ၆၈—ခုကဆုန်လပြည့်ဘွား၊ မင်းနန် ၎င်းလပြည့်ကျော်နှစ်ရက်ဘွား၊ မြတ်စွာ ဘုရားအောက်သုံးရက်ငယ်၏၊ ထို့ကြောင့်—

နန္ဒကုမာရော ဟိ ဗောဓိသတ္တတော ကတိပါဟေနေဝ ဒဟရော။ (ဟူ၍ဋီကာတေခသကဏ်မိန့်။)

လေးသစ်နိမ့်ဟူသည်ကား—

အာယသ္မာနန္ဒော ဘဂဝတော မာတုစ္ဆာပုတ္တော စတုရင်္ဂုလောမကော ဘဂဝတော။ (ဟူသောပါစိတ်ပါဠိတော် နန္ဒထေရသိက္ခာပုဒ်။)

စတုရင်္ဂုလောမကောတိစတူဟိ အင်္ဂုလေဟိ ဦနပမာဏော။(ဟူသော ၎င်းအဋ္ဌကထာတို့နှင့်အညီတည်း။)

သူအချို့ကား မြတ်စွာဘုရားထက် ကြီးသည်ဟုဆိုကုန်၏၊ မင်းနန်းကား ခကြီး၊ ဇနပဒကလျာဏီသာကြီး၏။

သာ တတော ကပ္ပသဟဿံ သံသရိတွာ အမှာကံ သတ္ထု နိဗ္ဗတ္တ- တော ပုရေတရ မေဝ မဟာပဇာပတိယာ ကုစ္ဆိမှိ ပဋိသန္ဓိံ ဂဏှိ နန္ဒာ တိဿာ နာမံ အကံသု၊ ရူပနန္ဒာတိ ဝုစ္စတိ၊ သာ အပရဘာဂေ ဥတ္တမရူပ ဘာဝေန ဇနပဒကလျာဏီနာမ ဇာတာ။ (အဋ္ဌကထာ အင်္ဂုတ္တိုရ်မိန့်။)

## ဝေဿန္တရာမင်းအလှူသေအရက်ပါရာ၌အပြစ်ရှိမရှိ

၄၃။ တေစတ္တာလီသမပုစ္ဆာ။ ။လှူဒါနငါးမည်ပေါင်း၊မကောင်းမှုဖြစ်ချေ။ ။မြတ်ရှင်တော်မိန့်တော်မြွက်၊ရွေ့ခွန်းထွက်မှန့်လှမသွေ။ ။ခုနစ်ရာ့ခုနစ်ထွေကို၊ လှူခါလေမလွဲ၊ သုရာကိုမချန်တဲ့၊ မင်းဝေဿန်ဒါနပွဲမှာ၊ သောက်စိမ့်ငှါ စွန့်ကြဲလျက်၊ ဘယ်နဲ့နှင့် ထိုမင်းခေါင်၊ ပစ်လွှင့်ခွါရှောင်။ ။ဖြေနိုင်သူ့ဉာဏ်ရောင်ငယ်၊ စကြာတောင် ဆိုက်ပါလိမ့်လေး။ ။(ငှင်းလည်းတချိုးကျ။)

၄၃။ တေစတ္တာလီသမဝိသဇ္ဇနာ။ ။သုရာကို မဆိုထားနှင့်၊ တိုင်းကားတဲ့ပြည်ရွာ၊ သားမယားရတနာငယ်၊ ကိုယ်အင်္ဂါမကြွင်း။ ။ဝိညာဏ်ရှိ-မဲ့ အတွင်းပြင်ငယ်၊ဘယ်ကိုပင်ထားလို့မခြွင်း။ ။လှူဝတ္ထုလှူခံကို၊ ထူးမကြံဘယ်သင်း၊ သူလိုလျှင် လှူလိုရင်းငယ်နှင့်၊ ပေးစွန့်ခြင်းအရာ။ ။အလုံးစုံလေလှန်ပစ်သာပ၊ မှန်စင်စစ်လောင်းတို့တံထွာ။ ။သူတပါးနှင့်၊ မူခြားစွာတယ်၊ တူမှားရာဘယ်ရလိမ့်၊ သေဒါန သည်ပြစ်ဒဏ်၊ ကင်း၏ဆိုရန်။ ။သတ္တလောကဟိတတ္ထနှင့်၊ မဟာဗောဓိသယ ပါရမီဉာဏ်ငယ်၊ မင်းဝေဿန် လွန်လွန်းလို့လေး။

> အယံ ဟိ ဗုဒ္ဓကာရကော ဓမ္မော အနုဂတော ဓမ္မတာ၊ ယဒိဒံ သဗ္ဗဿ အတ္တနိယဿ မမတ္တံ ပရိစ္စဟိတဝတ္ထုနော အနဝသေသပရိစ္စာဂေါ။
> (အစရိယသောဝေဿန္တရစရိယအဋ္ဌကထာ။)

> ယတ္တကံ ဟိ ယာစကာ ဇုတ္တန္တိ၊တတ္တကံ အပရိဟာပေတွာဝ မဟာသတ္တော ဒေတိ၊ ဥဋ္ဌာရဇ္ဈာသယတာယ စ မဟိဒ္ဓိကတာယ စ။

အစရိယသော မဟာသုဒဿန စရိယအဋ္ဌကထာတို့ကို စိမ့်စိမ့်ရှု၍ နှလုံးသွင်းပါကုန်။

---

## ဈာန်ဂရုကံကိုတားစွမ်းနိုင်သောကာမကုသိုလ်ကံ

၄၄၊ စတုစတ္တာလီသမပုစ္ဆာ။ ။ထက်ရပ်ဘုံ မြန်းချိန်ကျ၊ မည်တိဿမြဟ္မာ။ ။ရဟန္တာတောင်းပန်ငြား၊ လူ့သား၌သန္ဓေယူလာ။ ။ကာမဇောစေတနာငယ်၊ ဂုဏ်တေဇာမကြီး။ ။ဂရုကံ အဟုန်ကို၊ ဘယ့်နှယ်ပုံတားမြစ်လို့ဆီး။ ။စုတိချိန်ခါနီး၌၊ ပြဟ္မာကြီးသန္တာနေ၊ ဈာန်ရှိလျက်ပေ။ ။ကျမ်းဂန်နှင့် မသွေလျှင်၊ မြတ်ဘုန်းဝေ သိတန်ငဲ့လေး။

၄၄။ စတုစတ္တာလီသမဝိသဇ္ဇနာ။ ။ထက်ရပ်ဘုံ မြန်းချိန်ကျ၊ မည်တိဿမြဟ္မာ။ ။ရဟန္တာ တောင်းပန်ငြား၊ လူ့သားဒ္ဓ သန္ဓေ ယူလာ။ ။ကာမဇောစေတနာငယ်၊ ဂုဏ်တေဇာမကြီး။ ။ဂရုကံ အဟုန်ကို၊ ဘယ့်နှယ်ပုံတားမြစ်လို့ဆီး။ ။သည်ပုဗ္ဗာ လောင်မီးကို၊ အိုင်ကြီးရေစင်ညှက်ရောင်၊ ငြိမ်းစိမ့်ကုန်အောင်။ ။ဂဏ္ဍိပုဒ်သုံးစောင်မှာ၊ ဟိုယခေါင်ဘွင့်ပြီး။ ။နိကန္တိခွင့်သာတယ်၊ ဈာန်ကွာ အောင် စုတေ့ ခါနီး။ ။ရှေ့ငို့ကာညှက်ကြီးနှင့်၊ ကြီသီးတဲ့ကေစိတပုံ၊ စိတ်ပဏိဓိ သဏ္ဍိဟုန်ငယ်၊ တေဇာဂုဏ် ငယ်ယုတ်လျက်၊ မဟဂ္ဂုတ် ထိုက်အရာ၊ တားလို့ခွင့်သာ။ ။သာရတ္ထဋီကာမှာ၊ မြတ်ဆရာဘော်ညွှန်းငဲ့လေး။ ။
(ငင်းမှာစကားရင်း-၂-ချီးလွန်စေသည်။)

နနု စ ကတမေ တံ နာမ ဝုတ္တံ မောဂ္ဂလိဗြာဟ္မဏာဿ ဂေဟေ ပဋိသန္ဓိံ ဂဏှာဟာသတိ တိ ကိံ ဥပရူပပတ္တိယာ ပစ္စုလဒ္ဒသမာပတ္တိနံ ပိ ကာမာဝစရေန ဥပ္ပတ္တိ ဟောတိ တိ၊ ဟောတိ။သာ စ ကတာဓိကာ- ရာနံ မဟာပုညာနံ စေတောပဏိဓိဝသေန ဟောတိ၊ န သဗ္ဗေသန္တိ ဒဋ္ဌဗ္ဗံ။အထ မဟဂ္ဂတာဿ ဂရုက ကမ္မဿ ဝိပါကံ ပဋိဗာဟေတွာ ပရိတ္တ- ကမ္မံ ကထမတ္တနော ဝိပါကဿ ဩကာသံ ကရောတိ တိ၊ ဧတ္တေ စ တာဝ တီသု ပိ ဂဏ္ဍိပဒေသု ဣမံ ဝုတ္တံ"နိကန္တိဗလေနေဝ ဈာနံ ပရိ- ဟာယတိ၊တတော ပရိဟီနဈာနာ နိဗ္ဗတ္တန္တိ"တိ။ ကေစိ ပန အနိဝရ- ဏာဝတ္ထာယ နိကန္တိယာ ဈာနဿ ပရိဟာနိ ဝိမံသိတွာ ဂဟေတဗ္ဗာ တိဝတွာ ဧဝမေတ္ထ ကာရဏံ ဝဒန္တိ "သတိ ပိ မဟဂ္ဂတကမ္မုနော ဝိပါကပဋိဗာဟန သမတ္ထဿ ပရိတ္တကမ္မဿ အဘာဝေ 'ဣဇ္ဈတိ သီလ- ဝေ သီလဝတော စေတော ပဏိဓိ ဝိသုဒ္ဓတာ'တိ ဝစနတော'ကာမ- ဘဝေ စေတော ပဏိဓိ မဟဂ္ဂတကမ္မဿ ဝိပါကံ ပဋိဗာဟေတွာ ပရိတ္တကမ္မုနော ဝိပါကဿ ဩကာသံ ကရောတိ"တိ။(သာရတ္ထဒီပနီ။)

---

ဘုရားမှတပါးဒွတ္တိံသမဟာပုရိသလက္ခဏာပြည့်စုံသူ၂-ပါး

၄၅။ ပဉ္စစတ္တာလီသမပုစ္ဆာ။ ။မြတ်ချစ်ရှင် သုံးလူ့ဖျားမှ၊ တပါးတဲ့ လူဇာတ်မှာ။ ။ပြည့်သမ္ဘာ စုံရင့်သည့်၊ ရှင်ပင့်လောင်း မဟုတ်တိုပါ။ ။ဒွတ္တိံသမဟာငယ်၊ လက္ခဏာတွေဆန်း။ ။အလုံးစုံ ရသည်မှန်း၊ကျမ်းဂန်တွင်ညွှန်း၏ဖြောင့်တန်း။ ။သာမညောရဟန်းတွင်၊ ဘယ်မှန်းသိတို့အရှင်၊မိန့်ပထိပ်တင်။ ။ကျမ်းဂန်တတ်မှန်ပေလျှင်၊တို့သ ခင်သိတန်ငဲ့လေး။ ။

၄၅။ ပဋ္ဌစတ္တာလီသမ ဝိသဇ္ဇနာ။ ။သိန်းကမ္ဘာမှန်မယုတ်ကယ်က၊ ပဒုံမုတ်ရှင်တော်၊ ရေဝတတွင်ခေါ်တယ်၊ မြတ်သားတော်တထူး။ ။ တို့ထိပ်တင်ရှင်ချစ်၏၊ ရွှေရင်နှစ်ရတနာငယ်၊ ရာဟုလာနန်းသူ့မှန်ဖူး။ ။ဘဝကခြေပတ္တနာတယ်၊ ရွှေသမ္ဘာလွန်ကြူး၊ သာမဏောသည်နှစ်ဦးမှာလှ၊ ဂုဏ်ထူးသည့်မြတ်လက္ခဏာ။ ။သုံးဆယ်နှင့်နှစ်စုံပေါင်းငယ်တို့၊ ထင်ကြောင်းနှင့်ကျမ်းလာကြပါသည်သာ။ ။ကလျာဏ မိတ်မဟာငယ်၊ ရှင့်ပုစ္ဆာလေးဆယ့်ငါးကိုလှ၊ ပိုင်းခြားလို့အကုန်ကေန်၊ ရှင်းပေါ့မကျန်။ ။ကျမ်းဂန်တတ်မှန်မမှန်ကို၊ ရွှေဉာဏ်တော် ချင့်စမ်းပလေး။ ။

တဿ ကိရ သတ္တ၊ သရီရေ ဝိယ ဒွတ္တိံသ မဟာပုရိသလက္ခဏာနိ ပညာယန္တိ။ (ကေဂ္ဂါရအဋ္ဌကထာ။)
ဤကားအရှင်ဥပရေဝတ သာမဏေပြည့်စုံကြောင်းတည်း။

ဘဂဝတော ပိ သရီရံ ဒွတ္တိံသ မဟာပုရိသလက္ခဏပဋိမဏ္ဍိတံ ဒေဝနဂရေသု သမုဿိတရတနတောရဏံ ဝိယ သဗ္ဗဖာလိဖုလ္လော ပါရိစ္ဆတ္တကော ဝိယ စ အတိမနောဟရံ ရာဟုလဘဒ္ဒဿာ ပိ ဇာတိ-ဒွေ ပိ အဘိနီဟာရသမ္ပန္နာ၊ ဒွေ ပိ ရာဇပဗ္ဗဇိတာ၊ ဒွေ ပိ ခတ္တိယ-သုခုမာလာ၊ ဒွေ ပိ သုဝဏ္ဏဝဏ္ဏာ၊ ဒွေပိ လက္ခဏသမ္ပန္နာ။ (မဇ္ဈိမပဏ္ဏာသအဋ္ဌကထာ၊ မဟာရာဟုလောဝါဒသုတ်အဘွင့်။)
ဤကားအရှင်ရာဟုလာ သာမဏေပြည့်စုံကြောင်းတည်း။

ဤမျှလောက်အတိုင်းအရှည်ရှိသောနာတိသင်္ခေပနာတိ
ဝိတ္ထာရ စကားအစဉ်ဖြင့် မန်လည်မြို့မကျောင်း
ကြီးဆရာ ဘဒ္ဒန္တဇဝန မဟာထေရ်သည်
ဖြေဆိုအပ်သော ပဋ္ဌစတ္တာလီသပုစ္ဆာ
၏ဝိသဇ္ဇနာပြီးပြီ။



# သတပဒိက ပုစ္ဆာ ဝိသဇ္ဇနာ

**နမော တဿ ဘဂဝတော အရဟတော**

**သမ္မာသမ္ဗုဒ္ဓဿ။**

သက္ကရာဇ် ၁၂၄၄-ခု ကဆုန်လဆန်း ၈-ရက်နေ့ မန္တလေးမြို့မမင်းကျောင်း ဦးဇဝနကဲ့တဘန်ပြန်လှန်၍ မင်းကွန်းတောရ အရညဝါသီ ဦးပဏ္ဏဝံသထံ မေး လျှောက်အပ်သော ပုစ္ဆာ ၁၀၀-ကို ၎င်းမင်းကွန်း တောရအရညဝါသီ ဦးပဏ္ဏဝံသအမည်ရှိသော ပုဂ္ဂိုလ် သူမြတ်ဖြေဆိုအပ်သော သတပဒိကဝိသဇ္ဇနာ။

**မဟာစေတီနှင့်ရွှေတိဂုံစေတီတော်ပမာဏ**

၁။ ပဌမပုစ္ဆာ။ ။ကျွန်းသီဟိုဠ်စေတီမြတ်၊တပတ်တဲ့ကြီးတာ။ ။ရွှေတိဂုံဆံတော်ဓာတ်၊ သုံးပတ်ပြည့်ပါ။ ။သည်အလို ထေရ်ကိုဘုန်းငဲ့၊ ပိုနှုန်းသင့်ရသချ်ာ၊ မိန့်စပါအပြီး။ ။မင်းဒုဋ္ဌာ၊ ဓာတ်ပေါင်းစုံဌာပနာတဲ့၊မြတ်မဟာစေတီပုံက၊ရွှေတိဂုံဆံတော်မြ၊ဘယ်နှစ်ဆကြီး။ ။

၁။ ပဌမဝိသဇ္ဇနာ။ ။ကျွန်းသီဟိုဠ်စေတီမြတ်၊ တပတ်တဲ့ကြီးတာ။ ။ရွှေတိဂုံဆံတော်ဓာတ်၊ သုံးပတ်ပြည့်ပါ။ ။သည်တိုင်းမှန်လျှင်၊ ညီခင်ဘုန်းငဲ့၊ ပိုနှုန်းသင့်ရသချ်ာ၊ ထောင့်သုံးရာငါးဆယ်ပဲ။ ။မင်းဒုဋ္ဌာ၊ ဓာတ်ပေါင်းစုံဌာပနာတဲ့၊မြတ်မဟာစေတီပုံက၊ ရွှေတိဂုံဆံတော်မြ၊ နှစ်ဆထက်ကဲ။ ။

သီဟိုဠ်ကျွန်းမဟာစေတီတော်၏လုံးပတ်ပမာဏကို မဟာဝင်,စူဠဝံပဝင်, မဟာဝံပဝင်တို့၌ အတိုင်းအထွာနှင့်တကွအသေအချာမလာ။

ကိဳဒိသံ ဘန္တေ ပမာဏံ ကရောမိတိ ထေရံ ပုစ္ဆိ၊ ထေရော မဟာ-ရာဇ မမ ဂတဋ္ဌာနတော စေတိယာဝဋ္ဋံ ကရောဟီ တိ ဝတွာ ပရိ-ဝတ္တန္တော ဂစ္ဆိ၊ ရာဇာ ထေရဿ ဂုတ္တနယေနေဝ စေတိယာဝဋ္ဋံ ကတွာ ထေရံ ပုစ္ဆိ၊ တုမှံ ဘန္တေ ကော နာမောသီတိ။ ထေရော အဟံ မဟာရာဇ သိဒ္ဓတ္ထထေရော နာမာတိ အာဟ။

ဟူ၍ဤမျှသာလျှင် စူဠဝံပဝင်,မဟာဝံပဝင်တို့၌လာသည်။ ။ရွှေတိဂုံစေတီတော်ကား အချင်းနှစ်ရာ့နှစ်ဆယ့်ငါးတောင်၊ အဝန်းခြောက်ရာ့ခုနစ်ဆယ့်ငါးတောင်၊ စေတီတော်ရပ် တရာ့ရှစ်ဆယ့်ခြောက်တောင်နှစ်မိုက်ငါးသစ်၊ ထီးတော်ရပ် အတောင်သုံးဆယ်၊ အလုံးစုံရပ်တော်ပေါင်း နှစ်ရာ့တဆယ့်ခြောက်တောင်နှစ်မိုက်ငါးသစ်၊ ထီးဝကိုးတောင်တမိုက်၊ ထီးဝန်းနှစ်ဆယ့်ရှစ်တောင်ဟုသမိုင်း၌ဆိုသည်၊ ထို့ကြောင့် ရွှေတိဂုံစေတီတော်အဝန်းခြောက်ရာ့ခုနစ်ဆယ့်ငါးတောင်ကို သုံးခုမြှောက်၊ နှစ်ထောင့်နှစ်ဆယ့်ငါးတောင်ဖြစ်၏၊ ၎င်းနှစ်ထောင့်နှစ်ဆယ့်ငါးတောင်၌ ယခင်ခြောက်ရာ့ခုနစ်ဆယ့်ငါးတောင်ကို နှုတ်၊ အပိုသချာထောင့်သုံးရာငါးဆယ်ဖြစ်၍ ရွှေတိဂုံစေတီတော်ထက် သီဟိုဠ်မဟာစေတီတော်က နှစ်ဆထက်ကြီးသည်ဟူ၍မှတ်ယူသင့်၏။

ဤအဖြေသည်လည်း “ကျွန်းသီဟိုဠ်စေတီမြတ်၊ တပတ်တဲ့ကြီးတာ၊ ရွှေတိဂုံဆံတော်မာတ်၊သုံးပတ်ပြည့်ပါ၊ သည်အလိုထေရ်ကိုဘုန်းငဲ့ပိုနှုန်းသင့်ရသချာ၊မိန့်စပါအပြီး”။

ဟူသောပုစ္ဆာအားလျော်စွာ ဤအတိုင်းမှန်ခဲ့လျှင်သာ ဤမျှလောက်သောအပိုသချာဖြစ်သင့်ကြောင်းကို ဖြေဆိုသောစကားမျှသာဖြစ်သည်၊ ဤပုစ္ဆာစကားသည်လည်း မေးသည်အတိုင်းမမှန်၊ အဘယ်ကြောင့်နည်းဟူမူ၊ သီဟိုဠ်မဟာစေတီတော်ကား အနပ်တော်အတောင်တရာ့နှစ်ဆယ်၊ လုံးပတ်တော်အတောင်သုံးရာ့ခြောက်ဆယ်သာ ရှိသောကြောင့်တည်း၊ ထိုကြောင့် သာရတ္ထသင်္ဂဟကျမ်း၌—

ဧကော ကိရ ပုရိသော ဇာမမေဝ မုနိဒ္ဓိဝိသေသံ စိန္တေန္တော ဥမ္မာဒပတ္တော ဝိစရတိ၊ အထေကော ပဏ္ဍိတပုရိသော ဟံ အာဒါယ မဟာစေတိယဿ သန္တိကံ ဂန္တွာ ပဿ ဘော ဇာမံ မဟာစေတိယံ၊ဝီသ-ရတနသတာယာမံ တိသတသဋ္ဌိရတနပရိဏာဟံ ဟောတိ၊ တံ တသ္မိံ ဝိ ပဿာတိ အာဒါသံ ဒဿေတွာ ဇာမံ စေတိယံ၊ န အာဒါ-သတလံ သန္ဒာယ ခုဒ္ဒကံ အဟောသိ၊ န မဟာစေတိယံ သန္ဒာယ

အာဒါသတလံ မဟာ အဟောသိ၊ တထူပမ မိမံ ပါဠိဟာရိယန္တိ သညာ ပေတိ။

ဟု မိန့်ဆိုလေသည်။ ။မဟာဝင်၌လည်း—

ဗုဒ္ဓသာရိရစေတူနံ၊ ဓေါတာဓာတုနိဓာနဝါ။

ဝိသရတနသတုဓွေ၊ ဟောမမာလီတိ ဝိသုံတော။

ဟု မိန့်ဆိုတော်မူသည်၊ ထိုကြောင့် ကျမ်းဂန်သမိုင်း အထွက်အဆိုအားဖြင့် သီဟိုဠ်မဟာစေတီတော်ထက်ပင် ရွှေတိဂုံဆံတော်စေတီ ကြီးသည်ဟူ၍ မှတ်ရမည်။

---

## ကမ္ဘာဦးအစ ဇာတ္တိ, ပုရိသ မည့်သည်ကစ၍ဖြစ်ကြောင်း

၂။ ဒုတိယပုစ္ဆာ။ ။ဇာတ္တိတဲ့ပုရိသာ။ ။ပေါ်စကမ္ဘာက၊ ဘယ်သူမှာအစထူး၊ ရှေးဦးဖြစ်လာ။ ။လွဲမသွေခွဲဝေစမ်းပါဖျို၊ ရှေ့ကျမ်းတတ်မြတ်ဆရာ၊ မှတ်ပါလှချင်လွန်း။ ။ဥဒါန်းငယ်ပြောင်၊ လူ့တမ်းမှာတမူဆောင်လို့၊ ဇမ္ဗူဘောင်နောင်မညှိုးအောင်၊ ထိုးလိမ့်မော်ကွန်း။ ။

၂။ ဒုတိယဝိသဇ္ဇနာ။ ။ဇာတ္တိတဲ့ပုရိသာ။ ။ပေါ်စကမ္ဘာက၊ မိန်းမမှာအစထူး၊ ရှေးဦးဖြစ်လာ။ ။သွေမလွဲပါဘူး၊ ဝေခွဲငဲ့ ဆွေ မဟာငယ်၊ မှတ်ပါစေချင်လွန်း။ ။ဥဒါန်းငယ်ပြောင်၊ လူ့တမ်းမှာ တမူဆောင်လို့၊ ဇမ္ဗူဘောင်နောင်မညှိုးအောင်၊ ထိုးတော့မော်ကွန်း။

မဟာဘူတိတ္ထိယော နာမ၊ လောကသ္မိံ ဥပပဇ္ဇိံသုံ။ (အလီတိ နိပါတ် မဟာဟံသဇာတ်ပါဠိတော်။)

ဥပပဇ္ဇိံသုန္တိ ပဌမကပ္ပိကကာလေ ဇာတ္တိလိင်္ဂသေဝ ပဌမံ ပါတုဘူ- တတ္တာ ပဌမံ နိဗ္ဗတ္တာတိ အတ္ထော။ (၎င်းအဋ္ဌကထာ၊ ပရိဝါအဋ္ဌကထာ, ဋီကာတို့၌ကား ပုရိသလိင်ရှေးဦးဖြစ်သည် ဟူ၏။)

သဟာပဋိလာဘစတုက္ကေ ယဿ ဘိက္ခုနော လိင်္ဂံ ပရိဝတ္တတိ၊ သော သဟ လိင်ပဋိလာဘေန ပဌမံ ဥပ္ပန္နဝသေန သေဋ္ဌဘာဝေန စ ပုရိမံ ပုရိသလိင်္ဂံ ဇဟာတိ၊ ပစ္ဆိမေ ဇာတ္တိလိင်္ဂေ ပတိဋ္ဌာတိ၊ (ပရိဝါအဋ္ဌကထာစတုက္က)။ ။ပဌမကပ္ပိကောသု ပဌမံ ပုရိသလိင်မေဝ ဥပ္ပဇ္ဇတီ တိ အာဟ၊ ပဌမံ ဥပ္ပန္နဝသေနာ တိ ပုရိမံ ပုရိသလိင်္ဂံ ဇဟာတီတိ ယထာ- ဝုတ္တေနတ္တေန ပုဗ္ဗင်္ဂမဘာဝတော ပုရိမသန်ါတံ ပုရိသလိင်္ဂံ ဇဟာတိ။ (သာရတ္ထဒီပနီဋီကာ, ဝိမတိဋီကာ၊ အဋ္ဌကထာချင်းအဆိုမညီကြ။)

## လနှင့်နေတို့ တနာရီသွားခရီးအတိုင်းအတာ

၃။ တတိယပုစ္ဆာ။ ။စန္ဒနှင့်သူရိယာ။ ။မြွားအဟုန်သုန်မကအောင်၊ မြန်းကြလျှင်စွာ။ ။မင်္ဂလာခါညောင်းလို့၊ ငွေမောင်းတဲ့ဆော်လာ၊ တနာရီတိုင်က။ ။တူမကွာ၊ နှစ်ပါးငယ်စကြာတို့၊ယူဇနာဘယ်အခွန့်ကို၊ မြူးကွန့်နိုင်ကြ။ ။

၃။ တတိယဝိသဇ္ဇနာ။ ။စန္ဒနှင့်သူရိယာ။ ။မြွားအဟုန်သုန်မကအောင်၊မြန်းကြလျှင်စွာ။ ။မင်္ဂလာခါညောင်းလို့၊ငွေမောင်းတဲ့ဆော်လာ၊ တနာရီတိုင်က။ ။သူရိယာ၊ ငါးသောင်းယူဇနာပ၊ စန္ဒာမှာရှစ်ထောင်ဆောင်းလို့၊ လေးသောင်းသုံးရာနှင့်၊ ယူဇနာသုံးဆယ့်သုံးကို၊ ဆုံးလွန်လို့ကြွ။ ။

**တိံသသတသဟဿာနိ၊ ယောဇနာနိ ပမာဏတော။**
**တသ္မာ သောပရိုတော ယာတိ၊ တတ္တကံဝ ဒိနေ ဒိနေ။**

ဟုသာရတ္ထ ဒီပနိဋီကာ မိန့်အပ်သည်နှင့်အညီ နေမင်းသည် တနေ့တနေ့ကို ယူဇနာသုံးသန်း အကိုင်းအရှည်ရှိသော မြင့်မိုရ်ပတ်လည် ကောင်းကင်ခရီးသို့ သွားနိုင်သည်၊ တနေ့လျှင် နာရီခြောက်ဆယ်ရှိသည်ဖြစ်၍ ၎င်းသုံးသန်းကို နာရီခြောက်ဆယ်နှင့်စား၍ ရသောလဒ်ယူဇနာ ငါးသောင်းခရီးသည် တနာရီနေသွားသောခရီးမည်၏၊ ထိုကြောင့် လောကပညတ္တိဒီပနီကျမ်း၌—

> အမုံရတ္တိတော ပဋ္ဌာယ သူရိယော နက္ခတ္တရာသိမဏ္ဍလေန သဟေဝ စရမာနော ဧကေကနာဠိကေ ပရိပုဏ္ဏကာလေ ပဉ္စနဟုတ ပဉ္စနဟုတယောဇနမဒ္ဓါနံ ဂတော၊

ဟု မိန့်ဆိုလေသည်။

> သူရိယဿ ဥဇုဂမနံ သီဃံ တိရိယဂမနံ ဒန္ဓံ၊သော ဟိ ကာဠပက္ခဥပေါသထဒိဝသတော ပါဋိပဒဒိဝသေ ယောဇနာနံ သတသဟဿံ စန္ဒမဏ္ဍလံ ဩဟာယ ဂစ္ဆတိ၊ (သုတ်ပါထေယျ အဂ္ဂညသုတ် အဋ္ဌကထာ။)

> စန္ဒော ဥဇုကံ သဏိကံ ဂစ္ဆတိ၊သော ဟိ အမာဝသိယံ သူရိယေန သဒ္ဓိံ ဂစ္ဆန္တော ဒိဝသေ ဒိဝသေ ဩဟိယန္တော ပုဏ္ဏမာသိယံ ဥပဍ္ဍမဂ္ဂတော ဩဟိယတိ၊ (သာရတ္ထဒီပနီဋီကာ၊)

ဤသို့အဋ္ဌကထာဋီကာတို့ မိန့်ဆိုသောကြောင့် လသည်နေကိုမမှီနိုင်၍ တနေ့တနေ့လျှင် ယူဇနာတသိန်း တသိန်းကျန်ရစ်သည်၊ ၎င်းကျန်ရစ်သော ယူဇနာတသိန်းကို နာရီခြောက်ဆယ်နှင့်စား၊ရသောလဒ်တထောင့် ခြောက်ရာခြောက်

ဆယ့်ခြောက်ယူဇနာနှစ်ဂါဝုတ် ငါးဆယ့်သုံးဥသဘခြောက်တာ လေးတောင်ထွာ ခလေးသစ်သည် တနာရီလကျန်ရစ်သောခရီးမည်၏၊ ၎င်းအကျန်ကို နေ့တနာရီသွားယူဇနာငါးသောင်း၌နှုတ်၊အကြွင်းလေးသောင်း ရှစ်ထောင့် သုံးရာသုံးဆယ့် သုံးယူဇနာ တဂါဝုတ် နှစ်ဆယ့်ခြောက် ဥသဘ တဆယ့်သုံးတာ နှစ်တောင့် ရှစ်သစ်ခရီးသည် တနာရီလသွားသော ခရီးမည်၏၊ ဤသို့သော အပိုအလွန်ကို ရည်၍''ဆုံးလွန်လို့ကြွ'' ဟူသောစကားကို ဆိုလိုက်ပေသည်။

---

## နေမိမာန်၌ဒေါင်းရုပ် ရှိ-မရှိ

၄။ စတုတ္ထပုစ္ဆာ။ ။စန္ဒာငွေမှာယုန်ရေးကိုလ၊ ဟိုရှေးကဇာတ်တော်မှာ၊ ကျမ်းနိပါတ်လာ၊ သို့အစဉ်အမြင်သားဟာမို့၊ ထင်ရှားပသည်အရာ၊ ကမ္ဘာလုံ့မော်ကွန်း။ ။ရွှေမိမာန် နေဝန်းငယ်သူရကန်၌၊ ဘယ်ပုရာဏ် ဘယ်စာဟောင်းငယ်ကမှ၊ ဒေါင်းရုပ်ရှိညွှန်း။ ။

၄။ စတုတ္ထနိသဇ္ဇနာ။ ။လမိမာန်ရွှေယုန် ရုပ်ကိုလ၊ ကျမ်းထုတ်လို့ ထင်ရှားစွာ၊ ကမ္ဘာလုံ့မော်ကွန်း။ ။ရွှေမိမာန်၊ နေဝန်းသူရကန်၌၊ ဘယ်ပုရာဏ် ဘယ်စာဟောင်းကမှ၊ ဒေါင်းရှိမညွှန်း။ ။

သင်္ဂါယတနာတင် ပါဠိ,အဋ္ဌကထာ,ဋီကာ,အနု,မဓုစသော ကျမ်းကြီးကျမ်းခိုင်တို့၌၎င်း၊ သင်္ဂါယတနာမဝင်သော်လည်း အစဉ်အဆက် သုံးဆောင်ထင်ရှားအားကိုးယုံကြည် စလောက်သောသာရတ္ထ သင်္ဂဟကျမ်း, လောကုပ္ပတ္တိကျမ်း, လောကပညတ္တိကျမ်း,လောကဒီပကကျမ်း,လောကပညတ္တိဒီပနီကျမ်း, စန္ဒသူရိယဂတိဒီပနီကျမ်း,ဆဂတိဒီပနီစသောကျမ်း,မဟာဝင်, ဒီပဝင်စသောဝင်ကျမ်းအစောင်စောင်, ရာဇဝင်အမျိုးမျိုး, အဘိဓာန်, ၎င်းဋီကာ, ဗင်ဂလီနာဂရီလောကီ သင်သကရိဋ်ကျမ်းတို့၌၎င်း နေမိမာန်ဝယ်ဒေါင်းရုပ် ရှိသည်ဆိုသောစကားကိုမတွေ့ဘူးချေ။

သို့ကျမ်းဂန်မလာလျှင် အဘယ့်ကြောင့်''ရွှေပြဿာ ဝိဒေစွန်းဆိက၊ ဒေါင်းမိမာန်တက်လာထွန်းပါပေ၊''စသည်ဖြင့် အများအပြားနေ၌ဒေါင်းရုပ်ရှိကြောင်းကို ပြော-ဆိုရေးသားသီကုံးကြသနည်းဟူငြားအံ့၊ ကျမ်းဂန်မရှိဘဲလျက် ပြောဆို ခေါ်ဝေါ်ကြသည်ကား လောက၌အများပင်—

ရွှေယုန်နှင့် ရွှေကျား သက်ကယ်ရိတ်သွားသည်ဟု နိုင်ငံအနှံ့အပြား ဝတ္ထုပြောဆိုလက်ာအချို့သီကုံးကြ၏၊ ကျမ်းဂန်မရှိ။

မွေးစသူငယ်ကိုအနဝတတ်ရေစင်ချိုးလျှင် တဆယ့်ငါးနှစ်,တဆယ့်ခြောက်နှစ်အရွယ်ဖြစ်သည်ဟု အများပြောဆိုကြ၏၊ ကျမ်းဂန်မရှိ။

တာဝတိံသာဝယ် သိကြားမင်းဝေဇယန္တာပြာသာဒ်ဖျားဌ ရုပ်ပုံကြယ် စိုက်ထားသည်ဟု အများပြောဆိုကြ၏၊ ကျမ်းဂန်မရှိ။

ဗောဓိမဏ္ဍိုင်၌ ဘုရားကို မာရ်နတ်တိုက်လာသောအခါ ဝသုန္ဒြေ မြေစောင့်နတ်သည် မြေမှပေါ်ထွက်လာ၍ ဆံရေ လက်ညှစ်သဖြင့် မာရ်စစ်သည်ရေမျောပျက်စီးကြောင်းကို များစွာပြောဆိုရေးသား ပုံထု လုပ်ထားကြ၏၊ ကျမ်းဂန်မရှိ။

ဤသို့စသည်ဖြင့် ကျမ်းဂန်မရှိဘဲလျက် ပြောဆိုရေးသားကြသည့် အရာသည် အများပင်ဖြစ်တော့သည်။

သူအချို့ကား အလောင်းတော် ဥဒေါင်းမင်းသည် နေထွက်သောအခါ နေကိုကြည့်၍ ''ဥဒေတယံစက္ခုမာ'' စသော ပရိတ်ကို၊ နေဝင်သောအခါ ''အပေတယံ စက္ခုမာ'' စသောပရိတ်ကို ရွတ်အံသရဇ္ဈာယ်၍ ဘေးရန်ကင်းသည်၊ ဤအကြောင်းအရာကို များစွာသောသူတို့ သိစေခြင်းငှါ နေဗိမာန်၌ ဒေါင်းရုပ်ပုံကို ထုလုပ်ရေးသားထားကြကုန်သည်၊ ဤသို့ထားသည်ကိုစွဲ၍ နေဗိမာန်၌ ဒေါင်းရုပ်ရှိသလို ပြောဆိုရေးသား လက်သီကုံးကြသည်ဟု ဆိုကြကုန်၏။

---

## အစိမ်းရောင်ရုပ်ဓာတ်ဖြစ်ခြင်း အကြောင်းရင်း

၅။ ပဌမပုစ္ဆာ။ ။တိမ်တောင်မှာ စိမ်းရောင်ဟပ်၊ ဘယ်ဓာတ်နှင့်ဘဟာကြို၊ ရူပါရုံဖြစ်ဆန်း။ ။သိစရာ ကဝိငယ် တလိမ္မာပ၊ ရွှေစိန္တာဉာဏ်ကွန်ရက်ကယ်နှင့်၊ ဆေးဘက်လို့မှန်း။ ။

၅။ ပဌမဝိသဇ္ဇနာ။ ။တိမ်တောင်မှာစိမ်းရောင်ဟပ်၊ရုပ်ကလာပ်ဖြစ်ပုံ၊ ဘယ်ဓာတ်နှင့်ဘဟာကြို၊ ရူပါရုံဖြစ်မှန်း။ ။သဗ္ဗညုဉာဏ်အရာကို၊ ဆွေကလျာမေးချက်ကဆန်း။ ။တိမ်တောင်မှာစိမ်းရောင်ပန်းကိုလ၊ တသန်းမျှမမြင်ဘူးပါ။ ။ဘယ်အချိန်ဘယ်ဌာန၊ ဘယ်ရပ်မှ ဖြစ်ပေါ် လေသည်သာ။ ။သို့စင်ပင် မမြင်ဘူး သော်လည်း၊ ကျမ်းဂန်ထုံးပါငြအလာကို၊ မှတ်စရာတဆူဖြစ်စေတော့၊ မူအသစ်ဇမ္ဗူနယ်မြေ၊ ညွှန်းအံ့မသွေ။ ။စိမ်းရောင်ဟပ်ပါတဲ့၊ ရုပ်ကလာပ်သူ့အခြေမှာ၊ လေမီးနှစ်ထွေ၊ လွန်ပေါင်းဆုံလို့လေး။ ။

ဤ''တိမ်တောင်မှာ စိမ်းရောင်ဟပ်''ဟူသောပုစ္ဆာသည် ဗာဟိရဓာတ်အရာဖြစ်သည်၊ဗာဟိရဓာတ်အရာ၌လည်း သဗ္ဗညုတဉာဏ်ဘုရားသာ ကျက်စားနိုင်သည်၊ ပစ္စေကဗုဒ္ဓါ,သာဝကတို့အရာမဟုတ်၊ထို့ကြောင့် အင်္ဂုတ္တိုရ်ဋီကာ,သဂါထာဝဂ္ဂ သံယုတ်ဋီကာတို့၌-

ပစ္စေကဗုဒ္ဓါနံ ဟိ ဒွိန္နဉ္စ အဂ္ဂသာဝကာနံ ဥပါဒိဏ္ဏဓာတူသု ဝေ နာနာကာရဏံ ပဋိစ္စ ညဏံ ပဝတ္တတိ၊ တဉ္စ ခေါ ကေဒေသတော ဗဟိဒ္ဓါ အနုပါဒိဏ္ဏဓာတူနံ နာနာကာရဏံတေသံအဝိသယော၀၊သဗ္ဗ- ညုဗုဒ္ဓါနံ ယေဝ ပန ဣမာယ ဓာတုယာ ဥဿန္နတ္တာ ဣမဿ ရုက္ခဿ ခန္ဓော သေတော ဟောတိ၊ဣမဿ ကာဠော၊ဣမဿ မဋ္ဌော၊ ဣမဿ ခရော၊ ဣမဿ ဗဟလတ္တစော၊ ဣမဿ သုခုမတ္တစော၊ ဣမဿ ပတ္တံ ဝဏ္ဏသဏ္ဌာနာဒိဝသေန ဝေရူပံ၊ ဣမဿ ပုပ္ဖံ နီလံ ပီတံ လောဟိတံ ဩဒါတံ သုဂန္ဓံ ဒုဂ္ဂန္ဓံ ဖိဿ ကဂန္ဓံ၊ဖလံ ခုဒ္ဒကံ မဟန္တံ ဒီဃံ ဝဋ္ဋံ သုဝဏ္ဏံ ဒုဗ္ဗဏ္ဏံ မဋ္ဌံ ဖရုသံ သုဂန္ဓံ ဒုဂ္ဂန္ဓံ မဓုရံ တိတ္တကံ အမ္ဗိလံ ကဋုကံ ကသာဝံ၊ ကဏ္ဍကော တိခိဏော အတိခိဏော ဥဇုကော ကုဋိလော ပီတော လောဟိတော ဩဒါတော တိ အာဒိနာ ဓာတု နာနတ္တံ ပဋိစ္စ ညဏံ ပဝတ္တတိ။

ဟု မိန့်တော်မူသည်၊ တိမ်တောင်၌လည်း မြစိမ်း, သစ်ရွက်, မြက်ဝါးစိမ်း အဆင်းကဲ့သို့ စိမ်းသောအဆင်းကို ဘယ်အချိန် ဘယ်ကာလ ဘယ်ဌာန ဘယ် အရပ်ဒိသာမှာမှ မမြင်ဘူးချေ၊ သို့မမြင်ဘူးငြားသော်လည်း အမေးရှိက ဖြေ အပ်လှသောကြောင့် မြတ်စွာဘုရား ဟောကြားသောနည်းကိုမှီ၍ ပြဆိုသော ကျမ်းဂန်နှင့်အညီ စိမ်းသောအဆင်းရှိသောရုပ်ကလာပ်မှာ တေဇောဓာတ်,ဝါ ယောဓာတ် နှစ်ပါးလွန်သောကြောင့် စိမ်းသော အဆင်းထူးဖြစ်သည်ဟူ၍ မှတ် ရမည်၊ ထို့ကြောင့် လောကပညတ္တိကျမ်း၌-

ယာနိ ပတ္တာနိ သေတာနိ၊ တတ္ထ အာပေါ ဓာတု ဥဿန္နာ။ ယာနိ ကာဠကာနိ၊တတ္ထ တေဇောဓာတု ဥဿန္နာ။ ယထာပတ္တာနိ ကေတော သေတာနိ ဟောန္တိ၊ကေတော ကာဠကာနိ၊ယတော သေတာနိ၊တတော အာပေါဓာတု ဥဿန္နာ။ ယတော ကာဠကာနိ၊တတော တေဇော- ဓာတု ဥဿန္နာ။

ဟု မိန့်ဆိုသည်၊ တေဇောဓာတ်,ဝါယောဓာတ်သည် သဘာဂ ဖြစ်သော ကြောင့် တပါးလွန်လျှင် တပါးလွန်တော့သည်သာ၊ ဤ၌ ကာဠကာနိ ဟူသော် လည်း သစ်ရွက်ကိုပြဆိုသော အရာဖြစ်သောကြောင့် စိမ်းညိုသော အဆင်းကို သာမှတ်ရမည်၊ မဟာနီကွန်ချာမည်သော ဓာတ်ကျမ်း၌ကား စိမ်းသော သစ် ရွက်၌ အာပေါဓာတ်လွန်သည်ဟူ၏။

---

## စို့-သက်တင် ဖြစ်ပေါ်ခြင်း အကြောင်းရင်း

၆။ ဆဋ္ဌမပုစ္ဆာ။ ။ထက်ကောင်းကင် ဖွေ့အမြင့်၊ သိကြားမင့် လေးသဏ္ဌာန်၊စို့-သက်တင့်ထင်ဟန်၊ ဆင်ခြင်ရန်လွန်ပေါ။ ။သူတ

ချို့အရောင်ထင်၊ အကောင်ပင်တချို့ကပြော။ ။ဘယ်သို့မို့ သည်အရောင်၊ သည်အကောင်ဖြစ်သော။ ။အစိန္တေ သည်သဘောကိုလ၊ ဟောပါနှင့်မြတ်ဆရာ။ ။ရွှေဘောတော်ထင်ဟန်နှင့်၊ လာကျမ်းဂန်မှန်အဖြောင့်၊ ချန်မထောင့်လင်းမိန့်စေလိုပါ။ ။ပြောစမှတ်သာပ၊ လောကဓာတ်၌လူ့ရွာ၊ သည်ပုစ္ဆာရန်တမင်းပါဘဲ့၊ နှင်းလိုက်ပမကျန်အကုန်၊ ကြွင်းမဲ့ဉသုံ။ ။ရွှေအာသောက်တဲ့ပညာမုန်ငယ်၊ ဉာဏ်စွယ်စုံပြောင်ကြီးကွဲ့လေး။ ။

၆။ ဆဋ္ဌမဝိသဇ္ဇနာ။ ။ထက်ကောင်းကင်ဗွေအမြင့်၊ သိကြားမင်းလေးပုံစံ။ စို့-သက်တင့်ရောင်လျှံကို၊ ပြောဆိုသံလွန်ပေါ။ ။သူတချို့အရောင်ထင်၊ အကောင်ပင်တချို့ကပြော။ ။ဉာဏ်နဲ့လို့အကောင်ထင်၊ အရောင်ပင်မှန်သကော။ ။အစိန္တေသည်သဘောကိုကွဲ၊ ဟောပါဘူးသာကိန္နယ်။ ။ရွှေဘောတော်ထင်ဟန်နှင့်၊ လာကျမ်းဂန်မှန်အဖြောင့်ကို၊ ချန်မထောင့်လင်းမိန့်လိုက်ပမယ်။ ။မိုးတိမ်ညွန့်မှာလ၊ နေကွန့်လို့ရောင်လျှံတွယ်၊ ရိမ္မောင်ပယ်ထိန်ဝင်းလို့၊ သိကြားမင်းလေးသဏ္ဍာန်၊ ဖြစ်သည့်ကေန်။ ။ကပ်လာချဉ်းတဲ့၊ တမင်းရန့်ကို၊ ကြွင်းမချန်နှင်းလိုက်ကွဲ့လေး။ ။

ဎင်းစို့-သက်တင့်သည် နေရှိဆဲ မိုဃ်းရွာသောအခါ၌သာ နေကိုမဖုံးဘဲ အဝေး၌တည်ရှိသောမိုဃ်းဖွဲနှင့်တကွ သောတိမ်၌နေရောင်ဟပ်၍ ထင်သည်ဟူ၍သဘောကျသည်၊ သဘောကျသည်အတိုင်းလည်း သာရတ္ထသင်္ဂဟကျမ်း၌—

> သူရိယရံသိယော စ မေဃဝလာဟက မာဂမ္မ သုဝဏ္ဍာ ဟုတွာ အာလောကာ ပညာယန္တိ၊ တံ ဇုန္ဒစာပေါ တိ ဝဒန္တိ။ တထာ ဟိ သော ပုဗ္ဗဏှေ ပညာယမာနေ ပစ္ဆိမဒိသာယ ပညာယတိ၊ သာယဏှေ ပုရတ္ထိမဒိသာ ယံ။

ဟု မိန့်ဆိုတော်မူသည်။ ။သီလက္ခန်ဋီကာသစ်၌လည်း—

> ဇုန္ဒဿ ဓနု ဒလာကသင်္ကေတဝသေနာ တိ ဇုန္ဒဓနု၊ သူရိယရသ္မိဝသေန ဂဂနေ ပညာယမာနာကာရဝိသေသော၊—

ဟု မိန့်ဆိုတော်မူလေသည်။

## ပဋ္ဌာန်းဝိတက်တက်မောဟ ၇-ပါး

၇။ သတ္တမပုစ္ဆာ။ ။ခုနစ်သွယ်မောဟတဲ့၊ကျမ်းပြလို့မိန့်ဆို၊ပါကို လို့ဝေခြမ်း။ ။ဉာဏ်ကြီးမှန်၊ ပဋ္ဌာန်းငယ်ရွှေစာပြန်မို့၊ ဗျာခြွေဟန်၊ ဘယ့်နှယ်မိန့်ရှာလိမ့်မယ်၊ နားစိမ့်ချင်စမ်း။ ။

၇။ သတ္တမဝိသဇ္ဇနာ။ ။ခုနစ်သွယ်မောဟလို့၊ ဝိတက္ကတိက် အဆို၊ သည်ကိုပဆွေကြော့။ ။ဉာဏ်ကြီးမှန်၊ ပဋ္ဌာန်းရွှေစာပြန်ပ၊ဗျာ ခြွေဟန်သည့်နှယ်မြွက်လိုက်တယ်၊ နားရှုက်လေတော့။ ။

ပစ္စနိယေန ဟေတုယာ စေတ္တိံသ ပဉ္စ သတ္တသု ဌာနေသု သတ္တ မောဟာ ဥဒ္ဓရိဘဗ္ဗာ မူလပဒေသု ယေဝ။ (ဝိတက္ကတိက်ပစ္စယဝါရ ပစ္စနိက်ပါဠိတော်။)

ပစ္စနိယေ။လ။မူလပဒေသု ယေဝါ တိ သဝိတက္ကသဝိစာရာဒိပဒေသု မူလပဒ မေဝ အဝသာနဘာဝေန ယေသု ပဒေသု ယောဇိတံ၊ တေသု သတ္တသု ပဒေသု သတ္တ မောဟာ ဥဒ္ဓရိတဗ္ဗာ တိ အတ္ထော။ (ဋ္ဌင်းမူလဋီကာ၊)

မူလပဒေ မေဝ အဝသာနဘာဝေနာ တိ သဝိတက္ကသဝိစာရံ ဓမ္မံ ပစ္စယာ သဝိတက္ကသဝိစာရော ဓမ္မော ဥပ္ပဇ္ဇတိ န ဟေတု ပစ္စယာ တိ အာဒိနာ မူလပဒမေဝ အဝသာနဘာဝေန ယောဇိတံ၊ သတ္တ မောဟာ ဥဒ္ဓရိတဗ္ဗာ တိ ဣဒံ န ဟေတုပစ္စယံ သန္ဓာယ ဝုတ္တံ။ ပဋိစ္စဝါရေ ဟိ အဟေတုကမောဟော တိက္ခတ္တုံ မေဝအာဂတော၊ဣဓ ပန ဝတ္တုံ ပစ္စ- ယာ တိ အာဒိနာ စတူသု ပိ မူလကေသု အာဂတော၊တသ္မာ သတ္တ- က္ခတ္တုံ အာဂမနံ သန္ဓာယ သတ္တ မောဟာ တိ ဝုတ္တန္တိ ဝေဒိတဗ္ဗံ။ (ဋ္ဌင်းအနုဋီကာ၊)

မေးသောပုဂ္ဂိုလ်၏အလို အာဘော်မကျသော်လည်း တနည်း-ခုနစ်သွယ် မောဟယူပုံကား-

လောကိုးမည်ရှိ၊ ဒိဋ္ဌိရှစ်မည်၊ ခုနစ်မည်မောဟ၊ ငါးဝဒေါသာ၊ ကန်ါ လေးထုတ်၊ မာနုဒ္ဒစ္စ၊ ထိနနှစ်မည်၊ကြွင်းသည်ခြောက်ဝ၊တမည်ရ၊ပေါင်း က စုဒ္ဒသာ။

ဟုသင်္ဂြိုဟ်အကုသလသင်္ဂဟ၌ ပြအပ်သောအဝိဇ္ဇာသဝ, အဝိဇ္ဇောဃစသော မောဟခုနစ်ပါးကိုလည်းယူသင့်၏။

---

## နိယတပုဂ္ဂိုလ် ၃-ဦး

၇။ အဋ္ဌမပုစ္ဆာ။ ။သိစေရအောင်ပ၊ နိယတမည်ဆို၊ သည်ပုဂ္ဂိုလ်သုံး။ ။မှန်သာကီ၊ လောကုတ် လောကီနှင့်၊ ကျမ်းအညီမိန့်ဆိုလင်းပ၊ ဘယ်သင်းတဲ့တုံး။ ။

၇။ အဋ္ဌမဝိသဇ္ဇနာ။ ။သိစေရမည်ပ၊ နိယတမည်ဆို။ ။သည်ပုဂ္ဂိုလ်သုံး။ ။အရိယာ၊ ဒိဋ္ဌိနိယတာနှင့်၊ ပဉ္စာနံ ဤသူတို့ကို၊ စွဲလို့ပိုက်ကျုံး။ ။

ကတမေ စ ပုဂ္ဂလာ နိယတာ၊ ပဉ္စ ပုဂ္ဂလာ အနန္တရိကာ၊ ယေ စ မိစ္ဆာဒိဋ္ဌိကာ နိယတာ၊ အဋ္ဌ အရိယပုဂ္ဂလာ နိယတာ။ (ပုဂ္ဂလပညတ်ပါဠိတော်။)

နိယတနိဒ္ဒေသေ အနန္တရိကာ တိ အနန္တရိက ကမ္မသမင်္ဂိနော၊ မိစ္ဆာဒိဋ္ဌိကာ တိ နိယတမိစ္ဆာဒိဋ္ဌိ သမင်္ဂိနော၊ သဗ္ဗေပိ ဟေ တေ နိရယဿ အတ္တာယ နိယတတ္တာ နိယတာ နာမ။အဋ္ဌ ပန အရိယပုဂ္ဂလာ သမ္မာဘာဝါယ ဥပရူပရိမဂ္ဂဖလတ္တာယ စေဝ အနုပါဒါပရိနိဗ္ဗာနတ္တာယ စ နိယတတ္တာ နိယတာ နာမ။ (ၡင်းအဋ္ဌကထာ။)

ဤ၌ ပဉ္စာနန္တရိယပုဂ္ဂိုလ်ကို ကံတူအားဖြင့် တယောက်ယူ၊ နိယတမိစ္ဆာဒိဋ္ဌိကို တယောက်၊ အရိယာ ပုဂ္ဂိုလ်ကိုလည်း အရိယာ ဇာတ်အားဖြင့် တယောက်ယူ၊ ဤသို့ လျှင် သုံးယောက်ဖြစ်သတည်း။

---

## ကိုယ့်ဥစ္စာဖြစ်လျက်ကိုယ်မပိုင်ဆိုင်သူများ

၈။ နဝမပုစ္ဆာ။ ။ကိုယ့်ဥစ္စာမှန်သားနှင့်၊ သူများသာစိုးဆိုင်၊ ကိုယ်မပိုင်ပါရ။ ။ဖြစ်ရတဲ့အင်၊ ဘယ်မျိုး ဘယ်နွယ်ဝင်နှင့်၊ ဘယ်တိုင်းခွင်ပြည်သူလေ့ပေသိ၊ ဘုန်းတွေ့ပါစ။ ။

၈။ နဝမဝိသဇ္ဇနာ။ ။ကိုယ့်ဥစ္စာ မှန်သားနှင့်၊ သူများသာစိုးဆိုင်။ ။ကိုယ်မပိုင်ပါခဲ့။ ။အိမ်ကြီးရှင်၊လူမျိုးလူနွယ်ဝင်ပ၊ ဇမ္ဗူခွင်ပြည်သူလေ့ကို၊ ဘုန်းတွေ့ပါရဲ့။ ။

အိမ်ကြီးရှင်ဟူသည်ကား လင်ရှိသောအိမ့်ရှင် မိန်းမကိုဆိုလိုသည်၊ ဇမ္ဗူဒိပ်ကျွန်းသူ အိမ့်ရှင်မိန်းမတို့မှာ မိမိဖဿကို ကိုယ့်ဥစ္စာ အမှန်သားနှင့် ကိုယ်အစိုးမပိုင်၊ လင်သာစိုးပိုင်သည်၊မြောက်ကျွန်းသူ မိန်းမတို့မှာကား—

မနုဿာ တတ္ထ ဇာယန္တိ၊ အမမာ အပရိဂ္ဂဟာ။

ဟု ဟောတော်မူသောကြောင့် ဒါရပရိဂ္ဂဟာမရှိရကား ကိုယ့်ဖဿကိုယ့်ကာမကို ကိုယ်သာအစိုးပိုင်သည်။

နိဿဋ္ဌဝိတ္ထိဝတ္ထုသ္မိံ ယသ္မာ မာတုဂါမော နာမ အတ္တနော ဖဿေ အနိဿရော။ (နိဒါနဝဂ် လက္ခဏသံယုတ်အဋ္ဌကထာ, ပါရာဇိကဏ် စတုတ္ထသိက္ခာပုဒ် ဝိနီတဝတ္ထုအဋ္ဌကထာ။)

အနိဿရော တိ မာတုဂါမော သသာမိကော အတ္တနော ဖဿေ အနိဿရော။(သာရတ္ထဒီပနီ။)

## ကိုယ့်ဥစ္စာကိုယ်ပေး၍အပါယ်ကျသူများ

၁၀။ ဒသမပုစ္ဆာ။ ။ကိုယ့်ဟာကို ကိုယ်ပေးလျက်၊ လေးပါယ် ဝကျသူ၊ ဘယ်လူတို့လေသိ။ ။ဆန်းတဖြာ၊ တခန်းငယ် တပုံသာပ၊ ကျမ်းအလာသည်တဦး၊ ထူးလှပါဘိ။ ။

၁၀။ ဒသမဝိသဇ္ဇနာ။ ။ကိုယ့်ဟာကို ကိုယ်ပေးလျက်၊ လေးပါယ်ဝကျသူ၊ ဤသူတို့ပင်ဘဲ။ ။ဆန်းတဖြာ၊ တခန်းငယ်တပုံသာပ၊ ကျမ်းဂန်လာအိမ့်ရှင်မတို့မှာ၊ ထူးနိုင်မျှနဲ့။ ။

လင်ရှိသော အိမ့်ရှင်မိန်းမတို့သည် ကိုယ့်ဖဿ ကိုယ့်ကာမကို မိမိလင်မှ တပါး အခြားသောသူအားပေးလျှင် အပါယ်သို့ကျသည်၊ ကျကြောင်းကိုလည်း ၎င်းနိဿဋ္ဌဝိတ္ထိဝတ္ထုစသည်ကို ထောက်၍သိအပ်၏။

## ကိုယ့်ဥစ္စာကိုပြန်ခိုး၍အပါယ်ကျသူများ

၁၁။ ဧကာဒသမပုစ္ဆာ။ ။ကိုယ့်ဟာကို ကိုယ်ခိုးလို့၊ အကျိုးမဲ့ အပါယ်ဝင်၊ အကယ်ပင်မလွဲ။ ။သည်အရာ၊ ဘယ်ပုဂ္ဂိုလ် ဘယ် စေတနာနှင့်၊ဘယ်ဟာကိုဘဲ့နှယ်ခိုးတာမို့၊ဆိုးရသလဲ။ ။

၁၁။ ဧကာဒသမ ဝိသဇ္ဇနာ။ ။ကိုယ့်ဟာကို ကိုယ်ခိုးလို့၊ အကျိုးမဲ့ပါယ်ဝင်၊ အကယ်ပင်မလွဲ။ ။သည်နည်းတွင်၊ သည်အိမ့်ရှင် ဟိုစေတနာနှင့်၊ ကိုယ့်ဟာကိုတိတ်တိတ်ခိုးသာမို့၊ ဆိုးရသဘဲ။ ။

ဤပုစ္ဆာသည် ဒသမပုစ္ဆာနှင့် ပေးသည်, ခိုးသည်ဟူသော ဝေါဟာရကိုစွဲ၍ ကွဲအောင်မေးသည်၊ အဓိပ္ပါယ်မှာအတူတူပင်။

နိဿဋ္ဌဝိတ္ထိဝတ္ထုသ္မိံ ယသ္မာ မာတုဂါမော နာမ အတ္တနော ဖဿေ အနိဿရော၊ သာ စ တံ သာမိကဿ သန္တကံ ဖဿံ ထေနေတွာ ပရေသံ အဘိရတိံ ဥပ္ပါဒေတိ၊ တသ္မာ ကမ္မသဘာဂတာယ သုခံ-ဖဿာ ဝတ္တိတွာ ဒုက္ခသမ္ဖဿံ အနုဘဝိတုံ နိဿဋ္ဌဝိတ္ထိ ဟုတွာ ဥပ္ပန္နာ။ (နိဒါနဝဂ် လက္ခဏသံယုတ်အဋ္ဌကထာ, ပါရာဇိကဏ်အဋ္ဌကထာ။)

သာစ၊သည်လည်း။ သာမိကဿ၊၏။ သန္တကံ၊သော။ တံဖဿံ၊ ထိုမိမိဖဿကို၊ဤသို့အနက်ပေး။ တံ၊ သဒ္ဒါကား၊ အတ္တနော ဖဿကိုငဲ့သည်။

---

## လူသူနိုးဟုစွပ်စွဲကလွဲမှားခြင်း

၁၂။ ဒွါဒသမပုစ္ဆာ။ ။စုံအင်္ဂါငါးရပ်နှင့်၊ ခြားမလပ်ဆောင်ယူပါ၊ ဆယ့်နှစ်ယူဇနာတိုင်ဘဲ။ ။မိန့်တော်မူ၊ ဘယ်နည်းဘယ်ပုံယူမို့၊ သည်သူကိုလူသူခိုးငယ်လို့၊ ရိုးသူကလွဲ။ ။

၁၂။ ဒွါဒသမဝိသဇ္ဇနာ။ ။စုံအင်္ဂါငါးရပ်နှင့်၊ ခြားမလပ်ဆောင်ယူပါ၊ ဆယ့်နှစ်ယူဇနာတိုင်ဘဲ။ ။ဘူဇိဿဟူ၊ တော်လှန်ကိုဆောင်ယူမို့၊ သည်သူကိုလူသူခိုးငယ်လို့၊ ရိုးသူကလွဲ။ ။

ဥတော ပရသို့ ကေန္တေန အဝဟာရပဟောနကံ ပါဏံ ဒသေယန္တော မနုဿပါဏော တိ အာဟ။တံ ပိ ဘူဇိဿံ ဟရန္တဿ အဝဟာရော နတ္ထိ၊ယော ပိ ဘူဇိဿော မာတရာ ဝါ ပိတရာ ဝါ အဠပိတော ဟောတိ၊ အတ္တနာ ဝါ အတ္တနော ဥပရိ ကတွာ ပညာသံ ဝါ သဋ္ဌိံ ဝါ အဂ္ဂဟေသိ၊တံ ပိ ဟရန္တဿ အဝဟာရော နတ္ထိ။ (သမန္တပါသာဒိက အဋ္ဌကထာ၊)

ဤတွင် ''ဆယ့်နှစ်ယူဇနာတိုင်ဘဲ'' ဟူသောစကားဖြင့် ဗာရာဏသီဝိနိစ္ဆယဝတ္ထုကို ရည်ဘွယ်ရှိ၏၊ ၎င်းဝတ္ထု၌-

ဘိက္ခု။ ဥဇ္ဈာယန္တိ ခီယန္တိ ဝိပါစေန္တိ''ကထံ ဟိ နာမ အာယသ္မာ ပိလိန္ဒဝစ္ဆော စောရေဟိ နီတေ ဒါရကေ အာနေဿတိ''တိ၊ဘဂဝတော စေတမတ္ထံ အာရောစေသုံ။ အနာပတ္တိ ဘိက္ခဝေ ဣဒ္ဓိမဿ ဣဒ္ဓိဝိသယေ၊

ဟု အဖြေထင်ရှားစွာ၏။ ။ဗာရာဏသီပြည်ကား တဆယ့်နှစ်ယူဇနာရှိသည်၊ ဒွါဒသယောဇနိကံ ဗာရာဏသီနဂရံ အဇ္ဈောတ္ထရိ-ဟု ကက္ကရဇာတ်စသော ထိုဇာတ်အဋ္ဌကထာ၌ တဆယ့်နှစ်ယူဇနာရှိကြောင်းကိုလာသည်။

---

## သူ့ဥစ္စာယူကအပြစ်ကင်း၍ကိုယ့်ဥစ္စာယူပစ်က အပြစ်မကင်းသည့်အရာများ

၁၃။ တေရသမပုစ္ဆာ။ ။သူ့ဟာကိုယူခြင်း၌၊ ပြစ်ကင်းလို့လွတ်ကွာ။ ။ကိုယ့်ဟာကိုယ်ယူလို့ပစ်၊ ခိုးပြစ်ရောက်ပါ။ ။ထိုအရာ၊ အဋ္ဌကထာတတ်နောင်မင်း။ ။နောက်သားနောက်လာသူတို့၊ စာတမူအလွယ်ဘွင့်ပါ၊ ကျမ်းနှင့်မယွင်း။ ။

၁၃။ တေရသမဝိသဇ္ဇနာ။ ။သူ့ဟာကိုယူခြင်း၌၊ ပြစ်ကင်းလို့လွတ်ကွာ။ ။တိရစ္ဆာန်သန္တကာ၊မြဲမှတ်ကြပါ။ ။ကိုယ့်ဥစ္စာ၊ယူပစ်ရာပြစ်မကင်း။ ။သုက်ဃာတာ၌၊ နောင်လာသူ မှတ်စေဘွင့်မယ်၊ ကျမ်းနှင့်မယွင်း။

တိရစ္ဆာန် သန္တကဟူရာ၌ ဥပလက္ခဏာ။

သစေ ပိ ဟိ သက္ကော ဒေဝရာဇာ အာပဏံ ပသာရေတွာ နိသိန္နော ဟောတိ၊ ဒိဗ္ဗစက္ခုကော စ ဘိက္ခု တံ ဥ့တွာ အတ္တနော စီဝရတ္ထာယ သတသဟဿဃ္ဃနကံ ပိ သာဋကံ တဿ မာဂဏ္ဍ မာဂဏ္ဍာတိ ဝဒန္တဿာ ပိ ဂဟေတွာ ဂစ္ဆတိ၊ ဝဋ္ဋတိ။ (ပါရာဇိကဏ် အဋ္ဌကထာ။)

ဗဟိသုက်ဃာတံ ပါတေတီ တိ ရာဇပုရိသာနံ အညဝိဟိတဘာဝံ ပဿိတွာ အန္တော ဌိတော ဗဟိပတနတ္ထာယ ခိပတိ၊ တ ဥ္စ အဝဿံ ပတနကံ ဟတ္ထတော မုတ္တမတ္တေ ပါရာဇိကံ။ (ၛင်းအဋ္ဌကထာ။)

---

### သေသူနှင့်မခြားအလားတူသူများ

၁၄။ စုဒ္ဒသမပုစ္ဆာ။ ။ဇောဘွင်ကုန်နှောင်းမှ၊ အပေါင်းတွဲသတ္တဝါ။ ။စိတ်ဝိညာဉ်ကမ္ဘဇရုပ်၊ကင်းချုပ်ကြပါ။ ။သို့ကိုစင်ချွတ်လွဲလို့မမြဲတဲ့မမှတာ၊ သေရာဖြင့်ဟုတ်ဘဲ။ ။ယွင်းဖောက်ပြန်၊ ခုနစ်ကယ်ဇောမှန်နှင့်၊ သေလေဟန် သူတယောက်ကို၊ ကျမ်းထောက်လို့ခွဲ။ ။

၁၄။ စုဒ္ဒသမဝိသဇ္ဇနာ။ ။ဇောဘွင်ကုန်နှောင်းမှ၊ အပေါင်းတွဲသတ္တဝါ။ ။စိတ်ဝိညာဉ်ကမ္ဘဇရုပ်၊ ကင်းချုပ်ကြပါ။ ။သဒိသူပစာရငယ်နှင့်၊ဟောပြသည့်ဒေသနာ၊အဒ္ဒါတာသီလော။ ။မပေးလို၊ မစွေ့ဝန်တိုတဲ့၊သည်ပုဂ္ဂိုလ်သူသေပြတယ်၊ကျမ်းကမြွက်ဟော။ ။

တေ မတော သု န မိယျန္တိ၊ ပထာနံဝ သဟာဗ္ဗဇံ။
အပ္ပသ္မိံ ယေ ပဝေစ္ဆန္တိ၊ ဧသ ဓမ္မော သနန္တနော၊
(သဂါထာဝဂ် ဒေဝတာသံယုတ်ပါဠိတော်။)

တေ မတော သု န မိယျန္တိ တိ အဒ္ဒါနသီလတာ မရဏေန မတေသု န မိယျန္တိ၊ ယထာ ဟိ မတော သံပရိဝါရေတွာ ဌပိတေ ဗဟုမ္ပိ ပိ အန္နပါနာဒိမှိ ဇာဒံ ဇာမယ ဟောတု ဇာဒံ ဇာမယာ တိ ဥဋ္ဌဟိတွာ သံဝိဘာဂံ န ကရောတိ၊ဧဝံ အဒ္ဒါနသီလော ပိ တိ မတကာ စ အဒ္ဒါနသီ-

လသာ စ ဘောဂါ သမသမာ နာမ ဟောန္တိ၊ တေန ဒါနသီလာ ဝေရှပေသု မတေသု န ဒိယျန္တိ တိ အဓိပ္ပါယော။ (ငှင်းအဋ္ဌကထာ။)

စုဒ္ဒသမအဖြေတနည်း။ ။အထဝါတနည်းမှာ၊နိသယည်းမှတ်ယူဘွယ်။ ။ ဇောစိတ်ကပ်ခုနစ်တန်နှင့်၊ သေလေဟန်သူတယောက်ကို၊ ကျမ်းထောက်နှင့် မိန့်ပါမယ်။ ။ကာမဂုဏ်ညွှန်တွင်းကို၊ ရှောင်ကွင်းလို့ပစ်ပယ်၊ သာကိန္ဒယ် မှန်လှ။ ။နောက်တဘန်၊ မှုဘောင်ကိုသူပြန်က၊ ခုနစ်တန်ဝိညာဏ်ယ်နှင့်၊ သည်သူ့ကိုပူသေပြတယ်၊ ကျမ်းသံယုတ္တ။ ။(တနည်းအဖြေ။)

မက်ံ ဝါ ပုတ္တ ရောဒန္တိ၊ယော ဝါ ဇီဝံ နဒိဿတိ၊
ယော စ ကာမေမေ ဇီတွာန၊ ပုနရာ ဂစ္ဆတေ ဇူမ။
တံ ဝါ ပုတ္တ ရောဒန္တိ၊ ပုနဇီဝံ မတော ဟိ သော။
(သဂါထာဝဂ် ယက္ခသံယုတ် သာနုဝဂ္ဂ။)

ပုနဇီဝံ မတော ဟိ သော ဟိ ဉပ္ပဗ္ဗဇိတွာ ပုနဇီဝနေ္တာ ပိ သော မတကော ဝ၊ တသ္မာ ကံ ဂိ ရောဒန္တိ တိ ဒဿေတိ။ (ငှင်းအဋ္ဌကထာ။)

---

## ကြွက်အိမ်မြှောင်အမြီးပြတ်ဆတ်ဆတ်တုန်ခြင်းအကြောင်း

၁၅။ ပန္နရသမပုစ္ဆာ။ ။ကြွက် အိမ်မြှောင် မြွေမြီးတို့၊ ပြတ်ပြီး လျက်ဖျက်ဖျတ်ခုန်၊ ဆတ်ဆတ်တုန်ဖြစ်ငြား။ ။တပိုင်းစီဝိညာဉ်ပါ၊ ဝေဒနာကွဲကြသလား။ ။စိတ်ဝိညာဉ်နှစ်ခုပြတ်သည်ဟု၊ ပိဋကတ် ကျမ်းဂန် မရှိတန်လေသလား။ ။အသိဉာဏ်တွေပြားလို့၊ ဝေဝါးဘွဲ့ အရာ။ ။ဝိမတိဆရာနှုန်းကိုလဲ၊ဉာဏ်နှလုံးမကျတဲ့လွှန်းလို့ပါ။ ။ သဘာဝထက်ဒွေသာ၊ သည်မိဿာလိမ် နဂပတ်ကိုလ၊ စိန်တပ်တဲ့ သီလဝင်ဉာဏ်တော်၊ ကျမ်းပြုအမော်။ ။ဖြတ်လိုက်ပဆရာကျော်ငယ်၊ မညှာတော်မူစမ်းနှင့်လေး။ ။

၁၅။ ပန္နရသမဝိသဇ္ဇနာ။ ။ကြွက်အိမ်မြှောင်မြွေမြီးတို့၊ပြတ်ပြီး လျက်ဖျတ်ဖျတ်ခုန်၊ ဆတ်ဆတ်တုန်လှုပ်ရှား။ ။တလှည့်စီဝေဒနာယှဉ်၊ ဓိတ်ဝိညာဉ်သတ္တိဖြစ်ငြား။ ။ယုတ္တိစမ်းလို့ ဆိုစွမ်းသာ၊ရှင့်စောဒနာ ကိုပြေပေသား။ ။အသိဉာဏ်တွေပြားလို့၊ ဝေဝါးပါနှင့်သည်အရာ၊ ဝိမတိဆရာနှုန်းကိုလ၊ ဉာဏ်နှလုံးကျသင့်လှ ပေတော့သည်သာ။ ။ သဘာဝနှင့်ဒွေကွာ၊ တဆိတ်စာမဝှူမျှလို့၊ ပရမတ္ထသဘာဝါ။ သိခက် လှပါ။ ။သဗ္ဗညုဉာဏ်အရာကို၊ မိစ္ဆာဉာဏ်ကင်းစေကွဲ့လေး။

သဘာဝနှင့် ဒိဋ္ဌသည် အလွန်ကွာကြသည်၊ ပရမတ္ထသဘောဟူသည်လည်း သဗ္ဗညုတဉာဏ်အရာသာဖြစ်သည်၊ ကြွက်အိမ်မြောင်မြွေအမြီးတို့ ပြတ်ပြီးလျက် ဆတ်ဆတ်တုန်လှုပ်ရှားရာ၌လည်း ယုတ္တိယုတ္တာနှင့်တကွ စောဒနာသောနေ၇, ဥပမာ ဥပမေယျ, ကာရဏဖလသမ္ဗန္ဓတို့ဖြင့် ဝိနိစ္ဆယပြုအပ်သော ဝိမတိဆရာတော် အဆုံးအဖြတ်ကိုသာ စေ့စေ့စပ်စပ် ပတ်ပတ်နပ်နပ်ကြည့်ရှု၍ သဘောကျအောင်ကြံပါလေ။

အဘိဓမ္မေ ဒုပ္ပဋိပန္နော ဓမ္မစိန္တံ အတိဓာဝန္တော အစိန္တေယျာနိ ပိ စိန္တေတိ၊ တတော စိတ္တက္ခေပံ ပါပုဏာတိ။ ဝုတ္တံ ဟေတံ စတ္တာရိ-မာနိ ဘိက္ခဝေ အစိန္တေယျာနိ။ ပ။ ဘာဂီ အဿ တိ။

ဟု ဗုဒ္ဓဝိသယ၌ လွန်၍မကြံသင့်ကြောင်းကို ပိဋကတ်သုံးပုံအဋ္ဌကထာဆရာတို့ဆုံးမတော်မူသောကြောင့် ဝိမတိဆရာထက်မလွန်သင့်ပြီ၊ ကေစိဆရာတို့ကား—

ခေါင်းပြတ်၍လွန့်၊ တတွန့်တွန့်၊ စွန့်ရန်ဝိညာဉ်ကြွင်းလိမ့်နည်း။

ဟူသော ကြေးကန်မောင်ရင်ကြီး မေးအပ်သော စွယ်စုံကျော်ထင်မည်သော သတ်ပုံပုစ္ဆာ၌ ဝိညာဏ်မကြွင်းပြီ၊ ဦးခေါင်းပြတ်သည်နှင့် တပြိုင်နက်ပင် နာမက္ခန္ဓာလေးပါး, ရုပက္ခန္ဓာတရားတို့သည် ချုပ်လေသပြီ၊ စိတ္တဇရုပ်အဟုန်ကြောင့် အလုံးစုံသော ဥတုဇရုပ်အဆက်ဆက်သာ တုန်လှုပ်ခြင်းဖြစ်သည်၊ အဘယ်ကဲ့သို့နည်းဟူမူကား- အဝိညာဏကဗာဟိရရုပ်မျှသာဖြစ်သော ကြိမ်နွယ်သစ်ခက်တို့ကို ခုတ်ဖြတ်လိုက်သော် ထိခိုက်ခြင်း၏အာနုဘော်ကြောင့် နောက်၌အကြာပင် တုန်လှုပ်ခြင်းဖြစ်သကဲ့သို့တည်းဟု ဆိုကြကုန်၏၊ ယုတ္တိမရှိလွန်း။

---

## လူပုဂ္ဂိုလ်ကမ္မဝါရွတ်က ကံချွတ်-မချွတ်

၁၆။ သောဠသမပုစ္ဆာ။ ။ကမ္မဝါရွတ်မှု၌၊ ဘိက္ခုမှပြည့်စုံ၊ ဆိုပုံကလွန်များ။ ။လူဖြစ်သူမှန်မှန်ရွတ်က၊ ကံချွတ်မည်လား။ ။

၁၆။ သောဠသမဝိသဇ္ဇနာ။ ။ကမ္မဝါရွတ်မှု၌၊ ဘိက္ခုမှပြည့်စုံ၊ ဆိုပုံကလွန်များ။ ။လူ့အသွင်၊ သမဏသညာစင်လို၊ ထိုသူလျှင်မှန်အောင်ရွတ်သော်လည်း၊ ကံချွတ်လောက်သား။ ။

တတြိဒံ ယုတ္တံ။ ဥပသမ္ပန္နပုဗ္ဗော ဝေ စေ ကမ္မဝါစံ သာဝေတိ၊ သံဃော စ တသ္မိံ ဥပသမ္ပန္နသညီ၊ ဝေဠု ကမ္မံ ရုဟတိ န အညထာတိ နော ခန္တိ တိ။ အာစရိယော ဂဟဋ္ဌော ဝါ တိတ္ထိယော ဝါ ပဏ္ဍကော ဝါ အနုပသမ္ပန္နသညီ ကမ္မဝါစံ သာဝေတိ၊ သံဃေန ကမ္မဝါစာ န ဝုတ္တာ ဟောတိ၊ သံဃော ဥပသမ္ပာဒေယျ၊ သံဃော ဥပသမ္ပာဒေတိ၊ ဥပသမ္ပန္နော သံဃေနာ တိ ဟိ ဝစနတော သံဃေန ကမ္မဝါစာယ ဝတ္တဗ္ဗာယ သံဃပရိယာပန္နေန

သံဃပရိယာပန္နသညိတေန ဝါ ဧကေန ဝုတ္တာ သံဃေန ဝုတ္တာ ဝ ဟောတိ တိ ဝေဒိတဗ္ဗော။ အယမေဝ သဗ္ဗကမ္မေသု ယုတ္တိ၊ (ပဌမပါရာဇိကအဖွင့်ဝဇီရဗုဒ္ဓိဋီကာ။)

---

မာနတ်ကျင့်ရာ၌ညဥ့်ပြတ်လျှင် နောက်သို့ ပြန်သင့် မပြန်သင့်

၁၇။ သတ္တရသမပုစ္ဆာ။ ။မာနတ်တဲ့ကျင့်ခါ။ ။ညဥ့်ပြတ်လျှင် ပြန်မပြန်နှင့်၊တညာဏ်စီအယူပြား၊များကြကုန်ပါ။ ။ဝိဝါဒါဓိကရုဏ်း သာပ၊ အိုဘုန်းငဲ့သည်အရာ၊ ဘယ်ဝါဒမှန်သတုံး။ ။ကျမ်းလာပုံ အာဂုံ ပြလို့၊ တေနဝုတ္တံနှင့်၊ ဆင်ခြေသံတောင့်မာကြမ်း၊ တန်းပ လက်ရုံး။ ။

၁၇။ သတ္တရသမဝိသဇ္ဇနာ။ ။မာနတ်တဲ့ကျင့်ခါ။ ။ညဥ့်ပြတ်လျှင် ပြန်မပြန်နှင့်၊ တညာဏ်စီယူ စရပ်တွင်ဖြင့်၊ ညဥ့်ပြတ်လျှင် မပြန်သင့်ပါ ဘူ့၊ ကျမ်းနှင့်ညီစွာ။ ။သည်ဝိဝါဒါဓိကရုဏ်ကိုလ၊ ယေဘုယျဝိနည်း သာ၊ ငြိမ်းစေရာရှေးထုံး။ ။မာနတ်တွင်၊ လူထွက်ခါ တဘန်ဝင်က၊ ရှေးကျင့်စဉ်ထိုမာနတ်ကို၊ ဆက်စပ်ခါ ကျင့်စေကျမ်းမှာ၊ တန်း၏ လက်ရုံး။

ဣဓ ပန ဘိက္ခဝေ ဘိက္ခု မာနတ္တံ စရန္တော ဝိဗ္ဘမတိ၊ ဝိဗ္ဘန္တ ကဿ ဘိက္ခဝေ မာနတ္တစရိယာ န ရုဟတိ။သော စေ ပုန ဥပသမ္ပဇ္ဇတိ၊ တဿ တဒေဝပုရိမံ ပရိဝါသဒါနံ၊ သောဝ ပရိဝါသော ဒိန္နော သုဒိန္နော၊ ယောပရိဝုတ္ထော သုပရိဝုတ္ထော၊ ယံ မာနတ္တံ ဓိဏ္ဏံ သုစိဏ္ဏံ၊ အဝသေသံ စရိတဗ္ဗံ။

ဣဓ ပန ဘိက္ခဝေ ဘိက္ခုမာနတ္တံ စရန္တော သာမဏေရော ဟောတိ ။ပ။ ဥမ္မတ္တကော ဟောတိ။ ပ။ ခိတ္တစိတ္တော ဟောတိ၊၊ပ၊ဝေဒနဋ္ဋော ဟောတိ၊ပ။ အာပတ္တိယာ အဒဿနေ ဥက္ခိပိယတိ။ပ။ အာပတ္တိယာ အပဋိကမ္မေ၊ပ။ ပါပိကာယ ဒိဋ္ဌိယာ အပဋိနိဿဂ္ဂေ ဥက္ခိပိယတိ၊ ဥက္ခိတ္တ ကဿ ဘိက္ခဝေ မာနတ္တစရိယာ န ရုဟတိ၊ သော စေပုနဩသာရိ ယတိ၊ တဿ တဒေဝ ပုရိမံ ပရိဝါသဒါနံ။ပ။အဝသေသံစရိတဗ္ဗံ၊

ဤသို့စူဠဝါ ပါဠိတော်လာသောကြောင့် ညဥ့်ပြတ်သော်လည်း ပြန်ဘွယ်မရှိ၊ အစ်၏ဟု၍သာမှတ်ရမည်၊ ဤပါဠိတော်လာ ပုဂ္ဂိုလ်တို့ထက်လွန်၍ ညဥ့်ပြတ်နိုင် ဘွယ်ရာမရှိပြီ၊ မာနတ်၌သာ အစ္စန္တသံယောဂရှိသည်မဟုတ်သေး၊ ပရိဝါသ်၌ လည်း တာဝတိဟံဟုရှိသည်၊ ၎င်းလည်း အတူတူပင်၊

ယင်းသို့သော် ဆာရတ္တံဟူသောပုဒ်သည် အစ္စန္တသံယောဂလက္ခဏာနှင့်ဆန့် ကျင်၏တကားဟူပြောဆို၊မဆန့်ကျင်၊အဘယ့်ကြောင့်နည်းဟူမူ ဆာရတ္တဖြင့် ပိုင်း ခြားအပ်သော မာနတ္တစာရ၏ သတ္တာဟာစသော အဟန္တရသို့ပြောင်းရွှေ့ ကူး သွား၍ကျင့်ခြင်း,ပဥ္စာဟစသောဥိနတရကျင့်ခြင်းကို မြစ်ခြင်းငှါသာ ဆာရတ္တကို ဆိုအပ်၏၊ ခြောက်ရက်အတွင်း၌ အကြားလပ်၍ပြတ်သည်ကို မြစ်ခြင်းငှါမဆိုအပ် ရကား မဆန့်ဟူပေ။

တေမိဇာတ်ဝယ် တနှစ်အတွင်း ကြိုးကြားကြိုးကြား အလိုစမ်းသည် ကိုပင် ကေသံဝစ္ဆရံ ဟူသကဲ့သို့ရင်း၊ သတိပဋ္ဌာန ဝိဘင်းအဋ္ဌကထာ၌ ဒွတ္တိံသာကာရ ကမ္မဋ္ဌာန်းကို စီးဖြန်းရာဝယ် ခြောက်လမှ တဆယ့်ငါးရက်ယုတ်လျက်ကိုပင် ဆမာသံ သဇ္ဈာယော ကာတဗ္ဗော- ဟူသကဲ့သို့ရင်း မှတ်အပ်၏၊ ထိုကြောင့် မဟုတ်လော၊ မူလဋီကာ,သာရတ္ထဒီပနိဋီကာတို့၌—

ပရိဗ္ဗိဇ္ဇမာနဿ မာသန္တရဂမနနိဝါရဏတ္ထံ ဟိ ဆမာသဂ္ဂဟဏံ၊ န သကလဆမာသေ သဇ္ဈာယပဝတ္တိဒဿနတ္ထံ။

ဟု မိန့်ဆိုကြကုန်သည်။ ။မဇ္ဈိမပဏ္ဏာသ ဃဋီကာရသုတ်၌လည်း—

ဃဋီကာရကုမ္ဘကာရော အနုမာသံ ဝိတိ သုခံ န ဝိဇဟတိ၊သတ္တာ- ဟံ မာတာပိတူနံ ဟူသောပါဠိ၌ ပီတိသုခံ န ဝိဇဟတိ တိ နနိရန္တရံ န ဝိဇဟတိ။

ဟု အဋ္ဌကထာဖွင့်ဆိုတော်မူသည်။

---

## နေလွဲသည့်ကျွန်းတွင်ဆွမ်းခံ၍ နေမလွဲသည့်ကျွန်းတွင် ဘုဉ်းပေးကာအပြစ်ရှိ-မရှိ

၁၇။ အဋ္ဌာရသမပုစ္ဆာ။ ။တောင်ဇမ္ဗူကျွန်းမြတ်တွင်၊ လူမွန်း မတ်အခါ၊ မြောက်ကုရုကျွန်းသာမှာ၊ ဆွမ်းရှာတော်မူသား။ ။သာရုပ္ပ နှင့်လုပ်လှစွာ၊ ရှေ့ပြဗ္ဗာကျွန်းဦး၌စား။ ။သည်ကဲ့သို့ဈာန်သျှင်၊ ဉာဏ် အမြင်ထောက်ထား၊ အာဏာတော်သည်တရားကိုလ၊ လွန်ဘူးလား သခင်။ ။ဘောဇနာဝိကာလ၊ သဗ္ဗတ္ထသိက္ခာပုဒ်ကြီးပါကိုပင်။ ။ ဝိနည်းတတ်တဲ့မြတ်အရှင်၊ ပညတ်ထင် ထင်သင့်ပါကလားဖျ၊ ညှာမ ထားနှင့်တရားရှိရာ၊ ဆုံးဖြတ်လိုက်ပါ။ ။ဆိုရိပ်ရှိပါတဲ့၊ ဟိုဇာဋ္ဌိဝိသ ယာယေ၊ သည့်နှယ်ဟာပေလားတဲ့လေး။ ။

၁၇။ အဋ္ဌာရသမဝိသဇ္ဇနာ။ ။တောင်ဇမ္ဗူကျွန်းမြတ်တွင်၊လူမွန်း မတ်အခါ၊ မြောက်ကုရုကျွန်းသာမှာ၊ ဆွမ်းရှာတော်မူသား။ ။သာ ရုပ္ပနှင့် လုပ်လှစွာ၊ ရှေ့ပြဗ္ဗာကျွန်းဦး၌စား။ ။သည်ကဲ့သို့ဈာန်သျှင်၊

ဉာဏ်အမြင်ထောက်ထား။ ။အာဏာတော်သည်တရားကိုလ၊ လွန်ဘူးလားသခင်။ ။ဘောဇနာဝိကာလ၊သဗ္ဗတ္ထသိက္ခာပုဒ်ကြီးပါကိုပင်။ ။အာဘောနှင့်စောဒနာတင်တယ်၊ သောမနာလျှင်အလွယ်သဏ်းပ၊မညာမထားဘူ့တရားရှိရှာ၊ ဆုံးဖြတ်မည်သာ။ ။ညီရိပ်မိပါတဲ့၊ သည်ဇာနိဝိသယာကို၊ အစိန္တိယာဟောသည်ပလေး။ ။

ဤပုဂ္ဂိုလ်သာမဟုတ်ပါသေး၊ ဘုရားစသော ဇာနိမန္တပုဂ္ဂိုလ်တို့သည်လည်း ဤဇမ္ဗူဒိပ်ကျွန်းမှနံနက်အခါကို မြောက်ကျွန်းသို့ဆွမ်းခံကြွလျှင် မြောက်ကျွန်း၌ ညနေချမ်းအခါ ညအခါသာဖြစ်၍ ၎င်းအခါ၌ အကပ်ခံသောဆွမ်းကိုဇမ္ဗူဒိပ်သို့ပြန်၍စားငြားသော်လည်း သန္နိဓိသိက္ခာပုဒ်ဖြင့်ကြိုစည်၍ စောဒနာတင်သင့်သည်သာ၊ သို့ပင်ဖြစ်သော်လည်း—

ဇာနိဝိသယ၏အစိန္တေယျဖြစ်ကြောင်းကို-ဈာယိဿ ဘိက္ခဝေ ဈာနဝိသယော အစိန္တေယျော န စိန္တေတဗ္ဗော၊ ယံ စိန္တေန္တော ဥမ္မာဒဿ ဝိဃာတဿ ဘာဂီ အဿ။

ဟု စတုက္ကအင်္ဂုတ္တိုရ်၌ ဟောတော်မူသောကြောင့် ဈာနဝိသယကိုမကြံသင့်ပြီ။

---

## စပ်သင့်သောသိမ်မျိုးတွင် ဆန္ဒမလိုက်သောသိမ်မျိုး

၁၉။ ကေနဝိသတိမပုစ္ဆာ။ ။သိမ်နှစ်ဖြာစပ်ကြလျက်၊ ကြိမ်ကြိမ်ပများစွာ၊ ဆောင်ဆန္ဒနောက်မပါ၊ ဘောက်စရာမမြ။ ။ဆောင်ရင်းတဲ့ဘိက္ခုကိုယ်၊ ဘယ်သူ့ကိုပေးလို့မလွဲ။ ။သည်အမှုဖြစ်ပုံကို၊ ချစ်ရိုတော်ဝေခွဲ၊ ဘယ့်နှယ်ပုံဘယ်နဲ့သိ၊ ဉာဏ်ကြဲတဲ့သတ္တဝါ။ ။ဝိနယာသည်စာရိတ်ကိုလ၊ဇာအဝိဇ်မြေးရှက်တတ်လှပါ။ ။ယုတ္တိစမ်းလို့သိစွမ်းရာ၊ ပညာတော်စိန်ညွန့်နှင့်၊ ချိန်မတွန့်ငြင်မငြို၊ ထွင်းပရွှေကိုယ်။ ။ဇာနည်နှုန်းတဲ့၊ ထေရ်ဘုန်းမိုငယ်၊ ဝိနည်းခိုရ်ဉာဏ်ကြီးတဲ့လေး။ ။

၁၉။ ကေနဝိသတိမဝိသဇ္ဇနာ။ ။သိမ်နှစ်ဖြာစပ်ကြလျက်၊ ကြိမ်ကြိမ်ပများစွာ၊ ဆောင်ဆန္ဒနောက်မပါ၊ သည့်ကြောင့်သာမမြ။ ။သည်အမှုခြင်းရာမှာ၊ ဓမ္မတာဖြစ်ရိုးမို့ဘဲ။ ။သိမ်နှစ်ဖြာမတူကွဲလို့၊ မလိုက်ဘဲရှောင်ခွါ။ ။သိမ်တဖြာတဆန္ဒ၊တဌာနလိုက်ရိုးမရှိပါ။ ။ယုတ္တိစမ်းလို့သိစွမ်းရာ၊ ပညာတော်စိန်ညွန့်နှင့်၊ ချိန်မတွန့်မငြိုငြင်ပါ၊ ထွင်းလိုက်သည်သာ။ ။မြေးကာဝိတ်ပါတဲ့၊ ဇာအဝိဇ်တိမ်လွှာကို၊မှန်တိုင်းပညာလွှင့်လိုက်ပြီတဲ့လေး။ ။

ယံ ပိ ကေသို့ယေဝ ဂါမခေတ္တေ ကော ပဒေသံ ဒးယံ ဝိသုံဂါမော ဟောတူ တိ ပရိစ္ဆိန္ဒိတွာ ရာဇာ ကဿစိ ဒေတိ၊သောပိ ဝိသုံဂါမသီမာ ဟောတိ ယေဝ၊ တသ္မာ သာ စ ဋ္ဌတာရာ စ ပကတိ ဂါမနဂရနိဂမသီမာ ဗဒ္ဓသီမသဒိသာ ယေဝ ဟောန္တိ။ (ဥပေါသထက္ခန္ဓက အဋ္ဌကထာ။)

မဟာပဒုမထေရော ပနာ ဟ''နာနာ ဂါမခေတ္တာနိ နာမ ပါဋေက္ကံ ဗဒ္ဓသီမသဒိသာနိ၊န တတော ဆန္ဒပါရိသုဒ္ဓိ အာဂစ္ဆတိ၊အန္တောနိမိတ္တဂတေဟိ ပန ဘိက္ခူဟိ အာဂန္တဗ္ဗ''န္တိ ဝတွာ ပုန အာဟ ''သမာနသံဝါသသီမာ သမ္မန္နန ကာလေအာဂမနံ ပိ အနာဂမနံပိ ဝဋ္ဋတိ။အဝိပ္ပဝါသသီမာ သမ္မန္နနကာလေပန အန္တောနိမိတ္တဂတေဟိ အာဂန္တဗ္ဗံ၊ အနာဂစ္ဆန္တာနံ ဆန္ဒော အာဟာရိတဗ္ဗော''တိ။ (ၡင်းအဋ္ဌကထာ။)

အာဂန္တဗ္ဗန္တိ စ သာမိစိဝသေန ဝုတ္တံ၊ နာယံ နိယမော အာဂန္တဗ္ဗမေဝါ တိ တေနေဝါဟ''အာဂမနံ ပိ အနာဂမနံပိ ဝဋ္ဋတီ''တိ၊ အဗဒ္ဓါယ သီမာယ နာနာဂါမခေတ္တာနံ နာနာသီမသဘာဝတ္တာ တေသံ အနာဂမနေ ပိ ဝဂ္ဂကမ္မံ န ဟောတိ၊ တသ္မာ အနာဂမနံ ပိ ဝဋ္ဋတိ။ ဗဒ္ဓါယ ပန သီမာယ ဧကသီမဘာဝတော ပုန အညသ္မိံ ကမ္မေ ကရိယမာနေ အန္တောသီမဂတေဟိ အာဂန္တဗ္ဗမေဝါ တိ အာဟ ''အဝိပ္ပဝါသသီမာ။ပန။ အာဂန္တဗ္ဗ''န္တိ။ (သာရတ္ထဋီကာ။)

ဗဒ္ဓသီမသဒိသာနီ တိ ယထာ ဗဒ္ဓသီမာသု ဌိတာ အညမညံ ဆန္ဒာဒိံ အနပေက္ခိတွာ ပစ္စေကံ ကမ္မံ ကာတုံ လဘန္တိ၊ ဧဝံ ဂါမသီမာသု ဌိတာ ပီတိ ဒဿေတိ။ (ဝိမတိ၊)

ဤတွင်''သိမ်နှစ်ဖြာစပ်ကြလျက်''ဟူသည် နိဿယနိဿိတဖြစ်၍စပ်ကောင်းသောပကတိ ဂါမနှင့် ဗဒ္ဓသိမ်, နဒီနှင့် ဥဒကုက္ခေပသိမ်,အရည်နှင့် သတ္တဗ္ဘန္တရသိမ်တို့၌သာဖြစ်ကောင်းသည်၊ တပါးသောသိမ်တို့၌ မဖြစ်ကောင်း၊ သမ္ဘေဒဒေါသဖြစ်၍ ရဟန်းကုန်သိမ်းမှကံပြုကောင်းတော့သည်။

---

### သစ္စာ၌မဝင်သောတရားများနှင့်ရထိုက်သောဘုံပုဂ္ဂိုလ်

၂၀။ ဝိသတိမပုစ္ဆာ။ ။လေးသစ္စာတရားတွင်၊ တပါးမျှသူမရာ၊ ဘူပါလိမ့်လေလဲ။ ။သည်ဖြစ်ပုံ၊ သနစ်ကယ်အိုကုန်ကုန်ပ၊ ဘယ်ဘုံမှာ ဘယ်သူထိုက်တယ်၊ ကျမ်းနှိုက်လို့ခွဲ။ ။

၂၀။ ဝိသတိမဝိသဇ္ဇနာ။ ။လေးသစ္စာ တရားတွင်၊ တပါးမျှသူမရာ၊ မဂ်ယုတ္တာဖိုလ်ဘဲ၊ ။သည်ဖြစ်ပုံ၊ သနစ်ကယ် အိုကုန့်ကုန်ပ၊ သုံးဘုံမှာ ရသူထိုက်တယ်၊ ကျမ်းနှိုက်ဝေခွဲ။ ။

မဂ္ဂယုတ္တာ ဖလာ စေဝ၊ စတုသစ္စ ဝိနိဿဋာ–

ဟူသော သင်္ဂြိုဟ်စကားသည်ထင်ရှားပါ၏၊ ဤတွင်“မဂ်ယုတ္တာဗိုလ်ဘဲ”ဟူသည်မှာ မဂ္ဂယုတ္တာဖလာစေဝကိုရည်သည်၊ (ဒွန္ဒဿ။) သူ့ဘုံဟူသည်မှာ သုဂတိဘုံဆိုလိုသည်၊ ဤစကားလည်း ယေဘုယျနည်း၊ အသညသတ်သုဂတိဘုံ၌ ရင်းတရားတို့ကို မရထိုက်၊ သုဒ္ဓါဝါသငါးဘုံ၌လည်း အောက်မဂ် သုံးခုနှင့်ယှဉ်သော စိတ္တုပ္ပါဒ်, အောက်ဗိုလ်နှစ်ခု စိတ္တုပ္ပါဒ်တို့ကိုမရထိုက်၊ အရူပ လေးဘုံ၌လည်း သောတာပတ္တိမဂ်နှင့်ယှဉ်သော စိတ္တုပ္ပါဒ်တို့ကိုမရထိုက်၊ရသူထိုက် ဟူသည်ကား သုဂတိဘုံ၌လည်း မဂ်ဗိုလ်ရသူတို့သာထိုတရားတို့ကိုရထိုက်သည်၊ မဂ်ဗိုလ်မရသူတို့ကား မထိုက်ဟူလိုသည်။

ဥဒ္ဓံသောတနှင့်သောတာပန်ဘုံသွား။

၂၁။ ကေဝိသတိမပုစ္ဆာ။ ။အကနိဋ္ဌသောတဟု၊ ဟောပြသည့် သောတာပန်၊ညာဆန်လို့ ၊ကိုသွား။ ။စဉ်တိုင်းသာ၊ နတ်တိုင်းငယ် ခြောက်ရွာနှင့်၊ အောက်ပြဟ္မာဘုံမချို့အောင်၊ မြန်းတို့သလား။ ။

၂၁။ ကေဝိသတိမဝိသဇ္ဇနာ။ ။အကနိဋ္ဌသောတဟု၊ ဟောပြသည့် သောတာပန်၊ ကျမ်းဂန်တွင်ရှိဘူး။ ။အကယ်မှန်၊ အောက်ဘုံကို ပြန်တွဲ၊ အနာဂါမိ ပုဂ္ဂိုလ်မြတ်သာပ၊ ဘုံသုဒ္ဓါ အစဉ်ကပ်တယ်၊ ကျမ်းမှတ်အယူး။ ။

အကနိဋ္ဌ ဘုံဟူသည် သုဒ္ဓါဝါသ အထက်ဆုံးဘုံဖြစ်သည်၊ သုဒ္ဓါဝါသ ဘုံ၌လည်း–

> ပုထုဇ္ဇနာ န လဗ္ဘန္တိ၊ သုဒ္ဓါဝါသေသု သဗ္ဗထာ။
> သောတာပန္နာ စ သကဒါ၊ ဂါမိနော စာပိ ပုဂ္ဂလာ။

ဟူ၍၎င်း,

> သုဒ္ဓါဝါသေသွနာဂါမိ၊ ပုဂ္ဂလာ ဝေါပပဇ္ဇရေ။

ဟူ၍၎င်း မိန့်ဆိုသောကြောင့် သကဒါဂါမ်တောင်ပင် မဖြစ်သင့်၊ ပဂေဝ သောတာပန္နာဒယော၊ ထို့ကြောင့် သောတာပန်ပုဂ္ဂိုလ်တို့သည် အကနိဋ္ဌ သောတမဟုတ်ကုန်၊ ဥဒ္ဓံသောတအကနိဋ္ဌဂါမိ ပုဂ္ဂိုလ်တို့သည်လည်း သောတာပန်မဟုတ်ကုန်။ (တသ္မာ နောကလ္လော ပဥှော။) သောတာပန် ပုဂ္ဂိုလ်တို့၏ အပြားကား–

> ကတမော စ ပုဂ္ဂလော သတ္တက္ခတ္တုပရမော။ဣဓေကစ္စော ပုဂ္ဂလော
> တိဏ္ဏံ သံယောဇနာနံ ပရိက္ခယာ သောတာပန္နော ဟောတိ။

စသည်ဖြင့် ပုဂ္ဂလပညတ်၌ဟောတော်မူသော သတ္တက္ခတ္တုပရမ သောတာပန် တယောက်။

ကတမော စ ပုဂ္ဂလော ကောလံကောလော။ ဣဓေကစ္စော ပုဂ္ဂ-
လော တိဏ္ဏံ သံယောဇနာနံ ပရိက္ခယာ သောတာပန္နော ဟောတိ။
စသည်ဖြင့် ၎င်း၌ ဟောတော်မူသော ကောလံကောလသောတာပန်လည်း
တယောက်။

ကတမော စ ပုဂ္ဂလော ဧကဗီဇီ။ ဣဓေကစ္စော ပုဂ္ဂလော တိဏ္ဏံ
သံယောဇနာနံ ပရိက္ခယာ သောတာပန္နော ဟောတိ။
စသည်ဖြင့် ၎င်း၌ ဟောတော်မူသော ဧကဗီဇီ သောတာပန်လည်း
တယောက်။

ဤသို့လျှင် ဘဝဧဘဒသတ္တုဂ္ဂဟိတနာမအားဖြင့် သောတာပန်သုံးယောက်၊ ထိုသုံးယောက်တို့ကို ပဋိပဒါလေးပါးနှင့်မြှောက်၍ တဆယ့်နှစ်ယောက်၊ ၎င်းတဆယ့်နှစ်ယောက်ကို သဒ္ဓါဓုရ, ပညာဓုရဟူသော ဓုရနှစ်ပါးနှင့်မြှောက်၍ နှစ်ဆယ့်လေးယောက်၊ ဤမျှသာလျှင် ကျမ်းဂန်၌လာသည်၊ အကနိဋ္ဌ သောတဟူသော သောတာပန်မလာ၊ ထို့ကြောင့် ပုဂ္ဂလပညတ်အဋ္ဌကထာ၌-

တတ္ထ ဧကေကော ဒုက္ခပဋိပဒါဒိဝသေန စတုဗ္ဗိဓဘာဝံ အာပဇ္ဇတိ
။ပ။ ဣမေ စတုဝီသတိ သောတာပန္နာ။
ဟု မိန့်တော်မူသည်။ ။အနာဂါမိ ဖြစ်မှသာလျှင် ဥဒ္ဓံသောတအကနိဋ္ဌ
ဂါမိ ဖြစ်ကြောင်းကိုလည်း ၎င်းပုဂ္ဂလပညတ်ပါဠိတော်၌-
ကတမော စ ပုဂ္ဂလော ဥဒ္ဓံ သောတော အကနိဋ္ဌဂါမီ။ဣဓေကစ္စော
ပုဂ္ဂလော ပဉ္စန္နံ ဩရမ္ဘာဂိယာနံ သညောဇနာနံ ပရိက္ခယာ ဩပပါတိ-
ကော ဟောတိ၊ တတ္ထ ပရိနိဗ္ဗာယီ အနာဝတ္တိဓမ္မော၊ တသ္မာ လော-
ကာ ။ပ။ အယံ ဝုစ္စတိ ပုဂ္ဂလော ဥဒ္ဓံသောတော အကနိဋ္ဌဂါမီ။
ဟူ၍ဟောတော်မူသည်၊ပုဂ္ဂလပညတ်အဋ္ဌကထာ,ဝိသုဒ္ဓိမဂ်ဋီကာတို့၌လည်း-
ဣမေသံ ပန အနာဂါမီနံ ပ ဘေဒဇာနနတ္ထံ ဥဒ္ဓံသောတော အက-
နိဋ္ဌဂါမီ စတုက္ကံ ဝေဒိတဗ္ဗံ။
စသည်ဖြင့် အကျယ်လာသည်၊ အကယ်၍ သောတာပန်အကနိဋ္ဌ မရှိလျှင် သက္ကပဉှာသုတ်ပါဠိတော်၌ သောတာပန်ဖြစ်ပြီးသော သိကြားမင်းက ဘုရားကို လျှောက်ရာ-

တေ ပဏီတတရာ ဒေဝါ၊ အကနိဋ္ဌာ ယသဿိနော။
အန္တိမေ ဝတ္တမာနမှိ၊ သော နိဝါသော ဘဝိဿတိ။

ဟု အဘယ့်ကြောင့် ဟောသနည်းဟူမူ သိကြားမင်းအဖြစ်၌ အနာဂါမိ မဂ်ကိုရ၍ ဥဒ္ဓံသောတအကနိဋ္ဌဂါမိ ဖြစ်လတ္တံ့သည်ကိုရည်၍ ဟောသည်၊ ထို့ကြောင့် ၎င်းအဋ္ဌကထာ၌-

အယံ ကိရ တတော သတ္တတ္တဘာဝတော စုတော တသ္မိံ ယေဝ အတ္တဘာဝေ အနာဂါမိမဂ္ဂဿ ပဋိဝိဒ္ဓတ္တာ ဥဒ္ဓံသောတော အကနိဋ္ဌဂါမီ ဟုတွာ အဝိဟာဒီသု နိဗ္ဗတ္တေန္တော အဝသာနေ အကနိဋ္ဌေ နိဗ္ဗတ္တိဿတိ၊ တံ သန္ဓာယ ဝေမာဟ။

စသည်ဖြင့် မိန့်ဆိုလေသည်။

---

## ဖြဟ္မာဘဝမှဝက်ဘဝသို့ တိုက်ရိုက်ဖြစ်နိုင်-မဖြစ်နိုင်

၂၂။ ဒွါဝိသတိမပုစ္ဆာ။ ။ဖြာဟ္မာကစုတိလို့၊ဒုဂတိဝက်ဖြစ်လာ၊ ဘဟာမို့လေမှန်း။ ။သည်သင်းကို၊ ဖြေရှင်းငယ် ဘယ်လိုဆိုပ၊ ရွှေသဂြိုဟ်လာဟန်နှင့်၊ ကာပြန်သံတပုံပြု၊ သင်းအမှုဆန်း။ ။

၂၂။ ဒွါဝိသတိမဝိသဇ္ဇနာ။ ။ဖြဟ္မာက စုတိလို့၊ ဒုဂတိပါယ်ရွာ၊ အဟေတုသညာငယ်၊ ဝက်ဖြစ်နိုင်ပါဘဲ။ ။ဥပစာရ ဇောစေနာငယ်၊ နဘာဝါကြီးလို့ရှောင်လွဲ။ ရွှေသဂြိုဟ်လာနဲ့နှင့်၊ လွဲပါဘူးဆွေမဟာ။ ။ဋ္ဌကထာ နိဒါန်မှာ၊ သခ်ေပ နည်းပြမို့သာပါ။ ။ ရှေ့ကိုလှမ်းလို့၊ စခန်းသာအောင်၊ ဉာဏ်ပညာ နဂပါသ်နှင့်၊ တချပ်လောက်သာသာစီတွင်၊ ရှုပညီခင်။ ။တဂုဏ်သီးတဲ့၊ ဉာဏ်ကြီးရှင်ငယ်၊ မဆန့်ကျင်ပါဘူးကွဲလေး။ ။

ရူပါဝစရ စုတိယာ၊ အဟေတုရဟိတာ သိယုံ။

ဟူသော သဂြိုဟ်နှင့်အညီ-

ရူပါရူပါဝစရာနံ ဥပစာရဿ ဗလဝဘာဝတာယ တတော စဝိတွာ ဒုဂ္ဂတိယံ ဥပပတ္တိ နတ္ထိ တိ။

ဟု ပဋိစ္စသမုပ္ပါဒ်ဝိဘင်းမူလဋီကာ, ဝိသုဒ္ဓိမဂ်ဋီကာတို့ ဘွင့်ဆိုတော်မူကြကုန်၏။

သာ အပရဘာဂေ သရီရဝဋ္ဋနဋ္ဌာနပဝိဋ္ဌာ ပုဋ္ဌုဝကရာသိံ ဒိသွာ တတ္ထ ပုဋ္ဌုဝကသည်း ဥပ္ပါဒေတွာ ပဌမဇ္ဈာနံ ပဋိလဘိ။ သာ တတ္ထ ယာဝတာယုကံ ဌတွာ တတော စုတာ ဗြဟ္မလောကေ နိဗ္ဗတ္တိ၊ တတော စဝိတွာ ပုန ဂတိဝသေန အာဠုလမာနာ ဇာဒါနိ သူကရယောနိယံ နိဗ္ဗတ္တိ။

ဟူသော ဓမ္မပဒအဋ္ဌကထာ ဝတ္ထုနိဒါန်းစကားသည် သခ်ေပနည်းပြသာ ဖြစ်သည်၊ထို့ကြောင့်ထိုစကားမှ ရှေ့တချပ်လောက်သာသာဆီတွင် ထိုဝက်မငယ်၏ မိမိဂတိကို ရဟန်္တာတို့နှင့် နှီးနှော၍ပြောကြားရာတွင်-

အဟံ ပုဗ္ဗေ မနုဿယောနိတော စုတော ကုက္ကုဋ္ဌီ ဟုတွာ တတ္ထ
သေနဿ သန္တိကေ သီသစ္ဆေဒံ ပတွာ ရာဇဂဟေ နိဗ္ဗတ္တာ ပရိဗ္ဗာဇိ-
ကာသု ပဗ္ဗဇိတွာ ပဌမဇ္ဈာန ဘူမိယံ နိဗ္ဗတ္တိတွာ တတော စုတာ
သေဋ္ဌိကုလေ နိဗ္ဗတ္တာ နစိရဿေဝ စဝိတွာ သုကရယောနိံ ဂန္တွာ
တတော စုတာ သုဝဏ္ဏဘူမိံ။

စသည်ဖြင့် တဆယ့်သုံးဘဝတို့ကို ဇာတိဿရဉာဏ်ဖြင့် ဟောကြား
လေသည်။

---

## သက်ရှိသက်မဲ့တပိုင်းစီရှိသောဝတ္ထု၊

၂၃။ တေဝိသတိမပုစ္ဆာ။ ။တပိုင်းမှာဇီဝနှင့်၊ ဘောကာယ
အစုံ။ ။တပိုင်းမှာဗာဟိရ၊ ဥတုဇပုံ။ ။သမုဋ္ဌာန်၊ ထုတ်ဟန်ခြား
သော်လည်း၊ မပြားတဲ့သည်အာရုံ၊ ဘယ်ဘုံမှာထင်စွ။ ။ကြဉ်မဟာ၊
သတ္တငယ်ဇီဝါလို့၊ မမည်ပါသည်အမှုကို၊ ဘုန်းရှုပါစ။ ။

၂၃။ တေဝိသတိမဝိသဇ္ဇနာ။ ။တပိုင်းမှာ ဇီဝနှင့်ဘောကာယ
အစုံ။ ။တပိုင်းမှာဗာဟိရ၊ ဥတုဇပုံ။ ။သမုဋ္ဌာန် ထုတ်ဟန်ခြား
သော်လည်း၊ မပြားတဲ့သည်အာရုံ၊ လူ့ဘုံမှာထင်ခဲ့။ ။ဆွေမဟာ၊
သတ္တငယ်ဇီဝါလို့၊ မမည်ပါသည်ဆံစုကို၊ ဘုန်းရှုပါရဲ့။ ။

ကမ္မသမုဋ္ဌာနမ္ပိ တာဝ ကေသေ စတသော ဓာတုယော ဝဏ္ဏော
ဂန္ဓော ရသော ဩဇာ ဇီဝိတံ ကာယပ္ပသာဒေါ တိ ဇဝံ ကာယဒသက-
ဝသေန ဒသရူပါနိ၊ တတ္ထေဝ ဘာဝဿ အတ္ထိတာယ ဘာဝဒသက-
ဝသေနဒသ၊ တတ္ထေဝ အာဟာရသမုဋ္ဌာနံ ဩဇဋ္ဌမကံ ဥတုသမုဋ္ဌာနံ
စိတ္တသမုဋ္ဌာန န္တိ အပရာနိ ပိ စတုဝီသတိ တိ။ (ဝိသုဒ္ဓိမဂ်။)

ဆံပင်ကား အသားမှမလွတ်သောအရပ်၌ "ကမ္မာဟာရစိတ္တောတုဇ"၊
အသားမှလွတ်သောအရပ်၌ကား ဥတုဇသာ။

ကေသာဒီနံ ပိ ဟိ မံသတော အဝိနိမုတ္တဘာဂေါ ကမ္မာဟာရ-
စိတ္တောတု သမုဋ္ဌာနော ဝ ဟောတိ တိ။ (ဝိသုဒ္ဓိမဂ်ဋီကာ။)

၎င်းဆံပင်ကိုသာဆိုလိုက်သည်ကား ဥပလက္ခဏနည်း၊ လောမစသော စတု
သမုဋ္ဌာနိကရုပ်တို့၌လည်း ဤနည်းတူ။

ယထာ ကေသေ၊ ဇဝံ လောမာဒီသု စတုသမုဋ္ဌာနိကေသု။
(၎င်းဋီကာ။)

ဤအာရုံတို့သည်လည်း လူ့ဘုံ၌သာထင်သည်၊ နတ်ဘုံ,ဗြဟ္မာဘုံတို့၌မထင်။

ဧတ္ထ စ ဒသ အသုဘာ ကာယဂတာ သတိ အာဟာရေ ပဋိကူလ-
သညာ တိ ဣမာနိ ဒွါဒသ ဒေဝေသု နပ္ပဝတ္တန္တိ။ တာနိ ဒွါဒသ
အာနာပါနသတိ စာ တိ ဣမာနိ တေရသ ဗြဟ္မလောကေ နပ္ပဝတ္တန္တိ။
အရူပဘဝေ ပန ဌပေတွာ စတ္တာရော အာရုပ္ပေ အညံ နပ္ပဝတ္တတိ၊
မနုဿေသု သဗ္ဗာနိ ပိ ပဝတ္တန္တိ တိ။ (ဝိသုဒ္ဓိမဂ်။)

---

## ဥပနိဿယမပြိုင်သောကုသိုလ်စေတနာ

၂၄။ စတုဝီသတိမပုစ္ဆာ။ ။စေတနာကုသလကိုဘဲ၊ ဥပနိဿယ ကူမပြိုင်၊ဘူဆိုင်တဲ့ကံတုံး။ ။ပစ္စည်းငယ်စီ၊ အကြောင်းဘဟာဖိလို့၊ ရွှေရာသီပါမတွန်းရ၊ ညွှန်းပနောင်ဘုန်း။ ။

၂၄။ စတုဝီသတိမဝိသဇ္ဇနာ။ ။စေတနာကုသလကိုဘဲ၊ ဥပ နိဿယကူမပြိုင်၊ သဟဇာသည်တရား၊ များနှင့်သူဆိုင်၊ ပစ္စုပ္ပန်ကေန္တ ငယ်မို့၊ ဥနိဿယမကူနိုင်၊သူမပြိုင်ရှောင်ရ။ ။ပစ္စည်းငယ်စီ၊အကြောင်း သည်ဟာဖိလို့၊ ရွှေရာသီပါမတွန်း၊ ညွှန်း၏ညီလှ။ ။

ဥပနိဿယမပြိုင်သော ကုသိုလ်စေတနာကား-သဟဇာတကမ္မပစ္စည်းတည်း၊ ၎င်းသဟဇာတကမ္မပစ္စည်းကား ပစ္စုပ္ပန်သာ၊ ပကတူပနိဿယ ပစ္စည်းကား-အ တိတ်နှင့်နှင့်၊ ထိုသို့ကာလမတူကြသောကြောင့် မကူမပြိုင်နိုင်သည်ဟူလို။

---

## ဝိပ္ပယုတ္တပစ္စည်းနှင့် မဆက်ဆံသောနာမ်တရား

၂၅။ ပဉ္စဝီသတိမပုစ္ဆာ။ ။ဝိပ္ပယုတ်ကယ်နှင့်၊ အဟုတ် ကတဲ့ ကယ်မဆံ၊ ဘယ်နာမ်တဲ့ရှေ့ကိုယ့်။ ။အရူပါ၊ ဝိပါက်ကိုမယူပါနှင့်၊ ကိုဆရာမြန်မြန်မြွက်ပါ၊ သုံးချက်စုဘို့။ ။

၂၅။ ပဉ္စဝီသတိမဝိသဇ္ဇနာ။ ။ဝိပ္ပယုတ်ကယ်နှင့်၊ အဟုတ်ကတဲ့ မဆက်ဆံ။ ။အရူပဘုံဌာနမှာလ၊ လောဘမောဟာနှင့်၊ မနောဒွါ ရာဝဇ္ဇန်း၊ လမ်းပြကေန်။ ။စမဟာအမည်ရ၊ ကုသလကိရိယံ၊ အာ ရုပ္ပံတဝ။ ။မဂ်သောတာ၊ ရှောင်လွဲကြဉ်ခွါတဲ့၊ လောကုတ္တရာ သည် နာမ်စုကို၊ ဘုန်းရှုညီလှ။ ။

အရူပဘုံ၌ဖြစ်သော လောဘမူ-၈၊ မောဟမူ-၂၊ မနောဒွါရာဝဇ္ဇန်း-၁၊ မဟာကုသိုလ်-၈၊ မဟာကြိယာ-၈၊ အရူပကုသိုလ်-၄၊ ၎င်းကြိယာ-၄၊ သော တာပတ္တိမဂ်ကြဉ်သော လောကုတ္တရာစိတ်-၇၊ ဒေါသ, ဣဿာ, မစ္ဆရိယ,

ကုဏ္ဍလွ, အပ္ပမညာကြဉ်သော စေတသိက်-၄၆၊ ပဝတ္တိပဋိသန္ဓေနာမက္ခန္ဓာ-၄ ပါး၊ ဤတရားတို့သည် ဝိပ္ပယုတ္တပစ္စည်းနှင့် မဆက်ဆံသော နာမ်တရားတို့ တည်း။

---

## စေတနာအများရှိလျက်တပါးကသာ အကျိုးပေးသောကံမျိုး

၂၆။ ဆဗ္ဗီသတိမ ပုစ္ဆာ။ ။စေတနာအပုံများ ပါလျက်၊ တပါး သာတရပ်ဌာန်၊ ပဋိသန်နေထိုက်။ ။သည်ကံကို၊ ကံများတွင် ဘယ်ကံ ဆိုပါ၊ မြတ်ဘုန်းမိုသိတော်သားဟာမို့၊ ဖြေလို့ဖြေလိုက်။ ။

၂၆။ ဆဗ္ဗီသတိမဝိသဇ္ဇနာ။ ။စေတနာအပုံများ ပါလျက်၊ တပါး သာတရပ်ဌာန်၊ ပဋိသန်နေထိုက်။ ။သည်ကံကို ဂရုကံကေန်ဆိုလိုက် မယ်၊ မြတ်ဘုန်းမိုသိလျက်သားဟာမို့၊ မြားသူ့မှတ်လိုက်။ ။

ယေ ပဉ္စ ပေတာနိ ကမ္မာနိ ကတာနိ ဟောန္တိ။ ဟဿ သံဃဘေဒေါ ယေဝ ပဋိသန္ဓိဝသေန ဝိပစ္စတိ။ သေသာနိ အဟောသိ ကမ္မံ နာမဟော- သိ ကမ္မဝိပါကော တိ ဧဝမာဒိသု သင်္ချံ ဂစ္ဆန္တိ။ သံဃဘေဒါဘာဝေ လောဟိတုပ္ပါဒေါ၊ တဒဘာဝေ အရဟန္တဃာတော၊ တဒဘာဝေ သစေ ပိတာ သီလဝါ ဟောတိ၊ မာတာ ဒုဿီလာ၊ နော ဝါ တထာ သီလဝတီ ပိတုဃာတော ပဋိသန္ဓိဝသေန ဝိပစ္စတိ။ သစေ မာတာ- ပိတူသု ဒွီသု ပိ သီလေန ဝါ ဒုဿီလေန ဝါ သမာနေသု မာတုဃာ- တောဝ ပဋိသန္ဓိဝသေန ဝိပစ္စတိ။ မာတာဟိ ဒုက္ကရကာရိနီ ဗဟုပကာရာ စ ပုတ္တာနန္တိ။ (သမ္မောအဋ္ဌကထာ, ဥပရိပဏ္ဏာသ အဋ္ဌကထာ, ကင်္ခါဝိတရဏီ အဋ္ဌကထာ။)

အဋ္ဌသု သမာပတ္တီသု ဧကာယ ဖြပ္ပလောကေ နိဗ္ဗတ္တတိ၊ သေသာ အဝိပါကာ။ (သမ္မောအဋ္ဌကထာဉာဏဝိဘင်း။)

ဂရုကံမရှိရာ၌ကား—

ဂရုကေ အသတိ အာသန္နံ၊ တသ္မိံ ပိ အသတိ အာစိဏ္ဏံ၊ တသ္မိံ ပိ အသတိ ကဋတ္တာ ကမ္မံ။

ဟုဋီကာကျော်စသည်လာတိုင်းမှတ်ရာ၏၊ ကံတူအများတွင်ကား အားကြီး သော စေတနာအကျိုးပေးသည်။

ဗလဝံ အာကဍ္ဍတိ ဒုဗ္ဗလံ နာကဍ္ဍတိ။ (ဋီကာကျော်။)

ဤဆိုအပ်ပြီးသော ကံတို့ကို ဇနက, ဥပဃာတကစသည်ဖြင့် ကမ္မစတုက္က၌ ချ၍ ယထာရဟမှတ်အပ်၏။

## ပဏာမစေတနာ ၃-ပါးလုံးပင်အန္တရာယ်ကင်းစေခြင်း

၂၇။ သတ္တဝိသတိမပုစ္ဆာ။ ။ပဏာမစေတနာ။ ။အန္တရာယ်ကွယ်စေတတ်သည်ဟု၊ ကျမ်းဆတ်ဆတ်မှာ။ ။ထိုအရာမှန်စွာမမှား။ ။မြတ်ဘုန်းမိုဆရာခင်ငဲ့၊ သုံးပါးပင် ရန်မာရ်ကင်းအောင်၊ ရှင်းနိုင်လိမ့်လား။ ။

၂၇။ သတ္တဝိသတိမဝိသဇ္ဇနာ။ ။ပဏာမစေတနာ။ ။အန္တရာယ်ကွယ်စေတတ်သည်ဟု၊ ကျမ်းဆတ်ဆတ်လာ။ ။သည်အရာ၊ မှန်စွာမမှား။ ။ညီဘုန်းကြွယ်သာကိဝင်ငဲ့၊ သုံးပါးပင်ရန်မာရ်ကင်းအောင်၊ ရှင်း၏မှတ်သား။

ပဏာမော စ တိဝိဓော ကာယပဏာမော ဝစီပဏာမော မနောပဏာမော တိ၊ ပ။ တေသု ဣဓ သမ္ဗာသမ္ဗုဒ္ဓန္တိအာဒိနာ ဝစနေန ရတနတ္တယပဏာမဿ ဒဿိတတ္တာ ဝစီပဏာမော ဝ အဓိပ္ပေတော။ သော စ သတိ ပိ ကာယမနောပဏာမာနံ အန္တရာယ နိဝါရဏဘာဝေ သောတူနံ ဟိတကရဏတော ဝတ္ထုတ္တယဿ စ ဂုဏဝိသေသယောဂေန ပဏာမာရဟဘာဝဿ ဒဿနတော တေဟိ သာတိသယော တိ ဝိဟိတော တိ ဝေဒိတဗ္ဗော။ (မဏိမဉ္ဇူ။)

ယဒိ အတ္တနော အန္တရာယာဘာဝေါ ဣစ္ဆိတော ကာယပဏာမော ဝါ ဝစီပဏာမော ဝါ ကာတဗ္ဗော သိယာ တေသု အညတရေနာပိ အန္တရာယာဘာဝတော၊ (၎င်းမဏိမဉ္ဇူ။)

---

## အကုသိုလ်ကြောင့် ကုသိုလ်ပြုသူနှင့် ကုသိုလ်ကြောင့် အပါယ်ရောက်သူ

၂၈။ အဋ္ဌဝိသတိမပုစ္ဆာ။ ။အကုသိုလိဗလဝကြောင့်၊ များသုခချမ်းသာ၊ ပွါးကုသလမဂ်လာ၊ မဂ်နတ်ရွာရောက်ကြောင်း။ ။ကျမ်းဂန်နှင့် ပြဆိုပါ၊ လှရွှေကိုယ်ဗောဓိပွင့်လောင်း။ ။ကြီးကုသိုလ်ကံအကြောင်းကြောင့်၊ မကောင်းတဲ့ ပါယ်လေးခွင်။ ။ဘယ်ပုဂ္ဂိုလ်ဘယ်သူရောက်လေသီ၊ ကျမ်းထောက်နှင့်မိန့်စမ်းစေချင်။ ။များသိဘို့အိုသခင်ငယ်၊ အမြင်တော်ကျယ်တောင်းမို့၊ ခွင့်တောင်းသည်ပုစ္ဆာ၊ မေးလျှောက်လိုက်ပါ။ ။ကျမ်းဂန်နှင့်လက်မကွာလျှင်၊ ခက်စရာဟုတ်ဘူးထင့်လေး။

၂၈။ အဋ္ဌဝီသတိမဝိသဇ္ဇနာ။ ။အကုသိုလ် ဗလဝကြောင့်၊ များသုခချမ်းသာ၊ ပွါးကုသလမဂ်လာ၊ မဂ်နတ်ရွာရောက်ကြောင်း။ ။မဟာဝင်ကျမ်းဂန်လာ၊အသောကာမင်းဒုဋ္ဌာလောင်း။ ။ကြီးကုသိုလ်ကံအကြောင်းကြောင့်၊ မကောင်းတဲ့ပါယ်ရပ်ခွင်။ ။သခ်ပါလောင်းလျာကပ်သည်ဟု၊ ကျမ်းနိပါတ် မိန့်ဆိုလျက်ပါပင်။ ။များသိဘို့အိုဆွေခင်ငယ်၊ မှတ်စေချင်ပါတောင်းမို့၊ ခွင့်တောင်းတဲ့သည်ပုစ္ဆာ၊ ညွှန်းဖြေလိုက်ပါ။ ။ကျမ်းဂန်နှင့်ကွာမကွာကို၊ ဆွေကလျာချင့်ပါတော့လေး။ ။

ဗိန္ဒုသာရသုတာ အာသုံ၊ သတံ စေကော စ ဝိဿုတာ။
အသောကော အာသိ တေသံ တု၊ ပုညတေဇဗလိဒ္ဓိကော။
ဝေမာတိကေ ဘာတရော သော၊ ဟန္တွာ ဧကူနကံ သတံ။
သကလေ ဇမ္ဗုဒီပသ္မိံ၊ ဧကရဇ္ဇံ မပါပုဏိ။

(မဟာဝင်။)

သယိတော သိရိသမ္ပတ္တိံ၊ မဟတိံ အဓိပေက္ခိယ။
ကတံ အဂ္ဂေါဘဏိ ဃာတံ၊ သရန္တော န သုခံ လဘိ။
ဝိယဂ္ဂိဒီပေ အရဟန္တော၊ ဥတွာ တံ တဿ တင်္ကိတံ။
ပါဟေသုံ အဋ္ဌ အရဟန္တေ၊ တ မဿာသေတု မိဿရံ။
ဇောတယိဿသိ စေဝ တွံ၊ ဗဟုဓာ ဇိနသာသနံ။
မနောဝိလေခံ တမှာ တွံ၊ ဝိနောဒယ နရိဿရ။

(ငင်းမဟာဝင်။)

ဤမင်းတို့ကား များစွာသောသူတို့ကို သတ်ခြင်း အကုသိုလ်ဗလဝကြောင့် ကြီးကျယ်စွာသော ဧကရာဇ်မင်း စည်းစိမ်ချမ်းသာကိုရ၍ မဂ်နတ်ရွာရောက်ကြောင်း ကောင်းမြတ်သော ကုသိုလ်အဆောက်အဦကို ပြုစုအားထုတ်ကြရလေသည်။

သော တဿ သမ္ပတ္တိံ နိဿာယ နာဂဘာဝနေ လောဘံ ကတွာ ကတိပါဟံ ဝသိတွာ ပိတု ဘိက္ခာဟာရံ နိဗဒ္ဓံ ဒါပေတွာ အတ္တနော နဂရမေဝ ဂန္တွာ စတူသု နဂရဒွါရေသု ဒါနသာလာယော ကာရေတွာ သကလဇမ္ဗုဒီပံ သံခေါဘေန္တော ဒါနံ ဒတွာ သီလံ ရက္ခိတွာ ဥပေါသထကမ္မံ ကတွာ နာဂဘာဝနံ ပတ္ထေတွာ အာယုပဟပရိယောသာနေ နာဂဘာဝနေ နိဗ္ဗတ္တိတွာ သခ်ပါလနာဂရာဇာ အဟောသိ။ (စတ္တာလီသနိပါတ် သခ်ပါလဇာတ်အဋ္ဌကထာ။)

ကြီးကုသိုလ်ကံအကြောင်းကြောင့် မကောင်းသောအပါယ်သို့ ရောက်၏ဟူသည်လည်း ပွဲကတူပအကြောင်းမျှသာ၊ ဇနကအကြောင်းမဖြစ်နိုင်။

အဋ္ဌာနမေတံ ဘိက္ခဝေ အနဝကာသော ယံ ကာယသုစရိတဿ အနိဋ္ဌော အကန္တော အမနာပေါ ဝိပါကော ဥပ္ပဇ္ဇေယျ၊ နေတံ ဌာနံ ဝိဇ္ဇတိ။
အစရှိသော အဋ္ဌာနပါဠိကိုရှု။

---

## ရေနတ်နဂါးဖြစ်ရန်အကျိုးပေးကံများ

၂၉။ ကေနုတိ သတ္တမပုစ္ဆာ။ ။ပြည်မန္တာနဂရ၊ ရွှေကာလနာဂိန်၊ ဒေဝါမျှ ပမာချိန်၊ မဟာသိန် လွန်ကြူး။ ။သက်အာယု တကမ္ဘာ၊ ဌကထာကျမ်း မိန့်အထူး။ ။ထိုသက်တော် ရှည်မြတ်တဲ့၊ ထိုရေနတ် ဥပက်ကို၊ ရှုကြံတော်မူဦး။ ။ကုသိုလ်ကံ မြောက်ချီကြူးလျှင်လဲ၊ ညစ်ညူးတဲ့ပါယ်ခန္ဓာပါ။ ။အကုသိုလ် ဆိုပါရမှာလဲ၊ ကြီးနိုင်မျှ ရေနတ် မင်းချမ်းသာ။ ။သူ့ဥပထမ္ဘကလက္ခဏာငယ်၊ ခက်စရာ တကယ်ဖြစ်သာမို့၊ဘုရပျစ်နှင့်ကရပြည့်အပုံဖွေးရက်လို့ရုံ။ ။ဒေါ်သစစ်လို့၊ အပြစ်ကုန်တယ်၊ လဒ္ဓတဂုဏ်ဘော်စမ်းပါတဲ့လေး။ ။ပြောကြရစ်ဘို့၊ သနစ်ကုန်ငယ်၊ဗျတ္တတဂုဏ်ကျော်စမ်းပါကွဲ့လေး။ ။

၂၉။ ကေနုတိ သတ္တမဝိသဇ္ဇနာ။ ။ပြည်မန္တာနဂရ၊ ရွှေကာလနာဂိန်၊ ဒေဝါမျှပမာချိန်၊ မဟာသိန်လွန်ကြူး။ ။သက်အာယု တကမ္ဘာ၊ ဌကထာကျမ်းမိန့် အထူး။ ။ထို သက်တော်ရှည်မြတ်တဲ့၊ ထိုရေနတ်သူ့ကံကို၊ ရှုကြံဘွယ်ရှိဘူး။ ။ပါယ်ဘုံမှာ သက်ရှည်ကြူးလို့၊ ဖြစ်လူးတဲ့ကြောင်းလျှာ။ ။ကံနှစ်ဖြာ စုံကာပြုသည်ဟု၊ သဗ္ဗညုဟောမိန့်တော် မူလျက်ပါ။ ။အကုသိုလ် စေတနာမှာ၊ ပါယ်ခန္ဓာသန္ဓေရလို့၊ ကုသလသူ့စေတနာအဟုန်၊ ကြီးနိုင်မျှဂုဏ်။ ။ ဒေါ်သစင်လို့၊အပြစ်ကုန်တယ်၊ လဒ္ဓတဂုဏ်ဘော်လိုက်ပြီတဲ့လေး။ ။ ပြောကြရစ်ဘို့၊ သနစ်ကုန်ငယ်၊ ဗျတ္တတပုံကျော်လိုက်ပြီကွဲ့လေး။ ။

ဧကမန္တံ နိသိန္နော သော ဘိက္ခု ဘဂဝန္တံ ဧတဒဝေါစ "ကော နု ခေါ ဘန္တေ ဟေတု ကော ပစ္စယော၊ ယေန မိဓေကစ္စော ကာယဿ ဘေဒါ ပရံမရဏာ အဏ္ဍဇာနံ နာဂါနံ။ပ။ ဇလာဗုဇာနံ နာဂါနံ။ပ။ သံသေဒဇာနံ နာဂါနံ။ပ။ ဩပပါတိကာနံ နာဂါနံ သဟဗျတံ ဥပပဇ္ဇတီ"တိ၊ ဣဓ ဘိက္ခု ဧကစ္စော ကာယေန ဒွယကာရီ ဟောတိ ဝါစာယ ဒွယကာရီ မနသာ ဒွယကာရီ၊ တဿ သုတံ ဟောတိ

အဏ္ဍဇာနာဂါ။ ပ။ ဩပပါတိကာ နာဂါ ဒီဃာယုကာ ဝဏ္ဏဝန္တော သုခဗဟုလာ တိ၊ တသ္မာ ဧဝံ ဟောတိ "အဟောဝတာ ဟံ ကာယဿ ဘေဒါ ပရံမရဏာ အဏ္ဍဇာနံ နာဂါနံ။ပ။ ဩပပါတိကာနံ နာဂါနံ သဟဗျတံ ဥပပဇ္ဇေယျန္တိ"၊ သော အန္နံ ဒေတိ ပါနံ ဒေတိ ဝတ္ထံ ယာနံ မာလံ ဂန္ဓံ ဝိလေပနံ သေယျံ အာဝသထံ ပဒီပေယျံ ဒေတိ၊ သော ကာယဿ ဘေဒါ ပရံမရဏာ အဏ္ဍဇာနံ နာဂါနံ။ပ။ ဩပပါတိကာနံ နာဂါနံ သဟဗျတံ ဥပပဇ္ဇတိ၊ အယံ ခေါ ဘိက္ခု ဟေတု အယံ ပစ္စယော၊ ယေန မိဓေကစ္စော။ပ။ ဥပပဇ္ဇတီတိ။(ခန္ဓဝဂ္ဂ နာဂသံယုတ် ပါဠိတော်။)

ဒွယကာရီတိ ဒုဝိဓကာရီ၊ ကုသလာကုသလကာရီတိ အတ္ထော။ သဟဗျတံ ဥပပဇ္ဇတီ တိ သဟဘာဝံ အာပဇ္ဇတိ၊ တတြဿ အကုသလံ ဥပပတ္တိယာ ပစ္စယော ဟောတိ၊ ကုသလံ ဥပပန္နာနံ သမ္ပတ္တိယာ တေဟိ ဒီဃာယုကဘာဝေ စ ဝဏ္ဏဝန္တတာယ စ သုခဗဟုလတာယ စ ပတ္တနံ ကတွာ ဇမ္ဗံ ဒသ ဝတ္ထုံ ဝိ ဒါနံ ဒတွာ တံ သမ္ပတ္တိံ အနုဘဝိတုံ တတ္ထ နိဗ္ဗတ္တန္တိ။ (ရင်းအဋ္ဌကထာ။)

---

## လှပသောတိရစ္ဆာန်တို့ရုပ် အနိဋ္ဌဖြစ်-မဖြစ်

၃၀။ တိံသတိမပုစ္ဆာ။ ။ကုသိုလ်မှာ ဣဋ္ဌရုပ်ကိုလ၊ ပြုလုပ်လို့ တယ်ဟန်၊ ကယ်မှန်ပါစေအုံး။ ။အကုသိုလ်ကံ၊ သူပြုစီမံတဲ့၊ ဆင်မြင်း ပျံ့သည်အဟိတ်ကယ်တို့၊ အနိဋ္ဌာဆိုပါရအောင်၊ ကျမ်းပြပါဘုန်း။ ။

၃၀။ တိံသတိမဝိသဇ္ဇနာ။ ။ကုသိုလ်မှာ ဣဋ္ဌရုပ်ကိုလ၊ ပြုလုပ် လို့တင့်တယ်၊ အကယ်ပမလွဲ။ ။အကုသိုလ်ကံ၊ သူပြုစီမံတဲ့၊ ဆင်မြင်း ပျံ့သည် အဟိတ်တို့မှာ၊ အနိဋ္ဌာဆိုပါရအောင်၊ မူလဋီဓိပ္ပါယ်ပြတယ်၊ ကျမ်းကနက်နဲ့။ ။

သောဘဏာနိ စ ကာနိစိ ဟတ္ထိရူပါဒီနိ အကုသလကမ္မနိဗ္ဗတ္တာ- နိ၊ န တေသံ ယေဝ ဟတ္ထိအာဒီနံ သုခဿ ဟေတုဘာဝံ ဂစ္ဆန္တိ တိ တေသံ သင်္ဂဏှနတ္ထံ အကန္တန္တိ ဝုတ္တံ။ တဿ တဿေဝ ဟိ သတ္တဿ အတ္တနာ ကတေန ကုသလေန နိဗ္ဗတ္တံ သုခဿ ပစ္စယော ဟောတိ၊ အကုသလေန နိဗ္ဗတ္တံ ဒုက္ခဿ။ တသ္မာ ကမ္မဇာနံ ဣဋ္ဌာနိဋ္ဌတာ ကမ္မ- ကာရကသတ္တဿ ဝသေန ယောဇနာရဟာ သိယာ တိ။ အဋ္ဌကထာယံ ပန ကုသလကမ္မဇံ အနိဋ္ဌံ နာမ နတ္ထီတိ ဣဒမေဝ ဝုတ္တံ၊ န ဝုတ္တံ အကု-

သလကမ္မဇ် ဍုင္ဒှ် နာမ နတ္ထိ တိ၊ တေန အကုသလကမ္မဇ် ပိ သောဘဏံ ပရသတ္တာန် ဍုင္ဒန္တိ အနညာတံ ဘ၀ိဿတိ တိ၊ ကုသလကမ္မဇ် ပန သမ္ဘဝံ ဍုင္ဒမေ၀ါတိ။

ကုသလကမ္မဇဿ ပန အနိဋ္ဌဿ အဘာဝေါ ၀ိယ အကုသလကမ္မဇဿ သောဘဏဿ ဍုင္ဒဿ အဘာဝေါ၀တ္တဗ္ဗော။ ဟတ္ထိအာဒီနံ ပိ ဟိ အကုသလကမ္မဇ် မနုဿာနံ အကုသလ၀ိပါကဿေ၀ အာရမ္မဏံ၊ ကု-သလကမ္မဇ် ပန ပ၀တ္တေ သမုဋ္ဌိတံ၊ ကုသလ၀ိပါကဿ ဍုင္ဒာရမ္မဏေန ပန ၀ေါမိဿကတ္တာ အပ္ပကံ အကုသလကမ္မဇ် ဗဟုလံ အကုသလ၀ိပါ-ကုပ္ပတ္တိယာ ကာရဏံ န ဘ၀ိဿတိ တိ သက္ကာ ၀တ္တုန္တိ။ (ခန္ဓ၀ိဘင်း မူလဋီကာ။)

တေသံ ၔ၀ ဟတ္ထိအာဒီနံ သုခဿ ဟေတုဘာ၀ံ န ဂစ္ဆန္တိ။သာရ-ဏာဒိ၀သေန ဒုက္ခပစ္စယတ္တာ တေသန္တိ ဟတ္ထိရူပါဒီနံ တဿ တဿေ-၀ါ တိ အာဒိနာ ယထာ၀ုတ္တမတ္ထံ ၀ိ၀ရတိ။ အကုသလေန အတ္တနာ ကတေန နိဗ္ဗတ္တံ ဒုက္ခဿ ပစ္စယော ဟောတိ တိ ယောဇနာ။ တဗ္ဗာ-တိ ယသ္မာ ကမ္မံ ယသ္မိံ သန္တာနေ နိဗ္ဗတ္တံ၊ တတ္ထေ ၀ သုခဒုက္ခာနံ ပစ္စ-ယော ဟောတိ၊ န အညတ္ထ။ တသ္မာ အဋ္ဌကထာယံ ပနာတိ။ကေစ္စမတ-ဒဿနံ တတ္ထ အနိဋ္ဌံ နာမ နတ္ထိ တိ ယသ္မာ ပဋိသေဓ္ဓယေန ကုသလ-ကမ္မဇဿ ဍုင္ဒဘာဝေါ နိယတော၊ တသ္မာ ကုသလကမ္မဇမေ၀ ဍုင္ဒန္တိ ၔ၀ံ အနိယမေတ္ဗာ ကုသလကမ္မဇ် ဍုင္ဒမေ၀ါ တိ ၔ၀မေတ္ထ နိယမော ဂဟေတဗ္ဗော တိ ဒဿေန္တော အကုသလကမ္မဇမ္ပိ တိ အာဒိမာဟ။

ကိန္တိ အကုသလကမ္မဇ် သောဘဏံ ပရေသံ ဍုင္ဒှ် နာမ သိယာ၊ ယဒိ ဒုဂ္ဂတိယံ ကေသဉ္စိ တိရစ္ဆာနာနံ သဏ္ဌာနာဒိသမ္ပတ္တိ၊ သုဂတိယံ သတ္တာနံ အကုသလနိဿန္ဒေန ၀ိရူပရူပတာ ၀ိယ ကုသလနိဿန္ဒေနာ တိ ကထံ တဿာ အကုသလကမ္မဇတာ။ အထ ပန ယံ ကေသဉ္စိ အမနာပံ ပိ သမာနံ ရူပံ မနာပံ ဟုတွာ ဥပဋ္ဌာတိ။ တံ သန္ဓာယ ၀ုတ္တံ၊ ၔ၀မ္ပိ ယထာ ကေသဉ္စိ တိရစ္ဆာနာဒီနံ ကုသလကမ္မဇ် မနုဿာဒိရူပံ အမနာပတော ဥပဋ္ဌဟန္တမ္ပိ ကုသလ၀ိပါကဿေ၀ အာရမ္မဏဘာ၀တော အတ္တတော ဍုင္ဒမေ၀ နာမ ဟောတိ။ ၔ၀ံ အကုသလကမ္မဇ် ကေသဉ္စိ မနာပံ ဟုတွာ ဥပဋ္ဌဟန္တမ္ပိ အကုသလ၀ိပါကဿေ၀ အာရမ္မဏဘာ၀တော အတ္တ-တော အနိဋ္ဌမေ၀ နာမ ဟောတိ။ ၔ၀ဥ္စေတံ သမ္ပဋိစ္ဆိတဗ္ဗံ။ အညထာ အဋ္ဌာနမေတံ အန၀ကာသော ယံ ကာယဒုစ္စရိတဿ ဣဋ္ဌော ကန္တော မနာပေါ ၀ိပါကော ဥပ္ပဇ္ဇေယျာ တိ အာဒိ အဋ္ဌာနပါဠိယာ ၀ိရောဓော သိယာ။ တေနေ၀ါဟ ကုသလကမ္မဇဿ ပနာ တိအာဒိ။ (ၛင်းအဘွင် အနုဋီကာ။)

နောင်လာနောက်သားတို့ မှတ်သားသိလွယ်အောင် ကေစ္စဝါဒနှင့် တကွ ဋီကာ နှစ်စောင်ကိုထုတ်ဆောင်လိုက်သည်၊ သည့်ထက်အကျယ်ကိုလိုမူ ၎င်း ဋီကာတို့၌ ရှုလေဦး။

---

## လူတို့အား မူးမှိုင်စေသော နတ်တို့ရုပ် ဇာ္ဇန ဖြစ်-မဖြစ်

၃၁။ ကေတ္တိံသတိမပုစ္ဆာ။ ။ကုသိုလ်ကံစီမံလုပ်လို့၊ ဇာ္ဇနရုပ်ဖြစ်တုံပြန်၊ ကယ်မှန်ဘိမူကား။ ။လူတကာ၊ နတ်များကို မြင်ကုန်ရာ၌၊ မူးမှိုင်ကာတွေဝေရတယ်၊ သင်းဇာ္ဇနလား။ ။

၃၁။ ကေတ္တိံသတိမဝိသဇ္ဇနာ။ ။ကုသိုလ်ကံ စီမံလုပ်လို့၊ဇာ္ဇနရုပ်ဖြစ်သည်မှန်၊ ကေန်ပမလွဲ။ ။လူတကာ၊ နတ်များကို မြင်ကုန်ရာ၌၊ ဘုန်းသမ္ဘာ မတူမျှသောကြောင့်၊ မူးမှိုင်ကာ တွေဝေရတယ်၊ သင်းဇာ္ဇနဘဲ။ ။

> တိရစ္ဆာနဂတာနံ ပန ကေသဉ္စိ မနုဿရူပံ အမနာပံ။ ယတော တေ ဒိသွာဝ ပလာယန္တိ။ မနုဿာ စ ဒေဝတာရူပံ ဒိသွာ ဘာယန္တိ၊ တေသံ ပိ ဝိပါကဝိညာဏံ တံ ရူပံ အာရဗ္ဘ ကုသလ ဝိပါကံ ဥပ္ပဇ္ဇတိ၊ တာဒိသဿ ပန ပုညဿ အဘာဝါ န တေသံ တတ္ထ အဘိရတိ ဟောတီ တိ အမိပ္ပါယော။ (ခန္ဓဝိဘင်းမူလဋီကာ။)

---

## င-အက္ခရာနှင့် ပဒပူရဏာ သမ္ဗပ္ပလာပ ဖြစ်-မဖြစ်

၃၂။ ဗာတ္တိံသတိမပုစ္ဆာ။ ။သဘောမှန်အနက်ကင်း၊ ပြိန်ဖျင်းတဲ့ ဝစီကံ၊ မိန့်တော်သံရှိသား။ ။သို့စင်ပါ၊ ပဒပူရဏာနှင့်၊ င-ခရာ ရွတ်သူတို့၊ ဘယ်သို့ဘုရား။

၃၂။ ဗာတ္တိံသတိမဝိသဇ္ဇနာ။ ။သဘောမှန်အနက်ကင်း၊ ပြိန်ဖျင်းတဲ့ဝစီကံ၊ မိန့်တော်သံအထူး၊ င-ခရာ၊ ပဒပူရဏာတို့၊ ဟောစရာနက်မကင်းသောကြောင့်၊ ရွတ်သူမှာဘယ်အခင်းကိုမျှ၊ လင်းဘွယ်ရှိဘူး။ ။

> င၊ ပုံ၊ ၎၊ ဍ၊ ဝိဓဝေယ၊ ဝိဓယရက္ခာယာမ်။ (သဒ္ဒတ္ထောမမဟာနိဓိ အဘိဓာန်နာဂရီအက္ခရာရေး။)

ဤ၌ င-ဟူသောပုဒ်ဖြင့် င-အက္ခရာကိုပြသည်၊ ပုံဖြင့်ပုလ္လိင်ကိုပြသည်၊ ၎-ဖြင့် ဓာတ်ရင်းကို၊ ဍ-ဖြင့် ပစ္စည်းကို၊ဝိဓဝေယ၊ ဝိဓယရက္ခာယာမ်တို့ဖြင့် င-သဒ္ဒါ၏ **အနက်ကိုပြသည်။**

င်း၊ ပုံ၊ ဝိဇ္ဇယး၊ ဝိဇ္ဇယသ္မယာ၊ ဇာတိမေဒိနိင်္ဂဘာရဝး၊ ဇာတျောကာ-ကဏ္ဍရကောဇ္ဇး။ (သဒ္ဒကပ္ပဒုမအဘိဓာန်ဗင်္ဂလီအက္ခရာရေး။)

ဝုတ္တော ပေါက္ခရကောသေ၊ ပေါရာဏော ငဿ ဏော နိမေ။
ဝုတ္တာ သင်္ကာ ပါဠိယဥ္စ၊ ကထာသု ငဿ ဏောဒကာ။
(ပေါက္ခရကောသ။)

င-အက္ခရာအနက်ရှိသော်လည်း ပါဠိ,အဋ္ဌကထာတို့၌ မထင်သောကြောင့် ဤမာဂဓပေါက္ခရကောသကျမ်း၌ င-သဒ္ဒါ၏အနက်ကိုမဆိုပါသည် ဟူလို။

င-ကာရော ပန ယဒိ ပေါရာဏော ကဏ္ဍရကောသေ "ငကာရော ဘေရဝေ ချာတော၊ ငကာရော ဝိသယေ ပျာဟာ" တိ အတ္ထဒွယေ ပဝတ္တိ ဝုတ္တာ။ ကစ္စာယနာဒီသု စ သဒ္ဒပဝေသနေ ဝိသုံ ဝုတ္တာ။ သဘာဝနိရုတ္တိ မဂဓဘာသာသု ပန ပါဠိယဋ္ဌကထာဒီသု ဝိသုံ အဝိဇ္ဇမာနတ္တာ နယိဓ တဿတ္ထဘေဒါ ဝုတ္တာ တိ ဒဋ္ဌဗ္ဗော အာဟ "ဝုတ္တော ပေါက္ခရ ကောသေ၊ပ။ ဏောဒကာ" တိ။ (ပေါက္ခရကောသဋီကာ။)

န ဟိ ဝါထ ဂဟာ ကေဗျဉ္စနမ္ပိ နိရုတ္တကံ ဝဒန္တိ။
(သုတ်သီလက္ခန်အဋ္ဌကထာ။)

ပဒပူရဏာသဒ္ဒေသု၊ သုတ္တျာပဒသိလိဋ္ဌတာ။
ဿာ ပိ လောကေ ပသိဒ္ဓတ္တာ၊ ဒဗ္ဗေ ဂယှတိ တညုနာ။
န တုသဒ္ဒါ အနုတ္တာ တိ၊ ချာယေန ပဒပူရဏော။
ပဒေတ္တော သံတိယာ တဿ၊ ပဒတ္ထေဝ ပဝတ္တိတော။
(သဒ္ဒတ္ထဘေဒစိန္တာ။)

န တုသဒ္ဒါ အနုတ္တာ တိ ပရိဘာသာ နယေန ပဒပူရဏော ပဒပူရဏ-သဟိတေ သုတ္တန္တကေ ပဒေ ပန ပဒတ္တော သုတ္တန္တေ။ ပဒသာ အတ္တော သုတ္တန္တကေ သုတိယာ ပတိယတော၊ ကသ္မာ တဿ ပဒပူရဏဘူတဿ အန္တသဒ္ဒဿ ပဒတ္တေဝ သုတ္တန္တေ ပဒဿ အတ္တေဝ ပဝတ္တိတော။ (ဂုဏ်ဒီပနီ။)

န နုစ ဘာဂဝတော ပါရမိတာနုဘာဝေန နိရုတ္တကမေဏက္ခရံ ပိ မုခံ နာရောဟတိ၊ သကလဥ္စ သာသနံ ပဒေပဒေ စတုသစ္စပကာသနန္တိ ဝုတ္တံ။ ကထံ တဿ ပဒပူရဏဿ သမ္ဘဝေါ တိ၊ သစ္စံ ပဒပူရဏံ ပိ ပဒန္တရာဘိဟိတဿ အတ္ထဿ ဝိသေသနဝသေန အနန္တရာ တီတအတ္ထံ ဝဒတိ ဧဝ၊ သော ပန ဝိနာ ပဒန္တရေနေဝ သက္ကာ ဝိညာတုန္တိ ပဒပူရဏမိစ္စေဝ ဝုတ္တန္တိ။ (သဒ္ဒနီတိစတုပဒ။)

## မောဃပဉှာတုစ္ဆပဉှာဖွင့်ဆိုခြင်းအကြောင်း

၃၃။ တေတ္တိံသတိမပုစ္ဆာ။ ။ကောင်းကျိုးငယ် ယှဉ်စပ်လျက်၊ သမ္ပပ်နှင့်အစုဆုံ၊အနုလုံဘော်ပြ။ ။ဘွင့်တပုံ၊အသင့်ငယ်ဘယ်လိုယုံရ၊ သည်ဖြစ်ပုံဘယ်အလားရယ်လို့၊ငါးနိကာယ်အာဂုံဆောင်တဲ့၊ညီတော်နောင် မိန့်တော်ချက်ကို၊ ဦးရွက်ချင်လှ။ ။

၃၃။ တေတ္တိံသတိမဝိသဇ္ဇနာ။ ။ကောင်းကျိုးငယ် ယှဉ်စပ်လျက်၊ သမ္ပပ်နှင့်အစုဆုံ၊ အနုလုံဘွင့်ခြင်း။ ။သည်နည်းတုံ၊အသင့်ကို သည်လိုယုံတော့၊ ဝေနေပုံအလိုဘက်လို့၊ အနက်ကိုမရငြားသော်လည်း၊ ဟောကြားတော်မူသည့်ချက်ကို၊ ဦးရွက်တော့မင်း။ ။

ယဿ ရူပက္ခန္ဓော နုပ္ပဇ္ဇိတ္ထ၊ တဿ ဝေဒနာက္ခန္ဓော နုပ္ပဇ္ဇိတ္ထာ-တိ ဧဝမာဒိ ပန ပုစ္ဆာယ နတ္ထီတိ ဧဝမသ္မိံ ဝိသဇ္ဇနေ ပဋိက္ခေပေါ လဗ္ဘတိ။ယဿ ရူပက္ခန္ဓော ဥပ္ပဇ္ဇတိ၊တဿ ဝေဒနာက္ခန္ဓော နိရုဇ္ဈတီ-တိ ပုစ္ဆာယ နောတိဝိသဇ္ဇနေ ပဋိသေဓော လဗ္ဘတိ။ တသ္မာ အယံ ဧဝ ဒုဝိဓော အညော စ ဧဝရူပေါ ပဉှော မောဃပဉှော တိ ဝေဒိတဗ္ဗော၊ တုစ္ဆပဉှောတိ ပိ ဝုစ္စတိ။ (ယမကအဋ္ဌကထာ။)

ဤတွင် "ပလာပေါနတ္ထကာဂိရာ" အဘိဓာန် လာသည်နှင့်အညီ ယဿ ရူပက္ခန္ဓော နုပ္ပဇ္ဇိတ္ထ-ဟူသောပုဒ်၏အနက်သည်မရှိ၊သို့မရှိသော်လည်း ဝေနေယျပုံယင်သို့ လိုက်၍ဟောတော်မူသကဲ့သို့ အနတ္ထကာဂိရာဖြစ်၍ ပလာသ, သမ္ဖပ္ပလာပ,နိရတ္ထက,တုစ္ဆ,မောဃ, အနတ္ထ, အဘာဝ ဟူသော အပေါင်းအစုဥ္ဆုံရကား မောဃပဉှော တုစ္ဆပဉှောဟု ဘွင့်တော်မူလေသည်၊ စင်စစ်ပြိန်ဖျင်းသော သမ္ဖပ္ပလာပဖြစ်၍ ဘွင့်သည်မဟုတ်၊ ထိုပုဒ်၏ အနက်မရကောင်းသည်မျှကိုစွဲ၍ ဘွင့်ခြင်းဖြစ်သည်၊ စင်စစ်သမ္ဖပ္ပလာပဖြစ်လျှင် ကောင်းကျိုးနှင့်မစပ်နိုင်၊ ကောင်းကျိုးနှင့်စပ်ကလည်း သမ္ဖပ္ပလာပမဖြစ်နိုင်။

---

## စေတနာတချက်ဖြင့် ပဋိသန္ဓေကျိုးများစွာပေးနိုင်-မပေးနိုင်

၃၄။ စတုတ္တိံသတိမပုစ္ဆာ။ ။စေတနာ တချက်ဖြင့်၊ မျိုးမပျက်အရှိမှန်၊ ကျိုးဝိပါက်ပဋိသန်၊ တတန်သာနေမြဲ။ ။ဋီကာလှ ကျမ်းကျော်၊ဘွင့်ပုံတော်ဟုတ်သားနှင့်ကဘဲ။ ။မျှမကြိုက်သလိုဘဲ့၊ ခွတိုက်လို့တမူဆောင်၊ မတူအောင်ဖြစ်နဲ့။ ။သူတကောင် စေတနာကွဲငယ်က၊ ဖန်လဲလဲ ပေးလို့မကုန်။ ။ဖြစ်တိုင်းငယ် ကမ္ဘာပြန်တော့၊

ပဋိသန္ဓေနေမချိနိုင်ဘူး၊ ဘယ်ကံသိထူးသတ္တိဟုန်။ ။အုံ့မခန်းပ၊ ဆန်း တဂုဏ်၊ရန်သူပုန်စစ်ကြီးလိုဘဲ၊ အနီးကပ် သည်ကံပုဗ္ဗာ၊ ရဲတက်လို့ လာ။ ။သီမလွဲပါနှင့်၊ ညီရဲမိုလ်မင်းတူရတနာငယ်၊ ရှောင်မလွဲပါ နှင့်၊ နောင်ရဲမိုလ်မင်းတူရတနာငယ်၊ တဗျူဟာထွက်စမ်းပလေး။ ။

၃၄။ စတုတ္ထံသတိမဝိသဇ္ဇနာ။ ။စေတနာ တချက်ဖြင့်၊ မျိုးမ ပျက်အရှိမှန်၊ ကျိုးဝိပါက်ပဋိသန်၊ တတန်သာနေမြဲ။ ။ကျော်ဆို သည့် ဋီကာမှာ၊ ဘွင့်သည်သာ ဟုတ်ပါလေဘဲ။ ။သာလိနီခေါ် သညာ၊ ဌကထာသည်နဲ့။ ။ကျမ်းစောင်စောင်ဆို မကွဲပါဘူး၊ ဘွင့် ကြံမြဲထပ်ဘူး။ ။သို့စင်ကို ကံတချက်က၊ ပဋိသန် ရာထောင်ထွက် သည်ဟု၊ ဘုန်းမိန့်မြွက် ခွန်းဗျာလွှ့ကြူ။ ။ပရိယာယ်ဝေဝစနနှင့်၊ သာမညနည်းတမူ၊ မြွက်ထောင်ယူကြဉ်ထားလို့၊ သည်တရား စေတနာ ကေန်၊မရှိသည်မှန်။ ။ကပ်လှာစွဲပါတဲ့၊ တပ်ရဲဆိုသည့် ပုဗ္ဗာကံကို၊ ချဉ်းလာနီးပါတဲ့၊ စစ်ကြီးဆိုသည့် သူပုန်ရန်ကို၊ကျွမ်းမှောက်လှန်တွန်း လိုက်ကဲ့လေး။ ။

ပဋိသန္ဓိနိ ကေနမဝ ပဋိသန္ဓိံ၊ န ဟိ ကေန ကမ္မေန အနေကာသု ဇာတီသု ပဋိသန္ဓိ ဟောတိ။

ဟု ဋီကာကျော်တကျမ်းသာ ဤသို့ဘွင့်သည် မဟုတ်ပါ၊ အဋ္ဌသာလိနီ အဋ္ဌ ကထာ၌လည်း—

သာကေတေ ကိရ ဥပါသကာ သာလာယံ နိသီဒိတွာ ''ကိံ နုခေါ ကေ ယ စေတနာယ ကမ္မေ အာယုဟိတေ ကော ပဋိသန္ဓိ ဟောတိ၊ ဥဒါဟု နာနာ''တိ ပဉှံ နာမ သမုဋ္ဌာပေတွာ နိစ္ဆေတုံ အသက္ကောန္တာ အဘိဓမ္မိကတ္ထေရေ ဥပသင်္ကမိတွာ ပုစ္ဆိံသု၊ ထေရာ ယထာ ကေသွာ အမ္ဗဗီဇာ ဧကောဝ အင်္ကုရော နိက္ခမတိ၊ ဧဝံ ကောဝ ပဋိသန္ဓိ ဟော- တိ တိ သညာပေသုံ။

ဟု မိန့်ဆိုလေသည်။ ။အဘိဓမ္မာဝတာရ လက်သန်းအဋ္ဌကထာ၌လည်း—

သန္ဓိံ ဧကေနကမ္မေန၊ ဇနေတိ န တတော ပရံ။
အနေကာနိ ဝိပါကာနိ၊ သဥ္စနေတိ ပဝတ္တိယံ။
ကေသွာ ဟိ ယထာ ဗီဇာ၊ ဇာယတေ ဧကမင်္ကုရံ။
သုဗဟူနိ ဖလာနိယံ၊ ဟောန္တိ ဟေတု ပဝတ္တိတော။

ဟု မိန့်ဆိုလေသည်။ ။သင်္ဂါထာဝဂ္ဂသံယုတ် အဋ္ဌကထာ၌လည်း—

သတ္တက္ခတ္တုန္တိ သတ္တဝါရေ ပုဗ္ဗပစ္ဆိမ စေတနာဝသေန ဧတ္ထ အတ္ထော ဝေဒိတဗ္ဗော။ ကေဝိလ္လာပါတဒါနသ္မိဉှိ ကော စေတနာ ဒွေ ပဋိသန္ဓိယော န ဒေတိ၊ ပုဗ္ဗပစ္ဆိမစေတနာဝသေန သတ္တက္ခတ္တုံ သဂ္ဂေ သတ္တက္ခတ္တုံ သေဋ္ဌိကုလေ နိဗ္ဗတ္တော။

ဟု မိန့်ဆိုလေသည်။ ။ဤသို့ကျမ်းဂန်အစောင်စောင်အဘွင့် အဆိုအညီမျှကြ လျက်ကို စေဒနာတချက်က ပဋိသန္ဓေအရာအထောင်မက "ဖြစ်တိုင်းကမ္ဘာ ပြန်တော့၊ပဋိသန်နေမချိနိုင်ဘူ" ဟူသောစကားသည်–

ဧသော ဘိက္ခဝေ သတ္တော ဇမ္ဗုဒီပေ ယေဝ ရာဇဂဟေ ဂေါဃာ-တကော အဟောသိ၊ သော တဿ ကမ္မဿ ဝိပါကေန ဗဟူနိ ဝဿာနိ ဗဟူနိ ဝဿသတာနိ ဗဟူနိ ဝဿသဟဿာနိ ဗဟူနိ ဝဿ-သတသဟဿာနိ နိရယေ ပစ္စိတွာ ဟာဿေဝ ကမ္မဿ ဝိပါကာ-ဝသေသေန ဧဝရူပံ အတ္တဘာဝပဋိလာဘံ ပဋိသံဝေဒေတိ။

ဟူသောပါရာဇိကကဏ်ပါဠိတော်, နိဒါနဝဂ် လက္ခဏသံယုတ်ပါဠိတော်။

ကေပုပ္ဖံ ယဇိတွာန၊ အသီတိကပ္ပကောဋိယော၊
ဒုဂ္ဂတိံ နာဘိဇာနာမိ၊ ကေပုပ္ဖဿိဒံ ဖလံ။

ဟူသောအပဒါန်ပါဠိ၊ဤသို့လာသောပါဠိတို့၌ "တဿေဝ ကမ္မဿ ဝိပါ-ကာဝ သေသေန" ဟူသောပုဒ်၊ "အသီတိကပ္ပကောဋိယော" ဟူသောပုဒ် တို့ကို ပရိယာယ်ဝေဝစန ဗျဉ္ဇနစ္ဆာယသာမညအားဖြင့်ယူ၍ ဆိုခြင်းမျှသာဖြစ် သည်၊ မုချအားဖြင့် စေတနာတချက်တည်းကိုလျက် ပဋိသန္ဓေအများပေးနိုင် သော စေတနာဟူ၍မရှိ၊ ဤ"တဿေဝကမ္မဿ"စသောပုဒ်၊ "အသီတိကပ္ပ-ကောဋိယော" ဟူသောပုဒ်တို့သည်လည်း စေတနာတချက်တည်း ပဋိသန္ဓေ အများပေးသည်ကိုပြသော ပုဒ်စုမဟုတ်၊ ထိုကြောင့် ဝိမတိ၌–

တဿေဝ ကမ္မဿာ တိ ယေန ဂေါဃာတကကမ္မေနေဝ နိရယေ နိဗ္ဗတ္တော။တဿေဝါတိ အတ္ထေ အယုမာနေ ကောယ စေတနာယ ဗဟု ပဋိသန္ဓိယော ဟောန္တိ တိ အာပဇ္ဇတိ။ နစေတံ ယုတ္တံ၊ ကေ-ဿ အမ္ဗာဒိဗီဇဿ အနေကင်္ကုရုပ္ပတ္တိ ဝိယာတိ တံ ပရိဟရန္တော အာဟ "တဿ နာနာ စေတနာ ဟိ အာယူဟိတဿာ တိ အာဒိ"။

ဟု မိန့်ဆိုလေသည်၊ ယခင်ရှိကာကျော်ပါဌ်၏ အနုသန္ဓေပြသောမဏိမဥ္ဇူ၌ လည်း–

နနု ဧကေန ကမ္မေန အနေကာသု ဇာတီသု အနေကာ ပဋိသန္ဓိ-ယော၊ တဿေဝ ကမ္မဿ ဝိပါကာဝသေသေနာ တိ စ၊ ကေပုပ္ဖံ ယဇိတွာန ။ပ။ ကေပုပ္ဖဿိဒံ ဖလန္တိ စ ဝေမာဒိဝစနတော တိ ဇေ၀ံ

ပါဠိယာ၊ ယထာဘူတဉ္စ မဇ္ဈာနိတွာ ဗျဉ္ဇနဿာယာယ ဝိပရိတဉ္စ ဂဟေတွာ စောဒေန္တဿ စောဒနံ ဝိသောဓေန္တော န ဟိတိ အာဒိမာဟ။

ဟုဆိုလေသည်။

## ဩဠာရိကရုပ်စစ်ဖြစ်လျက် အာယတန-ဓာတ် မဘွဲ့ရခြင်းအကြောင်း

၃၅။ ပဥ္စတ္တိံသတိမပုစ္ဆာ။ ။ဩဠာရိအဖြစ်၊ မှန်စင်စစ်ရုပ်ပါ။ ။ ဩဠာရိမည်နာမငယ်ဖြင့်၊ အာယတနဓာတ်မဘွဲ့ရပါ။ ။ဘယ်ရုပ်မို့ တမူရာ၊ ခြူခြာတော်မူဘိ။ ။ဘယ်ပုဂ္ဂိုလ်ဘယ်ဌာန်၊ ဘယ်သန္တာန်ထူး လို့လေသိ။ ။ပညာတော်ဘူရိနှင့်၊ ဆူကဝိမြတ်ဆရာငယ်၊ မှတ်စပါ ချင်လွန်းလို့၊ တင်ညွှန်းသည့်ပြဿနာ၊ လှမ်းဆက်ကပ်ပါ။ ။အဖြေ မပ၊ နေကျစွာအောင်၊ ရွှေညဝါခေါင်မှူးဖျလေး။ ။

၃၅။ ပဥ္စတ္တိံသတိမဝိသဇ္ဇနာ။ ။ဩဠာရိအဖြစ်၊ မှန်စင်စစ်ရုပ်ပါ။ ။ ဩဠာရိမည်နာမငယ်ဖြင့်၊ အာယဘနဓာတ်မဘွဲ့ရပါ။ ။ဂန္ဓရုံသဖော ဌဗ္ဗာငယ်၊ သကိစ္စာမရှိ။ ။ရူပပြဟ္မာရူပဘုံမှာ၊ ရုပ်ဖြစ်ပုံ ထူးလို့မှတ် ဘိ။ ။ပညာတော်ဘူရိနှင့်၊ မြတ်ပါဠိကျမ်းဂန်လာကို၊ မှတ်ပါစေချင် လွန်းလို့၊ တင်ညွှန်းတဲ့ပြဿနာ၊ လှမ်းဖြေလိုက်ပါ။ ။သာဓကနှင့်၊ နေ ကျစွာတယ်၊ ရွှေညဝါခေါင်မှူးပလေး။ ။

ရူပဓာတုယာ ဥပပတ္တိက္ခဏေ ဌပေတွာ အသညသတ္တာနံ ဒေဝါနံ ပဉ္စာယဘနာနိ ပါတုဘဝန္တိ၊ပဉ္စဓာတုယော ပါတုဘဝန္တိ။ ရူပဓာတုယာ ဥပပတ္တိက္ခဏေ ကတမာနိ ပဉ္စာယတနာနိ ပါတုဘဝန္တိ၊ စက္ခာယတနံ ရူပါယတနံ သောတာယတနံ မနာယတနံ ဓမ္မာယတနံ၊ ရူပဓာဘုယာ ဥပပတ္တိက္ခဏေ ဣမာနိပဉ္စာယတနာနိ ပါတုဘဝန္တိ။ ရူပဓာတုယာ ဥပ- ပတ္တိက္ခဏေ ကတမာပဉ္စ ဓာတုယော ပါတုဘဝန္တိ၊စက္ခုဓာတု ရူပဓာတု သောတဓာတု မနောဓာတု ဓမ္မဓာတု၊ ရူပဓာတုယာ ဥပပတ္တိက္ခဏေ ဣမာ ပဉ္စဓာတုယော ပါတုဘဝန္တိ။ (ဓမ္မဟဒယဝိဘင်းပါဠိတော်။)

အသညီဘဝေ ဧကဝေါကာရဘဝေ ကတီဟိ ။ပ။ သင်္ဂဟိတော၊ အသညီဘဝေ ဧကဝေါကာရဘဝေ ဧကေန ခန္ဓေန ဒွိဟာယတနေဟိ ဒွိဟိဓာတုဟိ သင်္ဂဟိတော။ ကတီဟိ အသင်္ဂဟိတော၊ စတူဟိ ခန္ဓေဟိ ဒသာဟာယတနေဟိ သောဠသဟိ ဓာတူဟိ အသင်္ဂဟိတော။ (ဓာတု ကထာပါဠိတော်။)

ဒွိဟာယတနေဟိ တိ ရူပါယတနဓမ္မာယတနေဟိ။ ဓာတူသု ပိ ဧသေဝနယော။ (၎င်းအဋ္ဌကထာ။)

ရူပဓာတုယာ ကတိခန္ဓာ ။ပ။ ကတိစိတ္တာနိ။ ရူပဓာတုယာ ပဉ္စ ခန္ဓာ ဆ အာယတနာနိ နဝ ဓာတုယော တိဏ္ဏိ သစ္စာနိ စုဒ္ဒသိန္ဒြိယာနိ။ (ဓမ္မဟဒယဝိဘင်းပါဠိတော်။)

ယသ္မာ ပန ရူပဓာတုပရိယာပန္နာနံ သတ္တာနံ ဃာနာယတနာဒီနံ အဘာဝေန ဂန္ဓာယတနာဒီနိ အာယတနကိစ္စံ န ကရောန္တိ၊ တသ္မာ ရူပဓာတုယာ ဆ အာယတနာနိ နဝ ဓာတုယော တိအာဒိ ဝုတ္တံ။ (၎င်းအဋ္ဌကထာ။)

တတ္ထ စ ရူပါဝစရသတ္တာနံ ဃာနဇိဝှါယတနာဘာဝတော ဝိဇ္ဇမာနာ ပိ ဂန္ဓရသာ အာယတနကိစ္စံ န ကရောန္တိ တိ တေ အနာမသိတွာ ပါဠိယံ ပဉ္စာယတနာနိ ပါတုဘဝန္တိ၊ ဆ အာယတနာနိ တိ အာဒိ ဝုတ္တံ။ပ။ ဣတိ ဝိသယိနော ကိစ္စဿ စ အဘာဝေန ဝိသယော ကိစ္စ-ဝါ စ ဓမ္မော န ဝုတ္တော။ ယသ္မိံ ဟိ ဘဝေ ဝိသယီ နတ္ထိ၊ တသ္မိံ တံ ဟေတုကော နိပ္ပရိယာယေန ဝိသယဿ အာယတနဘာဝေါ နတ္ထိ တိ ဝိဇ္ဇမာနဿာ ပိ အဝစနံ။ ယထာ ရူပဘဝေ ပထဝီ တေဇော ဝါယော ဓာတူနံ ဖောဋ္ဌဗ္ဗာယတနဘာဝေန။ (သမ္မော အနုဋီကာ, ဝိသုဒ္ဓိမဂ်ဋီကာ။)

စက္ခွာဒီနံ အာယတနာနံ တံ နိဿယာနဉ္စ ဝိညာဏာနံ သမ္ဘ-သုညတာ သန္တဿနတ္တံ ဘဂဝတော ဓာတုဒေသနာ တိ အာယတန-ဘာဝေန ဝုတ္တာနံယေဝ ဓာတုဘာဝဒီပနတော ဓာတုဘာဝဿာ ပိ နေသံ အဝစနံ ယုဇ္ဇတိ ဧဝ။ (၎င်းအနုဋီကာ။)

---

## ဥပစာအနုလုံမပါဂေါတြဘူချည်းဆိုရာ၌ ဖြစ်သောနည်း

၃၆။ ဆတ္တိံသတိမပုစ္ဆာ။ ။ဥပစာမပါဘဲယေ်နှင့်၊နုလုံလဲဘော်မကူ၊ ဂေါတြဘူငဲ့သာချည်း။ ။အရိယာ၊ မြတ်ဘုန်းမိုဗိုလ်မဟာတို့၊ မဂ်သောတာအောင်မြေနင်းကြတယ်၊သင်းကဘယ်နည်း။ ။

၃၆။ ဆတ္တိံသတိမဝိသဇ္ဇနာ။ ။ဥပစာမပါဘဲယေ်နှင့်၊ နုလုံလဲဘော်မကူ၊ ဂေါတြဘူငဲ့သာချည်း။ ။အရိယာ၊ မြတ်ဘုန်းမိုဗိုလ်မဟာတို့၊ မဂ်သောတာအောင်မြေနင်းကြတယ်။ သင်းသာမညနည်း။ ။

အဝိသေသေန ပန တိဝိဓမ္ပေတံ အာသေဝနန္တိ ဝိ ပရိကမ္မန္တိ ဝိ ဥပစာရန္တိပိ အနုလောမန္တိ ဝိ ဝတ္တုံ ဝဋ္ဋတိ။

ဟူသော ဝိသုဒ္ဓိမဂ်ပါဠိနှင့် အညီ သာမညအားဖြင့် သုံးပါးသောဇောစိတ်တို့ကို အာသေဝနဟူ၍ရင်း,ပရိကမ္မဟူ၍ရင်း ဆိုအပ်သောနည်း၌ဥပစာ,အနုလုံဟူသောအမည်ကို မသုံးသပ်သောကြောင့်ဥပစာ,အနုလုံမကူ ဂေါတြဘူချည်းသောတာပတ္တိမဂ်သို့ ရောက်သည်ဟု ဆိုသင့်သောနည်းသည် သာမညနည်းမည်၏။

---

## ပရိကံစသည်အမည်အသီးသီးဆိုရာ၌နည်း

၃၇။ သတ္တတ္တိံသတိမပုစ္ဆာ။ ။ပရိကံ။ ။ဥပစာနုလုံကူလို့၊ဂေါတြဘူသောတာရောက်၊ ကွန်းထောက်လို့စံ။ ။ဇောသမာရွှေတော်ပြေးငယ်တို့၊ လေးပွါနသညာခံ၊ ဘွဲ့နာမံပြောင်ဝင်း။ ။ဆန်းတကြယ်၊ တခန်းငယ်တသွယ်နှင့်၊ အံ့ဩဘွယ်နိဿယည်း၊ နည်းဘယ်သို့မင်း။ ။

၃၇။ သတ္တတ္တိံသတိမ ဝိသဇ္ဇနာ။ ။ပရိကံ။ ။ဥပစာနုလုံကူလို့၊ ဂေါတြဘူသောတာရောက်၊ ကွန်းထောက်လို့စံ။ ။ဇောသမာ ရွှေတော်ပြေးငယ်တို့၊ လေးဌာနသညာခံ၊ ဘွဲ့နာမံထင်စွ။ ။ဆန်းတကြယ်၊ တခန်းတသွယ်ပ၊အံ့ဩဘွယ်နိဿယည်း၊ နည်းဝိသေသ။ ။

သဗ္ဗေ အာရမ္မဏံ ကတွာ ဥပ္ပဇ္ဇတိ ပဌမံ ဇဝနစိတ္တံ၊ ယံ ပရိကမ္မန္တိ ဝုစ္စတိ။ တဒနန္တရံ တထေဝ သဗ္ဗေ အာရမ္မဏံ ကတွာ ဥပ္ပဇ္ဇတိ ဒုတိယံ ဇဝနစိတ္တံ။ ယံ ဥပစာရန္တိ ဝုစ္စတိ။ တဒနန္တရမ္ပိ တထေဝ သဗ္ဗေ အာရမ္မဏံ ကတွာ ဥပ္ပဇ္ဇတိ တတိယံ ဇဝနစိတ္တံ၊ယံ အနုလောမန္တိ ဝုစ္စတိ ။ဣဒံနေသံ ပါဋိယေက္ကံ နာမံ။ (ဝိသုဒ္ဓိမဂ်အဋ္ဌကထာ။)

---

## နည်းနှစ်ပါးဖြင့် ဝီထိကျခြင်း

၃၈။ အဋ္ဌတ္တိံသတိမပုစ္ဆာ။ ။ဘော်ကူနှင့် မကူ၊ ဖြစ်ခြင်းတူမတူတဲ့၊ ဂေါတြဘူနှစ်ပါး။ ။ဝီထိစီ၊ မဂ်လမ်းကို အစဉ်ချီတော့၊ တူယှဉ်ညီတပြိုင်ကျတယ်၊ ဘုန်းယုံပါ့လား။ ။

၃၈။ အဋ္ဌတ္တိံသတိမဝိသဇ္ဇနာ။ ။ဘော်ကူနှင့်မကူ၊ နှစ်ပါးခေါ်မတူတဲ့၊ ဂေါတြဘူဖြစ်ခြင်း။ ။ဝီထိစီ၊ မဂ်လမ်းကို အစဉ်ချီတော့၊ တူယှဉ်ညီနိဗ္ဗာန်ကြည့်တယ်၊ ဘုန်းယုံ၏မင်း။ ။

အထူးဆိုဘွယ်မရှိ၊ နည်းနှစ်ပါးဖြင့် ဝီထိကျခြင်းမျှပင်။

### အရိယာနှင့်ပျင်းသူဖျင်းသူတို့မထင်မြင်သောတရား

၃၉။ ကေနုစတ္တာလီသမပုစ္ဆာ။ ။အရိယာဟူသမျှနှင့်၊ကောသဇ္ဇ အပျင်းထူ၊အဖျင်းလူနှစ်ဦး။ ။မထိုက်ပါ၊ ဘယ်နည်း ဘယ်ပညာသိ၊ ကဋ္ဌနာရွှေမျက်ထားငယ်နှင့်၊ စကားသာချိုလှေ့၊ဘုန်းဗျာလွှေ့ကျူး။ ။

၃၉။ ကေနုစတ္တာလီသမ ဝိသဇ္ဇနာ။ ။အရိယာ ဟူသမျှနှင့်၊ ကောသဇ္ဇအပျင်းထူ၊အဖျင်းလူနှစ်ဦး။ ။မထိုက်ပါ၊ ညစ်ညူးစေပေါ် လာတဲ့၊ ဝိပဿနာရွှေဉာဏ်မြတ်ကို၊ စွဲမှတ်အထူး။ ။

ဝိပဿနုက္ကိလေသာ ဟိ ပဋိဝေဓပ္ပတ္တာသ အရိယသာဝကဿ စေဝ ဝိပ္ပဋိပန္နကဿ စ နိက္ခိတ္တကမ္မဋ္ဌာနဿ ကုသိတပုဂ္ဂလဿ နုပ္ပဇ္ဇန္တိ၊ သမ္မာပဋိပန္နကဿ ပန ယုတ္တပယုတ္တဿ အာရဒ္ဓဝိပဿကဿ ကုလ-ပုတ္တဿ ဥပ္ပဇ္ဇန္တိယေဝ။ ကတမေ ပနေတေ ဒသ ဥပက္ကိလေသာ တိ ဩဘာသော ဉာဏံ ပီတိ ပဿဒ္ဓိ သုခံ အဓိမောက္ခော ပဂ္ဂဟော ဥပဋ္ဌာနံ ဥပေက္ခာ နိကန္တိ တိ။ ဉာဏန္တိ ဝိပဿနာဉာဏံ၊တဿ ကိရ ရူပါရူပဓမ္မေ တုလယန္တဿ တီရယန္တဿ ဝိသဋ္ဌဣန္ဒဝဇိရမိဝအဝိဟတ-ဝေဂံ တိခိဏံ သူရမတိ ဝိသဒံ ဉာဏံ ဥပ္ပဇ္ဇတိ၊ (ဝိသုဒ္ဓိမဂ်။)

---

### ရဟန္တာချင်းတူညီလျက်အဘိညာဥ်အချို့ရ အချို့မရခြင်းအကြောင်း

၄၀။ စတ္တာလီသမပုစ္ဆာ။ ။ရဟန္တာဖြစ်ကြသားငယ်နှင့်၊ငါးပါး တဲ့ ဈာန်ဘိညာဥ်၊ ယှဉ်မယှဉ်တခန်း။ ။ကာရဏာ၊ အကြောင်း ငယ် ဘဟာကြောင့်၊ သည်ခြင်းရာမတူဘူးရယ်လို့၊ ထူးရသမှန်း။ ။

၄၀။ စတ္တာလီသမဝိသဇ္ဇနာ။ ။ရဟန္တာဖြစ်ကြသားငယ်နှင့်၊ ငါး ပါးတဲ့ဈာန်ဘိညာဥ်၊ ယှဉ်မယှဉ်တနဲ။ ။သမထာ၊ မိကာရာရှိသူနှင့်၊ မရှိသူသည်နှစ်ဦးမှာလ၊ ဖြစ်ခြင်းရာမတူဘူးငယ်လို့၊ ထူးရသဘဲ။ ။

မဝေးလွန်းသော ရှေးရှေးသောဘဝတို့၌ သမထာမိကာရဟု ဆိုအပ်သော အားကြီးသော ပုဗ္ဗယောဂရှိကုန်သော ပုဂ္ဂိုလ်တို့မှာ မဂ္ဂါဓိဂမ၏ အစွမ်းအား ဖြင့် ဈာန်အဘိညာဉ်စသည်တို့သည် ဖြစ်ကုန်၏၊ ထိုကဲ့သို့မရှိသော ပုဂ္ဂိုလ်တို့ မှာ မဖြစ်ကုန်၊

ဗလဝပုဗ္ဗယောဂါနံ ပန ဗုဒ္ဓပစ္စေကဗုဒ္ဓအဂ္ဂသာဝကာဒီနံ ဝိနာ ဝိ ဈာနိနာဝုတ္တပ္ပကာရေန ဘာဝနာနုက္ကမေန အရဟတ္တပ္ပဋ္ဋိလာဘာဝသေ-နေဝဈာဒဓ္မ ဈာနိဝိကုဗ္ဗနံ အညေ စ ပဋိသမ္ဘိဒါဒိဘေဒါ ဂုဏာ ဇာယန္တိ။ (ဝိသုဒ္ဓိမဂ်အဋ္ဌကထာ၊)

## ဝီထိစိတ္တုပ္ပါဒ်နှင့်ပဋိစ္စသမုပ္ပါဒ်စပ်

၄၁။ ကေစတ္တာလီသမပုစ္ဆာ။ ။ဝီထိစဉ် တဝါရ ငယ်နှင့်၊ စိတ္တုပ္ပါဒ်တချက်စီ၊ စပ်ချီတော်မူစမ်း။ ။ပဋိစ္စ၊ သည်နည်းငယ် ဆွေမဟာငွဲ့၊ ပွေတဖြာမလွန်ကြူး၊ထူးနိုင်မျှပြမ်း။ ။

၄၁။ ကေစတ္တာလီသမဝိသဇ္ဇနာ။ ။စက္ခုဒွါရ ဝီထိမှတ်လို့၊ စိတ္တုပ္ပါဒ်တချက်စီ၊ စပ်ချီအံ့မယွင်း။ ။ပဋိစ္စ၊ သည်နည်းကို ဆွေ မဟာငွဲ့၊ ကြွင်းသေသာဝီထိတွင်း၊ နည်းယူလို့သွင်း။ ။

ဝီထိတို့သည် ဒွါရဘေဒ, ဝါရဘေဒ, ဓမ္မဘေဒ,အာရမ္မဏဘေဒ, ကာလဘေဒစသောအားဖြင့် အရာမကများသောအပြားရှိ၏၊ ထိုတွင်စက္ခုဒွါရတဝီထိကို ဥပလက္ခဏပြု၍ စိတ္တုပ္ပါဒ်တချက်တချက်၌ ပဋိစ္စသမုပ္ပါဒ်စပ်ကို အကွက်စေ့ချီအံ့။

စက္ခုဒွါရကုသလဝီထိ၌အတီတဘင်,ဘဝင်္ဂစလန,ဘဝင်္ဂုပစ္ဆေဒ, ပဉ္စဒွါရာဝဇ္ဇန်း,စက္ခုဝိညာဏ်,သမ္ပဋိစ္ဆိုင်း,သန္တီရဏ,ဝုဋ္ဌော, ဇောခုနစ်ကြိမ်, တဒါရုံနှစ်ကြိမ်အားဖြင့် တဆယ့်ခုနစ်ပါးသော စိတ္တုပ္ပါဒ်တို့သည်ဖြစ်ကုန်၏။

ထိုတွင် အတီတဘင်,ဘဝင်္ဂစလန,ဘဝင်္ဂုပစ္ဆေဒတို့၌ စေတသိက် သုံးဆယ့်သုံးပါးစီ၊ပဉ္စဒွါရာဝဇ္ဇန်း၌တဆယ်၊ စက္ခုဝိညာဏ်၌ခုနစ်၊သမ္ပဋိစ္ဆိုင်း၌တဆယ်၊ သန္တီရဏ၌သောမနဿဖြစ်လျှင် တဆယ့်တစ်၊ဥပေက္ခာဖြစ်လျှင်တဆယ်၊ဝုဋ္ဌော၌တဆယ့်တစ်၊ဇောခုနစ်ကြိမ်၌ သုံးဆယ့်ရှစ်ပါးစီ၊ဤတွင်ဉာဏသမ္ပယုတ်ဝိယုတ်သောမနဿဥပေက္ခာတို့၌ ယထာရဟယူ၊ တဒါရုံနှစ်ကြိမ်၌ သုံးပါးစီဖြစ်ကုန်၏။

ဤတွင်အတီတဘင်တချက်၊ဖဿ,ဝေဒနာ,သညာ,စေတနာ, ဧကဂ္ဂတာ, နာမ်ဇီဝိတိန္ဒြေ,မနသိကာရ,ဝိတက်,ဝိစာရ,အဓိမောက္ခ,ဝီရိယ,ပီတိ,ဆန္ဒအားဖြင့် အညသမာန်းတဆယ့်သုံး၊ သဒ္ဓါ,သတိ,ဟိရီ, ဩတ္တပ္ပ,အလောဘ,အဒေါသ,အမောဟ,တတြမဇ္ဈတ္တတာ, ကာယပဿဒ္ဓိ,စိတ္တပဿဒ္ဓိ,ကာယလဟုတာ, စိတ္တလဟုတာ, ကာယမုဒုတာ, စိတ္တမုဒုတာ,ကာယကမ္မညတာ, စိတ္တကမ္မညတာ,ကာယပါဂုညတာ,စိတ္တပါဂုညတာ,ကာယုဇုကတာ, စိတ္တုဇုကတာအားဖြင့်သောဘဏစေတသိက် ၂၀၊ဤတရားအပေါင်းသည် စိတ္တုပ္ပါဒ် တချက်မည်၏။

ဤ၌ပဋိစ္စသမုပ္ပါဒ်စပ်ချီသောအခါ နားလည်စိမ့်သောငှါ ပဌမစိတ္တုပ္ပါဒ်ကို အကုန်ထုတ်လိုက်သည်၊ ဒုတိယစသော စိတ္တုပ္ပါဒ်တို့၌လည်းယထာရဟထုတ်၍ သိလေ၊ဤအရာဝယ် မြန်မာဘာသာသက်သက် စပ်ချီသည်ရှိသော်ပါဠိတော်ကို အဆောင်မလွတ်ရကားအလွန်ကျယ်အံ့စိုး၍ ပါဠိတော်သက်သက်ဖြင့် စပ်ချီအံ့။

ကတမေ ဓမ္မာ အဗျာကတာ၊ ယသ္မိံ သမယေ ကာမာဝစရဿ ကုသလဿ ကမ္မဿ ကတတ္တာ ဥပစိတတ္တာ ဝိပါကာ မနောဝိညာဏဓာတုဥပ္ပန္နာ ဟောတိ သောမနဿ သဟဂတာ ရူပါရမ္မဏာ ဝါ သဒ္ဒါရမ္မဏာ ဝါ ဂန္ဓာရမ္မဏာ ဝါ ရသာရမ္မဏာ ဝါ ဖောဋ္ဌဗ္ဗာရမ္မဏာ ဝါ ဓမ္မာရမ္မဏာ ဝါ၊ ယံ ယံ ဝါ ပနာရဗ္ဘ တသ္မိံ သမယေ သင်္ခါရပစ္စယာ ဝိညာဏံ၊ ဝိညာဏပစ္စယာ နာမံ၊ နာမပစ္စယာ သဠာယတနံ၊ သဠာယတနပစ္စယာ ဖဿော၊ ဖဿပစ္စယာ ဝေဒနာ၊ ဝေဒနာပစ္စယာ အဓိမောက္ခော၊ အဓိမောက္ခပစ္စယာ ဘဝေါ၊ ဘဝပစ္စယာ ဇာတိ၊ ဇာတိပစ္စယာ ဇရာမရဏံ၊ ဧဝမေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ သမုဒယော ဟောတိ။ (ဝိဘင်းပါဠိတော်အဘိဓမ္မဘာဇနီယ။)

အတီတဘွင် စိတ္တုပ္ပါဒ်တချက် ပဋိစ္စသမုပ္ပါဒ်ပစ္စယစက်ဖြစ်ပုံ၊ "ယသ္မိံ သမယေ သင်္ခါရပစ္စယာဝိညာဏံ သင်္ခါရဟေတုကံ၊ဝိညာဏပစ္စယာ နာမံ ဝိညာဏဟေတုကံ" စသည်ဖြင့် ဟေတုစက်။

"တသ္မိံ သမယေ သင်္ခါရပစ္စယာ ဝိညာဏံ သင်္ခါရသမ္ပယုတ္တံ၊ ဝိညာဏပစ္စယာ နာမံ ဝိညာဏသမ္ပယုတ္တံ" စသည်ဖြင့် သမ္ပယုတ်စက်။

"တသ္မိံ သမယေ သင်္ခါရပစ္စယာ ဝိညာဏံ၊ဝိညာဏပစ္စယာ ပိ သင်္ခါရော၊ ဝိညာဏပစ္စယာ နာမံ၊ နာမပစ္စယာ ပိ ဝိညာဏံ" စသည်ဖြင့် အညမညစက်ဖြစ်ပုံကိုမှတ်။

ဘဝင်စလန, ဘဝင်ုပစ္ဆေဒစိတ္တုပ္ပါဒ်တို့၌ ဤနည်းတူမှတ်လေ။ ။ပဉ္စဒွါရာဝဇ္ဇန်း စိတ္တုပ္ပါဒ်၌ကား—

ကတမေ ဓမ္မာ အဗျာကတာ၊ ယသ္မိံ သမယေ မနောဓာတု ဥပ္ပန္နာ ဟောတိ ကိရိယာ နေဝကုသလာ နာကုသလာ န စ ကမ္မဝိပါကာ ဥပေက္ခာသဟဂတာ ရူပါရမ္မဏာ ဝါ ။ပ။ တသ္မိံ သမယေ သင်္ခါရ ပစ္စယာ ဝိညဏံ ။ပ။ သမုဒယော ဟောတိ။

ဟူ၍ရှေးနည်းအတိုင်း ပစ္စယစက်,ဟေတုစက်, သမ္ပယုတ်စက်, အညမညစက်တို့ကိုမှတ်၊ ရှေ့ကို ဤမျှလောက်ပင်မဆိုမူ၍ ပစ္စယစက်၌အထူးမျှကိုသာ ပြအံ့၊ စက္ခုဝိညာဉ်၌—

ကတမေ ဓမ္မာ အဗျာကတာ၊ ယသ္မိံ သမယေ ကာမာဝစရဿ ။ပ။ ဥပစိတတ္တာ ဝိပါကံ စက္ခုဝိညာဏံ ဥပ္ပန္နံ ဟောတိ ဥပေက္ခာသဟဂတံ ရူပါရမ္မဏံ၊ တသ္မိံ သမယေ သင်္ခါရပစ္စယာ ဝိညာဏံ နာမံ သဠာယတနံ ဖဿော ဝေဒနာ၊ ဝေဒနာပစ္စယာ ဘဝေါ ဇာတိ ဇရာမရဏံ၊ ဧဝမေတဿ ။ပ။ ဟောတိ။

သမ္ပဋိစ္ဆိုင်း,သန္တီရဏ,ဝုဋ္ဌောတို့၌လည်း ပဉ္စဒွါရာဝဇ္ဇန်း အတီတဘွင်တို့၌ကဲ့သို့ ယထာရဟာမှတ်။ ။ဇောခုနစ်ကြိမ်တို့တွင် တကြိမ်တကြိမ်၌—

ကတမေ ဓမ္မာ ကုသလာ၊ ယသ္မိံ သမယေ ကာမာဝစရံ ကုသလံ စိတ္တံ ဥပ္ပန္နံ ဟောတိ သောမနဿသဟဂတံ ဉာဏသမ္ပယုတ္တံ ရူပါရမ္မဏံ ဝါ။ပ။ ယံ ယံ ဝါပနာရဗ္ဘ တသ္မိံ သမယေ ကုသလမူလပစ္စယာ သင်္ခါရော၊ သင်္ခါရပစ္စယာ ဝိညာဏံ နာမံ ဆဋ္ဌာယတနံ ဖဿော ဝေဒနာ၊ ဝေဒနာပစ္စယာ ပသာဒေါ၊ ပသာဒပစ္စယာ အဓိမောက္ခော၊ အဓိမောက္ခပစ္စယာ ဘဝေါ၊ ဘဝပစ္စယာ ဇာတိ။ ဇာတိပစ္စယာ ဇရာမရဏံ၊ ဧဝမေတဿ။ပ။ ဟောတိ။

ဤ၌ သောမနဿ,ဥပေက္ခာ,ဉာဏသမ္ပယုတ်,ဝိပ္ပယုတ်များမှာ ယထာရဟယူလေ၊ ။ဟေတုစက်စသည်တို့ကိုလည်း ရှေးအတိုင်းမှတ်။ ။တဒါရုံနှစ်ကြိမ်တို့၌လည်း အတီတဘင်စိတ္တုပ္ပါဒ်အတိုင်းမှတ်လေ၊ ။ဤသို့လျှင် စက္ခုဒွါရဝီထိ၌ စက်ချီအပ်သော ပဋိစ္စသမုပ္ပါဒ်နည်းကို ကြွင်းသောဝီထိ၌ မှတ်ပါလေဦး။

---

## ဝေဒနာပြားသော်လည်းဆင်ခြင်ရန်တခုသာရှိခြင်း

၄၂။ ဒွါစတ္တာလီသမပုစ္ဆာ။ ။ဝေဒနာတခု၌၊သုခနှင့်ဒုက္ခာ။ ။လက္ခဏာသည်နှစ်ပါး၊ ရပြားသင့်စွာ။ ။ပိုင်းခြားရန် မှန်မကျူးပေပ၊ ထူးနိုင်မျှကျမ်းအလာ၊ ဆန်းစရာတသီး။ ။သဘောကုန်ဘယ်နည်း ငယ်ဘယ်ပုံလို့၊ ဆင်ခြင်ပုံကိုယ်တော်သိရှာလိမ့်၊ ယောဂီဉာဏ်ကြီး။ ။

၄၂။ ဒွါစတ္တာလီသမဝိသဇ္ဇနာ။ ။ဝေဒနာတခု၌၊ သုခနှင့် ဒုက္ခာ။ ။လက္ခဏာသည်နှစ်ပါး၊ ရပြားသင့်စွာ။ ။ပိုင်းခြားရန် မှန်မကျူးပေပ၊ ထူးနိုင်မျှကျမ်းအလာ၊ ဆန်းပါဘိတနဲ့။ ။သုခမှာ၊ ဝိပရိဏာမာနှင့်၊ သင်္ခါရသဘာဝငယ်ကြောင့်၊ ဒုက္ခပင်ဆင်ခြင်လို့၊ ဉာဏ်သက်ဝင်သည့်နှယ်သိတယ်၊ ယောဂီဉာဏ်ဘဲ။ ။

တိဿော ဣမာ ဘိက္ခဝေ ဝေဒနာ။ ကတမာ တိဿော။ သုခါ ဝေဒနာ ဒုက္ခာဝေဒနာ အဒုက္ခမသုခါဝေဒနာ။ သုခါ ဘိက္ခဝေ ဝေဒနာ ဒုက္ခတော ဒဋ္ဌဗ္ဗာ၊ ဒုက္ခာဝေဒနာ သလ္လတော ဒဋ္ဌဗ္ဗာ၊ အဒုက္ခမသုခါဝေဒနာ အနိစ္စတော ဒဋ္ဌဗ္ဗာ။ (သဠာယတန သံယုတ် ပါဠိတော်။)

ဒုက္ခတော ဒဋ္ဌဗ္ဗာတိ ဝိပရိဏာမဝသေန ဒုက္ခတော ဒဋ္ဌဗ္ဗာ။ (၎င်းအဋ္ဌကထာ။)

တိဿော ဣမာ ဘိက္ခု ဝေဒနာ ဝုတ္တာ မယာ။ သုခါဝေဒနာ ဒုက္ခာဝေဒနာ၊ အဒုက္ခမသုခါဝေဒနာ၊ ဣမာ တိဿော ဝေဒနာ ဝုတ္တာ

မယာ။ ဝုတ္တံ ခေါ်ပနေတံ ဘိက္ခု မယာ ယံ ကိဉ္စိ ဝေဒယိတံ၊ တံ ဒုက္ခသ္မိန္တိ။ နေတံ ဘိက္ခု မယာ သင်္ခါရာနံယေဝ အနိစ္စတံ သန္ဓာယ ဘာသိတံ၊ ''ယံကိဉ္စိ ဝေဒယိတံ တံ ဒုက္ခသ္မိန္တိ''။ (ရင်းပါဠိတော်။)

ယံကိဉ္စိ ဝေဒယိတံ တံ ဒုက္ခသ္မိန္တိ ယံကိဉ္စိ ဝေဒယိတံ၊ တံ သဗ္ဗံ ဒုက္ခန္တိ အတ္ထော။ သင်္ခါရာနံယေဝ အနိစ္စတန္တိ အာဒိသု ယာ သော သင်္ခါရာနံ အနိစ္စတာ ခယဓမ္မတာ ဝယဓမ္မတာ ဝိပရိဏာမဓမ္မတာ၊ တံ သန္ဓာယ ယံကိဉ္စိ ဝေဒယိတံ၊ တံ ဒုက္ခန္တိမယာ ဘာသိတန္တိ ဒီပေ-တိ။ယာ ဟိ သင်္ခါရာနံ အနိစ္စတာ ဝေဒနာနံ ပိ၊ သာ အနိစ္စတာ စ နာမေသာ မရဏံ မရဏတော ဥတ္တရိ ဒုက္ခံ နာမ နတ္ထိတိ ဣမိနာ ပရိယာယေန သဗ္ဗဝေဒနာ ဒုက္ခာတိ ဝုတ္တာ။ (ရင်းအဋ္ဌကထာ။)

---

## ဝိသာခါစသောအရိယာမတို့လိင်ပြန်ချိန်

၄၃။ တေစတ္တာလီသမပုစ္ဆာ။ ။ကွက်မချန်၊ အနက်ဉာဏ် အကုန်လှပေတဲ့၊ သုတဘုရား။ ။တကယ်မှန်၊ ဝိသာခါချိန်တန်လို့၊ လိင်ပြန်မည် သည်ပါဠိကို၊ ဘုန်းသိငွဲ့လား။ ။

၄၃။ တေစတ္တာလီသမဝိသဇ္ဇနာ။ ။ကြည့်ရှုဟန်၊ မြတ်ကျမ်းဂန် အတန်ပေါက်ပြီဟု၊ ထင်ရောက်မိလျှင်း။ ။တကယ်မှန်၊ ဝိသာခါ ချိန်တန်လို့၊ လိင်ပြန်မည် သည်ပါဠိကို၊ ဘုန်းသတိကင်း။ ။

စာပေကျမ်းဂန်ကြည့်ရှု၍ အတန်ပေါက်ပြီဟု ထင်မိပေ၏၊ ဝိသာခါလိန်ပြန်မည့်ပါဠိကိုသတိမရမိချေ၊ အကယ်၍ဝိသာခါ လိင်ပြန်မည့် ပါဠိကိုတွေ့ရှိခဲ့လျှင်လည်း—

ယဿ ဣတ္ထိန္ဒြိယံ ဥပ္ပဇ္ဇတိ၊ တဿ ပုရိသိန္ဒြိယံ ဥပ္ပဇ္ဇိဿတီတိ ပစ္ဆိမဘဝိကာနံ ဣတ္ထီနံ ဥပပဇ္ဇန္တီနံ ယာ စ ရူပါဝစရံ အရူပါဝစရံ ဥပပဇ္ဇိ-တွာ ပရိနိဗ္ဗာယိဿန္တိ၊ယာ စ ဣတ္ထိယော ဧတေနေဝ ဘာဝေန ကတိစိ ဘဝေ ဒဿေတွာ ပရိနိဗ္ဗာယိဿန္တိ၊ တာသံ ဥပပဇ္ဇန္တီနံ ဣတ္ထိန္ဒြိယံ ဥပ္ပဇ္ဇတိ၊ နော စ တာသံ ပုရိသိန္ဒြိယံ ဥပ္ပဇ္ဇိဿတိ၊ ဣတရာသံ ဣတ္ထီနံ ဥပပဇ္ဇန္တီနံ တာသံ ဣတ္ထိန္ဒြိယဉ္စ ဥပ္ပဇ္ဇတိ ပုရိသိန္ဒြိယဉ္စ ဥပ္ပဇ္ဇိဿတိ။

ဟူသော ဣန္ဒြိယယမိုက်ပါဠိတော်နှင့် ညှိနှိုင်းဆင်ခြင်ရာ၏။ ။ဝိသာခါကား-ယာ စ ရူပါဝစရံ ဥပပဇ္ဇိတွာ ပရိနိဗ္ဗာယိဿန္တိ-ဟူသော ဒုတိယဝါရသို့ ဝင်မည်ထင်မိ၏၊ ယမိုက်အကောက်ထန်းတပင်ဆရာတော်ကား ''အရိယာဖြစ်ပြီးသော ပုရိသသည် ဣတ္ထိမဖြစ်ရာပြီ''ဟု ဣန္ဒြိယယမိုက် ပစ္စုပ္ပန္နာနာဂတပုဂ္ဂလဝါရပစ္စနိက်အကောက်တွင် မိန့်ဆိုပြီးမှ ''အရိယာဖြစ်သောမိန်းမတို့သည် ပရိ

နိဗ္ဗာန်ပြခါနီး၌ ပုဗ္ဗနိမိတ်သလင်းပြန်၍ ပရိနိဗ္ဗာန်ပြုကုန်၏-ဟူ၍ ဆရာမြတ်တို့မိန့်ဆို တော်မူကုန်၏'' ဟူ၍ ဆို၏၊ ဤစကားလည်း ကာမဘုံ၌ ပရိနိဗ္ဗာန်ပြုသော ပစ္ဆိမ ဘဝိကအရိယာမိန်းမတို့ကိုသာဆိုသည်၊ ဆင်ခြင်ရာ၏။

---

## သုဒ္ဓါဝါသ ၅-ဘုံတွင် ယဋ္ဌိကာရပြဟ္မာနေသောဘုံ

၄၄၊ စတုစတ္တာလီသမပုစ္ဆာ။ ။ကုန်မဆိတ်အောင်ပ၊ ဂုဏ်သိဒ္ဓိ ဇမ္ဗူကျော်၊ ဆူပေါ်တဲ့ဘုရား။ ။မျှားမှတ်ရာ၊ ငါးထပ်ကယ်သုဒ္ဓါ၌၊ ယဋ္ဌိကာနေသည့်ရပ်ကို၊ ကျမ်းတပ်လို့ခြား။ ။

၄၄။ စတုစတ္တာလီသမဝိသဇ္ဇနာ။ ။မျှားသိဘို့ရာ။ ။ငါးထပ် သုဒ္ဓါ၌၊ ယဋ္ဌိကာနေသည့်ရပ်ကို၊ ကျမ်းတပ်လိုက်ပါ။ ။မိတ်ကလျာ၊ မိန့်မှာတဲ့ရှေ့ခွန်း။ ။ယဋ္ဌိကာအကနိဋ္ဌာထက် ဘုံမြတ်မှာတဲ့၊ ကျမ်း တတ်သူနိဿယည်းကို၊ နည်းယူကာဝံသကျမ်းမှာ၊ လမ်းဤသို့ညွှန်း။ ။

သုတမယုတ် လောကုတ်လောကီ နှစ်လီစုံလင် ဗေဒင်ပိဋကတ်ကျမ်းတတ် တဆူ တံခွန်ထူသော မုံရွေးဇေတဝန်ဆရာ အာဒိစ္စရံသီမည်သော ပုဂ္ဂိုလ် သူမြတ်သည်–

အင်္ဂီရသဿ ဗုဒ္ဓဿ၊ သကျပုတ္တဿ သတ္တုနော။
ပြဟ္မလောကေ ဒုဿ ထူပေါ၊ အာသိ ဒွါဒသ ယောဇနော။

ဟူ၍ တထာဂတုပ္ပတ္တိကျမ်း၌ လာသည်နှင့်အညီ သုဒ္ဓါဝါသအကနိဋ္ဌပြဟ္မာ ဘုံ၌ ၁၂-ယူဇနာအမြင့်ရှိသော ဒုဿစေတီတော်ရှိသည် မှတ်ရမည်ဟု မိန့်ဆို ဆုံဖြတ်သောကြောင့်ရင်း။

''ပြာဟ္မာလုံးခြုံ၊ဆယ့်ခြောက်စုံ၊ဘယ်ဘုံစေတီရှိသနည်း'' ဟူသော ဇွယ်စုံ ကျော်ထင်သတ်ပုံပုစ္ဆာ။

''ဒုဿမည်မှတ်၊ စေတီမြတ်၊ ဘည်လတ်ဘယ်အပေါ်တွင်နည်း'' ဟူသော ၎င်းပုစ္ဆာတို့ကို ဖြေဆိုသောပညာရှိပုဂ္ဂိုလ်တို့သည် အင်္ဂုတ္တိုရ်ဋီကာ၌ သုဒ္ဓါဝါသ ၅-ဘုံတွင် အထက်ဆုံးဖြစ်သော အကနိဋ္ဌဘုံ၌ စေတီရှိကြောင်းကို ဆိုသည်ဟု မိန့်ဆိုဆုံးဖြတ်ကြသောကြောင့်ရင်း၊ဒုဿစေတီအကနိဋ္ဌဘုံ၌ရှိကြောင်းကိုသိအပ် သည်၊ ၎င်းကိုသိသဖြင့်–

တတော ဆဋ္ဌိကာရသရောဇယောနိနာ၊
သမာဟတံ ဓာရယိ စိဝရာဒိကံ၊
အထော ဿိတ ဝတ္ထယုဂံ နဘာတလေ၊
ပသဏ္ဌဝေ သဂ္ဂဟာနေ သမုက္ခိပိ။

ပဋိဂ္ဂဟေတွာန တမမ္ဗုဇာသနော၊
မဟိဒ္ဓိကော သတ္တသရေန စောဒိတော။
သကေ ဘဝနေ ဌါဒသယောဇနံ အကာ၊
မဏီဟိ နီလာဒိဟိ ဒုသဿစေတိယံ။

ဟူသော ဒါဌာဓာတုဝင်ပါဠိ၌ "သကေ ဘဝနေ ဌါဒသယောဇနံ အကာ"ဟူသောပါဠိဖြင့် ဿဋီကာရပြဟ္မာလည်း အကနိဋ္ဌဘုံသားဟူ၍ မှတ်ရမည်။

---

## မနုသီဟရုပ်ပုံအကြောင်းကျမ်းညွှန်း

၄၅။ ပဋ္ဌစတ္တာလီသမပုစ္ဆာ။ ။ရုပ်ပလီ၊ မနုသီခေါ်ဆိုကြ၊ကိုယ်ကနှစ်ကွဲ။ ။သည်အကောင်ဘယ်ကျမ်း ဘယ်စာစောင်၌၊ မဟာနေ၁င်ကိုယ်တော်တွေ့လျှင်၊ ညွှန်းဘော်၍ခွဲ။ ။

၄၅။ ပဋ္ဌစတ္တာလီသမဝိသဇ္ဇနာ။ ။ရုပ်ပလီ၊ မနုသီကိုယ်နှစ်ခွဲယ်လို့၊ ဆိုကြလူများ။ ။မြို့သထုံ၊ ပြည်သုဝဏ်ရွှေဘုံ၌၊ သည်ရုပ်ပုံ ဟန်ပန်ယူလို့၊ ရန်သူကိုပယ်နှိမ်ကြောင်းငယ်နှင့်၊ ကျမ်းဟောင်းစာစောင်မြတ်မှာ၊ ကျမ်းတတ်စကား။

သက္ကရာဇ် ၁၁၀၁-ခု၊ နယုန်လပြည့်နေ့ မင်းအဖြစ်သို့ ရောက်သောဘကြီးတော်မင်းတရားလက်ထက် သာသနာဝံသအဆက်အနွယ်သည် အစဉ်မပျက်ဖြစ်လျက် တစောင်တဖွဲ့တည်းမရှိကြ၊ မှတ်မိမှတ်ရာအသင့် အတော်သာမှတ်သားကြလျက်ရှိသည်၊ "ကျန်လင်သည့်အရာများကို အတွင်းဝန်မင်းကြီး သီရိမဟာနန္ဒသကြိုက ရှင်းလင်းသိသာအောင် မင်းတိုင်ပင်အမတ် မဟာဓမ္မသကြိုကို မေးစေ" အမိန့်တော်မြတ်အတိုင်း အတွင်းဝန်မင်းကြီး သီရိမဟာနန္ဒသကြိုက သက္ကရာဇ် ၁၁၉၃ ခု၊ နယုန်လပြည့်ကျော် ၅-ရက်နေ့မေးအပ်သည်ဖြစ်၍ မောင်းထောင်ကြီးရွာဇာတိ "ဉာဏာဘိဝံသ ဓမ္မသေနာပတိ မဟာဓမ္မရာဇာဓိရာဇဂုရု" တံဆိပ်နာမံရှိသော သာသနာပိုင် ဆရာတော်လူထွက် မင်းတိုင်ပင် မဟာဓမ္မသကြိုဘွဲ့ခံအမတ် ဖြေဆိုရေးသားအပ်သော သာသနာလင်္ကာရအမည်ရှိသော ကျမ်း၌—

ဘုရားပရိနိဗ္ဗာန်စံတော်မူပြီးသည်နောက် သာသနာနှစ် ၂၃၅-နှစ်ရောက်လတ်သော် ရာမညတိုင်းအစိတ် သုဝဏ္ဏဘူမိသို့ အရှင်သောဏ, အရှင်ဥတ္တရမထေရ်နှစ်ပါးတို့ကို အရှင်မောဂ္ဂလိပုတ္တတိဿက ရဟန်း ပြုကံမြောက်လောက်အောင် သံဃာငါးပါးနှင့် သာသနာပြုစေလွှတ်တော်မူ၏။

''ထိုရောအခါ သုဝဏ္ဏဘူမိတိုင်း သထုံပြည်ဝယ် သီရိမ္မာသောက မင်း မင်းပြု၏၊ ထိုမြို့သည် သမုဒ္ဒရာနှင့်နီးသောကြောင့် ရေစောင့်ဘီလူး မသည် မင်းအိမ်၌ သား ဖွားတိုင်းစားလာ၏၊ မထေရ်တို့ရောက်သော နေ့လည်း မင်းအိမ်၌သားဖွားခိုက်ကြိမ်၍ ဘီလူးမစားမည် အရံငါးရာနှင့် လာသည်ကို လူတို့မြင်၍ ကြောက်လန့်ကြွေးကြော်ကြ၏၊ ထိုသို့စဉ်တွင် မထေရ်တို့လည်းကြောက်မက်ဘွယ်ရှိသောခြင်္သေ့နှင့်တူသောခေါင်းတလုံး ကိုယ်နှစ်ခုရှိသော မနုဿီဟ သဏ္ဍာန်နှင့်အရေအတွက် နှစ်ဆထက်သာ အောင်ဖန်ဆင်းပြီ မှ ဘီလူးမတို့ကိုလိုက်၍ ပိတ်ဆီးကုန်လျှင် ဘီလူးမတို့ သည်ကြောက်၍ပြေးသွားလေကုန်၏၊

ထိုကာလမှစ၍ ယနေ့ဖွားစမင်းသားငယ်တို့အား သောဏုတ္တရဟူ၍ အမည်မှည့်ကုန်သတတ်၊ သူငယ်ခပ်သိမ်းတို့အားလည်း ဘီလူးဘေးကို ဆီးတားခြင်းငှါ ထန်းရွက်,သလ္လုရွက်များတွင် မထေရ်တို့ဖန်ဆင်းသော မနုဿီဟရုပ်ကိုရေး၍ ခေါင်းထက်တင်ထားကုန်၏၊ ထိုအရုပ်ကိုသထုံမြို့ အရှေ့မြောက်ထောင့် တောင်ထိပ်ထက် ကျောက်ရုပ်ထုလုပ်၍ ယခုထက် တိုင် ထင်ရှားရှိသတည်း''၊

ဟူ၍မိန့်ဆို၏။

---

## ယသော်ဓရာနှင့်ဒေဝဒတ်၊ ဇနပဒကလျာဏီနှင့် မင်းနန္ဒာတို့ အကြီးအငယ်

၄၆၊ ဆစတ္တာလီသမပုစ္ဆာ။ ။မယ်ယသော် ဒေဝဒတ်ကိုလ၊ ဝေဖြတ်လို့မိန့်တော်မူ၊ ဘယ်သူကအကြီး။ ။တပါးမှာ၊ဇနမယ်ကလျာ နှင့်၊ မင်းနန္ဒာ ဘူကအောက်ပါမယ်၊ ကျမ်းထောက်လို့သီး။ ။

၄၆။ ဆစတ္တာလီသဝိသဇ္ဇနာ။ ။မယ်ယသော် ဒေဝဒတ်ကိုလ၊ ဝေဖြတ်လို့မိန့်လိုက်တယ်၊ ယသော်မယ်အကြီး။ ။တပါးမှာ ဇနမယ် ကလျာနှင့်၊ မင်းနန္ဒာသူနှစ်ယောက်မှာလ၊ ကလျာမယ်သူက အောက် တယ်၊ ကျမ်းထောက်အပြီး။ ။

ဆွေတော်မျိုးတော်တို့ကို အကြီးအငယ် အစဉ်လိုက် ရေတွက်၍ ပြသော မဟာဝင်ကျမ်း,လောကဒီပကကျမ်းတို့၌—

အဥ္ဇနဿ ဒုဝေ ဓိတာ၊ မာယာ စာထ ပဇာပတိ။
ပုတ္တာ ဒုဝေ ဒဏ္ဍပါဏိ၊ သုပ္ပဗုဒ္ဓေါ စ သာကိယော။
ပဥ္စ ပုတ္တာ ဒုဝေ ဓိတာ၊ အာသုံ သီဟဟနုဿတု။

သုဒ္ဓေါဒနော ဓောတောဒနော၊ သက္ကသုက္ကာမိတောဒနာ။
အမိတာ ပါလိတာ စာ ဝိ၊ ဇာမေ ပဉ္စ ဇာမာ ဒုဝေ။

ဤသို့ လျှင် ဆွေတော်မျိုးတော်တို့ကို အကြီးအငယ် အစဉ့်လိုက် ရေတွက်၍ ပြသကဲ့သို့-

သုပ္ပဗုဒ္ဓဿ သက္ကဿ၊ မဟေသီ အမိတာ အဟု။
တဿာသုံ ဘဒ္ဒကစ္စနာ၊ ဒေဝဒတ္တော ဒုဝေ သုတာ။

ဟု မယ်ယသော် ဒေဝဒတ်တို့ကို ကြီးစဉ်ငယ်လိုက်အားဖြင့် ရေတွက်၍ ပြသည်။ ။ဇနပဒကလျာဏီနှင့်မင်းနန္ဒာတို့တွင် ဇနပဒကလျာဏီငယ်၏ဟူ၍မှတ်။

အဋ္ဌိနံ နဂရံ ကတန္တိ ဇာမံ ဓမ္မဒေသနံ သတ္တာ ဇေတဝနေ ဝိဟာရန္တော ဇနပဒကလျာဏီ ရူပနန္ဒာထေရိံ အာရဗ္ဘ ကထေသိ။ သာ ကိရ ဧကဒိဝသံ စိန္တေသိ မယှံ ဇေဋ္ဌဘာတိကော ရဇ္ဇသိရိံ ပဟာယ ပဗ္ဗဇိတွာ လောကေ အဂ္ဂပုဂ္ဂလော ဗုဒ္ဓေါ ဇာတော။ (ဟူသောဓမ္မပဒအဋ္ဌကထာ။)

မယှံ ဇေဋ္ဌဘာတာ စက္ကဝတ္တိရဇ္ဇံ ပဟာယ ပဗ္ဗဇိတွာ အဂ္ဂပုဂ္ဂလော ဗုဒ္ဓေါ ဇာတော။ (ဟူသောထေရီအဋ္ဌကထာ။)

ဇေဋ္ဌော ဘာတာ တိလောကဂ္ဂေါ၊ ပစ္ဆိမော အရဟာ တထာ။
ဧကာကိနီ ဂဟဋ္ဌာဟံ၊ မာတုယာ ပရိစောဒိတာ။

ဟူသောအပဒါန်ပါဠိတော်၊ဤပါဠိ,အဋ္ဌကထာတို့၌ ဇေဋ္ဌဘာတာ ဟူသော ပါဌ်ဘို့ဖြင့် ဘုရားကအကြီး၊ ဇနပဒကလျာဏီက အငယ်ဟု သိအပ်သည်၊ သူ အချို့ကား—

သာ တတော ကပ္ပသတသဟဿံ ဒေဝမနုဿေသု သံသရိတွာ အမှာကံ သတ္ထု နိဗ္ဗတ္တတော ပုရေတရမေဝ မဟာပဇာပတိဂေါတမိယာ ကုစ္ဆိမှိ ပဋိသန္ဓိံ ဂဏှိ၊ နန္ဒာတိဿ နာမံ အကံသု၊ ရူပနန္ဒာ တိ ပိ ဝုစ္စတိ၊ သာ အပရဘာဂေ ဥတ္တမရူပဘာဝေန ဇနပဒကလျာဏီ နာမ ဇာတာ။

ဟူသော ဓေရဂါထာအဋ္ဌကထာကိုဆောင်၍ ဇနပဒကလျာဏီကား ဘုရားထက်ကြီးသည်ဟုဆိုကြကုန်၏၊ ထိုစကားမသင့်၊အဘယ့်ကြောင့်နည်းဟူမူ ယခင် ဓမ္မပဒအဋ္ဌကထာ, ထေရီအဋ္ဌကထာ, အပဒါန်ပါဠိတော်တို့နှင့် ဆန့်ကျင်သော ကြောင်းရင်း၊ အင်္ဂုတ္တရအဋ္ဌကထာ၌ ဗောဓိသတ္တဿနိဗ္ဗတ္တတောဟု မဆိုမူ၍ သတ္ထုနိဗ္ဗတ္တတောဟု ဆိုခြင်းကြောင့် ဘုရားဖြစ်တော်မူသည်မှရှေးဦးစွာ ဘုရားအဖြစ်သို့မရောက်ခင်ဟူသောအနက်ဖြစ်သင့်သောကြောင့်ရင်း၊ အကယ်၍တည်း ဘုရားဖွားတော်မမူခင် ဟူသောအနက်ကိုယူခဲ့ငြားအံ့၊ သာရတ္ထဒီပနီဋီကာ၌

အမှာကံ ကိရ ဘဂဝတော နိဗ္ဗတ္တိတပုရေတရမေဝ သာရိပုတ္တော ရာဇဂဟနဂရဿ အဝိဒူရေ ဥပတိဿဂါမေ သာရိဗြာဟ္မဏိယာ **နာမ** ကုစ္ဆိယံ ပဋိသန္ဓိံ ဂဏှိ၊ တံ ဒိဝသံမေဝ သဟာယော ပိ ရာဇဂဟဿေဝ အဝိဒူရေ ကောလိတဂါမေ မောဂ္ဂလိဗြာဟ္မဏိယာ ကုစ္ဆိယံ ပဋိသန္ဓိံ ဂဏှိ။

ဟု မိန့်ဆိုသောကြောင့် ရှင်သာရိပုတ္တရာ, ရှင်မောဂ္ဂလာန်တို့လည်း ဘုရားထက်ကြီး၏ဟူသော အနက်ရောက်ရာသောကြောင့် ဝင်းတည်း၊ ထို့ကြောင့် ဓမ္မပဒအဋ္ဌကထာ, ထေရီအဋ္ဌကထာ, အပဒါန်ပါဠိတော်တို့လာတိုင်း ဇနပဒကလျာဏီဘုရားအောက်ငယ်ကြောင်းကိုသိအပ် မှတ်အပ်သည်၊ ဘုရားအောက်ငယ်ကြောင်းကိုသိလျှင် မင်းနန်အောက် ငယ်ကြောင်းကိုလည်း သိအပ်လှတော့သည်၊ မင်းနန်ကား ဘုရားအောက် ခုနစ်ရက်သာငယ်သည်။

> အမှာကံ ဗောဓိသတ္တော တုသိတပုရာ စဝိတွာ မဟာမာယာယ ဒေဝိယာ ကုစ္ဆိယံ ပဋိသန္ဓိံ ဂဏှိ၊ မဟာမာယာ တဿ ဇာတဒိဝသတော သတ္တမေ ဒိဝသေ ကာလံ ကတွာ တုသိတပုရေ နိဗ္ဗတ္တိ၊ သုဒ္ဓေါဒနမဟာရာဇာ မဟာသတ္တဿ **မာတုစ္ဆံ** မဟာပဇာပတိဂေါတမိံ အဂ္ဂမဟေသိဋ္ဌာနေ ဌပေသိ၊ တသ္မိံ ကာလေ နန္ဒကုမာရော ဇာတော၊ (ကေင်္ဂုတ္တရအဋ္ဌကထာ။)

သူအချို့ကား ငါးရက်ငယ်သည်ဟူ၏၊ သူအချို့ကား သုံးရက်ငယ်သည်ဟူ၏၊ အင်္ဂုတ္တိုရ်အဋ္ဌကထာနှင့်မညီ။

> နန္ဒကုမာရော ဟိ ဗောဓိသတ္တတော ကတိပါဟေနေဝ ဒဟရော။

ဟူသောဧတရသကဏ္ဍဋီကာစကားလည်း မသေချာ၊ ကတိပါဟ သဒ္ဒါသည် ၃-ရက်ကိုသာရင်း, ၅-ရက်ကိုသာရင်း ဟောသည်မဟုတ်။

> သုဒ္ဓဝတ္ထုနဟာန်တော ပရံ ပိ ကတိပါဟာနိ ဒိဝသာနိ ဂန္ဓသဥ္ဇဟနတာယ ခေတ္တမေဝ ဟောတိ။

ဟူသော တိကင်္ဂုတ္တရဋီကာ၌ ခုနစ်ရက်ကိုပင် ကတိပါဟသဒ္ဒါဖြင့် ဆိုလေသည်၊ ထို့ကြောင့် အင်္ဂုတ္တိုရ်အဋ္ဌကထာ အတိုင်းသာ မှတ်သင့်သည်။

## ယသော်ဓရာထေရီမတန်ခိုးဖန်ဆင်းပုံ

၄၇။ သတ္တစတ္တာလီသမ ပုစ္ဆာ။ ။သိပါချင်၊ ရှိကြသွင် ဆယ်စုံပွင့်ပါလို့၊ အခွင့်ပန်ပြား။ ။မယ်ယသော်၊ ပြည်နိဗ္ဗာန်စံပျော်တော့၊ ဟန်ပန်တော်ဘယ်ပုံဘမ်း၊ ကျမ်းကညွှန်ကြား။ ။

၄၇။ သတ္တစတ္တာလီသမဝိသဇ္ဇနာ။ ။သိရှာချင်၊ ရှိကြသွင် ဆယ်စုံပွင့်ပါလို့၊ အခွင့်ပန်တောင်း။ ။ယသော်ခင်၊ ပြည်နိဗ္ဗာန်စံဝင်တော့၊ လက်ပံရှင်ဂဠုန်မင်းကဲ့သို့၊ ဟန်ပန်တော်ယူဖန်ဆင်းသည်ဟု၊ ကျမ်းပဒါန်မိန့်ဆိုလင်းတယ်၊ ရှင်းသိစေကြောင်း။

ဝယမ္ဟိ ပက္ခိမေ ကာလေ၊ မရဏံ ဥပရုဒ္ဓတိ။
အဇ္ဈ ရတ္တိံ မဟာဝီရ၊ ပါပုဏိဿာမိ နိဗ္ဗုတိံ။ ။
စက္ကဝါဠသမံ ကာယံ၊ သီသံ ဥတ္တရတော ကုရု။
ဥဘော ပက္ခာ ဒုဝေ ဒီပါ၊ ဇမ္ဗုဒီပံ သရီရတော။ ။
ဒက္ခိဏဉ္စ သရံ ပိဉ္ဆံ၊ နာနာ သာခါ တု ပတ္တကာ။
စန္ဒဉ္စ သူရိယဉ္စက္ခိ၊ မေရုပဗ္ဗတတော သိခံ။ ။
စက္ကဝါဠဂိရိ တုဏ္ဍံ၊ ဇမ္ဗုရုက္ခံ သမူဟတံ။
ဗီဇမာနာ ဥပဂန္တွာ၊ ဝန္ဒတေ လောကနာယကံ။ ။
(ယသောဓရာ ထေရီ အပဒါန်။)
ပြည်နိဗ္ဗာန်စံဝင်တော့ဟူသော်လည်း ပြည်နိဗ္ဗာန်စံဝင်ခါနီးကိုယူ။

---

## နွယ်ပွင့်ဖြစ်သောသူယောင်မ

၄၈။ အဋ္ဌစတ္တာလီသမပုစ္ဆာ။ ။ရွှေသူယောင်၊မတူအောင်လူလို လှတယ်လို့၊ ဆိုကြစကား။ ။မြတ်ဘုန်းကြွယ်၊ပင်စောက်အနွယ်နှင့်၊ သူယောင်မယ်ရှုမငြီးငယ်တို့၊ သီးပွင့်လေသား။ ။

၄၈။ အဋ္ဌစတ္တာလီသမဝိသဇ္ဇနာ။ ။ရွှေသူယောင်၊ မတူအောင် လူလိုလှတယ်လို့၊ ဆိုကြစကား။ ။သူယောင်မယ်၊ အလှသူကြွယ်လို့၊ ကမလာနွယ်ခေါင်အညွန့်မှာ၊ မြူးကွန့်ဟန်အလွန်တင့်တယ်၊ ပန်းပွင့်မှတ်သား။ ။

ဇူမာနိ ကိရ မံ တာတော၊ ကဿပေါ အနုသာသတိ။
ကမလာ သဒိသိတ္ထိယော၊ တာယော ဗုဇ္ဈေသိ မာဏဝ။ ။
(ဇာတ်ပါဠိ။)
တတ္ထ ဇူမာနီတိ ဇူမာနိ ဝေနာနိ၊ ကမလာသဒိသိတ္ထိယောတိ ကမလာ ဝုစ္စတိ နာဠိပုပ္ဖ လတာ၊ တာသံ ပုပ္ဖသဒိသာ ဣတ္ထိယော။ တာယော ဗုဇ္ဈေသိမာဏဝါတိ မာဏဝ တွံ တာယော ဇာနေယျာသိ။
(စတ္တာလီသနိပါတ် အလမ္ဗုသာဇာတ် အဋ္ဌကထာ။)

## ဝိသာခါပျော်စံမည့်ဘုံစဉ်များ

၄၈။ ကျေနပညာသပုစ္ဆာ။ ။ရေးချုချာ၊ မေးပူဆာထင်တော်ပါရှိနှင့်၊ သာကိန္ဒယ်ဘုန်း။ ။ဝိသာခါ၊ ပရဒွေနိမ္မာက၊ ဘယ်ပြဟ္မာဘုံကိုယှွန်းလို့၊ ကွန်းထောက်မတုံး။

၄၈။ ကျေနပညာသဝိသဇ္ဇနာ။ ။ရေးချုချာ၊ မေးပူဆာထင်တော်ရှိပါဘူ့၊ သာကိန္ဒယ်ငဲ့။ ။ဝိသာခါ၊ ပရဒွေနိမ္မာက၊အဝိဟာဘုံကိုယှွန်းလို့၊ ကွန်းထောက်မည်တဲ့။ ။

ယေ ပဏ္ဍိတတရာ ဒေဝါ၊ အကနိဋ္ဌာ ယသဿိနော။
အန္တိမေ ဝတ္တမာနမှိ၊ သော နိဝါသော ဘဝိဿတိ။ ။
(သက္ကပဉ္စာသုတ်ပါဠိတော်။)

အန္တိမေ ဝတ္တမာနမှီတိ အန္တိမေ ဘဝေ ဝတ္တမာနေ။ သော နိဝါသော ဘဝိဿတီတိ ယေ တေ အာယုနာ စ ပညာယ စ အကနိဋ္ဌာ ဇေဋ္ဌကာ၊ သဗ္ဗဒေဝေဟိ ပဏ္ဍိတတရာ ဒေဝါ၊ အဝသာနေ မေသော နိဝါသော ဘဝိဿတိ။ အယံ ကိရ တတော သက္ကတ္တဘာဝတော စုတော တသ္မိံ အတ္တဘာဝေ အနာဂါမိမဂ္ဂဿ ပဋိလဒ္ဓတ္တာ ဥဒ္ဓံသောတော အကနိဋ္ဌဂါမီ ဟုတွာ အဝိဟာဒီသု နိဗ္ဗတ္တေန္တော အဝသာနေ အကနိဋ္ဌေ နိဗ္ဗတ္တိဿတိ၊ တံ သန္ဓာယ ဝေမာဟ။

သော ကိရ အဝိဟေသု ကပ္ပသဟဿံ ဝသိဿတိ၊ အတပ္ပေသု ဒွေ ကပ္ပသဟဿာနိ၊ သုဒဿေသု စတ္တာရိ ကပ္ပဟဿာနိ၊ သုဒဿီသု အဋ္ဌ၊ အကနိဋ္ဌေသု သောဠသာတိ ဧကတိံသကပ္ပသဟဿာနိ ဗြဟ္မ-အာယုံ အနုဘဝိဿတိ။

သက္ကောဒေဝရာဇာ အနာထပိဏ္ဍိကော ဂဟပတိ ဝိသာခါ မဟာ-ဥပါသိကာတိ တယော ဝိ ဟိ ဣမေ ဧကပ္ပမာဏအာယုကာ ဧဝံ၊ ဝဋ္ဋာဘိရတသတ္တာ နာမ ဧတေဟိ သဒိသာ သုခဘာဂိနော နာမ နတ္ထိ။ (ဋီကာအဋ္ဌကထာ။)

တသ္မိံ အတ္တဘာဝေတိ တသ္မိံ သက္ကတ္တဘာဝေ။ အကနိဋ္ဌဂါမီ ဟုတွာတိ အန္တရာ ပရိနိဗ္ဗာယိအာဒိဘာဝံ အနုပဂန္တွာ ဧကံသတော ဥဒ္ဓံသောတော အကနိဋ္ဌဂါမီ ဧဝ ဟုတွာ၊ တထာဘူတောဝ အနုက္ကမေန အဝိဟာဒီသု နိဗ္ဗတ္တေန္တော၊ ဝေမာဟာတိ သော နိဝါသော ဘဝိဿ-တီတိ ဝေမာဟ။အဝိဟာဒီသု။လ။နိဗ္ဗတ္တိဿတီတိတိသန္ဓိပတော ဝုတ္တတ္ထံ ဝိဝရိတုံ သော ကိရာတိ အာဒိ ဝုတ္တံ။ အယဥ္စ နယော န ကေဝလံ သက္က-

သော၀၊ အထခေါ မဟာသေဋ္ဌိ မဟာဥပါသိကာနံ ပိ ဟောတိယေ-
၀ါတိ ဒဿေန္တော သတ္ထာ ဒေ၀ရာဇာတိအာဒိမာဟ(ရှင်းဋီကာ။ ။
သေသေချာချာစဉ်းစားရှုပါလေ။

လောကဒီပကျမ်း၌ကား–ပြဗ္ဗပါရိသဇ္ဇာစဒသာဘုံသို့ အစဉ်အတိုင်း သွား လတ္တံ့ဟူ၏။ ။ယခင်စကားနှင့်မညီ။

သောတာပတ္တိ ဖလံ ပတ္တာ၊ မဟာပုညာ မဟိဒ္ဓိကာ။
မဟာဥပါသိကာ နာမ၊ ဝိသာခါ ဉာတိဝိဿုတာ။ ။
အနာထပိဏ္ဍိကော သေဋ္ဌိ၊ သက္ကော ဖုဋ္ဌရထော ပိ စ။
အထော မဟာရထော စာ ပိ၊ နာဂဒတ္တောတိ နာမကော။ ။
အနေကဝဏ္ဏဒေဝေါ စ၊ ဉာမေ သတ္တသုခါသိနော။
တေဝဋ္ဋာဘိရတာ ပေါန္တိ၊ ဝဋ္ဋဖျာသယဟာ ပိ စ။ ။
အတိမဟန္တပုညံ တေ၊ ကတွာန ဟိဒိပ် ဂပ်ာ။
တသ္မာ စ ကာမာဝစရေ၊ ဒေဝလောကမှိ ဟောင္တတော။ ။
ယာဝဇီဝံ စ ဌတွာန၊ ကမေ္မန ပဋိပါဋိယာ။
ဝသဝတ္တိဒေဝလောကေ၊ ဌတွာန ယာဝဇီဝကံ။ ။
တတုန္နံ ဗြဟ္မလောကေ ပိ၊ ဂန္တွာန ပဋိပါဋိယာ။
တသ္မိံ တသ္မိံ ဗြဟ္မလောကေ၊ ဌတွာန ယာဝဇီဝကံ။ ။
ကပ္ပဿ တတိယံ ဘာဂံ၊ ဥပဍ္ဎကပ္ပမေဝ စ။
ကေကပ္ပံ ဒွိကပ္ပဉ္စ၊ စတုကပ္ပဉ္စ သောဠသ။ ။
ဒွတ္တိံသ စတုသဋ္ဌိ စ၊ ပါရိသဇ္ဇာဒိဘူမိသု။
သမ္ပတ္တိံ အနုဘုတွာန၊ သုဒ္ဓါဝါသေ ဂမိဿရေ။ ။
တတ္ထာ ပိ အဝိဟာယဉ္စ၊ ကပ္ပဿစ သဟဿကံ။
အတပ္ပါယ ဒွိသဟဿံ၊ သုဒဿာ ဘူမိယံ ပန။ ။
စတုသဟဿကပ္ပံဝ၊ ဌတွာ သုဒဿီဘူမိယံ။
အဋ္ဌကပ္ပသဟဿာနိ၊ ဌတွာန ယာဝဇီဝကံ။ ။
အကနိဋ္ဌဘဝံ ပတွာ၊ တတ္ထ ကပ္ပါနိ သောဠသ။
သဟဿာနိ စ ဌတွာန၊ နိဗ္ဗာယိဿန္တိ တေ ပန။ ။
ကေမိဇီ ကောလံကောလော၊ သတ္တက္ခတ္တု ပရမော ဉာတိ။
ဝုတ္တေဟိ တီဟိ မုတ္တာ တေ၊ ဝိညာတဗ္ဗာ ဝိဘာဝိနာ။ ။
(လောကဒီပကကျမ်း။)

ဤကျမ်းအလို "ပရမ္ဘေနိမ္မာက၊ ပရိသဇ္ဇာဘုံကို ယွင်းလို့" ဆိုရာ၏။

## ဇာတ်ပေါင်းတွင် သိကြားမပါလျက် သူဇာမပါခြင်း အကြောင်း

၅၀။ ပညာသပုစ္ဆာ။ ။တူမကြွာ၊ ရှင်သူဇာ ပါနေကျပါဘဲ့၊ မာယလည်ဆွဲ။ ။ဇာတ်ပေါင်းရာ၊ အကြောင်းငယ်ဘာဟာမို့၊ ရှင်သူဇာမပါရ၊ ကျမ်းပြလို့ခွဲ။ ။

၅၀။ ပညာသဝိသဇ္ဇနာ။ ။တူမကြွာ၊ရှင်သူဇာ ပါနေကျပါဘဲ့၊ မာယလည်ဆွဲ။ ။ဇာတ်ပေါင်းရာ၊ အကြောင်းချုချာလို့၊ ဤအခါ သူမရှိသောကြောင့်၊ရှင်သူဇာ မပါဟုသိပါတော့၊ ကျမ်းနိပါတ်ပဲ။ ။

ဇာတကံ သမောဓာနေသိ၊ တဒါ မာတလိသင်္ဂါဟကော အာနန္ဒော အဟောသိ၊ သက္ကော ပန အဟမေဝ အဟောသိန္တိ (ကေနိပါတ် ကုလာဝကဇာတ်၊ ရှင်သူဇာမပါဘဲ ဇာတ်ပေါင်းဟန်။)

ဇာတကံ သမောဓာနေသိ၊ တဒါ ပဏ္ဍိတစုဏ္ဍော အဟမေဝ အဟောသိ၊ ကူဋစုဏ္ဍော ပနေတ္ထ န ကထိယတိ၊ ယထာ စ ဧတ္ထ ဧဝံ သဗ္ဗတ္ထ၊ယော ဟိ ဇာမသ္မိံ ကာလေ န ပညာယတိ၊ သော န ကထိယ-တေ ဝါတိ။ (ကေနိပါတ် လိတ္တဇာတ်အဋ္ဌကထာ။)

---

## ဇာသိသိင်္ဂရသေ့ ၃-နှစ်မေ့နေရာ၌ နတ်ဩဇာတွေ့ပုံ

၅၁။ ကေပညာသပုစ္ဆာ။ ။ရက်သတ္တာ၊ ခတ်အာဟာ နေမ ဝှေ့လျှင်လ၊ သေလေ့လူသား။ ။မိဂသိ၊ လမ္ဗုသာ မယ်ဒေဝီ၏၊ စိန္ဒါလီ ရွှေရင်ပေါ်ထက်၊သုံးနှစ်ကျော် ကိုယ်တော်မေ့တော့၊ ဆွမ်းတွေ့ငဲ့လား။ ။

၅၁။ ကေပညာသဝိသဇ္ဇနာ။ ။ရက်သတ္တာ၊ ခတ်အာဟာ နေမတွေ့လျှင်လ၊ သေလေ့လူသား။ ။မိဂသိ၊ လမ္ဗုသာ မယ်ဒေဝီ၏၊ စိန္ဒါလီ ရွှေရင်ပေါ်ထက်၊ သုံးနှစ်ကျော်တွေဝေမေ့တော့၊ နတ်ဩဇာ ကိုယ်မှာပြေ့တယ်၊ ဆွမ်းတွေ့အလား။ ။

ဇာသိသိင်္ဂရသေ့ငယ် သုံးနှစ်တိုင် မိန်းမောတွေဝေမေ့လျော့နေသောအခါ မွေးညှင်းတွင်းတို့မှ နတ်ဩဇာသွင်းသည်ဖြစ်၍ ''နတ်ဩဇာ ကိုယ်မှာပြေ့တယ် ဆွမ်းတွေ့အလား''ကဲ့သို့ရှိပါ၏။

ဤတွင် နတ်ဩဇာသွင်းကြောင်းကို တိုက်ရိုက်မလာသော်လည်း ဘုရားဒုက္ကရစရိယာကျင့်စဉ် အာဟာရဖြတ်မည်အကြံအစည်ရှိရာ နတ်များလာ၍ အာဟာရဖြတ်လျှင် မွေးညှင်းတွင်း နတ်ဩဇာသွင်းပါအံ့ဟု ဆိုသောစကားကို ထောက်၍

ရင်း၊ "ဒေဝဒတ္တော ပိနော ဒိဝါ နဘုဉ္ဇတေ" ဟူလျှင် ပိနောဟူသော သဒ္ဒါဖြင့် တိုက်ရိုက်မဆိုသော်လည်း ညဉ့်စား၏ဟူသောအနက်သည်ပြီးသကဲ့သို့ရင်း အပိ-နာဘာဝနည်း,အဝုတ္တသိဒ္ဓိနည်းတို့ဖြင့် ပြီးတော့သည်သာ။

---

### ဣသိသိင်္ဂရသေ့ကိုဖျက်ဆီးသည့်အပြစ်

၅၂။ ဒွိပဉ္စာသပုစ္ဆာ။ ။နှစ်ကုဋေ၊ ငါးသန်း ဘော်ရွှေထက်၊ အသရေ သူတွင်စုပါတဲ့၊ ရှင်ပုကလေး။ ။ဣသိသိင်၊ ရင်ငွေ့ငယ် သူ စိမ်လို့၊ သမာဓိ ဖျက်ဝန်ပြစ်၊ ကျမ်းစစ်လို့ဆေး။ ။

၅၂။ ဒွိပဉ္စာသဝိသဇ္ဇနာ။ ။နှစ်ကုဋေ၊ငါးသန်းဘော်ရွှေထက်၊ ကြက်သရေ သူတွင်စုပါတဲ့၊ လမ္ဗုသာမိ။ ။ဣသိသိင်၊ ရင်ငွေ့ငယ် သူ စိမ်လို့၊ သမာဓိ ဖျက်ဝန် ပြစ်ပါငဲ့၊ ကျမ်းစစ်ခါ အာဂုမ် ညှိလိုက်မယ်၊ ဘုန်းမှတ်လေဘိ။ ။

အယောနိသော ဘိက္ခဝေ မနသိကရောတော အနုပ္ပန္နာနိ အကု-သလာနိ ဥပ္ပဇ္ဇန္တိ၊ ဥပ္ပန္နာ စ အကုသလာ ဓမ္မာ ဘိယျောဘာဝေါယ ဝေပုလ္လာယ သံဝတ္တန္တိ။ (ဟူသောပါဠိကိုရင်း။)

မနောပုဗ္ဗင်္ဂမာ ဓမ္မာ၊ မနောသေဋ္ဌာ မနောမယာ၊
မနသာ စေ ပဒုဋ္ဌေန၊ ဘာသတိ ဝါ ကရောတိ ဝါ။
တတော နံ ဒုက္ခမန္ဝေတိ၊ စက္ကံဝ ဝဟတော ပဒံ၊
(ဟူသောပါဠိကိုရင်း၊)

ကဿပဘုရားလက်ထက် ဒုဋ္ဌမိတ္တဖြစ်သော ရဟန်းနှစ်ပါး၏ ချစ်ခင်ခြင်း မြဲမမြဲကိုသိလို၍ မိန်းမယောင်ဆောင်လျက် သီလပျက်သည်ထင်အောင် စမ်းမိသော ကုဏ္ဍဓာနမထေရ်အလောင်း ရုက္ခစိုးနတ်၏ ဝိမံသာမိပ္ပါယမျှဖြင့် ငရဲ၌ ကြာမြင့်ရှည်စွာခံရသောဝတ္ထုကိုရင်း ထောက်၍ ဣသိသိင်္ဂရသေ့၏ သမာဓိ ဖျက်ဝန်ကား အလွန်ကြီး၏ဟူ၍မှတ်၊ ထို့ကြောင့်ရင်းဇာတ်၌ပင်—

အနေနကေ နိရယံ ပတ္တာ၊ ဣသိ မာသာဒိယာ ဇနာ၊
အာပန္နာ မောဟသံသာရံ၊ တသ္မာ လောမာနိ ဟံသယေ၊
ဟူ၍ ဟောတော်မူလျက်ပင်။

---

### မသေနိုင်ရာအချိန်ကာလ

၅၃။ တေပဉ္စာသပုစ္ဆာ။ ။မသေရာ၊ သန္ဓေခါ သည်ခဏငယ်မှ၊ ကာလတပါး။ ။မရှိလျှင်၊ နိရောငယ်သမာဝင်တော့၊ မဟာခင် ရွှေ ကိုယ်မြတ်ကယ်တို့၊ ဆုံးတတ်ကဲ့လား၊ ။

၅၃။ တေပညာသဝိသဇ္ဇနာ။ ။မသေရာ၊ သန္ဓေခါ သည်ခဏ ငယ်မှ၊ ကာလတပါး။ ။ရှိသည်ပင်၊ နိရောသမာဝင်တော့၊ စင်စစ်လျှင် မသေသင့်သည်ပ၊ ကျမ်းဖွင့်ဟန် ရှေးကိုယ်ပြတ်ကယ်တို့၊ ဟိုးတတ် လျော့သွား။ ။

ပဋိသန္ဓိစိတ္တေန ဟိ သဒ္ဓိံ သမုဋ္ဌိတာနံ သမတိံသ ကမ္မဇရူပါနိ နိဗ္ဗတ္တန္တိ။ တေသု ပန ဌိတေသုယေဝ သောဠသ ဘဝင်္ဂစိတ္တာနိ ဥပ္ပဇ္ဇိတွာ နိရုဇ္ဈန္တိ၊ ဧတသ္မိံ အန္တရေ ဂဟိတပဋိသန္ဓိကဿ ဒါရကဿ ဝါ မာတု- ယာ ဝါ ပနဿ အန္တရာယော နတ္ထိ၊ အယဉ္ဟိ အနောကာသော နာမ။ ယသ္မိံ ဟိ သောဠသ စိတ္တက္ခဏေ ကာလေ ဒါရကဿ မရဏံ နတ္ထိ၊ တဒါ စုတိစိတ္တဿ အသမ္ဘဝတော။

ပုသောသုတ်မဟာဝါ မဟာနိဒါနသုတ်အဋ္ဌကထာ၊ တတိယပါရာဇိက အဖွင့် သာရတ္ထဒီပနီစသော ယေဘုယျစကားသည် ပဋိသန္ဓေ အခါလည်း သေပြကာလမဟုတ်သည့်အဖြစ်ကိုသာပြသည်၊ ပဋိသန္ဓေအခါမှတပါး မသေရာ အခါ ကာလမရှိဟုဖြစ်သောစကားမဟုတ်၊ ထို့ဖြစ်၍ နိရောဓသမာပတ် ဝင်စား သောကာလလည်း မသေပြကာလပင်၊ ထို့ကြောင့် ဝိသုဒ္ဓိမဂ်ဋီကာ၌—

အနန္တာနိရောဓေ မရဏံ နတ္ထိ စရိမဘာဝေ နံ မိယနတော။

ဟု မိန့်တော်မူလေသည်။ ။မဟာပရိနိဗ္ဗာနသုတ် အဋ္ဌကထာ၊ သံယုတ် အဋ္ဌကထာတို့၌လည်း—

ဣဒါနိ ဘဂဝါ နိရောဓ သမာပန္နော အနန္တာနိရောဓေ စ ကာလံ ကိရိယာ နာမ နတ္ထိတိ ဇာနာတိ။

ဟု မိန့်တော်မူ၏။

ယေ ဟိ ကေစိ ဗုဒ္ဓါ ဝါ ပစ္စေကဗုဒ္ဓါ ဝါ အရိယသာဝကာ ဝါ အန္တမသော ကုန္ထကိပိလ္လိကံ ဥပါဒါယ သဗ္ဗေ ဘဝင်္ဂစိတ္တေနေဝ အဗျာကတေန ဒုက္ခသစ္စေန ကာလံ ကရောန္တိတိ။ (မဟာပရိနိဗ္ဗာန သုတ် အဋ္ဌကထာ၊ သံယုတ်အဋ္ဌကထာ၊)

---

## ယှဉ်စပ်ပြီး၊နောက်သန္ဓေတည်နိုင်သောရက်ပိုင်း

၅၄။ စတုပညာသပုစ္ဆာ။ ။မိမာတာကြာခန်းက၊ ပန်းရတုရာသီ၊ ပွင့်ဆဲစခါမှီ၊ ဘိယှဉ်မှီ ပျော်ပါး။ ။ကိန်းထိုက်တဲ့ ထိုသသူ၊ ထင်ရှေးပြု စုတိခိုက်ငြား။ ။သည်အင်္ဂါစုံစွဲမှ၊ ဘုံခလေ့ ဤလူ့ပြည်၊ တည်သန္ဓေ အများ။ ။သို့ပါစင်ကိုသားနှင့်၊ ဘုရားလောင်းမယ်တော်။ ။မြတ် သီလံ အဋ္ဌင်္ဂ၊ တအင်မျှ ယှဉ်းလို့မချော်။ ။အလိုသီးပ၊ ကိုယ်ထည်း

ပျော်၊ မြတ်လောင်းတော်ရက်ကျိန်းနှင့်၊ စက်ကိန်း သန္ဓေရတနာ၊ စွဲ၏ ဟောပါ။ ။သည်သန္ဓေခန်းမှာကွဲ့၊ ရွှေကျမ်းပြု ကိုဆရာငယ်၊ ဟိုအင်္ဂါဘွင့်စမ်းပလေး။ ။

၅၄။ စတုပညာသဝိသဇ္ဇနာ။ ။မိမာတာ ကြာခန်းက၊ ပန်းရတုရာသီ၊ ပွင့်ဆဲစ ခါဆီ၊ တိယ္ယဉ်မှီ ပျော်ပါး။ ။ကိန်းထိုက်တဲ့ထိုသျှ၊ ထင်ရှေးရှုစုတိခိုက်ပြား။ ။သည်အင်္ဂါစုံစွေမှ၊ ဘုံဓလေ့ ဤလူ့ပြည်၊ တည်သန္ဓေအများ။ ။သည်အင်္ဂါသုံးပါးတွင်၊ ယုံမှားတဲ့ဟိုအင်္ဂါ။ ။တိယ္ယဉ်မှိတကြိမ်စက်က၊ခုနစ်ရက်ခေတ်ဖြစ်ပါသည်သာ။ ။ဝိမတိကျမ်းဋီကာမှာ၊ လခွဲကြာအောင်ခေတ်ဖြစ်ကြောင်းနှင့်၊ စုံပေါင်းနည်းတဖြာ၊ ဟောပြခဲ့ပါ။ ။သည်သန္ဓေခန်းမှာကွဲ့၊ ရွှေကျမ်းနွှ ကြည်မဟာငယ်၊ ဟိုအင်္ဂါခက်ပါဘူ့လေး။ ။

သုဒ္ဓေ ဝတ္ထုမှိ မာတာပိတူသု ဧကဝါရံ သန္နိပတိတေသု ယာဝ သတ္တဒိဝသာနိ ခေတ္တမေဝ ဟောတိ၊သုဒ္ဓဝတ္ထု နဟာနတော ဟိ ပရံ ပိ ကတိပဟာနိ ဒိဝသာနိ ဂဗ္ဘသဏ္ဌဟနတာယ ခေတ္တမေဝ ဟောတိ၊ ပရိတ္တဿ လောဟိတလေသဿ ဝိဇ္ဇမာနတ္တာ၊တသ္မိံ သမယေ ဟတ္ထဂ္ဂါဟဝေဏိဂ္ဂါဟာဒိနာ အင်္ဂပရာမသနေနာ ပိ ဒွိရကော နိဗ္ဗတ္တတိ ယေဝ။ (တိကအင်္ဂုတ္တိုရ်ဋီကာ။)

သုဒ္ဓေ ပန ဝတ္ထုမှိ မာတာပိတူသု ဧကဝါရံ သန္နိပတိတေသု ယာဝသတ္တဒိဝသာနိ ခေတ္တမေဝ ဟောတိ၊ ဂဗ္ဘသဏ္ဌဟနဿ ပရိတ္တဿ လောဟိတလေသဿ ဝိဇ္ဇမာနတ္တာ။ (သာရတ္ထဒီပနီဋီကာ။ ။မူလပဏ္ဏာသ ဋီကာ သံယုတ် အဋ္ဌကထာ၌လည်း ဤအဓိပ္ပါယ်ကိုပင် ဆိုသည်။)

န ဟိ ပိတုသံယောဇနက္ခဏေယေဝ သတ္တဿ ဥပ္ပတ္တိ နိယမော အတ္ထိ၊ သုက္ကမေဝ တထာ ပတိဋ္ဌာ နိယမတော၊ သုက္ကေ ပန ပတိဋ္ဌိတေ ယေဝ သတ္တဒိဝသာနိ အဗ္ဘန္တရမတ္တံ ဝါတံ ဂဗ္ဘသဏ္ဌာနဿ ခေတ္တမေဝ ဟောတိ၊ မာတု မံသဿ လောဟိတလေသဿ သမ္ဘဒါ ပိ ဝိဇ္ဇမာနတ္တာ။ (ဝိမတိ။)

---

### သမ္ဗုမင်္ဂလဂါထာတော်

၅၅။ ပဉ္စပညာသပုစ္ဆာ။ ။တဂါထာ၊ သမ္ဗုယ် မင်္ဂလာလို့၊ မည်သညာသရေတင့်၊ ကျမ်းဘွင့်ထင်စွာ။ ။ငါးနိကာယ် ပင်လယ်ထဲ

မှာလ၊ လွှန်ကဲတဲ့သည်ဂါထာ၊ ညွှတ်မဟာကိုင်ဘမ်း။ ။နက်ကျယ်စွာ၊ သမုဒ်ရေအတ္ထာဝါ၌၊ အာနန္ဒာ မွေလို့နှောက်သည့်နှယ်၊ ဘုန်းထက်အောက်စမ်း။ ။

၅၅။ ပဉ္စပညာသဝိသဇ္ဇနာ။ ။တဂါထာ၊ သဗ္ဗမင်္ဂလာငယ်လို့၊ မည်သညာသရေတင့်၊ ကျမ်းဘွင့် ထင်စွာ။ ။ငါးနိကာယ် ပင်လယ်ဝတွင်ပ၊ နိဒါနသံယုတ်မှာ၊ ဒိဝါစ ချီကျူး။ ။နက်ကျယ်စွာ၊ ငါးနိကာယ် အတ္ထာဝါ၌၊ အာနန္ဒာ သာလွှန်ကျူးအောင်၊ ဘုန်းညွှတ်ကွန့်မြူး။

ဒိဝါ တပတိ အာဒိစ္စော၊ ရတ္တိ မာဘာတိ စန္ဒိမာ။
သန္နဒ္ဓေါ ခတ္တိယော တပတိ၊ ဈာယီ တပတိ ဗြာဟ္မဏော။
အထ သဗ္ဗမဟောရတ္တိံ၊ ဗုဒ္ဓေါ တပတိ တေဇသာ။

နိဒါနသံယုတ် ဘိက္ခုဝဂ် ပါဠိတော်လာ ဤဂါထာကား သဗ္ဗမင်္ဂလဂါထာတည်း။ ။ဓမ္မပဒဗြာဟ္မဏဝဂ်၌လည်း ၎င်းဂါထာလာသည်ပင်။

သဗ္ဗမင်္ဂလဂါထာ ကိရေသာ။ ဘာတိကရာဇာ ကိရ ဧကံ ပူဇံ ကာရေတွာ ဘာဏကံ အာဟ "တီဟိ ရတနေဟိ အမုတ္တံ ဧကံ ဇယမင်္ဂလံ ဝဒထာ"တိ။ သော တေပိဋကံ ဗုဒ္ဓဝစနံ သမ္မသိတွာ ဣမံဂါထံ ဝတွာ ဒိဝါ တပတိ အာဒိစ္စောတိ ဝတွာ အတ္ထင်္ဂတဿ သူရိယဿ အဉ္ဇလိံ ပဂ္ဂဏှိ၊ ရတ္တိမာဘာတိ စန္ဒိမာတိ ဥဋ္ဌဟန္တဿ စန္ဒဿ အဉ္ဇလိံ ပဂ္ဂဏှိ၊ သန္နဒ္ဓေါ ခတ္တိယော တပတီတိ ရညော အဉ္ဇလိံ ပဂ္ဂဏှိ၊ ဈာယီ တပတိ ဗြာဟ္မဏောတိ ဘိက္ခုသံဃဿ အဉ္ဇလိံ ပဂ္ဂဏှိ၊ ဗုဒ္ဓေါ တပတိ တေဇသာတိ ဝတွာ ပန မဟာစေတိယဿ အဉ္ဇလိံ ပဂ္ဂဏှိ။ (နိဒါနဝဂ္ဂသံယုတ်အဋ္ဌကထာ။)

---

### ဂဠုန်မသုတ်နိုင်သောနဂါးမျိုး

၅၆။ ဆပ္ပညာသပုစ္ဆာ။ ။ရွှေဂဠုန်၊ တေဇဂုဏ် တမည်မြတ်ပါတဲ့၊ သည်နတ်ငှက်မျိုး။ ။မြွေဇာတ်မှန်၊ ရေနတ်ကိုကုန်မချန်က၊ ရွှေပန်နဂါးမင်းတို့ကို၊ ခွင်းသုတ်မည်စိုး။ ။

၅၆။ ဆပ္ပညာသဝိသဇ္ဇနာ။ ။ရွှေဂဠုန်၊ တေဇဂုဏ်တမည်မြတ်ပါတဲ့၊ သည်နတ်ငှက်မူး။ ။မြွေဇာတ်မှန်၊ ရေနတ်ကိုအပုံချန်လို့၊ ရွှေပန်နဂါးမင်းတို့မှာ၊ ခွင်းသုတ်မည်ဘယ်ရန်မျိုးကိုလ၊ စိုးသင့်ပါဘူး။ ။

ဂရုဠော သမ္ဗနာဂါနံ ဂဏှိတုံ သက္ကုဏောယျ ဝါ နော ဝါတိ စေါန သက္ကောတိ သမ္ဗသော ယေဝ ဂဏှိတုံ။

ဓတရဋ္ဌာ နာဂရာဇာ၊ ကမ္ဗလဿတရာပိ စ။
သတ္တန္နံရသမုဒ္ဒေသု၊ နာဂရာဇာ မဟိဒ္ဓိကာ။ ။
ဘူမဋ္ဌာ ပဗ္ဗတဋ္ဌာစ၊ ဝိမာနေသု ဌိတာ ပိ စ။
တေ သဗ္ဗေ နာဂရာဇာနော၊ န သက္ကောန္တိ စ ဂဏှိတုံ။ ။
(လောကဒီပကကျမ်း။

ဥဒ္ဓရမာနာ စ ပနေတေ အတ္တနာ ဟီနေ ဝါ သမေ ဝါ ဥဒ္ဓရိတုံ သက္ကောန္တိ၊ န အတ္တနာ ပဏီတတရေ။သတ္တ ဝိဓာ ဟိ အနုဒ္ဓရဏီယာ နာဂါ နာမ ပဏီတတရာ ကမ္ဗလဿတရာ ဓတရဋ္ဌာ သတ္တသီဒန္တရ ဝါသိနော ပထဝိဋ္ဌကာ ပဗ္ဗတဋ္ဌကာ ဝိမာနဋ္ဌကာ တိ။
တတြ အဏ္ဍဇာဒိနံ ဇလာဗုဇာဒယော ပဏီတတရာ၊ တေ တေဟိ အနုဒ္ဓရဏီယာ၊ကမ္ဗလဿတရာ ပန နာဂသေနာပတိနော၊ တေ ယတ္ထ ကတ္ထစိ ဒိသွာ ယောကောစိ သုပဏ္ဏော ဥဒ္ဓရိတုံ န သက္ကောတိ၊ဓတရဋ္ဌာ ပန နာဂရာဇာနော၊ တေ ပိ ကောစိ ဥဒ္ဓရိတုံ န သက္ကောတိ၊ ယေ ပန သီဒန္တရေ မဟာသမုဒ္ဒေ ဝသန္တိ၊ တေ ယသ္မာ ကတ္ထစိ ပိ ဝိကမ္ပနံ ကာတုံ န သက္ကာ၊ တသ္မာ ကောစိ ဥဒ္ဓရိတုံ န သက္ကောတိ၊ပထဝိဋ္ဌကာ- ဒီနံ နိလိယနောကာသော အတ္ထိ၊တသ္မာ တေပိ ဥဒ္ဓရိတုံ န သက္ကောတိ။ ယေ ပန မဟာသမုဒ္ဒေ ဦမိပိဋ္ဌေ ဝသန္တိ၊ တေ ယော ကောစိ သမော ဝါ ပဏီတတရော ဝါ သုပဏ္ဏော ဥဒ္ဓရိတုံ နသက္ကောတိ။ (ခန္ဓ ဝဂ္ဂသံယုတ်အဋ္ဌကထာ၊ နဒွေါပနန္ဒနဂါးကား သီဒန္တရဝါသီတည်း။ ။ ဝိသုဒ္ဓိမဂ်အဋ္ဌကထာ, ထေရာအဋ္ဌကထာကိုရှု။)

---

### နဂါးကိုဂဠုန်သုတ်ရာ၌ ရေနှစ်ဖြာကွဲ ပမာဏ

၅၇။ သတ္တပညာသပုစ္ဆာ။ ။လေအဟုန်၊ရွှေဂဠုန် တောင်ပံခတ်ပါလို့၊ရေနတ်ကိုဘမ်း။ ။ထိုအခါ၊ သမုဒ်ကယ် အဏ္ဏဝါ၌၊ ရေနှစ်ဖြာ ဘယ်လောက်ကွဲတယ်၊ခွဲလို့ပြစမ်း။

၅၇။ သတ္တပညာသဝိသဇ္ဇနာ။ ။လေအဟုန်၊ရွှေဂဠုန်တောင်ပံခတ်ပါလို့၊ ရေနတ်ကိုဘမ်း။ ။ထိုအခါ၊ သမုဒ်ရေအဏ္ဏဝါ၌၊ ယူဇနာ ငါးဆယ်ကွဲအောင်၊ခွဲ၍ထက်ခြမ်း။ ။

တတ္ထ သိပ္ပလိဝနာနိ ဇာတာနိ၊ဂရုဋ္ဌာ တတ္ထ ဝသန္တိ၊ တေ ပညာသ ယောဇနာနိ ဥဒကာနိ ဥဘောဟိ ပက္ခဝါတေဟိ ဝိဓမိတွာ နာဂေ ဥဒ္ဓရိတွာ ပရိဘုဥ္ဇန္တိ၊ (လောကပညတ္တိကျမ်း။)

အောက်သို့သာလျှင် ယူဇနာငါးဆယ်ကွဲသည်၊ နံဘေးပတ်လည်သို့ကား ယူဇနာတရာတိုင်တိုင် လှုပ်ချောက်ချားလေ၏။

ဂရုဠော ယထာ ဩပတတိ၊ ပန္နဂံ ဘက္ခမတ္တနော။
သမန္တာ ယောဇနသတံ၊ ဝိက္ခောဘေတိ မဟာသရံ။
(ဥဠါလိထေရအပဒါန် ပါဠိတော်။)

## နဂါးကိုဂဠုန်သုတ်ရာ၌ ကုတ်ဆွဲသည့်အပိုင်း

၅၇။ အဋ္ဌပညာသပုစ္ဆာ။ ။လက်ပံသျှင်၊ နှစ်ဆင့်ငယ် အာလိန္ဒင်က၊ ဗျူသေနင် တမိုလ်ထွက်ပါတဲ့၊ အိုင်ငှက်နတ်သား။ ။ဓမ္မတာ၊ ရေနတ်ကို ဆောင်ယူကာ၌၊ ဘယ်ဆီမှာ ချီကာ သုတ်ပမယ်၊ မြီးကုတ်ကလား။ ။

၅၇။ အဋ္ဌပညာသဝိသဇ္ဇနာ။ ။လက်ပံသျှင်၊ နှစ်ဆင့်ငယ် အာလိန္ဒင်က၊ ဗျူသေနင် တမိုလ်ထွက်ပါတဲ့၊ ထိုငှက်နတ်မျိုး။ ။ဓမ္မတာ၊ ရေနတ်ကို ဆောင်ယူရာ၌၊ ရှေးအခါ ခေါင်းကိုသုတ်တယ်၊ မြီးကုတ်နောက်တိုး။ ။

ဤ၌ အကြောင်းသာဓကမှာ ရှေးပုစ္ဆာ၏ အဖြေ၌ ထင်ရှားလတ္တံ့။

## နဂါးဂဠုန်သုတ်ပုံထုလုပ်ရာ၌ နည်းဟုတ်မဟုတ်

၅၈။ ကောနသဋ္ဌိပုစ္ဆာ။ ။ခုခါဆီ၊ ပန်းပုငယ် ရွှေပန်းချီတို့၊ ပွေပလီ ဖုံဖုံပြုပါလို့၊ ပုံထုကုန်ငြား ။ ။တချို့သူ၊ ဦးခေါင်းကိုဆောင်ယူလို့၊ တချို့မှု မြီးကိုသုတ်၊ နည်းဟုတ်ကဲ့လား။ ။

၅၈။ ကောနသဋ္ဌိဝိသဇ္ဇနာ။ ။ခုခါဆီ၊ ပန်းပုငယ် ရွှေပန်းချီတို့၊ ပွေပလီဖုံဖုံပြုပါလို့၊ ပုံထုကုန်ခဲ့။ ။တချို့သူ၊ ဦးခေါင်းကို ဆောင်ယူလို့၊ တချို့မှုမြီးကိုသုတ်တယ်၊ နည်းဟုတ်ပါရဲ့။ ။

ဂဠုန်တို့ နဂါးကိုသုတ်ယူရာ၌ ရှေးဦးအစ နည်းမရမီ ဦးခေါင်း၌ သုတ်ချီကြကုန်၏၊ ဤကိုရည်၍ ဦးခေါင်း၌သုတ်ချီပုံကို ထုလုပ်ရေးသားထားကြကုန်သည်၊ ထို့နောက် နည်းရပြီးမှ အမြီး၌သုတ်ချီကြကုန်၏၊ သည်ကိုရည်၍ အမြီး၌ သုတ်ချီပုံကို ထုလုပ်ရေးသားထားကြကုန်သည်၊ ထို့ကြောင့် နှစ်နည်းလုံးပင် သင့်သည်ဟုမှတ်လေ။

ဘန္တေ မယံ မဟန္တေ မဟန္တေ ပါသာဏေ ဂိလိတွာ ဘာရိယာ ဟုတွာ နိပ္ပဇ္ဇိတွာ သုပဏ္ဏာနံ အာဂမနကာလေ မုခံ နိမ္မာပေတွာ ဒန္တေ ဝိဝရိတွာ သုပဏ္ဏေ ခုံသိတုံ အဇ္ဈာမ၊ တေအာဂန္တွာ အမှာကံ သီသံ ဂဏှန္တိ၊ တေသံ အမှေ ဂရုဘာရေ ဟုတွာ နိပ္ပန္နေ ဥဒ္ဓရိတုံ ဝါယမန္တာ နဩဝ ဥဒကံ ဩတ္ထရတိ၊ တေ သီဒန္တာ အန္တောဥဒကေယေဝ မရန္တိ၊ ဇလမိနာ ကာရဏေန ဗဟူ သုပဏ္ဏာ ဝိနဿန္တိ၊ တေသံ အမှေ ဂဏှန္တာနံ ကိံ သီသေန ဂဟိတေန ဗာလာ၊ နင်္ဂုဋ္ဌေ ဂဟေတွာ အမှေ ဟေဋ္ဌာ သီသေ ကတွာ ဂဟိတံ ဝေါစရံ မုခေန ဆဍ္ဍာပေတွာ လဟုကေ ကတွာ ဂဏှိုံ သက္ကောန္တီတိ၊ သော အတ္တနော ရဟဿကာရဏံ တဿ ဒုဿီလဿ ကထေသိ။

သုပဏ္ဏော နာဂရာဇေန အယုတ္တံ ကတံ၊ ဉာတီနံ နာမ နဿန-နိယာမော ပရဿ န ကထေတဗ္ဗော၊ ဟောတု အဇ္ဇေဝ မဟာ-သုပဏ္ဏဝါတံ ကတွာ ပဌမံ ဧတဒေဝ ဂဟေတုံ ဝဋ္ဋတီတိ သော သုပဏ္ဏဝါတံ ကတွာ ပဏ္ဍရနာဂရာဇာနံ နင်္ဂုဋ္ဌေ ဂဟေတွာ ဟေဋ္ဌာ သီသံ ကတွာ ဂဟိတဂေါစရံ ဆဍ္ဍာပေတွာ ဥပ္ပတိတွာ အာကာသံ ပက္ခန္ဒိ။ (တိံသနိပါတ် ပဏ္ဍရနာဂရာဇဇာတ်။)

ပန္နဂံ သော ဂဟေတွာန၊ အဓောသီသံ ဝိဟေဌယံ။
အာဒါယ သော ပက္ကမတိ၊ ယေန ကာမံ ဝိဟင်္ဂမော။

(ဥပါလိထေရအပဒါန်ပါဠိတော်။)

---

## နတ်သမီး၊တို့ရာသီပန်း ပွင့်-မပွင့်

၆၀။ သင့်ပုစ္ဆာ၊ ။ဆ ကာမာ ဘူမိမှာ၊ ကုမာရီနတ်အပျို၊ လူလို တဲ့ပေလား။ ။ပွင့်မြင်ယ်မို၊ တလလျှင် ကြိမ်အညီပ၊ ချိန်ရာသီ ပေါ်တဲ့ ပန်းငယ်၊ လန်းပါစ လား။ ။

၆၀။ သင့်ဝိသဇ္ဇနာ။ ။ဆကာမာဘူမိမှာ၊ကုမာရီနတ်အပျို၊ လူတို့ လိုဟုတ်ဘဲ။ ။ပွင့်မြင်ယ်မို၊ ရှစ်ရက်လျှင် တကြိမ်စီပ၊ ချိန်ရာသီ ပေါ်တဲ့ ပန်းငယ်၊ လန်းမပွင့်မြ။ ။

“တာသံ ဒေဝတာနံ သုက္ကဝိသဋ္ဌိ နာမ နတ္ထိ။”

ဟူသောကထာဝတ္ထု အဋ္ဌကထာ။

ကေဝလံ ပန နိဿန္ဒာဘာဝေါ တေသံ ဝတ္တဗ္ဗော။

ဟူသောတေရသကဏ်ဋီကာတို့ကိုထောက်၍ နတ်သားတို့၌သုက္ကဝိသဋ္ဌိ မရှိသကဲ့သို့ နတ်သမီးတို့၌လည်း ရာသီပန်း မပွင့်ဟုမှတ်။ ။ထို့ကြောင့် လောကပညတ္တိကျမ်း၌—

မဟာရာဇိကာ အဏ္ဏရာ နေဝ ဥဘုနိယော ဟောန္တိ န ဂမ္ဘီနိယော န ဝိဇာယန္တိ န ပါယန္တိ၊ယဒိ အဏ္ဏရာယ အင်္ဂေ ဝါ သယနေ ဝါ ပါတုဘဝတိ၊တဓဿဝံ ဟောတိ''မယှံပုတ္တော ယာဝတိကော''တိ၊တဿာ ပရိဂ္ဂဟော ဟောတိ၊ ယဒိ ဒေဝပုတ္တဿ အင်္ဂေ ဝါ သယနေ ဝါ ပါတုဘဝတိ၊ ''တဿေဝံ ဟောတိ မယှံ ပုတ္တော ယာဝတိကော''တိ၊ တဿ ပရိဂ္ဂဟော ဟောတိ၊ ဧဝံ ခေါ သဂ္ဂေ ကာမာဝစရာ၊

ဟုမိန့်ဆိုလေသည်။

---

## နတ်တို့သံဝါသကိစ္စ

၉၁။ ကေသဋ္ဌိပုစ္ဆာ။ ။အပွေပို၊ မဖြေလို စိတ်တော်ရှိပါနှင့်၊ ခင် သိသာမို့။ ။နတ်ခြောက်ဆူ၊ ချစ်သွေးနှစ်ကိုယ်မြူလို့၊ဟိုအမှု လူလို ချင်းပေထင့်၊ သင်းက ဘယ်သို့။

၉၁။ ကေသဋ္ဌိဝိသဇ္ဇနာ။ ။အပွေပို၊ မဖြေလို စိတ်တော်ရှိပါဘူး၊ ကိုယ်သိသာမို့။ ။နတ်ခြောက်ဆူ၊ချစ်သွေး နှစ်ကိုယ်မြူလို့၊ ဟိုအမှု လူလိုကျင့်ကြတယ်၊ သင်းကဤသို့။ ။

ဆန္ဒမှိ ကာမာဝစရဒေဝါနံ ကာမာ ပါကတိကာ ယေဝ၊ မနုဿာ ဝိယ ဟိ တေ ဒွယံဒွယသမာပတ္တိဝသေနေဝ မေထုနံ ပဋိသေဝန္တိ၊ ကေဝလံ ပန နိဿန္ဒာဘာဝေါ တေသံ ဝတ္တဗ္ဗော။ (ဋီကာတေရ သကဏ်၊)

---

## နတ်တို့ကာမဂုဏ်ထိတွေ့မှု

၉၂။ ဒွါသဋ္ဌိပုစ္ဆာ။ ။တွေ့မဆုံ၊ကြည့်မျှော်ရုံ ရယ်ရွှင်ကြကာနှင့်၊ ကိစ္စကုန်ကြောင်း။ ။ဆိုကြဟန်၊ စင်စစ်ကယ် မှန်မမှန်လို့၊မြတ်ကျမ်း ဂန် ဘဲ့နှယ်ရှိတယ်၊ ဘုန်းသိသင့်ကောင်း။

၉၂။ ဒွါသဋ္ဌိဝိသဇ္ဇနာ။ ။တွေ့မဆုံ၊ကြည့်မျှော်ရုံ ရယ်ရွှင်ကြကာ နှင့်၊ ကိစ္စကုန်ခဲ့။ ။ဆိုကြဟန်၊ စင်စစ်ကယ်မမှန်ဟု၊ မြတ်ကျမ်းဂန် သည့်နှယ်ရှိတယ်၊ ဘုန်းသိပါခဲ့။ ။

ကေစိ ပန စာတုမဟာရာဇိကတာဝတိံသာနံ ယေဝ ဒွယံဒွယ- သမာပတ္တိယာ ကာမကိစ္စံ ဇာယတိ။ယာမာနံ အညမညအာလိင်္ဂမတ္တေန, တုသိတာနံ ဟတ္ထာမသနမတ္တေန, နိမ္မာနရတီနံ ဟသိတမတ္တေန, ပရ-

နိမ္မိတဝသဝတ္တီနံ ဩလောကိတမတ္တေန ကာမကိစ္စံ ဇာယတီတိ ဝဒန္တိ၊ တံ အဋ္ဌကထာယံ ပဋိက္ခိတ္တံ။ တာဒိသဿ ကာမေသု ဝိရဇ္ဇနဿ တေသု အဘာဝတော, ကာမာနဉ္စ ဥတ္တရုတ္တရိ ပဏီတတရပဏီတတမဘာဝ-တော စ။ (တေရသကဏ်ဋီကာ။)

ကေစိ ပန ထေရာ ဟသိတမတ္တေန ဩလောကိတမတ္တေန အာလိင်္ဂနမတ္တေန စ တေသံ ကာမကိစ္စံ ဇာယတီတိ ဝဒန္တိ၊ တံ အဋ္ဌ-ကထာယံ တေ ပန နတ္ထီတိ ပဋိက္ခိတ္တံ။ န ဟိ ကာယေန အဖုသန္တဿ ဖောဋ္ဌဗ္ဗံ ကာမကိစ္စံ သာဓေတိ။ ဆန္နံပိ ဟိ ကာမာဝစရာနံ ကာမာ ပါကတိကာ ဧဝ။

ဝုတ္တမ္ပိ စေတံ။

ဆ ဧတေ ကာမာဝစရာ၊ သဗ္ဗကာမသမိဒ္ဓိနော။
သဗ္ဗေသံ ဧကသင်္ခါတံ၊ အာယု ဘဝတိ ကိတ္တကန္တိ။

(သုတ်ပါထေယျ သင်္ဂီတိသုတ်အဋ္ဌကထာ, ဇာတိဝုတ်အဋ္ဌကထာ။)

---

## နတ်တို့သန္ဓေလွယ်မှု,နို့တိုက်မှု ရှိ-မရှိ

၆၃။ တေသဋ္ဌိပုစ္ဆာ။ ။နတ်ခြောက်ဘုံ၊ မောင်နှံစုံ လူလိုရှိတယ် လို့၊ခင်သိမှုကား။ ။မိန့်ပရှင်၊နတ်ကလျာ လုံမယ်ခင်တို့၊လူ့နှယ်ပင် နှုတ်ငုံပိုက်တယ်၊ သားနို့တိုက်လား။

၆၃။ တေသဋ္ဌိဝိသဇ္ဇနာ။ ။နတ်ခြောက်ဘုံ၊ မောင်နှံစုံ လူလိုရှိ သည်ဟု၊မှန်သိမယွင်း။ ။မိန့်လိုက်ပြီ၊နတ်ကလျာ မယ်ဒေဝီတို့၊နှုတ်ငုံချီ လွယ်မပိုက်တယ်၊ သားနို့တိုက်ကင်း။ ။

သဗ္ဗေပိ ဒေဝါ အဂဗ္ဘသေယျကာ သတ္တာယေဝ။ (မိလိန္ဒပဉှာ။)
မဟာရာဇိကာ အစ္ဆရာ နေဝ ဥတုနိယော ဟောန္တိ၊ န ဂဗ္ဘိနိယော
န ဝိဇာယန္တိ န ပါယန္တိ။ပ။ ဧဝံ ဆေါ သဗ္ဗေ ကာမာဝစရာ။ (လောက ပညတ္တိကျမ်း။)

ဤစကားကိုလည်း မိလိန္ဒပဉှာ,လောကပညတ္တိကျမ်းတို့၌ယေဘုယျနည်းအား ဖြင့် ဆိုသည်အတိုင်းဖြေဆိုလိုက်သည်၊ အပွကအားဖြင့် နတ်ခြောက်ဘုံတို့တွင် စတုမဟာရာဇ်ဘုံ၌ အကျုံးဝင်သော ဘုမ္မစိုးနတ်တို့မှာမူကား လူတို့ကဲ့သို့ နှုတ်ငုံပိုက်သူလည်း ရှိသေးသည်ပင်၊ ထို့ကြောင့် ဝိသုဒ္ဓိမဂ်,သမ္မောဟဝိနောဒနီ အဋ္ဌကထာတို့၌—

နိရယေ ဘုမ္မဝဇ္ဇေသု၊ ဒေဝေသု စ န ယောနိယော။
တိဿော ပုရိမိကာ ဟောန္တိ၊ စတဿောပိ ဂတိတ္တယေ။

တတ္ထ ဒေဝေသုစာ တိ စ သဒ္ဒေန ယထာ နိရယေ စ ဘုမ္မဝဋ္ဋေသု စ ဒေဝေသု ဧဝံ နိဗ္ဗာနမတကိုကပေတေသု စ ပုရိမိကာ တိဿော ယောနိယော န သန္တီတိ ဝေဒိတဗ္ဗော၊ သေသေ တိရစ္ဆာနပေတ္တိ-ဝိသယမနုဿသန်ါတေ ဂတိတ္တယေ၊ ပုဗ္ဗေ ဝဋ္ဋိတဘုမ္မဒေဝေသု စ စတဿော ပိ ယောနိယော ဟောန္တိ၊

ဟု မိန့်တော်မူကြကုန်သည်။

## နတ်တို့စုတေသောအခါရုပ်အလောင်း ကျန်ရစ်မှု ရှိ-မရှိ

၆၄။ စတုသဋ္ဌိပုစ္ဆာ။ ။နတ်ဗြဟ္မာစုတေ့က၊ လူ့ပြကတေ့ သမုဋ္ဌာန်လို၊ရုပ်ကျန်ခဲ့လေသလား။ ။ရုပ်ကျန်လျှင်၊ ဘယ်နည်း ဘယ်ပုံ ဆင်လိမ့်၊ မြေရေတွင်ချကာမြှုပ်၊ မီးဖုတ်သလား။ ။

၆၄။ စတုသဋ္ဌိဝိသဇ္ဇနာ။ ။နတ်ဗြဟ္မာစုတေ့က၊ လူ့ပြကတေ့ သမုဋ္ဌာန်လို၊ ရုပ်မကျန်လေဘဲ။ ။မြေမီးတွင်၊ မြှုပ်ဖုတ်ကင် ဘယ်မှာရပါ့မယ်၊ ဆီမီးလျှံငြိမ်းချုပ်ဟန် ပုံတူမျှတယ်၊ ကင်းချုပ်ကြမြဲ။ ။

ယသ္မာ ဝါ စာတုမဟာရာဇိကာဒီသု ခန္ဓာ ဘိဇ္ဇန္တော၊ န ကိဉ္စိ နိက္ခိပတိ၊ တသ္မာ တေသံ ဝသေန ခန္ဓာနံ ဘေဒေါ၊ မနုဿာဒီသု ကဠေဝရဿ နိက္ခေပေါ။ (သစ္စဝိဘင်းသမ္မောအဋ္ဌကထာ, နိဒါနဝဂ္ဂ သံယုတ်အဋ္ဌကထာ။)

ဒေဝတာနံ ဟိ စဝမာနာနံ အတ္တဘာဝဿ ဂတာဂတဋ္ဌာနံ နာမ န ပညာယတိ၊ ဒီပသိခါဂမနံ ဝိယ ဟောတိ။ (သုတ်မဟာဝါ သက္ကပဉှာသုတ်အဋ္ဌကထာ။)

တာသု ကော ဒေဝဓိတာ ရက္ခသာခါယ မေဝ စုတာ သရီရံ ဒီပသိခါဝိယ နိဗ္ဗာယိ။ (ဓမ္မပဒအဋ္ဌကထာ ပတိပူဇိကာဝတ္ထု။)

## မြေဘုတ်တို့ရုပ်ပုံကိုမမြင်ရခြင်းအကြောင်း

၆၅။ ပဉ္စသဋ္ဌိပုစ္ဆာ။ ။မြေဘုတ်ကောင်၊ ရုပ်အရောင် မမြင်ရပါဘူး၊ လူများအပေါင်း။ ။သည်ဖြစ်ဟန်၊ တန်ခိုးငယ်မန္တန်နှင့်၊ ဘယ်စွမ်းအန်ဆိုပါသင့်၊ ကျမ်းဘွင့်ရှိကောင်း။ ။

၆၅။ ပဉ္စသဋ္ဌိဝိသဇ္ဇနာ။ ။မြေဘုတ်ကောင်၊ ရုပ်အရောင် မမြင်ရချေဘူး၊ သူငါ့အများ။ ။သည်ဖြစ်ဟန်၊ သတ္တိဂုဏ် တန်တန်နှင့်၊ ဆေးစွမ်းအန် ဆိုပါသင့်၊ ကျမ်းဘွင့်ရှိသား။ ။

ယထာ မဟာရာဇ အတိပဝရတာယ ဒိဗ္ဗံ ဝနမူလံ ဂဟိတံ အဒိ
ဟတ္ထုပါသေ ဌိတာနံ ပရဇနာနံ န ဒဿယတီ တိ။ (မိလိန္ဒပဥှာ။)

ပံသုပိသာစကာ နာမ၊ အသုစိဋ္ဌာနသမ္ဘဝါ။
ခေဋ္ဌသိင်္ဃာနိကာဒီနိ၊ဘုဥ္ဇန္တာ ဝိစရန္တိ တေ။ ။
ကေံ ဘေသဇ္ဇမူလကံ၊ ဂဟေတွာန ကရေန တု။
အဒိဿမာနာ ဂစ္ဆန္တိ၊ ဘေသဇ္ဇေနေဝ ဒိဿရေ။ ။
(လောကဒီပကကျမ်း။)

ပံသုပိသာစကာ နာမ အသုစိဋ္ဌာနေ နိဗ္ဗတ္တပိသာစကာ။ တေ ကိရ ကေံ မူလံ ဂဟေတွာ အဒိဿမာနကာယာ ဟောန္တိ၊ (သာရတ္ထ သင်္ဂဟကျမ်း။)

မူလေ နဋ္ဌေတိ ပိသာစေန ကိရ ရုက္ခဂစ္ဆာဒီနံ ကိဉ္စိဒေဝမူလံ ဆိန္ဒိတွာ အတ္တနော ပုတ္တဿ ဒိန္နံ။ ယာဝ တံ တဿ ဟတ္ထတော နဝိဂစ္ဆတိ၊ တာဝ သော တံ ပဒေသံ အဒိဿမာနရူပေါ ဝိစရတိ။ (မဟာပစ္စရိနိဗ္ဗာနသုတ် မဟာဝါဋ္ဌိကာ။)

ပံသုပိသာစကန္တိ အသုစိဋ္ဌာနေ နိဗ္ဗတ္တပိသာစံ။ သော ဟိ ကေံ-
မူလံ ဂဟေတွာ အဒိဿမာနကာယော ဟောတိ။ (မဇ္ဈိမပဏ္ဏာသ ဗုဒ္ဓသကုလုဒါယိသုတ် အဋ္ဌကထာ။)

မြေဘုတ်သာ ဆေးအစွမ်းကြောင့် မမြင်ရသည်မဟုတ်ပါသေး၊ ဝိဇ္ဇာဓိုရ် ပုဂ္ဂိုလ်တို့လည်း ဆေးအစွမ်းကြောင့် မမြင်ရသည်သာ။

ဝိဇ္ဇာဓရာ စောရမဒိယမာနာ၊ အဒဿနံ ဩသဓေဟိ ဝဇန္တိ။
(ဝိသတိနိပါတ် အယောဃရဇာတ်။)

မြေဘုတ်ဝိဇ္ဇာဓိုရ်တို့သာ မမြင်ရသည် မဟုတ်ပါသေး၊ ဂုဏ်သတ္တိရှိသော ဆေးအစွမ်းကြောင့် လူပကတိပင် မမြင်ကွယ်ပျောက်ခြင်းသို့ရောက်နိုင်လေသည်။

ဒါရကော အတ္တနော မနုဿဘာဝံ န ဇာနာတိ။ ယက္ခိနီ-
ပုတ္တော သို့ဓိ သညာယ သော အတ္တဘာဝံ ဇဟိတွာ အန္တရဓာယိတုံ
န သက္ကောတိ။ ဒႉထဿ သာ အန္တရဓာနတ္ထာယ ကေံ မူလံ အဒါသိ၊
သော မူလာနုဘာဝေန အန္တရဓာယိတွာ၊ မနုဿမံသံ ခါဒန္တော
ဝိစရတိ။ (တိံသနိပါတ် ဇယဒ္ဒိသဇာတ်။)

---

## တစ္ဆေမျိုးဟူ၍ရှိ-မရှိ

၆၆။ ဆသန္ဓိပုစ္ဆာ။ ။ပြောကြလျှင်၊ လောကတွင် တစ္ဆေရှိသတဲ့၊ ဆွေသိငဲ့လား။ ။သိပါချင်၊ ရှိပါလျှင် တစ္ဆေဲ ဆိုတဲ့၊ သည်ပုဂ္ဂိုလ် ကောင်သရုပ်ကို၊ ကျမ်းအုပ်လို့ကြား။ ။

၆၆။ ဆသဋ္ဌိဝိသဇ္ဇနာ။ ။ပြောကြလျှင်၊ လောကတွင် တစ္ဆေ ရှိသည်ဟု၊ နှံ့သိကျော်ကြား ။မျိုးထူးထွေ၊ သည်တစ္ဆေ ရှိသည် ဟုတ်ပါဘူး၊ မြေဘုတ်ကို တစ္ဆေပြောကြတယ်၊လောကလူများ။

နေရယိကာ တိရစ္ဆာနာ၊ ပေတာ ဒေဝါ စ မာနုသာ၊
ဂတိယော ပဉ္စ နိဒ္ဒိဋ္ဌာ၊ ပဉ္စဓာ ဂတိဘေဒိနာ။

ဟူ၍ လာသော ဗိနာလင်္ကာရဋီကာ စသည်တို့နှင့်အညီ ဤဂတိငါးပါးမှ ထူးပြား၍ တစ္ဆေမျိုးတခုရှိသည်မဟုတ်၊ မြေဘုတ်ပြိတ္တာတို့ကိုသာလျှင် ခြိမ်း ချောက်တတ်သောကြောင့် တဇ္ဇေတိဟူသောသဒ္ဒါကိုစွဲ၍ တဇ္ဇေဟု ခေါ်ဝေါ် ကြသည်၊ ထိုတဇ္ဇေကိုပင်လျှင် ကာလမြင့်၍ တစ္ဆေခေါ်ကြသည်၊ ခြိမ်းချောက် ဟူသည်လည်း ကိုယ်ထင်ပြခြင်း,ညှဉ်းပန်းခြင်း,အနံ့ပေးခြင်း, ကြောက်အောင် ပြုခြင်း,ပူးဝင်ခြင်းကို ပြုခြင်းပင်တည်း၊

ဤကိုယ်ထင်ပြခြင်းစသည်ကိုလည်း ကုင်္ခါကဏ္ဍသောဏဝတ္ထု၊ ဒုတိယပါရာ ဇိကအဘိနွသရီရဋ္ဌ ပွဲ့သကူကောက်သော ရဟန်းဝတ္ထု၊ ထိုမှတပါး ပေတဝတ္ထု၌ လာသောဝတ္ထု။

ယက္ခာ ဝိသာစာ အထဝါ ပိ ပေတာ။
ကုပိတာ ပိ တေ အဿသန္တိ မာနုသေ။

ဟူသော အယောဃရဇာတ်တို့ကို ထောက်၍ သိအပ်၏။

---

## ဇော်ဂနီခေါ်စုန်းကောင်များ

၆၇။ သတ္တသဋ္ဌိပုစ္ဆာ။ ။ခေါ်ပလီ၊ဇော်ဂနီ စုန်းကောင်ရှိသတဲ့၊ လူသိရှင်ကြား။ ။ထိုစုန်းကောင်၊ဘယ်မျိုးဘယ်အကောင်လို့၊ကျမ်း သုံးစောင် ဒဏ္ဍီငုံတဲ့၊ ဉာဏ်စွယ်စုံကဝေချောငယ်၊ဟောခဲ့ပါလား။

၆၇။ သတ္တသဋ္ဌိဝိသဝိသဇ္ဇနာ။ ။ခေါ်ပလီ၊ဇော်ဂနီ စုန်းကောင်ရှိ သည်ဟု၊ လူသိရှင်ကြား။ ။ဇော်ဂနီ၊ နတ်စိမ်းကိုသူမှိလို့၊ ယရက်ဇီ အိမ်ရှင်မကိုပ၊တတ်ပညာသူတွင်ရသောကြောင့်၊စုန်းမပင်ခေါ် ဆိုပြော ကြ၊ လောကလူများ။ ။

ဇော်ဂနီဟူသည်ကား မိစ္ဆာနတ်ဖြစ်သည်၊ ထိုမိစ္ဆာနတ်ကို အလိုရှိတိုင်း စေခိုင်းနိုင်သောအတတ်ပညာရှိသော အိမ်ရှင်မိန်းမကိုသာ စုန်းဟု သမုတ်ကြ သည်၊ ဇော်ဂနီကိုစုန်း မဆိုကြ၊ စုန်းလည်းမဟုတ်၊ မိစ္ဆာနတ်စိမ်းသာဖြစ်သည်၊ ထိုမိစ္ဆာနတ်သည်လည်း ကဝေသာရကျမ်းအလိုအားဖြင့်—

၁။ ဒေဝဇော်ဂနီ။ ၂။ ယက္ခဇော်ဂနီ။
၃။ ဗျဿဇော်ဂနီ။ ၄။ ဇူန္ဒဇော်ဂနီ။
ဟူ၍ ဇော်ဂနီမျိုးလေးပါး။
၁။ ဒေဝကာကနီ။ ၂။ ယက္ခကာကနီ။
၃။ ဗျဿကာကနီ။ ၄။ ဇူန္ဒကာကနီ။

ဟူ၍ ကာကနီမျိုး ၄-ပါးအားဖြင့် ရှစ်ပါးအပြားရှိ၏၊ဇော်ဂနီဟူသည်လည်း လောက ဝေါဟာရအားဖြင့် ယောဂီကို ဇော်ဂီခေါ်သကဲ့သို့ ယောဂိနီကို ဇော်ဂနီခေါ်ခြင်းဖြစ်သည်။

ထိုစကားသည်မှန်၏၊ ပုဏ္ဏားပူမျိုးတို့သည် ယကိုရွတ်ဆိုလျှင် ဇသံကဲ့သို့ ထွက်သည်၊ ဇသံကဲ့သို့ ကြားသည်၊ မြန်မာလူမျိုးတို့လည်း ကြားရာသို့လိုက်၍ ယောဂီကိုဇော်ဂီဟု ယောဂိနီကို ဇော်ဂနီဟု ခေါ်ဆိုကြသည်၊ ထို့ကြောင့် သဒ္ဒကပ္ပဒုမအမည်ရှိသော လောကီကျမ်း၌ ယောဂိနီဟူသောပုဒ်၏အဘွင့်တွင်-

ယောဂိနီ ဣတ္ထိယောဂယုတ္တာ နာရီ၊ဘဂဝတျား သခီ ရူပါ၊အာဝ-
ရဏဒေဝတာ၊ သာကောဋိဝိခ တာသာ မချေ စတုဖဋ္ဌိပြာဓာနာ။
ယထာ နာရာယနီ ဂေါရီ ဓါကမ္ဘရီ ဘီမာ ရတ္တဒန္တိကာ ဘြာမရီ
ပါဗ္ဗတီ ဒုဂ္ဂါ ကာတျာယနီ မဟာဒေဝီ စဏ္ဍစဏ္ဍာ မဟာဝိဒျာ
မဟာတပါ သာဝိတြီ ဗြဟ္မဝါဒိနီ ဘဒြကာလီ ဝိဓါလာပက္ခိ ရုဒြာဏီ
ဣဏ္ဍိပိင်္ဂလာ အဂ္ဂိဇ္ဇါလာ။

ဤသို့ စသည်ဖြင့် ပဓာနဖြစ်သော ဇော်ဂနီခြောက်ကျိပ်လေးနှင့်တကွ ထို ဇော်ဂနီတို့ကို အလိုရှိတိုင်း စေခိုင်းနိုင်ကြောင်း၊ အတတ်မန္တရား ပူဇော်ပသ ရမည့် အခြင်းအရာ၊ပူဇော်သဖြင့် အကျိုးစီးပွါးကို ရွက်ဆောင်ကြောင်း အစရှိ သည်ကို များစွာ အကျယ်ဆို၏၊ အတတ်ရှိသော အိမ်ရှင်မိန်းမကို စုန်းဆိုသင့် ကြောင်းကိုကား-

ဃရဒိန္နကာဗာဓောတိ ဝသီကရဏပါနကာသမုဋ္ဌိတရောဂေါ။

ဟူသော ဘေသဇ္ဇခန္ဓက မဟာဝါအဋ္ဌကထာ။

ဃရဒိန္နကာဗာဓော နာမ ဝသီကရဏတ္ထာယ ဃရဏိယာ ဒိန္န-
ဘေသဇ္ဇသမုဋ္ဌိတော အာဗာဓော။ တေနာဟ ဝသီ၊ ပါ၊ ရောဂေါတိ။

ဟူသောသာရတ္ထဒီပနီ။

ဃရဒိန္နကာဗာဓောနာမ ဃရဏိယာ ဒိန္နဝသီကရဏဘေသဇ္ဇ-
သမုဋ္ဌိတအာဗာဓော။

ဟူသော ဝိမတိဝိနောဒနီဋီကာစသော သာသနာဝင်ကျမ်း, ကဝေသာရစသော လောကီကျမ်းတို့ကိုထောက်၍သိအပ်၏။

## မနာပကာယိကာနတ်တို့၏တန်ခိုးနှင့်ဘုံ

၆၈၊ အဌသဋ္ဌိပုစ္ဆာ။ ။စိတ်ကြီစည်ထင်တိုင်းပ၊ မဆိုင်းတဲ့မကြာ၊ သုံးဌာနလိုပါတယ်၊ နတ်ဒေဝါတသင်း။ ။မနာပကာယီဆို၊ ကံကုသိုလ်ထူးပါဘိခြင်း။ ။နတ်ကာမခြောက်စုံတွင်၊ ဆယ်ဘုံမှာ ပျော်ခင်း။ ။ပုံသေသေ သွေမယွင်းအောင်ပ၊ နေရင်းတဲ့ရပ်ခွင်။ ။ပါဠိအာဂုံနှင့်၊လာပုံကိုရှေ့ညာဏ်ရှု၊ ဘုန်းယခုမိန့်လိုက်စေချင်။ ။ပုံမခက်ပဂုဏ်မျက်ရှင်ငယ်၊စုံစက်အင် သမ္မတ်မို့၊ ဘန်ရဟတ် အဝါတထောင်၊ ထွန်းသည်ထက်ပြောင်။ ။မချန်လောက်ပါတဲ့၊ သံကောက်မှောင်၊ ရှေ့ဉာဏ်ရောင်လင်းပါကွဲ့လေး။ ။

၆၈၊ အဌသဋ္ဌိဝိသဇ္ဇနာ။ ။စိတ်ကြီစည်ထင်သမျှ၊မနာပကာယာ၊ သုံးဌာန ဈာဃရာ၊ စိတ်လိုရာ ဘန်ဆင်း။ ။အာကာသ်ဝဏ္ဏမှာ၊ အသံပါ သုခမကြွင်း။ ။နတ်ကာမခြောက်စုံတွင်၊ ဝသိန်ဘုံပျော်ခင်း။ ။နိမ္မာနဘုံတွင်းမှာ၊ နေရင်းပရပ်ဌာန်။ ။ပါဠိတော်အာဂုံနှင့်၊ လာပုံကို ရှေ့ညာဏ်ရှု၊ ဘုန်းယခုမိန့်ဆိုလိုက်ဟန်။ ။စိတ်မှာသွင်းလို့ မငြင်းဆန်တယ်၊ မယွင်းမှန် ယူမှတ်တော့၊ တဆူနတ် သူရကန်နေရောင်၊ ထွန်းသည့်ထက်ပြောင်။ ။မချန်လောက်ပါတဲ့၊ သံကောက် မှောင်ကို၊ ရှေ့ညာဏ်ရောင်လင်းလိုက်ကဲ့လေး။ ။

ကေ သမယံ ဘဂဝါ ကောသမ္ဗိယံ ဝိဟရတိ ဃောသိတာရာမေ။ တေန ခေါပန သမယေန အာယသ္မာ အနုရုဒ္ဓေါ ဒိဝါဝိဟာရံ ဂတော ဟောတိ ပဋိသလ္လီနော၊ အထခေါ သမ္ဗဟုလာ မနာပယာယိကာ ဒေဝတာ ယေနာယသ္မာ အနုရုဒ္ဓေါ၊ တေနုပသင်္ကမိံသု၊ဥပသင်္ကမိတွာ အာယသ္မန္တံ အနုရုဒ္ဓံ အဘိဝါဒေတွာ ဧကမန္တံ အဋ္ဌံသု၊ ဧကမန္တံ ဌိတာ ခေါ တာ ဒေဝတာ အာယသ္မန္တံ အနုရုဒ္ဓံ ဧတဒဝေါစုံ "မယံ ဘန္တေ အနုရုဒ္ဓ မနာပကာယိကာနာမ ဒေဝတာ တီသုဌာနေသု ဣဿရိယံ ကာရေမ ဝသံ ဝတ္တေမ။မယံ ဘန္တေ အနုရုဒ္ဓ ယာဒိသကံ ဝဏ္ဏံ အာကင်္ခါမ၊တာဒိသကံ ဝဏ္ဏံ ဌာနသော ပဋိလဘာမ။ ယာဒိသကံ သရံ အာကင်္ခါမ၊ တာဒိသကံ သရံ ဌာနသော ပဋိလဘာမ။ယာဒိသကံ သုခံ အာကင်္ခါမ၊ တာဒိသကံ သုခံ ဌာနသော ပဋိလဘာမ။ မယံ ဘန္တေ အနုရုဒ္ဓ မနာပကာယိကာ နာမ ဒေဝတာ ဣမေသု တီသု ဌာနေသု ဣဿရိယံ ကာရေမ ဝသံ ဝတ္တေမာ"တိ။

ငါးခုမြောက် ဥပေါသထဝဂ် ဤအဋ္ဌဂုတ္တရပါဠိတော်ဖြင့် သုံးဌာန၌ အစိုးရသောမနာပကာယိကိုမှတ်။

ကော်ံ သမယံ အာယသ္မာ အနုရုဒ္ဓေါ ကောသလေသု ဝိဟရတိ အညတရသ္မိံ ဝနသဏ္ဍေ။အထခေါ အညတရာ တာဝတိံသ ကာယိ-ကာ ဒေဝတာ ဇာလိနီ နာမ အာယသ္မတော အနုရုဒ္ဓဿ ပုရာဏဒုတိ-ယိကာ၊ ယေနာယသ္မာ အနုရုဒ္ဓေါ၊ တေနုပသင်္ကမိ။ (သဂါထာ-ဝဂ္ဂ ဝနသံယုတ်ပါဠိတော်။)

ဆင္ဌေ ပုရာဏဒုတိယိကာတိ အနန္တရေ အတ္တဘာဝေ အဂ္ဂမဟေ-သီ။ပ။သာ ကာလေန ကေိကာ ကာလေန အတ္တဒုတိယာ ထေရဿ သန္တိကံ အာဂစ္ဆတိ။ တဒါ ပန အတ္တတတိယာ အာဂန္တွာ ဒိဝါ ဌာနေ ဥပသင်္ကမိတွာ"မယံ မနာပကာယိကာ နာမ မနသာ ဇာန္တိတိ ဌိတရူပံ မာပေမာ"တိ အာဟ။

၎င်းအဋ္ဌကထာပါဠ်တို့ဖြင့် ဝတိံဘုံပျော်ခင်းကိုမှတ်။ ။ယခင်အင်္ဂုတ္တိုရ်လာ နတ်တို့ကား ဤသံယုတ်လာနတ်တို့နှင့် အတူတူပင်၊ ဤအခါ အဆုံးစွန်လာခြင်း တည်း။

ယာ ဇေ၀ံ ဝတ္တတိ နာရီ၊ ဘတ္တု ဆန္ဒဝသာနုဂါ။
မနာပါ နာမ တေဒေဝါ၊ ယတ္ထ သာ ဥပပဇ္ဇတိ။
(ပဉ္စင်္ဂုတ္တရ,အဋ္ဌင်္ဂုတ္တရပါဠိတော်။)

မနာပါ နာမ တေဒေဝါတိ နိမ္မာနရတိ ဒေဝါ။ တေဟိ ဇာန္တိ-တိဋ္ဌိတံ ရူပံ မာပေတွာ အဘိရမနတော နိမ္မာနရတီတိ စ မနာပါတိ စ ဝုစ္စန္တိ တိ။

ဟူသောပဉ္စင်္ဂုတ္တရအဋ္ဌကထာပါဠ်ဖြင့်"နိမ္မာနဘုံတွင်းမှာ၊နေရင်းပရပ်ဌာန်" ကိုမှတ်။

---

ကိတ်အာချာတ် ၂-မျိုးရသောပုဒ်များ

၆၈။ ကျေနသုတ္တတိပုစ္ဆာ။ ။သုတပုဒ်ကယ်နှင့်၊ကြိတ်အာချာတ်နှစ် ပုံဆောင်၊ ဂုဏ်ပြောင်တဲ့ပုဒ်သီး။ ။သေအချာ၊ ဘယ်ကျမ်းတွင်ဖွေရှာ လို့၊ရုပ်ဥဒါ ဘာကိုထုတ်ပ၊နေရုတ်ဉာဏ်ကြီး။ ။

၆၉။ ကျေနသုတ္တတိဝိသဇ္ဇနာ။ ။သုတပုဒ်ကယ်နှင့်၊ ကြိတ်အာ ချာတ်နှစ်ပုံဆောင်၊ ဂုဏ်ပြောင်တဲ့သည်ပုဒ်။ ။ရှိမြဲမှန်၊ ဂစ္ဆတိ-ဂစ္ဆံနှင့်၊ ဝိဓမ်စသည်ရုပ်ကို၊ ဘော်ထုတ်ရန်ဉာဏ်တွင်မှိုး၊ ကြီးတဲ့နေရုတ်။ ။

တတြ ဂစ္ဆတိ အာဒီနံ ဝိသေသသဒ္ဒတာ ဇေ၀ံ ဒဋ္ဌဗ္ဗာ၊ ဂစ္ဆတီ တိ ကော်ံ နာမ ပဒံ ကေမာချာတံ၊ တထာ ဂစ္ဆံတိ ကော်ံ နာမပဒံ ကေမာ ချာတံ။ ပစ္ဆတိ ပတိဋ္ဌိတန္တိ ဝုတ္တေ သတ္တမျန္တံ နာမ ပဒန္တိ ဝိညာယတိ၊

ဂစ္ဆတိ တိဿေယျာတိ ဝုတ္တေ ပနာချာတန္တိ၊ တထာ သဂစ္ဆ နိဝတ္တ-
တီတိ ဝုတ္တေ ပဋ္ဌမန္တံ နာမ ပဒန္တိ ဝိညာယတိ၊ ဂစ္ဆ ပုတ္တနိဝါဒကော-
တိ ဝုတ္တေ အာချာတန္တိ ဝိညာယတိ။ (သဒ္ဒနီတိပဒမာလာ။)
၍၌ နာမ်ပုဒ်ဆိုသော်လည်း ကြိယာပုဒ်ဆိုရာရောက်၏။

ယမေကရတ္တိံ ပဌမံ၊ ဂဗ္ဘေ ဝသတိ မာနဝေါ။
အဗ္ဘုဋ္ဌိတောဝ သော ယာတိ၊ သဂစ္ဆ န နိဝတ္တတိ။
ဟူသော အယောဃရဇာတ်၌ ဂစ္ဆကား ကြိယာပုဒ်။

ဝေဓျေ ကဋုကံ လောကေ၊ ဂစ္ဆ ယေဝ ရထေသဘ။
ဟူသော ဝေဿန္တရာဇာတ်၌ ဂစ္ဆကား အာချာတ်ပုဒ်။

ဂစ္ဆ ဝိဓမဝိစ္ဆာဒိ၊ ပဒါနိ မုနိသာသနေ
ကတ္ထ စာချာတိကာ ဟောန္တိ၊ ကတ္ထစိ ပန နာမိကာ။

တဿာဟံ သန္တိကေ ဂစ္ဆ၊ သော မေ သတ္ထာ ဘဝိဿတိ။
ဝိဓမံ ဒေဝတေ ရဋ္ဌံ၊ ပုတ္တော ဝေဿန္တရော တုဝံ။ ။

အဓမ္မံ သာရထိ ကယိရာ၊ မဠေ့ တွံ နိက္ခန္နံ ဝနေ။
ဇုဏ္ဍဝမာဒယော ဥဒယျာ၊ ပယောဂါ ဇ္ဇေ ဓိမ္မတာ။ ။

ဂစ္ဆိဿာမိ ဝိဓမိတိ၊ အာဒိနာ ဇိနသာသနေ။
နာနာ ကာလပုရိသာနံ၊ ဝသေနတ္တံ ဝဒေ ဝိဒူ။ ။

နာမတ္တေ ပန ဂစ္ဆန္တော၊ ဝိဓမန္တောတိ အာဒိနာ။
ဂစ္ဆမိစ္စေ ဝမာဒိန၊ မတ္ထမတ္ထဝိဒူ ဝဒေ။ ။
(သဒ္ဒနီတိပဒမာလာ။)

ဝိဓမံ စသည် ရှုပ်ကိုဟူရာ၌ အာချတ္တသဒ္ဒါဖြင့်—
အတ္ထိ ဝတ္တိ ဒဇ္ဇာ ဇုဿာ၊ ဝိဒူ စ အဒဒံ ဒဒံ။
ဝဒံ ကရောတိ ဟောတီတိ၊ စ္ဆာဒီနိ ပိ ဝိသုံဝိသုံ။
ကိတာ ချာတပဒါနီတိ၊ ဇညာ ဝိဒူ သုမေဓသော။

---

## နာမ်, အာချာတ်, နိပါတ် ၃-မျိုးရသောပုဒ်များ

၇၀။ သတ္တတိပုစ္ဆာ။ ။နာမ်အာချာတ်ကယ်နှင့်၊နိပါတ်ဟုသုံးမည်
ကျော်၊ သည်တဘော်ပုဒ်လည်း၊ ။ထင်ရှားပေ၊ အဋ္ဌကထာ ဋီကာမွေ
တဲ့၊ မဟာဆွေဘယ်ပြယုဂ်ကို၊ ညွှန်းထုတ်မည်နည်း။ ။

၇၀။ သတ္တတိဝိသဇ္ဇနာ။ ။နာမ်အာချာတ်ကယ်နှင့်၊ နိပါတ်ဟုသုံး မည်ကျော်၊ ထင်ပေါ်တဲ့သည်ပဒ။ ။ဆွေမဟာ၊ ပါဠိအဋ္ဌကထာနှင့်၊ ကျမ်းဋီကာ ခါခါရှုလို့၊အသု အတ္ထိနှင့်၊ပတိဆို သည်ပြယုဂ်ကို၊ ညွှန်း ထုတ်မည်ပ။ ။

"ယဿ အဿုံ မုခေါ ရောဒံ" ဟူသော ဓမ္မပဒ၊"သေဒေါ မေဒေါ အဿု ဝသာ ခေဠော သိဃာဏိကာ" ဟူသော မဟာသတိပဋ္ဌာနသုတ်စသည်တို့၌ အဿုကား နာမ်ပုဒ်။

"တေ ဘိက္ခူ ဘိက္ခုံ ပဝေဒဿု ဝစနီယာ" ဟူသော ပါတိမောက် စသောပါဠိ၊"တေသံ တေ ကာရာ မဟပ္ဖလာ အဿု မဟာနိသံသာတိ" ဟူ သော အာကင်္ခေယျသုတ်တို့၌ အဿုကား အာချာတ်ပုဒ်။

"နာဿုခကောစိ ဘာဝန္တံ ဥပသင်္ကမတိ" ဟူသော ပါရာဇိကကဏ် စသော ပါဠိ၊"တဒဿု ကဏ္ဍံ ယုဒ္ဓန္တိ" ဟူသော မဟာကဏှဇာတ်တို့၌–အဿုံကား နိပါတ်ပုဒ်။

"အဿုတိ နိပါတော" ၎င်းအဋ္ဌကထာ၊ "အတ္ထိယာ နဝ" စသော ပဋ္ဌာန်းပါဠိ၊"အတ္ထိဟောဟိ တိ သော မဂ္ဂေါ၊ န သော သက္ကာ န ဟောတုယေ" ဟူသော ဇုဏှဝင်ပါဠိတို့၌–အတ္ထိကား နာမ်ပုဒ်။

တိဿတ္ထိတွံ ဟူသောကစ္စည်းသုတ်ဖြင့် အာချာတ် အတ္ထိကား ထင်ရှားလှ လေပြီ။

"အတ္ထိ ဇူမဿိံ ကာယေ ကေသာ" စသော သတိပဋ္ဌာန်ပါဠိ၊ "ပုတ္တာ မတ္ထိ ဓနံ မတ္ထိ" ဟူသော ဓမ္မပဒပါဠိတို့၌ အတ္ထိကား နိပါတ်ပုဒ်၊

ပုတ္တာ မတ္ထိ ဓနံမတ္ထိတိ ဧတ္ထ ပန အတ္ထိသဒ္ဒေါ နိပါတော၊ တေနေဿ ကေဝစနဗဟုဝစနန္တော ဟောတိ။ (သဒ္ဒနီတိသုတ္တမာလာ။)

ဥဇ္ဇင်္ဂေ ဒေဝ မေ ပုတ္တော၊ပထေ ဓာဝန္တိယာ ပတိ။

ဟူသောဥဇ္ဇင်္ဂဇာတ်၌ ပတိကား နာမ်ပုဒ်။

ကော်သံ အဇိနံ ကတွာ၊ ပါဒေသု သိရသာ ပတိ။

ဟူသောပါဠိ။

ဖုလ္လာရဝိန္ဒသင်္ကာသေ၊ တရုဏာဒိစ္စ သပ္ပဘော။

စက္ကင်္ကိတေ ပါဒတလေ၊ တတော သာ သိရသာ ပတိ။

ဟူသောအပဒါန်ပါဠိတို့၌ ပတိကား အာချာတ်ပုဒ်။

ဥဿာဝေါဝ တိဏဂ္ဂမှိ၊ သူရိယုဂ္ဂမနံ ပတိ။

ဟူသော ယုဓဉ္စယဇာတ်၌ ပတိကား နိပါတ်ပုဒ်ဟူ၍ မှတ်လေ။

## နမော-ကိုပုဒ်,ဝိဘတ်,ဝုစ်တို့ဖြင့်ဝေဘန်ပုံ

၇၁။ ကေသတ္တတိပုစ္ဆာ။ ။သဘောလို၊ နမောကို ဘဟာပုဒ်ကယ်နှင့်၊ဘယ်ဝုစ်ဆိုတုံး။ ။များသိရန်၊ သည်ရုပ်ကယ်အနေကန်မို့၊ ပုဒ်ဝေဘန် နိဒ္ဒေသကို၊ ညွှန်းပြပါအုံး။ ။

၇၁။ ကေသတ္တတိဝိသဇ္ဇနာ။ ။နမောကို၊သဘောလိုနာမ်နိပါတ်ကယ်လို့၊ နှစ်ရပ်ဆိုသင့်။ ။နှစ်ပုဒ်မှာ၊ ကေဝစနာနှင့်၊ နိပါတ်သာဝိဘတ်ပြားတယ်၊ များမှတ်ကုန်လင့်။ ။

နမု နမနေ၊ နမတိ၊နမော။ပ။ ဧတ္ထ နမောတိ ပဒံ နိပါတော သု ဝိလတ္တတိ၊ တေန ဟိ ပစ္စတ္တော ပယောဂဝစနာနိ အဘိန္နရူပါနိ ဒိဿန္တိ။
ဒေဝရာဇာ နမောတျုတ္တ၊ နမော ကတ္ဝာ မဟေသိနောတိ။ (ဓာတုမာလာ။)
ဒိဝါ ဘိယျော နမော ဇုစ္စတေ ပဌမာယ စ ဒုတိယာယ စ၊ နမော တေ ဗုဒ္ဓဝီရတ္ထု၊ ဝိပ္ပမုတ္တောသိ သဗ္ဗဓိ။ ဧဝံ ပဌမာယ၊ နမော ကရောဟိ နာဂဿ၊ ဧဝံ ဒုတိယာယ စ (စတုပဒ၊)
ရဟော သဒ္ဒေါ ဝိယ ဟိ နမော သဒ္ဒေါပြ ဒွိဓာ ဝတ္တတိ၊ ကော အကာရန္တော သလိင်္ဂေါ ကော အလိင်္ဂေါ ဩကာရန္တောတိ။ (အဘိ-ဓာန်ဋီကာ။)

၎င်းတွင် နာမ်ပုဒ်၌ ဝုစ်ကိုလျဉ်းပါးရန်မရှိ၊ နိပါတ်ပုဒ်၌သာ—

သဒိသံ တီသု လိင်္ဂေသု၊ သဗ္ဗာသု စ ဝိဘတ္တီသု။
ဝစနေသု စ သဗ္ဗေသု၊ ဘော နိပါတာတိ ကိတ္တိတာ။

ဟူသောကြောင့် ဝုစ်လျဉ်းပါရန်ရှိသည်၊ သို့ပင် ရှိသော်လည်း ကြိယာကိုထောက်၍ ကေဝုစ်ဟုမှတ်ရာ၏။

---

## ဘန္တေ-ကိုပုဒ်,ဝိဘတ်,ဝုစ်တို့ဖြင့်ဝေဘန်ပုံ

၇၂။ ဒွိသတ္တတိပုစ္ဆာ။ ။သုဏာတုမေ၊ ဘန္တေ၌ကောင်း။ ။မှန်မသွေ၊ မြတ်ကျမ်းဂန် ရှာဘွေလို့၊ ထိုဘန္တေဘယ်သည့် ပုဒ်ကယ်နှင့်၊ ဘယ်ဝုစ်ကိုမဟာမိတ်ကယ်၊ ခွန်းဗျာဒိတ်ညောင်း။ ။

၇၂။ ဒွိသတ္တတိဝိသဇ္ဇနာ။ ။သုဏာတုမေ၊ ဘန္တေ၌မူကား။ ။မှန်မသွေ၊ မြတ်ကျမ်းဂန်ရှာဘွေလို့၊ ထိုဘန္တေနိပါတယ်နှင့်၊ ကေဝ—စနာဟု၊မိတ်မဟာ ဗျာဒိတ်ကြားလိုက်မယ်၊ ကျမ်းဘွင့်စကား။

ဘင်္ဂေတိ အာလပနတ္တေ ဝုဒ္ဓေသု သဂါရဝဝစနံ၊ အာဝုသောတိ ပဒံ ပန နဝကေသု တဒုဘယမ္ပိ နိပါတော၊တုမှေ ဘန္တေ တုမှေ အာဝု- သောတိ ဗဟူသု ပိ သမာနရူပတ္တာ။ (ဝိမတိဋီကာ, ဝိနယာလင်္ကာရ- ဋီကာ။)

ဤ၌ ကေဝုစ်ဖြစ်ကြောင်းကို ဟိတ်ပါဌ်ဝါကျကိုထောက်၍ သိအပ်၏။

---

## ပဉ္စမီ–သတ္တမီဝိဘတ်ခေါ်ဆိုခြင်းအကြောင်း

၇၃။ တေသတ္တတိပုစ္ဆာ။ ။ဝိဘတ်တဲ့ပဉ္စမီ။ ။သတ္တမီ အာချာတ် ကျမ်း၊ ခွဲခြမ်းလို့စီ။ ။သည့်နှစ်လီ ဌာနီဌာန။ ။သင့်လျော်အောင် ရှေ့ညှက်နှုန်း၊ ဘုန်းရှာလို့ချ။ ။

၇၃။ တေသတ္တတိဝိသဇ္ဇနာ။ ။လောကတွင် ခေါ်စမှတ်၊ တိတ် နာဂတ်ပစ္စုပ္ပန်။ ။သို့အစဉ်ဝေါဟာရငယ်နှင့်၊ မဆန့်ကျင် အညီကျ အောင်၊ ကစ္စည်းထေရ်သုတ်နာမ၊ ညွှန်းပြခဲ့မှန်။ ။တိတ်နာဂတ် ပစ္စုပ္ပန်၊ ဖြစ်ကေန်စတု။ ။ပစ္စုပ်မှီ၊ ဝတ္တမာန်သူဝင်စီလို့၊ ပဥ္စမီခေါ် ဆိုသင့်သော်လည်း၊ သူ့မည်ကိုနောက်မှာဆင့်၊ နည်းစဉ်သင့်ရှု။ ။

လောက၌ လူအပေါင်းသည် ဝါစာသိလိဌ္ဌဖြစ်အောင် စကားပြောလေ့ရှိ သဖြင့် ဤကာလသုံးပါးကို အတိတ်,အနာဂတ်,ပစ္စုပ္ပန်ဟူ၍ ပြောဆိုခေါ်ဝေါ် စမှတ်ပြုကြကုန်၏၊ ဘုရားရှင်လည်း လောကဝေါဟာရသို့လိုက်၍ ''ယံကိဉ္စိရူပံ အတီတာနာဂတပစ္စုပ္ပန္နံ'' စသည်ဖြင့် ဟောတော်မူသည်၊ ဤသို့သော ဝေါ ဟာရ အစဉ်သို့လိုက်၍ ကစ္စည်းထေရ်လည်း ပဉ္စမီ,သတ္တမီဟူသော အမည်ကို မှည့်တော်မူသည်။

ဤတွင် အတိတ်ကေန်ဖြစ်သော ပရောက္ခာ, ဟိယျတ္တနီ, အဇ္ဇတ္တနီ ဝိဘတ် သုံးလုံး၊ အနာဂတ်ကေန်ဖြစ်သော ဘဝိဿန္တိ ဝိဘတ်တလုံးအားဖြင့် လေးလုံး ကိုစွဲ၍ ဝတ္တမာန်ဝိဘတ်သည် ပဉ္စမီမည်သင့်၏၊တုအန္တုစသောအာဏတ္တိ ဝိဘတ်, ဧယျဧယျုံစသောပရိကပ္ပဝိဘတ်တို့သည် ကာလအားဖြင့် ရေတွက်သည်ရှိသော် ပစ္စုပ္ပန်ကာလ၌ ဝင်သည်ဖြစ်၍ ပစ္စုပ္ပန္နကာလိကအဖြစ်ကို သိစေခြင်းငှါလည်း၊ ဝတ္တမာန်နှင့်ဌာနတူသောကြောင့်လည်း တုအန္တုစသောဝိဘတ်ကိုပဉ္စမီမှည့်၏၊ ဝတ္တမာန်ဝိဘတ်မှာမူကား ဝတ္တမာန်ဟူသော အမည်ထူးကို ရပြီးဖြစ်သော ကြောင့် ပဉ္စမီဟူသော အမည်ကို တုအန္တုစသော ဝိဘတ်အားပေး၍ ပိဋ္ဌိဝဍ္ဎက ဖြစ်လေသည်။

ယျေယျုံစသော ဝိဘတ်တို့မူကား ဌာနအားဖြင့် ပဉ္စမီနှင့်တူငြားသော်လည်း ဝိဘတ်စဉ်အရေအတွက်အားဖြင့် ခုနစ်ခုမြောက်ဖြစ်သောကြောင့် သတ္တမီဟူသော အမည်ကို မှည့်တော်မူ၏။ ။ဤအနက်အဓိပ္ပါယ်ကို အကျဉ်းအားဖြင့် ဝေါတ္တုဋ္ဌဒီပကကျမ်း၌—

အတီတာနာဂတပစ္စုပ္ပန္နေ ကမပေက္ခတော။
ပဉ္စမီ သတ္တမီ သညာ၊ ကတာ နေဝ တု ရုဠှိယာ။ ။

အတီတာနာဂတတ္ထေဟိ၊ ဝတ္တာရော ပတိ ပဉ္စမီ။
ဘူတာယ ဝတ္တမာနာယ၊ ပဉ္စမီသဒိသတ္တတော။ ။
ပစ္စုပ္ပန္နေ သင်္ဂဟေတုံ၊ အာဏတ္တိပရိကပ္ပိတေ။
ပဉ္စမီတိ တု အဉ္ဇာဒိ၊ ဆဋ္ဌီ ဟောန္တာ ဝိ လက္ခိတာ။ ။

ဟူ၍ မိန့်တော်မူ၏၊ စောဒနာသောဓနာနှင့်တကွ အကျယ်ဖြစ်သော အနက်အဓိပ္ပါယ်ကို ၎င်းဝေါတ္တုဋ္ဌဒီပကဋီကာ၌ ဤသို့ မိန့်၏။

ဧဒါနိ တာသု ပဉ္စမီ သတ္တမီ ဝိဘတ္တီနံ အန္ဝတ္ထသညတ္တံ ဒဿေန္တော အတီတာတျာဒိ မာဟ။ တတ္ထ အတိစ္စ ဂတောတိ အတီတော၊ ပစ္စုပ္ပန္နဘာဝံ အတိက္ကမိတွာ ပဝတ္တော တိအတ္ထော။ တဗ္ဘာဝံ န အာဂတောတိ အနာဂတော၊ တံတံ ကာရဏံ ပဋိစ္စ ဥပ္ပန္နောတိ ပစ္စုပ္ပန္နော၊ အတီတော စ အနာဂတော စ ပစ္စုပ္ပန္နော စ အတီတာနာဂတပစ္စုပ္ပန္နာ လောကဝေါဟာရဝသေန။ အတီတာနာဂတပစ္စုပ္ပန္နာ ဧကိ ပဝတ္တော ကမောတိ အတီတာနာဂတပစ္စုပ္ပန္နာကိ ကမော၊ လောကသ္မိံ ဟိ ဝါစာသိလိဋ္ဌဝသေန အတီတာနာဂတပစ္စုပ္ပန္နန္တိ ဝေါဟာရန္တိ၊

ယထာဟိ မာတာပိတရောတိ ဝုတ္တေ သိလိဋ္ဌကထနံ ဟောတိ၊ တသ္မိံ ယေဝ ဝစနေ ဝိပရိယာယံ ကတွာ သမာသဝသေန ပိတာမာတရောတိ ဝုတ္တေ သိလိဋ္ဌကထနံ န ဟောတိ။ တသ္မာ တာဒိသိသဒ္ဒရစနာ အပူဇနိယာ၊ ဧဝမေဝံ အတီဘာနာဂတပစ္စုပ္ပန္နန္တိ ဝုတ္တေ သိလိဋ္ဌကထနံ ဟောတိ၊ အတီတပစ္စုပ္ပန္နာနာဂတန္တိ ဧဝမာဒိနာ ဝုတ္တေ သိလိဋ္ဌကထနံ န ဟောတိ။ တသ္မာ တာဒိသီသဒ္ဒရစနာ အပူဇနိယာ၊ သိလိဋ္ဌဝစနော ဟိ လောကော တဂ္ဂရုကရော စ။

တထာ ဟိ လောကဝေါဟာရေ အသဒိသကုသလေန သဗ္ဗလောကုတ္တမေန ဘဂဝတာ ယံကိဉ္စိ ရူပံ အတီတာနာဂတပစ္စုပ္ပန္နန္တိ အာဒိနာ သဗ္ဗလောကဘာဝနိယဒေသနာ ဝုတ္တာ တိ။ အပေက္ခနံ အပေက္ခာ အတီတာ။ လ။ ကမဿ အပေက္ခာ တထာ။ တတော ပဉ္စမီ

စ သတ္တမီ စ တာသံ သညာ ကတာတိ အတီတာဒိဝသေန ပဝတ္တ-ကမ္မာပေက္ခနေန အန္တတ္တဝသေနေဝ ကတာ။ ဧတ္ထ ဒါနိ ပဉ္စမီ သတ္တမီ သညာ ရုဠ္ဟီသညာ တိ ဉာယတိ တိ အာဒိနာ ဝုတ္တံ။ ကေသဉ္စိ ဝစနံ နိဿဓေ-န္တော နေဝ တု ရုဠ္ဟီယာတိ အာဟ၊ တထာ ဝုတ္တံ သဒ္ဒနီတိယံ။

ပဉ္စမီ သတ္တမီ သညာ၊ ရုဠ္ဟီသညာတိ ကေစန။
န ပနေဝံ ဂဟေတဗ္ဗံ၊ အဇ္ဈာနိတွာ ဝဒန္တိ တေတိ။ ။

သော ဟိ သညာ ဝတ္တမာနာဒိသညာ ဝိယ အန္တတ္တပသေနေဝ ကတာ အနေကက္ခရေဟိ ကတသညတ္တာ။ န ပန ရုဠ္ဟီပသညာ-ဒယော ဝိယ ရုဠ္ဟီယာ ကတာ ဧကက္ခရေဟိ အကတသညတ္တာ။ ရုဠ္ဟာ-ဒိသညာယော ဟိ ရုဠ္ဟီဘာဝညာပနတ္တမေဝ လဟုကေဟိ ဧကက္ခ-ရေဟိ ကတာ။ ဧတာ ပန ပဉ္စမီသတ္တမီသညာ အန္တတ္တဘာဝ-ညာပနတ္တမေဝ လဟုကေဟိ ဧကက္ခရေဟိ အကတွာ ဗဟုကေဟေဝ အက္ခရေဟိ ကတာ၊ စတုတ္ထီ ဆဋ္ဌီ ဘာဝဉ္စ ဉပနိဓာယ ပညာပိယတ္တာ ဉပနိဓာပညတ္တိဝသေန အန္တတ္တသညာ ပေါရာဏေဟိ ဌပိတာတိ ဒဋ္ဌဗ္ဗံ။ ဝုတ္တဉ္စ-

နေသာ ပုရိသသညာဒိ၊ ရုဠ္ဟသညာဒယော ဝိယ။
ရုဠ္ဟီယာ ဘာသိတာ သညာ၊ ဘူတေနတ္ထေန ဘာသိတာ။ ။

ဉပနိဓာယ ပညတ္တိ၊ သော သညာ ယတော တတော။
အန္တတ္တသညာ ဌပိတာ၊ ပေါရာဏေဟီတိ လက္ခယေတိ။ ။

ဧတ္ထ ဒါနိ အတီတာ။ လ။ ပေက္ခဝသေနာတိ ဝစနံ ပါကဋံ ကရောန္တော အတီတာနာဂတတ္ထေတိ အာဒိမာဟ။ တတ္ထ အတီတာနာဂတတ္ထေတိ အတီတတ္ထအနာဂတတ္ထေ ပုရိမပဒေ ဥတ္တရပဒလောပေ၊ ဒွန္ဒတော ဝါ ပရတ္တာ အတ္ထသဒ္ဒေါ ပစ္စေကံ ယောဇနီယော။ ဝုတ္တဉ္စ-

ယဉ္စတ္ထ ဝသတော သဒ္ဒေါ၊ သောသတော ဝါ ပိ သုယျတေ။
တံ သမ္ဗန္ဓတေ ပစ္စေကံ၊ ယထာလာဘံ ကဒါစိပိ တိ။

တက္ကာလိကတ္တာ အတီတော ကာလော အတ္ထော ဧတဿာတိ ပရောက္ခာ ဟိယျတ္တနဇ္ဇတ္တနီ ဝိဘတ္တိယော အတီတတ္ထာ၊ ဘဝိဿန္တိ ဝိဘတ္တိယော ပန အနာဂတတ္ထာ ဝုတ္တနယေန။ ဧတိ တော စတဿော။ အာစရိယေန ပန အတီတာနာဂတတ္ထဝသေန သာမညတော နိဒ္ဒိသိ-ယမာနတ္တာ အတီတာနာဂတတ္ထေ စတ္တာရောတိ ပုလ္လိင်္ဂဝသေန နိဒ္ဒိ-ဋ္ဌော၊ ဧတရထာ ဧတ္တိလိင်္ဂဝသေနေဝ နိဒ္ဒိသိတဗ္ဗော သိယာ၊ ဝိဘတ္တိ-

သဒ္ဒဿ နိယတိတ္ထိလိင်္ဂတ္တာ။ သာမညဝသေန ဟိ နိဒ္ဒိသိယမာနော ပုလ္လိင်္ဂဝသေန ဝါ နပုံသကလိင်္ဂဝသေန ဝါ နိဒ္ဒိသိယတီတိ၊ ဝုတ္တဉ္စ ဗာလာဝတာရေ။

သာမညေန သဒ္ဒေါ မတော၊ နိဒ္ဒိသတိ ပုမေန ဝါ။
နပုံသကေန ဝါ ပိ တိ၊ သဒ္ဒသတ္ထဝိဒူ ဝဒုံတိ။ ။

လိင်္ဂဝိပလ္လာသဝသေန ဝါ ဝုတ္တံ ပတီတိ ပဋိစ္စ တတ္ထ အတီတာ။လ။ စတ္တာရောတိ ဣမိနာအတီတာ။လ။ကမန္တိ ဣဒံ ဝစနံ။ ပတီတိ ဣမိနာ—ပေက္ခတောတိ ဣဒံ ဝစနံ ဝိဘာဝေတီတိ ဒဋ္ဌဗ္ဗံ။ နနု စ အတီတာဒိဝ—သေန ပဝတ္တဿ ပရောက္ခာဟိယျတ္တနီအဇ္ဇတ္တနီဘဝိဿန္တိဝတ္တမာနာ ပဉ္စမီ သတ္တမီကာလာတိပတ္တီတိ ဣမဿ ကမဿ အပေက္ခနေ သတိ နိရုတ္တိနယေန အာဏတ္တိကာလိကာတိသညံ ဂတာ အနုတ္တကာလိက—ဘူတာ ပဉ္စမီတိဝုတ္တာ တု အန္တုအာဒိကာ ဝိဘတ္တိ ဆန္နံ ပူရဏေန ဆဋ္ဌီ ဘဝေယျ။ အထ ကသ္မာ ပဉ္စမီတိဝုတ္တာတိ စောဒနံ ပရိဟရန္တော ပဉ္စမီ-ဘူတာယာတိ အာဒိမာဟ။

တတ္ထ ကိဉ္စာပိ သာ ဆန္နံ ပူရဏေန ဆဋ္ဌီ ဘဝိတုံ ယုတ္တာ၊ တထာ ပိ ပဉ္စန္နံ ပူရဏေန ပဉ္စမီဘူတာယ ဝတ္တမာနာယ ပစ္စုပ္ပန္နသဒ္ဒါတဿ အတ္ထဿ ဝသေန သဒိသတ္တတော သဒိသတ္တတာယ အတ္ထတော ဝါ သဒိသတ္တာ ပဉ္စမီတိ ဝုတ္တာ၊ ဝတ္တမာနာ ပန ပစ္စုပ္ပန္နဝသေန ဝတ္တတီတိ ဝစနတ္ထေ ဝတ္တမာနာတိ နာမဝိသေသလာဘေန လဒ္ဓနာမဝိသေသတ္တာ ပဉ္စန္နံ ပူရဏဝသေန ပဝတ္တာ ပိ ပဉ္စမီတိ န ဝုတ္တာ။ သာ ဟိ အတ္တနော ပဉ္စမီ နာမံ တု အန္တုအာဒီနံ ဒတွာ သယံ ပိဋ္ဌိဝဍ္ဎကာ ဇာတာတိ။

နနု စ တု အန္တုအာဒိကာ ဝိဘတ္တိ ဆန္နံ ပူရဏေန ဆဋ္ဌီတွေဝ ဝတ္တဗ္ဗာ၊ ဧဝံ ပန အဝတွာ ကသ္မာ ပဉ္စမီဘူတာယ ဝတ္တမာနာယ သတိ သမတ္ထမုပါဒါယ ပဉ္စမီတိ ဝုတ္တာတိ အာဟ ပစ္စုပ္ပန္နေ သင်္ဂဟေ—တုံ တိ အာဒိ။ တတ္ထ ပစ္စုပ္ပန္နေတိ ဝတ္တမာနကာလေ။ သင်္ဂဟေတုံ တိ သင်္ဂဟံ ကာတုံ၊ အာဏတ္တိပရိကပ္ပကေတိ အာဏတ္တိကာလပရိကပ္ပ—ကာလေ၊ အာဏတ္တိပရိကပ္ပါ ပိ ဟိ ကာလာတိ ဝုတ္တာ တေသံ ဝသေန ကာလဆတ္တဝစနတော။ ဝုတ္တဉ္စ-

အတီတာနာဂတ ပစ္စုပ္ပန္နော အာဏတ္တိမေဝ စ။
ပရိကပ္ပေါ စ ကာလဿ၊ အတိပတ္တီတိ ဆဗ္ဗိဓော တိ။ ။

အာဏတ္တိပရိကပ္ပကေတိ ဝါ လိင်္ဂဝိပလ္လာသဝသေန ဝုတ္တံ၊ အာ—ဏတ္တိပရိကပ္ပဝါစကာ ပဉ္စမီ သတ္တမီ ဝိဘတ္တိယော တိ အတ္ထော။ ဝုတ္တံ ဟေတံ သဒ္ဒနီတိယံ—

ပဉ္စမီ သတ္တမီ ဝိတာ၊ အာဏတ္တိ ပရိကပ္ပိကာ။
သင်္ဂယှမာနာ တာယန္တိ၊ ပစ္စုပ္ပန္နမှိ သင်္ဂဟာန္တိ။ ။

အာဏတ္တိပရိကပ္ပိကေတိ စ ဣဒံ နိဒဿနမတ္တံ၊ အာသိင္ဃာနုမတျာ-
ဒီသု ပိ ပဉ္စမီသတ္တမီနံ ဒိဿနတော၊ တဿာ တေပိ နိဒဿနာဒိန-
ယေန ဂဟေတဗ္ဗာ ဝေ၊ တထာဟိ ဝုတ္တံ သီလက္ခန္ဓဋီကာယံ–

ဝတ္တဗ္ဗဿာ ဝသိင္ဃဿ၊ ဂါဟော နိဒဿနာဒိနာ။
အပိ သဒ္ဒါဒိလောပေန၊ ဧကသေသနယေန ဝါ တိ။ ။

တု အန္တာဒီတိ တု အန္တုအာဒိ။ ဆင္ခ်ီ ဟောန္တာပိတိ ဧတ္ထ အပိ-
သဒ္ဒေါ ဂရဟာယံ ကိဥ္စာဒိ ဆင္ခ်ီ ဟောန္တာ၊ တထာပိ ပဉ္စမီ ဧတ္တဝ
လက္ခိတာ တိ အဓိပ္ပါယော။ ဧတ္ထ စ ဆန္ဒံ ပူရဏီနံ တု အန္တုအာဒီနံ ဆင္ခ်ီ-
သညတ္တံ အကတွာ ပဉ္စမီသညတ္တံ ကရောန္တေန တာသံ ပစ္စုပ္ပန္နကာ-
လိကတ္တံ ဒဿိတံ၊ကာလတ္တယမေဝေတ္တာ ဝိပ္ပေတတ္တာ၊ ယံ တိကာလံ-
တီဟိ ဝုတ္တံ။ တံ ဒဿနေန စ တာဟိ အနာမင္ဃကာလဝသေန သဒ္ဒိ-
သာနံ သတ္တမီဝိဘတ္တိနံ ပိ တက္ကာလိကတာ ဒဿိတာ ဝေါတိဒဋ္ဌဗ္ဗံ။
ဧတ္ထ သိယာ၊ တု အန္တုအာဒီနံ ပဉ္စမီသညတ္တံ ကရောန္တေန ယျေ
ယျုံ အာဒီနံ ဝိဘတ္တိနံ တဒနုရူပံ ဆင္ခ်ီ သညတ္တံ ယေဝ ကာတဗ္ဗံ။အထ
ကသ္မာ တဒကတွာ သတ္တမီသညာ ကတာတိ၊ ဝုစ္စတေ။ တု အန္တု
အာဒီနံ ဟိ ပစ္စုပ္ပန္နကာလိကတာဒဿနတ္တမေဝ ပဉ္စမီ သညာ ကတာ၊
န ပန ဧကန္တတော ပဉ္စန္နံ ပူရဏတော။ ယျေယျုံအာဒီနံ ပန တာသံ
တက္ကာလိကတာဒဿနေန ဒဿိတနယတ္တာ ဝိဘတ္တိနံ ယထာ-
ဝုတ္တနယေန ဂဏနက္ကမေ ဧကန္တေန သတ္တန္နံ ပူရဏတော သတ္တမီ
သညာ ဝေ ကတ္တဗ္ဗာရဟာတိ သာ ဝေ ကတာ၊ န ဆင္ခ်ီ သညာတိ
ဒဋ္ဌဗ္ဗံ၊ တထာဟိ ဝုတ္တံ သဒ္ဒနီတိယံ–

သတ္တမီ ပန ကိဥ္စာပိ၊ သမာနတာတိ သတ္တမာ။
ဟောတိ ယသ္မာ တတော ဝုတ္တာ၊ သတ္တမီ ဧတ္တဝ နော မတီတိ။ ။

သည့်ထက်အကျယ်ကို လိုမူ သဒ္ဒနီတိ၌ရှုပါ။

---

## တဒ္ဓိတ် ကေသိသ်မဟုတ် အများဖောပုဒ်

၇၄။ စတုသတ္တတိပုစ္ဆာ။ ။ခုသိစေ၊ သုတိကြေ ကေသိသ်ကယ်တို့၊
တဒ္ဓိတ်ဟုတ်ဘဲ။ ။တပုဒ်သာ၊များနည်းငယ်အကုန်ပါလို့၊ဘယ်သူငါ
ချန့်မခြွင်း၊ သင်း ဘယ်ပုဒ်လဲ။ ။

၇၄။ စတုသတ္တတိဝိသဇ္ဇနာ။ ။ခုသိဟန်၊ သုတိကျန် ကေသိသ်လို့၊ တခ္ဓိတ်ကယ်မဆိုရပါတဲ့၊ ပဒခေါင်မှူး။ ။တပုဒ်သာ များနည်းငယ် အကုန်ပါလို့၊ ဘယ်သူငါ မချန်ခြွင်းလျှင်၊ ခပင်းကုန်ဥဿုံရ၊ သတ္တ ပုဒ်ထူး။ ။

ရူပါဒီသု သတ္တာ ဝိသတ္တာတိ သတ္တာ၊ တဿာ ပန ပညတ္တိယာ ခန္ဓသန္တာနေ နိရူဠ္ဟဘာဝတော နိဿန္ဒရာဂါဒိ သတ္တာတိ ဝုစ္စန္တိ။ (မူလဋီကာ။)

တတ္ထ နိဿန္ဒရာဂါနံ ဘူတပုဗ္ဗဂတိယာ ဝါ သတ္တတာ ဝေဒိတဗ္ဗာ။ (အနုဋီကာ။)

ဤ၌ သတ္တေသု ဟူသောဗဟုဝစနန္တပုဒ်ကို ဘွင့်သောအရာဖြစ်၍ ဗဟုဝစ-နန္တဝစနတ္တကိုဋီကာဆရာပြုတော်မူသည်၊ ရူပါဒီသု သဥ္စတီတိ သတ္တော ဟူသော်လည်း အနုဋီကာနည်းဖြင့် ကြွင်းမဲ့ဥဿုံ အလုံးစုံသောသတ္တဝါကိုပင် ရလေသည်၊ ဤစကားကိုလည်း ဘယ်သူငါချန်မခြွင်းဟု သတ္တဝိသယကို မေးသောကြောင့် သတ္တပုဒ်ကိုဖြေဆိုလိုက်သည်၊ သခ်ါရမပါလေသေး၊ သခ်ါရပါအောင်ကိုကား "ဘယ်သူငါမချန်ခြွင်းလျှင်၊ ခပင်းကုန်ဥဿုံရ၊ နာမပုဒ်ထူး" ဟုသင့်၏။

နာမံ သဗ္ဗံ အဓိဘဝတိ နာမံ သဗ္ဗံ အမိဘဝတိ အနုပတတိ ဩပပါတိကေန ဝါ ဟိ ကိတ္တိမေန ဝါ နာမေန မုတ္တော သတ္တော ဝါ သခ်ါရော ဝါ နတ္ထိ။ (သဂါထာဝဂ္ဂသံယုတ်အဋ္ဌကထာ။)

ကေမမ္မော သဗ္ဗမမ္မေသု နိပတတိ၊ သဗ္ဗမမ္မာ ကေမမ္မသ္မိံ နိပတန္တိ၊ ကထံ၊ အယံ ဟိ နာမပညတ္တိ ကေစမ္မော၊ သော သမ္ဗေသု စတု-ဘုမ္မိကမခမ္မသု နိပတတိသတ္တော ဝိ သခ်ါရော ဝိ နာမတော မုတ္တကော-နာမ နတ္ထိ။ (အဋ္ဌသာလိနီ။)

---

## ဝသဘောဥဒ္ဒေနှင့်ဥဆ

၇၅။ ပဥ္စသတ္တတိပုစ္ဆာ။ ။ဝသဘောဥဒ္ဒေဟု၊ သုတ်ပြသည့်အနေ၊ ခွဲဝေပ ဘုန်း။ ။တာလုဒန္တာနှင့်၊ ဌာန်နှစ်ဖြာ ဆိုင်သည့်ထတွင်၊ ဘယ်ဌတဲ့တုံး။ ။

၇၅။ ပဥ္စသတ္တတိဝိသဇ္ဇနာ။ ။ဝသဘောဥဒ္ဒေဟု၊ ဟောပြသည့် သုတ်အနေ၊ ခွဲဝေအံ့မယွင်း။ ။မှန်သေချာ၊မုဒ္ဓဒန္တာနှင့်၊ ဌာန်နှစ်ဖြာ သံသယတွင်၊ဒန္တဇာဆိုသည့်ထကို၊ စွဲမှတ်ပ မင်း။ ။

ဤအရာတွင် အမေးပုစ္ဆာ၌ "တာလုဒန္တာနှင့်၊ဋ္ဌာန်နှစ်ဖြာဆိုင်သည့်ထတွင်၊ ဘယ်ဋ္ဌတဲ့တုံး"ဟူ၍ အမေးပါလာ၏၊ တာလုဋ္ဌာန်၌ ဋ္ဌ-အက္ခရာမဖြစ်သင့်သောကြောင့် တာလုဒန္တာနှင့်ဟု မဆိုသင့်၊ "မုဒ္ဓဒန္တာနှင့်၊ ဋ္ဌာန်နှစ်ဖြာဆိုင်သည့်ထတွင်၊ ဘယ်ထတဲ့တုံး"ဟူ၍သာ ဆိုသင့်သည်။ ။သတိမန္တဂတိမန္တစသောဂဏ်နှင့်ပြည့်စုံသော ရှေးရှေးသောကျမ်းပြုဆရာတော်တို့ပင်လျှင် သတိတော်ချွတ်ယွင်းကြသောအရာ စဉ်းငယ်ရှိပေသေးသည်။

ဤဝသတောဥဏ္ဍ ဟူသောသုံတ်၌ အချို့သော သူတို့သည် ဝသတောဥဋ္ဌဟုမုဒ္ဓဇဋ္ဌနှင့်ရေးကြရွတ်ကြပြောဆိုကြ၏၊အချို့သောသူတို့လည်း ဝသတော-ဥဏ္ဍဟုဒန္တဇထနှင့်ရေးကြရွတ်ကြပြောဆိုကြ၏၊ သို့အထူးထူး အပြားပြား ပြောဆိုကြ ငြားသော်လည်း ဤကစ္စည်းကျမ်းသည် ကလာပ်,သဒ္ဒရသတိ,ပါဏိနီ,မုဒ္ဓ-ဗောဓစသော လောကီသဒ္ဒါကျမ်းတို့ကို မှီငြမ်းပြု၍ စီရင်သောကျမ်းဖြစ်သည်၊ အချို့သောအရာ၌ ထိုလောကီကျမ်းတို့က သုတ်အတိုင်းပင် ကစ္စည်းကျမ်း၌ သုတ်တည်လေသည်၊ ပါဠိတော်နှင့်မလျော်ကန့်သည်ကိုသာ ချန်ထား၍ လျော်သမျှကိုအကုန်ယူလေသည်၊ ထို့ကြောင့် ကစ္စည်းကျမ်းကား လောကီသဒ္ဒါကျမ်းသာလျှင် မူလဘူတပဘာဝဖြစ်သည်။

ထိုလောကီသဒ္ဒါကျမ်း၌လည်း တာလုဇသ, မုဒ္ဓဇသ, ဒန္တဇသ-ဟူ၍သ သုံးလုံးရှိသည်၊ ထိုသုံးလုံးတွင် တာလုဇသ, မုဒ္ဓဇသ အဆုံးရှိသောဓာတ်နောင်တပစ္စည်းသက်လျှင် ဋ္ဌာနာသန္နဖြစ်သောကြောင့်ရင်း, ဋ္ဌာန်တူဖြစ်သောကြောင့်ရင်း မုဒ္ဓဇဋ္ဌအပြုကို စီရင်ကြသည်၊ ဒန္တဇသဆုံးသော ဓာတ်နောင်တပစ္စည်းကိုဋ္ဌာန်တူဖြစ်သောကြောင့် ထအတိုင်းဓာတွန့်သို့ကပ်၍ စီရင်ကြသည်။

ကစ္စည်းကျမ်း၌ကား သာသနာတော်နှင့် မလျော်သောကြောင့် တာလုဇ-မုဒ္ဓဇသနှစ်လုံးကိုပယ်၍ ဒန္တဇသတလုံးကိုသာ ထားလေသည်၊ သို့ပင် ထားသော်လည်း အစီအရင်သို့ရောက်လျှင် လောကီသဒ္ဒါကျမ်းက တာလုဇမုဒ္ဓဇသဆုံးသောဓာတ်တို့၌သာလျှင် မုဒ္ဓဇ ဋ္ဌ-အပြုကိုစီရင်သည်၊ ဒန္တဇ-သ ဆုံးသောဓာတ်၌ ဒန္တဇထအပြုကိုစီရင်သည်၊ ထိုတွင် ဒိဋ္ဌ,နဋ္ဌ,ဒဋ္ဌ စသောပုဒ်တို့သည် လောကီကျမ်းကတာလုဇသဆုံးသောဓာတ်ဖြင့်ပြီးသည်၊ကဋ္ဌ,ကုဋ္ဌ,တုဋ္ဌ စသောပုဒ်တို့သည် လောကီကျမ်းက မုဒ္ဓဇသဆုံးသောဓာတ်ဖြင့်ပြီးသည်၊ ဝတ္ထ,ဝတ္ထု,လက်,တတောင်,ဆင့်နှာခမောင်း, ဟတ္ထနက္ခတ်ဟော ဟတ္ထစသောပုဒ်တို့သည် လောကီကျမ်းက ဒန္တဇသဆုံးသောဓာတ်ဖြင့်ပြီးသည်၊ ထို့ကြောင့် သဒ္ဒတ္ထောမ-မဟာနိဓိမည်သော လောကီအဘိဓာန်၌-

ဟတ္ထ၊ပုံ၊ဟာသ၊တန်၊နက္ခတ်၊ ဒေဟာဝယဝဘေဒေ၊ စတုဝိံဂုတျင်္ဂုလ-ဝရိမာဏေ၊ ဟတ္ထိဂုဏ္ဍေစ၊အဂ္ဂိဈာဒိဗ္ဗု၊တြယောဒရေနက္ခတြေ၊ ပုံ၊ဟ္တြံ။

ဟု မိန့်ဆိုလေသည်၊ သာသခေတ်၌ကား ဒန္တဇသဆုံးသော ဓာတ်ရင်း ဖြစ်ငြားသော်လည်း မုဒ္ဓဇမဲမည်သော သဒ္ဒါကျမ်း၌ "ကွိလာတ်၊ ဤတော ၃ သတ်သးစေါ'' အစရှိသောသုတ်ဖြင့် ဒန္တဇသာသ၏ မုဒ္ဓဇသာသအဖြစ်ကို စီရင်ပြန်သောကြောင့် ကစ္စည်းကျမ်း၌ "သာသဒိသတောတဿ ရိဋ္ဌော စ'' ဟူသောသုတ်ကိုတည်၍ အနုသိဋ္ဌောပုဒ်ကိုစီရင်တော်မူသည်၊ မုဒ္ဓဇသအဖြစ်သို့ မရောက်သောသာသခေတ်၌ကား "သာသာဒီဟိရတ္တ'' ဟူသောသုတ်ကိုတည် ၍ သတ္ထာစသောပုဒ်ကိုစီရင်တော်မူသည်၊ ဤသို့ လောကီကျမ်းနှင့်ညီစွာ ကစ္စည်း ကျမ်းအစီအရင်လာသောကြောင့်၎င်း၊ ဝသခေတ်၏ ဒန္တဇသ ဆုံးသောခေတ် ဖြစ်သောကြောင့်၎င်း ဝသတောဥတ္တဟုဒန္တဇတ္တနှင့်သာရှိသင့်သည်၊ ဥဒါဟြုဏ် ၌လည်း ဝဿံဝုတ္ထောဟူ၍ ဒန္တဇတ္တနှင့်သာရှိသင့်သည်၊ ထို့ကြောင့် ရူပသိဒ္ဓိ ကျမ်း၌—

ဝသ-နိဝါသေ၊ ဝဿံ အဝသီတိ အတ္ထေ တပစ္စယော၊ သကာ- ရန္တတ္တာ သာဒိသန္တဇ္ဇစ္စ ဒိနာ ဌာဒေသေ သမ္ဗတ္တေ တဿာတိ အဓိ- ကာရော၊သာဒိတိ စ။

ဝသတော ဥတ္တ၊ ။ဝသဇ္ဇေတဿ ဓါတုမှာ ပရဿ တကာရဿ သဟာဒိဗျဥ္ဇနေန ဥတ္တာဒေသော ဟောတိ၊ သရလောပါဒိ၊ ဝဿံ- ဝုတ္ထော၊ ဝုတ္ထာ သာ၊ သရလောပေါတိ အာဒိသဒ္ဒေ တဂ္ဂဟဏတော ပုဗ္ဗလောပါဘာဝေ အဓိဝတ္ထာ ဒေဝတာ ဝတ္ထုဗ္ဗန္တိ အာဒိသု ပရလောပေါ။

ဟု ဒန္တဇတ္တနှင့်မိန့်ဆိုတော်မူသည်၊ ဤတွင် "အဓိဝတ္ထာဒေဝတာ''စသော ဥဒါဟြုဏ်ကိုထောက်၍လည်း "ဝသတောဥတ္တ'' ဟူသောသုတ်၏ ဒန္တဇတ္တ အဖြစ်သည် အလွန်တရာဆင်ရှားလေ၏၊ "ပရိဝုတ္ထပရိဝါသော'' စသော ကမ္မဝါ ပါဠိ၌လည်း ဒန္တဇတ္တအဖြစ်ကို ယုံမှားမရှိ မှတ်သင့်၏။ (ဒုလ္လဘာယံ ဝိနိစ္ဆယော၊ သာဓုကံ မနသိကာတဗ္ဗော။)

---

ခမတိပုဒ်နှင့် ခမ္မတိပုဒ်

၇၆။ ဆသတ္တတိပုစ္ဆာ။ ။ကမ္မဝါပါဠိ၌၊ ခမတိပုဒ်နေ၊ စာတွေ ကလွန်များ။ ။မဒွေဘော်၊ ရှိမဲ့လျော်မလျော်လို့၊ ရွှေကိုယ်တော် သဒ္ဒါတတ်ကယ်၊ ဆုံးဖြတ်ပါလား။ ။

၇၆။ ဆသတ္တတိဝိသဇ္ဇနာ။ ။ကမ္မဝါပါဠိ၌၊ ခမတိပုဒ်နေ၊ စာ တွေကလွန်များ။ ။မဒွေဘော်၊ရှိမှပင်လျော်မည်လို့၊ရွှေမြို့တော်သဒ္ဒါ တတ်ကယ်၊ ဆုံဖြတ်ကြသား။

ကမ္မဝါပါဠိ၌ ခမ္မတိဟူသော ဤပုဒ်ကို သဒ္ဒပါရဂူ တံခွန်ထူသော ဆရာကြီးတို့သည် မဒွေဘော်နှင့်သင့်သည်ဟု မိန့်ဆိုဆုံးဖြတ်ကြကုန်၏၊ ၎င်းပုဒ်၏မဒွေဘော်သင့်ကြောင်းသဒ္ဒယုတ္တိကိုလည်း ဤသို့မှတ်ပါ၊ ၎င်းခမ္မတိပုဒ်သည် ယဿာယသ္မ-တောဟူသော ဆဋ္ဌီကတ္တားကိုထောက်၍ ကမ္မရုပ်ဖြစ်သင့်သည်၊ ကမ္မရုပ်ဖြစ်ကလည်း–

န မေ ရုစ္စတိ ဘဒ္ဒန္တေ၊ ဥလူကဿာဘိသေစနံ။

ဟူသော ကာကောလူကဇာတ်၌ ရုစ္စတိပုဒ်ကဲ့သို့ ခမုဓာတ်နောင် ယပစ္စည်းကို ပုဗ္ဗရူပ်ပြု၍ ခမ္မတိဟူ၍သာပြီးသင့်သည်၊

ယဿာယသ္မတော၊ အား။ နာဂဿ၊ ၏။ ဥပသမ္ပဒါ၊ သည်။ ခမတိ၊ ခံ၏။ ဤသို့ယောဇနာ၍ ခမုဓာတ်၏ သဟာနတ္ထကတ္တုရုပ်ဖြစ်သင့်သည်ဟူငြားအံ့၊ မဟုတ်သင့်၊ အဘယ်ကြောင့်နည်း၊ ဤအရာ၌ ခမုဓာတ်၏ရုစ္စနတ္ထဖြစ်သင့် သောကြောင့်တည်း။

ထို့ကြောင့် ဝိမတိဋ္ဌီကာ၌ ခမ္မတိတိ ရုစ္စတိဟူ၍ဖွင့်၏၊ နှစ်သက်ခြင်း ဟူသည်လည်း ပုဂ္ဂလဗျာပါရဖြစ်၍ ပုဂ္ဂိုလ်သာလျှင် ကတ္တားဖြစ်သင့်သည်၊ ပုဂ္ဂိုလ်ကတ္တားဖြစ်ကလည်း ဥပသမ္ပဒါပုဒ်သည် စင်စစ်ကံဖြစ်သင့်သည်၊ ကံဖြစ်ကလည်း ခမ္မတိပုဒ်ကမ္မရုပ်ဖြစ်၍ ယပစ္စည်းမကင်းရာ၊ ယပစ္စည်းမကင်းကလည်း ၎င်းယပစ္စည်းကို ပုဗ္ဗရုပ်ပြု၍ အညထာ နုပပတ္တိအားဖြင့် ခမ္မတိဟူ၍ မဒွေဘော်နှင့်သာ သင့်သည်။

သို့ဆုံးဖြတ်ခြင်းသည် အတ္တနောမတိသာ၊ ခမတိဟု စာများစွာရှိတိုင်း ဒွေဘော်မဲ့သာသင့်သည်၊ ယဿာယသ္မတောလည်း သမ္ပဒါန်ဟု အချို့ဆိုကြ၏၊ ဆင်ခြင်၍သင့်ရာကိုယူ။

---

### ဖြဟ္မာပုဒ် အသံထွက်နှင့် ကာရန်

၇၇။ သတ္တသတ္တတိပုစ္ဆာ။ ။ဖြဟ္မာဆို သည်ဟပုဒ်၊ ဟ-သံယုတ်အနေမှန်၊ မသွေလှန်ထင်ရှား။ ။ဘယ်အသံ၊ ဘယ်လက်ခ ကာရန်လို့၊ ဘယ်ထုံးစံရှုတ်ပုံရှိကို၊ ဘုန်းသိသင့်ငြား။ ။

၇၇။ သတ္တသတ္တတိဝိသဇ္ဇနာ။ ။ဖြဟ္မာဆိုသည်တပုဒ်၊ ဟ-သံယုတ်အနေမှန်၊ မသွေလှန်ထင်ရှား။ ။ဗိန္ဒုသံ၊ နိဂ္ဂဟိတ်ကာရန်၌၊ စပ်ဆိုဟန်ထုံးပုံရှိကို၊ ဘုန်းသိလျက်သား။ ။

''ခြောက်ဆူဘုံထွတ်၊ အနတ်နတ်တို့၊ ရှိညွတ်ကျိုးနွံ၊ ဆုံးမခံလျက်၊ အဖြဟ္မာမာ၊ ဆယ့်ခြောက်ရွာသား၊ ရပ်ရာခပင်း၊ တို့ဝပ်ပြင်းသည်၊ သေဋ္ဌနင်းမြတ်စွာ၊ တို့ဆရာကား''

ဟူ၍ပါရမီခန်း၌ စပ်ဆိုသောထုံးပုံရှိသည်ကို သိပါ၏ဟူလို။ ။နိဂ္ဂဟိတ်ကား ရန်နှင့်စပ်သင့်လျှင် ကရိကာရိယဖြစ်၍ ဝဂ္ဂန္တကာရန်စုနှင့်လည်း စပ်သင့်တော့ သည်သာ။

"အကြိုက်အကြိုက်၊ ထိုပြည့်၌လျှင်၊ အခိုက်အတန့်၊ အသန့်အရှင်း၊ ကျင်းပစမြဲ၊ ဘေးလွဲမြဟ္မာ၊ ဗေဒင်လာဟု"

ဟူသောသုတောင်းခန်း၌လည်း မြဟ်နှင့်ဒင်၊ မာနှင့်လာစပ်သည်။

"ဆိုတုံသမှု၊ မြို့ဝတ္ထု၌၊ ဝိသုကမ္မ၊ ဗြဟ္မာစသား၊ သဟ္ဘာပါဏီ၊ သိကြားညီလျက်"

ဟူသည်၌လည်း ကမ်နှင့်မြဟ်၊ မနှင့်စ-စပ်သည်ပင်။

## ဆန်းပထျာဖြန့်နည်း စသည်

၇၀။ အဌသတ္တတိပုစ္ဆာ။ ။ဟောနည်းမှန်၊ တောဒည်းဤဏ်အကုန်ပေပေတဲ့၊ ဂုဏ်ပတွေ့ထုံး။ ။ပထျာ၊ ဖြန့်နည်းတကြိမ်ဖြာတဲ့၊ ပိင်္ဂလာနိသျှည်းကို၊ နည်းပြပ ဘုန်း။ ။

၇၀။ အဌသတ္တတိဝိသဇ္ဇနာ။ ။တောဒည်းဤဏ်၊ ဟောနည်းမှန်သည်နယကိုလ၊မှတ်ယူလိုအာသီသရှာတဲ့၊ ညီလှခင်ကြော့။ ။ပထျာ၊ဖြန့်နည်းသွယ်ဖြာတဲ့၊ ပိင်္ဂလာနိသျှည်းကို၊ သီလောကာဘ္ဘကာစည်းလိုက်မယ်၊ နည်းမှတ်လေတော့။ ။

၁။ နင္ဒမ္ဗဇ္ဈောသု ပါဒေသု၊ သ္ဘာဒ်တော ယောဏ္ဏဝါ သမေ။
သမေ လော သတ္တမော ယဿာ၊ ဝိပုလာ ပိင်္ဂလဿ သာ။
(ယောဏ္ဏဝါသမေကို ယော+အဏ္ဏဝါ+အသမေဟု ပဒစ္ဆေဒပြု။)

၂။ ဆဋ္ဌော ဂဏာဝိကပ္ပေါ ဝိ၊ ပဌ္ဌာရဗ္ဘိဋ္ဌကဿ စ။
နဋ္ဌဿ စ ဂဏာကြိယာ၊ သဗ္ဗာဒ္ဓါနံ ဝသေန ဝါ။ ။

၃။ ဆဋ္ဌော ဝဏ္ဏဝုတ္တိ ဝိ၊ ပဌ္ဌာရဗ္ဘိဋ္ဌနဋ္ဌကာ။
ဂရုကြိယာ ဝုတ္တသဗ္ဗာ၊ ဝုတ္တအဒ္ဓါ နယော တထာ။ ။

၄။ ဂဏာကပ္ပေ ဝိကပ္ပေါ တု၊ မိရော ပိင်္ဂလဂါထိမံ။
လိင်္ဂျာဒိ ပါဒေ အာဒိမှိ၊ ဝိကပ္ပေကဏ္ဍရံ ကရေ။ ။

၅။ ဒုတိယေတျက္ခရံ ဝေါ၊ တတိယေ စတုတ္ထေကကံ။
သေသေ သ္ဘိဒန္တယေနေ ဝ၊ ဝိကပ္ပေ သောဋ္ဌသ ကရေ။ ။

၆။ ဘတော ဟောဋ္ဌာ ဂရ္ဘာဒီဟိ၊ ဂလကာဓေ ကမာ ကရေ။
ဂဏံ ပေက္ခိယ သေသေသု၊ မကာရာဒိ ယထာရဟံ။ ။

၇။ စတုပါဒေသွာ ဒျန္တေသု၊ ဂလကာရေ ဟေတွာ ကရေ။
စတူသု အသနာဒိမှာ၊ ဝိသမေ ယောဇ္ဇဝါ တထာ။
သမေတု တဇဘာ နော စ၊ ဟေတွာ သင်္ချံ နုရူပတော။ ။

(ဂဏဝိကပ္ပဝိဓိ။)

၈။ ပတ္ထာရေ ဂန္တုကာ သင်္ချာ၊ ကော ပဉ္စမကပ္ပိကာ။
တံ တတ္တက္ခရသင်္ချာဟိ၊ ဂုဏော ဒွိဟိယိကာ မတာ။ ။

၉။ တံ ပိ ဒွိ ဆ သင်္ချာဟိ၊ ဂုဏော ကတော စတုတ္ထိကာ။
တံ စတုတ္ထ ဒွိ သင်္ချာယ၊ သင်္ချာ ပဉ္စမိကာ မတာ။ ။

၁၀။ လဒ္ဓါဒိနာ နယေနေ ဝ၊ ဝဇ္ဇေ တွေက ဂဏံ ပရံ။
နယဒက္ခေန ကတ္တဗ္ဗော၊ ယာဝပတ္ထာရိကာ ဂုဏော။ ။

၁၁။ ဉာတုကာမေန ပတ္ထာရ၊ သင်္ချံ ဝါဒိမှိ ဒွိက္ခရေ။
ဒွိ ဆဂ္ဂဏသင်္ချာဟိ၊ ဂုဏေတွာ တံ တတော ပုန။ ။

၁၂။ စတုတ္ထဂဏဒွိသင်္ချာယ၊ ဂုဏေတွာ ပုန တံ တတော။
ပဉ္စမိကာယ သေသေဝံ၊ ဝဇ္ဇေတွေက ဂဏံ ကမာ။
ဉာတဗ္ဗာ နယဒက္ခေန၊ သင်္ချာ ပတ္ထာရနာမိကာ။ ။

(ပတ္ထာရနယော။)

၁၃။ ဥဒ္ဒိဋ္ဌေက သင်္ချံ ဌတွာ၊ ဒွိဟိ သောဓ္ဓသမေ ဂဏာ။
ကတွာ တတ္တယ ဂရုတ္တာ၊ ဟေတွာ ဝဏ္ဏသင်္ချံ ဇဟေ။ ။

၁၄။ တံ သေသံ ပန္တရသမေ၊ ဂုဏေတွာ စတုဂ္ဂုဏောဟိ စ။
ဇဂဏာတွေဝတ္တံ ဟောတွာ၊ သေသဝဏ္ဏံ သင်္ချံ ဇဟေ။ ။

၁၅။ လဒ္ဓါဒိနာ ဝဇ္ဇေတွေက၊ ဂဏံ ယာဝါဒိကပ္ပိကာ။
ဂုဏေတွာ ဂဏသင်္ချာ ဟိ၊ ဟိတွာ သင်္ချံ ယထာရဟံ။
ဟေတွက္ခရတ္တိနော စေ န၊ သေသမေတ္တာဒိ ဥဒ္ဒိဋ္ဌော။ ။

(ဥဒ္ဒိဋ္ဌနယော။)

၁၆။ နဋ္ဌေ တု ပုဋ္ဌိတံ သင်္ချံ၊ ဘိတွာ ဝဇ္ဇေဟိ အာဒိတော။
ဂဧက သေသေ သုညေ စ လော၊ လဂ္ဂေတဗ္ဗော နယညုနာ။ ။

၁၇။ သေသေ သတိ လဒ္ဓံ သေကံ၊ အသဒ္ဓေ ကေဝလံ ပုန။
ဒွိဟိဓေယ ဆဟိတံ ဘိတွာ၊ မာဒေကာဒိသေသေ ကမံ။ ။

၁၈။ လဒ္ဓါဒိနာ နယေနေတံ၊ ဝဇ္ဇေတွေ ကဂဏံ ပရံ၊
ကတ္တဗ္ဗံ နယဒက္ခေန၊ ယာဝ အန္တဝိကပ္ပိကာ။
တတော ဂဏော ဝိပဿိတွာ၊ ဒဿေတဗ္ဗာ အယံ ဌိတိ။ ။

(နဋ္ဌနယော။)

၁၉။ ဂဏကြီယာ ယံ ဂလာနံ၊ ဌာနတ္တာ ဂုဏံ ဌဟိ။
ပတ္တာရံ ဋ္ဌိဟိ တံ ဘုတွာ၊ လဒ္ဓံ ဒိသွာန တေ ဝဒေ။ ။

၂၀။ မာဒိနံ စတု ဌာနတ္တာ၊ ပတ္တာရံ စတုဂုဏိတံ။
တေသဥ္စ ဆပ္ပကာရတ္တာ၊ ဆဟိ ဘုတွာ လဒ္ဓံ ဝဒေ။ ။

၂၁။ ဉာဏ္ဍာဒိနာ နယေနေဝ၊ ဝိစာရေတွာ ဝိစက္ခဏော။
သဗ္ဗံ ကရေယျ ဝိတ္ထာရ၊ ဘာယေနာ ကထိတံ မယာ။ ။

(ဂဏကြီယာနယော။)

၂၂။ ဂဏာသင်္ချာ နယော နာမ၊ ပတ္တာရေန သမော မတော။
အနုလောမ ပဋိလောမ၊ ဝသေနာ ဝိ ဂုဏံ ကရေ။ ။

(ဂဏာသင်္ချာ နယော။)

၂၃။ အဒ္ဓါနယေ ဝဏ္ဏေကေကော၊ ကတောဂုလိ ပမာဏိကော။
တေသင်္ချံ ပျော် ကတွာ၊ ပတ္တာရံ ဒိဂုဏောကုနာ။ ။

၂၄။ ဟောတျဂုလသင်္ချာ တံ တု၊ ဥဒ္ဓိသဟိ ဘောဂံ ကရေ။
လဒ္ဓံ ဝိဒတ္ထိတံ ဋ္ဌိဟိ၊ ဘုတွာ လဒ္ဓံ တု ရတနံ။
ဉာဏ္ဍာဒိနာ နယေနေဝ၊ ကရေ တံ ယာဝယောဇနာ။ ။

(ဂဏာအဒ္ဓါနယော။)

၂၅။ ဝဏ္ဏာ ဝုတ္တိ နိယောနာမ၊ ဝုတ္တော ဝုတ္တောဒယေ ဝိ စ။
ယသ္မာ ယသ္မာ ဝိဇာနေယျ၊ တတ္ထ ဝုတ္တနယေန တံ တိ။ ။

၇၀။ တနည်းအမြေ။ ။သုတ်ဟောကျယ်၊ ဝုတ္တောဒယ် အကုန်ဖြစ်ပါတဲ့မဟာဇ်သူဌေး။ ။တပါးပန်၊ အပြားကုန်မချန်ပ၊ များမှတ်ရန်ကဗျာသစ်လိုက်မယ်၊နည်းဆယ့်ရှစ်ထွေး။ ။

(၁) အတ္တနယဆပ္ပစ္စယနည်း၌–

၁။ အလုံးစုံဂေါ၊ ရှေ့ဂေါအောက်လ၊ ယင်းရှေ့ဂ၊ ပရထက်တူစွာ။ ။ ထက်ဆုံးကော်ကို၊ဂရဆို၊အောက်ကိုလချည်းသာ။ ။တနည်းလည်း။ ။ ကွက်ပဌမ၊ လှည့်စီချ၍၊ကေထိုကို၊မြောက်ဆိုယင်းကွက်၊ထွက်ဒုတိယ၊ စေ့အောင်ချ၊ ပရဤနည်းလာ။ ။နောက်ဆုံးဌာန၊ ကျယ်သမျှ၊ ရှေးရှေးဌာနကျယ်သည်သာ။ (ပတ္တာရနည်း။)

၂။ မေးနက်ကိုရေး၊ ညွှေသည်ဧကို၊ မြှောက်ရေးနောက်ဆုတ်၊နှုတ်လေ ကိုယ့်အောက်၊ ဆုံးစွန်ရောက်၊ ညွှန်းထောက်ဥဒ္ဒိဋ္ဌာ။ (ဥဒ္ဒိဋ္ဌနည်း။)

၃။ မေးသင်္ချာထား၊ နက်စဉ်းစား၍၊ ကြွင်းပြားကမ၊ လုံးစဉ်ချ၊ နင္ဃ ထွက်ပေါ်လာ။ ။သေသကြွင်းမယ်၊လုံးစုံပယ်၊လဒ်ဝယ်တခုလာ။ ။ မစားလောက်လျှင်း၊ အဲသည်သင်း၊အကြွင်းမှတ်လေပါ။ (နင္ဃနည်း။)

၄။ ပတ္တာရတည်၊ စားသည်သကတ္တ၊ သီးသီးရ၊ အတ္တကိရိယာ။ ။တူမှု နက်ကွက်၊ကွက်ရေတွက်၊မြှောက်လျက်စားလေပါ။ ။သင်္ချာပတ်ကုံး၊ ရောပေါင်းရုံး၊ အားလုံးနက်သင်္ချာ။ ။၎င်းကိုကား၊ နက်တွက်စား၊ လဒ်ကားပတ္တာရာ။ ။ထွက်မှုမှန်သည်၊ မထွက်လျှင်ပြန်၍တွက်။ (အတ္တနယကြိယာနည်း။)

၅။ ရှေးရှေးကိုနောက်၊ ဆင့်၍မြှောက်၊ ဆုံးရောက်ရသင်္ချာ။ ။ (အတ္တနယသင်္ချာနည်း။)

၆။ ပတ္တာရာရေး၊ ခွဲးမြှောက်-ဇက်ရှုပ်၊ ထွာကုပ်တောင်တာ၊ ဥဂါယောဇနာ၊ စားး၍ရ၊လဒ္ဓနည်းအဒ္ဓါ။ ။ခုနစ်တောင်တတာ၊ဝီသာဥသဘ၊ ဂါဝုတရှစ်ဆယ်၊လေးသွယ်ယောဇနာ၊သင်္ချာပြ၊အဒ္ဓတွက်ဘွယ်ရာ။ ။

သတ္တဟတ္ထော မတော ဒဏ္ဍော၊ဝီသဒဏ္ဍော စ ဥသဘော။
အသီတိဥသဘော ဂါဝီ၊ စတုဂါဝီ စ ယောဇနံ။ ။

(အတ္တနယအဒ္ဓါနည်း။)

(၂) ဂဏာဝိကပ္ပဆပ္ပစ္စယနည်း၌–

၁။ စလုံးစုံဂေါ။ပ၊ ရှေးရှေး၌ာနကျယ်သည်သာ။ (ပတ္တာရနည်း။)

၂။ မေးဂိုဏ်းကိုရေး။ပ။ညွှန်းထောက်ဥဒ္ဒိဋ္ဌာ။ (ဥဒ္ဒိဋ္ဌနည်း။)

၃။ မေးသင်္ချာထား၊ဂိုဏ်းစဉ်စား၍၊လ။အကြွင်းမှတ်လေပါ၊(နင္ဃနည်း။)

၄။ ပတ္တာရတည်၊ စားသည်သဂဏ၊ သီးသီးရ၊ ဂဏကိရိယာ။ ။တူမှု ဂိုဏ်းကွက်။လ။ အားလုံးဂိုဏ်းသင်္ချာ။ ။၎င်းကိုကား၊ ဂိုဏ်းကွက် စား၊လဒ်ကားပတ္တာရာ။ (ထွက်မှုမှန်သည်၊မထွက်မူ ပြန်၍တွက် လေ။ ။ဂဏကြိယာနည်း။)

၅။ ရှေးရှေး။လ။ရသင်္ချာ။ (ဂဏသင်္ချာနည်း။)

၆။ ပတ္တာရာရေး။လ။အဒ္ဓတွက်ဘွယ်ရာ။ ။ပေယျာလဟူ၊ထက်နည်းတူ၊ မှတ်ယူမခဲပါ၊ ဟပ်ယူစဉ်တိုင်းသာ၊ (ဂဏအဒ္ဓါနည်း။)

(၃) ဝဏ္ဏဝုတ္တိဆပ္ပစ္စယနည်း၌–

၁။ စလုံးစုံဂေါ။ လ။ ထက်တူစွာ။ ။၂-ကိုဂရု၊ ၁-လဟု၊ မှတ်ရှုမြဲ သေချာ။ ။တနည်းလည်း။ ။ကွက်ပဌမ။ လ။ ကျယ်သည်သာ။ (ပတ္တာရနည်း။)

၂။ မေးဝဏ္ဏာရေး။ လ။ ညွှန်းထောက်ဥဒ္ဒိဋ္ဌာ။ ။တနည်းလည်း။ ။ ကော်မှစ၍၊ ဝဂ္ဂဆုံးရောက်၊ နှစ်ဆမြှောက်၍၊ လအောက်ရိုးစု၊ ကော် တခုနှင့်၊ ရောယုပေါင်းက၊ ဤသည်ပ၊ ညွှန်ပြဥဒ္ဒိဋ္ဌာ။ (ဥဒ္ဒိဋ္ဌနည်း။)

၃။ မေးသင်္ချာထား၊ နှစ်ခုစား၍၊ သုဉ်းကြွင်းလဟု၊ ဂရုသေသ၊ စေ့အောင်ချ၊ နဋ္ဌထွက်ပေါ်လာ။ ။သေသကြွင်းမယ်။ လ။ အကြွင်းမှတ်လေပါ။ (နဋ္ဌနည်း။)

၄။ ဝဂ္ဂက္ခရ၊ သမသင်္ချာ၊ သေကာရေးချ၊ အောက်ကရောလျက်၊ ပြန်ပြန် တက်၍၊ ထက်ကလည်းယုတ်၊ အနုက္ကမ၊ သဗ္ဗဂရု၊ ကော်ဂရုနှင့်၊ ဒွိဂရုစ၊ ပေယျာလခု၊ အဂရု၊ ဂရုကိရိယာ။ (ဂရုကြိယာနည်း။)

၅။ ရှေးရှေးကို။ လ။ ရသင်္ချာ။ ။တနည်းလည်း။ ။ဂရုကြိယာ်သန္ဒေ့ာဟ၊ ရောကနည်းသင်္ချာ။ ။တနည်းလည်း။ ။နည်းဥဒ္ဒိဋ္ဌ၊ ရသမျှ၊ ပေါင်းက ဤသင်္ချာ။ (ဝုတ္တသင်္ချာနည်း။)

၆။ ပဏ္ဏာရာရေး။ လ။ အဒ္ဓတွက်ဘွယ်ရာ။ ။ပေယျာလဟု။ လ။ ဟပ်ယူစဉ် တိုင်းသာ။ (ဂရုအဒ္ဓါနည်း)။

တပြားတန် တောင်းပန်လာလျှင် ရာတန်, ထောင်တန် ထုတ်၍ ပေးသော မဟာဥ္စာသယသူဌေးကဲ့သို့ ပိင်္ဂလပိပုလာဂါထာ၌ ပဏ္ဏာရတနည်းကိုသာ မေး သော်လည်း အများမှတ်သားရန် ဆန်းမျိုးဂါထာစုံနည်းကုန်နှံ့မျှ ဆပ္ပံစွယနည်း တဆယ့်ရှစ်နည်းတို့ကို ကဗျာဖွဲ့ကုံးဖြေဆိုလိုက်သည်။

---

## သီဟ, သီဃံစသောပုဒ်တို့အဆုံးအဖြတ်

၇၉။ ကျေနာသီတိပုစ္ဆာ။ ။သီဟတဲ့.သီယံ။ ။ဗိန္ဒုပါမပါနှင့်၊ ဘုဇဂါဘုဝါဒိ၊ သိရိပူရံ။ ။သူရိယာ သုရာပုဒ်ကယ်တို့၊ အာဒိဝုစ်ဆံ မဆံ၊ သဗ္ဗံနှင့်သပ္ပေါ၊ ။မာနနှင့်မာနဝါ၊မိဋ္ဌမဋ္ဌာက၊မြွေဆဗျာပထဗျံ နှင့်၊ အာနံပါနံများ၊ ခြားပါ၏လော။ ။

၇၉။ ကျေနာသီတိဝိသဇ္ဇနာ။ ။သီဟနှင့်သီဃံ။ ။ဗိန္ဒုမြပါဟု၊ သူရိယာဘုဝါဒိငယ်တို့၊ စဉ့်ဒွိရောက်သည်မှန်၊ မြဲမှတ်ကေန်။ ။ပုရဘုဇ ဂါနှင့်၊ ပုဒ်သုရာ သိရိပုဒ်ကယ်တို့၊ အာဒိဝုစ်မဆက်ဆံ၊ သဗ္ဗံနှင့် သပ္ပေါ။ ။မာနနှင့်မာဏဝါ၊မိဋ္ဌမဋ္ဌာက၊ အာနာပါဏံများ၊ ခြားပါ သကော။ ။

၁။ သီဟသဒ္ဒါ၌ဟကာရနှင့်ပစ္စည်းအရာ''သသာရီဟော''ဟုသောသုတ်— သသတိ ဟိံသတီတိ သီဟော။ ကေသရီ။

ဟူသောဥဒါဟြုဏ်ကို မှော်ဂ္ဂလာန်ဆရာမိန့်သောကြောင့်၎င်း။

မိဂေ ဟန္တ္ဝာ သံဝိဇ္ဇမာနာ ဤဟာ အသိုးတိ ဝါ သီဟော။ သဟ-
တီတိ ဝါ သီဟော။

ဟု အဘိဓာန်ဋီကာဆရာမိန့်သောကြောင့်ငှင်း။

သဗ္ဗိရိယာ ပထေသု ဒဋ္ဌဝိရိယတ္တာ သုဋ္ဌု ဤဟတီတိ သီဟော။

ဟု သဒ္ဒနီတိမိန့်သောကြောင့်ငှင်း၊ ''ဟိံသတီတိ သီဟော''ဟူသောဝဏ္ဏဝိ-ပရိယာယဝစနတ္ထကို သာသနာတော်ကျမ်းလောကီကျမ်းဆရာတို့ ဆိုလင့်ကစား နိဂ္ဂဟိတ်မဲ့ဟူ၍သာ မှတ်သင့်သည်၊ လောကီကျမ်း၌ကား နိဂ္ဂဟိတ်နှင့်တကွ ရှိသည်၊ သဘာဝနိရုတ္တိမဟုတ်ရကား သဘာဝနိရုတ္တိစင်ဖြစ်သော နိဂ္ဂဟိတ်မဲ့ သီဟသဒ္ဒါကိုသိစေလိုသောကြောင့် သာသနာကျမ်းဆရာတို့ ယခင်ဝစနတ္ထကို ပြဆိုကြသည်။

၂။ သီဃသဒ္ဒါ၌လည်း သိ-သယေ၊ ဇွေ ဘာဝေ ဝါ သေတိ လဟုံ ဟုတွာ ပဝတ္တတီတိ သီဃံ၊ အာသု-ဟု မောဂ္ဂလာန် မိန့်သောကြောင့်ငှင်း၊ သယတီတိသီဃံ၊သိ-သယေ၊ဃပစ္စယော-ဟု အဘိဓာန်ဋီကာ မိန့်ဆိုသောကြောင့်ငှင်း၊ ပုဒ်ပါ၌ အက္ခရာကို ကောင်းစွာသုတ်သင်၍ သန့်စင်လှစွာ သီဟိုဠ်အက္ခရာဖြင့် သေချာပြုပြင် စက်တင်ပုံနှိပ်အပ်သော သီဟဠက္ခရ မာဂဓအဘိဓာန်၌ နိဂ္ဂဟိတ်မဲ့သီဃသဒ္ဒါရှိသောကြောင့်ငှင်း၊ ထို့အတူ ဘင်္ဂလီနာဂရီအက္ခရာ တို့ဖြင့် သေချာစွာပုံနှိပ်အပ်သော သဒ္ဒတ္ထောမမဟာနိဓိအဘိဓာန်, သဒ္ဒကပ္ပ-ဒုမအဘိဓာန်, သဒ္ဒတ္ထပကာသိကာ အဘိဓာန်ကျမ်းကြီးတို့၌ နိဂ္ဂဟိတ်မဲ့သီဃ သဒ္ဒါသာရှိသောကြောင့်ငှင်း နိဂ္ဂဟိတ်မဲ့ဟူ၍သာ မှတ်သင့်သည်။

၃။ သူရိယာဟူသောပုဒ်၌ ငှင်းသီဟိုဠ်အက္ခရာရေး အဘိဓာန်ဝယ် ဒီဃာဒိ ရှိသောကြောင့်ငှင်း၊လောကာနံသူရဘာဝံဇနေတီတိသူရိယော ဟု အဘိဓာန် ဋီကာမိန့်သောကြောင့်ငှင်း၊ အာဒိဒီဃပုံလိင် သူရိယသဒ္ဒါသည် နေ့,မရိုးပင် ဒါနော်ဘီလူးဟူသောအနက်ကို ဟောသည်ဟု ယခင်လောကီ အဘိဓာန် သုံး ကျမ်း မိန့်သောကြောင့်ငှင်း အာဒိဒီဃဟူ၍မှတ်၊ (ဘူဝါဒိပုဒ်ကား ထင်ရှား လှ၏။)

၄။ ပုရဟူသောပုဒ်၌ကား ပု-ပူရဏေ၊ ပုရ-ပါလနေတိ စ ပုဏာတိ ပုရတိ စ ရက္ခတိ ပရစက္ကာ ဒုဂ္ဂတာယာတိ ပုရံ၊ ရော၊ အ၊ ပုရအဂ္ဂဂမနေတိဝိဓာ-တွတ္တော၊ ဟု အဘိဓာန်ဋီကာမိန့်၏၊ မသိသာလွန်း၊ သီဟိုဠ်အက္ခရာရေး အဘိ ဓာန်၌ ''ပုရံနဂရမိတ္ထိဝါ''ဟု ရဿရှိသောကြောင့်ငှင်း၊ ''ယံတံမူလပုရာပုရံ'' ဟု ဇဂိုဏ်းအရာ၌ထားသောကြောင့်ငှင်း၊ ယခင်လောကီ အဘိဓာန်ကျမ်းတို့၌ နပုံလိင်ရဿအဖြစ်ကို ဆိုသောကြောင့်ငှင်း ပုရဟုအာဒိရဿကိုမှတ်။

၅။ ဘုဇဂဟူသောပုဒ်၌လည်း ကစ္စည်းကျမ်း, အဘိဓာန်ဋီကာ ကျမ်းတို့၌ ဒီဃရဿကိုဝိသေသမဆုံးဖြတ်၊ဝစနတ္ထပြုကာမျှသာဖြစ်သည်၊ မြန်မာတို့ အရေး

အသားဝယ် ဇူဉသရတို့သည် မျဉ်းနှင့်ယှဉ်သောအခါ ဒီဃရဿ အထွေး အရှက်အပျက်အစီး အလွန်များသည်၊ အမှန်အကန်ကိုလည်း အလွန်အသိခက်သည်၊ သီဟိုဠ်အရေးအသား၌ တချောင်းငင် နှစ်ချောင်းငင် အရေးထူးသောကြောင့် သိသာသည်၊ ဘင်္ဂလီနာဂရီအရေးအသားတို့၌ကား ဇူဉနှစ်ပါးတို့၌ပင် ဒီဃရဿအရေးအသား အလွန်ကွဲသောကြောင့် အရေအရှက် အပျက်အစီး မရှိအလွန်သိသာသည်၊ အထူးအားဖြင့်ကား ပုဒ်ပါဌ်အက္ခရာ ဒီဃရဿစသည်တို့ကို သုတ်သင်ရှင်းလင်း တိုက်ဆိုင်တည်းဖြတ်ပြီးမှ စက်တင်ပုံနှိပ်အပ်သည်ဖြစ်၍ ယုံမှားမဲ့သံသယကင်းသင့်သောအရာချည်းဖြစ်သည်၊ ဒီဃရဿအရာ၌လည်း ပါဠိတော်နှင့်လျော်သည်ချည်းသာများသည်၊ ထို့ကြောင့် ဘုဇဂဟူသောပုဒ်၌ ရှင်းကျွမ်းတို့က ရဿချည်း ဆိုဆုံးဖြတ်ကြသောကြောင့် ရဿဟူ၍ မှတ်သင့်သည်။

၆။ သုရပုဒ်၌ကား သေရည်ကိုင်း, သေသောက်ခွက်ကိုင်း ဟောသောသဒ္ဒါဖြစ်အံ့၊ "သုရာ"ဟု ဉရဿနှင့်ဇူတ္တိလိင်၊ သုရာတတ်ကပစ္စည်း၊ တနည်း–သုဓာတ်၊ ရက်ပစ္စည်း။ နတ်ကိုင်း, နေကိုင်း, ပညာရှိကိုင်း ဟောသည်ဖြစ်အံ့၊ သုရဟုဉရဿနှင့်ပုံလိင်၊ သုရှေးရှိသောရာဓာတ်၊ ကပစ္စည်းဟု သဒ္ဒတ္ထောမမဟာနိမိ,သဒ္ဒတ္ထပကာသိကာတို့၌ဆို၏၊ အမရကောသအဘိဓာန်, မာဂဓအဘိဓာန်တို့၌ကား–ဉရဿနှင့်ပုံလိင်၊ သုရသဒ္ဒါနတ်ဟောတနက်သာလာ၏၊ သဒ္ဒကပ္ပဒုမအဘိဓာန်၌လည်း နေဟော,ပညာရှိဟောဆိုသည်ကို ကေစိထိုး၏။

၇။ ဦဒီဃပုံလိင်၊ သူရသဒ္ဒါကား–နေ,မရိုးပင်,ပညာရှိဟောဟု သဒ္ဒကပ္ပဒုမအဘိဓာန်ဆို၏၊ မာဂဓအဘိဓာန်၌လည်း "သူရောဝီရေရဝိသူရေ" ဟု လာ၏၊ သဒ္ဒတ္ထောမ၌လည်း ဦဒီဃပုံလိင်၊ သူရသဒ္ဒါ-နေ, မရိုးပင်ဟောဖြစ်အံ့၊ သူဓာတ်၊ ကြန်ပစ္စည်း၊ ပညာရှိဟောဖြစ်အံ့၊ သူရဓာတ်ကပစ္စည်းဟူ၏။

၈။ သိရီပုဒ်၌ကား–သီဟိုဠ်အဘိဓာန်ဝယ် အာဒိရဿအန္တဒီဃ ရှိသောကြောင့်၎င်း၊ ကာဘပုညေဟိ သေဝိယတေ တေ ဝါ သေဝတီတိ သိရီ၊ ရော၊ ဤစ-ဟု အဘိဓာန်ဋီကာမိန့်သောကြောင့်၎င်း။

တဿ ပါဒေ နမဿိတွာ၊ သဒ္ဓမ္မဒ္ဓဿ် သိရီမတော။

ဟု ဇဂိုဏ်းအရာ၌အဋ္ဌကထာထားသောကြောင့်၎င်း အာဒိရဿ်,အန္တဒီဃဟု မှတ်၊ လောကီကျမ်းတို့၌ကား–သြီဟုပေါင်းလျက်ရှိ၏။

၉။ သဗ္ဗိနှင့် သပ္ပေါ်ဟူရာ၌ သကလတ္ထဝါစက သဗ္ဗသဒ္ဒါကား ဩဋ္ဌဇတတိယက္ခရာ၊လိင်သုံးပါး သဗ္ဗနာမ်, နာမနာမ်နှစ်ပါးသင့်၊ဗပစ္စည်း အရာ "ဂရသရာဒီဟိ ဗော" ဟူသော မောဂ္ဂလာန်သုတ်၌ သရတိ ပဝတ္တတီ တိ သဗ္ဗော၊ သကလောဟုမိန့်၏၊ အဘိဓာန်ဋီကာ၌လည်း "သရတီတိသဗ္ဗံ၊ ဝေါ၊ ရဿစဝေါ"ဟု မိန့်၏၊ သီဟိုဠ်ဘင်္ဂလီနာဂရီတို့၌လည်း တတိယက္ခရာနှင့်လာ၏။

၁၀။ မြေ့ဟော သပ္ပသဒ္ဒါ၌ကား–ဩဋ္ဌဇပဥ္စမက္ခရာဟုမှတ်၊ “သပ္ပိ-ဂတိမှိ၊ သပ္ပတိ၊ ပရိသပ္ပတိ၊သံသပ္ပန္တော ဂစ္ဆတီတိ သပ္ပေါ၊ အဟိ၊ (သဒ္ဒနီတိ)၊သီဟိုဠ် ဘင်္ဂလိနာဂရီအဘိဓာန်တို့၌လည်း ပဥ္စမက္ခရာနှင့် ဆိုဆုံးဖြတ်ကြကုန်၏။

၁၁။ မာနသဒ္ဒါ၌ ဒန္တဇနအက္ခရာ၊မာဏဝသဒ္ဒါ၌ မုဒ္ဓဇဒန္တဇနှစ်ချက်သင့်။

မနနေ၀ အပၸတ္တံ မာနဝေါ၊ နကာရဿ ပန ဏကာရေ ကတေ မာ-ဏဝေါ။ပ။ ဓမ္မပေတ္တဝဒန္တိ၊ ဒန္တဇနကာရသဟိတော မာနဝသဒ္ဒေါ သဗ္ဗ သာဓာရဏဝစနော၊မုဒ္ဓဇဏကာရ သဟိတော ပန မာဏဝသဒ္ဒေါ ကုစ္ဆိတမုဠှာပစ္စဝစနောတိ။ (သီလက္ခန်ဋီကာသစ်။)

မနုနော အပစ္စံ မာနဝေါ၊ မာဏဝေါပိုတြ၊ ဏဝေါ၊ (အဘိဓာန်ဋီကာ။)

ဘင်္ဂလိနာဂရီအဘိဓာန်သုံးကျမ်းတို့၌လည်း ဒန္တဇ,မုဒ္ဓဇနှစ်ချက်ဆို၏။

၁၂။ ပုစ္ဆာ၌ မိဠ္ဍမဠ္ဍာကဟုပဥ္စမက္ခရာနှင့်ချည်း အမေးပါ၏၊ ထိုထိုပါဠိအဋ္ဌကထာတို့၌လည်း ပဥ္စမက္ခရာနှင့်အရှိများ၏၊ သို့သော်လည်း ခြင်ဆိ အနှစ်အဆန်ဟောမိဠ္ဍသဒ္ဒါ၌ တတိယက္ခရာဇနှင့် မှတ်ရမည်၊သီဟိုဠ်အက္ခရာပုံနှိပ်အဘိဓာန်၌ မိဠ္ဍဟုတတိယက္ခရာ ရှိသောကြောင့်ငှင်း၊ “မိဒိ- သ္နေဟေ” ဟူသော ဓာတွတ္ထကို ဘင်္ဂလိနာဂရီအဘိဓာန်တို့၌ မိန်အဝ်သည်နှင့်အညီ ဍကာရန္တဓာတ်အရာနိဂ္ဂဟိတ် လာမြဲ လာ၍ ဒအက္ခရာကို ဇပြု၍ ပြီးသော ပုဒ်ဖြစ်သောကြောင့်ငှင်းတည်း။

သုတ်မဟာဝါမဟာနိဒါနသုတ် အဋ္ဌကထာ၌လည်း“သိနေရုံ ဘိန္ဒိတွာ မိဠ္ဍိ နိဟာရိတုံ ဝါယာမမာနော ဝိယ”ဟု တတိယက္ခရာဇနှင့်ပင် ရှိသည်၊ လောကီကျမ်းတို့၌ကား ခြင်ဆိဟော မဏ္ဍန်သဒ္ဒါဟု ဍအက္ခရာမဲ့ ဏ္ဍဒွေးဘော်နှင့် ဗျဉ္ဇနန္တသဒ္ဒါလာ၏၊ ဤသို့လောကီလမ်းလာသည်ကိုစွဲ၍လည်း ယောမြို့စား အတွင်းဝန်ဟောင်းက ရိုးတွင်း ခြင်ဆိ ဟောကို အဋ္ဌ မဏ္ဍလိုသည်ဟု ဆို၏၊လောကီကျမ်း, သာသနာတော်ကျမ်း တို့သည် အချင်းခပ်သိမ်း အလုံးစုံမတူနိုင်ကြ၊ သို့ဖြစ်၍ ဆိုခဲ့သော အဆုံးအဖြတ်အတိုင်းသာ မှတ်သင့်သည်။

၁၃။ မဏ္ဍသဒ္ဒါ၌ ပဥ္စမက္ခရာတည်း။

မစိ-ဓာရဏကုစ္ဆာယ ပူဇနေသု၊ ဥစ္ဆာ၊ ယော၊ မလဟာရဏံ မဍ္ဍတိ မဍ္ဍော။ (သဒ္ဒနီတိ။)

မစိ-ဓာရဏော ာသ ယသံ ပူဇနေသု၊ ဘူဝါဒိ၊ အ။ (အဘိဓာန်ဋီကာ။)

မစိ-ဥစ္စတာ ကရဏော ဓာရဏော ပူဇာယဉ္စ။ သကံ၊ ဒိပ္တေါ၊ အကံ၊ ဘွာ အာသ။ (သဒ္ဒတ္ထောမမဟာနိဓိကျမ်း။)

မစိ–ဥစ္စာရဓာရဏစ္စာဘာသု၊ဥစ္ဆာ၊ယော၊ ဥစ္စိဘာဝေါ။ (သဒ္ဒကပ္ပဒုမကျမ်း။)

၁၄။ အမေးပုစ္ဆာ၌ "မိဋ္ဌမဋ္ဌာက၊ မြွေဆပျာပထမျ˚နှင့်၊ အာနံပါနံများ ခြားပါ၏လော"ဟုမေး၏၊ အဖြေ၌ "မိဋ္ဌမဋ္ဌာက၊ အာနာပါဏံများ၊ ခြားပါ သကော"ဟု ဖြေရာလက်ာ၌ မြွေဆဗျာ ပထမျ˚ ဟူသောပုဒ်မပါ၊ ဤသို့ မပါ ခြင်းသည်၊ ခြားပါသကောဟူသောစကားကြောင့် ပါရှိသေသနည်းအားဖြင့်ရင်း၊ နှစ်ပုဒ်တို့၏မကွဲမခြား တတိယက္ခရာချင်းတူသော အဖြစ်ကို သိစေလိုသော ကြောင့် ၎င်းချန်၍ အချင်းခပ်သိမ်းမတူကွဲပြားထူးခြားသောပုဒ်တို့ကိုသာ ထုတ် လိုက်သည်။

ဤဟူ၌ ပုကနိပါတ်ခန္ဓဇာတ်၌ရင်း၊ စတုကအဂ်ုတ္တိုရ်အဟိရဇာသုတ်၌ရင်း၊ ဗုဒ္ဓဝံခန္ဓာပါဠိတော်၌ရင်း၊ ပရိတ်ကြီးပါဠိ၌ရင်း "ဆဗျာပုဇ္ဇေဟိမေ"ဟူ၍ တတိယဗအက္ခရာနှင့်ချည်း ရှိကြသည်၊ အဋ္ဌကထာဋီကာတို့၌ ပုဒ်ကိုသုတ်သင်၍ အထူးမဘွင့်မဆိုကြ၊ ထို့ကြောင့် ပါဠိတော်ရှိတိုင်းမှတ်သင့်သည်ဖြစ်၍ ပထမျ˚ ဟူသောပုဒ်နှင့် တတိယဗအက္ခရာချင်းတူသည်ဟူ၍ မှတ်သင့်သည်။

၁၅။ အာနံပါနံဟူသောပုဒ်တို့၌ကား ထိုထိုပေတို့၌ အထူးထူးအပြားပြား အားဖြင့် ဒန္တဇ နနှင့် အာနံဟူ၍ရင်း, မုဒ္ဓဇ ဏနှင့် အာဏံဟူ၍ရင်း၊ ထို့အတူ အပါဏံဟူ၍ရင်း၊ အပါနံဟူ၍ရင်းရှိကြ၏၊ သီဟိုဠ်အက္ခရာပုံနှိပ်အဘိဓာန်၌—

အထော အပါနံ ပဿာသော၊အဿာသော အာနမုစ္စတေ။

ဟု ရှိ၏၊ ဋီကာ၌ကား—

ဒွယမ္ပေတံ့ ပဝိသနကဝါတေ၊ အာနံ ဝုစ္စတိ ဗဟိ နိက္ခမနဝါတော၊ တတော အပဂတမပါနံ၊ အဿသတော အပဂတော ပဿာသော။ ဒွယံ ဗဟိနိက္ခမနဝါတေ၊ အာဒိမှိပဝတ္တော သာသော အဿာသော။ အာနန္တိပါဏန္တိ၂ နေနေတျာနံ၊ အာဒိမှိ ပဝတ္တံ အာနံ အာနံ၊ ကေဿာ ကာရဿ လောပေါ။

ဟု မိန့်ဆို၏။

အန-ပါဏနေ၊ပါဏာနံ သသနံ ဒ၀နတိ အာနံ၊ ပါနံ၊တတ္ထ အာနန္တိ အဿာသော၊ ပါနန္တိ ပဿာသော၊ တေသု အဿာသောတိ ဗဟိ နိက္ခမန ဝါတော၊ ပဿာသောတိ အန္တောပဝိသနဝါတောတိ ဝိနယဋ္ဌကထာယံ ဝုတ္တံ။သုတ္တန္တအဋ္ဌကထာသု ပန ဥပ္ပဋိပါဋိယာ အာဂတံ။ (သဒ္ဒနီတိ။)

အဏ-ဇီဝနေ၊ ဒိဝါ˚၊ အတ္ထ၊ နေ့၊အဏ်၊ သေဠ်၊ အဏျတေ။ ။အန-ဇီဝနေ၊ဒိဝါ၊အာတ္ထ၊ အဏ်၊ သေဠ်၊ အနျတေ။ (သဒ္ဒတ္တောမဟာနိဓိ ဓာတ်ပြ။)

အာနု၊ ပုံ၊ အာနိတျာနေနု၊ အာနန၊ ကရဏောကွိပ်၊ အန္တုးသွိတသျ
ပြာဏာဝါယေားနာသိကာယောဇ္ဇာသေ။ (ငုင်းကျမ်းနာမ်ပုဒ်ပြ။)

ဤ၌အာနုဖြင့်ပုဒ်ကို, ပုံဖြင့်လိင်ကို, အာနိတျာနေနုဖြင့် ဝစနတ္တကို, အာဖြင့် ရှေးရှိပုဒ်ကို, အနဖြင့်ဓာတ်ကို, ကရဏောကွိပ်ဖြင့် ဝိသယနှင့်တ... ပစ္စည်းကို, အန္တုးစသောပါဌ်ဖြင့် အနက်ကိုပြသည်။

အန္တုး၊ အတွင်း၌။သွိတသျံ၊ တည်သော။ပြာဏာဝါယေား၊ထွက်သက်လေ၏။ နာသိကာယ၊ နှာသီးဖျားဖြင့်။ ဥဇ္ဇာသေ၊ ထွက်သက်ရှုခြင်း၌။ (ဤကားနောက်ဝါကျ၏အနက်။)

ပြာဏ၊ ပုံ၊ ပြ၊ အနု၊ ဆည်၊ ဟြဒယသ္ထေနာသာဂြဝ်ထွိနိဝါယော်၊ (ငုင်းကျမ်း။)

ဟြဒယသ္ထေ၊ ရင်၌တည်သော။ နာသာဂြဝ်ထွိနိ၊ နှာသီးဖျားမှစ၍ ဖြစ်သော၊ ဝါယော်၊ ဝင်သက်လေ၌။ (ဤကားအနက်၊ အကြွင်းကို ရှေးနည်းဖြင့်သိ၊)

သဒ္ဒကပ္ပဒုမကျမ်း၌လည်း ငုင်းနည်းလာ၏၊ ဤသို့လာသော သာသနာတော် ကျမ်း, လောကီကျမ်းနှစ်ရပ်ကို စပ်ဟပ်နှိုးနှော၍ အာနယဒ္ဒါ၌ ဒန္တဇနအက္ခရာသာ၊ ပါနသဒ္ဒါ၌ ဒန္တဇမုဒ္ဓဇနှစ်ချက်သင့်ဟုမှတ်ရမည်။

---

## ပင့်ရစ်ခွဲထားသတ်ပုံ

၁၀။ အသီတိပုစ္ဆာ။ ။မကျေ...အကြေ။ ။ကျူးအိမ်ရာကာမကြူး၊ လူးတဲ့ဖြစ်ထွေ။ ။မြည်သံသာ ယေင်ကျူးငယ်က၊ ရိုက်ကြူးတို့ အမှုနေ၊ ဥပဒေဝေခွဲ။ ။မြန်မာ...၊ ဘယ်နည်း ဘယ်ဟန်ကူလို့၊ အသံတူရစ်ပင့်ခြားပါလိမ့်၊ ကွဲပြားဟန် မှတ်မတွေးရအောင်၊ ခွဲထား ဉာဏ်နတ်ကလေးပေမို့၊မေးလိုက်သဘဲ။ ။

၁၀။ အသီတိဝိသဇ္ဇနာ။ ။မကျေတဲ့အကြေ၊ ။ကျူးအိမ်ရာကာမကြူး၊ထူးတဲ့ဖြစ်ထွေ။ ။မြည်သာသံယေင်ကျူးငယ်က၊ ရိုက်ကြူးတို့အမှုနေ၊ ဥပဒေဝေခွဲ။ ။ရှေးမြန်မာ၊ ပညတ်ကယ် ဝေါဟာ၌၊ သင်္ကေတာအမှတ်အားသာဖြင့်၊နောက်သားနောင်လာလူတို့၊ အသံတူ ရစ်ပင့်ခြားလို့၊ ခွဲထားဉာဏ်မှန်မမှားရအောင်၊ ကွဲပြားဟန်စည်းနှယ် သားတယ်၊ ထားကြသည်နဲ့။ ။

ဤပင့်နည်းရစ်နည်းမှာ ရှေးသူတော်ကောင်းတို့ ခေါ်ဝေါ်ပညတ်ရေးသား အပ်သော အခေါ်အဝေါ်အရေးအသား၌သာလျှင် နောက်နောက်သော သူတို့

သည် အမှတ်သင်္ကေတအားဖြင့် အသံတူအရစ်အပင့်ခြား၍ ခွဲထားစပ်ဆိုကြသည်၊ မည်သို့သော အကြောင်းကြောင့် ဘယ်ဝေါဟာရကို ရစ်ရသည်၊ ဘယ်ဝေါဟာရကိုပင့်ရသည်ဟူ၍ အကြောင်းထူးဝိသေသမရှိ၊ရှေးသူဟောင်းတို့ အရေးအသားဝေါဟာရနှင့် မဆန့်ကျင်အောင် ထိုသူတို့၏ နည်းကိုလိုက်၍ ရေးသားခြင်းမျှသာဖြစ်သည်၊ ထိုရှေးသူဟောင်းတို့လည်း တဦးနှင့်တဦး အဆို မညီကွဲပြားကြသည့်အရာလည်း အများပင်ဖြစ်သည်။

ကြက်သွန်နီဖြူ၊ ကြွက်ကြွက်ဆူလှိုက်၊ ကြွက်ကြွက်ရိုက်ခါ။ (ကဗျာသာရတ္ထ။)

စီစီကျွက်ကျွက်၊ အုတ်ကျက်ကျက်လျှင်၊ ကြွက်နှင့်ကြောင်ဘား။ (ရွှေနားတော်သွင်း။)

သစ်ကျုတ်ကိုဝဏ္ဏဗောဓနေသတ်အင်း၌ အပင့်ပြ၏။

သဒ္ဒါကြုတ်နှင့်၊ သစ်ကြုတ် ကြုတ်ပင်၊ ရစ်လျှင် တသတ်-ဟု ကဗျာသာရတ္ထ၌အရစ်ပြ၏။

ခြိုးရှုကိုဝဏ္ဏဗောဓနေ၌အပင့်ပြ၏။

ရွှေနားတော်သွင်း၌ကားပျားပိုးရှုခြံ၊ မီးမှာချသို့-ဟု ခွဲထားစပ်၏။

အက်ကွဲခြံခြံ၊ခြိုးရှုမှာ၊ ရစ်တို့ရာရှင့်—ဟု ကဗျာသာရတ္ထအရစ်ပြ၏။

မျက်ရည်ချုလည်း၊ ခြုဆွဲသောဟန်-ဟုခွဲထား၌ရွှေခြုကိုအရစ်စပ်၏။

ဆွတ်ချုတံချု၊ ရည်ရွယ်ချု၍၊ ရွှေချုလည်ဆွဲ၊ စေးနဲချုချာ၊ ပင့်ရာတထူ' ကဗျာသာရတ္ထအပင့်ပြ၏။

ကခြေသည်ကိုမြန်မာသံယောဂဒီပနီ၌ အရစ်ဆုံးဖြတ်၏။

ဘုံခန်း၌ကား၊ လက်ရှစ်ကချေ၊အထွေထွေလျှင်၊ ပင်ခြေတွန့်တွန့်-ဟု ခွဲထားအပင့်စပ်၏။

ချင်းချင်းနီသည်ကိုဝဏ္ဏဗောဓနေ၌အပင့်ပြ၏။

ခြင်းကြာချက်ခြင်း၊နီနီခြင်းခြင်းနှင့်၊ ပြုခြင်းစသော၊ ဘောကိရိယာ-ဟု မဥ္ဇူသကသတ်ပုံ၌ အရစ်ပြ၏။

ဤသို့စသည်ဖြင့် ရှေးသူဟောင်းတို့ အဆိုမညီ ကွဲပြားကြသော အရာလည်း အများပင်ဖြစ်တော့သည်။

---

## သာဝတ်မှရေဖသံသာရဝတ်ဖြစ်ပုံ

၇၁။ ကေသီတိပုစ္ဆာ။ ။ရွှေပြည်တော်သာဝတ်ကို၊ သာရဝတ်လက်ာဆို။ ။ဘဟာကိုမျှော်တိုး။ ။ပုဂ္ဂိုလ်ကျော်၊ဘုံခန်းဆရာတော်၏၊ အာဘော်ကိုသမ္ဘန်စစ်ပါ၊ ကျမ်းဖြစ်တဲ့ဘုန်း။ ။

၇၁။ ကေသီတိဝိသဇ္ဇနာ။ ။ရွှေပြည်တော်သာ၀တ်ကို၊ သာရ၀တ်လင်္ကာဆို။ ။သဒ္ဒါကိုမြှော်တွေး။ ။နည်းလောကီ၊ ဘုံခန်းဆရာမှီတဲ့၊ ဘင်္ဂလီဆိုတဲ့ကျမ်းမှာ၊ ရေဖသံထင်အောင်မှန်းလို့၊ သဒ္ဒကို သဒ္ဒ'ဟု ဆန်းတယ်၊ ကျမ်းနှင့်တပြေး။ ။

သာ၀တ္ထိဟူသောပုဒ်သည် သဗ္ဗအတ္ထဟူသော ပုဒ်မှဖြစ်သည်၊ အတ္ထသဒ္ဒါ-မနုဝါစကာ၊

သဗ္ဗံဓနမေတ္ထ အတ္ထီတိ ၀ါ သာ၀တ္ထိ၊ သဗ္ဗသာ သာ၀ေ၀ါ၊ မနုဝါ-စကော အတ္ထသဒ္ဒေါ။ (အဘိဓာန်ဋီကာ၊)

သဗ္ဗဒါသဗ္ဗုပကရဏံ၊သာ၀တ္ထိယံ သမောဟိတံ။

တသ္မာ သဗ္ဗမုပါဒါယ၊ သာ၀တ္ထီတိ ပဝုစ္စတိ။

(မူလပဏ္ဏာသအဋ္ဌကထာ,ဥဒါန်းအဋ္ဌကထာ,ခုဒ္ဒကပါဌအဋ္ဌကထာ။)

သဗ္ဗဟူသောပုဒ်၌ ဘင်္ဂလီလောကီကျမ်းတို့၌ သဒ္ဒဟု ရေဖနှင့်ပုဒ်ရင်းဖြစ်သည်၊ ၎င်းရေဖကိုမြန်မာတို့ဘတ်ရွတ်လျှင် သရဗ္ဗဟူ၍ရကောက်သံ ထွက်သည်၊ သာ၀တ္ထိကိုလည်း ဘင်္ဂလီနည်းအားဖြင့် သာ၀ဏ္ဏိဆိုလိုသည်၊ ၎င်းပုဒ်ကို မြန်မာတို့ ဘတ်ရွတ်လျှင် သာရ၀တ္ထိဟုအသံထွက်သည်၊ သည်ကိုမြှော်၍ ပုဂ္ဂိုလ်ကျော် ဘုံခန်းဆရာတော်က ရွှေပြည်တော်သာ၀တ်ကို သာရ၀တ်ဟု လင်္ကာစပ်ဆိုတော်မူသည်။

---

### ၈-ဆုံးအက္ခရာဗျက်သော်လည်းအနက်မပျက်သောပုဒ်များ

၇၂။ ဥါသိတိပုစ္ဆာ။ ။အက္ခရာပေါင်းသုံးတွင်၊ နှောင်းတလုံးမကျ၊ ကျန်၀ဏ္ဏနှစ်ဆူ၊ တပုဒ်ယူရမြဲ။ ။ရှေ့တလုံးပယ်ပြန်၊ ကယ်အမှန်တပုဒ်ပ မလွဲ။ ။သုံးလုံးကို အကုန်ပေါင်းလျှင်လည်း၊ ၎င်းဖျတပုဒ်ခေါ်၊ အဟုတ်နော်မှန်ဘဲ။ ။ထိုသုံးပုဒ်အနေ၊ အနက်ဝေဘော်ခွဲက၊ မလွဲကြလေပါ။ ။အဘိဓာန် သုံးတန်ထွက်၊တနက်ထည်းမှန်လှပါတော့သည်သာ။ ။ယင်းသည့်ပုဒ်၏ လက္ခဏာ၊ မှတ်စရာပေစလောက်ပေမို့၊ ရှာဖွေကောက်ပ အမှန်အကန်၊ ယွင်းဘောက်မပြန်။ ။၀ဇီရဂ္ဂထိန်ကြည်ဟန်လို၊ စိန်ပြည်တန်ဉာဏ်ကြီးဖျလေး။ ။

၇၂။ ဥါသိတိဝိသဇ္ဇနာ။ ။ဥဒကံစသည်ပုဒ်၊ မှန်အဟုတ်မှတ်ပါ၊ နှောင်းတလုံးပယ်ခွါ၊ ကြွင်းသေသာတပုဒ်ခွဲ။ ။စ-၀ဏ္ဏချေပြန်လျှင်၊ မကျေကျန်ယင်းတပုဒ်ခွဲ။ ။သုံးလုံးကို အကုန်စုလျှင်လည်း၊ ပုဒ်တခုမှည့်ခေါ်၊ ရှေးသူတော်ဘွင့်နဲ့။ ။ထိုသုံးပုဒ်အနေ၊ အနက် ဝေဘော်

ခွဲက၊ မလွဲကြလေပါ။ ။ရေကိုသာပြိုင်ကာဟော၊ ဆိုင်ရာဘောသင့်လှ ပေတော့သည်သာ။ ။အာဒိဝန်လက္ခဏာကို၊ မေးစရာ မကျန်ကြွင်း အောင်၊ ထည့်ကာသွင်းအံ့ မသွေအမှန်၊ မြဲမှတ်ကေန်။ ။အဂ္ဂိနိနှင့် ပညာဏာကို၊ ဇန်ပြည်တန်ဉာဏ်ဆိုသင့်ငွဲလေး။ ။

၁။ ဥဒကသဒ္ဒါ နှောင်းတလုံးပယ်၍ ဥဒသဒ္ဒါတပုဒ် ရေဟောသည်ကို နိဒါလာဒံ ဝနမဏ္ဍတော၊ မဟောဒဓိ၊ ဥဒဓိန္ဒြိုပါတေန ဥဒကုမ္ဘော ဝိ ပူရတိ၊အစရှိသောပါဠိတို့၌မှတ်အပ်၏။

၂။ စ-ဝဏ္ဏချေပြန်၍မကျေကျန်ဒကသဒ္ဒါတပုဒ်ရေဟောသည်ကို "ဒဏ္ဍာယံ ဒကရက္ခသော" ဟူသောမဟောဇာတ်၊ "အမ္ဗပက္ကံ ဒကံ သီတံ၊ သီ- တစ္ဆာယံ မနောရမံ" ဟူသောသဇာတ်၊ "ထလဇာဒကဇာပုပ္ဖါ" စသော ဗုဒ္ဓဝင်ပါဠိတော်၊ "ဒကံ ကံ သလိလံ ဝါရိ" ဟူသောသဒ္ဒနီတိ၊ "ပါနိယံ သလိလံ ဒကံ" ဟူသောအဘိဓာန်ပါဠိတို့၌ မှတ်အပ်၏။

၃။ သုံးလုံးပေါင်း ဥဒကသဒ္ဒါ ရေဟောထင်ရှား၏။

ဥဒကံစသည်ပုဒ်ဟူရာ၌ အာချတ္တသဒ္ဒါကိုဆိုသောကြောင့် အာဒိဝန်ကို မေး ဘွယ်ရှိရကား "အာဒိဝန်လက္ခဏာကို" စသော ကဗျာကိုမိန့်သည်၊ ၎င်တွင်-

၄။ အဂ္ဂိနိသဒ္ဒါ၌နှောင်းတလုံးပယ်၍ အဂ္ဂိသဒ္ဒါမီးဟောထင်ရှား၏။

၅။ အစတလုံးပယ်၍ ဂ္ဂိနိသဒ္ဒါတပုဒ်မီးဟောသည်ကို "တမေဝ ကဋ္ဌံ ဒဟတိ၊ယသ္မာ သော ဇာယတေ ဂိနိ" ဟူသော ဒသနိပါတ်စူဠဗောဓိ- ပရိဗ္ဗာဇကဇာတ် စူဠဗောဓိ စရိယပိဋကပါဠိ၊ "ယသ္မာတိ ယတော ကဋ္ဌာ။ ဂိနိတိ အဂ္ဂိ" ၎င်းအဋ္ဌကထာ၊ "ဆန္နာကုဋိ အာဟိတော ဂိနိ သစေ ဣစ္ဆသိ ပဝဿ ဒေဝ" ဟူသော သုတ္တနိပါတ် ဓနိယသုတ်၊ "ဂိနိ ဂိနိ ဂိနယောတိ အာဒိနာ။ပ။ ဝဒေဝိဒ္ဓ။ ပ။ မာလံ ယထာအဂ္ဂိ၊ သဒ္ဒဿေဝ သုမေဓသော။ ။ဇာတိ အဿာဗု လာဗုသဒ္ဒါ ဝိယ အဂ္ဂိနိ ဂိနိသဒ္ဒါ ဝိဘာဂဝတော ပါဝစနေ ဒိဿန္တိတိ ဝေဒိတဗ္ဗာ" ဟူသော သဒ္ဒနီတိပါဠိတို့၌မှတ်အပ်၏။

၆။ သုံးလုံးပေါင်းအဂ္ဂိနိသဒ္ဒါမီးဟောသည်ကို "အင်္ဂါရေ သန္တတေ သေန္တိ အဂ္ဂိနိ သမ္ပဇ္ဇလိတံ ပဝိသန္တိ" သုတ္တနိပါတ်ကောကာလိကသုတ် ပါဠိ တော်၊ "အယလောဟမယံ ပန ကုမ္ဘိံ၊အဂ္ဂိနိ သဉ္စလိတံ ပဝိသန္တိ၊ပစ္စန္တိ ဟိ တာသု စိရရတ္တံ၊အဂ္ဂိနိ သမာသု သမုပ္ပလ္လဝါတေ" ၎င်းပါဠိတော်တို့၌ မှတ်အပ်၏။

၇။ ပညာဏာသဒ္ဒါ၌နှောင်းတလုံးပယ်၍ ပညာသဒ္ဒါဉာဏ်ဟောထင်ရှား၏။

၈။ အစတလုံးပယ်၍ ဉာဏာသဒ္ဒါလည်း ဉာဏ်ဟောထင်ရှား၏။

၉။ သုံးလုံးပေါင်းပညာဏာသဒ္ဒါ ဉာဏ်ဟောသည်ကို-

သာဓု ဓမ္မရုစိရာဇ၊ သာဓု ပညာဏဝါ နရော၊
သာဓု မိတ္တာန မဒြုဗ္ဘော၊ ပါပဿာကရဏံ သုခံ၊ ။
ဟူသော ဥမ္မာဒန္တီဇာတ်။

သုတွာန ဗုဒ္ဓဝစနံ၊ ဘိက္ခု ပညာဏဝါ ဣဓ။ ။
ဟူသောသုတ္တနိပါတ်ဇယသုတ်။

တထာဟိ ဘဂ္ဂေ ဘဂဝတော သီလပညာဏ–ဟူသော ပဋ္ဌဂိုဏ္ဍရ-
ပါဠိတို့၌မှတ်အပ်၏။

---

## အစပ် အဖြက် အနက်ထင်တူကျသောပုဒ်

၇၃။ တေသီတိပုစ္ဆာ။ ။အက္ခရာလေးလုံးကို၊ စည်းရုံးလို့ဘန်၊ ဝေါဟာရဘာသာလှန်၊ မြန်မာပြန်သည်အနက်။ ။နောက်နှစ်လုံးပုဒ်ကျန်၊ ဟောစရန်ရင်းသို့ထွက်။ ။ယင်းပုဒ်ကိုတွေ့၊ ပဒစ္ဆေဝေဝက်။ ။နောက်ပုဒ်မှာ သည်အနက်ပါဘဲ၊ အဆက်ဆက် သူပေါ်လာ။ ။အဘိဓာန်ဋီကာပြ၊ ပြည်ပင်းယအမတ်ကြီးနည်းပါ။ ။ ဆန်းနိုင်မျှသည်ပုဒ်ဟာ၊ တို့ဆရာသဒ္ဒါတတ်ပေမို့၊ မကြာဆတ်ဆတ် ဧကန်ပါပင်၊ ညွှန်းနိုင်လိမ့်ထင်။ ။မအိန့်စမ်းပါနှင့်၊ မိန့်စမ်းဖျ ဘုန်းပုခင်ငယ်။ ။စ ရင်မိုလ်မင်းသို့လေး။ ။

၇၃။ တေသီတိဝိသဇ္ဇနာ။ ။မုတ္တာ မုတ္တဟု၊ လေးလုံးမျှအက္ခရာ၊ ဝေါဟာရမြန်ဘာသာ၊ အနက်မှာလက်နက်။ ။နောက်နှစ်လုံးမုတ္တမှာ၊ ဟောရာရင်းသို့အထွက်။ ။ယင်းပုဒ်ကိုတွေ့၊ ပဒစ္ဆေဝေဝက်။ ။ အမုတ္တာသည်အနက်မှာလဲ့၊ လက်နက်ပဲ့ထွက်ပြန်ချေ။ ။အဘိဓာန်ဋီကာပြ၊ ပြည်ပင်းယအမတ်ကြီးနည်းပေ။ ။ဆန်းနိုင်မျှ သည်ပုဒ်နေ၊ တို့မိတ်ဆွေထင်တဲ့တိုင်းမို့၊ မဆိုင်းမတွဧကန်ထင်ထင်၊ ညွှန်းနိုင်သည်ပင်။ ။မအိန့်လိုက်ပါဘူ့၊ မိန့်လိုက်ကဲ့ဘုန်းပုခင်ငယ်၊ စတုရင်မိုလ်မင်းသို့ လေး။ ။

သင်္ခေပေနာယုဓံ ဒဿေတု မာဟ မုတ္တာမုတ္တာဒိ၊ မုတ္တာမုတ္တဉ္စ အမုတ္တဉ္စ၊ ပါဏိတော မုတ္တဉ္စ ယန္တမုတ္တဉ္စေတိ သကလမာယုဓံ၊ စတုဗ္ဗိဓံ၊ ဗဟုန္နမ္ပိ တဒ္ဓေဒါနတိဝတ္တနတော။ (အဘိဓာန်ဋီကာ။)

ဤအဖြေသည်း အမေးနှင့် လျော်စွာသာဖြေလိုက်သည်၊ ဤသဒ္ဒါအနက်တို့ကို အဘိဓာန်ဋီကာ၌သာ ပြသည်မဟုတ်ပါ၊ စာကိုယ်၌လည်း–

မုတ္တာမုတ္တ မမုတ္တဉ္စ၊ ပါဏိတော မုတ္တမေဝ စ။
ယန္တံမုတ္တန္တိ သကလ၊ မာယုမံ တံ စတုဗ္ဗိဓံ။
ဟူ၍ ပြဆိုလျက်ပင်။

---

## နိဗ္ဗာနပုဒ်ရှေ့၌ နိဿရဏပုဒ်ထားရကျိုးနှင့် သမာသ်စပ်ပုံ အနက်ပေးပုံများ

၈၄။ စတုရာသီတိပုစ္ဆာ။ ။သကလဝဋ္ဋဟု၊ ရွတ်ကြသည်ပုဒ်အရာ၊ သံသယစုဒ်တဖြာ၊ ပဒုဒ္ဓါပြုစမ်းပိမ့်၊ ရွှေကျမ်းတတ်ဆရာ၊ လျှောက်လိုက်သည့်စောဒနာကို၊ သောဓနာတော်မူသေး။ ။နိဿရဏနိဗ္ဗာနတွင်၊ နိဿရဏဆွယ်လို့သာ၊ ဘယ်ကျိုးငှါသွင်းခဲ့သလေး။ ။ငုင်းဖျပုဒ်အလို၊ ရုပ်ဝိဂ္ဂြိုဟ်မြော်တွေး။ ။နှစ်ပုဒ်စပ်လို့ သမာသ်ဆိုလျှင်၊ ဘဟာယိုနက်ပေးလိမ့်၊ သဒ္ဒရေးလွှန့်တဲ့ဘုန်းကြွယ်။ ။နိရုတ်ကို ကျေသူပါမို့၊ရွှေဗျူဟာဆိုတဲ့နည်းကိုလ၊ နိသျည်းကလေးများ ခံလိုက်ချင်စမ်းပါလှတယ်။ ။ကျောင်းတိုင်းကျက်တဲ့အနက်နှယ်၊ တရာ့တိသက်ဝယ်ဆိုတဲ့လားမို့၊ စဉ်းစားလိုက်ပ၊ ရွှေကိုယ်မြတ်စွာ၊ ကျမ်းတတ်ဆရာ။ ။အနက်ဟောလို့ယောဇနာတယ်၊ သဘောပါအောင် မိန့်စမ်းပါတဲ့လေး။ ။တသက်ပြောလို့ ထောမနာမယ်၊ တကြောသာအောင်အိန့်စမ်းပါကွဲ့ လေး။ ။

၈၄။ စတုရာသီတိဝိသဇ္ဇနာ။ ။သကလဝဋ္ဋံဟု၊ ရွတ်ကြသည်ပုဒ်အရာ၊ သံသယကြောင့်မဟာကို၊ နှုတ်စိမ့်ငှါရည်မှန်းလို့၊ တင်ညွှန်းတဲ့ပုစ္ဆာ၊ လျှောက်လိုက်သည့် စောဒနာကို၊ သောဓနာမည်မကြွင်း။ ။နိဿရဏဝိသေသမှာ၊ နိဗ္ဗာနကျေးဇူးအင်ကို၊ ထူးထင်အောင် သွင်းခဲ့သမင်း။ ။အပါဒါန်သာဓနဖြင့်၊ နိဿရဏရင်းပုဒ်ကို၊ ကိတ်ဝိဂ္ဂြိုဟ်ဟန်ခင်း။ ။နိဗ္ဗာနနောက်ပဒနှင့်၊ တုလျတ္ထစပ်ပြီးခါ၊ ဝိသေသနာနက်သွင်းလို့၊ မှန်မယွင်းမှတ်သင့်ဘွယ်။ ။အဒိဋ္ဌာမဟာမိတ်ကယ်မို့၊ ကြည်စိတ်ဖြူ မေတ္တာနွှယ်။ ရွှေဗျူဟာဆိုတဲ့နည်းကို၊ နိသျည်းပေးလိုက်ပါတယ်။ ။သဒ္ဒအတ္တနည်းနှစ်သွယ်၊ ယုတ္တိစမ်းဘွယ် ဉာဏ်ထောက်လှမ်းလို့၊ စူးစမ်းလိုက်တော့သာကီနွှယ်လာ၊ နည်းသင့်မြတ်စွာ။ ။အနက်ဟောလို့ ယောဇနာတယ်၊ သဘောပါအောင်မိန့်လိုက်ပြီတဲ့

လေး။ ။တသက်ပြောလို့ ထောမနာဘွယ်၊တကြောသာအောင် အိန္ဒ လိုက်ပြီကွဲ့ လေး။ ။

နိယ်ာရတိ တေသွာတိ နိယျာရကာ၊ ကိံ နိယျာရတိ၊သကလဝဋ္ဋဒုက္ခံ။ သကလဝဋ္ဋဒုက္ခသ နိယျာရကာ သကလဝဋ္ဋဒုက္ခနိယျာရကာ။ တဒ္ဒ တံ နိဗ္ဗာနဉ္စာတိ သကလဝဋ္ဋဒုက္ခနိယျာရကာ နိဗ္ဗာနံ၊ တသ။ (ဤသို့ပြု။)

ကာမာနမေတံ နိယျာရကာံ ယဒိဒံ နေက္ခမံ။

ဟူသောပါဠိ၏ သံဝဏ္ဏနာနှင့်လျော်စေ၊ ဤသို့ပြုပြီး၍—

သကလ၊ပ၊ နိဗ္ဗာနသ၊ အလုံးစုံသောသံသရာဝဋ္ဋဆင်းရဲအပေါင်း၏ ထွက်မြောက်ရာ၊ ဝါ၊ ကင်းလွတ်ရာဖြစ်သောနိဗ္ဗာန်ကို၊ (ဆင္ဂီကာ၊ သဒ္ဒတ္ထကရဏာဉ္စစပ်၊)

ဤသို့သောအတ္တယောဇနာကိုမှတ်ပါ၊ နိဗ္ဗာန်၏ဝိသေသနကို ဤအရာဌာနမှ တပါးသော အရာဌာနဉ္စဟောပြတော်မူသည်ကား များလှစွာ၏။

---

## ယုဂ် ၄–ယုဂ်နှင့် ကလိယုဂ်ဆန်း

၇၅။ ပဋ္ဌာသီတိပုစ္ဆာ။ ။ရှုပ်ထွေးလိမ်၊ ယုဂ်လေးကြိမ်လီလီထပ်ပါတဲ့၊ သည်ကပ်အန္တရ။ ။ယခုဝယ်၊ မြတ်ဘုန်းမို ရွှေညာဏ်ချယ်ပ၊ ဘယ်ယုဂ်ကယ်ဘယ်လောက်ဆန်းပြီလို့၊မှန်းသိချင်လှ။ ။

၇၅။ ပဋ္ဌာသီတိဝိသဇ္ဇနာ။ ။ရှုပ်ထွေးလိမ်၊ ယုဂ်လေးကြိမ် အလီလီထပ်ပါတဲ့၊ သည်ကပ်အန္တရ။ ။ခု ါကို၊ ကလိဆို ယုဂ်စဉ်ဖြောင့်လို့၊ လေးထောင့်ကိုးရာနှင့်၊ ကိုးဆယ်မှာခြောက်နှစ် စွန်းတယ်၊ ဆန်းပေါ့ညီလှ။ ။

ဤ၌ယုဂ်လေးပါးဟူသည်ကား—

ကတတြေတာဒွါပရကလိဝသေန စတုယုဂံ။

ဟူအဘိဓာန်ဋီကာမိန့်အပ်သည်နှင့်အညီ ကတယုဂ်, တြေတာယုဂ်, ဒွါပရယုဂ်,ကလိယုဂ်ဟူ၍ လေးပါးတည်း၊ ထိုလေးပါးတို့တွင်—

၁။ ကတယုဂ်၏ သင်္ချာအရေအတွက်ကား—

တတြကတ ယုဂဿ မာနဿ သင်္ချာယ ပမာဏမဋ္ဌဝီသတိ သဟဿာဓိကာနိ သတ္တရသဝဿလက္ခာနိ။

ဟု အဘိဓာန်ဋီကာမိန့်သောကြောင့် နှစ်ပေါင်း တသန်း ခုနစ်သိန်း နှစ်သောင်း ရှစ်ထောင် အရေအတွက်ရှိသည်၊

၂။ တြေတာယုဂ်၏ အရေအတွက်သင်္ချာကား—

တြေတာယ ဆန္နဝုတိသဟဿာဓိကာနိ ဒွါဒသဝဿလက္ခာနိ၊

ဟု ၎င်းဋီကာမိန့်သောကြောင့် နှစ်ပေါင်း တသန်း နှစ်သိန်း ကိုးသောင်း ခြောက်ထောင် အရေအတွက်ရှိသည်။

၃။ ဒွါပရယုဂ်၏အရေအတွက်ကား—

ဒွါပရဿ စတုသဋ္ဌိ သဟဿာဓိကာနိ အဋ္ဌဝဿလက္ခာနိ။

ဟု ၎င်းဋီကာမိန့်သောကြောင့် နှစ်ပေါင်း ရှစ်သိန်း ခြောက်သောင်း လေးထောင် အရေအတွက်ရှိသည်၊

၄။ ကလိယုဂ်အရေအတွက်ကား—

ကလိဿဗာတ္တိံသ သဟဿာဓိကာနိ စတ္တာရိဝဿလက္ခာနိ၊

ဟု ၎င်းဋီကာမိန့်သောကြောင့်၎င်း။

တဒယုဂမာနံ ဒွါတြိံ ဂြတ်သဟဿြာဓိက စတုလ်က္ခ ဝတ်သရာနိ။

ဟုသဒ္ဒကပ္ပဒ္ဒုမအဘိဓာန်လာသောကြောင့်၎င်း လေးသိန်း သုံးသောင်းနှစ်ထောင် အရေအတွက်ရှိသည်ဟု မှတ်ရမည်၊

ထိုယုဂ်လေးပါးတို့သည် အစဉ်အတိုင်း အလှည့် အလည် ဆန်းကြ ကွယ်ကြကုန်သည်ဖြစ်၍ ယခုအခါ ကလိယုဂ်ဆန်းသော အစဉ်သို့ရောက်ဆဲအခါ ဖြစ်သည်၊ ထိုကလိယုဂ်ဆန်း ရောက်သောနှစ်ကိုလည်း—

ကလေရာရမ္ဘတော ဂုညသမ္ဘြပဥ္စဒ္ဒ၊ကောဂတေ၊ ဝတ်သရေဝ ဗဟူ ဝမ္ဗေ၊မမ္မ°ဝိဒါဂေါတမာဘိဓာ။

ဟုသော ဂေါတမပူရာဏ်မည်သော လောကီကျမ်းလာတိုင်း သိအပ် မှတ်အပ်၏။

ဤဂါထာ၌ ကလေရာရမ္ဘတောကို ကလေးအာရမ္ဘတောဟု ပဒစ္ဆေဒပြု၊ ကလိသဒ္ဒါဆင့်ဧကေဝုစ်ငတ်ဝိဘတ်ငေါ်သျေလောပဟူသောမုဒ္ဒဗောဓသဒ္ဒါကျမ်းသုတ်၊ဧးပရဿငသိငငသောင°သျေလောပးသျာတ်၊ ဟူသော ၎င်းဝုတ္တိတို့ဖြင့် ကလိသဒ္ဒါနောင် ငသ်ဝိဘတ်၏ငကိုချေ၊ ဣု°မိဇသ်ငိတ်သုဟူသော ၎င်းသုတ်ဖြင့်လိ၏အစိတ် ဣကိုပြေ၊ ငဿ္ဂ°ဗွိးဖေ-ဟူသော၎င်းသုတ်ဖြင့် ငသ်ဝိဘတ်၏အကြွင်းဖြစ်သော သ်ကိုဝိသဇ္ဇနီပြု၍ ကလေးပြီးသည်၊

ကလေး၊ကလိယုဂ်၏။အာရမ္ဘတော၊အစအဦးမှ။ပဋ္ဌာယ၊စ၍။ထည့်၊ဂုညသမ္ဘြပဥ္စဒ္ဒ၊ကော၊နှစ်ထောင့်ငါးရာခုနစ်ဆယ်သော။ဝတ်သရေဝ၊နှစ်သည်သာလျှင်။ ဂတေ၊ ရောက်သည်ရှိသော်၊ မမ္မ°ဝိဒါ၊ တရားကိုသိတော်မူသော၊ ဂေါတမာဘိဓာ၊ ဂေါတမမှအမည်ရှိသောဘုရားသည်။ ဝေ၊ စင်စစ်၊ ဗဟူဝ၊ ဖြစ်တော်မူလေပြီ၊

အမိပ္ပါယ်ကား ဂေါတမဘုရားရှင် ဖြစ်တော်မူပြီး၍ ပရိနိဗ္ဗာန်စံသောနှစ်၌ ကလိယုဂ်ဆန်း၍ နှစ်ထောင့်ငါးရာ ခုနစ်ဆယ်ရှိပြီဆိုလိုသည်၊ ဤသို့ ကျမ်းဂန်လာသောကြောင့် ဘုရားပရိနိဗ္ဗာန်မစံမီ ဆန်းနှင့်သောကလိယုဂ် နှစ်ထောင့်ငါးရာ,ခုနစ်ဆယ်ကို ပရိနိဗ္ဗာန်စံပြီးနောက် လွန်ခဲ့သော သာသနာတော်နှစ်နှစ်ထောင့်,လေးရာ, နှစ်ဆယ့်, ခြောက်နှစ်နှင့်ရော၍ လေးထောင့်, ကိုးရာ, ကိုးဆယ့်,ခြောက်နှစ်ကလိယုဂ်ဆန်းရောက်ဆဲဟူ၍ မှတ်ရမည်။

သီလက္ခန္ဓဋီကာသစ်ကို ပြုသော မောင်းထောင်ဆရာကြီးကား ဂေါဇာသတ္တရာဇ်ကိုပင် ကလိယုဂ်ဟု ဆို၏။

> ကပ္ပကသာယ ကလိယုဂေ၊ ဗုဒ္ဓုပ္ပါဒေ ဒါ အဟောမဟာသ္ဆရိယံ။
> ဟုတဝဟမဇ္ဈေ ဇာတံ၊ သမုဒိတ မကရန္ဒ မရဝိန္ဒန္တိ၊ ။

> တသာယ မဇ္ဈေ၊ ကပ္ပသင်္ခါတကာလသဥ္ဈယသ္သ လေခနဝသေန ပဝတ္တေ ကလိယုဂသင်္ခါတေ သက္ကရာဇသမ္မတေ ဝဿာဒိသမူဟေ ဇာတော ဗုဒ္ဓုပ္ပါဒခဏသင်္ခါတော ဒိန သမူဟော အန္ဓဿပဗ္ဗတရောဟနမိဝ ကဒါစိ ပဝတ္တနဋ္ဌေန အစ္ဆရိံ ပဟရိတုံ ယုတ္တဋ္ဌေနစ မဟာစ္ဆရိယံ ဟောတိ။ (သီလက္ခန္ဓဋီကာသစ်။)

ထိုကလိယုဂ်ဂေါဇာရောက်သောအခါဝယ် သတ္တဝါတို့၌ အဓမ္မတရားအလွန်အားကြီးသည်ဖြစ်၍ ပျင်းရိခြင်း,အိပ်ချင်ခြင်း,ညှဉ်းဆဲခြင်း, ပင်ပန်းခြင်း, သောက မောဟဆင်းရဲခြင်း ဘေးဘယတို့သည် ဖြစ်ကုန်၏၊ ထိုကလိယုဂ်အခါ၌—

၁။ သတ္တဝါတို့ ကာမဆန္ဒအားကြီးကုန်၏။
၂။ ကြမ်းကြုတ်သောစကားတို့ကို မပြတ်ဆိုတတ်ကုန်၏။
၃။ ခိုးသူတို့ဖြင့် ဇနပုဒ်တို့သည် ကျဉ်းမြောင်းကုန်၏။
၄။ ဗေဒင်တို့ကိုပါသဏ္ဍာတို့ဖျက်ဆီးကုန်၏။
၅။ မင်းတို့သည်သတ္တဝါတို့ကို စားကုန်၏။
၆။ ပုဏ္ဏားတို့သည် ဝမ်းစာသာလျှင် လည်းလျောင်းရာရှိကုန်၏။
၇။ ဗြဟ္မစာရီဆိုသူတို့လည်း တရားမကျင့်ကြကုန်။
၈။ ရဟန်းတို့လည်း မစင်ကြယ်ကုန်သည်ဖြစ်၍ သမဏကုဋုမ္ဗိက ဖြစ်ကြကုန်၏။

ဤသို့သောအကြောင်းကို သဒ္ဒကပ္ပဒုမအမည်ရှိသောကျမ်း၌—

> ယဒါသဒါဋ္ဌတ်တန္တြိ၊ နိုဒြာဟိံသာဝိဓါဒနံ၊ ရှေါတမောဟဘယံဝဲဒချံ၊ သကလိဿုတဒါဿတး။ ။ယသ္မိန်ဇနးကာမိနားသျုး၊ ရွတ်ကဋုကဘာမိဏး၊ ဒဿျုဩိမ္ဘုဇနပဒါ၊ ဝေဒါးပါခဏ္ဍဒူမိတား။ ။

ရာဇာနံ့ စ္စပြဇာဘက္ကူ၊ ၁၊ ဝိဓွေါဒရပရာဠိဇား၊ အပြတာဝဋ္ဋဝေါဥဝေါ စာဘိက္ကဝစ္စကုဋ္ဌမွိနး။

ဤသို့စသည်ဖြင့် များစွာအကျယ်လာ၏၊ ဤသို့လျှင် ကလိယုဂ်ဆန်းဆဲ အခါမှာ ကျမ်းလာနှင့်ဒိဋ္ဌသည် တဆိဘ်မျှမ ဉ္စာကြ၊ တညီတည်းကျသောကြောင့် သံဝေဂတိုးပွါး၍ တရားသက်မှလွတ်အောင် သတိဆောင်သင့်လှပေတော့သည် အဆွေ။

## အဓိမာသ်တွက်ပုံ

၀၆။ ဆာသီတိပုစ္ဆာ။ ။အဓိမာသ်ကယ်ဟု၊ ထိန်းမှတ်လို့ ကျမ်းတွေဆို၊ လပိုကဲ့သဘော၊ ။ပိုအကယ်၊ သုံးရှာ့ခြောက်ဆယ်က၊ ထိုနှစ်ဝယ်လွန်သည့်ရက်ကို၊ ဘုန်း တွက်လို့ပြော။

၀၆။ ဆာသီတိဝိသဇ္ဇနာ။ ။ခုနစ်ဖြာအဓိမာသ်ကယ်လို့၊ သိမှတ်ဘို့ကျမ်းတွေဆို၊ လပိုပို့လွန်ကြူး။ ။ထိုနှစ်ဝယ်၊ သုံးရှာ့ခြောက်ဆယ်က၊ တာပြန်ကွယ်ကျမည်တွက်ကြောင့်၊ ခြောက်ရက်ပို မှန်အထွက်ကို၊ မယုံမိုလ်ကုန်တွက်ပါတော့၊ လွဲထွက်နိုင်ဘူး။ ။

အဓိမာသ်သည်–

၁။ စမ္မာဓိမာသ်။
၂။ ပဋ္ဌာဓိမာသ်။
၃။ ပသျှူဓိမာသ်။
၄။ ဒသာဓိမာသ်။
၅။ တေရသာဓိမာသ်။
၆။ သောဠသာဓိမာသ်။
၇။ အဋ္ဌာရသာဓိမာသ်။

ဟူ၍ ခုနစ်ပါးရှိသည်၊ ထိုအဓိမာသ်ခုနစ်ပါးသည် လပိုလွန်သောသဘောပင်ဖြစ်သည်၊ လပိုလွန်ခြင်းသည်လည်း ရက်ပိုလွန်၍ဖြစ်သည်၊ ရက်ပိုလွန်ခြင်းသည်လည်း မြိုပိုလွန်၍ ဖြစ်သည်၊ ထို့ကြောင့် သုဇိဓာတ်ကျမ်း၌ တရက်တရက်သော် တမြိုသုံးပါဒ်ခုနစ်မိဇနာလွန်၏၊ တလသော် ငါးဆယ့်ခြောက်မြိုလွန်၏၊ တနှစ်သော် တဆယ့်တရက်နှင့် တဆယ့်နှစ်မြိုလွန်၏၊ အဓိမာသ် တပါးသော် တလနှင့် နှစ်ဆယ့်လေးမြိုလွန်၏ဟု ဆို၏။

ယခုရောက်ဆဲသက္ကရာဇ် တထောင့်, နှစ်ရာ့, လေးဆယ့်, လေးခုနှစ်၌ကား လွန်ခဲ့သောသုံးခုနှစ် တန်ခူးလပြည့်ကျော် တဆယ့်နှစ်ရက်အတာနေ့ကသည် လာလတ္တံ့သော ကဆုန်လဆန်းသုံးရက်နေ့ရောက်မှ သုံးရာ့ခြောက်ဆယ် ပြည့်သည်ဖြစ်၍ ယခုနှစ် တာပြန်မည်ဖြစ်သောကြောင့် ကဆုန်လဆန်းကိုးရက်နေ့ အတာကြိုရကား ခြောက်ရက်ပိုလွန်သည်ဟုမှတ်ပါ။

## နေရောင်ထွန်းသည့်အတာယူဇနာ

၈၇။ သတ္တာသီတိပုစ္ဆာ။ ။သူရိယာ၊ စကြာနေဝန်း။ ။ဆဲယ်ရပ်ဒိသာသို၊ ယူဇနာ ဘယ်တိုင် ရောက်အောင်၊ လင်းတောက်လို့ထွန်း။ ။

၈၇။ သတ္တာသီတိဝိသဇ္ဇနာ။ ။သူရိယာ၊ စကြာနေဝန်း။ ။ယူဇနာ၊ ကိုးသိန်းစီသွယ်ဖြာလျက်၊ ဆယ်ဒိသာ မိုက်မှောင်ပျောက်အောင်၊ လင်းတောက်လို့ယွန်း။ ။

ပိဝရန္တာ ပ ဧကေပ္ပဟာရေန ဟုသု ပိ ဒိပေသု အာလောကံ ကရောန္တိ၊ ဧကေကာယ ဒိသာယ နဝနဝ ယောဇနသတသဟဿာနိ အန္ဓကာရံ ဝိဓမိတွာ အာလောကံ ဒဿေန္တိ။ (သာရတ္ထဒီပနီဋီကာ, လောကဒီပကကျမ်း၊)

ဧဝံ မဟိဒ္ဓိကာတိ စန္ဒိမသူရိယာ ကိရ ဧကပ္ပဟာရေနေပ တီသု ဒိပေသု ပညာယန္တိ၊ ဧဝံ မဟိဒ္ဓိကာ။ ဧကေကာယ ဒိသာယ နဝနဝယောဇနသဟဿသဟဿာနိ အန္ဓကာရံ ဝိဓမိတွာ အာလောကံ ဒဿေန္တိ၊ ဧဝံ မဟာနုဘာဝါ။ (သုတ်မဟာဝါ မဟာပဒါနသုတ်အဋ္ဌကထာ, ဥပရိပဏ္ဏာသ အဿရိယဗ္ဘုတသုတ်အဋ္ဌကထာ, စတုက္က-အင်္ဂုတ္တရအဋ္ဌကထာ၊)

စန္ဒသူရိယဂတိဒီပနီကျမ်းဌာကား တမျက်နှာတမျက်နှာ၌ ယူဇနာကိုးသိန်းနှစ်ထောင့်ငါးရာ့ရှစ်ဆယ့်ခုနစ်ယူဇနာနှစ်ဂါဝုတ်တိုင်အောင် ထွန်းတောက်ပနိုင်သည်ဟူ၏။

ဧကေကာယ။ပ။ဿာနီတိ ဇမ္ဗုံ သုဓါဝမောဓနတ္တံ စက္ကဝါဠသဉ္ဇာ-မဏ္ဍလံ စတုဘာဂံ ကတွာ ဒွိသဟဿံ ပဉ္စသတဉ္စ သတ္တာသီတိ ယောဇနာနိ ဒွေဂါဝုတာနိ စ အဓိကမူနံ ဝါ ဂဏနုပဂံ န ဟောတီတိ ဉာယာယ ဆဒ္ဒေတွာ ဝုတ္တံ၊ တေဟိ စက္ကဝါဠပရိယန္တေ ပိဒြိဘာ-သကရဏတော ဧကေကာယ ဒိသာယ နဝ သတသဟဿာနိ ဒွေသ-ဟဿာနိ ပဉ္စသတာနိ သတ္တာသီတိ ယောဇနာနိ ဒွေဂါဝုတာနိ စ၊ အန္ဓကာရံ ဝိဓမေတွာ အာလောကံ ဒဿေန္တီတိ၊ (စန္ဒသူရိယဂတိ-ဒီပနီကျမ်း၊)

---

## ကပ်ဆိုက်သော သူတို့လားရာဂတိ

၈၈။ အဋ္ဌာသီတိပုစ္ဆာ။ ။ဒုဗ္ဘိက္ခန်သတ္တ၊ ရောဂန္တရကပ် သုံးသွယ်။ ။မလွတ်သူပါရှာကြ၊ များလှကြီးငယ်။ ။သတ္တဝါ မှတ်သမိုင်း

ပါတဲ့၊ ကပ်ပိုင်းတဲ့အန္တရာယ်၊ လူ့ဘွာန့်ဝယ်သဘော။ ။မြတ်ဘုန်းလူ၊ ထိုကပ်တွင်ပါသည့်သူတို့၊ ဘယ်သည့်လူဘယ်ဂတိမှာ၊ များရှာဘိသော။ ။

ဂဂ။ အဋ္ဌာသီတိဝိသဇ္ဇနာ။ ။ဒုဗ္ဘိက္ခန်သတ္ထ၊ ရောဂန္တရကပ် သုံးသွယ်။ ။မလွတ်သူပါရှာကြ၊ များလှကြီးငယ်။ ။ဒုဗ္ဘိက္ခန်ကပ်တွင် ပြိုသူတို့၊ ဘုံပေတ္တိသန္ဓေတွယ်၊ သတ္ထန္တရာယ်ငြေ။ ။မှတ်တော်မူ၊ ရောဂါတွင်ပါသူတို့၊ စိတ်ကြည်ဖြူမေတ္တာပွါးလို့၊ ထက်နတ်ပြည် ဝတိန့်ဖျားမှာ၊ များကြစမြဲ။ ။

အန္တရကပ္ပေါ စ နာမေသ ဒုဗ္ဘိက္ခန္တရကပ္ပေါ ရောဂန္တရကပ္ပေါ သတ္ထန္တရကပ္ပေါတိ တိဝိဓော။ တတ္ထ လောဘုဿဒါယ ပဇာယ- ဒုဗ္ဘိက္ခန္တရကပ္ပေါ ဟောတိ၊ မောဟုဿဒါယ ရောဂန္တရကပ္ပေါ၊ ဒေါသုဿဒါယ သတ္ထန္တရကပ္ပေါ။ တတ္ထ ဒုဗ္ဘိက္ခန္တရကပ္ပေန နဋ္ဌာ ယေဘုယျေန ပေတ္တိဝိသယေ ဥပ္ပဇ္ဇန္တိ၊ ကသ္မာ အာဟာရနိကန္တိယာ ဗလ- ဝတ္တာ။ ရောဂန္တရကပ္ပေန နဋ္ဌာ ယေဘုယျေန သဂ္ဂေ နိဗ္ဗတ္တန္တိ၊ ကသ္မာ တေသဉ္ဟိ အဟောဝတ ညေသံ သတ္တာနံ ဧဝရူပေါ ရောဂေါ န ဘဝေယျာတိ မေတ္တစိတ္တံ ဥပ္ပဇ္ဇတီတိ။ သတ္ထန္တရကပ္ပေန နဋ္ဌာ ယေဘု- ယျေန နိရယေ ဥပပဇ္ဇန္တိ။ ကသ္မာ အညမညံ ဗလဝါဃာတတာယ။ (သုတ်ပါထေယျဝဏ္ဏနာစက္ကဝတ္တိသုတ်အဋ္ဌကထာ။)

---

## ဝေဠုဝန်ကျောင်းနှင့်ရာဇဂြိုဟ်မြို့တည်နေပုံ

ဂ၉။ ကော့နနဝုတိပုစ္ဆာ။ ။ဝေဠုဝန်၊ ပွေတုလွှန် ရွှေမျှ မောင်းပါတဲ့၊ စံကျောင်းတော်ကြီး။ ။သာနဂိုရ်၊ ကိုးကုဋေ အိမ် ခြေခိုတဲ့၊ ရာဇဂြိုဟ်ရွှေပြည်မြတ်ကယ်က၊ ဘယ်ရပ်ဘယ်ဒိသာနှင့်၊ ဘယ် သိမ်မှာမိန့်ပါအုံ့မယ်၊ ကျမ်းနှံ့လူကြီး။ ။

ဂ၉။ ကော့နနဝုတိဝိသဇ္ဇနာ။ ။နန္ဒဝန်၊ စံမလွှန် ပုံတူပြုလို့၊ ဝေဠု ဝန်ခေါ်သမိုက်ပါတဲ့၊ ရွှေတိုက်တော်ကြီး။ ။သာနဂိုရ်၊ ငါးလုံးတောင် ညိုညိုနှင့်၊ ရာဇဂြိုဟ်ရွှေပြည်မြတ်ကယ်က၊ အဂ္ဂိနေဆိုသည့်ရပ်မှာ၊ စွဲမှတ် အပြီး။ ။

ရမ္မံ ဝေဠုဝနံ ယေန၊ န ဒိဋ္ဌံ သုဂတာလယံ။
န တေန နန္ဒနံ ဒိဋ္ဌံ၊ ဣတိ မညာမသေ မယံ။ ။

ယေန ဝေဠုဝနံ ဒိဋ္ဌံ၊ နရနန္ဒနနန္ဒနံ။
သုဒိဋ္ဌံ နန္ဒနံ တေန၊ အမရိန္ဒ သုနန္ဒနံ။ ။

ဝိဟာယ နန္ဒနံ ဒေဝါ၊ ဩတရိတွာ မဟီတလံ။
ရမ္မံ ဝေဠုဝနံ ဒိသွာ၊ န တပ္ပန္တိ သုဝိမှိတာ။ ။

(ခေမာထေရီအပဒါန်ပါဠိတော်၊ နန္ဒဝန်စံမလွန်ပုံတူပြကြောင်း။)

ဧဝံ မေ သုတံ ဧကံ သမယံ ဘဂဝါ ရာဇဂဟေ ဝိဟရတိ ဝေဠု-ဝနေ ကလန္ဒကနိဝါပေ။ အထခေါ အာယသ္မာ သာရိပုတ္တော ပုဗ္ဗဏှ-သမယံ နိဝါသေတွာ။ ပ။ ယံနူနာဟံ ယေန အညတိတ္ထိယာနံ ပရိဗ္ဗာဇ-ကာနံ အာရာမော၊ တေနုပသင်္ကမေယျန္တိ။ (နိဒါနဝဂ္ဂသံယုတ် ပါဠိတော်။)

ပရိဗ္ဗာဇကာနံ အာရာမောတိ သော ကိရ ရာမော ဒက္ခိဏဒွါရေသဲ့ ဝေဠုဝနဿ စ အန္တရေ အဟောသိ။ (ပုဏ်းအဋ္ဌကထာ။)

၍အဋ္ဌကထာ၌ ဒက္ခိဏဒွါရဿ ဝေဠုဝနဿ စ အန္တရေ အဟောသိ ဟူသော်လည်း တောင်ဖူးရူးမဟုတ်တဟ်၊ အရှေ့သို့စဉ်းငယ်ယွန်းသည်ဟု မှတ်ပါ။

---

အစဉ်းဖွဲ့ပညတ်သော သိက္ခာနှင့် ဌာန

၉၀။ နဝုတိပုစ္ဆာ။ ။ပညတ်ရာဌာန၊ တိုင်းသာလှခုနစ်ဆူ။ ။ ဘယ်တိုင်းတွင်အလျှင်စပါလို့၊သယ်သိက္ခာသည်ပဒ၊ ဆိုးမတော်မူ။ ။ ဝါရိတာနုညတယ်တို့၊ ဘယ်ဟာကအစပြု၊ လွယ်တကူမနှေး။ ။ငါး ကျမ်းငယ်ကြေ၊ သင်္ဂြိုးအကုန်ချေဟဲ့၊ ဂုဏ်မဟောရှေ့ကိုယ်ကြော့၊ ဘုန်း မော့ဖြေရေး။ ။

၉၀။ နဝုတိဝိသဇ္ဇနာ။ ။ပညတ်ရာနဂရ၊ တိုင်းသာလှ ခုနစ် ဌာ။ ။မြို့ကြီးရာဇဂြိုဟ်ဟု၊ သာနဂိုရ်ရှေ့ပြည်မြတ်မှာ၊ ပညတ်စွာ။ ။ ဝါရိတာနုညာတတွင်ဖြင့်၊ နုညာတအစပြု၊ မှတ်စရာတသီး။ ။သင်္ဂြိုး ကိုချေ၊ ငါးကျမ်းအကုန်မွေတဲ့၊ ဂုဏ်မဟောညီခင်ကြော့၊ မှတ်တော့ အပြီး။ ။

ဝေသာလိယာ ရာဇဂဟေ၊ သာဝတ္ထိယာ စ အာဠဝိ။
ကောသမ္ဗိယာ စ သက္ကေသု၊ ဘဂ္ဂေသု စေဝ ပညတ္တာ။ ။

ဟူ၍လာသော ပရိဝါပါဠိတော်နှင့်အညီ ပညတ်ရာဌာန ခုနစ်ပါးတို့တွင် ရာဇဂြိုဟ်ပြည်၌ "အနုဇာနာမိ ဘိက္ခဝေ အာရာမံ" ဟူ၍ အနုညာတ သိက္ခာ ပုဒ်ကို ရှေးဦးအစပညတ်တော်မူသည်။

မြတ်စွာဘုရား ရှင်တော်ဗာရာဏသီ၌ နေတော်မူစဉ် ရဟန်းတို့ကို "စရထ-ဘိက္ခဝေ စာရိကံ" စသည်ဖြင့် ဒေသစာရီလွှတ်တော်မူပြီးလျှင်–

အနုဇာနာမိ ဘိက္ခဝေ တုမှေ၀ ဒါနိ တာသု တာသု ဒိသာသု
တေသု တေသု ဇနပဒေသု ပဗ္ဗာဇေထ ဥပသမ္ပာဒေထ။

ဟူ၍ ပဗ္ဗဇ္ဇာဥပသမ္ပဒါကို ရှေးဦးစွာပညတ်တော်မူသည် မဟုတ်လော ဟူငြား အံ့၊ မဟုသင့်၊ အဘယ့်ကြောင့်နည်း၊ ဗာရာဏသီ၏ ပညတ်ရာဌာနသို့ မဝင် သောကြောင့် တိုင်းတပါး၌ ပညတ်သော ပဗ္ဗဇ္ဇာဥပသမ္ပဒကို ရှေးဦးစွာ ပဗ္ဗဇ္ဇာ ခန္ဓက၌ ပြလို၍ ဤအရာဌာန၌ သွင်းထား၏ခြင်းဖြစ်သောကြောင့်တည်း။

ထိုစကားမှန်၏၊ မြတ်စွာဘုရား ဗာရာဏသီပြည်၌ တန်ဆောင်မုန်းလပြည့် တိုင်အောင် နေတော်မူပြီး၍ တနေ့သ၌ ရဟန်းတို့ကိုခေါ်တော်မူ၍–

ပရထ ဘိက္ခဝေ စာရိကံ ။ပ။ မာ ဧကေန ဒွေ အဂမိတ္ထ ။ပ။ ဘဝိ-
ဿန္တိ ဓမ္မဿ အညာတာရော။

ဟူ၍ လွှတ်တော်မူပြီးလျှင်–

အဟံ ပိ ဘိက္ခဝေ ယေန ဥရုဝေဠာ ယေန သေနာ နိဂမော၊ တေ-
နုပသင်္ကမိဿာမိ ဓမ္မဒေသနာယ။

ဟု မိန့်ပြီး လျှင် ဥရုဝေဠသို့ ကြွတော်မူရာ လမ်းခရီးအကြား ကပ္ပါသိက တောအုပ်၌ တိံသဘဒ္ဒဝဂ္ဂီညီနောင်တို့ကို ဧဟိဘိက္ခုရဟန်းပြု၍ ဒေသစာရီ လွှတ်ပြီးလျှင် ကိုယ်တော်မြတ် ဥရုဝေဠသို့ကြွရောက်တော်မူ၍ သုံးလတိုင်အောင် နေပြီးလျှင် ဥရုဝေဠ ကဿပစသော ညီနောင်သုံးယောက် အမှူးရှိသော ရသေ့ တို့ကို ချေချွတ်တော်မူ၍ ဧဟိဘိက္ခုခေါ်သော ရဟန်းတထောင် ခြံရံလျက် ပြာသိုလပြည့်နေ့ ရာဇဂြိုဟ်ပြည်သို့ကြွရောက်တော်မူ၏၊ ဤအတွင်း တစုံ တ ယောက်သောရဟန်းမျှ ရှင်လောင်း-ပဉ္စင်းလောင်းတို့ကို ခေါ်ရောက်ခဲ့သည်မရှိ သေး၊ ထိုကြောင့် ဗာရာဏသီပြည်၌ပညတ်သောပညတ် မဟုတ်ဟုမှတ်သင့်သည်။

---

## ငါးရာငါးဆယ် ဇာတ်တော်ဖြစ်ရာ ကပ်ကမ္ဘာ

(၁) ဧကနဝုတိပုစ္ဆာ။ ။ယုတ်မြတ်တဲ့ကြီးငယ်။ ။တို့စိန္တေကျင်
လည်ရ၊ ငါးရာ့ငါးဆယ်။ ။နိပါတ်လာဘဝပေါင်းငယ်တို့၊ လောင်း
ဇာတိဖြစ်တော်ကျူယ်၊ မြစ်ပင်လယ်တနှုန်း။ ။ဇာတ်များစွာ၊ ဘယ်
ကပ်ဘယ်ကမ္ဘာ၌၊ သည်ငါးရာကိုယ်တော်ဖြစ်တယ်လို့၊ သနစ်ကုန်ရှေ့
စာစုပါ၊ ကျမ်းပြုတဲ့ ဘုန်း။ ။

(၁) ဧကနဝုတိဝိသဇ္ဇနာ။ ။ယုတ်မြတ်တဲ့ကြီးငယ်။ ။တို့စိန္တေကျင်
လည်ရ၊ ငါးရာ့ငါးဆယ်။ ။နိပါတ်လာဘဝပေါင်းငယ်တို့၊ လောင်း
ဇာတိဖြစ်တော်ကျူယ်၊ အံ့ဩဘွယ်သရဲ။ ။ငါးဇာတ်သာ၊ ရှေးကပ်

ဟိုကမ္ဘာ၌၊ တို့မြတ်စွာကိုယ်တော်ဖြစ်သည်ပ၊ ကြွင်းသေသာ ဤကမ္ဘာ ခေတ်မှာတဲ့၊ သနစ်ကုန်ရွှေစာစုလိုက်တယ်၊ ကျမ်းပြုပေဘဲ။ ။

ဤ၌ငါးရာ့ငါးဆယ်ဟူသော်လည်း "အပ္ပကံ ဦနမဓိကံ ဝါ ဂဏနုပဂံ န ဟောတိ" ဟူသောပါဠိနှင့်အညီ အနည်းငယ်မျှ အယုတ်အလွန်ကိုပမာဏမပြု၍ဆိုသောစကားမျှသာဖြစ်သည်၊ ဇာတ်တော်တို့ကား–ငါးရာ့ငါးဆယ်မရှိ၊ ငါးရာ့လေးဆယ့်ခုနစ်ဇာတ်သာရှိသည်၊ ထိုစကားမှန်၏။

၁။ ဧကနိပါတ်၌ဇာတ်ပေါင်း၁၅၀၊ ၁၂။ ဒွါဒသက၌ ၁၀၊
၂။ ဒုကနိပါတ်၌ ၁၀၀၊ ၁၃။ တေရသ၌လည်း ၁၀၊
၃။ တိက၌ ၅၀၊ ၁၄။ ပကိဏ္ဏက၌ ၁၃၊
၄။ စတုက၌လည်း ၅၀၊ ၁၅။ ဝီသတိ၌ ၁၄၊
၅။ ပဉ္စက၌ ၂၅၊ ၁၆။ တိံသ၌ ၁၀၊
၆။ ဆက္က၌ ၂၀၊ ၁၇။ စတ္တာလီသ၌ ၅၊
၇။ သတ္တ၌ ၂၁၊ ၁၈။ ပဏ္ဏာသ၌ ၃၊
၈။ အဋ္ဌနိပါတ်၌ ၁၀၊ ၁၉။ သဋ္ဌိ၌ ၂၊
၉။ နဝနိပါတ်၌ ၁၂၊ ၂၀။ သတ္တတိ၌လည်း ၂၊
၁၀။ ဒသနိပါတ်၌ ၁၆၊ ၂၁။အသီတိ၌ ၅၊
၁၁။ ဧကာဒသ၌ ၉၊ ၂၂။ မဟာနိပါတ်၌ ၁၀။

ဤသို့လျှင် ဇာတ်တော်ပေါင်း ၅၄၇-ဇာတ်သာရှိသည်။ ။ထိုဇာတ်တို့တွင်-

၁။ ဧကနိပါတ်၌သေရိဝ ဝါဏိဇ္ဇဇာတ်၊
၂။ လောမဟံသနဇာတ်၊
၃။ ဒုကနိပါတ်၌အရကဇာတ်၊
၄။ စတုကနိပါတ်၌ ကေသဝဇာတ်၊
၅။ သတ္တနိပါတ်၌ ဗကဗြဟ္မာဇာတ်။

ဤငါးဇာတ်သာ ရှေးကမ္ဘာ၌ဖြစ်သည်၊ ကြွင်းသေ ဇာတ်တို့ကား-ဤကမ္ဘာ၌သာဖြစ်ကုန်၏၊ ထိုစကားမှန်၏၊ ဇာတ်အဋ္ဌကထာတွင် ဤကမ္ဘာ၌ဖြစ်သော ဇာတ်ကိုဆိုရာ "အတီတေဗာရာဏသိယံ" စသည်ဖြင့် သာမညချည်းဆိုတော်မူသည်၊ ရှေးကမ္ဘာ၌ဖြစ်သောဇာတ်ကိုဆိုရာ ကပ်ကမ္ဘာကာလ ဝိသေသကို မှတ်၍ဆိုတော်မူသည်။ ။ထို့ကြောင့် ဧကနိပါတ်သေရိဝ ဝါဏိဇ္ဇဇာတ်၌-

အတီတေ ဣတော ပဉ္စမေ ကပ္ပေ ဗော ဓိသတ္တော သေရိဝရဋ္ဌေ ကစ္ဆပုဋ္ဌဝါဏိဇ္ဇောအဟောသိ၊

ဟု မိန့်လေသည်၊ လောမဟံသနဇာတ်၌လည်း–

အတီတေ ကောနဂုတိ ကပ္ပမတ္တကေ ဗောဓိသတ္တော ဗာဟိရကံ တပံ ဝိမံသိဿာမီတိ အာဇီဝကပဗ္ဗဇ္ဇံ ပဗ္ဗဇိတွာ အစေဠကော အဟောသိ။

ဟု မိန့်လေသည်၊ ဒုကနိပါတ်အရကဇာတ်၌—

ပေါရာဏကပဏ္ဍိတာ ပိ သတ္တဝဿာနိ မေတ္တံ ဘာဝေတွာ သတ္တ သံဝဋ္ဋဝိဝဋ္ဋကပ္ပေ ဗြဟ္မာလောကသ္မိံယေဝ ဝသိံသုတိ ဝတွာ အတီ-တံအာဟရိ။ အတီတေ ကေသ္မိံကပ္ပေ ဗောဓိသတ္တော ဗြာဟ္မဏကုလေ နိဗ္ဗတ္တိတွာ။ ဟူ၍ရှင်း၊ ဇာတ်နိဂုံး၌လည်း- ဧဝံဗောဓိသတ္တော။ပ။ အပရိဟိနဇ္ဈာနော၊ ဗြဟ္မလောကေ နိဗ္ဗတ္တိတွာ သတ္တ သံဝဋ္ဋဝိဝဋ္ဋကပ္ပေ န ဣမံ လောကံ ပုန အာဂမာသိ။

ဟု မိန့်လေသည်၊ စတုက္ကနိပါတ်၌ ကေသဝဇာတ်, သတ္တနိပါတ်၌ ဗကဇာတ်တို့ကို ဗကာဗြဟ္မာမဖြစ်ခင်ဖြစ်သော ဇာတ်ဖြစ်သောကြောင့် ရှေးကမ္ဘာ၌ ဖြစ်သောဇာတ်ဟူ၍ မှတ်လေ၊ ။ထို့ကြောင့် သတ္တနိပါက် ဗကဗြဟ္မာဇာတ်၌—

ဟောင္ဃပဗ္ဗတ္တိကော ကိရေသ ဗြဟ္မာ ပုဗ္ဗေ ဈာနံ ဘာဝေတွာ ဝေဟပ္ဖလေသု နိဗ္ဗတ္တော၊ တတ္ထ ပဉ္စကပ္ပသတပရိမာဏံ အာယုံ ခေပေတွာ သုဘကိဏှေသု နိဗ္ဗတ္တိတွာ စတုသဋ္ဌိကပ္ပံ ခေပေတွာ တ-တော စုတော အဋ္ဌ ကပ္ပါယုကေသု အာဘဿရေသု နိဗ္ဗတ္တိ၊ တတြဿ သော ဒိဋ္ဌိ ဥပ္ပဇ္ဇိ၊ သော ဟိ နေဝ ဥပရိ ဗြဟ္မလောကတော စုတိံ န တတ္ထ ဥပပတ္တိံ အနုဿရိ၊ တဒုဘယမ္ပိ အပဿန္တော ဧဝံဒိဋ္ဌိံ ဂဏှိ။

ဟူ၍ရှင်း—

ကပ္ပေါ စ တေ ပဒ္ဓစရေ အဟောသိံ၊
သမ္ဗုဒ္ဓိမန္တံ ဝတိနံ အမညိ၊
တံ တေ ပုရာဏံ ဝတ သီလဝတ္တံ၊
သုတ္တပ္ပဗုဒ္ဓေါ ဝ အနုဿရာမိ တိ၊ ။

ပဒ္ဓစရောတိ အန္တေဝါသိကော။ သမ္ဗုဒ္ဓိမန္တံ ဝတိနံ အမညန္တိဗုဒ္ဓိ-သမ္ပန္နော စေဝ ဝတသမ္ပန္နော စ။ တာပသောတိ တံ မညမာနော၊ ဣမိနာ ကိံ ဒဿေတိ၊ မဟာဗြဟ္မေ အဟံ အတီတေ တဝ ကေသဝတာပသ-ကာလေ ကပ္ပေါ နာမ အန္တေဝါသိကော၊ ဝေယျာဝစ္စကရော ဟုတွာ တုယှံ နာရဒေန နာမ အမစ္စေန ဗာရာဏသိတော ဟိမဝန္တံ အာနီ-တဿ ရောဂံ ဝူပသမေသိံ။

ဟူ၍ရှင်း မိန့်ဆိုလေသည်၊

စတုကနိပါတ်၌လည်း ကေသဝေါ ဗကဗြဟ္မာ၊ ကပ္ပေါ ပနာဟ မေဝါတိ-ဟု ဇာတ်ပေါင်းတော်မူ၏၊ ။ဗြဟ္မသံယုတ်အဋ္ဌကထာ၌လည်း ''ဟောင္ဃပဗ္ဗတ္တိ-ကော ကိရေသ ဗြဟ္မာ''စသည်ဖြင့် ယခင်စကားအတိုင်းလာ၏၊

## ဇာတ်တော်လာမြေခွေး,ဆိတ်,သမင်တို့ လူစကား ပြောရာ၌ယုံသင့်-မယုံသင့်

၉၂။ ဒွေနဝုတိပုစ္ဆာ။ ။အလူးတဲ့ထွေလာ။ ။လောင်းတော်သာ မဟုတ်သေးပါဘူး၊မြေခွေးဆိတ်ဖြူအိုတို့၊ လိပ်လူလိုဘာသာတတ်သည် ဟု၊ကျမ်းနိပါတ်မှာ။ ။မကြိုတောင်းကိုလှ၊ ယုံကောင်းမှယုံချင်ပါ၊ ကျမ်းဆရာညီထွေး။ ။မဝေဘန်၊ အဋ္ဌကထာသီကာချန်တဲ့၊ ဋီကာကျန် ဓိပ္ပါယ်ကြွင်းကိုလ၊ ထင်လင်းစွာအာဂုံဆောင်လို့၊ ယုံသာအောင် တညာဏ်ဆန်းတယ်၊ ဂဏ္ဍိသစ်ရေး။ ။

၉၂။ ဒွေနဝုတိဝိသဇ္ဇနာ။ ။အလူးတဲ့ထွေလာ၊ လောင်းတော် သာမဟုတ်သေးပေဘူး၊ မြေခွေး,ဆိတ်,သမင်တို့၊ များစွာပင်လူလို ပြောသည်ဟု၊ ကျမ်းဟောပေပါ။ ။သိန်းကုဋေနှစ်လွန်ကျူးခါမှ၊မဖြစ် ဘူးဖြစ်ပေါ်လာ၊အဗ္ဘုတာဓမ္မော။ ။အစိန္တေယျာ၊လောကတံထွာမို့၊ ရံတခါဖြစ်သင့်ကြောင်းကိုလ၊ ကျမ်းဟောင်းဘော်မဘွင့်ပြီဘူး၊ မျက် မြင်ကိုရှေ့ညာဏ်ချင့်ပါတော့၊ ယုံသင့်အောင်တညာဏ်ဆန်းလိုက်၊ တယ် ဂဏ္ဍိသဘော။ ။

၌မြေခွေး, ဆိတ်,သမင်စသည်တို့ လူ့ဘာသာပြောသည်ဟု ကျမ်းနိပါတ် လာသည်ကား နှစ်ပေါင်း ကုဋေသိန်း,သန်းမက လွန်မှ တရံတဆစ်မဖြစ်ဘူးမြဲ ဖြစ်သော အစ္ဆရိယအဗ္ဘုတဓမ္မ၏ အစွမ်းအားဖြင့် ဖြစ်သည်၊ အစဉ်မပြတ် ဇာတ်နိပါတ်တိုင်းပြောဆိုသည်မဟုတ်၊ထို့ကြောင့် သုဝဏ္ဏမိဂဇာတ်၌–

န မေ ဒိဋ္ဌံ ဝါ သုတံ ဝါ၊ ဘာသန္တိံ မာနုသိံ မိဂိံ။
တွဉ္စ ဘဒ္ဒေ သုခီ ဟောဟိ၊ ဧသော စာ ပိ မဟာ မိဂေါ။ ။

ဟူ၍၎င်း၊ မဟာဟံသဇာတ်၌လည်း–

န မေ သုတံ ဝါ ဒိဋ္ဌံ ဝါ၊ ဘာသန္တော မာနုသိံ ဒိဇော။
အရိယံ ဗြုဝါနော ဝက္ကင်္ဂေါ၊ စဇန္တော မာနုသိံ ဂိရံ။ ။

ဟူ၍၎င်း အစ္ဆရိယဖြစ်ကြောင်းကိုလာသည်၊ ဤသို့ တရံတဆစ် ဖြစ်ခြင်း သည်လည်း အစိန္တေယျလောကသဘောအားဖြင့် ဖြစ်သင့်သည်ပင်၊ ဤသို့ဖြစ်ခြင်း သည်လည်း ရှေးကသာမဟုတ်ပါ။

ယခုကာလ၌လည်း အနောက်ပြည် စစ်တကောင်းမြို့နယ် မဒိချောင်းအနီး တည်နေ၍ မဒိချောင်းဟု ခေါ်တွင်သောရွာ၌ ကျီးကန်း လူ့ဘာသာစကား ပြောသည်ကို ကိုယ်တိုင်ဆတ်ဆတ်ကြားခဲ့ မြင်ခဲ့ တွေ့ခဲ့ကြောင်းကို ရခိုင်ပြည်

သား လင်္ကာပေသလသိင်္ကာကာမဖြစ်သော ဇာဂရအမည်ရှိသော ရဟန်းတပါး ပြောရှဲကြားသိရသည်၊ ဤသို့မျက်မြင်ကို ဉာဏ်ဆင်ခြင်ထောက်ချင့်၍ ယုံသင့်လှပေတော့သည် အဆွေ။

---

## တိမ်တေ-လေကော်, လျှပ်စစ်ပဏ္ဍေး, မိုဃ်းသံဒွေး ယူဇနာ အကွာအဝေး

၉၃။ တေနပုတိပုစ္ဆာ။ ။ခိုဃ်းဝလာတိမ်ညွန့်၊ ထိန်ကွန့်တဲ့ လျှပ်ခြည်။ ။ရာဟုလေဝရှဏ်တို့၊ ရွှေပဏ္ဍုန်ဗုဏ္ဍန်မြူး၊ ကျူးတဲ့နတ်စည်။ ။ ဘယ်ယူဇနာကွာအလှမ်းငယ်က၊ ထင်စမ်းသိမဟာကြည်၊ တာရည်တော်မူစမ်း။ ။မျိုးလေးဖြာ၊နောက်သားနောင်စဉ်လာတို့၊တသညာ လက်ကသုံးငယ်၊ ...းပြုဘို့ကျမ်း။ ။

၉၃။ တေနပုတိဝိသဇ္ဇနာ။ ။မိုဃ်းဝလာတိမ်ညွန့်၊ ကာအခွန့် သုံးယူဇနာ၊ ဖြာကွန့်တဲ့လျှပ်ရောင်ဝါမှာ၊ ငါးယူဇနာကွာဝေး။ ။လေရာဟုရိမ္မုပြာ၊ယူဇနာခြားရပ်ကအေး။ ။ရွှေပဏ္ဍုန်ရင့်ကြွေး။ ။သံလေးနှက်ကြွက်စီ၊မာန်သွေးလျက်မြည်ဟီ၊နတ်ဘေရီရိုက်ကျူး။ ။ဆယ်ရပ်မျှဒိသာကို၊ နှစ်ယူဇနာခန့်လောက်ကွန့်မြူး။ ။တာရည်ရာသည် အထူးကိုလ၊ ယုံဘူးလားဆွေမဟာ၊ကျမ်းဆတ်ဆတ်လာ။ ။ထုံးပြုလောက်ပါငဲ့၊နောင်လာနောက် မျိုးလေးဖြာငယ်၊တသညာသုံးရန်ဘို့လေး။ ။

ဝဋ္ဋဝါဒေတာနာမ ကိတ္တကံ ဌာနံ ဝါယတီတိ၊ယောဇနမတ္တံ အယျာ-တိ။ပ။မေဃသိသံနာမ ကိတ္တကေ ဌာနေ ပညာယတီတိ၊ တိယောဇနမတ္တေ အယျာတိ။ ဝိဇ္ဇုလတာနာမ ကိတ္တကေဌာနေ ပညာယတီတိ၊ စတုပဥ္စယောဇနမတ္တေ အယျာတိ၊မေဃသဒ္ဒေါ နာမ ကိတ္တကံဌာနံသုယျတီတိ၊ ဧကဒွိယောဇနမတ္တေအယျာတိ။ (ကေနိပါတ်အပဏ္ဏကဇာတ် အဋ္ဌကထာ။)

---

## အထက်, ဘီလာ လေးမြားသွားသည့်အခွန့်တာ

၉၄။ စတုနဝုတိပုစ္ဆာ။ ။ဗိုလ်ထထောင်ကွေးညွှတ်၊ လေးတမွတ်သံတိုင်၊ လွှတ်စံပြိုင်မာကျန်း။ ။ပစ်ရှာငယ်နှံ့၊ အထက်ကယ် ဘီလာပျံ့လို့၊ ဘယ်အပျံ့သာလို့ကွန့်မယ်၊ ထိုးတာခွန့်စမ်း။ ။

၉၄။ စတုနဝုတိဝိသဇ္ဇနာ။ ။ဗိုလ်တထောင်ကွေးညွတ်၊ လေးတမွတ်သံတိုင်၊ လွှတ်စံပြိုင်မာကျန်း။ ။ပစ်၍ငယ်နှံ့၊ ဘီလာပုံ နှစ်ဂါဝုတ်သာပ၊ ရှစ်ဥသဘထက်ကိုတိုးလို့၊ ဘီလာပုံ သာလွန်မိုးတယ်၊ ထိုး၏တာလမ်း။ ။

ပနာဒေါနာမ သောရာဇာ၊ ယဿ ယူပေါသုဝဏ္ဏယော။
တိရိယံ သောဠသုဗ္ဗေဓော၊ ဥဒ္ဓမာဟု သဟဿဓာ။ ။
(တိကနိပါတ်မဟာပနာဒဇာတ်။)

တဿယူပေါတိ ပါသာဒေါ၊ တိရိယံ သောဠသုဗ္ဗေဓောတိ ဝိတ္ထာရ-တောသောဠသ ကဏ္ဍပါတဝိတ္ထာရော အဟောသိ။ ဥဒ္ဓမာဟုသဟ-ဿဓာတိဥဗ္ဗေဓေန သဟဿကဏ္ဍဂမနမတ္တံဥစ္စော အဟု။ သဟဿ-ကဏ္ဍဂမနဂဏနာယ ပဉ္စဝီသတိယောဇနုပမာဏော ဟောတိ။ ဝိတ္ထာ-ရောပနဿ အဋ္ဌယောဇနမတ္တော။ (၎င်းအဋ္ဌကထာ။)

၎င်းသို့လာသော ပါဠိအဋ္ဌကထာတို့နှင့်အညီ ဘီလာအားဖြင့် မြားတဆယ့်ခြောက်ပစ်သည် ရှစ်ယူဇနာရှိသောကြောင့် မြားတပစ်လျှင် နှစ်ဂါဝုတ် သွားသည်၊ အထက်သို့ကား မြားအပစ်တထောင်မှ နှစ်ဆယ့်ငါးယူဇနာသာ ရှိသောကြောင့် မြားတပစ်သည် ရှစ်ဥသဘသာ အထက်သို့တက်နိုင်သည်၊ ထို့ကြောင့် ဘီလာပုံသာ၍ပြေးသည်ဟုမှတ်။

---

### အထက်, အောက်လေးမြားသွားသည့်အစွမ်းတာ

၉၅။ ပဉ္စနဝုတိပုစ္ဆာ။ ။ဆယ့်နှစ်နှစ် ါကျူးမှ၊ သာထူးလို့အောင်မြင်၊ ဗိုလ်ထောင်တင်သည်လေး။ ။ပစ်လွှတ်ခါ၊ စက်မြားငယ်ဝဇြာတို့၊ ဘယ်နှစ်တာတိုင်လို့ပေါက်အောင်၊ မြူးထက်အောက်ပြေး။ ။

၉၅။ ပဉ္စနဝုတိဝိသဇ္ဇနာ။ ။ဆယ့်နှစ်နှစ်ခါကျူးမှ၊ သာထူးလို့အောင်မြင်၊ ဗိုလ်ထောင်တင်ရွှေလေး။ ။ပစ်လွှတ်ခါ၊ စက်မြားငယ်ဝဇြာတို့၊ ရှစ်ဥသဘာထက်ကိုတက်လို့၊ တာနှစ်ဆယ်အောက်ကို သက်တယ်၊ မြူးကွန့်လျက်ပြေး။ ။

ဒဠှဓမ္မောတိဒဠှဓနုံ၊ ဥတ္တမပမာဏေန ဓနုနာ သမန္နာဂတော။ ဓနုဂ္ဂဟောတိ ဓနုအာစရိယော။ သိက္ခိတောတိ ဒွါဒသဝဿာနိ ဓနု-သိပ္ပံသိက္ခိတော။ ဟူသောစတုက္ကအင်္ဂုတ္တရအဋ္ဌကထာ။

ဒဠှဓမ္မာဓနုဂ္ဂဟာတိ ဒဠှဓနုနော ဉာဿသာ၊ ဒဠှဓနုနာမ ဒွိသ-ဟဿထာမံ ဝုစ္စတိ။ ဒွိသဟဿထာမံနာမ တဿ အာရောပိတဿ

ဗိယာ ဗန္ဓော လောဟသိသာဒီနံ ဘာရော ဒဠှော ဂဟေတွာယာဝ-
ကပ္ပမာဏာဥက္ခိတ္တသ ပထဝိတော မုစ္စတိ။ သိက္ခိတာတိ ဒသဒွါဒ-
သဝဿာနိ အာစရိယကုလေ ဥဂ္ဂဟိတသိပ္ပါ။

ဟူသောနိဒ္ဒေသနံယုတ် အဋ္ဌကထာတို့ဖြင့် ဗိုလ်ထောင်တင်လေး၏၊ ဆယ့်နှစ်နှစ်ခါကျူးမှ သာထူးလို့အောင် မြင်ကြောင်းကို သိရာ၏။ ။အထက်သို့ ရှစ်ဥသဘ တက်ကြောင်း,အောက်သို့တာနှစ်ဆယ်သက်ကြောင်းကို ယခင်ဆိုခဲ့ပြီးသော မဟာပနာဒဇာတ်ဖြင့်ရင်း—

မဟာသတ္တော ဝါလိကာသကဋ္ဌံပိ ပလာလသကဋ္ဌံပိ ဝိနိဝိဇ္ဈိတွာ
ဥဒကေ ကေသဘာပမာဏံ ကဏ္ဍံ ပေသေသိ၊ ထလေ အဋ္ဌ ဥသဘ-
ပမာဏံ။

ဟူသော ဗုဒ္ဓဝင်အဋ္ဌကထာ၊ ဇိနာလင်္ကာရ ဋီကာပါဠိတို့ဖြင့်ရင်း မှတ်အပ်၏။

သတ္တုဟတ္ထော မတော ဒဏ္ဍော၊ ဒဏ္ဍော ဝီသတိ ဥသဘံ။

ဟူရကား တဥ သဘ တာနှစ်ဆယ်တည်း၊ သရဘင်္ဂဇာတ် အဋ္ဌကထာ၌ကား—

ဥဒကေ ဧတုဥသဘံ၊ ထလေ အဋ္ဌ ဥသဘဋ္ဌာနံ ကဏ္ဍံ ပေသေသိ။

ဟု ပါဠိရှိ၏။

## ဝိပဿနာဉာဏ် ၁၀-ပါး ရှုပုံကွဲပြားခြင်း

၃၆။ ဆနဝုတိပုစ္ဆာ။ ။ဝိပဿနာဉာဏ်ဆယ်ဆတို့၊ ဗျာပါရဖြစ်မတူ၊ ဘယ်မူ၍ပုံခြား။ ။လက္ခဏာ၊ သုံးပါးငယ်ယဉ်သာမှ၊မယှဉ်ပါအာရုံလွဲ၊ ကွဲကြလို့လား။ ။

၃၆။ ဆနဝုတိဝိသဇ္ဇနာ။ ။ဝိပဿနာဉာဏ်ဆယ်ဆငယ်တို့၊ဗျာပါရဖြစ်မတူ၊ သည်မူလို့ပုံကွဲ။ ။လက္ခဏာ၊ သုံးပါးငယ်ယဉ်သာတို့၊ ယှဉ်ပါသော်ရှုပုံပြား၊ ခြားကြလို့ဘဲ။ ။

ဝိပဿနာဉာဏ်တို့သည် လက္ခဏတ္တယသမ္မသနကိစ္စအားဖြင့် လက္ခဏာယဉ်သုံးပါးနှင့်ယှဉ်ကြသည်ချည်း၊ သို့ပင်ယှဉ်သော်သည်း ရှုဆင်ခြင်ပုံကွဲကြသောကြောင့် ဗျာပါရမတူဖြစ်သည်။

တံ ဟိ ပုရိမာနံ အဋ္ဌန္နံ ဝိပဿနာဉာဏာနံ တထကိစ္စတာယ
အနုလောမေတိ။ (ဝိသုဒ္ဓိမဂ်။)

သမ္မာပိ ဝိပဿနာ လက္ခဏတ္တယသမ္မသနကိစ္စာဝ၊ဣဒံ တထေဝါတိ
ဝုတ္တံ ''တထကိစ္စတာယာ''တိ။ (ဂဏ္ဌိဋီကာ။)

ဝိပဿနာဉာဏ်ဆယ်ပါးတို့တွင် သမ္မသနဉာဏ်သည် ကာလသုံးပါး၌ဖြစ်သော သင်္ခါရတရားတို့ကို ကလာပ်အားဖြင့်၎င်း, အနုပဒအားဖြင့်၎င်း အနိစ္စ, ဒုက္ခ,အနတ္တ ဟူ၍သုံးသပ်ခြင်းမျှသာဖြစ်သည်၊ ဥဒယဗ္ဗယဉာဏ်သည် ပစ္စုပ္ပန်ခန္ဓာတို့၌ ပစ္စယတောဥဒယဗ္ဗယကို၎င်း၊ နိဗ္ဗတ္တိလက္ခဏာဟု ဆိုအပ်သော ဥဒယကို၎င်း၊ ဝိပရိဏာမလက္ခဏာဟု ဆိုအပ်သောဝယကို၎င်း ရှုခြင်းမျှဖြစ်သည်၊ဤသို့ စသောနည်းဖြင့်–

ခန္ဓာနံ ဥဒယဉ္စ ဝယဉ္စ ဇာနနကံ ဥဒယဗ္ဗယဉာဏံ၊ ဥဒယံ မုဥ္စိတွာ ဘင်္ဂမတ္တာနုပေက္ခကံ ဘင်္ဂဉာဏံ၊ ဘင်္ဂဝသေန ဥပဋ္ဌိတာနံ သီဟာဒီနံ ဝိယ ဘာယိတဗ္ဗာကာရာနုပေက္ခကံ ဘယဉာဏံ၊ တထာနုပေက္ခိတာနံ အာဒိတ္တဃရေသု ဝိယ အာဒီနဝါကာရာနုပေက္ခကံ အာဒီနဝဉာဏံ၊ ဒိဋ္ဌာဒီနဝေသု နိဗ္ဗိန္ဒနဝသေန ပဝတ္တံ နိဗ္ဗိဒါဉာဏံ၊ ဇာလာဒိတော မစ္ဆာဒိကာ ဝိယ တေဟိ တေဘုမ္မကဓမ္မေဟိ မုစ္စိတုကာမတာဝသေန ပဝတ္တံ မုစ္စိတုကမျတာဉာဏံ၊ မုစ္စနုပါယသမ္ပာဒနတ္ထံ ဒိဋ္ဌာဒီနဝေသုပိ သမုဒ္ဒသကုဏိဝိယ ပုနပ္ပုနံ သမ္မသနဝသေန ပဝတ္တံ ပဋိသင်္ခါနုပဿနာဉာဏံ၊ စတ္တဘရိယော ဝိယ ပုရိသော ဒိဋ္ဌာဒီနဝေသု တေသု သင်္ခါရေသု ဥပေက္ခနာကာရပဝတ္တံ သင်္ခါရုပေက္ခာဉာဏံ၊ အနိစ္စာဒိလက္ခဏ- ဝိပဿနတာယ ဟေဋ္ဌာ ပဝတ္တာနံ အဋ္ဌန္နံ ဝိပဿနာဉာဏာနံ ဥဒ္ဓံ- မဂ္ဂက္ခဏေ အဓိဂန္တဗ္ဗာနံ သတ္တတိံသဗောဓိပက္ခိယဓမ္မာနဉ္စ အနု- လောမတော မဂ္ဂဝီထိယံ ဂေါတြဘုတော ပုဗ္ဗေ ပဝတ္တံ သစ္စာနုလော- မိကဉာဏသင်္ခါတံ နဝမံ အနုလောမဉာဏန္တိ၊

ဟူသော ဋီကာကျော်ပါဌ်ဖြင့်၊ရှုဆင်ခြင်ပုံ ကွဲလွဲထူးခြားဟန်ကိုမှတ်ရာ၏။ ။ ဤဋီကာ၌ အဋ္ဌန္နံဝိပဿနာဉာဏာနံ ဟူသည်ကား ဉာဏဒဿနဝိသုဒ္ဓိ၏ ပဋိပဒါဖြစ်သောဉာဏ်တို့ကိုသာရည်၍ ဆိုသည်။

---

### ကုဋေနှစ်သန်း,လေးသိန်းနေ့စဉ်သမာပတ်ဝင်စားပုံ

၉၇။ သတ္တနဝုတိပုစ္ဆာ။ ။နှစ်သန်းနှင့်လေးသိန်း၊ တွက်ကိန်းတဲ့ ကုဋေ။ ။နေ့တိုင်းမှန်အစဉ်ပ၊မြတ်ရှင်ပင်သမာပတ်၊မြဲမှတ်ဝင်ပေ။ ။ဘဲ့နှယ်ပုံဘယ်အခြင်းငယ်လို့၊ သစ်လင်းပ ဉာဏ်မဟေ၊ စိန်တွေတဲ့ စက်သွား။ ။သုတ်သုံးတန်၊ အဋ္ဌကထာဋီကာလှန်လို့၊ ရှေ့ဂန္ထနိဗ္ဗာ မြောက်အောင်၊ လမ်းပေါက်တဲ့ဖျား။ ။

၉၇။ သတ္တနဝုတိဝိသဇ္ဇနာ။ ။နှစ်သန်းနှင့် လေးသိန်း၊ ကိန်း ကောဋိသချာ။ ။နေ့တိုင်းမှန်အစဉ်ပ၊ မြတ်ရှင်ပင်သမာပတ်၊ မြဲ

မှတ်ဝင်ပါ။ ။ကရုဏာဖိုလ်ဖလငယ်နှင့်၊ ဒွါဒသမြတ်သမာ၊ ကေစိ ဝါနှစ်ပါး။ ။ပဋိစ္စေ၊ သမုပ္ပါဒင်္ဂ၌၊ သိန်းကုဋေရှစ်ဆန်လို့၊ နေ့စဉ်မှန်သမာပတ်ကို၊ အပရေဆရာမြတ်ကယ်က၊ နည်းမှတ်တခြား။ ။

စတုဝိသတိ။ ပ။ ဝဇိရ ဉာဏန္တိ ဧတ္ထ ကေစိ တာဝ အာဟု ဘဂဝါ ဒေဝသိကံ ဒွါဒသ ကောဋိသတ သဟဿေသု မဟာကရုဏာသမာပတ္တိံ သမာ ပဇ္ဇတိ၊ ဒွါဒသ ကောဋိသတသဟဿေသု မေဝ စ အရဟတ္တဖလသမာပတ္တိံ သမာပဇ္ဇတိ၊ တာသံ ပုရေစရံ သဟစရဉ္စ ဉာဏံ ပဋိပက္ခေဟိ အဘေဇ္ဇတံ မဟတ္တဉ္စ ဥပါဒါယ မဟာဝဇိရဉာဏံ နာမ၊ ဝုတ္တံ ဟေတံ ဘဂဝတာ "တထာဂတံ ဘိက္ခဝေ အရဟန္တံ သမ္မာသမ္ဗုဒ္ဓံ ဒွေဝိတက္ကာ ဗဟုလံ သမုဒါစရန္တိ ခေမော စ ဝိတက္ကော ပဝိဝေကော စ ဝိတက္ကော"တိ။ ခေမဝိတက္ကောဟိ ဘဂဝတော မဟာကရုဏာသမာပတ္တိံ ပုရေတွာ ဌိတော။ ပဝိဝေကဝိတက္ကော အရဟတ္တ ဖလသမာပတ္တိံ။ ဝုဒ္ဓါနံ ဟိ ဘဝင်္ဂပရိဝါသောလဟုကော၊ မတ္တကပ္ပတ္တော စ သမာပတ္တိသုဝသီဘာဝေါ၊ တသ္မာ သမာပဇ္ဇန ဝုဋ္ဌာနာနိ ကတိပယ စိတ္တက္ခဏေ ဟောဝ ဇာယန္တီတိ၊ (ဤကား၊ ကေစိဝါဒတရပ်။)

ပဉ္စရူပါဝစရ သမာပတ္တိယော၊ စတဿော အရူပ သမာပတ္တိယော အပ္ပမညာသမာပတ္တိယော သဒ္ဓိံ ဒသနိရောဓသမာပတ္တိ အရဟတ္တဖလသမာပတ္တိ စာတိ ဒွါဒသသမာပတ္တိယော၊ ဘဂဝါ ပစ္စေကံ ဒိဝသေဒိဝသေ ကောဋိ သတသဟဿေသု ပုရေဘတ္တံ သမာပဇ္ဇတိ၊ တထာ ပစ္ဆာဘတ္တန္တိ၊ ဧ သမာပဇ္ဇိတဗ္ဗသမာပတ္တိ သံစာရိတဉာဏံ မဟာဝဇိရဉာဏံ နာမာတိ ကေစိ။

ဤကား ကေစိဝါဒတရပ်၊ ဤနှစ်ရပ်တို့ကိုရည်၍ "ကရုဏာ ဖိုလ်ဖလငယ် နှင့်၊ ဒွါဒသမြတ်သမာ၊ ကေစိဝါနှစ်ပါး" ဟူသည်။

အပရေ ပန ယံတံဘဂဝတာ အဘိသမ္ဗောဓိဒိဝသေ ပစ္ဆိမယာမေ ပဋိစ္စသမုပ္ပါဒမုခေန ပဋိလောမနယေန ဇရာမရဏာတော ပဋ္ဌာယ ဉာဏံ ဩတာရေတွာ အနုပဒ ဓမ္မဝိပဿနံ အာရဘန္တေန ယထာနာမပုရိသော သုဝိဒုဂ္ဂမဟာဂဟဏံ မဟာဝနံ ဆိန္ဒန္တော အန္တရန္တရာနိသာနသိလာယံ ဖရသုံသုနိသိတံကရောတိ၊ ဧဝမေဝနိသာနသိလာ သဒိသိယော သမာပတ္တိယော အန္တရန္တရာ သမာပဇ္ဇိတွာ ဉာဏသတ္တံ တိက္ခ ဝိသဒသူရဘာဝံ သမ္ပာဒေတုံ အနုလောမပဋိလောမတောပစ္စေကံ ပဋိစ္စသမုပ္ပါဒင်္ဂဝသေန သမ္မသန္တော ဒိဝသေ ဒိဝသေ လက္ခကောဋိလက္ခကောဋိ ဖလသမာပတ္တိယောသမာပဇ္ဇတိ၊ တံ သန္ဓာယဝုတ္တံ၊ "စတုဝိသတိ။ ပ။ မဟာဝ-

ဇိရညာကံ နိဿာယာ''တိ။ (ဤကား အပရေဝါဒ၊ဤကိုရည်၍၊ပဋိစ္စေစ သောစကားကိုဆိုသည်။ ။သုတ်ပါထေယျ သံပသာဒနသုတ်ဋီကာ, သံယုတ်ဋီကာ။)

ဤတွင် သံယုတ်ဋီကာ၌ ''စတုဝိသတိ ကောဋိသတသဟဿသခ်ါ သမာ-ပတ္တိယော ပဝိသေတွာ'' ဟူသောပုဒ်ကိုဖွင့်၍၊ နိဂုံး၌လည်း ''တံ သန္ဓာယ ဝုတ္တံ စတုဝိသတိ ။ပ။ ပဝိသေတွာတိ'' ဟုဆို၏။ ။ဤဋီကာတို့၌ ခတ္တုံသဒ္ဒါ စသည်တို့ဖြင့် ဆိုသောကြောင့် ကုဋေနှစ်သန်းလေးသိန်း အခရအတွက် အကြိမ် စေ့အောင် ဝင်စားတော်မူသည်ဟု မှတ်ရမည်။

---

## ကုဋေသုံးသန်းခြောက်သိန်း ဝိပဿနာသုံးသစ်ပုံ

၉၈။ အဋ္ဌနဝုတိပုစ္ဆာ။ ။ခြောက်သိန်းနှင့်သုံးသန်း၊ ကိန်းဂဏန်း ကုဋေ၊ ။ဉာဏ်စက်ရှိန်ဝဇီရာလို့၊ ဝိပဿနာမြတ်စာရ၊ ကျမ်းပြအာ နေ။ ။သည်နည်းနာ ရှေ့နယကိုလ၊ ခွဲဝေပမဟာဆွေ၊ ကမ္မာဝေမ ဆုံး။ ။ဥဒါန်းငယ်စီ၊ မှော်ကွန်းအစဉ်၌ှိလို့၊ ကပ္ပဒ္ဒီ တဂုဏ်ပွင့်ပါလိမ့်၊ မိုယ်းယုန်မင်းထုံး။ ။

၉၈။ အဋ္ဌနဝုတိဝိသဇ္ဇနာ။ ။လောကဓာတ်တသောင်းမှာ၊ ခို အောင်းတဲ့သတ္တဝါ၊ သင်္ခါနဗဒ္ဓါငယ်၊ အဗဒ္ဓါနှစ်ပါး၊ သခ်ါရာ သည် တရားကိုလ၊ မှတ်သားဘွယ်အနေ။ ။သမ္မသနာ မြတ်စာရငယ်လို့၊ ကျမ်းဂန်ပြမြဲမှန်လှပေ။ ။ရုပ်နှင့်နာမ်သည်နှစ်ပါးကိုပ၊ ပိုင်းခြားလို့ ခွဲဝေ၊ နည်းထွေထွေကြံဆ၊ အနေကာဝေါကာရငယ်နှင့်၊ ဟောပြ သည်ခြင်းရာ။ ။လက္ခဏာယာဉ်သုံးပါး၊ တင်ထား[illegible] ရှုဆင်ခြင် သည်သာ။ ။သုံးသန်း ခြောက်သိန်းသချာမှာ၊ ကိန်းစဉ်လာကုန် ၄လို့၊ အနုပဒ မကျန်ကုန်စင်၊ သုံးသပ်သည်ပင်။ ။[illegible]န်းလိုက်ကဲ့ မိတ်ဆွေခင်ငယ်၊ မဟာဝင်နေ[illegible]င်ထွန်းစေဘို့လေး။ ။

> သမ္မသနစာရော စ နာမေတ္ထ ဝိပဿနာဘူမိ ဝေဒိတဗ္ဗာ၊သမ္မသနံ စရတိ ဧတ္ထာတိ သမ္မသနစာရောတိ ကတွာ၊ တတ္ထ ဒုဒ္ဒါနံ သမ္မသန-စာရော၊ဒသသဟဿလောကဓာတုယံ သတ္တသန္တာနဂတာ၊အနိန္ဒြိယ-ဗဒ္ဓါ စ သခ်ါရာတိ ဝဒန္တိ၊ ကောဋိသတသဟဿစက္ကဝါဠေသူတိ အပရေ။

ဟု မဟာဝါဠတေရသကဏ်ဋီကာ မိန့်အပ်သည်နှင့်အညီ လောကဓာတ် တသောင်း၌ရှိသော သတ္တသန္တာနဂတဖြစ်သော နာမ်ရုပ် အနိန္ဒြိယဗဒ္ဓရုပ်ဟူသမျှ

သည် မြတ်စွာဘုရား၏ သမ္မာသနစာရမည်၏၊ ထိုသမ္မာသနစာရ၌ ရုပ်နာမ်တရားတို့ကို ပိုင်းခြား၍ အနုပဒဓမ္မဝိပဿနာ၏အစွမ်းအားဖြင့် အကြွင်းမဲ့သခ်ါရတရားတို့၌ ကုဋေသုံးသန်းခြောက်သိန်း အရေအတွက် စေ့အောင်သုံးသပ်တော်မူသော ဝိပဿနာဉာဏ်တော်သည် မဟာဝဇီရဉာဏ်တော်မည်၏၊ ထို့ကြောင့် ထေရာအဋ္ဌကထာ၌—

ယထာဝဝတ္ထုပိတေ နာမရူပေ တိလက္ခဏာ အာရောပေတွာ အနုပဒ-ဓမ္မဝိပဿနာဝသေန အနေကာကာရဝေါကာရသင်္ခါရေ သမ္မသန္တော ဆတ္တိံသကောဋိသတသဟဿမုခေန သမ္မသနစာရံ ဝိတ္ထာရေတွာ တတ္ထ မဟာဝဇီရဉာဏသင်္ခါတေ ဝိပဿနာဉာဏေ တိက္ခေ သူရေ ပသန္နေ ဝုဋ္ဌာနဂါမိနိဘာဝေန ပဝတ္တမာနေ ယဒါ တံ မဂ္ဂေန ဃဋေတိ။

ဟု မိန့်တော်မူသည်။ ။တေရသကဏ်ဋီကာ၌ကား ယခင်သမ္မာသနစာရတို့တွင် အတ္တနိယအစွမ်းအားဖြင့် ပဋိစ္စသမုပ္ပါဒ်နည်းသို့ သက်၍ ကုဋေ သုံးသန်းခြောက်သိန်းအရေအတွက်အားဖြင့် ဖြစ်သည်ဟူ၏။

တတ္ထ ဟိ အတ္တနိယဝသေန ပဋိစ္စသမုပ္ပါဒနယံ ဩတရိတွာ ဆတ္တိံ-သကောဋိသတသဟဿမုခေန ဗုဒ္ဓါနံ မဟာဝဇီရဉာဏံ ပဝတ္တံ။ (တေရသကဏ်ဋီကာ၊)

---

## မိုး-ရေ-လေ ဖျက်သည့်ကမ္ဘာတွင် ဤဘဒ္ဒကမ္ဘာ မည်သည့်ကမ္ဘာမျိုးဖြစ်ကြောင်း

၉၉။ ကျေနသတပုစ္ဆာ။ ။မိုးခုနစ်ခွေ၊ ရေတလှဲယော်နှင့်၊ ကြိမ်ခြောက်ဆဲ့လေးပြန်၊ ချိန်မြောက်တဲ့ရေမှန်၊ လေလှန်ကာဖျက်မြ။ ။သုံးသံဝဋ်ယုဂန်ကို၊ မှုအမှန်ကျမ်းကဝေခွဲ။ ။ကမ္ဘာပျက်သည်ပုံ၊ လည်တုံတိုဘန်လဲ။ ။တည်မကုန်ညံမစဲယော်နှင့်၊ပေါ်မြဲတဲ့ပေါ်လာ။ ။သို့အရာကမ္ဘာထုံးကိုလ၊ ဉာဏ်နှလုံးကျလှပါတော့သည်ဆရာ။ ။ဤဘဒ္ဒတို့ကမ္ဘာမှာ၊ မိုးစကြာဘယ်ချိန်ရောက်ပါလို့၊ ဘယ်ကြိမ်မြောက်ဖျက်သည့်အနေ၊ညွှန်းပ ဘုန်းဝေ။ ။စမ်းမခံ့ပေတဲ့၊ ရွှေကျမ်းနှံ့မဟာဆွေငယ်၊ ကမ္ဘာကြေမော်ကွန်းပ လေး။ ။

၉၉။ ကျေနသတဝိသဇ္ဇနာ။ ။မိုးခုနစ်ခွေ၊ရေတလှဲယော်နှင့်၊ ကြိမ်ခြောက်ဆဲ့လေးပြန်၊ ချိန်မြောက်တဲ့ရေမှန်၊ လေလှန်ကာဖျက်သွား။ ။သုံးသံဝဋ်ယုဂန်ကို၊ မှုအမှန်ကျမ်းကဝေခြား။ ။ကမ္ဘာပျက်သည်ပုံကို၊

ကျမ်းဖုံဖုံထင်ရှားလို့၊ ယုံမှားမဲ့သည်အရာ၊ သဘောကျရှာ။ ။ မိးရောက်တဲ့ကြိမ်အခါကို၊ ကျမ်းပေစာမထင်ရှားသောကြောင့်၊ ယုံမှားတဲ့ရှင့်သန္နေဟာ၊ ကင်းစိမ့်သေချာ။ ။ဤဘဒ္ဒတို့ကမ္ဘာမှာ၊ ရှေးဦးစွာမိးရေလွှဲဟာဖြင့်၊ အကြွင်းမဲ့မကျန်လေပါ၊ပြီးပေါ့သက်လျှာ။ ။ဒုတိယကြိမ်ဝါရာမှာ၊ မီးတခါ ပြီးပြန်ပေါ့လေး။ ။

ယခုတည်သောဘဒ္ဒကပ်ကမ္ဘာသည် ပဌမမီးခုနစ်ကြိမ်၊ နောက်ရေဖျက်၍ ဒုတိယခုနစ်ကြိမ်တွင် ပဌမမီးဖျက်၍ တည်သောကမ္ဘာဟူ၍ မဟာရာဇဝင်တွင်ဆို၏၊ ဤရာဇဝင်မှတပါး ပိဋကတ်သုံးပုံ ပါဠိ အဋ္ဌကထာဋီကာဂန္ထန္တရတို့၌ အသေအချာအဆိုမရှိ၊ အနာဂတဝင်၌ကား ယခုကမ္ဘာနောင် မီးဖျက်လတ္တံ့ဟူ၍ ဤမျှသာဆို၏။

> မေတ္တေယျဿ ဘဂဝတိ ပရိနိဗ္ဗုတေ တဿ သာသနေပိ ပရိဟာယိတေ အယံ ဘဒ္ဒကပ္ပေါ ပရိဟာယိဿတိ၊ တဒါ ဟိ ကပ္ပုဋ္ဌာနဂ္ဂိမှိ ဒယှမာနေ ဗဟုသတ္တနိကာယာ မဟာဝိနာသံ ပါပုဏိဿန္တိ။ (အနာဂတဝင်။)

---

## တာဝတိံသာမှသက်တော်မူရာ ရွှေ,ငွေ,မြ စောင်းတန်းသုံးသွယ်ဝဲယာပြမည်ပုံ

၁၀၀။ သတပုဏ္ဏာ။ ။ခုနစ်ဝါချိန်ကျလို့၊ဝတိန်ကသက်တော်မူ၊ မာဃိန္ဒဝတြဘူ၊ ညွတ်ကြည်ဖြူဘန်ဆင်း။ ။သက်ဿနှင့် သုဒဿနပူရီဆို၊ ရွှေမြင့်မိုရ်ဦးနှင့်ထုတ်ချင်း။ ။ရှုမခန်းပုံပွေ့သို့၊ စုံသရေ့ ပရမေ၊ မြ,ရွှေ,ငွေလျှံဝင်း၊ ကျမ်းနှစ်စောင်နောင်ခါပြင်းစေဘို့၊ သူခင်းတတ်ပလေရှာ။ ။ရန်တိုက်မယ်တညာဏ်ဆင်ထင့်၊ သူဇော့လင်မောင်သိကြားဟာက၊မြလမ်းသွယ်အလယ်ထား၊နံပါးကရွှေနှင့်ငွေပါ။ ။ ရွှေလက်ဝဲတဲ့ရွှေလက်ျာ၊ ငွေလက်ဝဲတဲ့ငွေလက်ျာ၊ နောက်ဓမ္မပဒ၊ အဋ္ဌကထာဝိသုဒ္ဓိတို့၊ သူသာသိလို့ ငါသာမြင်သလို၊ ငြင်းကြသကို။ ။ မှန်တရားစေကွဲ့၊နှစ်ပါးဆိုကို၊ ဖြေအလိုဘန်တီးပလေး။ ။ရန်မပွားစေနှင့်၊ သိကြားအိုလို၊ ရွှေဗဟိုညာဏ်ကြီးဖျလေး။ ။

၁၀၀။ သတဝိသဇ္ဇနာ။ ။ခုနစ်ဝါ ချိန်ကျလို့၊ ဝတိန်က သက်တော်မူ၊ မဟိန္ဒဝတြဘူ၊ ညွတ်ကြည်ဖြူဘန်ဆင်း။ ။မစ္စန္ဒရာ ဌာနမို့၊ သက်ဿပြည်နဂိုရ်၊ရွှေမြင့်မိုရ်ဦးနှင့်ထုတ်ချင်း။ ။ရှုမကုန်ဂုဏ်ကြွေ့၊

စုံသရေ့ပရမေ၊ ပုံပြကတော့ဆန်းထွေ၊ မြရွှေငွေလျှံဝင်း။ ။နတ်ပြဟွာ ကိုယ်တော်ဆင်းရန်ဘို့၊ သူ့ခင်းတဲ့ စောင်းတန်းသုံးမြွာ။ ။မြလမ်းသွယ်အလယ်ထား၊ နံပါးက ရွှေနှင့်ငွေပါ။ ။ရွှေလက်ဝဲတဲ့ ရွှေလက်ျာ၊ ငွေလက်ဝဲတဲ့ငွေလက်ျာ၊ ကျမ်းပြုဆရာ တယောက်ထဲပ၊ အဆိုကွဲတဲ့သည်လိုအရာ၊များလှကုန်ပါ။ ။ထိုထိုဘာဏကလမ်းညွှန်ရာကို၊ မလွှန်သာဖွင့်မြဲတဲ့လေး။ ။ဆိုဆိုမှာသမျှ ကျမ်းဂန်လာကို၊ ဆန်းမခါကျင့်စွဲကွဲလေး။ ။

၁။ အထ တထာဂတသာ ပရိနိဗ္ဗာနတော သတ္တသု သာခုကီဠနဒိဝသေသု သတ္တသုစ ခေတုပူဇာဒိဝသေသု ဝီတိဝတ္တေသု အဓုမာသော အ-တိက္ကန္တော၊ ဇာဒါနိ ဂိမှာနံ ဒိယဍ္ဍော မာသောသေသော၊ ဥပကဋ္ဌာဝဿုပနာယိကာကိမန္တာ။ (ပါရာဇိကာဏ်အဋ္ဌကထာ။)

ဘဂဝါဟိ ဝိသာခပုဏ္ဏမာယံပစ္စူသသမယေပရိနိဗ္ဗုတော၊အထဿ-သတ္တာဟံသုဝဏ္ဏဝဏ္ဏံသရီရံ ဂန္ဓမာလာဒီဟိပူဇယိံသု၊ ဧဝံသတ္တာဟံ-သာဓုကီဠနဒိဝသာနာမ အဟေသုံ၊တတောသတ္တာဟံစိတကာယအဂ္ဂိ-နာဈာယိ၊ သတ္တာဟံသတ္တိပဉ္စရံကတွာ သန္ဓာဂါရသာလာယံ ခေတု-ပူဇံကရိံသုတိ ကေဝိသတိဒိဝသာဂတာ၊ပ၊ အာဝုသောဇာဒါနိတုမှာကံ စတ္တာလီသဒိဝသာ ဩကာသော ကတော။ (သီလက္ခန်အဋ္ဌကထာ၊ အဆိုကွဲပုံတရပ်။)

၂။ မဟာကဿပတ္ထေရော ရာဇဂဟံ အာဂုသော ဂန္တာမာဟံ ဥပမုံ-ဘိက္ခုသံဃံဂဟေတွာကေံမဂ္ဂံဂတော။ (ပါရာဇိကာဏ်အဋ္ဌကထာ။)

ဝေဠုပနဝတ္ထာထေရော အတ္တနောပဥ္စသတာယပရိသာယပရိဝုတော ရာဇဂဟံဂတော၊ အညေပိမဟာထေရာ အတ္တနော အတ္တနော ပရိဝါ-ရေ ဂဟေတွာ သောကသလ္လသမပ္ပိတံ မဟာဇနံ အဿာသေတုကာမာ တံတံ ဒိသံ ပက္ကန္တာ။ (သီလက္ခန်အဋ္ဌကထာ၊)

၃။ သတ္တာ ကပိလပုရံဂန္တွာ တတိယဒိဝသေ နန္ဒံ ပဗ္ဗာဇေသိ။ (ဓမ္မပဒအဋ္ဌကထာ။)

ဇာတိဘဂဝါကပိလပုရံ အာဂန္တွာ ဒုတိယဒိဝသေနန္ဒံ ပဗ္ဗာဇေသိ၊ (ဝိနည်းမဟာဝါအဋ္ဌကထာ၊)

၄။ မဟာသတ္တောပိ။ပ။ကပိလဝတ္ထုံ ဂန္တွာပဌမဒဿနေနေဝပိတရံသော-တာပတ္တိဖလေ ပတိဋ္ဌာပေသိ၊ ပုနဒိဝသေ ပိတုနိဝေသနံဂန္တွာ၊ ပ။ ဓမ္မံကထေသိ။ (အင်္ဂုတ္တရအဋ္ဌကထာ။)

ဘဂဝါဒုတိယဒိဝသေဝိသတိဘိက္ခုသဟဿပရိဝါရော ကပိလဝတ္ထုံ ပိဏ္ဍာယပါဝိသိ။ ပ။ အန္တရဝီထိယံဠိတောဝ ဥတ္တိဋ္ဌေ နပမဇ္ဇေယျ။ ပ။ ဣဒံ ဂါထမာဟ၊ ဂါထာပရိယောသာနေ ရာဇာ သောတာပတ္တိဖလံ- သစ္ဆာကာသိ။ (မဟာဝါအဋ္ဌကထာ။)

၅။ သက္ကဿ ဝေဇယန္တောနာမ ပါသာဒေါ သတ္တယောဇနသတာနိ ဥဂ္ဂစ္ဆတိ။(သက္ကပဉ္စသုတ်အဋ္ဌကထာ။)

ယောဇနသဟဿုဗ္ဗေဓော ဝေဇယန္တပါသာဒေါ၊ (မူလပဏ္ဏာသအဋ္ဌကထာ။)

၆။ သော ကိရ ကဿပဿ ဘဂဝတော သာသနေ သဟကောနာမ ထေရော ပဌမဈာနံ နိဗ္ဗတ္တေတွာ ပဌမဈာနဘူမိယံ ကပ္ပါယုက ဗြဟ္မာဟုတွာ နိဗ္ဗတ္တော၊ တတြနံ သဟံပတိဗြဟ္မာတိသဉ္ဇာနန္တိ၊ (သဂါထာဝဂ္ဂသံယုတ် မူလပဏ္ဏာသအဋ္ဌကထာ၊)

အယံ ကဿပဘဂဝတော သာသနေ သဟကောနာမ ဘိက္ခု- အနာဂါမိ ဟုတွာ သုဒ္ဓါဝါသေသု ဥပပန္နော၊ သဟံပတိနာမာတိ နံ သဉ္ဇာနန္တိ။ (သုတ္တနိပါတ်အဋ္ဌကထာ။)

၇။ ဝဿံသဟဿန္တိ စေတံ ပဋိသမ္ဘိဒပ္ပဘေဒပ္ပတ္တခီဏာသဝဝသေန ဝုတ္တံ၊ တတောပနဥတ္တရိပိ သုက္ခဝိပဿကခီဏာသဝဝသေန ဝဿသဟဿံ၊ အနာဂါမိဝသေန ဝဿသဟဿံ၊သကဒါဂါမိဝသေန ဝဿသဟဿံ၊ သောတာပန္နဝသေန ဝဿသဟဿန္တိ ဧဝံ ပဉ္စဝဿ သဟဿာနိ ပဋိ- ဝေဓသဒ္ဓမ္မော ဌဿတိ၊ (စူဠဝါ အဋ္ဌကထာ။)

ပဋိသမ္ဘိဒပ္ပတ္တေဟိ ဝဿသဟဿံ အဋ္ဌာသိ၊ ဆဠဘိညေဟိ ဝဿသဟဿံ၊ တေဝိဇ္ဇေဟိ ဝဿသဟဿံ၊သုက္ခဝိပဿကေဟိ ဝဿ သဟဿံ၊ ပါတိမောက္ခေဟိ ဝဿသဟဿံ အဋ္ဌာသိ။ (သုတ်ပါထေယျအဋ္ဌကထာ။)

၈။ ဝေနသာခဇာတ်၌ ဗောဓိမင်းသား မိမိပြာသာဒ်လုပ်သော လက်သမား၏မျက်လုံးကို ဖောက်သည်ဟူ၏၊ ဓမ္မပဒ အဋ္ဌကထာ၌ ဖောက်မည် အကြံကိုသိ၍ မဖောက်ခင် စက်ယန္တရားရုပ်နှင့် ထွက်ပြေးသည်ဟူ၏။

၉။ လောဟကုမ္ဘီဇာတ်၌ ဒု,သ,န,သော အက္ခရာလေးလုံးကိုရွတ်သောငရဲသူတို့ကား ရှေးကမင်းသားဟူ၏၊ ဓမ္မပဒ၌ သူဌေးသားဟူ၏။

၁၀။ မြတ်စွာဘုရား ဗောဓိမဏ္ဍိုင်၌ ပဌမသတ္တာဟမှထ၍ နတ်တို့ဝိတက် ပျောက်အောင် ပြာဋိဟာပြုသည်ဟု ဝိနည်း မဟာဝါ အဋ္ဌကထာဆို၏၊ ဒုတိယသတ္တာဟအနိမိသမှထ၍ ပြုသည်ဟု အင်္ဂုသာလိနီဆို၏။

၁၁။ အရှင်မောဂ္ဂလာန်ဝတ္ထု၌ ခိုးယောင်ဆောင်၍ မိဘတို့ကို သေအောင် သတ်ကြောင်းကို ဓမ္မပဒအဋ္ဌကထာဆို၏၊ အသေမသတ် ပုတ်ခတ် ရိုက်နှက်၍ အိမ်သို့တဖန်ဆောင်ကြောင်းကို စတ္တာလီသနိပါတ် သရဘင်္ဂဇာတ် အဋ္ဌကထာဆို၏။

၁၂။ မင်္ဂလာဘုရားအလောင်းတော်သားတော်တို့ကို လှူ၍ စိတ္တဝိကာရမရှိ၊ ပီတိသောမနဿဖြစ်ကြောင်းကို အဋ္ဌသာလိနီဆို၏၊ အားကြီးစွာသောကဖြစ်၍ ရင်ကွဲကြောင်းကို ဒသနိပါတ် ဇာတ်အဋ္ဌကထာဆို၏။

၁၃။ ''အာဠဗကာယဋ္ဌေကဿ'' ဟူသောဘွားဘက်တော် ခုနစ်ပါးတို့တွင်ဓမ္မပဒစသော အဋ္ဌကထာ၌ အာ၏အရကို အာနန္ဒာဟူ၏၊အင်္ဂုတ္တိုရ်အဋ္ဌကထာ၌အာရောဟနိယဟတ္ထိဟူ၏၊

၁၄။ ဝါဆို,ဝါခေါင်, တော်သလင်း, သီတင်းကျွတ်, တန်ဆောင်မုန်း၊ဤငါးလကို ပါဠိဟာရိယပက္ခမည်၏ ဟု သုတ္တနိပါတ် အဋ္ဌကထာဆို၏၊ ဝါတွင်းသုံးလသည် ပါဠိဟာရိယပက္ခမည်၏ဟု အင်္ဂုတ္တိုရ်အဋ္ဌကထာဆို၏။

၁၅။ နှစ်လှမ်းသုံးဘဝါးဖြင့် နတ်ပြည်သို့ တက်သွားခြင်းကို အမိဋ္ဌာနိဒ္ဓိ ဟူ၍ ဝိသုဒ္ဓိမဂ်ဆို၏၊ အမိဋ္ဌာနိဒ္ဓိမဟုတ်၊ လက္ခဏာနိသံသဟူ၍ သုတ်ပါထေယျအဋ္ဌကထာဆို၏။

၄၆၊ ရတနာဃရဟူသည် ရတနာခုနစ်ပါးဖြင့် ပြီးသောအိမ် တည်းဟု ဝိနည်းမဟာဝါ အဋ္ဌကထာဆို၏၊ ရတနာခုနစ်ပါးဖြင့် ပြီးသည်မဟုတ်၊ ရတနာသသွယ်ဖြစ်သော အဘိဓမ္မာခုနစ်ကျမ်းတို့ကို သုံးသပ်ဆင်ခြင်ရာဖြစ်၍ ရတနာဃရမည်သည်ဟု အဋ္ဌသာလိနီဆို၏။

၁၇။ ဇာတ်ဝိဓူရ၊ ပုဏ္ဏကဍ်၊ သဒ္ဒကြွေးကြော်၊ လောင်းတော်ကုသ၊ သီဟနာဒိ၊ ဘူရိဒတ္တ၊ ဇာတကတွင်၊ သုဒဿန၊ နာဂရာဇာ၊ ကြော်ငြာသောသံ၊ တတန်ကဏှ၊ ဇာတကဉ်၊ သုနခံသံ၊ ဤလေးတန်ကား၊ ဇမ္ဗူကြွေးသည်။ ။ထင်ရှားကဏှ ဇာတ်လာတည်း။ ။ပုဏ္ဏကနှင့်၊ကုသရာဇာ၊ အာဠာဝက၊ ကဏှခွေးသံ၊ ဤလေးတန်ကား၊ ဇမ္ဗူကြွေးသည်။ ။ဤကားသုတ္တနိပါတ်လာတည်း။

ဤသို့စသည်ဖြင့် ကျမ်းပြုဆရာတဦးတည်းဖြစ်လျက် အဆိုမညီကွဲပြားသည် အရာသည် သည့်ထက်မက အတိုင်းမသိရှိပါသေးသည်၊ သည်အရာစုကို ဂရုစိုက်ကာ မခွါမဆန် မပယ်လှန်ဘဲ ကျင့်ကြံစွဲယူ၍ တစိမ့်စိမ့်ရှုလိုက်ပါဦးဟူလို။

အဖြေရှိက အသိဉာဏ်ဖြစ်ပွားရာသည်ကို အကြောင်းပြု၍
ပြဿနာပြုအပ်သော သတပဒိကပုဏ္ဏာ၏
ဝိသဇ္ဇနာ ပြီးပြီ။

# သန္ဒေသကထာများ

ပညာရှိတဦးကပေးသောသန္ဒေသကထာဩဝါဒ

၁။ ကုန်ပပြောနိုင်ဘူး၊ဂုဏ်ပေါ်တဲ့ထေရ်ကျော်နှစ်ဆူ။ ။နန်းထိုက်တဲ့လူ။ ။ဉာဏ်ရည်တူ၊ ပြိုင်မည်သူလွန်ရှား။ ။ခုခေတ်ပေါ်ပညဝါတို့၊ ယှဉ်လာလျှင် ဆင်ဟာအိတယ်၊ ပိုးတီ့အလား။ ။

၂။ အဝခါတောင်တွင်းက၊ ခေါင်ချဉ်းတဲ့ပညဝါ။ ။သီလဝင်ရှင်သာရ၊ ရဋ္ဌကြော်ငြာ။ ။စံပမည်မြန့်ပြည်လွှမ်းပေမဲ့၊ ရွှေကျမ်းတတ်တို့ကလျှာလည်း၊ ရှိန်တေဇာပွင့်လင်း။ ။သို့ကတဲ၊ အံ့အဲသီကဗျာမို့၊ သီလဝါရှင်သာရဋ္ဌတို့လို၊ သာသနာ လောကဓာတ်မှာဖြင့်၊ ပညဝါ သဟာမြတ်တို့ကို၊ ကျမ်းတတ်မသွင်း။ ။

၃။ တို့ထေရ်ကျော်၊ ချီငေါ်စပ်သောကြောင့်၊ အချို့သော ဒေသာရပ်မှာ၊လက်ခတ်လို့တုန်းကဟန်လို၊ သီဆိုသူတချို့။ ။စာအိမ်မြှောင်၊ ပဋ္ဌင်းငယ် တာတေလှောင်တို့၊ ခန်းချောင်မှာ သံကုန်လွှတ်ကြတယ်၊ အာပတ်သင့်ဘို့။ ။

၄။ အင်မတန် ယုံမြတ်နိုးလှလို့၊ ကောင်းကျိုးဘို့ သဝဏ်စေသလေ။ ။မြူးရွှင်လှစေ။ ။ဆိုဘွယ်တွေ၊ ဒီရေလိုခြိမ့်အုန်း။ ။စုစုကိုပေယျာခံလို့၊ သင့်တန်ရုံမှာစာသလိုက်တယ်၊တောရခင်ဘုန်း။ ။

၅။ ဝဲခနာက်ကယ်ဆိုတဲ့ ဟင်းဟာသို့၊ ပြစ်လုံးစုံကုန်သန့်ရှင်းလို့၊ ပွဲကျင်းတိုင်းမဆန့်ကျင်။ ။များလေ့စေချင်။ ။တဘန်ပင်၊ ထပ်ပြင်ရန်လွန်ကောင်း။ ။ကျမ်းသမန်စက္ခုများလို၊ စကားထင်ပြိုပြိုနှင့်၊ ဂမ္ဘီမှာ နံမှီပျောက်ရလျှင်၊ စံသိင်္ဂီထံမှီ ကျောက်ကယ်သို့၊ ဗူဒီမှာဆူဟီရောက်အောင်၊ ထွန်းလောက်လေတောင်း။ ။

၆။ သီကဗျာ ဂီတာဖြစ်သော်လည်း၊ ဆီနှစ်ကပြည့်မွန်။ ။ဘုန်းခင့်ကျမ်းဂန်။ ။လွန်ပြင်းသန်ရှိပြန်ခဲ့ကြည်ခြင်း။ ။မချွင်းမချန်ဘူး၊ပေထက်မှန်အကုန်တင်မယ်ပ၊ ပြင်ဆင်ရန် တန်ချွတ်ယွင်းတတ်၊ ပေးပေါ့မူရင်း။ ။[သတပဒိက ပုစ္ဆာအဖြေများကို ပြလာသည့်အခါ ပညာရှိတဦးက ပြန်ပေးသော ဩဝါဒကထာဆုံးမစာ။]

## မင်းကွန်းဆရာတော်ကမန်လည်ဆရာတော်ထံပေးသော ပဌမသန္ဒေသကထာပါဠိကဗျာ

၁။ မဟတာ၊ သရသာဒူရေဝယာဟု၊ ဇင်လာဘူမိ။ ။အဇ္ဇုတံ၊ တတ္တပက်ဇံဝ၊ မင်္ဂလံဇနေန္တောဝယေဝ၊ ပညဝါ သဟာယော တေန၊ လောကဝုဍ္ဍိ။ ။

[ဝိဘတ်လိုင်အန်၊ သမ္ဗာန်ဝါကျ၊ ကာရကကြိယာ၊ သဒ္ဒါနည်း ညီစွာလျက်၊ လက်ာဘွဲ့စီအပ်သော မဂဓဘာသာသက်သက် ဒွေးချိုး။]

၂။ ယံပုစ္ဆံ၊မုဟုတ္တံဗျာကရဏာသဝေ၊ ကာသဗ္ဗာဝေါ။ ။တသ္မာ စိရရတ္တာဝ၊ ပုစ္ဆာဗျာကရေယျာတိ၊ တေဒဌဗ္ဗော။ ။(ငုင်းဒွေးချိုး။)

[ဗျာကရေယျာတိဌ ဗျာကရေယံ+ဣတိဟုပဒန္တေဒပြ။]

၃။ သစ္စာဟံ၊ လဒ္ဓေါကာသံဝ၊ ဗျာကရဏ်ကရေ။ ။ကေန္တံ၊ တဝသန္တိကံဝ၊ အစိရံ သီယံ ကတ္တာန၊သုဒ္ဒေ။ ။(ငုင်းဒွေးချိုး။)

---

### ဒုတိယသန္ဒေသကထာမြန်မာကဗျာ

ရေသီတာအိုင်ကြီးနှင့်၊ ဆိုင်မနီးဝေးကွာ၊ ကျတ်တီးမြေ ဇင်လာ၊ ထင်စရာမဲ့ရှောင်း။ ။သင်းရန့်လှိုင်ကြူထုံ၊ ကြာပဒုံ ပွင့်ချက်က ကောင်း။ ။ရှေးယခင်ဟိုနှစ်ဦးက၊ မဖြစ်ဘူးဖြစ်လာ၊ ခေတ်အခါသာ တောင်း။ ။မြစ်အညာရွှေချောင်းက၊ ဗောဓိလောင်းမှန်ကု။ ။ကျမ်း ပေစာကြည့်ရှုအား၊ သုတများရှိလှပေသသူ။ ။ရှေးကံမြင့်လို့၊ ဟန် သင့်ယူ၊ ဉာဏ်ဆင့်ကု ထပ်လောင်းလို့၊ နည်းပေါင်းစုံ လင်စွာ၊ မေး လျှောက်သည့်တာ၊ ။ချီးမွမ်းလောက်ပေငဲ့၊ မီးထွန်း တောက်သည့် နှယ်၊ မေးလျှောက်သည့် ခင့်ပုစ္ဆာမှာ၊ တောင်ထိပ် မြေကြာပေါက် သည်သို့လေး။ ။

အရတော်မှန်လှ၊ ကလျာဏမိတ်မဟာ၊ သဟာယအဒိဋ္ဌာကို၊ စိတ် မေတ္တာကြည်ပွါး။ ။ကျမ်းဂန်ထွက် မှတ်စရာကို၊ ပြဿနာ မေးပြု လျှောက်ထား၊ ။မေးလျှောက်သည့်ခင့်ပုစ္ဆာ၊ ခွင့်လုပ်ခါလျင်လျှား။ ။ ဘွင့်ထုတ်ခါဖြေမအားတတ်လို့၊ ကာလများမြင့်ကြာ။ ။ထူးအထွေ ထင်တော်ရှိပါနှင့်၊ ဝင်သာကိလောင်း ဗုဒ္ဓကိုလျှာ။ ။သိဿများလို့

တအားနှာ၊ တပါးမှာခွါမသင့်လို့၊ သိသိမြင့်တဲ့ ကာလတွက်တာ၊ စိတ်လက်မသာ။ ။သိလောက်သင့်ပါငဲ့၊ ညီထောက် ချင့်ပါတော့၊ ဖြေဘွင့်သည့် ဝိသဇ္ဇနာမှာ၊ ကပ်ဦးကမ္ဘာ မိုယ်းကြီးသွန်းသို့လေး။ ။

---

### တတိယသန္တေသကထာပါဠိဂါထာ

၁။ ယထာ သက်ာရဋ္ဌာနမ္ဟိ၊ ဥဇ္ဈိတသ္မိံ မဟာပထေ။
ပဒုမံ တတ္ထ ဇာယေထ၊ သုစိဂန္ဓံ မနောရမံ။ ။
၂။ ဧဝံ သက်ရဘူတေသု၊ ပန္ဓေသု မိလက္ခုသု။
အတိရောစတိ သုတေန၊ အဒိဋ္ဌော မေ သဟာယကော။ ။
၃။ သုလဒ္ဓံ ဝတ မေ အာသိ၊ အာသိဋ္ဌော ဝ မယေဒိသော။
ဒိသောဒိသံ သစေ ဟေယျ၊ ဟေယျ စက္ကပဝိမုနံ။ ။
(မြင်းဇက်ခွဂါထာ။)
၄။ လောကာလောကာနမတ္ထာဝဓိ၊ ဘယာဘယာဒိကပ္ပိကံ။
သုရိသုရိ ဇနေတေဝ၊ ပဘံပဘံ ကရောကရိ။ ။
(အာဒိယမကဂါထာ။)
၅။ ဝေမ္ဗိ တွံ ဓမ္မာဓမ္မံ၊ ဇာနန္တမနတံနတံ။
ဇနံ ဝိတတမံတမံ၊ ကရ ဓမ္မကရိကရိ။ ။
(အန္တယမကဂါထာ။)

---

### မန်လည်မြို့မကျောင်းကြီးဆရာတော် မြန်မာပြန်ဆိုအပ်သော ပဠမပါဠိကဗျာပုဒ်အနုသန္တေနှင့်အနက်

၁။ ဝိတက္ကာဓံသန၊ ဝိသဇ္ဇကာရိ။ ။ဂန္ထပါရဂူစ၊ နယညူဝဏ္ဏေယျ၊ ဝဏ္ဏဝါဒီ။ ။ဂုဏာမာယံစေရော၊ ထောမေတုမာရဗ္ဘိ၊ မာဂဓိကေန။ ။ မဟာတာသရသာတျာဒီဟိ၊ မဟာဠီဗျာကရာစ၊ အဗ္ဘူတာဝီကရော။ ။ ဟောဟိတွေ။

[ဝိဘတ်လိုင်အန်၊ သဒ္ဒန်ဝါကျ၊ ကာရကကြီယာ၊ သဒ္ဒါနည်းမပျက်၊ အနက်နည်းပြည့်စုံ၊ အလင်္ကာဂုဏ်မယုတ်၊ မာဂဓစီလုပ်သော၊ ပဠမပုဒ် ခွေးချိုး၏ အနုသန္တေလေးချိုး။]

၁။ ယာဇက်လာဘူမိ၊ အကြင်ကျေးတောခေါင်ခေါင် မြေပြောင် ပြောင်ဖြစ်သော ကျုတ်တီးပြင်အရပ်သည်။ မဟာတာ- မဟန္တတော

ပုထုလတော၊ နက်ဝှမ်းကြီးကျယ်စွာသော။သရသာ-သရတော-ဒဟ-
တော၊ အိုင်မှ။ (တနည်း) မဟတာ-မဟန္တတော-ပစုရတော၊ များ
စွာသော။သရသာ-သရဝန္တတော၊ ရေရှိရာမှ။ ဒူရေဝ၊ မနီးစပ်ပါ ကွာ
ဝေးရာ၌သာလျှင်။ အဟု-အဘဝိ၊ဖြစ်ပြီ။ တတ္ထ-တိဿံ-ဇင်္ဂလဘူမိယံ၊
ထိုအိုင်ဝေးရေဝေး ကျေးတောခေါင်ခေါင် မြေပြောင်ပြောင်ဖြစ်သော
ကျတ်တီးပြင်အရပ်၌။ အဗ္ဘုတံ၊ မဖြစ်တောင်းသော။ ပင်္ကဇံ၊ ပွင့်ချပ်
တရာ ပဒုံကြာသည်၊ ဇာယတေဣဝ၊ ဆယ်ရပ်တိုင်တိုင် ရနံ့ကြိုင်
အောင် ပုံ့လှိုင်ပွင့်ကား ထင်ရှား မျက်မှောက် ရဲရဲ တောက်မျှ
ပေါက်ရောက်ဖြစ်ပေါ် လာဘိသကဲ့သို့၊ ပေါက်ရောက် ဖြစ်ပေါ်လာ
သည့်နှယ်။ မင်္ဂလံ၊ ကောင်းခြင်းကြေညာ မင်္ဂလာကို။ ဇနေန္တော-
ယေဝ၊ ဖြစ်စေလျက်သာလျှင်။ ပညဝါ၊ သုတမယ စသည်လောက်လို
ပညာဂုဏ်နှင့် ပြည့်စုံမြောက်မြားစွာထသော။ သဟာယော၊ လက်
တည်းယှဉ်ပူး မခြင်ဘူးသော အထူးချစ်ကြည် မဟာဆွေသည်။ ဇာ-
ယတိ၊ ဖြစ်လတ်ပေ၏။ တေနကာရဏေန၊ ထိုသို့ဖြစ်ပေါ်လာသော အ
ကြောင်းကြောင့်။ လောကဝုဍ္ဍိ၊ ဦးမည်းဦးဖြူ ရှင်လူသတ္တဝါအပေါင်း
၏ ကောင်းမြတ်လွန်ကဲစွာ နတ်ရွာမဂ်ဖိုလ် အစီးအပွါးသည်။ ဇယတိ၊
ဖြစ်ဘိ၏။

---

## ဒုတိယပါဋ္ဌိကဗျာပုဒ်အနက်သန္ဓေနှင့်အနက်

၂။ ယံပဥှာဗျာကရ၊ စိရတ္တကာရဏံ။ ။ဒါနိ တံ ဒဿေန္တော၊
သောခနတ္တံ။ ။ယံပုစ္ဆံ မုဟုတ္တံတျာဒိ၊ဝုတ္တံတွေ့ာပိ။ ။တသ္မာဝေတ္ထော
ဥငယျော ဣတိ။

[ဣတိသဒ္ဒါကို ဝေနောက်ယှဉ်ပါ၊ တသ္မာဝေါတိ အတ္တော ဒဋ္ဌမွော။]

၂။ ယံပုစ္ဆံ၊ အကြင်အမေးတရာ ပြဿနာကို။ ဗျာကရဏာဿ၊ဖြေရ
ခြင်း၏၊ ဩကာသဘ္ဘာဝေါ၊ အခွင့်ခဏ ရသည်၏အဖြစ်သည်၊ မုဟုတ္တံ၊
တခဏမျှ။ ယသ္မာ၊ အကြင့်ကြောင့်၊အတ္ထိ၊ ရှိ၏၊တသ္မာဝ၊ထို့ကြောင့်
သာလျှင်။ တံပုစ္ဆံ၊ ထိုအမေးတရာမျှလောက်သာဖြစ်သော ပြဿနာကို၊
စိရရတ္တာ၊ ရှည်ကြာလေးမြင့် တွက်ချင့်လတ်သော် ဆယ်လကျော်

အောင်။ ဗျာကရေယျံ၊ ဖြေရချေ၏။ ဠုတိ-ဝေဲစိရရဇ္ဇဘာဝေါ၊ ဤသို့ ရှည်ကြာလေးမြင့်ရသည်၏အဖြစ်ကို။ တေ-တယာ၊ သင်မဟာကြည်၊ ချေစ်ဆွေသည်။ ဒဋ္ဌဗ္ဗော၊ မှတ်အပ်၏။

[ယံ ပုစ္ဆံဗျာကရဏာဿ-တို့ကား သဏ္ဍာရဒဿနံ-တို့ကဲ့သို့ယုပစ္စည်း ယှဉ်ရာ ဆင္ဒီကာံမမြဲသည်ကိုပြ၏။ ။ပုစ္ဆာဗျာကရေ-ယျံ၌ ပုစ္ဆာကို ကား ဆင်ခြင်အပ်စွ။]

## တတိယ ပါဠိကဗျာပုဒ်အနုသန္ဒေနှင့် အနက်

၃။ ဝေတ္တံ၊ ပါကငုံကာတုံယေဝ၊ အဟသာမိ။ ။သစာဟံ၊လဒ္ဓေါ ကာသံတိ၊ အာဒိကံသံသယော၊ ဟတောတေဟိ။

၃။ အဟံ၊ ငါသည်။ လဒ္ဓေါကာသံဝ၊ အခွင့်ရသည်ဖြစ်၍လျှင်။ ဗျာကရဏံ၊ ဖြေခြင်းကို။ သစေ၊အကယ်၍။ ကရေ ကရေယျံ၊ ပြုငြားအံ့။ ဝေသတိ၊ဤသို့ပြုရသည်ရှိသော်။ကေန္တံ၊စင်စစ်။ တဝ၊ ချစ်ကြည်သက်ဝင် ဆွေသင်၏။ သန္တိကံ၊အထံသို့။ အစိရံ၊မကြာမြင့်မီ။သီဃံ၊လျှင်မြန်စွာ။ ကတွာနဝေ၊ ပြု၍သာလျှင်။ သုခဒ္ဒေ၊ ပေးရလွယ်ရာ၏။

## မင်းကွန်းဇေဖြလွှာထောမနာသော့မန်လည်ကဗျာများ

၁။ ယူဇနာတာလှည့်၊ နှန်းတောင်ရှည့်အပြိုင်၊ သုံးထောင်ပြည့် ဂနိုင်ဝယ်။ အမြိုင်မြိုင်ကွက်တွင်း။ ။ကျော်စန္ဒနနီဖြူငယ်၊ တကြူကြူမွှေး ပျံ့မသင်း။ ။တောင်ဟူသန္ဓေ ဘွေငုငုမှာ၊စိန်ဝေဘူမဝင်း။ ။ဂဇေ ဂဇေဆင်ခပင်းမှာလှဲ့၊မသွင်းပ မြူတေ။ ။ရှင့်နည်းတူဇမ္ဗူရဋ်၊တဆူ မြတ်ပေါ်ခဲလှပါပေ။ ။ပရိယာယ်နှင့် ကျင့်မြတ်ခြွေ၊ မဟာဆွေကြည် တော်ချစ်နှင့်၊သည်ဖြစ်သည်ခါတွင်၊ပေါင်းဆုံရကျင်။ ။ပြဟ္မာနှိုင်းတဲ့၊ သာဂိုဏ်းဝင်ငယ်၊ သမ္မာရှင်ဟိတ်နည်းထင့်လေး။ ။ကမ္ဘာပိုင်းက လာတိုင်းခင်တယ်၊ မဟာဝင်မိတ်ကြီးထင့်လေး။ ။

၂။ ဝင့်မသုန်၊ရှင့်ဂုဏ်ကို ထင်မမေ့ပါဘူး.၊ မြင်ရေ နေ့တိုင်း။ ။ အတ္တုက္ကံ၊ ပရဝမ္မာနံနှင့်၊ လွန်တရံဆံချည်စိတ်ကယ်မျှ၊ သန်းရိပ်ယောင် မထင်မိတယ်၊ ဗောဓိသံပိုင်း။ ။

၃။ သမ္မာဟုံဖြာညီ၊ ဂုဏ်ပါမိ့.သခင်၊စုံပါဘိအမြင်ငယ်၊ရောက်ပါ ရင်ဘက်ကမ်း။ ။မျှားသုတဝိဇ္ဇာငယ်၊ တဇုစ္ဆာပြီးသိဒ္ဓိလမ်း။ ။

မဂဓနှင့်သကေဋဘဂ်လီ၊ နာဂရိဘွဲ့လှမ်း။ ။ဂန္ဓန္ဒီရှိထိုထိုကျမ်းနှင့်၊ စမ်းသရွှေတွေ့ပါ။ ။မြန်းပုံ ကမ်းကုန်ကျအောင်၊ ကျမ်းစုံပြဖြေလိုက်သည်မှာ။ ။ကမ္ဘာမိုယ်းထက်၊တပိုးကာတယ်၊ အရိုးသာထင်မကြွားပါဘူး၊ ဖျားစူးစေ့ကျိန်ပါလိုက်ချင်၊ ဘုန်းယုံစိမ့်ပင်။ ။တဆုဖြစ်မည့်သူချစ်ရှင်ငယ်၊ အနာဂဝင်ရင်ရင့်ဆိုးပလေး။ ။ဇမ္ဗူခေတ်၌၊ ဆုသစ်ဝင်အောင်၊ ကမ္ဘာတွင်ပွင့်အုန်းဖျ လေး။ ။

၄။ ထင်စနုန့်ပါဘူး၊ ခင်တဘုန်းစွမ်းအင်။ ။ကြာနေမှာရေကိုသိပါငဲ့၊ နန်းညာဏ်ကြီးရှင်။ ။ဖြေရွှေလွှာ ပေါ်လာခဲ့သည်ကောင့်၊ စိတ်ထဲ၌ကြံဆင်ခြင်၊ အထင်ကသည်သို့။ ။လေးချက်ကယ်ကျော်၊ ငွေမောင်း ကြိမ်ကြိမ်ဆော်လျက်၊ တိမ်ရွှေဘော် ကွာမကင်းသာကြောင့်၊ မပေါ်လာရှင်နေမင်းငယ်၊ လင်းရက်ပေလို့။ ။

---

### သဒ္ဒေသကထာပါဠိဂါထာတို၏အနက်

၁။ မဟာပထေ၊ လူပုံများစွာ သွားလာမပြီး လမ်းမကြီး၌။ ဥဇ္ဈိတသို့၊ စွန့်ပစ်အပ်သော။ သက်ာရဋ္ဌာနမှိ၊ တမြက်ချေးစုံ စုဝေးပုံရာဖြစ်သော။ တတ္ထ၊ ထိုစက်ဆုပ်ရွံရှာဘွယ် မစင်ကြယ်သော အရပ်၌။ သုစိဂန္ဓိ၊ ရနံ့မွှေးကြိုင် ပျံ့လှိုင်သော။ မနောရမံ၊ နှလုံးမွှေလျော်ရွှင်ပျော်မြတ်နိုးဘွယ်ရှိသော။ ပဒုမံ၊ အပတ်တရာ ချပ်လွှာပြည့်စုံ ကြာပဒုံသည်။ ဇာယေထ ယထာ၊ ပေါက်ရောက်ဖြစ်ပေါ်ဘိသကဲ့သို့။ ဧဝံတထာ၊ ထိုပမာလျှင်။ သက်ာရဘူတေသု၊ တမြက်ချေးစုံ စုဝေးပုံသော လမ်းဆုံလမ်းဝ လမ်းမအာလယ် မစင်ကြယ်စွာ ရှုပ်ထွေးရာနှင့်ပမာသဘွယ်ဖြစ်ကုန်သော။

[ဤမျှလောက် ပါဠိအစဉ်တို့ကား ဓမ္မပဒပါဠိတော်ချည်း၊ ဂရုဟာဒိန္န ဝတ္ထုဂါထာ။]

၂။ မိလက္ခူသု၊ မလအက္ခိ ညာဏ်မျက်စိတွင် ညစ်ကြေးဖြင်သောကချင်ကထူး ဘီလူးအယောင် ရှမ်းပလောင်က တောင်နေတောသူမိလက္ခူတို့ ပြောထူအမိုက် ဒုစရိုက်နှင့် အလိုက်မွှေလျော် နေပျော်ရာဖြစ်၍ဖြစ်ကုန်သော။ ပစ္စန္တေသု၊ နန်းနှင့်မနီး ထီးနှင့်မဆံ ပဟိုရ်သံလည်း တရံမကြား တိုင်းစွန်နားတို့၌။ မေ၊ ငါ၏။ အဒိဋ္ဌော၊ ဘဝ

ဤနေ့ ယခင်ရှေ့က မတွေ့မမြင်ဘူးသော။ သဟာယော၊ သဟာဓမ္မိက သဗြဟ္မစာရီ သာကီယဇာတ် နတ်ဝိသုဒ္ဓိနွယ် စင်ကြယ်သန့်ရှင်း မျိုးမြတ်ချင်းဖြစ်သော သီတင်းသုံးဘော် ချစ်ဆွေတော်သည်။ သုတေန၊ သုတ်နှင့်ဂေယျ စသည်ကိုးအင် ဘောက်ထိုးဝင်၍ ပါရဂူတဆိုလောက် စွံအောင် လောကဓမ္မ သုတဝိဇ္ဇာ အရာရာကို လိမ္မာလှေ့ကျွမ်းသော ကျမ်းဂန်အကြားအမြင်ဖြင့်။ အတိရောစတိ၊ အလွန်အကြူး အထူး ဆန်းကြယ် နှစ်သက်ဘွယ်ပင် တင့်တယ်ပြောင်ရှန်း ထွန်းပေ၏။

၃။ မေ၊ ငါ့အား။ ဝတ၊ စင်စစ်။ သုလဒ္ဓံ၊ ကောင်းသော ရခြင်း သည်။ အာသိ၊ ဖြစ်ပြီ။ မယာ၊ ငါသည်။ ဒေိသော၊ ချစ်ဆွေအတူ သို့သောသူကို။ အာသိဒ္ဓေဝ၊ မပြတ်ကာလ တောင့်တလိုရှိပါသလျှင် ကတည်း။ ဒေိသော၊ ချစ်ဆွေအတူ ဤသို့သူသည်၊ ဒိသောဒိသံ၊ လေးရပ်ရှစ်ရပ် ဆယ်ရပ်ဒိသာ မျက်နှာမျက်နှာတိုင်း။ သစေ၊ အကယ်၍။ ဟေယျ၊ ဖြစ်ပါငြားအံ့။ ဧဝံသတိ၊ သို့ချည်းတစေ ဖြစ်ပါ လေသော်။ စက္ကုပဝဿနံ၊ဝိသုဒ္ဓိနတ် မြတ်ထက်မြတ်သော သဒ္ဓမ္မရာဇာ တို့မြတ်စွာ၏ သာသနာစက် ရောင်ဝါတက်၍ ဘဝဂ်တိုင်အောင် ပွါးသည်။ ဟေယျ၊ ဖြစ်ရာ၏။

၄။ အာလောကာနံ၊ ကိုယ်ဝါထွန်းပြောင် အရောင်အလင်းတို့၏။ အဘာဝေ၊မရှိပျောက်ပြယ် ကင်းကွယ်ခြင်းကြောင့်။ ဘယံ၊ ထိတ်လန့် သည်းဆူ ကြောက်ခြင်းတူသော။ အသူရံ၊ မရဲမတည် မခိုင်ကျည်သော။ အာဒိကပ္ပိကံ၊ ကမ္ဘာပေါ်ဦး ပကတူး၌ ဖြစ်သော။ လောကံ၊ လူ အပေါင်းကို။ပဘံကရော၊ ရောင်ခြည်တထောင် ထွန်းပြောင်ထိန်ဝင်း နေနတ်မင်းသည်။ ပဘံ၊ ကိုးသန်းမိုက်မှောင် ထွန်းလင်းပြောင်သော အရောင်အဝါကို။ကရံ-ကရောန္တော၊ပြုလျက်။ အဘယံ၊ မကြောက်မရွံ့ မထိတ်လန့်အောင်။ သူရံ၊ ရဲရင့်ခိုင်ကျည်အောင်။ ဇနေတေဝ၊ဇနေတိ-ဧဝ၊ ဖြစ်စေသကဲ့သို့။

၅။ ဧဝံ၊ဤနေမင်းအတူ။ တွံပိ၊ သင်ချစ်ဆွေသည်လည်း။ ဓမ္မကရံ၊ ဒေသနာတန်ဆောင်၊ တရားရောင်ကို၊ ကရံ-ကရောန္တော၊ ပြုလျက်။ ဓမ္မာဓမ္မံ၊ ကျေးဇူးရှိမဲ့ဖြစ်သော ကုသိုလ် အကုသိုလ်တရားကို။ အဇာ- နန္တံ၊မသိသော-မသိသောကြောင့်၊အနတံ၊ သုံးပါးမြတ်စွာ ရတနာသို့

သဒ္ဒါမရှိိး မိစ္ဆာရှိင်း၍ မကိုင်းမညွတ်သေးသော။ ဇနုံ၊ လူအပေါင်း ကို။နုတံ၊သဒ္ဒါရှင်မြူး ကြည်နူးကိုင်းညွတ်အောင်၊ တမံ၊ ပညာမလင်း အမိုက်တွင်းသို့ သက်ဆင်းကျုံနစ် မေ့ယစ်မှုးဝေ ရူးတွေလေသော။ ဇနံ၊ ူအပေါင်းကို။ ဝိတမံ၊မောဟမိုက်မှောင် ကင်းလွတ်ကွာအောင်။ ကရ-ကာ ရောက်၊ ကရုဏာဟုံ အာရုံရှေး၍ သနားမှုဖြင့် ဟောပြချေချွတ် ပါစေချင်၏။ ဟောပြချေချွတ်ပါဘိလော့။

မန္တလည်မြို့ တောရဆရာတော် ဦးဇဝန
မေးလျှောက် အပ်သည်ကို
မင်းကွန်းတောရဆရာဦးပဏ္ဍိသ
ဝိသဇ္ဇနာပြုတော်သည့်

**သတ္တမဒိကပုဏ္ဏၤ၁၀ိသင္ဂြနာ**

## ဤတွင် ပြီးပြီ။

# သုတပဒိကတွင်ပါသည့် ကဗျာအမျိုးအစား ခွဲခြားပြသချက်

| နံပါတ် | ပုဒ်စဉ် | အကြောင်းအရာ |
| --- | --- | --- |
| ၁။ | ကျွန်းသီဟိုဠ်စေတီမြတ်-မှာ | သဖြန်လေးချိုး။ |
| ၂။ | ဠုတ္တိတဲ့ပုရိသာ-မှာ | ၎င်း။ |
| ၃။ | စန္ဒနှင့်သူရိယာ-မှာ | ၎င်း။ |
| ၄။ | စန္ဒာမှာငွေယုန်ရေး-မှာ | ၎င်း။ |
| ၅။ | တိမ်တောင်မှာစိန်ရောင်ဟပ်-မှာ | ၎င်းဒွေးချိုး။ |
| ၆။ | ထက်ကောင်းကင်ဇွေအမြင့်-မှာ | တေးထပ်လေးချိုး။ |
| ၇။ | ခုနစ်သွယ်မေဓဟာ-မှာ | ဒွေးချိုး။ |
| ၈။ | သိစရအောင်ပ-မှာ | ၎င်း။ |
| ၉။ | ကိုယ့်ဥစ္စာမှန်သား-မှာ | ၎င်း။ |
| ၁၀။ | ကိုယ့်ဟာကိုကိုယ်ပေး-မှာ | ၎င်း။ |
| ၁၁။ | ကိုယ့်ဟာကိုကိုယ်ခိုး-မှာ | ၎င်း။ |
| ၁၂။ | စုံအင်္ဂါ ၅-ရပ်နှင့်-မှာ | ၎င်း။ |
| ၁၃။ | သူ့ဟာကိုယူခြင်း-မှာ | လေးချိုး။ |
| ၁၄။ | ဇောဘဝင်ကုန်နှောင်း-မှာ | ၎င်း။ |
| ၁၅။ | ကြွက်အိမ်မြှောင်မြွေမြီး-မှာ | တေးထပ်လေးချိုး။ |
| ၁၆။ | ကမ္ဗဝါရွတ်မှု-မှာ | ၂ဒွေးချိုး။ |
| ၁၇။ | မာနတ်တဲ့ကျင့်ခါ-မှာ | ၎င်း။ |
| ၁၈။ | တောင်ဇမ္ဗူကျွန်းမြတ်-မှာ | တေးထပ်။ |
| ၁၉။ | သိမ်နှစ်ဖြာစပ်ကြ-မှာ | ၎င်း။ |
| ၂၀။ | လေးသစ္စာတရား-မှာ | ဒွေးချိုး။ |
| ၂၁။ | အကနိဋ္ဌသောတ-မှာ | ၎င်း။ |
| ၂၂။ | ဗြဟ္မာကစုတိ-မှာ | ၎င်း။ |
| ၂၃။ | တပိုင်းမှာဇီဝ-မှာ | လေးချိုး။ |
| ၂၄။ | စေတနာကုသလ-မှာ | ဒွေးချိုး။ |
| ၂၅။ | ဝိပ္ပယုတ်ကယ်နှင့်-မှာ | ၎င်း။ |
| ၂၆။ | စေတနာအပုံများ-မှာ | ၎င်း။ |

| နံပါတ် | ပုဒ်စဉ် | အကြောင်းအရာ |
| --- | --- | --- |
| ၂၇။ | ပဏ္ဍာမစေတနာ-မှာ | လေးချိုး။ |
| ၂၈။ | အကုသိုလ်ဗလဝ-မှာ | တေးထပ်။ |
| ၂၉။ | ပြည်မန္တာနဂရ-မှာ | ၎င်း။ |
| ၃၀။ | ကုသိုလ်မှာဇုန္ဒာရုပ်-မှာ | ဒွေးချိုး။ |
| ၃၁။ | ကုသိုလ်ကံစီမံလုပ်-မှာ | ၎င်း။ |
| ၃၂။ | သဘောမှန်အနက်ကင်း-မှာ | ၎င်း။ |
| ၃၃။ | ကောင်းကျိုးငယ်ရှဉ်စပ်လျက်-မှာ | ၎င်း။ |
| ၃၄။ | စေတနာတချက်-မှာ | တေးထပ်။ |
| ၃၅။ | သြဉ္စာရီအဖြစ်-မှာ | ၎င်း။ |
| ၃၆။ | ဥပစာမပါဘဲ-မှာ | ဒွေးချိုး။ |
| ၃၇။ | ပရိကံ-မှာ | လေးချိုး။ |
| ၃၈။ | ဘော်ကုနှင့်မကု-မှာ | ဒွေးချိုး။ |
| ၃၉။ | အရိယာဟူသမျှ-မှာ | ၎င်း။ |
| ၄၀။ | ရဟန္တာဖြစ်ကြသား-မှာ | ၎င်း။ |
| ၄၁။ | ဝိထိစဉ်တဝါရ-မှာ | ၎င်း။ |
| ၄၂။ | ဝေဒနာတခု၌-မှာ | လေးချိုး။ |
| ၄၃။ | ကွက်မချန်-မှာ | ဒွေးချိုး။ |
| ၄၄။ | ကုန်မဆိတ်အောင်ပ-မှာ | ၎င်း။ |
| ၄၅။ | ရုပ်ပလီ-မှာ | ၎င်း။ |
| ၄၆။ | မယ်ယသော်ဒေဝဒတ်-မှာ | ၎င်း။ |
| ၄၇။ | သိပါခြင်-မှာ | ၎င်း။ |
| ၄၈။ | ရွှေသူယောင်-မှာ | ၎င်း။ |
| ၄၉။ | ရေးချုံချာ-မှာ | ၎င်း။ |
| ၅၀။ | တူမကွာ-မှာ | ၎င်း။ |
| ၅၁။ | ရက်သတ္တာ-မှာ | ၎င်း။ |
| ၅၂။ | ၂-ကုဋေ-မှာ | ဒွေးချိုး။ |
| ၅၃။ | မသေရာ-မှာ | ၎င်း။ |
| ၅၄။ | မိမာတာကြာခန်း-မှာ | တေးထပ်လေးချိုး။ |
| ၅၅။ | တဂါထာ-မှာ | လေးချိုးသဖြန်။ |

| နံပါတ် | ပုဒ်စဉ် | အကြောင်းအရာ |
|---|---|---|
| ၅၆။ | ရွှေဂဠုန်-မှာ | ဒွေးချိုး။ |
| ၅၇။ | လေအဟုန်-မှာ | ၎င်း။ |
| ၅၈။ | လက်ပံရှင်-မှာ | ၎င်း။ |
| ၅၉။ | ခုခါဆီ-မှာ | ၎င်း။ |
| ၆၀။ | ဆကာမာဘုမ္မိ-မှာ | ၎င်း။ |
| ၆၁။ | အပွေ့ပို-မှာ | ၎င်း။ |
| ၆၂။ | တွေ့မဆုံ-မှာ | ၎င်း။ |
| ၆၃။ | နတ်ခြောက်ဘုံ-မှာ | ၎င်း။ |
| ၆၄။ | နတ်ပြဟ္မာစုတွေ့က-မှာ | ၎င်း။ |
| ၆၅။ | မြေဘုတ်ကောင်-မှာ | ၎င်း။ |
| ၆၆။ | ပြောကြွလျှင်-မှာ | ၎င်း။ |
| ၆၇။ | ခေါ်ပလီ-မှာ | ၎င်း။ |
| ၆၈။ | စိတ်ကြံစည်ထင်တိုင်းပ-မှာ | တေးထပ်။ |
| ၆၉။ | သူတပုဒ်ကယ်နှင့်-မှာ | ဒွေးချိုး။ |
| ၇၀။ | နာမ်အချာတ်ကယ်နှင့်-မှာ | ၎င်း။ |
| ၇၁။ | သဘောလို-မှာ | ၎င်း။ |
| ၇၂။ | သုဏာတုမေ-မှာ | ၎င်း။ |
| ၇၃။ | ဝိဘတ်တွဲပဥ္စမီ-မှာ | လေးချိုး။ |
| ၇၄။ | ခုသိစေ-မှာ | ဒွေးချိုး။ |
| ၇၅။ | ဝသတောဥဋ္ဌ-မှာ | ၎င်း။ |
| ၇၆။ | ကမ္ဘဝါပါဠိ-မှာ | ၎င်း။ |
| ၇၇။ | ပြဟ္မာဆိုသည်တပုဒ်-မှာ | ၎င်း။ |
| ၇၈။ | ဟောနည်းငယ်မှန်-မှာ | ၎င်း။ |
| ၇၉။ | သီဟတွဲသိယံ-မှာ | လေးချိုး။ |
| ၈၀။ | မကျေတွဲအကျေ-မှာ | ၎င်း။ |
| ၈၁။ | ရွှေပြည်တော်သာဝတ်-မှာ | ဒွေးချိုး။ |
| ၈၂။ | အက္ခရာပေါင်းသုံး-မှာ | တေးထပ်။ |
| ၈၃။ | အက္ခရာလေးလုံး-မှာ | ၎င်း။ |
| ၈၄။ | သကလဝဋ္ဋ-မှာ | ၎င်း။ |

| နံပါတ် | ပုဒ်စဉ် | အကြောင်းအရာ |
|---|---|---|
| ၈၅။ | ရှုပ်ထွေးလိမ်-မှာ | ဒွေးချိုး။ |
| ၈၆။ | အမိမာသ်ကယ်ဟု-မှာ | ၄င်း။ |
| ၈၇။ | သူ့ရိယာ-မှာ | ၄င်း။ |
| ၈၈။ | ဒုဋ္ဌကွန်သတ္တ-မှာ | လေးချိုး။ |
| ၈၉။ | ဝေဠုဝန်-မှာ | ဒွေးချိုး။ |
| ၉၀။ | ပညတ်ရာဌာန-မှာ | လေးချိုး။ |
| ၉၁။ | ယုတ်မြတ်တဲ့ကြီးငယ်-မှာ | ၄င်း။ |
| ၉၂။ | အထူးတဲ့တွေလာ-မှာ | ၄င်း။ |
| ၉၃။ | မိုယ်းဝလာတိမ်ညွန့်-မှာ | ၄င်း။ |
| ၉၄။ | ဗိုလ်တထောင်ကွေးညွတ်-မှာ | ဒွေးချိုး။ |
| ၉၅။ | ဆယ့်နှစ်နှစ်ခါကျူး-မှာ | ၄င်း။ |
| ၉၆။ | ဝိပဿနာဉာဏ်ဆယ်ဆ-မှာ | ၄င်း။ |
| ၉၇။ | ၂-သန်းနှင့် ၄-သိန်း-မှာ | လေးချိုး။ |
| ၉၈။ | ၆-သိန်းနှင့် ၃-သန်း-မှာ | ၄င်း။ |
| ၉၉။ | မီးခုနစ်ခွဲ-မှာ | တေးထပ်လေးချိုး။ |
| ၁၀၀။ | ခုနစ်ဝါချိန်ကျ-မှာ | ၄င်း။ |

| | |
|---|---|
| သဖြန့်လေးချိုးပုဒ်ပေါင်း | ၂၂ |
| ၄င်းဒွေးချိုးပုဒ်ပေါင်း | ၆၃ |
| တေးထပ်လေးချိုးပုဒ်ပေါင်း | ၁၅ |
| ၃-ရု | ၁၀၀ |

# နိဒါန်း

အယုဇ္ဈာဘူမိ၊ ဝတိန်တမျှ၊ နှိုင်းချိန်ရ၍၊ စစပြည့်ဖြိုး၊ တင့်စနိုးဖြင့်၊ တန်ခိုးတေဇ၊ ထွန်းလင်းပသည့်၊ မန်လည်မြို့မ၊ မင်းကုန်းရပ် ကျောင်းကြီး၌၊ ယာပိုက်လေးလီ၊ မျှညီရှင်ပြိုး၊ သီတင်းသုံး နေတော်မူသော၊ ဘဒ္ဒန္တဇဝန၊ ဝိသုတမဟာထေရ်သည်၊ ထူးလည်ထွေလာ၊ နဘာဝ-တေဇာဖြင့်၊ လှေ့လာတော်မူအပ်သော၊ ပိဋကတ်သုံးပုံ၊ ရွှေအာဂုံဝယ်၊ အာရုံတော်ပြု၊ နောက်ဉာဏ်နုတို့အား၊ ကရုဏာရှေ့ထား၍၊ ကျယ်ပွါးခမ္မ၊ နိကာယတွင်၊ ခုဒ္ဒကအဝင်အပါ၊ ထေရဂါထာပါဠိတော်၊ ဒသ-နိပါတ်ဂေါတမထေရာ၊ ဆယ်ဂါထာတို့မှ၊ ရှေးဦးစွာ တဂါထာကို ချန်၍၊ကျန်ဂိတိမျိုးတို့ဖြင့်၊ ဘွဲ့ပြုအပ်သော၊ သမ္ဗာပဋိရူပ ၉-ဂါထာတို့ကို ၎င်း၊ သဒ္ဒိကနိပါတ်၊ သောဏ္ဏကဇာတ်၊ သမ္ဗာဘဒြကထာ ၈-ဂါထာတို့ကို၎င်း၊ နောက်သားနှောင်လာ၊ သူတော်စွာတို့၊ ပညာလက်စွဲ၊ မှတ်ယူမြဲရအောင်၊ ခွဲခြားပြသတော် မူအပ်သော၊ ပါဠိ, အနက်, အဓိပ္ပါယ်။



# သမဏပဋိရူပ

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

သမဏပဋိရူပပါဠိတော်

၁။ မိတ္တံ ဣဓေဝ ကလျာဏံ၊ သိက္ခာဝိပုလံသမာဒါနံ။
သုဿူသာ စ ဂရူနံ၊ ဧတံ သမဏဿ ပဋိရူပံ။

၂။ ဗုဒ္ဓေသု သဂါရဝတာ၊ ဓမ္မေ အပစိတိ ယထာဘူတံ။
သံဃေ စ စိတ္တီကာရော၊ ဧတံ သမဏဿ ပဋိရူပံ။

၃။ အာစာရဂေါစရေ ယုတ္တော။
အာဇီဝေါ သောဓိတော အဂါရယှော။
စိတ္တဿ စ သဏ္ဌပနံ၊ ဧတံ သမဏဿ ပဋိရူပံ။

၄။ စာရိတ္တံ အထ ဝါရိတ္တံ၊ ဣရိယာပထိယံ ပသာဒနိယံ။
အဓိစိတ္တေ စ အာယောဂေါ၊ ဧတံ သမဏဿ ပဋိရူပံ။

၅။ အာရညကာနိ သေနာသနာနိ၊ ပန္တာနိ အပ္ပသဒ္ဒါနိ။
ဘဇိတဗ္ဗာနိ မုနိနာ၊ ဧတံ သမဏဿ ပဋိရူပံ။

၆။ သီလဉ္စ ဗာဟုသစ္စဉ္စ၊ ဓမ္မာနံ ပဝိစယော ယထာဘူတံ။
သစ္စာန မဘိသမယော၊ ဧတံ သမဏဿ ပဋိရူပံ။

၇။ ဘာဝရေယျ စ အနိစ္စန္တိ၊ အနတ္တသည့် အသုဘသညဉ္စ။
လောကမှိ စ အနဘိရတိံ၊ တော် သမဏာသ ပဋိရူပံ။

၈။ ဘာဝေယျ စ ဗောဇ္ဈင်္ဂေ၊ ဣဒ္ဓိပါဒါနိ ဣန္ဒြိယာနိ ဗလာနိ။
အဋ္ဌင်္ဂ မဂ္ဂမရိယံ၊ တော် သမဏာသ ပဋိရူပံ။

၉။ တဏှံ ပဇဟေယျ မုနိ၊ သမူလကေ အာသဝေ ပဒါလေယျ။
ဝိဟရေယျ ဝိပ္ပမုတ္တော၊ တော် သမဏာသ ပဋိရူပန္တိ။

ပါဠိတော်ပြီးပြီ၊

---

**သမဏာပဋိရူပ ၉-ဂါထာအနက်**
**ပဌမဂါထာအနက်**

၁။ ဣဓ ဧဝ၊ ဤသာသနာတော်၌သာလျှင်။ ကလျာဏံ၊ ကောင်းသော။ မိတ္တဉ္စ၊ အဆွေခင်ပွန်းငှင်း။ သိက္ခာဝိပုလံသမာဒါနံ၊ နှိမ့်ချွန်ဆောင်တတ် ကြီးမြတ်လွန်ကဲသော အဓိသီလသိက္ခာ,အဓိစိတ္တသိက္ခာ, အဓိပညာသိက္ခာတို့ကို ကောင်းစွာစင်ဖြူ ခံယူဆောက်တည်ခြင်းငှင်း။ ဂရူနံ၊ ကလျာဏမိတ် ကွပ်နှိပ်ဆုံးမ ပြသတတ်စွာသော ဆရာဥပဇ္ဈာယ်တို့၏။ ဝါ၊ တို့အား။ သုဿူသာစ၊ ဆုံးမစကား မှတ်သားနာခံလိုခြင်း, ဝတ်ကြီးဝတ်ငယ် လွဲပယ်မထား ခစားလုပ်ကျွေးခြင်းငှင်း။ တော်၊ ဤကလျာဏမိတ်ကိုမှီဝဲခြင်း,အဓိသိက္ခာ မြတ်သုံးဖြာကို ကောင်းစွာစင်ဖြူ ခံယူဆောက်တည်ခြင်း, ဆရာဥပဇ္ဈာယ်တို့၏ ဆုံးမစကား မှတ်သားနာလိုခြင်း, ဆရာဥပဇ္ဈာယ်တို့အား ခစားလုပ်ကျွေးခြင်းသည်။ သမဏာသ၊ မကောင်းမှုကို မပြုကြဉ်ဘဲ အမြဲမပြတ် ငြိမ်းစေတတ်သော ရဟန်းအား။ ပဋိရူပံ၊ လျောက်ပတ်သောအကျင့် သဘောတည်း။

**အဓိပ္ပါယ်ရှင်းလင်းချက်**

ဤဂါထာ၌ ဣဓစဟူ၍ငှင်း, ဣဓဧဝဟူ၍ငှင်း ပါဠိနှစ်ထွေရှိကြသည်တွင် ကလျာဏမိတ်,သိက္ခာဝိပုလသမာဒါန စသောဝိသယီ, အာဓေယျတရားကိုယ်တို့ကို ထောက်သဖြင့် သာသနာတော် ဝိသယအာဓာရ၏ အညဝါဒီ လောကီမုနိ တိတ္ထိပရိဗိုဇ်တို့၏ အဆုံးအမကဲ့သို့ ပရိကပ္ပိတ ဝိပရိတတ္တသဘောမဖြစ်၊အတိတ်၌ ကဿပ,မိတေယျ အနာဂတ် စသည်ဖြင့် မှတ်အပ်သော သဗ္ဗညုအဆူဆူ

သယမ္ဘူဟူသမျှတို့၏ အဆုံးမသာသနာတော်တို့နှင့်အတူ တမူတည်းမချွတ်သဖြင့် နိဝတ္တေတမ္ဘ,အနုညာတတ္တနှင့်တကွ ပြအပ်သောသန္နိဋ္ဌာန်ပုဒ်ဖြစ်ရကား ဇူမေဝဟူ၍ ဧဝသဒ္ဒါနှင့် ရှိသောပုဒ်ကိုသာ ယူတွာၾ့ရဟု ရှုစ္စနဖြစ်သင့်ပါသတည်း၊ ဤ၌ နိဝတ္တေတမ္ဘအနက်, အနုညာတ အနက်ကို ဉာဏ်သက်၍ ယူကြကုန်။

သိက္ခာဝိပုလ၏အရ အဓိသိက္ခာသုံးပါးတို့တွင် ပါတိမောက္ခသံဝရသီလသည် အဓိသီလသိက္ခာမည်၏၊ ဈာန်သမာဓိနှင့် ယှဉ်သောစိတ်သည် အဓိစိတ္တသိက္ခာမည်၏၊ ဝိပဿနာမဂ်ပညာသည် အဓိပညာသိက္ခာမည်၏၊ ဤသိက္ခာသုံးပါးကို မဖြစ် ဖြစ်အောင် မပြည့် ပြည့်အောင် ဆောက်တည်အားထုတ်ခြင်းသည် သိက္ခာသုံးပါးကိုဖြည့်သည်မည်၏၊ သိက္ခာသုံးပါးကိုဖြည့်ခြင်းသည်သာ သမဏကိစ္စ, သမဏအမှု, သမဏအလုပ်မည်၏၊ဥယျာဉ်စိုက်ပြု, လူမှုဆောင်ရွက်, လှေတက်လှည်းနှွား, ဆေးဝါးခလဲ့, လက်ဖွဲ့စီရင်, ဗေဒင်လုပ်ရပ် စသည်တို့ကို ပြုလုပ်လေ့လာကြသည်ကား သမဏကိစ္စမဟုတ်၊ ဗာဟိရအလုပ် အသာရပွဲအကျင့်သာတည်း။

သုဿုသာသဒ္ဒါသည် သောတုကမျတ္ထ,ပါရိစရိယတ္ထနှစ်ပါးသင့်၊ယင်းနှစ်ပါးတွင် သောတုကမျတ္ထနှင့် သမ္ဗန္ဓပြုခိုက် ဂရှုနံသည် သာမျတ္တ၊ ပါရိစရိယတ္ထနှင့် သမ္ဗန္ဓပြုခိုက် သမ္ပဒါနတ္ထတည်း၊ ဂရှုနံဟူသောပုဒ်သည် အနက်နှစ်ပါးကို ငဲ့သောကြောင့် ကာကောလောကနနည်း၊သုဿူသာသဒ္ဒါသည် သဟသေယျ၌ သေယျသဒ္ဒါကဲ့သို့ သာမညနိဒ္ဒေသနည်း, ဧကသေသနည်း,ပဒိပနည်းတည်း၊ ဤနည်းတို့ကိုမှတ်သဖြင့် "သုဿုသာစဂရှုနန္တိ ဂရှုနံအာစရိယုပဇ္ဈာယာနံ ကလျာဏမိတ္တာနံ ဩဝါဒဿ သောတုကမျတာ ပါရိစရိယာစ"ဟူ၍ အဋ္ဌကထာဖွင့်သော်။

ပဉ္စမဂါထာအနက်ပြီးပြီ၊

---

## ဒုတိယဂါထာအနက်

၂။ ဗုဒ္ဓေသု၊ သဗ္ဗညုဘုရားတို့၌။ သဂါရဝတာ၊ သမ္မာသမ္ဗုဒ္ဓ အနုတ္တရ လောကဝိဒူ သယမ္ဘူနတ် မြတ်ထက်မြတ်သော ဘုရားပေတည်းဟု အလေးအမြတ် အမြဲမှတ်၍ မပြတ်ရှိသေခြင်းဇင်း။ ဓမ္မေ၊ မဂ်လေးတန် ဖိုလ်လေးတန် နိဗ္ဗာန်ပရိယတ် ပရမတ္ထသဘာ၁၀ အရိယတရား၌၊ ယထာဘူတံ၊ သွက္ခာတက စသည်လက္ခဏာ ဟုတ်မှန်စွာသဘောအားဖြင့်။ အပစိတိစ၊ ပူဇော်ခြင်းဇင်း။ သံဃေ၊ မဂ္ဂဖလဋ္ဌာန်လေးတန်ရှစ်ဆိုင်း ဂိုဏ်းအရိယာ မြတ်သံဃာ၌။ စိတ္တိကာရောစ၊

မြတ်နိုးကော်ရော် ပူဇော်ရှိသေခြင်းငှင်း။ တော်၊ ဤရတနာမြတ် ဥက္ကာ၌ ထွတ်ဖျား နတ်သုံးပါးကို ညွတ်တွားစုံမက် နှစ်သက်မကင်း ရှိသေခြင်းသည်။ သမဏာသ။ ရဟန်းအား။ ပဋိရူပံ၊ လျောက်ပတ်သောအကျင့်သဘောတည်း။

### အဓိပ္ပါယ်ရှင်းလင်းချက်

ဤ၌ ဂါရဝသဒ္ဒါ, အပစိတိသဒ္ဒါ, စိတ္တိကာရသဒ္ဒါတို့သည် သဒ္ဒါအားဖြင့် အထူးပြု၍ထားသော်လည်း ရတနတ္တယ ဂါရဝ အနက်အားဖြင့် အတူတူသာတည်း၊ ထို့ကြောင့် ယင်းအဋ္ဌကထာ၌—

ဗုဒ္ဓေသု သဂါရဝတာတိ သဗ္ဗညုဗုဒ္ဓေသု သမ္မာသမ္ဗုဒ္ဓေ ဂါဂဝါတိ ဂါရဝယောဂေါ ဂရုစိတ္တိကာရော။ ဓမ္မေအပစိတိ ယထာဘူတန္တိ အရိယဓမ္မေ ယာထာဝတော အပစာယနံ အာဒရေန အဘိပူဇနံ။ သံဃေတိ အရိယသံဃေ။ စိတ္တိကာရောတိ သပ္ပာရော သမ္မာနနံ။ တေန္တိ ရတနတ္တယဂရုကရဏံ။

ဟူ၍ မိန့်သတည်း၊ ဤသုံးပါးတို့တွင် ဗုဒ္ဓဂါရဝဟူသည် သဗ္ဗညုမြတ်စွာဘုရား ထင်ရှားရှိသော် ထံတော်အပါး ခစားသွားရောက်ခြင်း,ပရိနိဗ္ဗာန်စံလွန်ပြီးသောယခုအခါ၌ကား စေတီ-ဗောဓိသို့ အခါအခါ စားသွားရောက်ခြင်း, ရှိခိုးခြင်း,ယင်း စေတီတော်ယင်ပြင်၌ ထီးဘိနပ်ကို ပယ်ချွတ်ခြင်းသည် ဗုဒ္ဓဂါရဝမည်၏။

တတ်နိုင်အားသော် တရားနာကိုယ်တိုင်သွားခြင်း,တရားကျမ်းဂန်ကို ပြန်အံ့ သရဇ္ဈာယ်ခြင်း, တရားစကားသူတပါးအား ဟောကြားခြင်း, တရားနာအစဉ် အလှည့်ကိုမဖျက် ကိုယ်တိုင်တရားနာသွားခြင်း, မပြန့်မလွင့် အတည်အကြည် ရှိသေလေးမြတ်စွာနေ၍ နာခြင်းသည် ဓမ္မဂါရဝမည်၏။

သံဃဂါရဝဟူသည် သီတင်းကြီး- သီတင်းငယ်- သီတင်းလတ်တို့ကို အရိုအသေခရီးဦးကြိုဆိုခြင်း, ဥပုသ်အိမ်သိမ်အပြင် ကမ္မဋ္ဌာန်းကျောင်းစသည်တို့၌ ကိုယ်မူကြမ်းကြုတ်စွာမပြုခြင်း,သီတင်းကြီးစဉ်အတိုင်းရှိခိုးခြင်းသည် သံဃဂါရဝမည်၏။

ဤသို့ ရတနာသုံးပါးတို့ကို အရိုအသေပြုခြင်းသည် သမဏ ပဋိရူပ မည်၏၊ ထိုမှပြန်သဖြင့် ရတနာသုံးပါးတို့ကို အရိုအသေမပြုခြင်းသည် သမဏ အပဋိရူပ မည်၏။

ဒုတိယဂါထာအနက် ပြီး၏။

### တတိယဂါထာအနက်

၃။ အာစာရဂေါစရေ၊ ကိုယ်ဖြင့်မလွန်ကျူးအပ် နှုတ်ဖြင့်မလွန်ကျူးအပ်သောအရာ, သိက္ခာပုဒ်ဟူသမျှတို့ကို မကျူးမလွန်ခြင်းဟုဆိုအပ်သောအကျင့်,ဆွမ်းစသည်အကျိုး၄ါ ကပ်သင့်ရာဖြစ်သော ကျက်စားရာဂေါစရနှင့်။ ယုတ္တော၊ ယှဉ်ခြင်းငှာ၊ သောဓိတော၊ ဘုရားမြတ်စွာ ရှိရှာစက်ဆုပ်အပ်သော ဝါးပေးခြင်းစသော အနေသနအမှုတို့ကိုမပြုမကျင့် ပယ်လွှင့်သုတ်သင် စင်ကြယ်သန့်ရှင်းစေသည်ဖြစ်၍။အဂါ-ရယှော၊ ပညာရှိပေါင်းသူတော်ကောင်းတို့ နှစ်ထောင်းယုံမှတ် မကဲ့ရဲ့အပ်သော။ အာဇီဝေါ၊ အသက်မွေးခြင်းငှ။ စိတ္တသာ၊ စိတ်ကို။ သဏ္ဍပနံ၊ စက္ခုဒွါရ စသည်အပြား ခြောက်တံခါး၌ ခြောက်ပါးအာရုံ တွေ့ကြုံသမျှ ဣဋ္ဌအနိဋ္ဌတို့၌ အဘိဇ္ဈာဗျာပါဒ ပါပဆိုးညစ်မဖြစ်စေရ မြင်ကမြင်ရုံ ကြားကကြားရုံ မတုန်မလှုပ် တည်းချုပ်ကောင်းစွာ သမ္မာဖြော င့်စင်း ထားနိုင်ခြင်းငှ။ စ၊ ဤအာစာရဂေါစရသမ္ပတ္တိ, အာဇီဝပါရိသုဒ္ဓိ,ဣန္ဒြိယေသုဂုတ္တဒွါရတာဟု ဆိုအပ်သော သုံးပါးသည်လျှင်။ သမဏဿ၊ ရဟန်းအား၊ ပဋိရူပံ၊လျောက်ပတ်သော အကျင့်သဘောတည်း။

### အဓိပ္ပါယ်ရှင်းလင်းချက်

အာစာရဂေါစရေယုတ္တောတိ ကာယိကဝါစသိကဝီတိက္ကမနသင်္ခါ-တံ အနာစာရံ ပိဏ္ဍပါတာဒီနံ အတ္ထာယ ဥပသင်္ကမိတုံ အယုတ္တဋ္ဌာန-ဘူတံ ဝေသိယာဒိအဂေါစရဉ္စ ပဟာယ ကာယိကဝါစသိက အဝီ-တိက္ကမနသင်္ခါတေန အာစာရေန ပိဏ္ဍပါတာဒီနံ အတ္ထာယ ဥပသင်္က-မိတုံ ယုတ္တဋ္ဌာနေန ဂေါစရေန စ ယုတ္တော သမ္ပန္နော။ သမ္ပန္နအာစာရ-ဂေါစရောတိအတ္ထော။ (ငင်းအဋ္ဌကထာ)

မထေရ်ကြီးတို့ကို ထိပါး၍ရပ်ခြင်း, ထိပါး၍ထိုင်ခြင်း, ရှေ့တည့်တည့်ကရပ်ခြင်း, ထိုင်ခြင်း, အမြင့်ကနေခြင်း, ဦးခေါင်းခြုံ၍နေခြင်း, ရပ်၍ပြောခြင်း, လက်ရိုးခဲ့ရမ်းဆန့်တန်း၍ပြောဆိုခြင်း, မထေရ်ကြီးတို့ ဘိနပ်မစီးဘဲ စင်္ကြံသွားကုန်စဉ် မိမိဘိနပ်နှင့်တကွ စင်္ကြံသွားခြင်း,အနိမ့်ကစင်္ကြံသွားကုန်စဉ် အမြင့်ကစင်္ကြံသွားခြင်း, မြေ၌စင်္ကြံသွားကုန်စဉ် စင်္ကြံထက်စင်္ကြံသွားခြင်း, မထေရ်ကြီးတို့ကို တိုး‌ဝှေ့၍ရပ်ခြင်း, ထိုင်ခြင်း, သီတင်းငယ်တို့နေရာကိုမြစ်ခြင်း, အမျိုးမိန်းမ အမျိုးသမီးတို့နေရာသို့ အဆောတလျင် ထွက်ဝင်သွားလာခြင်း, သူငယ်တို့ ဦးခေါင်းကို သုံးသပ်ခြင်းစသည်သည် ကိုယ်ဖြင့် လွန်ကျူးသော ကာယိကအနာစာရမည်၏၊ ထိုသို့ မလွန်ကျူးခြင်းသည်ကာယိကအာစာရမည်၏။

မထေရ်ကြီးတို့ကိုမပန့်ဘဲတရားဟောခြင်း၊ ပြဿနာဖြေခြင်း၊ ပါတိမောက်ပြခြင်း၊ ရပ်လျက်ပြောခြင်း၊ လက်ရုံးဝဲရမ်းဆန့်တန်းပစ်ကာပြောဆိုခြင်း၊ ရွာတွင်းဝင်သော် မည်သူတို့ရှိ၏လော၊ မည်သည့်အမျိုးရှိ၏လော၊ ယာဂုရှိ၏လော၊ ထမင်းရှိ၏လော၊ ခဲဘွယ်ရှိ၏လော၊ သောက်ကြစို့၊ ခဲကြစို့၊ ငါ့တို့ အဘယ်ပေးကြမည်နည်းဟု ဆိုခြင်းသည် ဝါစသိကအနာစာရမည်၏၊ ထိုသို့မပြောမဆိုမလွန်ကျူးခြင်းသည် ဝါစသိကအာစာရမည်၏။

တနည်း-ကိုယ်ဖြင့် လွန်ကျူးခြင်း၊ နှုတ်ဖြင့်လွန်ကျူးခြင်း၊နှစ်ပါးစုံ လွန်ကျူးခြင်း၊ အလုံးစုံဒုဿီလအကျင့်၊ ဝါးပေးခြင်း၊ သစ်ရွက်ပေးခြင်း၊ ပန်းပေးခြင်း၊ သစ်သီးပေးခြင်း၊ ရေချိုး ကသည်မှုန့်ပေးခြင်း၊ ဒန်ပူပေးခြင်း၊ မိမိကိုယ်ကို ကျွန်ကဲ့သို့နှိမ့်ချ၍ ဒါယကာတို့ကို မြှောက်ခြင်း၊ပဲနောက်ဟင်းကဲ့သို့ မမှန်တချို့ မှန်တချို့ ကြို့ချည့်မြှောက်ချည် ဒါယကာတို့ကိုပြောခြင်း၊ ထိန်းယအတူ ရွာသူသားငယ်တို့ကိုချီပိုးခြင်း၊သလုံးမြင်းခေါင်းဖြင့် လူတို့အစေအပါးခံခြင်း၊ဆေးကုခြင်းစသော ဘုရားစက်ဆုပ်တော်မူအပ်သော မိစ္ဆာဇီဝဖြင့် အသက်မွေးခြင်းသည် အနာစာရမည်၏၊ ထိုသို့မပြုခြင်းသည် အာစာရမည်၏။

ပြည့်တန်းဆာ၊မုဆိုးမ၊ အပျိုကြီး၊ ပဏ္ဍုက်၊ ဘိက္ခုနီ၊ သေတင်းကုပ်တို့၌ ကျွမ်းဝင်အမြဲ မှီစဲဆွမ်းခံခြင်း၊ မင်း၊မင်းအမတ်၊ တိတ္ထိ၊တိတ္ထိယသာဝကတို့နှင့် မသင့်သော ရောနှောခြင်းစသည်သည် အဂေါစရမည်၏၊ ထိုသို့ မပြုခြင်းသည် ဂေါစရမည်၏၊တနည်း-သီလကထာ၊သမာဓိကထာစသောဂုဏ်နှင့်ပြည့်စုံသော ကလျာဏမိတ်သည် ဥပနိဿယဂေါစရမည်၏၊ ရွာတွင်းသို့ ဝင်သည်ရှိသော် ဩက္ခိတ္တစက္ခုစသည်ပြု၍ သွားခြင်းသည် အာရက္ခဂေါစရမည်၏၊ သတိပဋ္ဌာန်စသည် ကမ္မဋ္ဌာန်း၌ စိတ်ကိုအမြဲဖွဲ့ခြင်းသည် ဥပနိဗန္ဓဂေါစရမည်၏၊ ဤသို့ အကျဉ်းမှတ်ရာသတည်း။

အာဇီဝေါသောဓိတောတိ ဝေဠုဒါနာဒိ ဗုဒ္ဓပဋိကုဋ္ဌံ အနေသနံ
ပဟာယ အနဝဇ္ဇပ္ပစ္စယေ ပစ္စယေ သေဝန္တဿ အာဇီဝေါ သောဓိတော
ဟောတိ သုဝိသုဒ္ဓေါ၊ သောဓိတတ္တာ စေဝ အဂါရယှော ဝိညူဟိ။
(ငင်းအဋ္ဌကထာ။)

ဝါးပေးခြင်းစသော ဗုဒ္ဓပဋိကုဋ္ဌ၊ လာဘ်ပူဇော် အကျော် အစောကိုတောင့်တ၊ပါပိစ္ဆသဘောနှိပ်စက်သည်ဖြစ်၍ ပစ္စည်းဘိတ်လှူသည်ရှိသော် အလိုနည်းဟန် ပယ်လှန်ပြုလျက် သူကတက်၍ လှည်းထက်တင်ဆောင် လှူအောင်တခု အံ့ဘွယ်ပြုခြင်း-ပစ္စယပဋိသေဝန၊ ရှာန်မဂ်ဖိုလ်အရ အနီးပြုလျက် မြွက်ဟ ထိုထို ပြောဆိုသမှု အံ့ဘွယ်ပြုခြင်း-သာမန္တဇပ္ပန၊ ချီးမွမ်းစေလိုသော အလိုမြင့် ဣရိယာပုထ် ပြုပြင်သိမ်းချုပ် မျက်မှောင်ကုပ်လျက် အဟုတ်သဘွယ် ညာဘယ်မရှု အံ့ဘွယ်ပြုခြင်း-ဣရိယာပထသန္နိဿိတဟု ဆိုအပ်သော သုံးပါးသော ကုဟနဝတ္ထု။

ကျောင်းသို့ရောက်လာ လူတကာကို ပင့်လာသလော၊ ပဇာလောဟု သဘောစခြို စကားမြွက်ခြင်း, မင်းကြီးမှူးမတ် လေးမြတ်သောငါ မင်းဆရာဟု ကြွားကာမောက်မို မိမိကိုယ်ကို တင်ဆိုပြောဟောခြင်း-အာလပန၊ သူတပါး တို့မေး၍ ပြောခြင်း-လပန၊ ညှာ၍ပြောခြင်း-သလ္လပန၊ ပင့်၍တင်၍ပြောခြင်း- ဥလ္လပန၊ အချင်းခပ်သိမ်းပင့်၍တင်၍ ပြောခြင်း-သမုလ္လပန၊ ရစ်၍ပြောခြင်း- ဥန္နဟန၊ အချင်းခပ်သိမ်းအဘန်ဘန်ရစ်၍ပြောခြင်း-သမုန္နဟန၊ မြှောက်၍ပြော ခြင်း-ဥက္ကာစန၊အချင်းခပ်သိမ်း အဘန်ဘန်မြှောက်၍ပြောခြင်း-သမုက္ကာစန၊မှန် သည်အလျောက်သဘောအတိုင်းမရှု ချစ်ဘွယ်မှုကိုသာပြောခြင်း-အနုပိယဘာ- ဏိတာ၊ကိုယ်ကိုအောက်ထားကာ အောက်ထားကာပြောခြင်း-စာဋုကမျတာ၊ ပဲနောက်ဟင်းနှင့်အတူ မမှန်တချို့ မှန်တချို့ ပြောခြင်း-မုဂ္ဂသူပျတာ၊ ထိန်းယ အတူ ရွှာသူသားငယ်တို့ကို ချီပိုးထိန်းယခြင်း-ပါရိဘဋျတာ-ဟု ဆိုအပ်သော လပနဝတ္ထု။

အမှတ်မရှိ သူတပါးတို့ပစ္စည်းလှူခြင်းအမှတ်ကို ဖြစ်စေခြင်း-နိမိတ္တ၊ အမှတ်ပြု ခြင်း-နိမိတ္တကမ္မ၊ ပစ္စည်းနှင့် စပ်သောစကားကိုပြောခြင်း-ဩဘာသ၊ သူတပါး ကိုကြားစေ၍ လှူစေခြင်း-ဩဘာသကရဏ၊ မိမိအလိုရှိသောဝတ္ထုအနီးပြု၍မလှူ မနေသာအောင် ပြောခြင်း-သာမန္တဇပ္ပန၊ သူတပါးပစ္စည်းကို မရရအောင် တလည်လည်ပြောခြင်း-ပရိကထာ-ဟုဆိုအပ်သော နေမိတ္တကတာ။

မလှူမနေဝံ့အောင်ဆဲရေးခြင်း-အက္ကောသ၊ ချုပ်ချယ်ခြင်း-ဝမ္ဘန၊ ပြစ်တင် ကဲ့ရဲ့ခြင်း-ဂရဟာ၊ စကားကို ပယ်ခြင်း, အလှူရှင်ကြီးပေဟု မြှောက်ချီးခြင်း- ဥက္ခေပန၊ အချင်းခပ်သိမ်းပယ်ခြင်း, အလှူရှင်ကြီးပေဟု ပြင်းစွာမြှောက်ချီးခြင်း- သမုက္ခေပန၊ ပြရယ်မှုခြင်း-ခိပန၊ ပြင်းစွာပြရယ်မှုခြင်း-သံခိပန၊ ကျေးဇူးမဲ့သို့ ရောက်စေခြင်း-ပါပန၊ အချင်းခပ်သိမ်းရောက်စေခြင်း-သမ္ပာပန၊ အရပ်တပါးသို့ ကျေးဇူးမဲ့ကိုဆောင်ခြင်း-အဝဏ္ဏဟာရိတာ၊ မျက်မှောက်နာဘွယ်, မျက်ကွယ် ကျေးဇူးမဲ့အတင်းပြောခြင်း-ပရပိဋ္ဌိမံသိကာဟု ဆိုအပ်သော နိပ္ပေသိကတာ။

ဤအိမ်မှရသောပစ္စည်းကို ထိုအိမ်သို့, ထိုအိမ်မှရသောပစ္စည်းကို ဤအိမ်သို့ ဆောင်၍ အနည်းငယ်ပစ္စည်းဖြင့် များသောပစ္စည်းကို လှည့်ပတ်၍ အဆင့်ဆင့် အတန်တန် တဘန်ရှာမှီးခြင်းဟုဆိုအပ်သော လာဘေနလာဘံနိဇိဂီသနတာ- အစရှိသော မိစ္ဆာဇီဝအနေသနတို့ကိုပယ်၍ အပြစ်မရှိသော ပစ္စည်းတို့ကို မှီဝဲ သုံးဆောင်ခြင်းသည် အသက်မွေးခြင်းကို သုတ်သင်သည်မည်၏၊ ဤကား အာ- ဇီဝပါရိသုဒ္ဓိသီလတည်း၊ ဤသို့ အကျဉ်းမှတ်လေ။

စိတ္တဿသည်တပနဋ္ဌံ ယထာစက္ခာဒိဒွါရေဟိ ရူပါဒိအာရမ္မဏေသု အဘိဇ္ဈာဒယော န ပဝတ္တန္တိ၊ ဧဝံ ဒိဋ္ဌေဒိဋ္ဌမတ္တတာဒိ ဝသေန စိတ္တဿ သည္ဟပနံ။ (ဌင်းအဋ္ဌကထာ။)

စက္ခုဒွါရစသည်တို့မှ ရူပါရုံစသည်တို့၌ အဘိဇ္ဈာစသည်တို့မဖြစ်အောင် မြင်သော်မြင်ရုံမျှစသည်ဖြင့်စိတ်ကိုထားခြင်းတည်း၊အဘယ် သို့ထားရာသနည်း၊မျက်စိဖြင့်အဆင်းကိုမြင်သော် ရင်သားသမြတ်,ဆံထုံး,ဥသျှောင်စသည်မိန်းမအမှတ်, ယောကျ်ားအမှတ်, ဇုတ္တိနိမိတ်, ပုရိသနိမိတ်ကိုရင်း၊ ရာဂဖြစ်ကြောင်းဖြစ်သော လှပတင့်တယ် နှစ်သက်ဘွယ်ရှိ၏ ဟူသော သုဘနိမိတ်၊ ဒေါသဖြစ်ကြောင်းဖြစ်သော မနှစ်သက်ဘွယ် မတင့်တယ်ဟူသော ပဋိဃနိမိတ်၊ မောဟ၏ အကြောင်းအာရုံဖြစ်သော ဥပေက္ခာနိမိတ်ကိုရင်း၊ မိန်းမ, ယောကျ်ား၏ ရင်သားသမြတ်, ဆံဘုံး, ဥသျှောင်စသည်ဟူ၍လည်း မယူ၊ လှပတင့်တယ် နှစ်သက်ဘွယ်ရှိ၏ဟူ၍လည်း ရာဂဖြင့်မယူ၊ မနှစ်သက်ဘွယ် မတင့်တယ်ဟူ၍လည်း ဒေါသဖြင့်မယူ၊ ဟုတ်မှန်သည် သဘာဝအတိုင်း မသိမမြင် မဆင်ခြင်မူ၍လည်း မောဟဖြင့်မယူ၊ မုချဆတ်ဆတ် ပရမတ္ထသဘာဝအားဖြင့် လက်ခြေ ဦးခေါင်းစသော မည်သည် တစုံတခုမျှမရှိသဖြင့် ထိုထိုသို့သောအနေ အထွေထွေ အပြားပြား စုရုံးဖြစ်ပေါ်သော မဟာဘုတ်, ဥပါဒါရုပ်တို့၏ သဏ္ဌာန် ဖြစ်သော အစိတ်အစိတ်အင်္ဂါကြီးငယ် သဏ္ဌာန်ဟု ဆိုအပ်သော အနုဗျဉ္ဇနတို့ကိုလည်း လက်ခြေဦးခေါင်း စသည်ဟူ၍မယူ။

အဘယ်သို့ယူသနည်း၊ ရေ,ဆီ,နို့သာ,အဝတ်တန်ဆာ,ရတနာတို့ဖြင့် မဆေး မကြော မသုတ်မလိမ်း မဖုံးမလွှမ်း မဆင်မယင် ပကတိမွေးမြင် ဖြစ်ဘွားတိုင်း သဘောရင်းစင်စစ်သည်ကား နှစ်သက်ရှုခြင်စရာမရှိ စက်ဆုပ်ရွံရှာဘွယ်အတိမျှသာဖြစ်သော ဆံ, အမွေး, လက်သည်း ခြေသည်း, သွား,အရေ, အသား, အကြော, အရိုး, ခြင်ဆီ အစရှိကုန်သော သုံးဆယ့် နှစ်ပါးသော ရှုမြင်မလှ အသုဘသာတည်း၊ မိန်းမ, ယောကျ်ား, သတ္တဝါ, ပုဂ္ဂိုလ်ဟူ၍ မှတ်ယူစွဲလမ်းစရာမရှိ၊မိန်းမ,ယောကျ်ားမည်သည် အမည်သညာ ပညတ်ဝေါဟာရမျှ ဖြစ်၍ အသီးအခြား မှတ်သားခေါ်ဝေါ်ရုံသာတည်းဟူ၍ အသုဘအားဖြင့် ယူ၏။

ခက်ထန်ခိုင်မာ မြေမျှသာဖြစ်သော ပထဝီဓာတ်, အရေသွက်သွက် စက်စက်ယိုစွာ ရေမျှသာဖြစ်သော အာပေါဓာတ်, ပူရှိန်ချမ်းမြေ့ အငွေ့မျှသာ ဖြစ်သော တေဇောဓာတ်, လှုပ်ရှားတောင့်တင်းတတ်စွာ လေမျှသာဖြစ်သော ဝါယောဓာတ်၊ ယင်းမြေ,ရေ,မီး,လေ တည်းဟူသော ဓာတ်လေးပါးတို့၏ အဆင်းမျှသာဖြစ်သောဝဏ္ဏ၊ ဓာတ်လေးပါးတို့၏ အနံ့မျှသာဖြစ်သော ဂန္ဓ၊ ဓာတ်လေးပါးတို့၏ အရသာမျှသာဖြစ်သော ရသ၊ ဓာတ်လေးပါးတို့၏ ပျံ့နှံ့ခြင်းမျှသာ ဖြစ်သော ဩဇ၊ ဤဘူတရုပ်, ဥပါဒါရုပ်တို့မျှသာတည်း၊ ဤဘူတရုပ်,ဥပါဒါရုပ်တို့မှ တပါး မိန်းမ, ယောကျ်ား, ပုဂ္ဂိုလ်, သတ္တဝါဟူ၍မရှိ၊ အမည်သညာ ပညတ်ဝေါဟာရမျှသာဖြစ်၍ အသီးအခြား တင်စားခေါ်ဝေါ်ရုံသာတည်း ဟူ၍ ဘူတရုပ်, ဥပါဒါရုပ်တို့ကိုသိမ်းဆည်းပိုင်ခြား မှတ်သောအားဖြင့် ပညတ်နိမိတ် အနုဗျဉ္ဇနတို့ကို ဥါ၍ယူ၏။

ဤသို့အဆင်းကိုမြင်သည်ရှိသော် ဣဋ္ဌရူပါရုံ၌ ရာဂမဖြစ်အောင် အသုဘအားဖြင့် ဆင်ခြင်ခြင်း၊ အနိဋ္ဌရူပါရုံ၌ ဒေါသမဖြစ်အောင် သတိဆောင်၍ ဓာတ်အားဖြင့်ဆင်ခြင်ခြင်း၊ အညာဏုပေက္ခာရူပါရုံ၌ မောဟမဖြစ်အောင် သတိဆောင်၍ အသုဘအားဖြင့်၎င်း, ဓာတ်အားဖြင့်၎င်း ဆင်ခြင်ခြင်းသည် မြင်သော် မြင်ရုံမျှ စိတ်ကိုထားသည်မည်၏၊ ဤကား ရူပါရုံ၌ စိတ်ကိုထားသောအရာတည်း။

အသံ၌ မိန်းမသံ,ယောကျ်ားသံ ဟူသောနိမိတ်၊ဣဋ္ဌာရုံဖြစ်သောသုဘနိမိတ်၊ အနိဋ္ဌာရုံဖြစ်သော ပဋိဃနိမိတ်၊မောဟ၏အာရုံဖြစ်သောဥပေက္ခာနိမိတ်၊သံသာ, သံညှင်း, သံပြင်း, သံပြတ်စသော အခြင်းအရာဟုဆိုအပ်သော အနုဗျဉ္ဇန၊ ဤနိမိတ်, အနုဗျဉ္ဇနတို့ကိုမယူ၊ စက်ဆုပ်ဘွယ်အတိဖြစ်သော အသုဘာကာရ၊ ဓာတ်လေးပါးတို့၏ စက်ဆုပ်ဘွယ်ဖြစ်သော အသံမျှသာတည်းဟူ၍ ယူ၏။

အနံ့၌ မိန်းမနံ့,ယောကျ်ားနံ့ ဟူသောနိမိတ်၊ ဣဋ္ဌာရုံဖြစ်သောသုဘနိမိတ်၊ အနိဋ္ဌာရုံဖြစ်သော ပဋိဃနိမိတ်၊ မောဟ၏အာရုံဖြစ်သော ဥပေက္ခာနိမိတ်၊ သင်းသင်းထုံထုံ ပဒုံမာနံ့,စန္ဒကူးနံ့စသော အခြင်းအရာဟု ဆိုအပ်သော အနုဗျဉ္ဇန၊ ဤနိမိတ်, အနုဗျဉ္ဇနတို့ကိုမယူ၊ စက်ဆုပ်ဘွယ်အတိဖြစ်သော အသုဘာကာရ၊ ဓာတ်လေးပါးတို့၏ စက်ဆုပ်ဘွယ်ဖြစ်သော အနံ့မျှသာတည်း ဟူ၍ ယူ၏။

အရသာ၌လည်း မိန်းမအရသာ, ယောကျ်ားအရသာဟူသော နိမိတ်၊ ဣဋ္ဌာရုံဖြစ်သောသုဘနိမိတ်၊ အနိဋ္ဌာရုံဖြစ်သော ပဋိဃနိမိတ်၊မောဟ၏အာရုံဖြစ်သော ဥပေက္ခာနိမိတ်၊ ချိုချဉ်စပ်ငန်စသော အခြင်းအရာဟုဆိုအပ်သော အနုဗျဉ္ဇန၊ ဤနိမိတ်, အနုဗျဉ္ဇနတို့ကိုမယူ၊ စက်ဆုပ်ဘွယ်အတိဖြစ်သော အသုဘာကာရ၊ ဓာတ်လေးပါးတို့၏ စက်ဆုပ်ဘွယ်ဖြစ်သော အရသာမျှသာတည်း ဟူ၍ယူ၏။

အတွေ့၌လည်း မိန်းမအတွေ့, ယောကျ်ားအတွေ့ ဟူသော နိမိတ်၊ ဣဋ္ဌာရုံဖြစ်သော သုဘနိမိတ်၊ အနိဋ္ဌာရုံဖြစ်သော ပဋိဃနိမိတ်၊ မောဟ၏အာရုံဖြစ်သော အခြင်းအရာဟုဆိုအပ်သော ဥပေက္ခာနိမိတ်၊ နူးနူးညံ့ညံ့, ခံ့ခံ့မာမာ မြမြ အေးအေး နွေးနွေးရှိန်ရှိန်စသော အခြင်းအရာဟုဆိုအပ်သော အနုဗျဉ္ဇန၊ ဤနိမိတ်, အနုဗျဉ္ဇနတို့ကိုမယူ၊ စက်ဆုပ်ဘွယ်အတိဖြစ်သော အသုဘာကာရ၊ ဓာတ်လေးပါးတို့၏ စက်ဆုပ်ဘွယ်ဖြစ်သော အတွေ့မျှသာတည်းဟူ၍ ယူ၏။

သဘော၌လည်း မိန်းမသဘော, ယောကျ်ားသဘော ဟူသော နိမိတ်၊ ဣဋ္ဌာရုံဖြစ်သော သုဘနိမိတ်၊ အနိဋ္ဌာရုံဖြစ်သော ပဋိဃနိမိတ်၊ မောဟ၏အာရုံဖြစ်သော ဥပေက္ခာနိမိတ်၊ သိမ်မွေ့ရုန့်ရင်း ယုတ်မြတ်ခြင်းစသော အချင်းချင်းဟု ဆိုအပ်သော အနုဗျဉ္ဇန၊ ဤနိမိတ်, အနုဗျဉ္ဇနတို့ကိုမယူ၊ စက်ဆုပ်ဘွယ်အတိ ဖြစ်သော အသုဘာကာရ၊ ဓာတ်လေးပါး တို့၏ စက်ဆုပ်ဘွယ် ဖြစ်သော သဘောမျှသာတည်းဟူ၍ ယူ၏။

ဤသို့ ဒွါရခြောက်ပါးတို့မှ အာရုံခြောက်ပါးတို့၌ ရာဂ,ဒေါသ,မောဟတို့ကို မဖြစ်စေအောင် သတိဆောင်၍ ဆင်ခြင်မဘော့ာက် စောင့်ရှောက်သဖြင့်

မြင်သော်မြင်ရုံစသည် စိတ်ကိုထားခြင်းသည် ဣန္ဒြိယသံဝရသီလမည်၏၊ ယင်း ဣန္ဒြိယသံဝရသီလသည် သတိချွတ်ယွင်းနှလုံးသွင်းဖြင့် ပျက်သည်ရှိသော် နောက် သည်ကဲ့သို့မပြုဟု စိတ်ကိုတဘန်ဆောက်တည်ပြန်က စင်ကြယ်သောကြောင့် ဣန္ဒြိယပါရိသုဒ္ဓိသီလမည်၏၊ ဤဂါထာ၌ သရုပ်အားဖြင့် သီလသုံးပါးသာလာ သော်လည်း လက္ခဏာတူဟာရအားဖြင့် ပစ္စယသန္နိဿိတသီလကိုလည်း ယူအပ် ၏၊ ယင်းသို့သီလလေးပါးကို ပြည့်စုံစေခြင်းသည်သာ သမင်္ဂလာပဋိရူပဖြစ်သည် ဟုလိုသော်။

တတိယဂါထာအနက် ပြီးပြီ။

---

**စတုတ္ထဂါထာအနက်**

၄။ စာရိတ္တံ၊ဘုရားမြတ်စွာ ခွင့်ပြုရာကို သဒ္ဓါဖြူဆွ ဝီရိယနှင့် နိစ္စ မြဲကြပ် ဖြည့်ကျင့်အပ်သော စာရိတ္တသီလဂုဏ်း။ အထ၊ ထိုမှ။ ဝါရိတ္တံ၊ ဘုရားမြတ်ထာ မအပ်ရာကို သဒ္ဓါသတိ ကောင်းစွာညှိ၍ ဝိရတီသုံးခု အာရုံစုဖြင့် မပြုမစပ် ဖြည့်ကျင့်အပ်သော ဝါရိတ္တသီလဂုဏ်း။ ပသာဒ- နိယံ၊ သူတပါးတို့၏ ကြည်ညိုဘွယ်ကိုဆောင်တတ်သော။ ဣရိယာ- ပထိယဥ္စ၊ လျောင်းခြင်း,ထိုင်ခြင်း, ရပ်ခြင်း,သွားခြင်းဟု ဆိုအပ်သော ဣရိယာပုထ်လေးပါးတို့၌ မှိုသောပညာအဆင်အခြင်ဂုဏ်း။အဓိစိတ္တေ၊ သမထ,ဝိပဿနာစသောစိတ်၌။ အာယောဂေါစ၊ အမြဲအစဉ်ပွါးများ ယှဉ်ခြင်းဂုဏ်း။ ဧတံ၊ ဤစာရိတ္တ,ဝါရိတ္တ,ဣရိယာပထသမ္ပဇဉ်,ဘာဝနာ ညာဉ်၌ အမြဲယှဉ်ခြင်းသည်။သမင်္ဂလာဿ၊ရဟန်းအား။ပဋိရူပံ၊ လျောက် ပတ်သောအကျင့်သဘောတည်း။

**အဓိပ္ပါယ်ရှင်းလင်းချက်**

ဤဂါထာ၌ အထသဒ္ဒါ မင်္ဂလာအနက်ဟော၊ ထို့ကြောင့် ထိုမှို့ဟု အနက် ပေးရသည်၊ မှို့-ဟူသော မြန်မာ့ဘာသာသည်လည်း မင်္ဂလာရှိသည် ဟုလို သည်။ (ပေါရာဏကထာ၊)

မင်္ဂလာအောင်မှို့၊ ရွှေမြို့ကျုံးဝန်း၊ နတ်ကွန်းဗဟို၊ ရွှေချက်သို့နှင့်။

(ရာဇဝင်ပျို့၊)

ပဒပူရဏာမြို့လည်းရှိ၏။

မဲ့ချည်းသွားမှို့၊ သွားဘော်ချို့သည်။ ။ဘယ်သို့သွားခြင်း သွား ရုံ့နည်း။

ဟူသော ကိုးခန်းလက်ာ၌ မှို့ကား ပဒပူရဏာတည်း၊ ထိုပဒပူရဏာမှို့ကိုရစ်, မင်္ဂလာမှို့ကိုပင်။

မျိုးမင်္ဂလာ၊ ပင့်လေရာ၏၊ မြို့ရွာထိုမြို့၊ ပြည်မြို့နှင့်၊ ဆို့မြို့ရှိနိုး။
(ကဗျာသာရတ္ထသင်္ဂဟာသတ်ပုံ၊)

ဘာဝနာညာဉ်၌ ညာဉ်ဟူသည်လည်း ဉာဏ်ကိုဆိုသည်။

ဆုတောင်းသောစဉ်၊ ညာဉ်ဝီရိယာ၊ သဒ္ဓါမိက၊ သုံးမည်ရသား။
(ပါရမီခန်းလင်္ကာ၊)

အဆင်အခြင်ကို၊ ချင်းနှင့်ကချင်၊ ကြံဆင်ခြင်၍-ဟူသောနားတော်သွင်းနှင့်ညီစေ။

စာရိတ္တသီလဟူသည် ဘုရားသခင်သည် ပြုအပ်ကျင့်အပ်၏ဟု ပညတ်တော်မူအပ်သော "အနုဇာနာမိဘိက္ခဝေ"စသည်ဖြင့် မှတ်အပ်သော စာရိတ္တသိက္ခာပုဒ်သီလကို ဖြည့်ခြင်းတည်း။

ယံ ဘဂဝတာ ဣဒံ ကတ္တဗ္ဗန္တိ ပညတ္တသိက္ခာပဒပူရဏံ၊ တံစာရိတ္တံ။
(ဝိသုဒ္ဓိမဂ်။)

ဝါရိတ္တဟူသည်ကား ဘုရားသခင် မပြုအပ်ဟု ပညပ်မြစ်တားတော်မူအပ်သော "ယော ပန ဘိက္ခု။လ။န ဘိက္ခဝေ"စသည်ဖြင့် မှတ်အပ်သော ဝါရိတ္တသိက္ခာပုဒ်သီလကို ဖြည့်ခြင်းတည်း။

ယံ ဣဒံ န ကတ္တဗ္ဗန္တိ ပဋိက္ခိတ္တဿ အကရဏံ၊ တံဝါရိတ္တံ။
(ဝိသုဒ္ဓိမဂ်။)

ယင်းနှစ်ပါးတို့တွင် စာရိတ္တသီလကို သဒ္ဓါ,ဝီရိယဖြင့် ပြီးစေအပ်၏၊ ဝါရိတ္တသီလကိုကား သဒ္ဓါ,သတိဖြင့်ပြီးစေအပ်၏။

တတ္ထ သဒ္ဓါဝီရိယသာဓနံ စာရိတ္တံ၊ သဒ္ဓါသတိသာဓနံ ဝါရိတ္တံ။
(ဝိသုဒ္ဓိမဂ်ဋီ၊)

တနည်း-စာရိတ္တသီလသည် ဝိရတီကင်း၍ ဖြည့်ကျင့်အပ်၏၊ ဝါရိတ္တသီလကား ဝိရတီဖြင့် ဖြည့်အပ်၏၊ ထို့ကြောင့် ဤအဋ္ဌကထာ၌-

စာရိတ္တန္တိ စရိတ္ဗာ ကတ္ဗာ ပရိပူရေတဗ္ဗသီလံ။ ဝါရိတ္တန္တိ ဝိရတိယာ အကရဏေန ပရိပူရေတဗ္ဗသီလံ။ (ဟူ၍ဘွင့်။)

ဇာဂရိယာပထသမ္ပဇဉ်ဟူသည် သူတပါးတို့၏ ကြည်ညိုဘွယ်ကို ဆောင်တတ်သော သမဏအသွင်အပြင်၏ပြည့်စုံခြင်း၏အကြောင်း ဇာဂရိယာပုထ်လေးပါးတို့၌ ရှိသောအဆင်အခြင်ပညာတည်း။

ဇာဂရိယာပထိယံ ပသာဒနိယန္တိ ပရေသံ ပသာဒါဝဟံ အာကပ္ပ-သမ္ပတ္တိနိမိတ္တံ ဇာဂရိယာပထနိယံဿတံ သမ္ပဇညံ၊ (အဋ္ဌကထာ၊)

စတုတ္ထဂါထာအနက်ပြီးပြီ။

**ပဋ္ဌမဂါထာအနက်**

၅။ အာရညကာနိ၊ အလွန်အားဖြင့် ဂါဝုတ်ခွဲ, အယုတ်အားဖြင့် ကုပ်လုပ်လေးတာ ပြန့်ငါးရာဖြင့် သချင်္ာမှန်လှ တကောသလောက် ခုတင်မြောက်ရှိ တောင်ဖြစ်ကုန်သော၊ ပန္တာနိ၊ ဆိတ်ငြိမ် ကုန်သော။ အပ္ပသဒ္ဒါနိ၊ လူသံမြင်းသံ ကင်းဆိတ်ညံကုန်သော။ သေနာသနာနိ၊ ကျောင်းတို့ကို။ မုနိနာ၊ ရဟန်းသည်။ ဘဇိတဗ္ဗာနိ၊ ခိုအောင်းကိန်းဝပ် ဆည်းကပ်မှီဝဲအပ်ကုန်၏။တော၌အာရညကင် ခုတင်တောရပ်ကိန်းဝပ် မှီဝဲခြင်းသည်။သမဏဿ၊ ရဟန်းအား၊ ပဋိရူပံ၊ လျောက်ပတ်သော အကျင့်သဘောတည်း။

၅၌တောဟူသည် အဘိဓမ္မာနည်းအားဖြင့် တံခါးခုံမှအပ, ဝိနည်းပိဋကတ်နည်းအားဖြင့် အရံရှိသောရွာ၏အရံမှ မဋ္ဌိမပုရိသခဲတကျ၏အပ, အရံမရှိက အဆုံးစွန်အိမ်မှခဲနှစ်ကျ၏ အပသည်တောမည်၏၊ သုတ္တန်နည်းအားဖြင့်ကား ရွာဥပစာမှ လေးတောင်ထွာလုပ် လေးကုပ်လုပ်ကို မဖြုတ်တောင်တိုက် ညှို့လိုက်ရှစ်ထွာ လေးတောင်မှန်စွာ လေးအတာဖြင့် ငါးရာပြန်ချ တကောသ သည် အယုတ်ဆုံး အာရညကင် ခုတင်လောက်သောတောမည်၏၊ ထို့ကြောင့် အင်္ဂုတ္တရသုတ္တန်ပါဠိအဋ္ဌကထာ၌—

အာရညကေသူတိ ပဉ္စဓနုသတိကပစ္ဆိမေသု၊

ဟူ၍မိန့်၊ ၅၌လည်း သုတ္တန်နည်းပင်။

ရွာနီးကျောင်းတို့၌ ဆွမ်းဝင်စား၍ တနေ့လုံးနေသော ရဟန်းထက်လည်း တော၌အိပ်လျက်နေသောရဟန်းကို ဘုရားသခင် ချီးမွမ်းတော်မူ၏၊ အဘယ့်ကြောင့်နည်း၊ရွာနီးကျောင်း၌ ဆွမ်းဝင်စား၍ ဆွမ်းမှထသော် မိန်းမယောကျ်ား သူငယ်တို့၏ အသံကိုကြားရ၏၊ ရပြီးသောဆွမ်းသမာဓိသည်ယုတ်၏၊ တော၌ အိပ်၍ထခဲ့သော် ခြင်္သေ့သစ်ကျားစသည်တို့၏ အသံကိုကြားရသဖြင့် တော၌ ဖြစ်သောပီတိကိုရ၏၊ ထိုပီတိကိုဝိပဿနာပွါးရှုသုံးသပ်၍ အရဟတ္တဖိုလ်သို့ ရောက်နိုင်၏၊ ထို့ကြောင့် ဘုရားချီးမွမ်းတော်မူသတည်း။

ဂါမန္တသေနာသနေသု ဟိ ဈာနံ အပ္ပေတွာပိ တတော ဝုဋ္ဌိတမတ္တော ဇုတ္တိပုရိသဒါရကာဒိသဒ္ဒံ သုဏာတိ၊ ယေနဿ အဓိဂတဝိသေသောပိ ဟာယတိယေဝ။အရညေ ပန နိဒ္ဒါယိတွာ ပဗုဒ္ဓမတ္တော သီဟဗျဂ္ဃမောရာဒိနံ သဒ္ဒံ သုဏာတိ၊ ယေန အာရညကံပီတိံ ပဋိလဘိတွာ တမေဝ သမ္မသန္တော အဂ္ဂဖလေ ပတိဋ္ဌာတိ။ ဣတိ ဘဂဝါ ဂါမန္တသေနာသနေ ဈာနံ အပ္ပေတွာ နိသိန္နဘိက္ခုတော အရညေ နိဒ္ဒါယန္တမေဝ ပသံသတိ၊ (အင်္ဂုတ္တရသုတ္တနိပါတ် အဋ္ဌကထာ, သုတ် မဟာဝါမဟာပရိနိဗ္ဗာနသုတ်အဋ္ဌကထာ။)

ဤ၌လည်း အဋ္ဌကထာဆိုတိုင်း အိပ်ရာမှထသဖြင့် သမဏဓမ္မကို ဖြစ်စေတတ်သော ရဟန်းကိုသာ ချီးမွမ်းတော်မူသည်၊ မိုက်၍နေခြင်း, ချီးမွမ်းစေလို၍ နေခြင်းဖြင့် တော၌နေဆန်းနေကာ နေကြသောရဟန်းတို့ကို ချီးမွမ်းတော်မမူ။

ပဉ္စမဂါထာအနက်ပြီးပြီ။

---

## ဆဋ္ဌဂါထာအနက်

၆။ သီလဋ္ဌ၊ စတုပါရိသုဒ္ဓိသီလရှင်း။ ဗာဟုသစ္စဋ္ဌ၊ အကြားအမြင်များသည်၏အဖြစ်ရှင်း။ ဓမ္မာနံ၊ ရုပ်နာမ်တရားတို့ကို။ ယထာဘူတံ၊ မိမိတို့လက္ခဏာ, အနိစ္စ-ဒုက္ခ-အနတ္တ ဟုသာမညလက္ခဏာ ဟုတ်ရာမှန်တိုင်း။ပဝိစယော၊ စိစစ်ဆင်ခြင်ခြင်းရှင်း။ သစ္စာနံ၊ ဒုက္ခသမုဒယ နိရောဓနှင့် မဂ္ဂဟူသည် လေးဆူသောသစ္စာတို့ကို။ အဘိသမယောစ၊ ပိုင်းခြားတသွယ် ပယ်သည်တပုံ အာရုံတပါး ပွါး၍ထိုးထွင်း သိနိုင်ခြင်းရှင်း။တော်၊ ဤသီလသုတ ဓမ္မဝိပဿနာ သစ္စာဘိသမယ အားဖြင့် လေးပါးသော သဘောသည်။ သမဏဿ၊ ရဟန်းအား။ ပဋိရူပံ၊ လျောက်ပတ်သော အကျင့်တည်း။

### အဓိပ္ပါယ်ရှင်းလင်းချက်

အာစာရဂေါစရေယုတ္တော-စသောဂါထာဖြင့် စတုပါရိသုဒ္ဓိသီလ လေးပါးတို့ကို တပါးတပါးစီခွဲ၍ပြ၏၊ ဤ၌တပေါင်းတည်းပြ၏၊ ဤအလိုမှ တပါးတပါးစီ စင်ကြယ်စေရုံမျှဖြင့် သမဏပဋိရူပမဖြစ်၊ လေးပါးလုံးအညီအညွတ်စင်ကြယ်မှ သမဏပဋိရူပဖြစ်၏ဟု ပြသတည်း။

ရဟန်းကျင့်ဝတ်၊ တပါးတတ်က၊ လူနတ်ဦးခိုက်၊ ပူဇော်ထိုက်၏။

ဟူသောကိုးခန်းလင်္ကာကို လိုရာထင်တိုင်း အဓိပ္ပါယ်ယူကြသဖြင့် အပ္ပဿုတ ဒုပ္ပညပုဂ္ဂိုလ် အများတို့သည် စကားဖြစ်ဆန်း ရဟန်းသိက္ခာ တတ်ရာသမျှ ကျင့်ပါကလည်း မုချလူနတ် ပူဇော်အပ်သကဲ့သို့ အဟုတ်အဟတ် စွဲမှတ်ပြောဆို အလိုရှိသမျှ ကျင့်ကုန်ကြသည်ကား အပ္ပဿုတ အညာဏဒေါသသာတည်း။

ထိုလင်္ကာ၏ ယထာဘူတ အဓိပ္ပါယ်ကား-ဘယ်မေဒင် ဘယ်ဓမ္မသတ်စသော ကျမ်းတို့ကို မတတ်သည်ဖြစ်စေ စတုပါရိသုဒ္ဓိသီလကျင့်ဝတ် တပါးကို ကျင့်တတ်က လူနတ်ဦးခိုက် ပူဇော်ထိုက်၏-ဟုလိုသည်၊ သိက္ခာပုဒ် တပါး, သီလတပါးကို မဆိုလို၊ ၄-ပါးလုံးသီလပြည့်စုံမှပင် သမဏပဋိရူပဖြစ်၍ စင်စစ်အကျိုးထူးရှိကြောင်း၊ သိက္ခာသီလ တပါးပါးပျက်ကလည်း ဒုဿီလအလဇ္ဇီသေသည့်အခြားမဲ့ အပါယ်လားကြောင်း ကျမ်းဂန်များစွာဆို၏၊ ထို့ကြောင့် ပျက်စီးသောသီလကို ပြည့်အောင် ဖြည့်ဆောင်အားထုတ်ကြကုန်။

ဗဟုဿုတရှိသော်သာလျှင် ဘာဝနာကို အားထုတ်ခြင်းအား များသော ကျေးဇူးရှိ၏၊ ဗောဇ္ဈင်္ဂကောသလ္လ,အနုတ္တရပီတိအဖြစ်,သမထဝိပဿနာနှင့်ယှဉ်ခြင်းစသည်တို့၌ ကောင်းစွာဆင်ခြင်ခြင်း များသောပုဂ္ဂိုလ်အား သမထဝိပဿနာ ပြည့်နိုင်ရာ၏ ဟုလိုသည်၊ ထို့ကြောင့် ဗဟုဿုတ ရှိခြင်းသည်သာ သမထာပဋ္ဌိရှုပ ဖြစ်သတည်း။

ဗဟုဿုတဘာဝေါ ယောဝ ဟိ ဘာဝနာနုယောဂဿဗဟုပကာရော၊ ဗောဇ္ဈင်္ဂကောသလ္လ အနုတ္တရပီတိ ဘာဝအမိစိတ္တယုတ္တာဒီသု သမ္မာ-ပဝိစယ ဗဟုလဿ သမထဝိပဿနာနုယောဂေါ သမ္ပဇ္ဇတိ။

ဟုအဋ္ဌကထာ၌ ပယောဇနကိုပြသတည်း၊ အပ္ပဿုတရဟန္တာတို့၏ အထံ၌ နည်းခံသောထက် ဗဟုဿုတ ပုထုဇ္ဇန် ရဟန်းအထံ ကမ္မဋ္ဌာန်း နည်းခံခြင်းကို ဝိသုဒ္ဓိမဂ်အဋ္ဌကထာတို့၌ ချီးမွမ်းကုန်၏၊ သို့ဖြစ်၍ သူလည်းရဟန်း ငါလည်းရဟန်း ဝတ်သက်န်းနှင့် နေဆန်းနေဘာ မပြုပါနှင့် စာပေကျမ်းဂန် ရဟန်းကျင့်နည်း နိသျှည်းကို ထုံးနည်းခံ၍ ကြိုကြိုကြည့်ကြည့် ပညာပြည့်အောင် ဖြည့်ကြပါ။

ပထဝီဓာတ်၏ ခက်ထန်ခြင်းလက္ခဏာ၊အာပေါဓာတ်၏ယိုစီးခြင်းလက္ခဏာ၊ တေဇောဓာတ်၏ပူရှိန်ခြင်းလက္ခဏာ၊ ဝါယောဓာတ်၏ လှုပ်ရှားခြင်းလက္ခဏာ စသည်သည် ရုပ်တို့၏ အသီးသီးသော မိမိ မိမိတို့၏လက္ခဏာမည်၏၊ ဝေဒနာ၏အာရုံအရသာကို ခံစားခြင်းလက္ခဏာ၊ သညာ၏အာရုံကို မှတ်ခြင်းလက္ခဏာ၊ ဖဿ၏အာရုံသဘောကို တွေ့ခြင်းလက္ခဏာ၊စေတနာ၏အာရုံကို စေ့ဆော်ခြင်းလက္ခဏာ၊စိတ်၏အာရုံကို ထင်ဘိုင်းသိသောလက္ခဏာစသည်တို့သည် နာမ်တို့၏ အသီးသီးသော လက္ခဏာမည်၏။

ထိုသို့အသီးအသီး လက္ခဏာရှိကုန်သော ရုပ်နာမ်နှစ်ပါးတို့၏ မမြဲသော အနိစ္စလက္ခဏာ,အဖြစ်အပျက် မပြတ်ဆက်၍ နှိပ်စက်ညှဉ်းဆဲခြင်းဒုက္ခလက္ခဏာ, လိုတိုင်းမပေါ် လိုရာမရ ဖြစ်လိုသမျှဖြစ်ခြင်း အနတ္တလက္ခဏာ၊ ဤသုံးပါးသည် သာမညလက္ခဏာမည်၏၊ထိုလက္ခဏာအားဖြင့် ဤကား ဤသို့လက္ခဏာရှိသော ရုပ်၊ ဤကား ဤသို့ လက္ခဏာရှိသောနာမ် ဟူ၍ အာရုံဖြစ်သော ရုပ်စသည်၏ ဘင်ခဏ, အာရုံပြုတတ်သောစိတ်၏ ဘင်ခဏ, အပျက်အတိသာ၊ တစုံတယောက်သော သတ္တဝါမရှိဟု သတ္တဝါမှ ဆိတ်သောအားဖြင့် ထင်ခြင်း စိစစ်ဆင်ခြင်ခြင်းသည် အဓိပညာ ဓမ္မဝိပဿနာမည်၏။

ဓမ္မာနံ ပဝိစယော ယထာဘူတန္တိ ရူပါရူပဓမ္မာနံ အဝိပရီတ-သလက္ခဏတော သာမညလက္ခဏတော စ ပရိဝီမံသာ၊ ဇ္ဈမိနာ အဓိ-ပညာဓမ္မာဝိပဿနာမာဟ။ (ငင်းအဋ္ဌကထာမိန့်။)

ဒုက္ခသစ္စာကို ဤကား ဒုက္ခ, ဤလည်းဒုက္ခဟု ပိုင်းခြားသော ဉာဏ်အားဖြင့် ထိုးထွင်း၍သိခြင်း ပရိညာဘိသမယ၊ ဒုက္ခအကြောင်း သမုဒယသစ္စာကို ပယ်သောဉာဏ်အားဖြင့် ထိုးထွင်း၍သိခြင်းပဟာနာဘိသမယ၊ ဒုက္ခချုပ်ခြင်း နိရောဓသစ္စာကို မျက်မှောက်ပြုသောဉာဏ်အစွမ်းအားဖြင့် ထိုးထွင်း၍သိခြင်း သစ္ဆိကြိယာဘိသမယ၊ နိရောဓသို့ရောက်ကြောင်း မဂ္ဂသစ္စာကို ပွါးသောဉာဏ်၏ အစွမ်းဖြင့် ထိုးထွင်း၍သိခြင်း ဘာဝနာဘိသမယ၊ ဤလေးပါးသည် သစ္စာဘိသမယမည်၏။

ဆဋ္ဌဂါထာအနက်ပြီးပြီ။

---

## သတ္တမဂါထာအနက်

၇။ အနိစ္စန္တိ၊ မမြဲမမြဲဟူ၍။ အနိစ္စသညံ၊ အနိစ္စသညာဝိပဿနာ ဉာဏ်ကို။ ဘာဝေယျ၊ ဖြစ်ပွါးစေရာ၏။ အနတ္တသညဉ္စ၊ ငါမဟုတ် ကိုယ်မဟုတ်ဟူ၍မှတ်သော အနတ္တသညာ ဝိပဿနာ ဉာဏ်ကိုလည်း။ ဘာဝေယျ၊ ဖြစ်ပွါးစေရာ၏။ အသုဘသညဉ္စ၊ အလှအကောင်းမဟုတ် စက်ဆုပ်ရွံရှာဘွယ် မတင့်တယ်ဟူ၍မှတ်သော အသုဘသညာ ဝိပဿနာဉာဏ်ကိုလည်း။ ဘာဝေယျ၊ ဖြစ်ပွါးစေရာ၏၊ လောကမှိစ၊ ခပ်သိမ်းဥဿုံ အလုံးစုံသော တေဘုမ္မက သင်္ခါရ၌လည်း။ အနဘိရတိံသညဉ္စ၊ နှစ်သက်မွေ့လျော် ပျော်ရာမရှိ ဘေးအတိဟူသော အနဘိရတိသညာ အာဒီနဝ,နိဗ္ဗိဒါနုပဿနာဉာဏ်ကိုလည်း။ ဘာဝေယျ၊ ဖြစ်ပွါးစေရာ၏။ တေ၊ ဤအနိစ္စ,အနတ္တ, အသုဘနှင့် အနဘိရတိသညာကို ဖြစ်ပွါးစေခြင်းသည်။ သမဏဿ၊ ရဟန်းအား။ ပဋိရူပံ၊ လျော်ကပ်သော အကျင့်တည်း။

## အဓိပ္ပါယ်ရှင်းလင်းချက်

ရှေးဦးမဆွ ပုဗ္ဗဘာဂပဋိပဒါ ဝိပဿနာ မဂ္ဂသစ္စာဘာဝနာဘိသမယ ဖြစ်ဟန်ကို ဤဂါထာဖြင့်ပြ၏၊ အနိစ္စဟူသည် တေဘုမ္မကသင်္ခါရ တရားတို့တည်း၊ ထိုတေဘုမ္မကသင်္ခါရတရားတို့၌ အနိစ္စဟုမှတ်ယူခြင်းသည် အနိစ္စသညာ မည်၏၊ ထိုအနိစ္စသညာကို ဖြစ်လည်းဖြစ်စေရာ၏၊ ပွါးလည်းပွါးစေရာ၏ဟူလို။

> တတ္ထ ဘာဝေယျာတိအနိစ္စန္တိ သဗ္ဗေ သင်္ခါရာ အနိစ္စာတိအာဒိနာ
> ဝိဘာဝနတော ယံကိဉ္စိ ရူပံ အတီတာနာဂတပစ္စုပ္ပန္နန္တိ အာဒိနာ
> ဝိဘာဝနတော စ သဗ္ဗသင်္ခါရေသု အနိစ္စသညံ ဘာဝေယျ၊ ဥပ္ပါဒေယျ
> စေဝ ဝဍ္ဎေယျစာတိ အတ္ထော။ (အဋ္ဌကထာ။)

အနတ္တဟူသည် အလုံးစုံသော တေဘုမ္မက သင်္ခါရ တရားတို့ပင်တည်း၊ ထိုသင်္ခါရတရားတို့သည် အနတ္တတို့သာတည်းဟု ဖြစ်သော မှတ်ယူခြင်းသည် အနတ္တသညာမည်၏၊ထိုအနတ္တသညာကိုလည်းဖြစ်လည်းဖြစ်စေရာ၏၊ ပွါးလည်း ပွါးစေရာ၏ဟူလို။

**အနတ္တသညန္တိ သဗ္ဗေ ဓမ္မာ အနတ္တာတိ ပဝတ္တံ အနတ္တသညာ ဘာဝေယျာတိ ယောဇနာ။ (အဋ္ဌကထာ။)**

အသုဘဟူသည် ကရဇကာယဖြစ်သော မိန်းမ, ယောကျ်ားတို့၏ ရုပ်ကိုယ်တည်း၊ တနည်း–တေဘုမ္မက သင်္ခါရတရားတို့ပင်တည်း၊ အဘယ့်ကြောင့်နည်း၊ ထိုမိန်းမယောကျ်ားတို့၏ရုပ်ကိုယ် တေဘုမ္မက သင်္ခါရသည် ကိလေသာ အညစ်အကြေးတို့ကို စီးယိုဖြစ်ပွါးစေတတ်သောကြောင့် အကောင်းမဟုတ် စက်ဆုပ်ဘွယ်အစု အသုဘမည်ကုန်၏၊ ထို့ကြောင့် ထိုမိန်းမယောကျ်ားတို့ ရုပ်ကိုယ် တေဘုမ္မက သင်္ခါရတရားတို့ကို အသုဘဟုမှတ်ယူခြင်းသည် အသုဘသညာမည်၏၊ ထိုအသုဘသညာကိုလည်း ဖြစ်စေရာ၏၊ ပွါးစေရာ၏ ဟူလို။

အသုဘသညန္တိ ကရဇကာယေ သဗ္ဗသ္မိံပိ ဝါ တေဘုမ္မကသင်္ခါရေ ကိလေသာ သုစိပဂ္ဃရဏတော အသုဘာတိ ပဝတ္တသညံ။(အဋ္ဌကထာ။)

ဒုက္ခသညာကို အသို့မူ၍ မပြသနည်းဟူမူ–ဤ အသုဘသညာသည် ဒုက္ခသညာ၏အခြေအရံပင်တည်း၊ သို့ဖြစ်၍ ဤအသုဘသညာဖြင့်ပင် ဒုက္ခသညာကိုလည်း ဤ၌ယူလေဟူလိုသော်။

ဒုက္ခသညာပဒိဝါရော ဟိ အယံ၊ တေနေဝစေတ္ထ ဒုက္ခသညာပိ ဂဟိတာတိ ဝေဒိတဗ္ဗံ။ (အဋ္ဌကထာ၊)

အနဘိရတိသညာဖြင့် အာဒီနဝါနုပဿနာ, နိဗ္ဗိဒါနုပဿနာတို့ကို ပြဆို၏၊

လောကမှိ စ အနဘိရတိန္တိ သဗ္ဗလောကေ တေဘုမ္မကေသုသင်္ခါရေသု အနဘိရတိသညံ။ တေန အာဒီနဝါနုပဿနံ နိဗ္ဗိဒါနုပဿနဉ္စ ဝဒတိ၊ (အဋ္ဌကထာ၊)

ဎင်းသညာတို့၏ဘာဝနာဝိဓိကိုအလွန်ကျယ်မည်စိုး၍ မရေးလိုက်ပြီ၊

သတ္တမဂါထာအနက် ပြီးပြီ။

---

**အဋ္ဌမဂါထာအနက်**

၈။ ဗောဇ္ဈင်္ဂေစ၊ မဂ်ဉာဏ်, ဖိုလ်ဉာဏ် ကားလှန်မိုးရင့် ပွင့်ခြင်း၏ အကြောင်းဖြစ်ကုန်သောဗောဇ္ဈင်ခုနစ်ပါးတရားတို့ကိုဎင်း။ဣဒ္ဓိပါဒါနိစ၊ မိဋ္ဌာန်လိုတိုင်း မဆိုင်းချက်ခြင်း ပြည့်စုံခြင်းအကြောင်းဖြစ်ကုန်သော ဣဒ္ဓိပါဒ်လေးပါး မြတ်တရားတို့ကိုဎင်း။ ဣန္ဒြိယာနိစ၊ သဟဇာတ်မျိုး

တို့ကို အစိုးရတတ်ကုန်သော ရှုမြှော်ခြင်းပါးတရားတို့ကိုလည်း။ ဗလာနိစ၊ ကိလေသာဟူ ရန်သူထိုးဘောက် လှုပ်ချောက်မနိုင် ကြံ့ခိုင်မြဲမြံတတ်ကုန်သော ဗိုလ်ငါးပါးတရားတို့ကိုလည်း။ အင္ဂံ၊ အင်္ဂါရှစ်ပါးရှိသော။ အရိယံ၊ မြတ်စင်သန့်ရှင်း အပြစ်ကင်းသော။ မဂ္ဂဉ္စ၊ နိဗ္ဗာန်ပြည်မြတ်ရောက်စေတတ်သော မဂ္ဂင်တရားကိုလည်း။ ဘာဝေယျ၊ ဖြစ်ပွါးစေရာ၏။ ဗတံ၊ ဤဗောဓိပက္ခိယတရားသုံးဆယ့်ခုနစ်ပါးတို့ကို ဖြစ်ပွါးစေခြင်းသည်။ သမဏာသ၊ ရဟန်းအား။ ပဋိရူပံ၊ လျောက်ပတ်သောအကျင့်တည်း။

## အဓိပ္ပါယ်ရှင်းလင်းချက်

ဤဂါထာ၌ စသဒ္ဒါသည် ဘာဝေတဗ္ဗ ဓမ္မဒြဗ်တို့ကို ပေါင်းယူအပ်သည်ဖြစ်၍ ''သမ္ပိဏ္ဍန၊ ပြည်သမုစ္စည်း၊ ဆည်းသည်ဒြဗ်၊ ဂုဏ်နှင့်ဟပ်''ဟူသော နိယံနှင့်အညီ သမ္ပိဏ္ဍန အနက်ရှိသည် ဖြစ်ဘိသော်၊ ယင်းသမ္ပိဏ္ဍနတ္ထစသဒ္ဒါဖြင့် သတိပဋ္ဌာန်လေးပါး,သမ္မပ္ပဓာန်လေးပါးတို့ကိုလည်း ပေါင်းယူလေကုန်။

> စ သဒ္ဒေန သတိပဋ္ဌာနာနိ သမ္မပ္ပဓာနာနိ စ ဂဟိတာနီတိ။ (အဋ္ဌကထာ။)

သို့ဖြစ်၍ ဗောဓိပက္ခိယသုံးဆယ့်ခုနစ်ပါးလုံးကိုပင် ပွါးရမည် ဟူလို။

> သဗ္ဗေ သတ္တတိံသ ဗောဓိပက္ခိယဓမ္မေ ဘာဝေယျ ဝဍ္ဍေယျာတိ။ (အဋ္ဌကထာ၊)

ယင်းသို့ ပွါးခြင်းသည်လည်း ပုဗ္ဗဘာဂပဋိပဒါ ဝိပဿနာခဏ၌ ပွါးခြင်းဖြင့်လည်း သင့်၏၊ လောကုတ္တရာအရိယမဂ်ခဏ၌ပွါးခြင်းဖြင့်လည်းသင့်၏၊ ဝိပဿနာခဏ၌ ပွါးသည်ရှိသော် သင်္ခါရဓမ္မအာရုံရှိကုန်၏၊ မဂ်ခဏ၌ပွါးခြင်းသည်ကား နိရောဓသစ္စာနိဗ္ဗာန်အာရုံရှိကုန်၏၊ ဤသို့ထူးသတည်း။

သင်္ခါရဓမ္မတို့၏ အနိစ္စ, ဒုက္ခ, အနတ္တလက္ခဏာကိုလည်း၊ ဖြစ်ပျက်နှစ်ခု ဥဒယဗ္ဗယသဘောကိုလည်း၊ အပျက်သက်သက် ညက်ညက်ကြေမွ ဖျက်ဖျက်ကျသကဲ့သို့ ဘင်အခြင်းအရာကိုလည်း၊ ပျက်ခြင်းမဆိတ် နှိပ်စက်မစဲ စစ်ပွဲ၌ဝယ်ကြောက်မက်ဘွယ်သို့ ကိုးကွယ်မရ သင်္ခါရတို့၏ ဘယအခြင်းအရာကိုလည်း၊ အပျက်အတိ တေဘုမ္မိ၌ မမှီခိုရာ အပြစ်သာဟူသော အာဒီနဝါကာရကိုလည်း၊ သင်္ခါရဘုမ္မိတို့၌ မပျော်မမွေ့ ငြီးငွေ့လွန်စွာ နိဗ္ဗိဒါကာရကိုလည်း၊ သင်္ခါရပေက္ခာ, အနုလောမဉာဏ်တိုင်အောင် မပြတ်ထင်ထင် ဆင်ခြင်အောက်မေ့နိုင်အောင်ဖြစ်စေခြင်းသည် ဝိပဿနာခဏ၌ သတိသမ္ဗောဇ္ဈင်ကို ဖြစ်ပွါးစေသည် မည်၏၊

ထိုသို့သော လက္ခဏာ အာကာရတို့ကို ကောင်းစွာ စိစစ်ဆင်ခြင်ပိုင်းခြား နိုင်အောင် ဖြစ်စေခြင်းသည် ဓမ္မဝိစယသမ္ဗောဇ္ဈင်ကို ဖြစ်ပွါးစေသည် မည်၏၊ မဆုတ်မနစ်အသစ်အသစ်တိုးပွါးအောင် ဖြစ်စေနိုင်ခြင်းသည် ဝီရိယသမ္ဗောဇ္ဈင် ကို ဖြစ်ပွါးစေသည် မည်၏၊ နှစ်သက်ရွှင်ပျို့စွာ ဖြစ်စေနိုင်ခြင်းသည် ပီတိ သမ္ဗောဇ္ဈင်ကို ဖြစ်ပွါးစေသည်မည်၏၊ ဥဒ္ဓစ္စကုက္ကုစ္စ ပူပန်ခြင်းကင်းသဖြင့် စိတ် စေတသိက်တို့၏ ငြိမ်းချမ်းသာယာအောင် ဖြစ်စေခြင်းသည် ပဿဒ္ဓိသမ္ဗောဇ္ဈင် ကို ဖြစ်ပွါးစေသည်မည်၏၊ အလိုရှိအပ်မရှိအပ်သော ဣဋ္ဌ, အနိဋ္ဌအာရုံတို့၌ လျစ်လျူရှုအောင် စိတ်ကိုဖြစ်စေခြင်းသည် ဥပေက္ခာသမ္ဗောဇ္ဈင်ကို ဖြစ်ပွါးစေ သည် မည်၏၊ ဤသို့ လောကီပုဗ္ဗဘာဂပဋိပဒါဝိပဿနာခဏ၌ ဗောဇ္ဈင် ဘာဝနာဝိဓိကို အကျဉ်းမှတ်လေ၊ ဇုဋ္ဌိပါဒဘာဝနာ စသည်ကိုလည်း ဤ အတူဆင်ခြင်၍မှတ်လေ။

မဂ်ခဏ၌ကား နိဗ္ဗာန်တခုကိုသာ အာရုံပြု၍ တချက်တည်းဖြစ်ကြကုန်၏၊ ထိုဖြစ်ပွားစေခြင်းသည်လည်း သောတာပတ္တိမဂ်ခဏ၌ ဖြစ်စေသည် မည်၏၊ အထက်မဂ်ခဏ၌ကား ပွားစေသည်မည်၏။

တတ္ထ တဒေတံ ပဌမမဂ္ဂက္ခဏေ ဥပ္ပါဒနံ၊ ဥပရိမဂ္ဂက္ခဏေ စ ဝဍ္ဎနံ။ (အဋ္ဌကထာ။)

သောတာပတ္တိမဂ်ခဏ၌ နိဗ္ဗာန်ကိုအာရုံပြု၍ မဖြစ်ဘူးသော ဗောဓိပက္ခိယ တရားတို့ကို ရှေးဦးစွာ ဖြစ်စေခြင်းကြောင့် ဥပ္ပါဒနမည်၏၊ အထက်မဂ်ခဏတို့ ၌ကား ပဌမမဂ်ခဏက ဖြစ်ဘူးပြီးသော ဗောဓိပက္ခိယ တရားတို့ကို ပွားစေရုံမျှ ဖြစ်သောကြောင့် ဝဍ္ဎနမည်၏၊ ပွားစေသည်မည်၏ ဟူလိုသော်၊ ဤကား အဓိပ္ပါယ်။

အဋ္ဌမဂါထာအနက် ပြီးပြီ။

---

## နဝမဂါထာအနက်

၉။ မုနိ၊ ရဟန်းသည်။ တဏှံ၊ ကာမဘဝ ဝိဘဝက စသည်ရာ့ရှစ် တဏှာသည်ကို။ ပဇဟေယျ၊ အရိယမဂ် ဉာဏ်သန်လျက်ဖြင့် ဖြိုဖျက် ပယ်ရှားရာ၏။ သမူလကေ၊ ကာမရာဂ နုသယက စသည်မြစ်နွယ် ဖွဲ့ တွယ်ချုပ်ဆိုင်းသော မူလနှင့်တကွကုန်သော။ အာသဝေ၊ ဘုံအား ဖြင့်ဘဝဂ် မဓမ္မအားဖြင့်ဂေါတြဘူတိုင် ဖြိုင်ဖြိုင်တီးတီး ယိုစီးဖြစ်ပွား တတ်သော ကာမာသဝ စသည်ပြန့်ပြော အာသဝေါဟု ကျလျှော်ဖျား ရေ ဒီကိလေတို့ကို။ ပဒါလေယျ၊ အရိယမဂ် ဉာဏ်စက်လေးဆောင် သဘော်ဘောင်ဖြင့် ကွဲအောင်ပြင်းစွာဖြိုခွဲရာ၏။ ဝိပ္ပမုတ္တော၊ ကိလေသာ

ဝင့်ဝဲကြက်ခွတ်မှ ထွက်လွတ်ခွါကန် ပြည်နိဗ္ဗာန်ကို မပြန်မဘောက် ကိုယ်တိုင်ရောက်သဖြင့် မျက်မှောက်မြင်ရှု အာရုံပြုသည်ဖြစ်၍။ ဝိဟ-ရေယျ၊ နေရာ၏။ ဧတံ၊ ဤသို့ပဟာနာဘိသမယ, သစ္ဆိကြိယာဘိသမယ နှစ်ပါးဖြင့် ထွတ်ဖျားတိုင်မြောက် ရောက်၍နေခြင်းသည်။ သမဏာဿ၊ ရဟန်းအား။ ပဋိရူပံ၊ လျောက်ပတ်သောသဘောတည်း။ ဣတိ၊ ဤကား ကမ္ပတ် အပြီးသတ်တည်း။

### အဓိပ္ပါယ်ရှင်းလင်းချက်

ဤဂါထာဖြင့် သမုဒယသစ္စာကို ပယ်သဖြင့် သိခြင်း ပဟာနာဘိသမယ, နိရောဓသစ္စာကို မျက်မှောက်ပြုသဖြင့် သိခြင်း သစ္ဆိကြိယာဘိသမယ နှစ်ပါးကို ပြ၏။

> ဧဝံ မောဓိပ္ပဝတ္တိ သတ္တတိံသမဗ္ဗေ ဘာဝေန္တော ယထာ မဂ္ဂသစ္စံ ဘာဝနာဘိသမယဝသေန အဘိသမေတိ၊ဧဝံ သမုဒယသစ္စံ ပဟာနာ-ဘိသမယဝသေန၊နိရောဓသစ္စံ သစ္ဆိကြိယာဘိသမယ ဝသေန အဘိသ-မေတီတိ ဒဿေန္တော တတ္ထံ ပဇဟေယျာတိ ဩသာနဂါထမာဟ။

ဟု သစ္စသံ့ဝဏ္ဏနာ အနုသန္ဓေလက္ခဏာဖြင့် အဋ္ဌကထာ ဘွင့်ပြတော်မူသတည်း၊ ယင်းဂါထာ၌ ပဌမပါဒ, ဒုတိယပါဒ နှစ်ဝါကျတို့ဖြင့် ပဟာ-နာဘိသမယကိုပြသတည်း၊ တတိယပါဒ တဝါကျဖြင့် သစ္ဆိကြိယာဘိသမယကို ပြသတည်း။

ဖျားရေဟူသည် ဒီရေဟုလိုသည်၊ (ပေါရာဏကထာ။)

> မြစ်သို့လဘော၊ အာသဝေါဟု၊ ကျလျောဖျားရေ၊မုံဆန်ပြေသို့၊မဓမ္မ ဓေရ၊ မဂ်ဖြင့်ချ၍။ (ပါရမီခန်း။)

ငင်းလက်ာ၌လည်း မြစ်သို့သဘောဟူ၍ ရေးသားဘတ်ဆိုကြသည်၊ လဘော ဟူ၍ရှိမူ အပြည့်အလျှမ်း တင်းကျမ်းမောက်ဖြိုးဟု ဆိုသည်၊ ပေါရာဏကထာ တည်း။

နဝမဂါထာအနက် ပြီးပြီ၊

**သမဏပဋိရူပ ပြီးပြီ။**



# သမဏာဘဒြကထာ

နမော တဿ ဘဂဝတော အရဟတော
သမ္မာသမ္ဗုဒ္ဓဿ။

## သမဏာဘဒြကထာပါဠိတော်

၁။ သဒါပိ ဘဒြ မဓနေဿ၊ အနာဂါရဿ ဘိက္ခုနော။
န တေသံ ကောဋ္ဌေ ဩပေန္တိ၊ န ကုမ္ဘိံ န ခဠောပိယံ။
ပရနိဋ္ဌိတ မေသာနာ၊ တေန ယာပေန္တိ သုဗ္ဗတာ။

၂။ ဒုတိယမ္ပိ ဘဒြ မဓနေဿ၊ အနာဂါရဿ ဘိက္ခုနော။
အနဝဇ္ဇပိဏ္ဍော ဘောတ္တဗ္ဗော၊ န စ ကောစူပရောဓတိ။

၃။ တတိယမ္ပိ ဘဒြ မဓနေဿ၊ အနာဂါရဿ ဘိက္ခုနော။
နိဗ္ဗုတော ပိဏ္ဍော ဘောတ္တဗ္ဗော၊ န စ ကောစူပရောဓတိ။

၄။ စတုတ္ထမ္ပိ ဘဒြ မဓနေဿ၊ အနာဂါရဿ ဘိက္ခုနော။
မုတ္တဿ ရဋ္ဌေ စရတော၊ သင်္ဂေါ ယဿ န ဝိဇ္ဇတိ။

၅။ ပဉ္စမမ္ပိ ဘဒြ မဓနေဿ၊ အနာဂါရဿ ဘိက္ခုနော။
နဂရမှိ ဍယှမာနမှိ၊ နာဿ ကိဉ္စိ အဍယှထ။

၆။ ဆဋ္ဌမ္ပိ ဘဒြ မဓနေဿ၊ အနာဂါရဿ ဘိက္ခုနော။
ရဋ္ဌေ ဝိလုမ္ပမာနမှိ၊ နာဿ ကိဉ္စိ အဟီရထ။

၇။ သတ္တမမ္ပိ ဘဒြ မဓေနသာ၊ အနာဂါရဿ ဘိက္ခုနော။
စောရေဟိ ရက္ခိတံ မဂ္ဂံ၊ ယေ စဥ္ဇေ ပရိပန္ထိကာ။
ပတ္တစီဝရ မာဒါယ၊ သောတ္ထိံ ဂစ္ဆတိ သုဗ္ဗတော။

၈။ အဋ္ဌမမ္ပိ ဘဒြ မဓေနသာ၊ အနာဂါရဿ ဘိက္ခုနော။
ယံ ယံ ဒိသံ ပက္ကမတိ၊ အနပေက္ခော ဂစ္ဆတိ။

ပါဠိတော်ပြီးပြီ။

---

## သမဏဘဒြကထာ ၈-ဂါထာအနက်

### ပဌမဂါထာအနက်

၁။ အနာဂါရဿ၊ အိမ်ရာမထောင် လူ့ဘောင်စွန့်ပစ် ရဟန်း အဖြစ်သို့ကပ်သော။အဓေနသာ၊ ရွှေ,ငွေ,ရတနာ ဥစ္စာမသိမ်း ကြောင့်ကြ ငြိမ်းသော။ ဘိက္ခုနော၊ ရဟန်းအား။ သဒါပိ၊ အခါခပ်သိမ်းလည်း။ ဘဒြံ၊ရဟန်းချမ်းသာ ကောင်းမြတ်စွာသည်သာလျှင်။ ဟောတိ၊ ဖြစ်၏။ ကေန၊ အဘယ်ဖြင့်-အဘယ့်ကြောင့်။ ဟောတိ၊ ဖြစ်သနည်း။ တေသံ၊ ထိုအိမ်ရာမထောင် လူ့ဘောင်ပယ်ခွါ ဥစ္စာမသိမ်း ကြောင်းကြငြိမ်း ကုန်သော ရဟန်းသူတော်ကောင်းတို့အား။ ဝါ၊ တို့သည်။ ကောဋ္ဌေ၊ တိုက်အိမ်ကျီကြ၌။ နဩပေန္တိ၊ ရတနာ,ရွှေ,ငွေ ဆန်ရေစပါး ဥစ္စာ များကို မထားမသိုကုန်။ ကုမ္ဘိ ၊ အိုး၌။ နဩပေန္တိ၊ မထားမသိုကုန်။ ခဠောပိယံပိ၊ ပုတ်ကက်ချင်းတောင်း၌လည်း။ နဩပေန္တိ၊ မထား မသိုကုန်။သုဗ္ဗတာ၊ ကောင်းသောအကျင့်ရှိကုန်သော ရဟန်းတို့သည်။ ပရနိဋ္ဌိတံ၊ သူတပါးတို့အိမ်၌ ချက်ပြုတ်ဘုတ်ကင်ပြီးသောအာဟာရကို။ သောနာ၊ သပိတ်စွဲကာ အိမ်စဉ်ရှာကုန်သည်ဖြစ်၍။ တေန၊ ထိုရရသမျှ အာဟာရဖြင့်။ ယာပေန္တိ၊ သားငယ်အသား စား၍မိဘ ကန္တာရမှ သွားကြသည့်အတူ ပဋိကူလသညာ ပစ္စဝေက္ခဏာနှလုံးသွင်း ဆင်ခြင်ခြင်းနှင့် မကင်းစေရ သုံးဆောင်ကြသဖြင့် မျှတသက်မွေးကုန်၏။ တေန၊ ထိုဥစ္စာမစု ဆွမ်းခံပြု၍ ရမှုရရာ မျှတပါသဖြင့်။ ဝါ၊ မျှတခြင်း ကြောင့်။ အနာဂါရဿ၊ အိမ်ရာမထောင် လူ့ဘောင်စွန့်ပစ် ရဟန်း အဖြစ်သို့ကပ်သော။အဓေနသာ၊ ရွှေ,ငွေ,ရတနာ ဥစ္စာမသိမ်း ကြောင့်ကြ ငြိမ်းသော။ ဘိက္ခုနော၊ ရဟန်းအား။ သဒါပိ၊ အခါခပ်သိမ်းလည်း။

ဘဒြ၊ ရဟန်းချမ်းသာ ကောင်းမြတ်စွာ သည်သာလျှင်။ ဟောတိ၊ ဖြစ်၏။

## အဓိပ္ပါယ်ရှင်းလင်းချက်

ဤသို့သာဓေတမ္ဗ သာဓက ကြောင်းကျိုး ဟိတ်ဖိုလ်ထင်အောင် ကေန–ဟူသော ကာရဏာပုစ္ဆာ, တေန–ဟူသော ကာရဏာဝိသဇ္ဇနာပုဒ်တို့ကို သွင်းလောင်းထည့်စွက် အနက်ယောဇနာသည်၊ ယင်းဂါထာ၌ တေသံသဒ္ဒါသည် ''ဒေဝဒတ္တဿရဇ္ဇံသရတိ'' ကဲ့သို့ ပဌမတ္ထ၌ ဆဋ္ဌီဝိဘတ်လည်းသင့်၏၊နကုမ္ဘိ၌ ဒုတိယာဝိဘတ်ကား ဘုမ္မတ္ထ။

တတ္ထ အနာဂါရဿ ဟိ မဟာရာဇ ဃရာဝါသံ ပဟာယ အနာဂါရိယဘာဝံပတ္တဿ အဓနဿ။ အကိဉ္စနဿ ဘိက္ခုနော သမ္ဗကာလံ ဘဒြမေဝ။ န တေသန္တိ မဟာရာဇ တေသံ အဓနာနံ ဘိက္ခူနံ န ကောဋ္ဌာဂါရေ ဓနဓညာနိ ဩပေန္တိ၊ န ကုမ္ဘိယံ န ပစ္ဆိယံ။ တေပန သုမ္ဗတာ ပရနိဋ္ဌိတံ ပရေသံ ဃရေ ပက္ကံ အာဟာရံ သံဃာဋိ ပါရုပိတွာ ကပါလမာဒါယ ဃရပဋိပါဋိယာ သောနာ ပရိယေသနာ။ တေန တတောလဒ္ဓေန ပိဏ္ဍေန တံ အာဟာရံ န၀န္ဓံ ပါဋိကူလျာနံ ၀သေန ပစ္စဝေက္ခိတွာ ပရိဘုဉ္ဇိတွာ ဇီဝိတဝုတ္တိံ ယာပေန္တိ၊ (ဌင်းအဋ္ဌကထာ၊)

ဘိက္ခုနောတိ ဘိက္ခုနသီလဿ။ အနာဂါရဿာတိ ဂေဟရဟိတဿ။ ကောဋ္ဌေတိ ကောဋ္ဌာဂါရေ။ ဩပေန္တိတိ ထပေန္တိ။ ကုမ္ဘိန္တိ ကုမ္ဘိယာ န ထပေန္တိ၊ ခဋ္ဋောပိယန္တိ ပစ္ဆိယံပိ။ ပရနိဋ္ဌိတန္တိ ပရေဟိ ပစိတံ၊ ယေနာတိ ယေနအာကာရေန။ သုမ္ဗတာတိ သုန္ဒရဝတာ။ ယာပေန္တီတိ ဇီဝိတဝုတ္တိံ ပဝတ္တေန္တိ။ (ဌင်းဇာတ်ဋီကာ။)

ဌင်းဋီကာအလို တေနယာပေန္တိ၌ ယေန-ဟု တတိယန္တအနိယမပုဒ် ဖြစ်ရာ၏၊ ယေန၊ အကြင်သို့သောအခြင်းအရာဖြင့်။ ယာပေန္တိ၊သက်မွေးဖြစ်စေကုန်၏။ တေန၊ ထိုအခြင်းအရာဖြင့်-ဟူ၍ အနက်ပေးလေ။

ပဌမဂါထာအနက် ပြီးပြီ။

---

## ဒုတိယဂါထာအနက်

၂။ ဒုတိယမ္ဗိ၊ နှစ်ကြိမ်မြောက်လည်း။ အနာဂါရဿ၊ အိမ်ရာမထောင် လူ့ဘောင်စွန့်ပစ် ရဟန်းအဖြစ်သို့ကပ်သော။ အဓနဿ၊ ရွှေငွေရတနာ ဥစ္စာမသိမ်း ကြောင့်ကြငြိမ်းသော။ ဘိက္ခုနော၊ ရဟန်းအား။ ဝါ၊ ရဟန်း၏။ ဘဒြ၊ ရဟန်းချမ်းသာ ကောင်းမြတ်စွာသည်သာလျှင်။ ဟောတိ၊ ဖြစ်၏။ ကေန၊ အဘယ်ဖြင့်-အဘယ်ကြောင့်။ဟောတို၊

ဖြစ်သနည်း။ ဘိက္ခုနော၊ ရဟန်းသည်။ အနဝဇ္ဇပိဏ္ဍော၊ အပြစ်ကင်း သော ဆွမ်းကို။ ဘောတ္တဗ္ဗော၊ သုံးဆောင်စားသောက်ရ၏။ တံ၊ ထို ရဟန်းကို။ ကောစိ၊ တစုံတခု နည်းငယ်မျှသော ရာဂဒေါသ စသည် ဆယ်ဖြာ ကိလေသာသည်လည်း။ နဥပရောဓတိ၊ မနှိပ်စက်။ တေန၊ ထို့ကြောင့်။အနာဂါရဿ၊ အိမ်ရာမထောင် လူ့ဘောင်စွန့်ပစ် ရဟန်း အဖြစ်သို့ကပ်သော။ အခေနဿ၊ ရွှေငွေရတနာ ဥစ္စာမသိမ်း ကြောင့်ကြ ငြိမ်းသော။ ဘိက္ခုနော၊ ရဟန်းအား။ ဝါ၊ ရဟန်း၏။ ဘဒြံ၊ ရဟန်း ချမ်းသာ ကောင်းမြတ်စွာသည်သာလျှင်။ ဟောတိ၊ ဖြစ်၏။

### အဓိပ္ပါယ်ရှင်းလင်းချက်

ဤ၌ ပိဏ္ဍဟူသည် နိဒဿနနည်းမျှသာတည်း၊ ထို့ကြောင့် မထင်ရှားသော သင်္ကန်း,ကျောင်း,ဆေး,ပစ္စည်းတို့ကိုလည်းယူ၊ တနည်း-ပိဏ္ဍဟူသောဆွမ်းနှင့် ပစ္စယဇာတ်တူ အကြွင်းပစ္စည်းသုံးပါးကိုလည်း လက္ခဏာဟာရနည်းဖြင့်ယူလေ၊ သို့ဖြစ်၍ ရဟန်းတို့အားဖြစ်သော ပစ္စည်းသည် သာဝဇ္ဇ, အနဝဇ္ဇဟူ၍နှစ်ပါး၊ ယင်းနှစ်ပါးတို့တွင် ဆေးကုခြင်းစသော အနေသနအမှု,ကုဟန,လပန,နေမိတ္တ ကတာ, နိပ္ပေသိကတာ, လာဘေနလာဘံ နိဇိဂီသနတာစသော မိစ္ဆာဇီဝ အကျင့်တို့ဖြင့် ဖြစ်စေအပ်သော ပစ္စည်းလေးပါး၊ တရားနှင့်အညီ ဖြစ်စေအပ် သော ပစ္စည်းလေးပါးတို့ကိုလည်း ပစ္စဝေက္ခဏာ မဆင်ခြင်ဘဲ သုံးဆောင်ခြင်း သည် သာဝဇ္ဇပိဏ္ဍမည်၏။

အနေသနအမှုကိုပယ်ခွါ၊ မိစ္ဆာဇီဝအကျင့်ကိုကြဉ်လွှင့်၊ တရားနှင့်အညီ ရှာမှီးဖြစ်စေအပ်သော ပစ္စည်းလေးပါးတို့ကို ပစ္စဝေက္ခဏာဆင်ခြင်၍ သုံးဆောင် ခြင်းသည် အနဝဇ္ဇပိဏ္ဍမည်၏၊ ယင်းအနဝဇ္ဇပိဏ္ဍကို သုံးဆောင်ခြင်းဖြင့် ကိလေ သာတို့ မနှိပ်စက်ခြင်းကြောင့် သမဏဘဒြဖြစ်၏ ဟူလို။

အနဝဇ္ဇပိဏ္ဍော ဘောတ္တဗ္ဗောတိဝေဇ္ဇကမ္မာဒိကာယ အနေသနာယ ဝါ ကုဟနာလပနာနေမိတ္တကတာ နိပ္ပေသိကတာလာဘေနလာဘံ နိဇိဂီသနတာတိ ဧဝရူပေန မိစ္ဆာဇီဝေန ဝါ ဥပ္ပါဒိတာ စတ္တာရော ပစ္စယာ ဓမ္မေန ဥပ္ပါဒိတာပိ အပစ္စဝေက္ခိတ္ဝာ ပရိဘုတ္တာ သာဝဇ္ဇပိဏ္ဍော- နာမ။အနေသနံ ပဟာယ မိစ္ဆာဇီဝံ ဝဇ္ဇေတွာ ဓမ္မေန သမေနဥပ္ပါဒိတာ ပဋိသင်္ခါယောနိသော စီဝရံ ပဋိသေဝါမိတိ ဝုတ္တနယေန ပစ္စ- ဝေက္ခိတ္ဝာပရိဘုတ္တာ အနဝဇ္ဇပိဏ္ဍောနာမ။

ယေန ဧဝရူပေါ အနဝဇ္ဇပိဏ္ဍောဘောတ္တဗ္ဗော ပရိဘုဉ္ဇိတဗ္ဗော။ ယဒ္ဓဧဝရူပံ အနဝဇ္ဇံပိဏ္ဍံ ဘုဉ္ဇမာနာနံ ပစ္စယေ နိဿာယ ကောစိ အပ္ပ-

မတ္တကောပိကိလေသော နဥပရောဓတိ နပိဋေ္ဌတိ၊ တဿ ဒုတိယံပိ ဘဒြ မဓနဿအနာဂါရဿ ဘိက္ခုနော၊ (၎င်းဇာတ်အဋ္ဌကထာ။)

၎င်းအဋ္ဌကထာအလိုမှု နစကောရူပရောဓတိ၌ ကောရူဟုတာလုဇ္ဇပဒမကွဲရာ စလုံးနှင့် လိုသည်။

ဒုတိယမ္ပိတိ ဒုတိယဝါရေပိ အနဝဇ္ဇောတိ နိဒ္ဒေါသော။ပိဏ္ဍောတိ ပိဏ္ဍပါတော။ ဘောတ္တဗ္ဗောတိ ဘုဥ္ဇိတဗ္ဗော၊ နစကောရူပရောဓတီတိ ကောခေါ န ဥပရောဓတိ၊ (၎င်းဇာတ်ဋီကာ၊)

၎င်းဋီကာအလို နစကောရူပရောဓတိ၌ ကောရူဟု ဒန္တဇစတုတ္ထကွဲရာ ခအောက်မြိတ်နှင့်လို၏၊ ၎င်းအလိုမှု-ကောခေါ၊ အမျက်သည်၊ နဥပရောဓတိ၊ မနှိပ်စက်-ဟူ၍ အနက်ပေးလေ။

ဒုတိယဂါထာအနက် ပြီးပြီ။

---

## တတိယဂါထာအနက်

၃။ တတိယမ္ပိ၊ သုံးကြိမ်မြောက်လည်း။ အနာဂါရဿ၊ အိမ်ရာ မထောင် လူ့ဘောင်စွန့်ပစ် ရဟန်းအဖြစ်သို့ကပ်သော။ အဓနဿ၊ ရွှေငွေရတနာ ဥစ္စာမသိမ်း ကြောင့်ကြငြိမ်းသော။ ဘိက္ခုနော၊ ရဟန်း အား။ ဝါ၊ ရဟန်း၏။ ဘဒြံ၊ ရဟန်းချမ်းသာ ကောင်းမြတ်စွာသည် သာလျှင်။ ဟောတိ၊ ဖြစ်၏။ ကေန၊ အဘယ်ဖြင့်-အဘယ်ကြောင့်။ ဘဒြံ၊ ရဟန်းချမ်းသာ ကောင်းမြတ်စွာသည်။ဟောတိ၊ ဖြစ်သနည်း။ဘိက္ခုနာ၊ ရဟန်းဖြစ်သောသူသည်။ နိဗ္ဗုတော၊ အေးငြိမ်းချမ်းမြသော။ ပိဏ္ဍော၊ ဆွမ်းကို။ ဘောတ္တဗ္ဗော၊ သုံးဆောင်စားသောက်ရ၏။ တံ၊ ထိုသို့ဆွမ်း အေးချမ်းမြသုံးဆောင်ရသောရဟန်းကို။ ကောစိ၊ တစုံတဝ နည်းငယ် မျှသော အဘိဇ္ဈာစသော ကိလေသာသည်လည်း။ န ဥပရောဓတိ၊ မနှိပ်စက်။ တေန၊ ထိုမနှိပ်စက်ခြင်းဖြင့်။ ဝါ၊ မနှိပ်စက်ခြင်းကြောင့်။ အနာဂါရဿ၊ အိမ်ရာမထောင် လူ့ဘောင်စွန့်ပစ် ရဟန်းအဖြစ်သို့ ကပ်သော။ အဓနဿ၊ ရွှေငွေရတနာ ဥစ္စာမသိမ်း ကြောင့်ကြငြိမ်း သော၊ ဘိက္ခုနော၊ ရဟန်းအား။ ဝါ၊ ရဟန်း၏။ ဘဒြံ၊ ရဟန်း ချမ်းသာ ကောင်းမြတ်စွာသည်သာလျှင်။ ဟောတိ၊ ဖြစ်၏။

### အဓိပ္ပါယ်ရှင်းလင်းချက်

၎င်း၌ နိဗ္ဗုတပိဏ္ဍ, အနိဗ္ဗုတပိဏ္ဍ ဟူ၍ နှစ်ပါး၊ ထိုနှစ်ပါးတို့တွင် ပုထုဇ္ဇန် ရဟန်းအား တရားနှင့်အညီ ဖြစ်စေအပ်သော ပစ္စည်းသော်လည်း ပစ္စဝေက္ခဏာ

ဆင်ခြင်၍သုံးဆောင်ခြင်းသည်ကား နိဗ္ဗုတပိဏ္ဍမည်၏၊ဆွမ်းအေးမည်၏ ဟူလို၊ ယင်းမှပြန်သဖြင့် တရားနှင့်မညီ အနေသနမိစ္ဆာဇီဝဖြင့်ဖြစ်သောပစ္စည်း,တရားနှင့် အညီရသောပစ္စည်းသော်လည်း ပစ္စဝေက္ခဏာမဆင်ခြင်ဘဲ သုံးဆောင်ခြင်းသည် အနိဗ္ဗုတပိဏ္ဍမည်၏၊ ဆွမ်းပူ, ဆွမ်းလောင်-ဟူလို၊ စင်စစ်မှုချနိပ္ပရိယာယအားဖြင့်ကား ရဟန္တာပုဂ္ဂိုလ်၏ ဆွမ်းစသောပစ္စည်းသာလျှင် နိဗ္ဗုတပိဏ္ဍမည်၏၊ အဘယ့်ကြောင့်နည်း ဟူမူ ထိုရဟန္တာပုဂ္ဂိုလ်သည်သာ ထေယျပရိဘောဂ,ဣဏပရိဘောဂ,ဒါယဇ္ဇပရိဘောဂ,သာမိပရိဘောဂဟူ၍ ပရိဘောဂလေးပါးတို့တွင် သာမိပရိဘောဂအစွမ်းဖြင့် ဘုဉ်းပေးရ၏၊ တဏှာကျွန် အဖြစ်ကို လွန်သော သခင်ဖြစ်၍ သုံးဆောင်ရ၏၊ အနိဗ္ဗုတပိဏ္ဍကိုကား ဗျတိရေကနည်းဖြင့် နိဗ္ဗုတပိဏ္ဍမှပြန်၍ ယူအပ်၏။

နိဗ္ဗုတောတိ ပုထုဇ္ဇနဘိက္ခုနော ဓမ္မေန ဥပ္ပန္နပိဏ္ဍောပိ ပစ္စဝေက္ခိတွာ ပရိဘုဉ္ဇိယမာနော နိဗ္ဗုတပိဏ္ဍော နာမ။ ကေန္တတော ပန ခီဏာသဝဿ ပိဏ္ဍောဝ နိဗ္ဗုတပိဏ္ဍော နာမ။ ကိံကာရဏာ၊ သောဟိထေယျပရိဘောဂေါ ဣဏပရိဘောဂေါ ဒါယဇ္ဇပရိဘောဂေါ သာမိပရိဘောဂေါတိ ဣမေသု စတူသု ပရိဘောဂေသု သာမိပရိဘောဂဝသေန တံ ဘုဉ္ဇတိ။ တဏှာ ဒါသဗျံ အတီတော သာမိ ဟုတွာ ပရိဘုဉ္ဇတိ၊ န တံ တပ္ပစ္စယာ ကောစိ အပ္ပမတ္တကောပိ ကိလေသော ဥပရောဓတီတိ။ (ငှင်းအဋ္ဌကထာ။)

တတိယဂါထာအနက်ပြီးပြီ။

---

## စတုတ္ထဂါထာအနက်

၄။ စတုတ္ထမှို၊ လေးကြိမ်မြောက်လည်း။ အနာဂါရဿ၊ သော။ အခနဿ၊သော။ဘိက္ခုနော၊အား။ဝါ၊၏။ဘဒြ၊သည်သာလျှင်။ဟောတိ၊ ၏။ မုတ္တဿ၊ မြူခိုးတိမ်စင် ကောင်းကင်တန္တု၊ ရာဟုခံတွင်း ထွက်လွတ်ကင်းသော လမင်းပမာ ဒါယကာ အလုပ်အကျွေးစသည်တို့၌ မငြိမတွယ်။ ရဋ္ဌေ၊ ဂါမနိဂုံ လုံးစုံများစွာ ပြည်ရွာဇနပိုဒ် နိုင်ငံတိုက်၌။ စရတော၊သွားလာလှည့်လည်သော။ အဿ၊ ထိုရဟန်းအား။ သင်္ဂေါ၊ ရာဂသင်္ဂ စသည်လွန်ပြင်း ငြိတွယ်ခြင်းသည်။နဝိဇ္ဇတိ၊ မရှိ။ တေန၊ထိုသို့ ရာဂသင်္ဂ စသည်ညွတ်ကွင်း ငြိတွယ်ခြင်းမရှိခြင်းဖြင့်။ ဝါ၊ ထိုရာဂသင်္ဂ စသည်တွယ်ငြိ မရှိခြင်းကြောင့်။အနာဂါရဿ၊သော။ အခနဿ၊ သော။ ဘိက္ခုနော၊ အား။ ဝါ၊ ၏။ ဘဒြ၊ သည်သာလျှင်။ ဟောတိ၊ ၏။

## အဓိပ္ပါယ်ရှင်းလင်းချက်

တန္တုဟူသည် ဥပမာဆိုသည်၊ (ပေါရာဏကထာ။)

နိပ္ပရာဝ၊ ဒေါသမမြင်၊ အကြင်သူအား၊ ပြစ်မှားလည်းပြု၊ မကောင်းမှုကား၊ တန္တုပမာ၊ လေညာရေးရှု၊ လွှင့်သောမြူလျှင်၊ တူရှုမျက်နှာ၊ လွင့်ပြန်လာသို့။ (ဟူ၍ ဇာတ်ပေါင်းလင်္ကာမိန့်။)

ဂါမနိဂုံ၌ နိဂုံကို ယခုကာလ၌ ဝိသဇ္ဇနီသံနှင့် ပြောဆိုကြကုန်သည်၊ ရှေး၌ကား ဝိသဇ္ဇနီမဲ့ပြောဆိုခေါ်ဝေါ်ကြကုန်၏။

ခရုးနာမစုံ၊ မြို့မစုံ၊နိဂုံအမည်ပေး။ (ကဝိလက္ခဏာသတ်ပုံ။)

ဘမင်းတွေ့သံ၊ဦးဖြင့်ခံလျက်၊ နိုင်ငံသမိုက်၊ ဇနပိုဒ်ဝယ်၊စလိုက်စသင့်။

ဟူ၍ စပ်ဆိုသည်၊ သံဝရလင်္ကာနှင့်အညီ ဇနပိုဒ်ဟူသည်လည်း ရေးဘတ်ခေါ်ဝေါ်။

တိုင်းခြေအုပ်ပိုက်၊ နိုင်ငံတိုက်မှ၊ နှင်လိုက်တုံဘိ၊ မင်းရှိန်ထိက၊ကာသိရာဇ်လုံး၊ကျုံး၍ပစ်သို့၊ စိစစ်ရှာဘွေ၊ အမွေမမြင်၊ ရှင်မျိုးစင်၏။

ဟူသော ကိုးခန်းလင်္ကာ သို့လိုက်သဖြင့် နိုင်ငံတိုင်းလုံးကို နိုင်ငံတိုက်ဟူသတည်း။

မုတ္တသ ရဋ္ဌေ စရတောတိ ဥပဋ္ဌာကကုလာဒီသု အလဂ္ဂမာနသသ ဆိန္နဝလာဟကဿ ဝိယ ရာဟုမုခါ ပမုတ္တဿဝိမလစန္ဒမဏ္ဍလဿ ဝိယ စ ယဿ ဂါမနိဂမာဒီသု စရန္တဿ ရာဂသင်္ဂါဒီသု ကောပိ သင်္ဂေါ နတ္ထိ။ (အဋ္ဌကထာ။)

အချို့သောရဟန်းကား ဒါယကာတို့၌နှီးနှော သဘောဆက်ဆံ ရောပြွမ်းသဖြင့် စိုးဘော်ပျော်ဘက် တသက်သက်နှင့်နေ၏၊ အချို့သော ရဟန်းသည်ကား အမိအဘတို့၌လည်း အငြိအတွယ်မရှိ၊ လွတ်လွတ်စွန့်ခွါ ရပ်မျက်နှာတို့သို့ သွားလာလှည့်ပတ်နိုင်၏၊တဦးသောကောရဏ္ဍကရွာကျောင်းနေ မထေရ်ကြီး၏ နှမတော်သား တူဖြစ်သော ရဟန်းငယ်တည်း။

ထိုရဟန်းငယ်သည် စာပေသင်ခြင်းငှါ ရောဟဏ အရပ်သို့ သွားလေ၏၊ မထေရ်နှမ ဥပါသိကာမသည်လည်း မောင်မထေရ်ကြီးကို မိမိသားရဟန်းငယ်အကြောင်းကိုမေး၏၊ မောင်မထေရ်ကြီးကလည်း တနေ့သ၌ ခေါ်၍လာမည်ဟု ပြောဆို၍ ရောဟဏဇနပုဒ်သို့သွားလေ၏၊တူရဟန်းငယ်ကလည်း ငါကား ဤ၌ကြာမြင့်ပြီ၊ ဥပဇ္ဈာယ်ကိုဖူးမြင် မိခင်ဘခင်ဥပါသိကာမတို့၏ ချမ်းသာကြောင်းကို သိရ၍ လာပြန်အံ့ဟု ရောဟနဇနပုဒ်မှလာခဲ့ရာ ဆရာတပည့် တူဦးရီးနှစ်ပါးတို့ ဂင်္ဂါကမ်းနားတွင် တွေ့ဆုံ အကြောင်းအခြင်းကိုပြောကုန်သဖြင့် သင့်အမိက အခါခပ်သိမ်းမေး၍ ငါလာခဲ့ရသည်၊ သင်ကား သင့်အမိထံ သွားလေတော့၊ ငါမူ ဤအရပ်၌ ဝါကပ်နေမည်ဆို၍ လွှတ်လိုက်လေ၏။

ရဟန်းငယ်လည်း ဝါကပ်အံ့သောနေ့၌ပင် ထိုကျောင်းသို့ ရောက်သဖြင့် အဘဆောက်လုပ်သောကျောင်း၌ပင် ဝါကပ်နေလေ၏၊ အဘဥပါသကာလည်း ဝါကပ်ပြီးနောက် နှစ်ရက်မြောက်လာ၍ သားမှန်းမသိ၊ အာဂန္တုအမှတ်ဖြင့် ''အရှင်ဘုရား…ကျွန်ုပ်တို့ကျောင်း၌ ဝါကပ်သောရဟန်းသည် ဝါတွင်းသုံးလပတ်လုံး အကျွန်ုပ်တို့အိမ်မှာဆွမ်းခံ၍ ဝါကျွတ်၍ ကြွသောအခါ ပန်ကြားအပ်သော ဝတ်ရှိ၏''ဟု လျှောက်သော် ရဟန်းငယ်ကလည်း တုဏှီဘာဝဖြင့် သည်းခံ၏၊ အမိဥပါသိကာမကြီးလည်း ဝါတွင်းသုံးလပတ်လုံး ကောင်းမွန်ရှိသေစွာ လုပ်ကျွေး၏၊သားအဖြစ်ကိုမသိ၊ ဝါကျွတ်သော် သွားအံ့ဟု ပန်ကြား၏၊ ဆွေမျိုးတို့သည် နှစ်ရက်မြောက်နေ့၌ အိမ်သို့ပင့်ဆောင်ဆွမ်းလုပ်ကျွေးပြီးမှ ဆီကျည်ကိုပြည့်စေ၍တင်လဲတခဲ, ကိုးတောင်သော သင်္ကန်းလျာတို့ကို လှူဒါန်းခံယူ ရောဟနဇနပုဒ်သို့ရှေးရှုသွားလေ၏။

ဥပဇ္ဈာယ်ဦးရီးမထေရ်ကြီးလည်း ကြွခဲ့ရာ ရှေးတွေ့ရာအရပ်၌ပင် တွေ့မြင်ကြပြန်သဖြင့် အကြောင်းခြင်းရာကို မေးမြန်းလျှောက်ထား ထိုဆီဖြင့်ပင် မထေရ်ကြီးခြေကို လိမ်းနယ် ထိုတင်လဲဖြင့်အဖျော်ပြု၍ ထိုကိုးတောင်ရှိသော သင်္ကန်းလျာကိုကပ်လှူရှိခိုးရောဟဏဇနပုဒ်သို့ပင်သွားလေ၏၊မထေရ်ကြီးလည်းကျောင်းသို့လာရောက် နှစ်ရက်မြောက်၌ ကောရဏ္ဍကရွာသို့ဝင်လေ၏၊ နှမဥပါသိကာမလည်း ''ငါ၏မောင်ကြီးသည် ငါ့သားကို ခေါ်ယူကြွလာလတ္တံ့''ဟု အခါမပြတ် မြော်ငံ့လျက်နေသည်နှင့် တပါးထည်းသာ မထေရ်လာသည်ကို မြင်၍ ငါ့သားသည်ကား သေသည်ဖြစ်၍ ငါ့မောင်တပါးထည်းသာ လာသည့်အမှတ်နှင့် ခြေရင်းတွင်လူးလည်းငိုကြွေး၏။

မောင်မထေရ်ကြီးက အလိုနည်းစွာ အပ္ပိစ္ဆတာ အကျင့်သဘော ရှိသောကြောင့် မိမိကိုယ်ကိုမသိစေဘဲ သွားသည်ဖြစ်ရာ၏ဟု နှမကိုဖြားယောင်း နှစ်သိမ့်စေ၍ အလုံးစုံအကြောင်းအခြင်းပြောကြား သပိတ်အိတ်မှ ကိုးတောင်ရှိသင်္ကန်းလျာကိုထုတ်ပြလျှင် ဥပါသိကာမသည် ကြည်ညိုလှစွာ သားရှိရာဟု မျက်နှာရှေ့ထား ရင်ဖြင့်ဝပ်တွား၍ ငါ့သားနှင့်တူသောရဟန်းကို ကိုယ်သက်သေပြု၍ ရှင်စောဘုရားသည် ရထဝိနီတအကျင့်, နာဠကအကျင့်,တုဝဋ္ဋကအကျင့်,စတုပစ္စယသန္တောသဘာဝနာရာမအဖြစ်ကို ပြသော မဟာအရိယဝံသ အကျင့်တို့ကို ဟောတော်မူ၏၊ မွေးသည့်မိခင် အိမ်တွင်ဝါလုံး သုံးလဆုံးအောင် ဘုဉ်းပေးဆွမ်းစား နေလှည့်ငြားလျက် ငါကား သင့်သား သင်ကားငါ့မိ စိုးတစိမျှ သိရုံပင်မပြောလေ၊ အံ့ဩဘွယ်လူပါပေဟု ချီးမွမ်းရိုကျိုး ရှိခိုးဝန္ဒနာပြု၏၊ ထိုသို့သဘောရှိသော အမိအဘတို့၌လည်းကပ်ငြိခြင်းကင်းသော ပုထုဇ္ဇန်ရဟန်းအားလည်း သမဏာဘဒြဖြစ်သလျှင်ကတည်း၊ ဤရဟန်း၏ဝတ္ထုအကျယ်သည် ဝိသုဒ္ဓိမဂ်၌လာ၏။

ကေစ္စော ဟိ ကုလေသု သံသဋ္ဌော ဝိဟရတိ သဟသောကီသဟာနန္ဒီ၊ ကေစ္စော မာတာပိတူသုပိ အသင်္ဂမာန သောဝိစရတိ၊ ကောရနဂရဂါမဝါသီဒဟရော ဝိယ ဝေရူပဿ ပုထုဇ္ဇနဿပိ ဘဒြမေဝ။ (ငှင်းအဋ္ဌကထာ။)

စတုတ္ထဂါထာအနက်ပြီးပြီ။

---

**ပဌမဂါထာ အနက်**

၅။ ပဌမမ္ပိ၊ ငါးကြိမ်မြောက်လည်း။ အနာဂါရဿ၊ သော။ အခနဿ၊ သော။ ဘိက္ခုနော၊ အား။ ဝါ၊ ၏။ ဘဒြံ၊ သည်သာလျှင်။ ဟောတိ၊ ၏။ ကေန၊ ဖြင့်။ ဝါ၊ ကြောင့်။ ဘဒြံ၊သည်၊ ဟောတိ၊နည်း။ နဂရမှိ၊ မြို့ရွာကို။ ဥယျာနမှိ၊ မီးကျီးပြောင်ပြောင် လောင်ခဲ့သည် ရှိသော်။ အဿ၊ ထိုရဟန်းဖြစ်သောသူ၏။ ကိဉ္စိ၊ တစုံတရာ ဘယ်ဥစ္စာကိုလည်း။ နဍယှထ၊ မလောင်။ တေန၊ ထိုသို့မြို့ရွာ မီးလောင်ရာ၌ ဥစ္စာပဲတန် လောင်ရန်မရှိခြင်းဖြင့်။ ဝါ၊ လောင်ရန်မရှိခြင်းကြောင့်။ အနာဂါရဿ၊ သော။ အခနဿ၊ သော။ ဘိက္ခုနော၊ အား။ ဝါ၊ ၏။ ဘဒြံ၊သည်သာလျှင်။ ဟောတိ၊ ၏။

**အဓိပ္ပါယ်ရှင်းလင်းချက်**

ပရိက္ခရာ ဘဏ္ဍာခမ်းနား ဥစ္စာများသောရဟန်းသည် ငါ၏ဥစ္စာတို့ကို ခိုးသူတို့မယူပါစေကုန်လင့်ဟု သက်န်းစသည်တို့ကို မြို့တွင်းရွာတွင်း ဒါယကာရင်းအလုပ်အကျွေးတို့အိမ်၌ အပ်နှံထား၏၊ထိုသို့ထားသည်ရှိသော် ထိုမြို့ရွာ ထိုအရပ် ထိုအမျိုးအိမ်ကို မီးလောင်၏ဟုကြားကစိုးရိမ်ပင်ပန်းရ၏၊ဤသို့ပရိက္ခရာ ဘဏ္ဍာခမ်းနား ဥစ္စာများသောရဟန်းအား သမဏဘဒြမည်သည်မရှိ၊ဝမ်းဖြင့်သာလွယ်ဆောင်၍ အတောင်သာဝန်ရှိသော ငှက်တို့၏ဝတ်အကျင့်, ကိုယ်နှင့် စပ်သော ပရိက္ခရာရှစ်ပါးမျှသာ ဥစ္စာရှိသော ရဟန်းအားကား တစုံတရာ ဘယ်ဥစ္စာမျှ လောင်စရာမဖြစ် မီးမချစ်သောကြောင့် သမဏဘဒြ ဖြစ်သလျှင်ကတည်းဟူလို။

နာဿ ကိဉ္စိတိ ယော ဟိ ဗဟုပရိက္ခာရော ဟောတိ၊သော မာ မေ စောရာပရိက္ခာရေဟရိံသူတိ အတိရေကာနိစ စီဝရာဒီနိ အန္တောနဂရေ ဥပဋ္ဌာကကုလေ နိက္ခိပတိ၊အထ နဂရမှိ ဍယှမာနေ အသုကကုလေနာမ အဂ္ဂိ ဥဋ္ဌိတောတိ သုတွာ သောစတိ ကိလမတိ၊ဝေရူပဿ ဘဒြံနာမ နတ္ထိ။ယော ပန မဟာရာဇ သကုဏာဝတ္တံ ပူရေတိ၊ ကာယပဋိဗဒ္ဓပရိက္ခာရောဝ ဟောတိ၊ တဿ တာဒိသဿ န ကိဉ္စိ အဍယှထ။ တေနဿ ပဌမမ္ပိ ဘဒြမေဝ။ (ငှင်းအဋ္ဌကထာ။)

ပဌမဂါထာအနက် ပြီးပြီ။

## ဆဋ္ဌဂါထာအနက်

၆။ ဆဋ္ဌမ္ဟိ၊ ခြောက်ကြိမ်မြောက်လည်း။ အနာဂါရဿ၊ သော။ အဓနဿ၊ သော။ ဘိက္ခုနော၊ အား။ ဝါ၊ ၏။ ဘဒြ၊ သည်သာလျှင်။ ဟောတိ၊ ၏။ ကေန၊ ဖြင့်။ ဝါ၊ ကြောင့်။ ဘဒြ၊ သည်။ ဟောတိ၊ သနည်း။ ရဋ္ဌေ၊ နိုင်ငံပတ်ကုံး တိုင်းအလုံးကို။ ဝိလုမ္ပမာနမှိ၊ မောသော၊ တန္တ ထားပြခိုးသား ဟုတ်စားလုယက် တိုက်ဖျက်ဆောင်ယူအပ်သော်လည်း။ အဿ၊ ထိုရှင့်ရ္ဟတနာ ဥစ္စာမသိမ်း ကြောင့်ကြငြိမ်းသောရဟန်း၏။ ကိဉ္စိ၊ တစုံတရာ ဘယ်ဥစ္စာကိုမျှ။ နအဟီရထ၊ ထားပြခိုးသူ မဆောင်ယူ။ တေန၊ ထိုသို့နိုင်ငံပတ်ကုံး တိုင်းလုံးတိုက်ဖျက် ခိုးသူပျက်တို့ လုယက်လေခါ ဘယ်ဥစ္စာမျှ ထားပြခိုးသူ မယူမဆောင်ခြင်းဖြင့်။ ဝါ၊ မယူမဆောင်ခြင်းကြောင့်။ အနာဂါရဿ၊ သော။ အဓနဿ၊ သော။ ဘိက္ခုနော၊ အား။ ဝါ၊ ၏။ ဘဒြ၊ သည်သာလျှင်။ ဟောတိ၊ ၏။

### အဓိပ္ပါယ်ရှင်းလင်းချက်

မောသောဟူသည်, တန္တဟူသည် ခိုးသူဆိုလိုသည်၊ ဟုတ်စားဟူသည်ကား ထားပြဆိုလိုသည်၊ လုယက်လျှပ်စားသည်လည်းဟူ၏။ (ပေါရာဏကထာ။)

ပြင်းထန်ပူလော၊ မောသောခိုးသူ။ (ပုန်တောင်နိုင်မော်ကွန်း။)

သူလောင်တန္တ၊ ဆင်ထိန်းစသား၊ ယက္ခအလား၊ သူကြမ်းများတွင်။ (၉-ခန်း။)

သူလောင်ဟူသည်လည်း ခိုးသူပင်။

ကြပ်ကြပ်လည်းနှောင်၊ တပ်တွင်းလှောင်သည်၊ သူလောင်ခိုးသား၊ ဟင်းမျိုးစားကို။ (ဘုံခန်း။)

ညဉ့်ငှက်တအုပ်၊ ပြင်းဟုတ်မဝံ့။ (သံဝရလင်္ကာ။)

မမွှသတ်များနှင့် သူခိုးဟုဘ်စားသော် ကျွန်လျော်စေဟူသည်လည်း ထားပြ လုယက်သော်ဆိုလိုသည်၊ ထားပြခိုးသူတို့ တိုင်းနိုင်ငံ မြို့ရွာဇနပုဒ်ကို တိုက်ခိုက် လုယက်သည်ရှိသော် ဘဏ္ဍာခမ်းနား ဥစ္စာများသောရဟန်း၏ မြို့တွင်းရွာတွင်း အပ်နှင်းထားရာ ထိုဥစ္စာကို လုယက်ဆောင်ယူသကဲ့သို့ ကိုယ်နှင့်စပ်ကာ ပရိက္ခရာရှစ်ပါးမျှသာရှိသော ရဟန်း၏ တစုံတရာ ဘယ်ဥစ္စာကိုမျှ ထားပြခိုးသူ မယူမဆောင်ရ၊ ထို့ကြောင့် ထိုရဟန်းအား သမဏာဘဒြဖြစ်သည်သာ-ဟူလို။

ဝိလုမ္ပမာနမှိတိ ဝိလုပ္ပမာနမှိ၊ အယမေဝ ဝါ ပါဠော၊ အဟီရ-ကာတိ ယထာပမ္မတဂဟနာဒိဟိ နိက္ခမိတွာ ရဋ္ဌံ ဝိလုမ္ပမာနေသု

စောရေသု ဗဟုပရိက္ခာရေသု အနွောဂါဓေ ဌပိတံ ဝိလုမ္ပတိ ဟာရတိ၊ တထာ ယသ္မာ အဓနေသု ကာယပဋိဗဒ္ဓပရိက္ခာရေသု န ကိဉ္စိ အပဟီ-ရထ။ တသ္မာ ဆဋ္ဌမ္ပိ ဘဒြမေဝ၊ (အဋ္ဌကထာ။)

ဆဋ္ဌဂါထာအနက် ပြီးပြီ။

---

## သတ္တမဂါထာအနက်

၇။ သတ္တမမ္ပိ၊ ခုနစ်ကြိမ်မြောက်လည်း။ အနာဂါရေသု၊ သော။ အဓနေသု၊ သော။ ဘိက္ခူနော၊ အား။ ဝါ၊ ၏။ ဘဒြံ၊ သည်သာလျှင်။ ဟောတိ၊ ၏။ ကေန၊ ဖြင့်။ ဝါ၊ ကြောင့်။ ဘဒြံ၊ သည်သာ။ ဟောတိ၊ သနည်း။ စောရေဟိ၊ ထားပြခိုးသားတို့သည်။ ရက္ခိတံ၊ ပိတ်ဆို့စောင့်နေသော။ မဂ္ဂဥ္စ၊ လမ်းခရီးသို့ရင်း။ အညေ၊ တပါးကုန်သော။ ပရိပန္ထိကာ၊ ကင်းသင်းကူးတို့ ခွန်ဘိုးယူလို ထိုထိုသို့သောအရပ်၌ စောင့်ကြပ်တည်နေကုန်သော။ ယေစ၊ အကြင် ကင်းစောင့် ကင်းသား ကင်းသမားတို့သည်လည်း။ ဟောန္တိ၊ ရှိသည်ဖြစ်ကုန်၏။ တေဟိ၊ ထို ကင်းစောင့်ကင်းသား ကင်းသမားတို့သည်။ ရက္ခိတံ၊ ဆို့ပိတ်စောင့်နေသော။ မဂ္ဂဥ္စ၊ လမ်းခရီးသို့ရင်း။ သုဗ္ဗတာ၊သက်မွေးပေါ့စွာ ဥစ္စာ မသိမ်းကြောင့်ကြငြိမ်းသဖြင့် ကောင်းသော အကျင့်ရှိကုန်သော ရဟန်းတို့သည်။ ပတ္တစီဝရံ၊ သက်န်းသပိတ် ပရိက္ခရာ ကိုယ်မှာစပ်ထ ရှစ်ပါးမျှကို။ အာဒါယ၊ ကိုယ်ဖြင့်လွယ်ကူ ဆောင်ယူကုန်သည်ဖြစ်၍။ သောတ္ထိံ၊ ချမ်းသာစွာ။ ဂစ္ဆန္တိ၊ ကင်းကူးတို့ခ မပေးရဘဲ ကြောင့်ကြမဲ့သွားရကုန်၏။ တေန၊ ထိုသို့ကင်းသင်းခိုးသူ မယူမဆီး ခရီးလိုရာ ချမ်းသာစွာ သွားရခြင်းဖြင့်-သွားရခြင်းကြောင့်၊ အနာဂါရေသု၊ သော။ အဓနေသု၊ သော။ ဘိက္ခူနော၊ အား။ ဝါ၊ ၏၊ ဘဒြံ၊ သည်သာလျှင်။ ဟောတိ၊ ၏။

## အဓိပ္ပါယ်ရှင်းလင်းချက်

ကင်းသင်းခိုးသူတို့ စောင့်ရှောက်တည်နေသောလမ်းသို့လည်း ခိုးသားထားပြတို့အား ကျေးဇူးမရှိ၊ ကင်းစောင့်လူတို့အား ကင်းခွန်မထိုက်သော မြေသပိတ်, မဲမြိစွာပြုအပ်သော ပြင်ထက်ရှိသော ပံ့သုကူသက်န်း, အဘိုးအနည်းငယ် ထိုက်သော ခါးပန်း,ရေစစ်,အပ်,ပဲခွပ်ထားငယ်၊ ဤပရိက္ခရာရှစ်ပါးတို့ကို ကိုယ်၌ဆွဲကာ ခရီးတပါးသွားသည်ရှိသော် တစုံတယောက်မျှ မနှိပ်မှစက် ချမ်းသာစွာ သွားရ၏-ဟုလိုသော်။

မေဃစ ညေပမိပန္တိကာတိ ယေစ အညေပိ တေသု တေသု ဌာနေသု သုက်ဂဟဏတ္တာယ ဌပိတပန္တိကာ၊ တေဟိ စ ရက္ခိတံ။ ပတ္တစီဝရန္တိ စောရာနံ အနုပကာရံ သုက်ကာရကာနံ အသုက်ာရဟံ မတ္တိကာပတ္တဉ္စေဝ ကတဒဏ္ဍကမ္မံ ပရိဘဏ္ဍံ ပံသုကူလစီဝရဉ္စ အပ္ပဠ္ဌါနိ ကာယဗန္ဓနပရိသာဝနသုစိ ဝါသိသတ္ထကာနိစာတိ သဗ္ဗေပိ အဋ္ဌပရိက္ခာရေ ကာယပဋိဗဒ္ဓေကတွာ မဂ္ဂပဋိပန္နော ကေနစိ အပိဟေဌိယမာနော သောတ္ထိံ ဂစ္ဆတိ။ သမ္ဗုတောတိ လောဘာနိယာနိ တိစီဝရာဒိနိ ဒိသွာ စောရာဟရန္တိ၊ သုက်ကာပိ ကိံ နုခေါ တေသံ ဟတ္ထေတိ ပတ္တထဝိကာဒီနိ သောဓေန္တိ၊ သုမ္ဗုတော ပန သလ္လိဟုကစုတ္တိ တေသံ ပဿန္တာနညေဝ သောတ္ထိံ ဂစ္ဆတိ၊ တေနဿ သတ္တမမ္ပိ ဘဒြမေဝ။ (အဋ္ဌကထာ။)

သတ္တမဂါထာအနက်ပြီးပြီ။

---

**အဋ္ဌမဂါထာအနက်**

၈။ အဋ္ဌမမ္ပိ၊ ရှစ်ကြိမ်မြောက်လည်း။ အနာဂါရဿ၊ အိမ်ရာမထောင် လူ့ဘောင်စွန့်ပစ် ရဟန်းအဖြစ်သို့ကပ်သော။ အဓနဿ၊ ရွှေငွေရတနာ ဥစ္စာမသိမ်း ကြောင့်ကြငြိမ်းသော။ ဘိက္ခုနော၊ ရဟန်းအား။ ဝါ၊ ရဟန်း၏။ ဘဒြံ၊ ရဟန်းချမ်းသာ ကောင်းမြတ်စွာသည်သာလျှင်။ ဟောတိ၊ ဖြစ်၏။ ကေန၊ အဘယ်ဖြင့်။ ဝါ၊ အဘယ်ကြောင့်။ ဘဒြံ၊ ရဟန်းချမ်းသာ ကောင်းမြတ်စွာသည်သာလျှင်။ ဟောတိ၊ ဖြစ်သနည်း။ ဘိက္ခု၊ ရဟန်းသည်။ ယံယံဒိသံ၊ အကြင်အကြင် လေးခွင်ရှစ်ဖြာ ရပ်မျက်နှာသို့။ ပက္ကမတိ၊ သွားလို၏။ တံတံဒိသံ၊ ထိုထိုလိုရာ ရပ်မျက်နှာသို့။ အနပေက္ခော၀၊ ငဲ့ခြင်းကွက်ခြင်း ငြိတွယ်ကင်းသည်ဖြစ်၍သာလျှင်။ ဂစ္ဆတိ၊ သွားရ၏။ တေန၊ ထိုအလိုရှိရာ ရပ်မျက်နှာသို့ တွယ်တာမဲ့လျှင်း ငဲ့ကွက်ကင်း၍ သွားရခြင်းကြောင့်။ အနာဂါရဿ၊ အိမ်ရာမထောင် လူ့ဘောင်စွန့်ပစ် ရဟန်းအဖြစ်သို့ ကပ်သော။ အဓနဿ၊ ရွှေငွေရတနာ ဥစ္စာမသိမ်း ကြောင့်ကြငြိမ်းသော။ ဘိက္ခုနော၊ ရဟန်းအား။ ဝါ၊ ရဟန်း၏။ ဘဒြံ၊ ရဟန်းချမ်းသာ ကောင်းမြတ်စွာသည်သာလျှင်။ ဟောတိ၊ ဖြစ်၏။

**အဓိပ္ပါယ်ရှင်းလင်းချက်**

ကိုယ်၌စပ်သော ပရိက္ခရာရှစ်ပါးထက်အပိုအလွန် ကျောင်းတွင်သိုမှီး သိမ်းဆည်း၍ထားသော တစုံတရာ ဥစ္စာခမ်းနားမရှိသောအားဖြင့် အရပ်တပါး ကြွ

သွားလတ်သော် နေရာကိုတဘန် ပြန်လှန်အောက်မေ့ မြော်ကြည့်ငဲ့ကွက်မရှိ၊ အလိုရှိရာ မျက်နှာရည်ရူး ခြေဦးလှည့်ရာ သွားနိုင်စွာ၏၊အနုရာဓ မြို့မှထွက်၍ ထုပါရုံတိုက်၌ ရဟန်းပြုကုန်သော အမျိုးသား နှစ်ပါးတို့တွင် အကြီးဖြစ်သော ရဟန်းကဲ့သို့တည်း၊ ဝတ္ထုကား—

အမျိုးသား နှစ်ဦးတို့သည် အနုရာဓမြို့မှ ထွက်၍ ထုပါရုံ ကျောင်းတိုက်၌ ရဟန်းပြုကြ ကုန်၏၊ တယောက်သော ရဟန်းသည် ဒွေမာတိကာ တို့ကို လေ့ကျက်၍ ငါးဝါရလျှင် ပဝါရဏာပြုခဲ့ပြီးမှ အရှေ့ခဏ္ဍရာဇီ မည်သော အရပ်သို့သွားလေ၏၊ တယောက်မူကား ထိုထုပါရုံ တိုက်ကြီး၌ပင်နေ၏၊ ပါစီနခဏ္ဍရာဇီအရပ်သို့ သွားသောရဟန်းသည် ထိုအရပ်၌ ကြာရှည်လေးမြင့် နေ၍ သီတင်းကြီးဖြစ်၍ ဤအရပ်ကား ကိန်းဝပ်ခြင်းငှါ လျောက်ပတ်၏၊ ယခု ငါ့အဆွေရဟန်းအားလည်း ကြားချေအံ့ဟု ကြံစည်ထွက်လာ ထုပါရုံကျောင်း တိုက်သို့ရောက်ဝင် တွေ့မြင်ဆီးကြိုသပိတ်သင်္ကန်းကိုလှမ်းယူဝတ်ပြု၍ အာဂန္တုကမထေရ်က ကျောင်းသို့ဝင်၍ ယခုငါ့အဆွေသည် ထောပတ်, တင်လဲ, အဖျော် ယမကာတို့ကို ပို့လာလိမ့်သတည်း၊ ဤငါ့အဆွေကား ဤအနုရာဓမြို့၌ အနေကြာလှပြီဟုကြံနေ၏။

ထိုအာဂန္တုကမထေရ်က တည့်ဆွမ်းလုံးနေ၍မရလျှင် နံနက်အခါ၌ ယခု အလုပ်အကျွေးဒါယကာတို့ ပို့အပ်သည်ဖြစ်၍ ယာဂုခဲဘွယ်ကို ပို့လာလိမ့်မည် ဟုကြံနေပြန်၏၊ ထိုယာဂုခဲဘွယ်ကိုလည်း မမြင်လျှင် ပို့လာသောသူမရှိ၊ ဝင်မှ လှူလိမ့်သတည်းဟုကြံပြန်၍ နံနက်အခါ ထိုအာဝါသိကမထေရ်နှင့် အတူတကွ ရွာတွင်းသို့ဝင်လေ၏၊ ထိုမထေရ်နှစ်ပါးတို့သည် တလမ်းတည်း အတူတူ ဆွမ်းခံ၍ တမှုတ်လောက်ယာဂုကိုရ၍ နေရာတင်းကုပ်၌ ထိုင်နေပြီး၍ သောက် ကြကုန်၏။

ထိုနောက်အာဂန္တုကမထေရ်က အမြဲဝတ်ပြုသောယာဂုမူကားမရှိ၊ ဆွမ်းခံ သောအခါ၌သာ ဒါယကာလူတို့သည် ပဏီတဘတ် ကောင်းမြတ်စွာသော ဆွမ်းကို လှူကုန်သတတ်ဟု ကြံစည်အောက်မေ့၍ ဆွမ်းခံချိန် အခါရောက်သော် ဆွမ်းခံသွား၍ ရသမျှအာဟာရကိုသာ သုံးဆောင်ဘုဉ်းပေးပြီးမှ အာဂန္တုက မထေရ်က-အရှင်…အခါခပ်သိမ်း သည့်နှယ်ချည်းပင် မျှတရသလောဟု မေး ဆိုသော် သို့ချည်းပင် မျှတရ၏ဟု ပြောသဖြင့် အရှင်ဘုရား… ပါစီနခဏ္ဍရာဇီ အရပ်သည် သင့်မြတ်ချမ်းသာ၏၊ ထိုပါစီနခဏ္ဍရာဇီအရပ်သို့ သွားကြကုန်အံ့ဟု ဆိုလျှင် အာဝါသိကမထေရ်က မြို့မှတောင်တံခါးသို့ထွက်၍ အိုးထိန်းရွာလမ်း တန်းတန်းရှေ့ရှုသွားလေ၏။

အာဂန္တုရဟန်းကမြင်လျှင် အရှင်ဘုရား…အဘယ်သို့ ဤအိုးထိန်းရွာလမ်း တန်းတန်းဖြောင့်မှန် နောက်မပြန်ဘဲ ကြွသနည်းဟုမေးသော် ငါ့ရှင်က ပါစီန- ခဏ္ဍရာဇီအရပ်၏ လျောက်ပတ်ချမ်းသာသော ဂုဏ်ကိုဆိုသည် မဟုတ်ပါလော

ဟူလျှင် အရှင်ဘုရား…အသို့နည်း၊ သို့စင်ကလောက်အရှည်အကြာနေရာအရပ်၌ တစုံတခု အတိရေကပရိက္ခရာမျှ မရှိပါသလောဟု မေးပြန်၏၊ ဟုတ်၏ငါ့ရှင်… မရှိပေ၊ သံဃိကညောင်စောင်း အင်းပျဉ်များကိုလည်း သိမ်းသိမ်းထားခဲ့ပြီး သည်မှတပါး တစုံတခုသော ဥစ္စာမည်သည်မရှိပြီဟုဆိုသဖြင့် အရှင်ဘုရား… အကျွန်ုပ်မှာ တောင်းဝှေး, ဆီကျည်, ဘိနပ်အိတ်တို့သည် ထိုအရပ်အိပ်ခဲ့သော ကျောင်း၌ ရှိရစ်ပါသေးသည်ဟုပြောလျှင် ငါ့ရှင် သင်မူကား တနေ့မျှနေရုံဖြင့် သို့ကလောက်ဥစ္စာများကို ထားရပြီလောဟုဆို၏။

ထိုအာဂန္တုကမထေရ်က ကြည်ညိုလှသည်ဖြစ်၍ အာဝါသိက မထေရ်ကို ရှိခိုး၍ အရှင်ဘုရား…အရှင်နှင့်တူသော ရဟန်းတို့အား အလုံးစုံနေလေရာ အရပ်တို့၌ တောနေမည်သည်သာ ဖြစ်ရာ၏၊ ဤထူပါရုံ တိုက်တော်ကြီးသည် ဘုရားလေးဆူတို့ ဓာတ်တော်ဌာပနာရာတည်း၊ လောဟပါသာဒ ပြာသာဒ်၌ လျောက်ပတ်သောမဏ္ဍသဝနကိုရ၏၊ မဟာစေတီကြီးက ဖူးမြင်ခြင်းလည်းရ၏၊ ဘုရားလက်ထက်တော်နှင့်အတူဖြစ်၏၊အရှင်မြတ်တို့မှာ ဤအရပ်၌သာ နေတော်မူပါကုန်ဟုလျှောက်ဆို၍ နှစ်ရက်မြောက်နေ့၌ မိမိနေရာ ပါစိနခဏ္ဍရာဇီ အရပ် သို့သာလျှင် ပြန်သွားလေ၏။

ဤအာဝါသိက မထေရ်ကြီးနှင့်အတူ ကိုယ်နှင့်စပ်သော ပရိက္ခရာထက်လွန်၍ တစုံတရာ ဥစ္စာမရှိသောရဟန်းအားအလိုရှိရာ မျက်နှာရည်စူး ခြေဦးလှည့်တိုင်း မဆိုင်းမညှာ မတာမငဲ့ အနပေက္ခပြု၍ သွားနိုင်၏၊ ထိုသို့သောရဟန်းအား သမဏာဘဒြ ဖြစ်သည်သာတည်းဟုလို။ (ဤဝတ္ထု၊ အကျယ်ကား ဝိသုဒ္ဓိမဂ်၌ လာ၏။)

> အနပေက္ခော ဂစ္ဆတိတိ ကာယပရိဟာရိကေဟိ အတိရေကဿ ဝိဟာရေ ပရိဿာမိတဿ ကဿစိ ပရိက္ခာရဿ အဘာဝါ ဝသနဋ္ဌာနံ နိဝတ္တိတွာပိန ဩလောကေတိ။ ယံ ယံ ဒိသံ ဂန္တုကာမော ဟောတိ၊ တံတံ ဂစ္ဆန္တော အနပေက္ခော ဂစ္ဆတိ အနုရာဓပုရာ နိက္ခမိတွာ ထူပါရာမေ ပဗ္ဗဇိတာနံ ဒွိန္နံ ကုလပုတ္တာနံ ဝုဍ္ဍတရောဝိယ။ (ဋ္ဌင်းအဋ္ဌကထာ။)

အဋ္ဌမဂါထာအနက်ပြီးပြီ။

**သဋ္ဌိကနိပါတ် သောဏကဇာတ် သမဏာဘဒြကထာ**
**ဂါထာအနက်ပြီးပြီ။**

# အက္ခရာစဉ်အညွှန်း

### အ


အကုသိုလ်ကြောင့် ကုသိုလ်ပြုသူ ၅၇
အဋ္ဌသာဝက ၂-ပါး၏ သက်တော် ၂
အဋ္ဌသာဝက ၂-ပါး၏ သိက္ခာတော် ၂
အစဦးစွာသောသိက္ခာပုဒ်နှင့်ဌာန ၁၃၃
အစပ်အဖြတ်အနက်ထပ်တူကျသောပုဒ် ၁၂၅
အစိမ်းရောင်ရုပ်ဓာတ်ဖြစ်ခြင်းအကြောင်းရင်း ၃၇
အဓိမာသ်တွက်ပုံ ၁၃၀
အနာရောဂါကိုဖြစ်စေသောကံ ၁၆
အဘိညာဉ်ရသောရဟန္တာ ၇၁
အဘိညာဉ်မရသောရဟန္တာ ၇၁
အရိယာမထင်မြင်သောတရား ၇၁
အရူပဘုံ၌ သောတာပန်ဖြစ်ရခြင်း ၂၁
အရိယာတို့လိင်ပြန်ချိန် ၇၅
အလောင်းတော်ရဟန်းအဖြစ် ၉-ကြိမ် ၁၉
အသုရာတို့၏နတ်မျိုး ၂၀
အသုရာအသက်တမ်း ၂၀
အာယတန,ဓာတ်မဘွဲ့ရခြင်းအကြောင်း ၆၇


### ဣ


ဣသိသင်္ဂရသေ့ ၃-နှစ်မေ့ရာ၌ နတ်ပြဇာတ်ပွဲပုံ ၇၄
ဣသိသင်္ဂရသေ့ကိုဖျက်ဆီးသည့်အပြစ် ၇၅


### ဥ


ဥဘတောဗျည်းမကိုသားကသတ်ရာ၌ ထိုက်သောကံ ၁၇
ဥပနိဿယမပြိုင်သောကုသိုလ်စေတနာ ၅၆
ဥဋ္ဌနှင့်ဥတ္တ ၁၀၇
ဥဒ္ဓံသောတနှင့် သောတာပန်ဘုံသွား ၅၂

ဦ

ဦးခေါင်းနှင့်တူသောတရား ၂

ဧ

ဧကသိက်မဟုတ်အများဟောပုဒ် ၁၀၇

က

ကုသိုလ်ကြောင့်အပါယ်ရောက်သူ ၅၀
ကပ်ဆိုက်သူတို့လားရာဂတိ ၁၃၁
ကဲ့ရဲ့သူအပြစ် ၁၇
ကံ ၃-ပါးတွင် အပြစ်ကြီးသောကံ ၁၅
ကမ္ဘာဦးအခါ ဣတ္ထိပုရိသမည်သည်ကစ၍ဖြစ်ကြောင်း ၃၅
ကိတ်,အာချာတ်နှစ်မျိုးရသောပုဒ်များ ၆၉
ကောင်းမှုပြု၍အပါယ်ဘုံတောင့်တသူ ၇
ကိုယ်တိုင်ပြုသူနှင့်တိုက်တွန်းသူ၏အကျိုးပေး ၁၇
ကိုယ့်ဥစ္စာဖြစ်လျက်ကိုယ်မပိုင်ဆိုင်သူများ ၄၂
ကိုယ့်ဥစ္စာကိုယ်ပေး၍ အပါယ်ကျသူများ ၄၃
ကိုယ့်ဥစ္စာကိုယ်ပြန်ခိုး၍ အပါယ်ကျသူများ ၄၃
ကိုယ့်ဥစ္စာယူပစ်ကအပြစ်ရှိခြင်း ၄၄
ကြွက်အိမ်မြှောင်အမြီးပြတ်တုန်ခြင်းအကြောင်း ၄၆

ခ

ခမတိပုဒ်နှင့်ခမ္ဘတိပုဒ် ၁၁၀
ခုနစ်နှစ်သားရဟန်းအဖြစ်ရသူ ၃-ပါး ၈
ခွဲထားပင့်ရစ်သတ်ပုံ ၁၂၀
ချီးမွမ်းသူအပြစ် ၁၇
ခြေ-လက်နှင့်တူသောတရား ၂

ဂ

ဂဠုန်မသုတ်နိုင်သောနဂါးမျိုး ၈၈
ဂင်္ဂါမြစ်အတိုင်းအတာ
ဂေါတြဘူချည်းဆိုရာ၌ဖြစ်သောနည်း ၆၉

ဃ

ဃငိုကခရပြဲလှာနေသောဘုံ ၇၆

င

င-အက္ခရာနှင့်ပဒပူရဏဖြစ်မဖြစ် ၆၃
င-အက္ခရာနှင့်သမ္ဗပ္ပလာပဖြစ်မဖြစ် ၆၃
ငရဲသူတို့ဘဝကိုနှစ်သက်သော ကာလပိုင်း ၉

စ

စ-ဆုံးအက္ခရာဖျက်သော်လည်းအနက်မပျက်သောပုဒ်များ ၁၂၃
စေတနာဒါမျှားရှိလျက်ဟပါးကသာအကျိုးပေးသောကံ ၅၇
စေတနာတချက်နှင့်ပဋိသန္ဓေကျိုး ၆၅
စိုး-သက်တင်ဖြစ်ပေါ်ခြင်းအကြောင်းရင်း ၃၉

ဆ

ဆန္ဒမလိုက်သောသိမ်မျိုး ၅၀
ဆန်းပထျာဖြန့်နည်းစသည် ၁၁၂

ဇ

ဇနပဒကလျာဏီနှင့်မင်းနန်းအကြီးအငယ်  ၇၀
ဇာတ်ပေါင်းတွင်သူဇာမပါခြင်း ၀၄
ဇာတ်တော်ဖြစ်ရာကပ်ကမ္ဘာ ၁၃၄
ဇော်ဂနီခေါ်စုန်းကောင်များ ၉၆

ဈ

ဈာန်ဂရုကံကိုတားစွမ်းနိုင်သောကံ ၂၉

တ

တသချေကမ္ဘာတသိန်းမြင်သောမထေရ်၄-ပါး ၃
တဏှာမျိုးရှိမရှိ ၉၅
တိရစ္ဆာန်တို့တန်ခိုးကြီးခြင်းအကြောင်း ၁၉
တိရစ္ဆာန်လူစကားပြောရာ၌ယုံသင့်မယုံသင့် ၁၃၇
တိဿရဟန်းငယ်သန်းဘဝဖြစ်သောကံများ ၁၁
ဟိမ်တော-လေကော်-လျှပ်စစ်ပဒ္ဒေး-မိုယ်းသံဒွေး ၁၃၀
တွေဝေသူတို့စောသောဇောအကြိမ် ၁၆

ဒ

ဒေဝီလရသေ့ငိုကြွေးခြင်းအကြောင်း ၂၅

န

နဂါးဖြစ်ရန်အကျိုးပေးကံ ၆၀
နဂါးကိုဂဠုန်သုတ်ရာ၌ရေနှစ်ဖြာကွဲပမာဏ ၇၉
နဂါးကိုဂဠုန်သုတ်ပုံထုလုပ်ရာ၌နည်းဟုတ်မဟုတ် ၉၀
နဂါးကိုဂဠုန်သုတ်ရာ၌ကုတ်ဆွဲသည့်အပိုင်း ၉၀
နမောကိုပုဒ်,ဝိဘတ်,ဝုစ်တို့ဖြင့်ဝေဘန်ပုံ ၁၀၂
နတ်သွီးတို့ရာသီပန်းပွင့်မပွင့် ၉၁
နတ်တို့သံဝါသကိစ္စ ၉၂
နတ်တို့ကာမဂုဏ်တွေ့ထိမှု ၉၂
နတ်တို့သန္ဓေလွယ်မှုရှိမရှိ ၉၃
နတ်တို့နို့တိုက်မှု ရှိ-မရှိ ၉၃
နတ်တို့ရုပ်အလောင်းစွန့်ပစ်မှု ရှိ-မရှိ ၉၄
နည်းနှစ်ပါးဖြင့်ဝိထိကျခြင်း ၇၀
နာနာဘာဝ, ဝိနာဘာဝ,အညထာဘာဝ ၃-ပါးအထူး ၅
နာမ်,အာချာတ်,နိပါတ် ၃-မျိုးရသောပုဒ်များ ၁၀၀
နိယတပုဂ္ဂိုလ် ၃-ဦး ၄၁
နိဗ္ဗာန်ပုဒ်ရှေ့၌နိဿရဏပုဒ်ထားရကျိုး ၁၂၆
နိဗ္ဗာန်ပုဒ်အနက်ပေးပုံ ၁၂၆
နိဗ္ဗာန်ပုဒ်သမာသ်စပ်ပုံ ၁၂၆
နေနတ်သားသောတာပန်ဖြစ်ရာကာလ ၁၃
နေမိမာန်၌ဒေါင်းရုပ် ရှိ-မရှိ ၃၇
နေရောင်ထွန်းသည့်အတာယုဇနာ ၁၃၁
နေလွဲသည့်ကျွန်းတွင်ဆွမ်းခံ၍ နေမလွဲသည့်ကျွန်းတွင်
ဘုဉ်းပေးက အပြစ် ရှိ-မရှိ ၄၉
နတ်ရွာ တား-မတားဒိဋ္ဌိ ၂၂

ပ

ပဏာမစေတနာအနန္တရာယ်ကင်းစေခြင်း ၅၇
ပရိက်စသည်အသီးသီးနှိုးရာ၌နည်း ၇၀

ပဋ္ဌမိ,သတ္တမိဝိဘတ်ခေါ်ဆိုခြင်းအကြောင်း ၁၀၃
ပဌာန်းဝိတက်တိက်မောဟ ၇-ပါး ၄၁
ပါဏာတိပါတအင်္ဂါစုံသော်လည်း ကံမမြောက်ပုံ ၉
ပါဏာတိပါတအင်္ဂါမစုံသော်လည်း ကာယကံမြောက်ပုံ ၉
ပါရမီဖြည့်ရာတွင်စေတသိကဒုက္ခဖြစ်-မဖြစ် ၁၃
ပုထုဇန်တို့သန္တာန်၌များစွာဖြစ်သောဟိတ် ၁၁
ပုဗ္ဗစေတနာအကျိုးခံစားရသူ ၁၂
ပျင်းသူဖျင်းသူတို့မထင်မြင်သောတရား ၇၁

ဗ

ဗြဟ္မာ့ဘဝမှဝက်ဘဝသို့တိုက်ရိုက် ဖြစ်နိုင်-မဖြစ်နိုင် ၅၄
ဗြဟ္မာ့ပုဒ်အသုံးယွက်နှင့်ကာရန် ၁၁၁

ဘ

ဘန္တေကိုပုဒ်,ဝိဘတ်, စုစ်တို့ဖြင့်ဝေဘန်ပုံ ၁၀၂
ဘဒ္ဒကမ္ဘာမည်သည့်ကမ္ဘာမျိုးဖြစ်ကြောင်း ၁၄၄
ဘုရားရဟန္တာတို့အပူဇော်ခံရသောပုထုဇန် ၂၄
ဘုရားလောင်းပါရမီဖြည့်ရာ၌ဒုက္ခ ၂၆

မ

မနာပကာယိကာနတ်တို့၏တန်ခိုး ၉၀
မနာပကာယိကာနတ်တို့၏ဘုံ ၉၀
မသေရာအချိန်ကာလ ၀၅
မနုဿဟရုပ်ပုံအကြောင်း ၇၇
မဟာပုရိသလက္ခဏာပြည့်စုံသူ ၂-ပါး ၃၀
မဟာစေတီနှင့် ရွှေတိဂုံစေတီပမာဏ ၃၃
မာတုယာတကကံအတွက်မခံရပုံ ၁၄
မာနတ်ကျင့်ရာ၌ညဥ့်ပြတ်လျှင်နောက်သို့ပြန်သင့်-မပြန်သင့် ၄၀
မဂ်ကိုတား-မတားဒိဋ္ဌိ ၂၂
မင်းနန်၏သဏ္ဌာန် ၂၇
မင်းနန်အသက် ၂၇
မင်းနန်ရဟန်းပြုခုနှစ် ၂၇

မှုးမှိုင်စေသောနတ်တို့ရုပ်ဇာတ္တ ဖြစ်-မဖြစ် ၆၃
မောဃပဉှာတုစ္ဆပဉှာ ၆၅
မြေဘုတ်တို့ရုပ်ပုံကိုမမြင်ရခြင်း အကြောင်း ၆၄

ယ

ယသော်ဓရာနှင့်ဒေဝဒတ်အကြီးအငယ် ၇၀
ယသော်ဓရာထေရီမတန်းခိုးဖန်ဆင်းပုံ ၀၀
ယုဂ် ၄-ယုဂ်နှင့် ကလိယုဂ်ဆန်း ၁၂၇
ယုတ်မာမှုကြီး ၄-ပါး ၂၀
ယုတ်မာသောပုဂ္ဂိုလ် ၄-ဦး ၂၀

ရ

ရေဖကြောင့်သာရဝတ်ဖြစ်ပုံ ၁၂၂
ရောင်ခြည်တော်များယခုတိုင်ရှိ-မရှိ ၂၄
ရှေးဦးစွာမင်ဖိုလ်ရသောမိန်းမ ၂-ဦး ၇
ရွှေ,ငွေ,မြစောင်းတန်းသုံးသွယ် ၁၄၅

လ

လနတ်သားသောဟာပန်ဖြစ်ရာကာလ ၁၃
လနှင့်နေတို့တနာရီသွားခရီးအတိုင်းအဟာ ၃၆
လူသူခိုးဟုစွပ်စွဲကလွဲမှားခြင်း ၄၄
လူပုဂ္ဂိုလ်ကမ္မဝါရွတ်က ကံချွတ်-မချွတ် ၄၇
လေးမြားသွားသည့်ဘီလာအခွန့်တာ ၁၃၀
လေးမြားသွားသည့်အထက်အောက်အခွန့်တာ ၁၃၉
လောက ၃-ပါးအထူး ၄
လှပသောတိရစ္ဆာန်တို့ရုပ်အနိဋ္ဌဖြစ်-မဖြစ် ၆၁

ဝ

ဝမ်းနှင့်တူသောတရား ၂
ဝိတက် ၃-ပါးအထူး ၅
ဝိပဿနာဉာဏ် ၁၀-ပါးရှုပုံ ၁၄၀
ဝိပဿနာကုဋေသုံးညှန်းခြောက်သိန်း ၁၄၃

ဝိပ္ပယုတ္တပစ္စည်းနှင့်မဆက်ဆံသောနာမ်တရား ၅၆
ဝိသာခါပျော်စံမည့်ဘုံစဉ်များ ၈၂
ဝိထိစိတ္တုပ္ပါဒ်နှင့်ပဋိစ္စသမုပ္ပါဒ်စက် ၇၂
ဝေဒနာများသော်လည်းဆင်ခြင်ရန်တခုသာရှိခြင်း ၇၄
ဝေဿန္တရာမင်းအလှူသေအရက်ပါရာ၌အပြစ်ရှိ-မရှိ ၂၉
ဝေဠုဝန်ကျောင်းနှင့်ရာဇဂြိုဟ်မြို့တည်နေပုံ ၁၃၂

သ

သမဏပဋိရူပ ၁၆၃
သမဏဘဒြကထာ ၁၈၃
သမာပတ်ကုဋေနှစ်သန်းလေးသိန်း ၁၄၁
သမုဒြာရှစ်သောင်းလေးထောင်နက်သည့်နေရာ ၆
သက်ရှိ-သက်မဲ့တပိုင်းစီရှိသောဝတ္ထု ၅၅
သစ္စာ၌မဝင်သောတရားများနှင့်ရထိုက်သောဘုံပုဂ္ဂိုလ် ၅၁
သဗ္ဗမင်္ဂလာဂါထာတော် ၈၇
သဗ္ဗညုတဉာဏ်နှင့်မဂ်ဉာဏ်အမြတ်ရွေးနည်း ၄
သဗ္ဗညုတဉာဏ်နှင့်ယှဉ်သောစိတ် ၁၅
သမ္ဖပ္ပလာပအင်္ဂါစုံသော်လည်းကံမမြောက်ပုံ ၁၀
သန္တေသကထာများ ၁၄၉
သန္တေတည်နိုင်သောရက်ပိုင်း ၈၆
သိကြားမင်းရှိခိုးခံထိုက်သူ၏အင်္ဂါ၄-ပါး ၂၃
သီဟ,သီဃစသောပုဒ်တို့အဆုံးအဖြတ် ၁၁၆
သုယောင်မန္တယ်ပွင့် ၈၁
သူ့ဥစ္စာယူကအပြစ်မရှိခြင်း ၄၄
သူ့ဘဏ္ဍာပျက်စီးစေရာ၌ငြိသောကံ ၁၂
သေသူနှင့်အလားတူသူများ ၄၅